www.burmeseclassic.com

# မိုးငြိမ်းဧ

# မဂ္ဂဇင်းဝတ္ထုတိုများ

ကွယ်လွန်သူ စာရေးဆရာမ မိုးငြိမ်းဧသည်
နှစ်ခြိုက်ဖွယ်ကောင်းသောစာရေးဟန်ဖြင့် မေတ္တာတရားကောင်းပါဝင်သော
ဝတ္ထုများကိုရေးခဲ့သူဖြစ်
ထိုသို့ ဝတ္ထုတိုင်းတွင်ပါဝင်သော မေတ္တာတရားနှင့် ရေးဟန်ချိုလွင်မှုကြောင့်
သူ၏ ကလောင်ကို စာဖတ်ပရိသတ်ကြား ထင်ရှားစေခဲ့သည်။
စာရေးဆရာတစ်ယောက်အနေဖြင့် ခေတ်မြင်တာဝန်ကို
ရင်ခုန်သံမှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး
စာနည်းနည်းသာရေးခဲ့သည်ဟု ဆိုနိုင်သော်လည်း
ရေးသမျှတိုင်းကို ဖတ်သူတိုင်း နှစ်ခြိုက်အသိအမှတ်ပြုခံခဲ့ရသူ
ရှားရှားပါးပါး မြန်မာဝတ္ထုတိုဆရာမတစ်ဦး ဖြစ်သည်။
ယခုစာအုပ်တွင် ဆရာမ မကွယ်လွန်မီက
စုစည်းထုတ်ဝေခဲ့သော ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို အခြေခံလျက်
ဆရာမရေးခဲ့သမျှ မဂ္ဂဇင်းဝတ္ထုတိုများအားလုံး
အပြည့်အစုံ စုစည်းထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

(၈၅) ၁၆၄-လမ်း၊

တာမွေ၊ ရန်ကုန်။

ဖုန်း - ၇၂၆၆၂၄

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကူးချိုချို

၂၀၀၃ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| စာမူခွင့်ပြုချက် | ၇၄၆/၂၀၀၃ (၆) |
| မျက်နှာဖုံးခွင့်ပြုချက် | ၉၂၈/၂၀၀၃ (၈) |

---

| | |
|---|---|
| မျက်နှာဖုံး | m.s.o |
| စာအုပ်ချုပ် | ကိုမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ကမာရွတ် ရန်ကုန်။ |

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | အောက်တိုဘာလ၊ ၂၀၀၃ |
| တန်ဖိုး | ၆၅၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| – | ထင်လင်း၏အမှာ | ၇ |
| – | ကိုအောင်သိမ်း၊ ကျွန်တော်သိသော အစ်မမိုးငြိမ်းဇ | ၁၃ |
| – | မိုးငြိမ်းဇ စာပေရေးရာ | ၂၄ |
| ၁။ | အလှရှာ ရင်မှာတွေ့ | ၂၆ |
| ၂။ | ဘဝစာအုပ်မှ ပန်းသွေးရောင်ကဗျာတစ်ပုဒ် | ၄၇ |
| ၃။ | အမှတ်တရကလေးများကို ဖျောက်ဖျက်ခြင်း | ၆၈ |
| ၄။ | ဒေါမနဿနှင့် သောမနဿ | ၈၆ |
| ၅။ | သချာ်သမား အမှားပုစ္ဆာ အဖြေသုည | ၁၀၄ |
| ၆။ | သမီးကြီး | ၁၁၈ |
| ၇။ | ထိုအကြည့် | ၁၃၃ |
| ၈။ | ငယ်ကခူးတဲ့စံပယ်ဦး | ၁၄၃ |


www.burmeseclassic.com

www.burmeseclassic.com

၉။ သုံးပွင့်တစ်ခိုင် ၁၅၇

၁၀။ သမင်လည်ပြန် ၁၆၉

၁၁။ သားများမိ ၁၇၉

၁၂။ ဆီးချိုပင်ဇာတ်သိမ်း ၁၉၂

၁၃။ တာဝေးအပြေး ၂၀၄

၁၄။ အကြင်နာတရား ၂၁၈

၁၅။ အဖော် ၂၂၉

၁၆။ ဆိပ်ကမ်းသာယာ ၂၄၁

၁၇။ ပိုင်ပိုင်ပန်ချင်သူ ၂၅၁

၁၈။ ခွဲခွာခြင်း ၂၆၃

၁၉။ နှလုံးခွဲသူ ၂၇၃

၂၀။ ဗျာဓိ ၂၉၇

၂၁။ ဒေါ်လာမရတဲ့ ပိတိ ၃၂၂

၂၂။ အလွမ်းမျက်နှာ ၃၃၅

၂၃။ လှိုင်ထိပ်ထားနှင့်တွေ့ဆုံခြင်း ၃၄၅

www.burmeseclassic.com

www.burmeseclassic.com

# ထင်လင်း၏ အမှာ*

"ဝတ္ထုတိုဆိုတာ ဘယ်လိုဟာလဲ ဝတ္ထုရှည်ဆိုတာ ဘယ်လိုဟာလဲ" ဟူသော မေးခွန်းမျိုးကို ဖြေရန် အားထုတ်ခဲ့ ကြသူ စာပေပညာရှင်များစွာ ရှိခဲ့သည်။ ဝတ္ထုတို၊ ဝတ္ထုရှည် ဟူသော ဝေါဟာရတို့ကသည်ပင်လျှင် လွယ်သလိုကောက်၍ ခေါ်ထားသော ဝေါဟာရများဖြစ်၍ အဓိပ္ပာယ်လည်း ဖွင့်ဖို့ မလွယ်ဘဲ ဖြစ်နေသည်။ နောက်ဆုံးတွင် မူလက မသေမချာ ခေါ်ခဲ့ရသလို ဝတ္ထု **(Fiction)** သဘောရေးထားသော စာခပ်တိုတို ဆိုလျှင် ဝတ္ထုတို၊ ခပ်ရှည်ရှည်ရေးထားသော စာဆိုလျှင် ဝတ္ထုရှည်ဟုပင် ခေါ်ခဲ့ကြရသည်။ အတိအကျ ဖွင့်ဆို၍ မရသလို ဖြစ်သည်။ ဤသို့မရခဲ့ရာတွင် လုံးချင်းဝတ္ထု၊ ဝတ္ထုလတ်ဟူသော ဝေါဟာရများက ပေါ်လာပြန်သည်။ အားလုံးသည် လွယ်သလို ပေါ်ခဲ့ကြသည့် ဝေါဟာရများဟူ၍ပင် မှတ်သားရတော့မည် ထင်ပါသည်။

တကယ်ဆိုလျှင် ဝတ္ထုရှည်၊ ဝတ္ထုလတ်၊ ဝတ္ထုတို၊ လုံးချင်းဝတ္ထုဆိုသည့် စာပေအဖွဲ့မျိုးတွင် ပုံသဏ္ဌာန်နှင့် အကြောင်း

---

* မိုးငြိမ်း၏၊ ဝတ္ထုတိုပေါင်းချုပ်–၁၊ ပ–ကြိမ်၊ ၁၉၉၄၊ ယွန်းရွှေအိမ်စာအုပ်တိုက်ဝေရေးမှ။



www.burmeseclassic.com

အရာတို့သည် သီးခြားစီ ရှိသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဝတ္ထုရှည် ဆိုသော အဖွဲ့နှင့် ဝတ္ထုတိုဆိုသော အဖွဲ့တို့သည် ရေးဖွဲ့ပုံချင်း လည်းမတူ၊ အနုပညာဖန်တီးပုံချင်းလည်း မတူကြ။ ဝတ္ထုရှည်တွင် ဇာတ်လမ်း **(Story)** ကောင်း၍ ဇာတ်ဆောင်စရိုက် **(Character)** ဖော်ပြပုံ ပီသလျှင် ဝတ္ထုရှည်ကောင်းတစ်ပုဒ် ဖြစ်လာသည်ဟု ဆိုနိုင်သော်လည်း၊ ဝတ္ထုတိုတွင်ကား ဇာတ်လမ်း ကောင်းခြင်း၊ ဇာတ်ဆောင်စရိုက် ဖော်ပြပုံပီသခြင်းတို့သည် ဝတ္ထုတိုကောင်းတစ်ပုဒ်၏အဓိကလက္ခဏာများကား မဟုတ်ကြချေ။ ကျွန်တော်၏အမြင်ကို ဆိုရလျှင် ဝတ္ထုတိုဆိုသော အဖွဲ့မျိုးတွင် အနုပညာဖန်တီးမှုသဘောသည် အဓိက လက္ခဏာတစ်ခုဖြစ်သည်ဟု ဆိုချင်ပါသည်။

ထိုမှတစ်ပါးလည်း တချို့ဝတ္ထုတို စာရင်းဝင် အဖွဲ့တို့သည် ဇာတ်လမ်းလည်း မည်မည်ရရ၊ ဇာတ်ဆောင်စရိုက်လည်း ပီပီသသမရှိဘဲ နှစ်သက်ဖွယ် ဝတ္ထုတစ်ပုဒ်ကဲ့သို့ ဖတ်၍ ကောင်းတတ်ပြန်သည်။ ပုံစံအားဖြင့် ပြရသော် သိပ္ပံမောင်ဝ၏ စာမျိုး၊ ခေတ်စာရေးဆရာတို့၏ စာများကို ညွှန်းရသော် အချို့သော ကြည်အေး၏ ဝတ္ထုတို စာရင်းဝင်စာမျိုး၊ အတွေးအမြင်ကို စိတ်ဝင်စားဖွယ် ဖွဲ့ဆိုထားသည့်စာမျိုးတွင် ယခုခေတ်ဟုဆိုအပ်သော နှစ်ဆယ်ရာစုခေတ်ဦးမှစ၍ ယနေ့တိုင် ကမ္ဘာ့စာပေတို့တွင် တွေ့ရတတ်သော စိတ်ကူးအစဉ်မပြတ် ဆက်စပ်နေသော အကြောင်းအရာများကို ပေါ်လာသည့်အတိုင်း ရေးချသော စိတ်အလျဉ် ဝတ္ထုမျိုး။ ဝတ္ထုတို၏ နယ်ပယ်သည် ကျယ်ဝန်းလှသဖြင့် အချို့စာဖတ်သမားများသည် ဝတ္ထုတိုများစွာ၏ လိုရင်းကို နားမလည်နိုင်အောင် ဖြစ်ကြရသည်။

ကျွန်တော်၏ မိတ်ဆွေတစ်ယောက်ကမူ ထိုဝတ္ထုမျိုးကို



www.burmeseclassic.com

ဖတ်ပြီး "ဘရိတ်မပြုတ်ဘူးဗျာ"ဟုဆိုပါသည်။ အခြားတစ်ယောက်မှ "ဖတ်တင့်ငုံကြီးဗျ"ဟု မှတ်ချက်ချသည်။ ကျွန်တော်လည်း သူတို့ ပြောသလို ခံစားရဖူးပါသည်။ နောက် ကျွန်တော်ကိုယ်တိုင် ဤခေတ်ဟန်မျိုး ရေးမိသောအခါတွင် ရေးသူမှာ အလွန်အားရ ကျေနပ်မိသော်လည်း စာဖတ်သူများထံမှ ဘရိတ်မပြုတ်ဘူး၊ ဖတ်တင့်ငုံကြီးဟူသော မှတ်ချက်မျိုး ကြားရသည်။ ဝတ္ထုတိုအဖွဲ့ မျိုးနှင့် ပတ်သက်၍ ပုံသဏ္ဌာန်အမျိုးမျိုးဖြစ်သည်ကို ပြောလို၍ ဤအကြောင်းကို ရေးလိုက်ရခြင်းဖြစ်သည်။

ကမ္ဘာကျော် အားနက်စ် ဟဲမင်းဝေးတို့ ဝီလျံဖော့ကနာတို့၊ ဂျွန်စတိုင်းဗက်တို့၏ ဝတ္ထုများကို စာအဖတ်နည်းသူတို့ နားမလည်နိုင်မကြိုက်နိုင်၊ သူတို့စာများမှာ အတိုကလေးပင်ဖြစ်စေ အနှစ်သာရပြည့်ဝသည်ဟု အခိုင်အမာဆိုသူတို့ကလည်း ဆိုလျက်ပင်ရှိချေသည်။

ဝတ္ထုတိုသည် ရိုးရိုးရှင်းရှင်း အဖွဲ့မျိုးပင်ဖြစ်၍ နားမလည်နိုင်စရာရှိမည် မထင်မိသော်လည်း စာရေးသူ၏အထာကို မရိပ်မိလျှင် သူ၏စာကို နားလည်ရာ၌ အခက်အခဲရှိလိမ့်မည်။ ဝတ္ထု(တို) အဖွဲ့အကြောင်းကို ဆွေးနွေးနေရလျှင် စာမျောသွားလိမ့်မည်။

မိုးငြိမ်းသည် သူ၏ပတ်ဝန်းကျင်လောကကို စာဖွဲ့လေ့ရှိသည်။ မြန်မာစာ အရေးအသားလည်း အလွန်ပြေပြစ်၍ ဇာတ်ဆောင်နှင့်စရိုက်အဖွဲ့တို့သည်လည်း ပီပြင်ပေါ်လွင်သဖြင့် သူ၏ ဝတ္ထုတိုများသည် နှစ်လိုဖွယ်ဖြစ်သည်။ တစ်စုံတစ်ယောက်ကို စာဖွဲ့တော့မည်ဆိုလျှင် သူသည် ထိုဇာတ်ဆောင်အကြောင်းကို ဆီလျော်စွာ ဇာတ်လမ်းပေး၍ စာဖတ်သူများမြင်သာအောင် ကျွမ်းကျင်စွာ ပုံဖော်ပေးသွားတတ်သည်။ သူသည် စိတ်အခြေအနေများကို ဖွဲ့ရာ၌ အဇ္ဈတ္တဗဟိဒ္ဓနှစ်မျိုးကို ဖွဲ့တတ်သည်။



www.burmeseclassic.com

သာမန်အားဖြင့် အမှတ်မဲ့ထားတတ်ကြသည့် လူ့သဘောသဘာဝ ကလေးများကို သူမြင်တတ်သည်။ သိသိမှတ်မှတ်ရှိသည်။

လူတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံ အမူကိစ္စတို့၏ အရင်းအမြစ်ကို သူ အကဲခတ်တတ်သည်။ သို့ရာတွင်မိုးငြိမ်းဇ သည် သူ့ကိုယ်သူ သူတော်စင်အဖြစ်မထား၊ သူတစ်ပါးကို ဝေဖန်တိုင်း သူ့ကိုယ်သူလည်း ပြန်၍ ဝေဖန်တတ်သည်။

သူ၏ဝတ္ထုများသည် သူကျင်လည်သော လောကများ ဖြစ်သော ကျောင်းစာသင်ခန်းများ၊ ကျောင်းသားကျောင်းသူများ၊ လုပ်ဖော် ကိုင်ဖက်ဆရာ ဆရာမများ၊ အိမ်နီးချင်းများ၊ နေ့စဉ် သွားလာလှုပ်ရှားရာမှ တွေ့နေကျ မြင်နေကျလူများကို သူ စေ့စပ်စွာ ကြည့်လေ့မြင်လေ့ရှိသည်။ ဤလူများဖြင့် ဖွဲ့စည်းသော သူ၏စာ များတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသော ဗြဟ္မစိုရ်တရားတို့က လွှမ်းမိုးသည်။

တစ်ခါတလေတွင် သူသည် မကွယ်မထောင့် သူ၏ ပုထုဇဉ်သဘာဝကိုလည်း မခြွင်းမချန်ရိုးသားစွာ ဝန်ခံတတ်သည်။

မိုးငြိမ်းဇသည် သူ၏သူငယ်ချင်း အပေါင်းအသင်း အဟောင်း အသစ်များအပေါ်၌ အတွယ်အတာ ကြီးမားသူ ဖြစ်သည်။ အမိ အဖနှင့်မောင်ညီမများအပေါ်၌လည်း သံယောဇဉ် ကြီးမားသည်။ "သမီးကြီး" ဝတ္ထုတွင် အစ်မကြီးအမိအရာမှနေ၍ အစ်မကြီးက သူ့မောင်များကို ချော့တန်ချော့ ခြောက်တန်ခြောက် ဆုံးမခဲ့ရပုံ။ မောင်အလတ်က ကလန်ကဆန်လုပ်၍ ဒေါသ ဖြစ်ခဲ့ရပုံ။ ဒေါသ ဖြစ်သော်လည်း ပေးစရာရှိတော့ သူ့မောင် အလတ်ကိုလည်း ချန်မထားနိုင်ခဲ့ပုံတို့ကို ရေးပြထားသည်မှာ ရင်ထဲ၌ နွေးစရာ ဖြစ်ရသည်။

မိုးငြိမ်းဇ၏ဝတ္ထုများကို ခြုံငုံသုံးသပ်မိရာတွင် သူသည်



www.burmeseclassic.com

ပကာသနလောကမှ အတုအယောင်များကို မနှစ်မြို့ကြောင်းမှာ အတော်ပင်ထင်ရှားသည်။ သစ္စာတရားကို လက်ကိုင်ထားရမည်မှာ စာရေးဆရာတို့၏တာဝန်ဖြစ်သည်။ မေတ္တာတရားကို ရင်ဝယ်ပိုက်ရမည်မှာ ကျောင်းဆရာ ကျောင်းဆရာမတို့၏အလုပ်ဖြစ်သည်။ စာရေးဆရာမ မိုးဝေါမ်းသည် ကျောင်းဆရာမလည်းဖြစ်သည်။ သူ၏ "သားများမိ"ဝတ္ထုတွင် သူ၏တပည့်များကို သားများ သမီးများကဲ့သို့ သဘောထားကာ စာသင်ရာတွင်မက စည်းကမ်းထိန်းသိမ်းမှု၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်မှုတို့ကို အဓိကထား၍ တပည့်များ လူကောင်းသူကောင်းများ ဖြစ်လာရေးတို့ကို သူကိုင်တွယ်ပုံမှာ နည်းယူစရာကောင်းသည်။ ကျောင်းဆရာမတစ်ယောက်၏ စိတ်ထား၊ မှန်ကန်သည့်စံကို သူကပြသွားသည်။ ငယ်ရွယ်သူ တပည့်များအပေါ်တွင် ကိုယ်ကျိုးမဖက်သော စေတနာ မေတ္တာထားရမည်ဆိုသည့် နမူနာကို သူ့ဝတ္ထုထဲက ဆရာမဖြင့်ပြထားသည်။ ကျောင်းဆရာမတစ်ယောက်၏ အလွန်သိမ်မွေ့သော ဒဿနတို့ကို သားများမိ ဝတ္ထုတွင် တင်ပြထားသည်။

ထို့ပြင်လည်း ကျောင်းဆရာ ကျောင်းဆရာမ၏ စာသင်ခန်းအပြင်ဘက်မှ ဘဝကိုလည်း သူ၏ဝတ္ထုများတွင် တွေ့ရသည်။ မိုးဝေါမ်းသည် သစ္စာမေတ္တာနှင့် စာရိတ္တဆိုင်ရာတွင် လျှော့ဈေးမပေးနိုင်အောင်ပင် တင်းမာသူ ဖြစ်၍ သူ့အပေါင်းအသင်းများက နားလည်ခွင့်လွှတ်လျက် ခင်မင်ကြရပုံကိုလည်း သူပြသတတ်သည်။

မိုးဝေါမ်းသည် မြန်မာပီသသူ မြန်မာ့ရိုးရာ မြန်မာ့ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ကို သူနှစ်သက် လက်ခံသလို သူ၏စာသင်သား တပည့်များ စာဖတ်ပရိသတ် လူငယ်လူရွယ်များ

www.burmeseclassic.com

နှစ်သက်လက်ခံ နိုင်အောင် လမ်းပြပေးသည်။ သူ့ဝတ္ထုများတွင် မြန်မာတို့အစဉ် အလာ ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ကြသော တိုင်းတစ်ပါး အတွေးအခေါ် အယူအဆအပြုအမူနှင့် ဓလေ့ထုံးစံများကို မတွေ့ရသလောက်ပင်။ သူသည် စာသင်ရာတွင်လည်းကောင်း၊ စာရေး ရာတွင်လည်းကောင်း တာဝန်ရှိသူပီပီ တာဝန်ကျေသော သူလည်းဖြစ်သည်ဟု ဆိုနိုင်သည်။

မိုးငြိမ်း၏ ဝတ္ထုများတွင် လောကသဘာဝ၊ လူ့သဘာဝ အဖွဲ့များသည် နှစ်သက်ဖွယ်ကောင်းသည်ဟု ဆိုရာဝယ် သူ့စာများသည် ငယ်ရွယ်သူများအတွက် လမ်းညွှန် မီးတိုင်များသဖွယ် လောကဓာတ်ခံပေါ်က ဖြစ်ရပ်များကို ဆရာလုပ်သံ ဆိုဆုံးမသံ မပါဘဲ အရှိကို အရှိအတိုင်းမြင်သာအောင်ပြသတတ်ခြင်းကို ဆိုလိုပါသည်။

မိုးငြိမ်း၏စာများကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများအား ထိန်းသိမ်းရန် တာဝန်ရှိသူများ၊ နောင်တစ်ခေတ်တွင် တိုင်းပြည် ၏ အားကိုးအားထားပြုရာ ခေါင်းဆောင်များအဖြစ် တာဝန်ယူကြမည့်ယနေ့ခေတ်ကျောင်းသူကျောင်းသားများ၊ အထူးသဖြင့် ယနေ့ မျက်မြင်အခြေနေအတိုင်း ပြောရလျှင် နောင်တစ်ခေတ်အတွက် ဘာအာရုံမှမထားတတ်သော လူငယ်လူရွယ်များ ဖတ်မိစေချင် မိပါသည်။

**ထင်လင်း**

၂၃-၃-၆၄

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သိသော အစ်မမိုးဝေ*

“ဟော့...သည်လ မော်ဒန်ကာတွန်းနဲ့ကလေးဂျာနယ်ထွက်ပြီ၊ ကမ်းနားဈေး သွားဝယ်လိုက်ပါဦး”

လွန်ခဲ့သော အနှစ်လေးဆယ်ခန့်ကဖြစ်သည်။ အသက် ၁၀ နှစ် ၁၁ နှစ်အရွယ် အစ်မတစ်ယောက်က သူ့အောက် ၃ နှစ် ငယ်သော မောင်လေး ဖြစ်သူအား စာအုပ်ဝယ်ခိုင်းနေခြင်း ဖြစ်သည်။ မောင်နှမနှစ်ယောက်သား တစ်နေ့ တစ်နေ့ရသော မုန့်ဖိုးငါးမူးစီကိုစုကာ ကာတွန်းဝယ်ဖတ်ကြသည်။ အစ်မဖြစ်သူက နောင်စာရေးဆရာမ မိုးဝေဖြစ်လာမည့် သူ့ငယ်နာမည် မတင်အေး။ စာအုပ်အဝယ်တော်ဖြစ်သူက ယခု ဤစာရေးသူ ကျွန်တော်။

ထိုခေတ် (၁၉၅၆–၅၇ ဝန်းကျင်) ကာလက ကာတွန်း၊ မဂ္ဂဇင်းဟူ၍ များများစားစားမရှိ၊ မော်ဒန်ကာတွန်း၊ ကာတွန်း ညွန့်ပေါင်း၊ ကလေးဂျာနယ်၊ ဘားမားစတား၊ ရှုမဝ၊ မြဝတီ၊

* မိုးဝေ၊ ဝတ္ထုတိုပေါင်းချုပ်–၁၊ ပ–ကြိမ်၊ ၁၉၉၄၊ ယွန်းရွှေအိမ်စာအုပ်ထုတ်ဝေရေးမှ။



www.burmeseclassic.com

သွေးသောက် ဒါလောက်သာရှိသည်။ ငွေတာရီပင် မထွက်သေး။ မောင်နှမနှစ်ယောက်စာပေကို ကာတွန်းမှစခဲ့သည်။

ပထမဆုံးတစ်ပတ်တစ်ကြိမ်ထုတ် ဘားမားစတားစာစောင်၊ ကာတွန်းဆရာ ဦးအောင်ရှိန်၏ ပင်တိုင်ဇာတ်ကောင်များဖြစ်သော ဦးလူပေါ၊ ဦးလူချော၊ ဉာဏ်ကြွယ်ကလေးတို့မှာ ကျွန်တော်တို့ ကလေးများ၏ အသည်းစွဲများဖြစ်သည်။ မော်ဒန်ကာတွန်းထဲမှ ဇာတ်ကောင်များဖြစ်သော စုံထောက်ကြီး ဦးစံရှား၊ ဦးဒိန်းဒေါင်၊ သူဌေးကြီး ဦးကပ်စီးနှင့် သူ့တူခင်မောင်သိန်းထွန်းဝင်း၊ သိပ္ပံပညာကျော် ဆရာကြီး ဦးဆိတ်ဖြူ၊ နောက် စူပါမင်း ဗိုလ်ပုချို စသည်တို့မှာ ကျွန်တော်တို့၏ ငယ်သူငယ်ချင်းများဟုလည်း ဆိုနိုင်သည်။

နှစ်ယောက်သား ကာတွန်းဖတ်သည့် အဆင့်မှာပင် ရပ်တန့်နေလျှင် အကြောင်းမဟုတ် ဆက်ပြောစရာလည်း မရှိနိုင်။ သို့သော် အစ်မ မမအေးသည် ကာတွန်းပင်မက ဝတ္ထုများပါ ဖတ်နေသည်ကို တွေ့ရသည်။ ဦးကြီးတစ်ယောက် ယူယူလာသော မဂ္ဂဇင်း (ရှုမဝ၊ မြဝတီ) တစ်စောင်တလေမှ ဝတ္ထုတိုရှည်များကို ကောက်ကောက်ဖတ်တတ်သည်။ ကျွန်တော်ကတော့ မပါသေး။ မဂ္ဂဇင်းများကို အရုပ်နှင့် ကာတွန်းကြည့်ရုံမျှသာကောက်ကိုင်ရဲသည်။ ဘာကြောင့်ဆို ဝတ္ထုဖတ်ခြင်းသည် အဖေတားမြစ်ထားသော ကိစ္စတစ်ခုဖြစ်သောကြောင့်ဖြစ်သည်။ ကာလပေါ်ဝတ္ထုများကို ကလေကဝ အရေမရ အဖတ်မရ၊ ဖေတော့ မောင်တော့များဟု အဖေက အမြဲပုတ်ခတ် ရှုတ်ချလေ့ရှိသည်။ စိတ်ကူးယဉ်မည်၊ စိတ်လေလွင့်မည်ဟု သားနှင့်သမီးအပေါ် စိုးရိမ်စိတ်ဖြင့် ပြင်းပြင်းထန်ထန် တားမြစ်ထားသည်။ သို့သော် ဤတားမြစ်ချက်ကိုမှ စတင်ချိုးဖောက်ဖီဆန်လိုက်သူမှာ သူ့အသည်းကျော်



www.burmeseclassic.com

သမီးကြီး ဖြစ်နေသည်။

အစ်မမှာ သူတစ်ဦးတည်း အဖေ့အပေါ် ဆန့်ကျင်နေရသည်ကို အားနည်းသည်ထင်၍ တပ်ကူခေါ်သည့် သဘောလားမသိ။ ကျွန်တော့်ကိုပါ ဝတ္ထုဖတ်ချင်လာအောင် စတင် စည်းရုံးတော့သည်။ ကျွန်တော့်မှာ ရုပ်ပုံမပါသောစာဆိုလျှင် ဆရာကြီးဇဝန၏ ကလေးဂျာနယ်မှ ပုံပြင်များသာဖတ်သည်။ ပုံပြင်မဟုတ်လျှင် ငါနှင့်မဆိုင်ဟု ကြဉ်ထားခဲ့သည်။

ထိုစဉ်က အဖေသည် အမေရိကန်ပြန်ကြားရေးမှ မြန်မာဘာသာဖြင့် ထုတ်ဝေသောလင်းရောင်ခြည်မဂ္ဂဇင်းနှင့် နှောင်ကြိုးမဲ့ကမ္ဘာဟူသော စာစောင်ကို လစဉ်ယူဖတ်သည်။ ထိုမဂ္ဂဇင်းသည် တစ်လလျှင် ဝတ္ထုတိုတစ်ပုဒ်စီ ပါလေ့ရှိသည်။ ကျွန်တော်က ထိုလင်းရောင်ခြည်ကို အရုပ်သာ လှန်ကြည့်တတ်သည်။ ဖတ်လေ့မရှိ။

တစ်နေ့ အစ်မက သည်လ လင်းရောင်ခြည်ထဲကပုံပြင် ကောင်းတယ်၊ ဖတ်ကြည့်ဟုဆိုလာရာ ပုံပြင်ဟု ပြောခြင်းကြောင့် ကောက်ဖတ်ကြည့်ဖြစ်သည်။ ဖတ်ရင်း စိတ်ဝင်စားကာ စွဲသွားသည်။ တကယ်တော့ ပုံပြင်မဟုတ်ပါ။ ဘာဇာတ်လမ်းလဲဆိုသည်ကို ယခု မမှတ်မိတော့သော်လည်း စုန်းကဝေ ဝတ္ထုတိုတစ်ပုဒ်သာဖြစ်ကြောင်းကိုတော့ ကောင်းကောင်းသိနေဆဲပင်။ ထိုခေတ်က မြစကြာ၊ မှော်စက်ရောင် အစရှိသူတို့ရေးသော စုန်းတစ္ဆေ၊ ကဝေ၊ ဇော်ဂနီ၊ အောက်လမ်းနှင့် ဥစ္စာစောင့် ဝတ္ထုများ ခေတ်ထနေသော အချိန်ဖြစ်သည်။ (အနောက်တိုင်း၌ ယခုမှ ခေတ်စားနေသည်မှာ ကျွန်ုပ်တို့ အရှေ့တိုင်းထက် များစွာ ခေတ်နောက်ကျနေပေပြီ) ဤသို့ ဝတ္ထုတို့ကို ပုံပြင်အမှတ်နှင့် ဖတ်မိရာမှ ဝတ္ထု၏ အရသာကို ကောင်းစွာ သိသွားတော့သည်။



www.burmeseclassic.com

နောက်အစ်မဖတ်သော မဂ္ဂဇင်းများပါ လိုက်ဖတ်တော့သည်။ လစဉ်ထုတ်သော စာအုပ်စာရင်း၌ မဂ္ဂဇင်းများ တိုးလာသည်။

ဝတ္ထုကို နှစ်ယောက်သား လွတ်လွတ်လပ်လပ် ဖတ်ကြရခြင်းတော့ မဟုတ်။ အဖေမသိအောင် ခိုးဝှက်ဖတ်ကြသည်။ ညအိပ်ခါနီး ခြင်းထောင်ထဲ ဖယောင်းတိုင်ထွန်းဖတ်သည်။ အဖေမှာ ကျွန်တော်တို့လုပ်သမျှ အကုန်သိသော်လည်း နောက်ပိုင်းဘာမှ မပြောတော့။ မသိဟန်ဆောင်နေတော့သည်။ ကျွန်တော်တို့ကလည်း ကျောင်းစာဘက်၌ မလစ်ဟင်းအောင် တာဝန်ကျေပြီးကာမှ အပြင်စာဖတ်ခြင်းဖြစ်သည်။ အစ်မမှာ အတန်းထဲ၌ အဆင့် ၁၊ ၂၊ ၃ အောက်ကိုမရောက်။ ကျွန်တော်လည်း အစ်မလောက် မတော်စေကာမူ **Top Ten** ထဲ အမြဲဝင်အောင်တော့ ထိန်းထားနိုင်သည်။

အဖေ၏ အထက်ပါ ချုပ်ချယ်မှုများ၊ မိသားစုအပေါ် စည်းကမ်းတင်းကျပ်မှုများကို မကျေနပ်၍ အစ်မ၏ ပထမဆုံး ဝတ္ထုကွန်းရိပ်ငြိမ် ပေါက်ဖွားလာရခြင်းဖြစ်ကြောင်း စံပယ်ဖြူ မဂ္ဂဇင်း၌ သူကိုယ်တိုင် ရှင်းပြခဲ့သည်။

ဤသို့ဖြင့် ကျွန်တော့်အား စာပေ ဝါသနာပါအောင်၊ အနုပညာသမားဖြစ်လာစေအောင် စတင်ဆွဲသွင်းခဲ့သူ လက်ဦးဆရာ စာပေကျေးဇူးရှင်မှာ အစ်မ မမအေးပင် ဖြစ်ပါသည်။

မူလတန်းကျောင်းသားဝ၌ မောင်နှမနှစ်ယောက် အတူတူကြည့်မြင်တိုင် အထက(၁)၌ နေကြသည်။ မိန်းကလေးကျောင်းဖြစ်၍ ယောကျ်ားလေးများ လေးတန်းအထိသာ နေခွင့်ရှိသည်။ အစ်မက နှစ်နှစ်စောပြီး ကျောင်းစနေသူဖြစ်၍ ကျွန်တော့်ထက် နှစ်တန်းကြီးသည်။ ကျောင်းဆင်းလျှင် နှစ်ယောက်အတူ ကျောင်းခန်းမ ဆင်ဝင်အောက်၌ဆုံပြီး လာကြိုသော အိမ်မှလူကြီး



www.burmeseclassic.com

များကို စောင့်ရသည်။

အစ်မမှာ တစ်အိမ်လုံး၏ ဆည်းလည်းဖြစ်သည်။ အမေ အဖေပင်မက ဦးကြီးဦးလေးနှင့် အိမ်နီးချင်းတို့ကပါ “အေးအေး … အေးအေး”နှင့် ဖူးဖူးမှုတ်ကာ ချစ်ကြသည်။ မျက်လုံးဝိုင်းဝိုင်း စက်စက်၊ မဟာနဖူး၊ နှာတံပေါ်ပေါ် ပိရိသေသပ်သော လေးကိုင်း သဏ္ဍာန် နှုတ်ခမ်းအစုံနှင့်အစ်မမှာ ငယ်စဉ်ကပင် ချစ်စဖွယ် ဥပဓိရုပ်ဖြင့် မျက်နှာပွင့်လန်းသူဖြစ်သည်။ တစ်ခုသာ ပြောစရာ ရှိသည်မှာ အမြဲ တစ်ခုခုကို အတွေးနက်နေသည့်ဟန်ဖြင့် အမြဲ အေးဆေး ငြိမ်သက်လွန်းသည်ဖြစ်ရာ မလိုသူများက မာနခဲဟု သတ်မှတ်ခံရ သည်အထိ ဖြစ်ခဲ့သည်။ နှုတ်သွက်လျှာသွက်လည်း မရှိ၊ အပေါင်းအသင်းလည်း နည်းသူ ဖြစ်ခဲ့သည်။ အားလျှင်လည်း မောင်နှမနှစ်ယောက်သား အိမ်နောက်ဖေးရှိ ပေငါးဆယ်ပတ်လည် ခြံကျယ်ကြီး၌ ကစားလေ့ရှိကြသည်။ အိမ်နီးချင်းကလေး သူငယ်ချင်း တစ်ဦးနှစ်ဦး ပါတတ်သည်။ ကျွန်တော်တို့ ကိုယ်တိုင်တော့ တခြားအိမ် သွားရောက်လည်ပတ်သည့် အလေ့ အထ လုံးဝမရှိကြ။ မိဘများကလည်း အားမပေး။ သို့ဖြစ်၍ လူတောမတိုးသယောင် ရှိခဲ့သည်။ ငယ်စဉ်က ကစားခဲ့ရာ ဤခြံကျယ်ကြီးမှာ ကျွန်တော်တို့အတွက် ပြည်သူ့ဥယျာဉ်မက ကျယ်ပြောလှပါသည်။ အဖေ ဒန်အိုးစက်ထောင်ခဲ့စဉ်က မြေကွက် လပ်လည်း ဖြစ်သည်။ သစ်ပင်ကြီးများ၊ ပန်းနွယ်ချုံနွယ်တို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိသော ဥယျာဉ်ကြီးလည်းဖြစ်သည်။ ဤခြံကြီး ကို လွမ်းမောတသစွာဖြင့် အစ်မသည် သူ၏ ဒေါ်လာမရတဲ့ ပီတိ (၁၉၉၂ ခု၊ ဒီဇင်ဘာလ ဟန်သစ်မဂ္ဂဇင်း) ဟူသော ဝတ္ထုတို၌ ထည်းသွင်းဖွဲ့နွဲ့ခဲ့သည်။ အဖေ့ကိုလည်း ပြန်လည် တမ်းတစွာဖြင့် ယင်းဝတ္ထု၌ပင် ရေးဖွဲ့ခဲ့ပါသည်။

www.burmeseclassic.com

အစ်မမှာ အပေါင်းအသင်း နည်းပင်နည်းသော်လည်း အပေါင်းအသင်းအပေါ် သံယောဇဉ် ကြီးမားစွာထားသူ။ အနွံအတာ ခံသူဖြစ်သည်။ သို့သော် မိမိ၏သဘောကောင်းမှုအပေါ် တက်နင်းကာ တင်တင်စီးစီး သဘောထားလာခြင်းမျိုးကိုမူ ခွင့်လွှတ်လေ့မရှိ။ အမှတ်သညာကြီးသူဖြစ်သည်။ သူ အခင်အမင်လျော့ပါးကာ လက်တွဲဖြုတ်ခဲ့သော ငယ်သူငယ်ချင်းများမနည်းလှပေ။ ကျွန်တော်ကမူ လူမှုဆက်ဆံရေး၌ သူသဘောထားပြတ်လွန်း သည်၊ တင်းမာလွန်းသည်ဟု ယူဆသည်။ သို့ဖြစ်၍ လူ့ဘဝမှာ ကျွန်တော့်ထက်စာလျှင် ပို၍ အထီးကျန် ဆန်လွန်းသည်ကို တွေ့ရသည်။ ဤ သူ၏ငယ်သူငယ်ချင်းများ လမ်းခွဲ၍ လက်တွဲ ဖြုတ်ခဲ့ခြင်းများကို သူ၏ သမင်လည်ပြန် (၁၉၉၃ ခုနှစ် ဇွန်လ ရှုမဝမဂ္ဂဇင်း)၊ အလှရှာ ရင်မှာတွေ့ (၁၉၇၆ ခုဇူလိုင်လ ရှုမဝ မဂ္ဂဇင်း)နှင့် ခွဲခွာခြင်း (၁၉၉၁ ခုနှစ် ဇွန်လ ဟန်သစ်မဂ္ဂဇင်း)တို့၌ တွေ့နိုင်ပါသည်။ ကျွန်တော့် ငယ်သူငယ်ချင်းတစ်ယောက်ကိုဆိုလျှင် သူတော်တော်ကြည့်မရအောင်ဖြစ်ခဲ့သည်။ ကျွန်တော်တို့ မောင်နှမနှစ်ယောက် မစားရက် မသောက်ရက် မုန့်ဖိုးများဖြင့် စုဆောင်းထားသော ပြားခြောက်ဆယ်တန်၊ တစ်ကျပ်တန် ဝတ္ထုစာအုပ်များ (၁၉၆၀ ခုတစ်ဝိုက်က ဤပြားခြောက်ဆယ်တန် မျက်နှာ ၇၀၊ ၈၀ ပတ်ဝန်းကျင်ရှိ လုံးချင်းဝတ္ထုတို စာအုပ်ပါးပါး ကလေးများ ခေတ်စားခဲ့ဖူးသည်။ အတွင်ကျယ်ဆုံး ထုတ်ဝေ ဖြန့်ချိခဲ့သည်မှာ ရွှင်ကြည်ကြည်စာပေခေါ် ရှုမဝစာပေတိုက်ခွဲ ဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်စဉ်ဖြတ်သန်းခဲ့ရာ စာပေခေတ်ပင်) အုပ်ရေ သုံးလေးဆယ်ခန့်ကို ကျွန်တော့်ထံမှ ထိုသူငယ်ချင်းက ငှားရမ်းသွားပြီး တစ်အုပ်မှ ပြန်မရတော့သဖြင့် ထိုသူငယ်ချင်းမျိုးကို



www.burmeseclassic.com

အပေါင်းအသင်းစာရင်းမှ ပယ်ဖျက်ပစ်ဖို့ ကျွန်တော့်အား တစ်လျှောက်လုံး တိုက်တွန်းခဲ့သည်။

*　　*　　*

ငယ်စဉ်က အဖေမှာ သမီးကြီးကို သူကိုယ်တိုင် အင်္ဂလိပ်စာ သင်ပေးခဲ့သည်။ ကိုးတန်းရောက်သည်နှင့် ပြဋ္ဌာန်း အင်္ဂလိပ်စာအုပ်ကို ရှင်းပြပေးသည်။ ကျွန်တော့်ကိုလည်း အနားမှာထိုင်ပြီး နားထောင်ခိုင်းသည်။ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုများကို ထိုစဉ်ကစပြီး မြည်းစမ်းအရသာခံခဲ့ရပါသည်။

ဂျူးဘန်း၏ ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်၊ ရောဘတ်လူးဝစ်စတီဗင်ဆင်၏ ရတနာကျွန်း၊ အစ်မ တက္ကသိုလ်ရောက်သော် ခြေလှမ်း ၃၉ ဝတ္ထု၊ ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုဖြစ်သော ဘာစကာဗီးလ်ခွေးကြီး၊ နောက်ဆုံး အေမီလီဘရွန်တီ၏ လေထန်ကုန်း ဝတ္ထုအားလုံးကို အဖေ့ကြောင့် မြည်းစမ်းခွင့်ရခဲ့သည်။

ထိုဝတ္ထုဇာတ်လမ်းများနှင့်တကွ ဇာတ်ကောင်များကိုပါ စွဲကျန်ရစ်ခဲ့သည်။ အထူးသဖြင့် လေထန်ကုန်းရှိ ဟီးကလစ်ဖ်နှင့် ကေသီ၊ ဤနှစ်ယောက်ကို ကျွန်တော်တို့မောင်နှမနှစ်ယောက် စလုံး မမေ့နိုင်တော့။ တစ်သက်မှာ သည်ဝတ္ထုတစ်ပုဒ်သာ ရေးသွားပြီး စာပေသမိုင်း၌ တွင်ကျန်ရစ်ခဲ့သူ စာရေးဆရာမ အေမီလီဘရွန်တီကိုလည်း အားကျမိကြသည်။ ကျွန်တော့်ထက် အစ်မက ပို၍ အားကျမိခဲ့ပုံရသည်။ နောက်ပိုင်း ဆရာမြသန်းတင့်ကြောင့် **Gone With The Wind** လေရူးသုန်သုန်ကို ဖတ်ကြရသည့်အခါ၌လည်း နှစ်ယောက်သား တော်စတွိုင်း၏ စစ်နဲ့ငြိမ်းချမ်းရေးထက်ပင် ပိုကြိုက်နှစ်သက်မိကြကာ အစ်မကမူ ဤတစ်ပုဒ်တည်းရေးကာ ကမ္ဘာကျော်ခဲ့သည့် စာရေးဆရာမ



www.burmeseclassic.com

မားဂရက်မစ်ချယ်ကိုပါ အားကျမိသွားပြန်သည်ကို တွေ့ရသည်။

ဤအားကျမိမှု နှစ်ခုကြောင့်ပေလားမသိ၊ အစ်မမှာ သူ့လက်တွေ့ဘဝ၌လည်း ဝတ္ထုရှည်ဟူ၍ "နွေနေအောက်မှာ ကြွေ" တစ်ပုဒ်တည်း ရေးသွားကာ အားလုံးကို နှုတ်ဆက်သွား ခဲ့သည်။

"ကြွေတစ်သက်မှာ ကြွေတတ်စွမ်းနိုင်သမျှ အစွမ်းကုန် ကြိုးစားလုပ်ခဲ့ပြီးပါပြီ။ ဒီထက် ဘာများပိုပြီး ကြွေးလုပ်နိုင်ဦးမှာလဲ လို့တော့ ဆက်လက်အသက်ရှင် နေကြည့်ချင်ပါသေးတယ်။ ဖြစ်ချင်ပါလျက် မဖြစ်နိုင်သေးတာတွေ၊ ကြိုးစားပါလျက် မအောင် မြင်နိုင်သေးတာတွေ ဖြစ်မြောက်အောင်မြင်လာတဲ့အထိ စောင့်ကြည့် ချင်ပါသေးတယ်။ ဒါပေမယ့် အချိန်မရတော့ဘူးဆို တော့လည်း ဝမ်းနည်းရုံပဲပေါ့"

ဤစကားမှာ အမှန်တော့ နွေနေအောက်မှာ ကြွေဝတ္ထု ထဲက နှင်းလဲကြွေပြောသော စကားမဟုတ် ပြင်ပ၌မိုးငြိမ်းဇ ကိုယ်တိုင် အမှန်တကယ်ရေရွတ် မြည်တမ်းခဲ့သော စကားဖြစ်ပါ သည်။ အထူးသဖြင့် သူမဆုံးမီ လေးနှစ်ကျော် ငါးနှစ်နီးပါး ကာလအတွင်း တဖွဖွ ပြောခဲ့သော စကားဖြစ်ပါသည်။

ကွယ်လွန်သွားသော်လည်း သူဖြစ်ချင်သည်များကို မြင်မသွားရရှာ။ သူ့ ကြွေဝတ္ထုစာအုပ်အဖြစ် ထွက်ပေါ်လာသည် ကို မြင်မသွားရရှာ။ သူ၏ နောက်ဆုံးဝတ္ထုနှစ်ပုဒ် အလွမ်းမျက်နှာ (၉၃ ခု၊ မတ်လ၊ ဟန်သစ်) နှင့် လှိုင်ထိပ်ထားနှင့် တွေ့ဆုံခြင်း (၉၃ ခု၊ ဧပြီလ၊ ရင်ခုန်ပွင့်)တို့ကိုလည်း ပုံနှိပ်စာလုံးဖြင့်ပါလာ သည်ကို မြင်တွေ့မသွားရရှာ။ သူ့ချစ်ခင်ကြည်ညိုသူတို့ အောင် အောင်မြင်မြင် ထိပ်တန်းရောက်မရောက် သူစောင့်ကြည့်ချင်ပါ လျက် အချိန်မရတော့၊ သူမှန်းတီး စက်ဆုပ်သူတို့၏ နိမ့်ပါးကျဆုံး



www.burmeseclassic.com

 www.burmeseclassic.com 

ပွဲကိုလည်း သူတတောင့်တတဖြင့် စောင့်ကြည့်ချင်ပါလျက် မြင်တွေ့ခွင့်မရတော့။

လွန်ခဲ့သည့် နှစ်ပေါင်း (၂၀)ခန့်က စာရေးဆရာထွန်းထွန်း (ဆေးသိပ္ပံ) တစ်ယောက် မကွယ်လွန်မီတစ်လအလိုတွင် ရှုမဝ မဂ္ဂဇင်း၌ ဝတ္ထုတိုတစ်ပုဒ် ရေးခဲ့ဖူးသည်။ သူသေသည့် အကြောင်းကို ကြိုတင်နိမိတ်ဖတ်ခြင်းဖြစ်သည်။ ထွန်းထွန်းမှာ ဆရာဝန်ဖြစ်၍ သူသေမည့် အချိန်ကိုလည်း မှန်ကန်စွာ ကြိုတင် တွက်ထားနိုင်ခဲ့သည်။ ဤဝတ္ထုတိုလေးကို အစ်မမှာမမေ့နိုင်အောင် စွဲငြိနေခဲ့ရာ သူ့အလှည့်၌လည်း ကြိုတင်နိမိတ်ဖတ်ခဲ့သည့်အလား "ဗျာဒိ" ဝတ္ထုရှည် (၉၂ ခု ဇွန်လ ဟန်သစ်)ကို ရေးသွားခဲ့သည်။ ဂီလာန ညည်းချင်း တစ်ပုဒ်အဖြစ် အောင်မြင်ခဲ့သည့် ဝတ္ထုပင် ဖြစ်တော့သည်။

တစ်ဦးနှင့်တစ်ဦး မောင်နှမပင်ဖြစ်စေကာမူ စိတ်ထားချင်း ဝါသနာချင်း ယုံကြည်ချက်ချင်း ရပ်တည်မှုချင်း တူညီတတ်ကြသည်မဟုတ်။ သို့သော် ကျွန်တော်တို့ မောင်နှမနှစ်ယောက်မှာ သားချင်းခြောက်ယောက်၌ အကြီးဆုံးနှစ်ယောက် ဖြစ်သည်နှင့် အညီ အတော်များများတူညီကြသည်။ ကိုယ်ခင်မင် သံယောဇဉ် တွယ်သူများပေါ် အနွံအတာခံစိတ်၊ အပေါင်းအသင်းအပေါ် လိုက်လျောသည်းခံစိတ်များ တူကြသည်။ အစ်မက ဆက်ဆံရေး၌ ပြတ်သားမှု ပိုအားများကာ ကျွန်တော်က သည်းခံအားနာစိတ် ပိုများသည်။ ဝါသနာချင်း တူသည်ကတော့ ပြောစရာမလို။ အတွေးအခေါ်ချင်း မူလအစ တူညီသယောင် ရှိခဲ့သော်လည်း နောက်ပိုင်း ကျွန်တော်က မာ့က်လီနင်အကြောင်းအရာများ အနည်းအကျဉ်း လေ့လာရာ အစ်မနှင့် အတော်ကွာခြားခဲ့ ပြုသွားသည်။ အစ်မ၏ "ထိုအကြည့်"ဝတ္ထုတို ရှုမဝ မဂ္ဂဇင်း

(၇၈ ခု၊ ဒီဇင်ဘာလ)၌ ပါလာသည့်အခါ၌မူ ကျွန်တော်နှင့်သူ အတော်ပင် အချီအချ စကားများရတော့သည်။

ဆိုက်ကားသမားတစ်ယောက် ဝက်သားတုံးလေးတစ်တုံး ခိုးတာကို ရေးကြီးခွင်ကျယ် လုပ်ရေးရကောင်းလားဟု ကျွန်တော် မကျေနပ်ခဲ့။ ခိုးမှုဟူသော အဒိန္နဒါနကံကိုဖွဲ့ချင်လျှင် ခေါင်းပုံဖြတ် အရင်းရှင်ကြီးတစ်ဦး၏ လုပ်အားခိုးမှုကို သော်လည်းကောင်း၊ မသမာ စီးပွားရေးသမားတို့၏ ဥပဒေပြင်ပ ဒုစရိုက် စီးပွားရေး လုပ်ငန်းတို့ကိုသော်လည်းကောင်း ဖွဲ့ရန် မသင့်ပါလောဟု ကျွန်တော်က စောဒကတက်သည်။ ကုဋေကုဋာ ခိုးမှုကိုမပြောဘဲ တစ်ပဲခြောက်ပြားခိုးမှုကို ဓိဇာချဲ့ပြခြင်းသည် မတရားဟု စွပ်စွဲ လိုက်သည်။ အစ်မက ခိုးမှုပမာဏချင်းကွာခြားပုံကို လက်ခံသည်။ သို့သော် ကျွန်တော် စောဒကတက်သော ဇရာမသူခိုးကြီးများ အကြောင်း သူမသိ။ ကိုယ်တွေ့မကြုံခဲ့။ သူ တွေ့ကြုံခဲ့ရသည် ကိုသာ ရေးလိုသည်။ ကြီးကြီးငယ်ငယ် ပုထုဇဉ်သားများသာ ဖြစ်ရာ ပုထုဇဉ်သား အားလုံး၏ ဘုံအားနည်းချက်များမှ အချက်တစ်ချက်ဖြစ်သည့် သူတစ်ပါးပစ္စည်းကို တပ်မက်မှု ဟူသော စိတ်အခြေအနေတစ်မျိုးကို ဖွဲ့လိုရင်းသာဖြစ်ကြောင်း၊ ဘာပယောဂမှ မပါဘဲလူသားတို့ သဘောတစ်ရပ်ကို လူသား အဓိကဝါဒ၊ သို့မဟုတ် ပုထုဇဉ်ဝါဒ **(Humanism)** ရှုထောင့်မှ ကြည့်မြင်ခြင်းသာဖြစ်ကြောင်း ရှင်းသည်။ ဆယ်နှစ်ကြာပြီးမှ ကျွန်တော့်အစ်မ၏ ဤရှင်းပြချက်နှင့် "ထိုအကြည့်"ကို လက်ခံ လိုက်ပါသည်။

သို့သော် ထိုဆယ်နှစ်အကြာ (ထိုအကြည့် ဝတ္ထုပါပြီး ဆယ်နှစ်အကြာ)၌မူ အစ်မကိုယ်တိုင်၏ ယုံကြည်မှု အတော် အတန်ပြောင်းလဲသွားပါသည်။ နိုင်ငံရေးနှင့်အနုပညာ ဘာမျှ

www.burmeseclassic.com

မဆိုင် တစ်သီးတခြားစီဟု သူ ယူဆထားချက်ကို ဖျက်သိမ်းလိုက်ပါသည်။ ပြီးခဲ့သည့် သုံးလေးနှစ်အတွင်း ဆရာဦးဝင်းဖေ၏ ဝတ္ထုတိုများကို အလွန်နှစ်ခြိုက် အားကျကာ ဆရာကဲ့သို့ ရေးတတ်ချင်ပါဘိတော့ဟု သူ့ကိုယ်သူ မချင့်မရဲဖြင့် ထုတ်ဖော်ပြောခဲ့ဖူးသည်။ ထို့ကြောင့်လည်း စံပယ်ဖြူ မင်္ဂဇင်း (၉၁ ခုဇန်နဝါရီလ)၏ စာပေအယူအဆ ကဏ္ဍ၌ ဤသို့ ရင်ဖွင့်ခဲ့ခြင်းဖြစ်ပေတော့သည်။

"ကိုယ် တစ်ယောက်တည်း ရင်ခုန်ဖို့အတွက် မရေးချင်လှတော့ဘူး။ လူများစုရဲ့ ရင်ခုန်သံတွေကို လိုက်နားထောင်ပြီး သူတို့နှင့်အတူ ရင်ခုန်စွာနဲ့ ကျွန်မ စာရေးချင်ပါတယ်"

နောင်ဘဝများ၌ အစ်မတစ်ယောက် ဤမဆုံးသေးသော ပါရမီအား ဆက်လက် ဖြည့်ဆည်းနိုင်ပါစေ။

**ကိုအောင်သိမ်း(ကောင်းသာ)**

www.burmeseclassic.com

www.burmeseclassic.com

# မိုးငြိမ်းဇေ စာပေရေးရာ

ဝတ္ထုတိုကို ကျွန်မစမ်းသပ်ရေးကြည့်နေခဲ့တာ အထက်တန်းကျောင်းသူ ဘဝကတည်းကပါပဲ။ ချိုတေးသံမဂ္ဂဇင်းမှာ ကျွန်မရဲ့ ပထမဆုံး ဝတ္ထုတို ကလေးပါလာတာကတော့ ၁၉၆၃ ခုနှစ်လောက်ကလို့ ထင်ပါတယ်။ ၁၈ နှစ်သမီးရဲ့ အတွေးအရေးကို ခု ပြန်ဖတ်ကြည့်မယ်ဆိုရင်တော့ ရယ် စရာ ဖြစ်နေလိမ့်မယ် ထင်ပါရဲ့။ ဝတ္ထုနာမည်က "ကွန်းရိပ် ငြိမ်"တဲ့ မိဘမေတ္တာဘွဲ့ ဝတ္ထုတစ်ပုဒ်ပါ။ ဇာတ်လမ်းဇာတ်ကွက်ကိုတော့ ကောင်း ကောင်း မမှတ်မိတော့ပါဘူး။ အဲဒီဝတ္ထုတိုကလေးပါတဲ့ စာအုပ်လည်း အခု ကျွန်မဆီမှာ မရှိတော့ဘူးလေ။ ဒါပေမဲ့ ဒီဝတ္ထုနဲ့ ပတ်သက်ပြီး ကျွန်မ ကောင်းကောင်းမှတ်မိနေတာ တစ်ခုတော့ ရှိပါတယ်။ ကျွန်မအဖေ အပေါ် မကျေနပ်စိတ်နဲ့၊ အဲဒီဝတ္ထုကို ကျွန်မရေးဖြစ်ခဲ့တယ် ဆိုတာပါပဲ။

ကျွန်မအဖေဟာ စည်းကမ်းကြီးသလို စိတ်လည်းထန်ပါတယ်။ အပြင်လူတွေအပေါ် ပျော့ပျောင်းတတ်ပေမဲ့ မိသားစုအပေါ်မှာတော့ တစ်သွေး တစ်သံ တစ်မိန့်နဲ့ အာဏာရှင် ဆန်တတ်ပါတယ်။ အထူးသဖြင့် သူ့ ထက် အသက်အတော်ငယ်ပြီး အလွန်လည်းလှပချောမောတဲ့ သူ့ဇနီး ကျွန်မ အမေအပေါ်မှာ ချုပ်ချယ်တတ်ပါတယ်။ တစ်ခါတော့ ကျွန်မတို့



www.burmeseclassic.com

အိမ်နီးချင်း မိသားစုတချို့နဲ့အတူ ပဲခူးကိုနေ့ချင်းပြန် ဘုရားဖူးထွက်မယ် ပြင်ကြပါရော။ အမေနဲ့ ကျွန်မတို့ မောင်နှမတွေလည်း လိုက်ကြမယ်ပေါ့။ ဒါကို အဖေက ခွင့်မပြုပါဘူး။ သူ့မှာတော့ လုံလောက်တဲ့အကြောင်း ရှိကောင်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မအမြင်မှာတော့ ဒါ အမေနဲ့ ကျွန်မတို့ရဲ့ လွတ်လပ်ခွင့်ကို မတရားဖိနှိပ်ချုပ်ချယ်တာပဲ။ အဖေ့ကို ကြောက်လို့ ပြန်တော့ မပြောရဲခဲ့ပါဘူး။ ကျွန်မတို့ အမေကလည်း ယောကျ်ားအပေါ်မှာ အလွန်ကျိုးနွံ နာခံတတ်တဲ့ မိန်းမရိုး၊ မိန်းမအေးဆိုတော့ သူ့မကျေနပ်ချက်ကို အဖေ့ကွယ်ရာမှာ တိတ်တိတ်ကျိတ်ပြီး မျက်ရည်ကျရုံလောက်ပဲ ဖွင့်ထုတ်တတ်သူပါ။ အမေက လွယ်လွယ်နဲ့ အလျှော့ပေးလိုက်တာတွေ့လေ ကျွန်မက အဖေ့အပေါ် မကျေမနပ် ပိုဖြစ်လေပဲ။ ဒါနဲ့ အဲဒီညက တစ်အိမ်လုံး အိပ်ကုန်ကြပေမဲ့ ကျွန်မ မအိပ်နိုင်ဘဲ၊ ဒေါသစိတ်ကို အကြောင်းရင်းခံပြီး ဝတ္ထုတိုရေးလိုက်တာ အဲဒီ 'ကွန်းရိပ်ငြိမ်'ဆို တဲ့ ဝတ္ထုကလေး ဖြစ်လာတာပါပဲ။

ခံစားချက်ရဲ့ တွန်းအားပေါ်လာတာနဲ့ စာထရေးတတ်တဲ့အကျင့် အဲဒီကစခဲ့တယ်လို့ ဆိုရပါမယ်။ ကိုယ်ရေးတဲ့စာကို ပုံနှိပ်စာလုံးနဲ့ ပြန်မြင်ရတော့၊ ကျွန်မ ဝမ်းသာကြည်နူးသွားလိုက်တာ ပြောမပြတတ်အောင်ပါပဲ။ ဒီလိုနဲ့ ကျွန်မရဲ့ တက္ကသိုလ်ကျောင်းသူသက်တမ်း တစ်လျှောက်လုံး ဝတ္ထုတိုတွေနဲ့ပဲ ရင်ခုန်ကြည်မွေ့နေခဲ့မိပါတယ်။ ချိုတေးသံမှာပဲ နောက်ထပ် ဝတ္ထုတို နှစ်ပုဒ်၊ သုံးပုဒ်လောက်နဲ့ ကဗျာတချို့ ပါခဲ့ပါသေးတယ်။ အသက် (၂၀) အောက် မိန်းကလေးတစ်ယောက်ရဲ့ မပြည့်ဝသေးတဲ့ အတွေး၊ အရေးတွေပဲ ဖြစ်ခဲ့ပါလိမ့်မယ်။

နောက်တော့ ၁၉၆၅ ခုနှစ်မှာ ကျွန်မ ဝိဇ္ဇာဘွဲ့ (စနစ်ဟောင်း) ရပြီး ကျောင်းဆရာမ ဝင်လုပ်ဖြစ်ပါတယ်။ ဒီအလုပ်ကို ဝါသနာပါလွန်းလို့တော့ မဟုတ်ပါဘူး၊ မိန်းကလေးနဲ့ ဆရာမအလုပ်ဟာ အသင့်တော်ဆုံးလို့ မိဘများကလည်း အားပေးခဲ့လို့ပါ။ ဒါပေမဲ့ ဒီအလုပ်ဟာ အတော်နတ်



www.burmeseclassic.com

ကြီးတဲ့ အလုပ်ပါ။ လုပ်ခွင်ထဲ ဝင်မိပြီဆိုတာနဲ့ ပြန်ထွက်လို့ မရတော့ပါဘူး။ ပြီးတော့ ဒီအလုပ်ရဲ့ လုပ်ငန်းတွေက ကျောင်းမှာတင်မဟုတ်ဘူး အိမ်အထိပါ ပါပါလာတတ်တဲ့အထိ ပင်ပန်းကျယ်ဝန်းပါတယ်။ စိတ်ဝင်စားစရာတွေလည်း များပါတယ်။ ဒါနဲ့ပဲ ကျွန်မရဲ့ ရင်ခုန်သံဟာ ကျွန်မရဲ့ အတွေ့အကြုံသစ်၊ ကျွန်မရဲ့ ဝန်းကျင်သစ်အပေါ် ပြောင်းလဲဖြန့်ကြက်သွားပုံရပါတယ်။ ဝတ္ထုတိုတွေနဲ့ ကျွန်မ အဆက်ပြတ်သွားပါတော့တယ်။ အဲဒီအချိန်တွေမှာ စာမရေးဖြစ်တော့ပေမဲ့ စာပိုဖတ်ဖြစ်လာပါတယ်။ နောင်အခါ စာရေးနိုင်ဖို့ မရည်ရွယ်ဘဲ ဝမ်းစာစုနေခဲ့တဲ့ အချိန်တွေပါပဲ။

ဆရာလုပ်သက် ၁၀ နှစ်လောက်ကြာတော့ လုပ်ခွင်နဲ့လည်း အတော် အံဝင်ခွင်ကျဖြစ်နေပြီ။ လူ့လောက လူ့သဘာဝတွေကိုလည်း အတော်အသင့် တွေ့ထိ သိရှိမိခဲ့ပြီ။ အဲဒီအခါ ခံစားချက်တွေ တစ်ကျော့ ပြန်ပေါ်လာပြန်ပြီး ရင်ခုန်လာပြန်ပါတယ်။ ၁၉၇၆ ခုနှစ် နှစ်လယ်လောက်မှာ ကျွန်မ စာပြန်ရေးဖြစ်ပါတယ်။ ဒီတစ်ခါတော့ ရှုမဝစင်ပေါ်က တစ်ဆင့် စာပေနယ်ကို ပြန်ဝင်ခွင့်ရခဲ့တာပါ။ ၁၉၇၆ ကနေ ၁၉၈၁ ခုနှစ်အထိ ၆ နှစ်လောက် အတွင်းဝတ္ထုတို ၁၄ ပုဒ်ပဲ ရေးဖြစ်ခဲ့ပါတယ်။ ရေးအား သိပ်နည်းပါတယ်။ ရေးဖြစ်ခဲ့သမျှတွေကို ခုချိန်မှာ ပြန်သုံးသပ်ကြည့်မိတော့ ထူးထူးခြားခြား ပြောပလောက်စရာရယ်လို့ သိပ်မတွေ့မိပါဘူး၊ အချစ်ဝတ္ထု ၃ ပုဒ်လောက်နဲ့ ကျန်တာအများစုက ပုဂ္ဂိုလ်ရေးဆန်တဲ့ ခံစားချက်တွေအပေါ် အခြေခံခဲ့တာပါ။ သတိထားမိတာတစ်ခုကတော့ ဒေါသကို အခြေခံပြီး ပေါက် ဖွားလာတဲ့ ဝတ္ထု ၄၊ ၅ ပုဒ်လောက် ပါနေတာပါပဲ။ ဒေါသဖြစ်လာရင် ကျွန်မ စာပိုရေးဖြစ်တယ်လို့ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ရမလိုပါပဲ၊ ခြုံကြည့်လိုက်မယ်ဆိုရင် ကျွန်မဟာ စာပေဝန်ကို နိုင်နိုင်နင်းနင်း ထမ်းနိုင်စွမ်း ရှိခဲ့သူမဟုတ်ခဲ့ကြောင်း ထင်ရှားပါတယ်။

ဒီလိုနဲ့ ၁၉၈၁ ခုနှစ် နောက်ပိုင်း စာမရေးဖြစ်တော့ပြန်ဘဲ ဝတ္ထုတိုနဲ့ ကျွန်မအဆက်ပြတ်သွားခဲ့ပြန်ပါတယ်။ လူမှုစီးပွားရေး အခက်အခဲတွေ၊



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး ညံ့ဖျင်းလာမှုတွေရဲ့ကြားမှာ ကျွန်မရဲ့ ရင်ခုန်သံခေတ္တ ဆိတ်သုဉ်းနေခဲ့ရပါတယ်။ ၈ နှစ်လောက်ကြာပြီးမှ အခုတစ်ခါ ရင်ခုန်သံတွေ ပြန်လည်နိုးထလာပြီး အသက်အရွယ်လည်းရလာ အတွေ့အကြုံကလည်း များလာလို့ ထင်ပါရဲ့၊ ခုတစ်ခေါက်မှာတော့ အရင်က ကျွန်မရေးဖူးခဲ့တဲ့ အကြောင်းအရာမျိုးတွေထက် ပိုပြီး ယေဘုယျဆန်တဲ့ လူများစုရဲ့ ရင်ခုန်သံတွေနဲ့လည်း တစ်ထပ်တည်း ကျနိုင်မယ့်အကြောင်းအရာမျိုးတွေလိုပဲ ကျွန်မရေးချင်နေမိပါတော့တယ်။ ကိုယ်တစ်ယောက်တည်း ရင်ခုန်ဖို့အတွက် မရေးချင်လှတော့ဘူး။ လူများစုရဲ့ ရင်ခုန်သံတွေကို လိုက်နားထောင်ပြီး သူတို့နဲ့အတူ ရင်ခုန်စွာနဲ့ပဲ ကျွန်မစာရေးချင်ပါတယ်။

ကျွန်မရဲ့ အတတ်ပညာ အားနည်းနေမှုအပေါ်မှာတော့ အားမရမိတာ အမှန်ပါ။ ဝမ်းစာကို ကျွန်မဆက်ဖြည့်ရပါဦးမယ်။ ဒါပေမဲ့ စေတနာအားကတော့ ပိုထက်သန်လာမိပါတယ်။ ဒါဟာ ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်ဖို့ အဓိကပါ။ စာတစ်ပုဒ်မှာ စေတနာနဲ့ အကြောင်းအရာကောင်းဖို့က ပိုအရေးကြီးတယ်လို့ ယုံကြည်ပါတယ်။ ရေးဟန်အနေနဲ့တော့ ရိုးရိုးရှင်းရှင်း ရေးဟန်ကိုပဲ ကျွန်မ အားရပါတယ်။ ကျွန်မထက် အရင် ကျွန်မနဲ့ ခေတ်ပြိုင် တာဝန်ကျေစွာ၊ ရင်ခုန်သံမှန်ကန်စွာ စာပေဝန် ထမ်းဆောင်ခဲ့ကြ၊ ထမ်းဆောင်နေကြသူများကိုလည်း ဦးညွှတ် အတုယူမိပါတယ်။ သူတို့ ဆူးငြိခံ၊ ပွန်းရှခံပြီး လမ်းထွင်ဖောက်ထွင်းနေကြတဲ့အထဲ၊ ကျွန်မလည်း တစ်တပ်တစ်အားအနေနဲ့ ပါဝင်ဖို့ ဆုံးဖြတ်ထားမိပါတယ်ရှင်။

**[စပယ်ဖြူ၊ ဇန်နဝါရီ ၁၉၉၁]**

www.burmeseclassic.com

www.burmeseclassic.com

# အလှရှာ ရင်မှာတွေ့

ဆရာမတို့ အကျင့်ပါနေကျဟန်အတိုင်း စာမသင်မီ တစ်တန်းလုံးကိုဖြန့်ကာ မျက်မှန်တွင်းမှ ငေ့ကြည့်လိုက်တော့ အခန်းထောင့်စွန်း တစ်နေရာအရောက်တွင် ခင်ဖြူ့စိတ်ထဲ ဒိတ်ခနဲဖြစ်သွားလေသည်။ အသားလတ်လတ်၊ အရပ်ပျပ်ပျပ်၊ တက်ထရွန် ရှပ်လက်တိုဖြူ နွမ်းနွမ်းကို ဆင်ထားသော တစ်ယောက်။ သူကလည်း ခင်ဖြူကို စူးစမ်းသလို ပြန်ကြည့်နေသည်။

ခင်ဖြူသည် လက်တွင်းရှိစာအုပ်မှ စာရွက်များကို တစ်ရွက်ချင်း လှန်ရင်း မိမိ၏ မှတ်ဉာဏ်တွင်းမှ အတိတ်အတွေ့အကြုံတို့ကို အပြေးအလွှား ရှာဖွေကြည့်နေလေသည်။ ပြီး အခန်းထောင့်ကို တစ်ဖန် ငေ့ကြည့်မိပြန်သည်။ မျက်လုံးစူးစူး၊ မျက်ခုံးထူထူ။ ဟော...မျက်ခုံးထူထက်မှ လှုပ်ရှားသွားသော မှဲ့နက်ရှင်ကလေးတစ်လုံး၊ ဟိုး ၁၀ နှစ်ကျော်အချိန်ကလေးဘဝ အရွယ်က ကြားဖူးခဲ့သော အသံတစ်ခုကို ခင်ဖြူ ဖျတ်ခနဲ အမှတ်ရလာသည်။

“ဟော့ မိဖြူ၊ ငါ့မှဲ့က ဘုန်းရှိတဲ့မှဲ့နော်၊ ဒွတ္တာပေါင်ဘုရင်ကြီးမှာရှိတဲ့ မှဲ့မျိုး၊ နင့်ဂါဝန် ငါ့မျက်နှာကို လာမထိစေနဲ့ ငါ ဘုန်းနိမ့်သွားဦးမယ်”

ခင်ဖြူ့ရင်ထဲတွင် အံ့သြခြင်းတွေ ပြည့်လျှံသွားလေသည်။ ဝမ်းသာဝမ်းနည်းလည်း ဖြစ်မိပြန်သည်။ မိမိ၏ ကစားဖက်အပေါ။ မာလကာပင်တက်ဖက်အပေါ။ အိမ်နီးချင်းငယ်ပေါင်းအပေါ။ လုံးဝ ကွဲကွာသွားခဲ့သည်မှာ ၁၀ နှစ်ကျော်လောက်ရှိပေပြီ။

**စိတ်ကူးချိုချို**

www.burmeseclassic.com

အပါ ခုထိ ဆယ်တန်းမအောင်သေးဘူးတဲ့လား။ ခင်ဖြူမယုံနိုင်။ ငယ်စဉ်က မိမိထက်ပင် တစ်တန်းကြီးသေးသော၊ ထက်မြက်သော ရည်မှန်းချက် ကြီးမားလွန်းသော၊ ကျောင်းစာဖက်တွင် ခင်ဖြူကပင် ဆရာတင်ရသော အပါ။ ခင်ဖြူကမူ သူငယ်စဉ်က ဖြစ်ချင်လှသော ဗိသုကာတစ်ယောက် ဖြစ်နေလောက်ပါပြီဟု မှတ်ထင်ထားခဲ့ပေသည်။

ခင်ဖြူပင် ဝိဇ္ဇာဘွဲ့ရကာ လူငယ်ရေးရာ ညကျောင်းဆရာ ဖြစ်နေပြီ ကော။ တစ်ချိန်လုံး စာသင်နေရသည်ကိုပင် ခင်ဖြူမဖြောင့်တော့ပေ။ မိမိအချိန်ကုန်ဆုံးတော့ စာသင်ခန်းဝတွင် ရပ်ငေးရင်း အပါ့ကို သွားနှုတ် ဆက်ရကောင်းလေမလားဟု ခင်ဖြူ တွေဝေနေသေးသည်။ သူလည်း မိမိကို မှတ်မိမည်ပင်။ သို့သော် "ဆရာမ"ဟူသော တံတိုင်းက အပါနှင့် ခင်ဖြူကြားတွင် ခြားကာလိုက်ပေပြီ။ ခင်ဖြူ သွေးကြီးသွား၍မူ မဟုတ်ပါ။

ယခုအခါ မိမိတပည့်ဖြစ်နေသော အပါ့ကို အထင်သေး၍လည်း မဟုတ်။ အပါ့အတွက် စိတ်မကောင်းနိုင်သည်မှာတော့ မှန်သည်။ အပါ မိမိကို ရှက်နေလေမည်လားဟု စိုးရိမ်မိတာလည်း ပါမည်။ ပြီး ခင်ဖြူသည် ဆရာမဖြစ်ခါစ။ ဆရာ့သိက္ခာတို့ကို လိုသည်ထက်ပို၍ ထိန်းနေတတ်ဆဲ။ ထိုအခါ ကိုယ့်ထက်ပင် အသက်ကြီးကြဦးမည်ဖြစ်သော အချို့ကျောင်းသား တွေရှေ့တွင် အပါ့ကို ခင်ဖြူနှုတ်ဆက်ရမှာ ဝန်လေးနေပေသည်။

သူကကော သူ၏နိမ့်ကျနေသောအဖြစ်ကို လူပုံအလယ်တွင် ထင်ရှားစေချင်ပါမလား။ သည်လိုနှင့်ပင် ခင်ဖြူ၏ မွေးရာပါ အားနည်း ချက်ဖြစ်သော တွန့်ဆုတ်တွေဝေစိတ်၊ မှားမှာကို အကြောင်းမဲ့ စိုးရွံ့တုန်လှုပ် တတ်စိတ်တို့က ငယ်ပေါင်းအပါကို ပထမဆုံးအကြိမ်အဖြစ် စိမ်းကားစေ ခဲ့သည်။

မခေါ်ဖြစ်လိုက်သည့်အတွက် ခင်ဖြူ စိတ်ထဲကမူ နည်းနည်းမျှ မကောင်းနိုင်ပေ။ သို့သော် ခင်ဖြူအားတင်းသည်။ ဒီနေ့ မခေါ်ဖြစ်လည်း နောက်နေ့တွေ ရှိသေးသားပဲလေ။ တစ်ရက်ရက်မှာတော့ အပါ့ကို



BURMESE CLASSIC .com
www.burmeseclassic.com

တကူးတက သွားနှုတ်ဆက် အားပေးမှပဲ။ သို့ပေမဲ့ နောက်ရက်တွေမှာ အပါ့ကို ခင်ဖြူ မတွေ့ရတော့ပေ။ ခင်ဖြူ ရှာကြည့်သေးသည်။ အတန်းထဲမှာ။ စင်္ကြံလမ်းတွေမှာ။ ကျောင်းဆင်ဝင်အောက်မှာ။ ခင်ဖြူ၏ ကစားဖက်မဲ့နက်ရှင်ကား ရှာမရအောင် ပျောက်ကွယ်သွားခဲ့လေပြီ။

မိမိကြောင့် အပါကျောင်းဆက်၍ မတက်တော့သည်လား။ ငယ်စဉ်ကပင် အညှံ့မခံချင်တတ်သော သူ၏ မာနကိုလည်း ခင်ဖြူ သိထားပေသည်။ ခင်ဖြူ၏အပြုအမူက သူ၏မာနကို ထိခိုက်သွားစေပြီလား။

အမလေး...မိဖြူက ဆံထုံးကြီးနဲ့ မျက်မှန်ကြီးနဲ့ ဇရာမ မိန်းမကြီးဂိုက်ဖမ်းလို့၊ ပြီးတော့ ကျွန်တော်တို့အတန်းမှာ မြန်မာစာပြတဲ့ ဆရာမတဲ့၊ ဒါပေမဲ့ အမေရယ် မိဖြူကကျွန်တော့်ကို နှုတ်ဆက်ဖော်တောင် မရတော့ပါဘူး။

ငယ်စဉ်က ခင်ဖြူကို သမီးတစ်ယောက်လိုပင် ချစ်ခဲ့သော သူ့မိခင် ဒေါ်ရွှေခင်ကို အပါက သည်လိုပင် ပြန်ပြောနေလေမည်လား။ သူ့မိခင် ဒေါ်ရွှေခင်ပင် ရှိမှရှိပါသေးရဲ့လားမသိ။ သူ့ဘဝအခြေအနေတွေကို ခင်ဖြူ ဘာမျှ မသိလိုက်။

ခင်ဖြူ၏ ဖြူစင်သော အသည်းနှလုံးတွင် ကိုယ်ရည်ကိုယ်သွေး ဆိုင်ရာ အမှားတစ်ခုကြောင့် ဒဏ်ရာတစ်ချက် ရခဲ့ဖူးလေသည်။

သို့သော် တစ်နှစ်တည်းမှာပင် ထပ်တူအမှားမျိုးကို နှစ်ကြိမ်ကျူးလွန်ဖြစ်ခဲ့လိမ့်မည်ဟု ခင်ဖြူ တွေးထင်မထားမိသေး။

အပါ့ကို ပြန်တွေ့ရနိုး ရှာဖွေ မျှော်ကိုးရင်း ကျောင်းပိတ်ခါနီး နှစ်လလောက်အလိုမှာ ခင်ဖြူတို့ကျောင်းမှနုတ်ထွက်သွားသော ဇီဝဗေဒဆရာ အစား ဆရာသစ်တစ်ယောက် ရောက်လာခဲ့လေသည်။ ထိုဆရာသစ်ကို ကျောင်းရုံးခန်းထဲတွင် ပထမဆုံးအကြိမ် ခင်ဖြူမြင်လိုက်တော့ အပါ့ကို တွေ့လိုက်စဉ်က ရင်ထဲတွင် ဒိတ်ခနဲ တုန်လှုပ်သွားပြန်လေသည်။ သည်လို နေရာမျိုးတွင် ကောင်းလွန်းလှသော မိမိ၏မှတ်ဉာဏ်ကိုလည်း

www.burmeseclassic.com

ခင်ဖြူ အံ့သြရပါသည်။ သူ့ကို ခင်ဖြူ မြင်မြင်ချင်း မှတ်မိလိုက်ပြန်သည်။

ဝိုင်းသောမျက်နှာ၊ ကျယ်ပြန့်သောနဖူး၊ ညိုစိမ့်သော အသား၊ နက်ရှိုင်းသော မျက်လုံးတွေက ကျွဲကော်ကိုင်းတပ် မျက်မှန်အောက်မှာပင် ငယ်ရုပ်ကို ဖော်ပြနေကြသေးသည်။ ပြီးတော့ တည်ငြိမ်အေးဆေးသည့် သူ့အမူအရာ။ ငယ်စဉ်က အတိုင်းပေပဲ။ ဒါ ခင်ဖြူရဲ့ တစ်တန်းတည်း ကျောင်းနေဖက် ငယ်သူငယ်ချင်းပဲ။ သူနှင့်အတူတူ မူလတန်းအောင်သည် ထိ၊ ကျောင်းနေဖက်ဖြစ်ခဲ့ဖူးတာ၊ ခင်ဖြူမှတ်မိသေးသည်။ ပိုပြီးသေချာအောင် ဆရာများ လက်မှတ်ထိုးရသော စာအုပ်ကို ဖွင့်ကြည့်မိတော့ သူ့လက်ရေးကို မမှတ်မိတော့ပေမဲ့ ဦးစိုးခိုင်ဟူ ရေးထားသော သူ့နာမည်က ခင်ဖြူ့ကို ပို၍ သေချာသွားစေသည်။

သို့သော် ခင်ဖြူ၏ မွေးရပါ အားနည်းချက်က ခင်ဖြူ့ကို နှိပ်စက်ပြန် လေသည်။ ငယ်က ကျောင်းနေဖက် သူငယ်ချင်းကို ဝမ်းသာအားရ နှုတ်မဆက်ဖြစ်ဘဲ၊ တွန့်ဆုတ်တွေဝေနေပြန်လေသည်။

ဆရာအချင်းချင်းမို့ အပါ့တုန်းကလို ဆရာမ သိက္ခာတွေ ဘာတွေကို ခင်ဖြူ ထိန်းနေစရာလည်း မလို။ သူနှင့်တောင် ငယ်စဉ်ကလို နင်တစ်လုံး၊ ငါတစ်လုံးသုံးကာ ဟေ့ စိုးခိုင်လို့ ခေါ်ရမည်လား။ ကိုစိုးခိုင်လို့ပင် ယဉ်ကျေးဖွယ်ရာလည်း ဖြစ်၊ ရင်းနှီးသည့် သဘောကိုလည်း ဆောင်စေကာ ခေါ်ရမည်လား။

သို့မဟုတ် ခုအခါ မိမိလိုပင် ဆရာသမားဖြစ်နေသည်မို့ ဆရာလို့ပင် ဝိသေသနာမ်စားကို ခေါ်ရမည်လား။ ဘာမဟုတ်သည့် အသေးအဖွဲ့ကို ဒွိဟချဲ့ကာ လက်တွေ့မှာတော့ ကျောင်းနေဖက်သူငယ်ချင်းကို ခင်ဖြူမခေါ် ဖြစ်လိုက်။

ရက်တွေ ရှိသေးသားပဲလေ။ အပါ့လို ပျောက်ကွယ်သွားမှာလို့ တော့ ခင်ဖြူမစိုးရိမ်။ သူက ဆရာပဲ။ တစ်နေ့နေ့မှာတော့ ခေါ်ဖြစ်အောင် ခေါ်ရမယ်။ သူက စခေါ်ချင်လည်း ခေါ်မှာပေါ့။



www.burmeseclassic.com

သို့သော် စိုးခိုင်ကလည်း ခင်ဖြူ့ကို မခေါ်လာပါ။ သူတို့သည် လှေကားအဆင်းအတက်တွေမှာ၊ ကျောင်းစင်္ကြံလမ်းတွေမှာ၊ စာသင်ခန်း အဝင်အထွက်တွေမှာ နှစ်လတိုင်တိုင် ကြိမ်ဖန်များစွာ ဆုံဖြစ်ခဲ့သည့်တိုင် မခေါ်ဖြစ်ကြပေ။ စိုးခိုင်က ခင်ဖြူ့ကို မမှတ်မိ၍လည်း ဖြစ်ကောင်း ဖြစ်မည်။

သို့မဟုတ် ခင်ဖြူ့လိုပင် တွန့်ဆုတ်တွေဝေနေ၍လည်း ဖြစ်ကောင်း ဖြစ်မည်။ သူသည်လည်း နှုတ်နည်းသူ အေးဆေးသူမှန်း ခင်ဖြူ သိပေသည်။ ဘာပဲဖြစ်ဖြစ် သူက နောက်မှရောက်လာသည့် အာဂန္တုဆရာ။ ခင်ဖြူက ကျောင်းခံဆရာ။ အနည်းဆုံး အခုမှ သိကျွမ်းရသူတစ်ယောက်အဖြစ်နှင့်ပင် ခင်ဖြူခေါ်ပြောနှုတ်ဆက်သင့်လှပေသည်။ သို့သော် ကျောင်းသာ ပိတ်သွား ခဲ့သည်။ စိုးခိုင်ကို ခင်ဖြူမခေါ်ဖြစ်လိုက်နိုင်။

ခင်ဖြူသည် မိမိ၏အားနည်းချက်ကို အမှားအမှန်သိလျက် မပြင်နိုင် ခဲ့ခြင်းအတွက် စိတ်တွင်း၌ ဒုက္ခရာရကာ မိမိ၏အချစ်ဆုံး၊ မိမိကိုလည်း နားအလည်ဆုံးဟုထင်သော သူငယ်ချင်းစုငယ်ထံ သည်အကြောင်းနှင့် ပတ်သက်၍ တကူးတက စာရေးဖြစ်သေးသည်။ စုငယ်ကား ခင်ဖြူ၏ ရှားပါးလှသော "ရင်ဘတ်မိတ်ဆွေတစ်ယောက်ပင်"။

သည်ဝေါဟာရကို ဆရာကြီးရွှေဥဒေါင်း၏ "ဘဝတစ်သက်တာ မှတ်တမ်း" စာအုပ်တွင် စတင်တွေ့ရှိကာ ခင်ဖြူနှစ်ခြိုက်စွာ သုံးမိခဲ့လေသည်။ ခံစားမှုဝေဒနာဟူသရွေ့ကို မျှဝေကာ တစ်ဦးကိုတစ်ဦး ဖေးကူအားပေးပြုပြင် သွားကြရင်း နှစ်ကိုယ့်တစ်စိတ်သဖွယ်၊ စိတ်ချင်းဆက်သွယ်ရင်းနှီးနိုင်သော မိတ်ဆွေမျိုးကို ဆိုလိုပေသည်။ စုငယ်ကလည်း ခင်ဖြူကို စာနာနားလည်စွာ နှစ်သိမ့်ခဲ့ဖူးလေသည်။

ကိုယ့်သူငယ်ချင်း ခင်ဖြူဟာ စင်းလုံးချော မဟုတ်သေးပေမဲ့ အဲသလို ကိုယ့်အမှားရှာတတ်တာ၊ ပြုပြင်ဖို့ ကြိုးစားချင်တာတွေကတော့ သူငယ်ချင်းရဲ့ ချစ်စရာ အရည်အချင်းကလေးတွေပဲ။ ခင်ဖြူရဲ့ တွန့်ဆုတ်တွေ



www.burmeseclassic.com

ဝေတတ်တဲ့ စိတ်ဆိုတာကလည်း မဆန်းပါဘူးကွယ်။ အရွယ်မရောက်ခင်က ကွဲကွာသွားကြပြီး အရွယ်ရောက်မှ ပြန်တွေ့ကြတဲ့ ယောကျ်ားကလေး၊ မိန်းကလေးတိုင်း ကြုံတတ်တာမျိုးပါ။

သူများတွေမှာဖြင့် ခင်ဖြူလို အလေးအနက် ကိစ္စလို့တောင် သဘောထားချင်မှ ထားမှာ။ ဘာခက်သလဲခင်ဖြူ၊ စိတ်ထဲက ငါခေါ်ဖြစ်အောင် ခေါ်ရမယ်လို့ အဓိဋ္ဌာန်နဲ့ ကြိမ်းဝါးလိုက်။ ပြီး တစ်–နှစ်–သုံးလို့ ရွတ်။ ဖွတ်မိုတ်ခေါ်ချလိုက်ပေါ့။ ဟား ဟား ခင်ဖြူသာ လူမမှားဘူးဆိုရင် အပါကလည်း ဟော့ မိဖြူလို့ အားပါးတရပြန်ခေါ်မှာ အမှန်ပဲ။ ကိုစိုးခိုင်ကလည်း ခင်ဗျား မခင်ဖြူမဟုတ်လားလို့ ပြန်နှုတ်မဆက်တော့ ကိုယ့်ကို ပြောချင်တိုင်း ပြော။

သူတို့ယောကျ်ားလေးတွေဟာ ဒီလိုနေရာမျိုးမှာ ကိုယ်တို့ထက် ပိုပြီးကြောက်တတ်ကြသေးတယ် ခင်ဖြူရဲ့။ အထူးသဖြင့် ရိုးအေးတည်ငြိမ်တဲ့ ယောကျ်ားလေးတွေ ဆိုရင်ပေါ့။ အဲ...ကိုယ်က အရိုးခံခင်မင်စိတ်နဲ့ စခေါ်တာတောင် သူတို့က ဇဝေဇဝါလုပ်နေရင် ဘဝင်ကိုင်တဲ့ကောင်တွေပဲမှတ်။ နောက်ဆို လှည့်တောင် မကြည့်နဲ့ပေါ့ကွယ်၊ ခင်ဖြူတာဝန်ကျေပြီပေါ့။ ခင်ဖြူအမှားက ပြန်ပြင်လို့ ရသေးတဲ့ အမှားမျိုးပါကွယ်။

သို့သော် ခင်ဖြူ နောက်ကျခဲ့ပေပြီ။ စိတ်ဝေဒနာတွေထဲတွင် မိမိအားနည်းချက်ကို မိမိဘာသာ ခွင့်မလွှတ်နိုင်သော ဝေဒနာမျိုးမှာ အဆိုးဆုံးပင်။ တစ်ကြိမ်ကလည်း သည်လိုဝေဒနာမျိုးကို ကြုံခဲ့ဖူးပြီထင်ပါရဲ့။

ခင်ဖြူ၏ ကြေကွဲနေသော စိတ်အတွေးထဲတွင် သူငယ်ချင်းမေခင်၏ မျက်နှာချွန်ချွန်ကလေးမှာ တဖြည်းဖြည်း ပေါ်လာခဲ့ပြန်လေသည်။

ခင်ဖြူတို့ မြို့ကောင်ပေါက်ဘဝ၊ ရှစ်တန်းနှစ်လောက်က ခင်ဖြူနှင့် ကတောက်ကဆတ် ဖြစ်ခဲ့ကြဖူးလေသည်။ ငယ်စဉ်က နှုတ်နည်းအေးဆေးသော ခင်ဖြူအဖို့ ရန်ဖြစ်ခဲလှသည်မို့ ယင်းအဖြစ်ကို မှတ်မှတ်ရရ ရှိနေခဲ့



www.burmeseclassic.com

ရခြင်းဖြစ်ကောင်းဖြစ်မည်။ ဘယ်ကစ၍ ဘယ်လိုဖြစ်ကြသည်တော့ မသဲကွဲတော့ပေ။ ကလေးတို့ဘာဝ ဘာမဟုတ်သည့် အကြောင်းကလေးတစ်ခုကပင် စတင်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် တစ်ဦးကိုတစ်ဦး အတ္တမာနကို ထိခိုက်စေသော စကားတစ်ခွန်းစီ အပြန်အလှန်ပြောခဲ့ကြသည်ကိုတော့ မှတ်မိနေသည်။ သို့နှင့်ပင် စိတ်မှတ်သညာကြီးကြကာ အတန်ကြာမခေါ်မပြောနိုင် ဖြစ်ခဲ့ကြလေသည်။ နှစ်ယောက်စလုံးပင် စိတ်ကြီးသူများ ဖြစ်ကြသည်နှင့် ဘေးက သူငယ်ချင်းများကလည်း ဝိုင်းဝန်းအောင်သွယ် စေ့စပ် မပေးနိုင်ခဲ့ကြပေ။

မေခင်နှင့် မခေါ်သောရက်များတွင် ခင်ဖြူမပျော်နိုင်ကြောင်းကိုမူ သူ့ဘာသာ သိနေပေသည်။ သူတို့တွင် သာမန်သူငယ်ချင်း ခင်မင်မှုထက် ပို၍နက်ရှိုင်းသော ခင်တွယ်မှုမျိုး ရှိကြပေသည်။ နှစ်ယောက်လုံးပင် စာပေ ရူးကလေးများ ဖြစ်ကြသည်။

မြီးကောင်ပေါက် အရွယ်မို့ အခြားမိန်းကလေးများ အလှအပကို စိတ်ဝင်စားနေကြချိန်တွင် ခင်ဖြူနှင့်မေခင်မှာ ခေါင်းစုတ်ဖွား၊ အင်္ကျီပုံမကျ ပန်းမကျတွေကိုဝတ်ကာ အတန်းပြင်ရှိ သရက်ပင်အောက်၌ စာအကြောင်း၊ ပေအကြောင်းတွေကို ဆွေးနွေးငြင်းခုံနေတတ်ကြပေသည်။

ခင်ဖြူတို့ မြီးကောင်ပေါက်အရွယ်မှာ စတင်ကျော်ကြားလာသော "တက္ကသိုလ်ဘုန်းနိုင်"၏ "သူ့ကျွန်မခံပြီ"မှ ဇာတ်လိုက်တွေပြောကြသည့် ဇာတိမာန် စကားတွေကို သဘောကြကာ အထပ်ထပ်ဖတ်မဆုံး၊ ပြောလို့မဆုံးနိုင်ခဲ့ကြ။ "မောင်အောင်"၏ "အဆုံးအစရှာသည်"မှ ဇာတ်လိုက်ကျော်အောင်၏ အေးစက်စက်နှင့် တည်ကြည်စောင့်ထိန်းသော အမူအရာကိုလည်းကောင်း၊ "ရွှေလင်းယုန်"၏ "သူ"မှ ဆရာဝန် ကိုမြင့်မောင်၏ အနစ်နာခံ ကိုယ်ကျိုးစွန့် အမူအရာကိုလည်းကောင်း၊ "စိန်စိန်"၏ "အောင်နိုင်"မှ ဆိုက္ကားသမားထောင်ထွက် အောင်နိုင်၏ နှလုံးပြည့်ဖြိုးသော အမူအရာကို လည်းကောင်း၊ သဘောကျကာ ဟော့...တို့ ကြီးလာရင်

www.burmeseclassic.com

ရည်းစားထားရင် အဲသလို ယောက်ျားမျိုးထဲကမှနော်ဟု ကလေးစိတ်တစ်ဝက်နှင့် အဖော်ညှိကာ စံပြချစ်သူပုံစံတွေ ရေးဆွဲကြပြန်သေးသည်။

ခင်ဖြူတို့ အသည်းစွဲဆုံး အမျိုးသမီးဇာတ်လိုက်များမှာ "ဂျာနယ်ကျော်မမလေး"၏ "သူမ"မှ သက်သက်တို့ "ကြည်အေး"၏ "နှမ်းလျှအိမ်ပြန်"မှ တင်မေတို့ "ဖုန်းသက်တိုင်"မှ မေမေစိန်တို့ ဖြစ်ကြပေသည်။

သူတို့လို ရဲရင့်သော ပွင့်လင်းသော လောကကြီးတွင် အမှန်တရားမှလွဲ၍ ဘာကိုမျှဂရုမစိုက်ဘဲ အရွဲ့တိုက်ဝံ့သော သတ္တိမျိုးတွေ ရှိချင်ပြန်သေးသည်။

"သန်းဆွေ"၏ အတွေးအခေါ်ပါသော"ပိုးဖျက်သည့်ပန်း"တို့ "လင်းယုန်နီ"၏ "ပါတာနီတစ်ထုပ်တန် အခွင့်အရေး"တို့လို ဝတ္ထုမျိုးတွေကျတော့ ကောင်းစွာ ဉာဏ်မမီပေမင့်၊ ဝတ္ထုကောင်းတွေပဲဟု နားလည်ကာ ကိုယ့်ကိုကိုယ်လည်း လူတတ်များလုပ်ကြကာ ဝေဖန်ဆွေးနွေးလိုက်ကြသည်မှာ တစ်ခါတစ်ရံ ကျောင်းတက်ခေါင်းလောင်း ထိုးသည်ကိုပင် မကြားလိုက်ကြချေ။

သြော်…မေခင်သည် ခင်ဖြူ၏ တစ်ဦးတည်းသော ဝါသနာအဖော်၊ မေခင်သည် ခင်ဖြူ၏လိုအပ်ချက်ဖြစ်ခဲ့ပါသည်။ မေခင်နှင့်မခေါ်ကြတော့ ခင်ဖြူ၏ ဝါသနာကမ္ဘာမှာ ခြောက်သွေ့ကာ သူငယ်ချင်းများ အလယ်တွင် အထီးကျန်ခြင်း ဝေဒနာကို ခံစားရလေသည်။

မေခင်လည်း သူ့နည်းတူ ပျော်ဟန်မတူကြောင်းကို ခင်ဖြူတိတ်တခိုးအကဲခတ်လိုက်တိုင်း တွေ့ရပြန်သည်။ သူတို့သည် တင်ခဲ့ပြီးသော အတ္တမာနများကိုလည်း ပြန်မချနိုင်။

တစ်ဦးမှာ ကျန်တစ်ဦးအတွက် လိုအပ်ချက်ဖြစ်သည်ကိုလည်း နားလည်ကြကာ တင်းမာသောအနေအထားတွေ တဖြည်းဖြည်း လျော့လာပေမဲ့ တစ်ဦးကိုတစ်ဦး စခေါ်ရန်မှု ဝန်လေးနေကြဆဲပင်။ ခုအချိန်မှာတော့ အေးက သူငယ်ချင်းတွေကလည်း သူတို့အတွင်းစိတ်ကို သိမင်ပင်



www.burmeseclassic.com

မသိယောင် ဆောင်နေကြတော့သည်ထင်ရဲ့။

ယခုရက်ပိုင်းအတွင်း ခင်ဖြူမှာ ပို၍ နေမထိထိုင်မသာဖြစ်သည်။ ခင်ဖြူတွင် စာအုပ်ကောင်းကလေးတွေ ရထားသည်။ “တင့်တယ်”၏ “ပန်းရောင်”နှင့် “ပြည့်စုံ”၏ “ညိုးပန်းတစ်ပွင့်ပန်ရုံ နှစ်အုပ်လုံးကို ခင်ဖြူ ဖတ်ပြီးပြီ။ အသည်းစွဲလည်း ကြိုက်သည်။ ခါတိုင်းလို မေခင့်ကို ပေးဖတ်ချင်လှသည်။ ကြိုက်သည့် အခန်းကလေးတွေကို နှစ်ယောက်အတူ စားမြုံ့ပြန်ချင်သည်။ ခုမှပင် မေခင်သည် သူ့အတွက် ဘယ်လောက်လိုအပ် သည်ကို ခင်ဖြူ ပို၍ သဘောပေါက်ရသည်။

ခင်ဖြူ၏ ကျောင်းလွယ်အိတ်ထဲတွင် ဝတ္ထုစာအုပ်ကလေး နှစ်အုပ်မှာ နေ့စဉ်ပါမြဲ။ သို့သော် မေခင့်ကိုလည်း မပေးဖြစ်သေး။ ကြားလူတစ်ယောက် ယောက်မှ တစ်ဆင့်လည်း မပေးချင်။ ကိုယ်တိုင်ပေးကာ ထားခဲ့သည့် အာဃာတကို ပယ်ဖျက်ပစ်လိုက်ခြင်းဖြင့် မိမိက သဘောထားကြီးပါကြောင်း ကိုလည်း ခင်ဖြူ ပြချင်နေသေးသည်။

သို့သော် နှုတ်နည်းသလောက် တွန့်ဆုတ်တွေဝေ နေတတ်သော ခင်ဖြူ၏ မွေးရာပါ အားနည်းချက်သည် ခင်ဖြူ၏ စိတ်ရင်း သဘောမှန်ကို ဖုံးကွယ်ထားစေတော့သည်။

သို့နှင့် တစ်နေ့တွင် သူငယ်ချင်းနော်ရိုတာမှတစ်ဆင့် မေခင်၏ စာတိုလေးတစ်စောင်ကို ခင်ဖြူရလေသည်။

**သူငယ်ချင်း ခင်ဖြူ...**

မခေါ်ဘဲနေရတာကို တို့ နည်းနည်းမှ မပျော်ဘူး။
တို့ကပဲ စခေါ်ပါတယ်။
ခေါ်ကြရအောင်နော်။

**မင်းရဲ့**
**မေခင်**

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုလည်း ခွင့်မလွှတ်နိုင်တော့။ မိမိသည် ဘယ်လောက်များ ကြီးကျယ်ရာကျခဲ့ပါသလဲ။ မေခင်ကား အနိုင်ရသူဖြစ်ပြီး အောက်ကျသူ မဟုတ်ပါပေ။

မိမိကမှ သေးသိမ်သူ၊ အနိုင်ယူသူ။ လုပ်သင့်လုပ်ထိုက်၍ လုပ်လည်း လုပ်ချင်သောအလုပ်တစ်ခုကို လုပ်ရန် ဘာကြောင့်များ ဝန်လေးနှောင့်နှေးခဲ့ရပါလိမ့်။ ဘာကြောင့်များ ဒီလောက်တောင် ညံ့ဖျင်းနေရပါလိမ့်။ မေခင့်ကို ကိုယ်ကဦးအောင် ဘာကြောင့်များ မခေါ်ခဲ့နိုင်ရပါလိမ့်။

ခင်ဖြူသည် ဝဲလာသည့်မျက်ရည်ကို အသာထိန်းရင်း မေခင်၏ စာတိုကလေးအောက်မှာပင် ဆက်ရေး၍ ပြန်ပေးလိုက်လေသည်။

**သူငယ်ချင်းမေခင် ...**

တို့ကလည်း ခေါ်ချင်နေပါတယ်။ မင်းဖတ်ဖို့စာအုပ်တွေ ယူယူလာခဲ့တာတောင် တစ်ပတ်လောက်ရှိပါပြီ။ တို့မပေးဖြစ်ခဲ့တာကို ခွင့်လွှတ်မယ်ဆိုရင် မင်းက စခေါ်တယ်ဆိုတဲ့ စကားကို မသုံးပါနဲ့ကွယ်။

**မင်းရဲ့**
**ခင်ဖြူ**

ခင်ဖြူ၏ စာကိုဖတ်ရင်း ပြုံးလာသော မေခင့်မျက်နှာ ချွန်ချွန်ကလေးကို ခင်ဖြူတစ်သက် အစဉ်သတိရနေပေတော့မည်။ ထိုအချိန်ကစ၍ နောင် လုပ်ခွင်ပိုင်းကို ဝင်ကြသည်အထိ မေခင်သည် ခင်ဖြူ၏ ငယ်ပေါင်းမိတ်ကောင်းတစ်ယောက် ဖြစ်လာခဲ့သည်ကိုသာ ခင်ဖြူအတွက် အမြတ်ဟု ယူဆနှစ်သိမ့်ရပေတော့မည်။

သည့်အပြင်မှာတော့ ခင်ဖြူသည် အမှားများခဲ့သူ။

ပြီး အမှားကို ပြင်ခွင့်မရခဲ့သူပေတကား။



www.burmeseclassic.com

ပြင်ခွင့်မရခဲ့သော အမှားမျိုးကို ဆယ်နှစ်အရွယ် ကလေးသူငယ် ဘဝကတည်းက တစ်ကြိမ် ကျူးလွန်မိခဲ့ဖူးကြောင်းကို ခင်ဖြူ အမှတ်ရလာပြန်သည်။

ငယ်စဉ်က ဉာဏ်ကောင်းသော်လည်း လုံ့လနည်းသော ခင်ဖြူသည် ကျောင်းစာတွင် မှန်တန်းလောက်သာ လိုက်ခဲ့ရာမှ ဖခင်ဖြစ်သူ၏ ကြပ်မတ် ဂရုစိုက်မှုကြောင့် အဆင့်(၁)မှ (၃)အတွင်း ဗိုလ်စွဲနိုင်သောအခြေသို့ ရောက်ခဲ့လေသည်။

ခင်ဖြူနှင့် စာပြိုင်ဘက် နှစ်ယောက်ကား ခင်ခင်ကြီးနှင့် အေးအေးဝင်းတို့ ဖြစ်ကြပေသည်။

အေးအေးဝင်းကိုမူ နှာမည်နှင့်လိုက်အောင် အေးဆေးသူဟု ဝိဂြိုဟ်ပြုရန်မှတစ်ပါး အခြားဆိုဖွယ်မရှိပေ။ ခင်ခင်ကြီးမူကား သွက်လက်ချက်ချာသူကလေးဟု ဆိုရမည့်ပြင် အသားဖြူဖြူ၊ နှာတံစင်းစင်း၊ စံပယ်ဖူးသွားတက်ကလေးနှင့် ဆံပင်လှိုင်းတွန့်ကလေးတွေနှင့် ကပြားမကလေးလို ချောမောသူဟုလည်းဆိုရမည်။

သည်လို ခင်ဖြူတို့ထက် ရုပ်ကောအပြောပါ သာသူမို့ ခင်ခင်ကြီးသည် ဆရာမ၏အချစ်တော်ကလေး ဖြစ်ခဲ့သည်မှာမဆန်း။ သို့သော် ထိုစဉ်ကမူ ဆရာမကို မျက်နှာလိုက်သည်လို့သာ ခင်ဖြူထင်ခဲ့ဖူးသည်။

ကျက်ထားကြတာချင်းအတူတူ၊ "၏" "သည်"မလွဲ ဖြေနိုင်ကြတာချင်းအတူတူ လက်ရေးပိုလှသည်ဟူ၍ ခင်ခင်ကြီးက ခင်ဖြူတို့ထက် အမှတ်ပိုရတတ်လေ့ ရှိသည်ကို မကျေနပ်ခဲ့။

သွားပိုးစားကြတာချင်းအတူတူတစ်ကိုယ်ရေ သန့်ရှင်းရေးတွင် ခင်ဖြူတို့ အနုတ်လက္ခဏာရပေမဲ့ ခင်ခင်ကြီးမူကား သွားရောဂါရှိနေ၍ ဟူသော အကြောင်းပြချက်ဖြင့် အပေါင်းလက္ခဏာရသည်ကိုလည်း မကျေနပ်ခဲ့။

သို့သော် ခင်ဖြူက အမြဲတမ်း အမှတ်ပြည့်ချည်း ရတတ်လေရာ



www.burmeseclassic.com

ကျက်စာတွင် အမှတ်များတတ်သော ခင်ခင်ကြီးနှင့် သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်ခဲ့ပေသည်။

အရေးကြီးသော ခြောက်လပတ်စာမေးပွဲတွင်မူခင်ခင်ကြီးက ခင်ဖြူထက် (၅)မှတ်မျှဖြင့်ကပ်ကာ ပထမရလေသည်။ ခင်ဖြူက ဒုတိယ။ ထုံးစံအတိုင်း အေးအေးဝင်းက တတိယ။

ဆရာမ တရားဝင် မကြေညာသေးခင်ကပင် ခင်ဖြူတို့က ကိုယ့်ဘာသာ အမှတ်ပေါင်း၍ တိုက်ကြည့်ထားပြီးပေပြီ။ ဆရာမက ကတ်ပြားများ ဝေငှသောအခါတွင်လည်း သည်အတိုင်းပင်။

သို့သော် ခင်ဖြူ၏အမှတ်ပေါင်းတွင် အမှတ် (၂၀)တိတိလျော့နေလေသည်။ ခင်ဖြူသည် မိမိ၏အရည်အချင်းမှတ်တမ်း ကတ်ပြားကိုကိုင်ကာ အထပ်ထပ်အပြန်ပြန် ပေါင်းကြည့်လေသည်။ ခင်ဖြူမမှား။

သို့သော် ခင်ဖြူသည် ဆရာမကို ချက်ချင်းသွားပြောရမှာ တွန့်ဆုတ်တွေဝေနေလေသည်။

လက်ရေးလှမှကြိုက်သော၊ သန့်ရှင်းသပ်ရပ်မှကြိုက်သော ဆရာမသည် ခင်ဖြူ၏ကတ်ပြားတွင် ဖျက်၍ ပြန်ပြင်ရမည်ကို ငြူစူရပေတော့မည်ဟု မိမိဘာသာတွေးကာ ကြောက်ရွံ့နေလေသည်။ ခင်ဖြူကား ငယ်စဉ်ကပင် တွန့်ဆုတ်တွေဝေသူ၊ နုံအည့်ဖျင်းသူ။

သို့နှင့်ပင် အိမ်မှာ မိဘလက်မှတ်ထိုးပြီး ကတ်ကို ကျောင်းသို့ပြန်ယူခဲ့ရပေသည်။ ခင်ဖြူသည် မိဘများကိုလည်း ပြန်မပြောရဲ။ ခါတိုင်းဆိုလျှင် ကတ်ကို သေချာစွာကြည့်ရှုစစ်ဆေးတတ်သော ဖခင်ကလည်း သည်တစ်ကြိမ်တွင်မူ သူ အလုပ်ရှုပ်နေတုန်းမို့လား၊ ဒုတိယသာရ၍ သမီးဖြစ်သူကို သိပ်မကျေနပ်လှ၍လားမသိ။ သာမန်မျှသာကြည့်ကာ လက်မှတ်ထိုးပေး လိုက်လေသည်။

ကျောင်းပြန်ရောက်တော့ ခင်ဖြူသည် ငါ ပေါင်းတာများ မှားနေမလား ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းပြန်ကာ ခင်မင်သော သူငယ်ချင်းတချို့



www.burmeseclassic.com

ကို ပေါင်းခိုင်းလေသည်။ ခင်ဖြူမမှားပေ။ သူငယ်ချင်းတွေကပင် ဆရာမကို သွားပြောဖို့ တိုက်တွန်းကြလေသည်။ နောက်ဆုံးတွင် ဘာပဲဖြစ်ဖြစ်ဟု ရဲဆေးတင်ကာ ခင်ဖြူသွားပြောတော့ ဆရာမ၏တင်းမာသော မျက်နှာထားကို ရင်ဆိုင်ရလေသည်။

"စောစောက ဘာလို့လာမပြောသလဲ၊ မနေ့ကသာ ပြောရင် အချိန်မှီမှာ အခုတော့ အမှတ်စာရင်းတွေ ရုံးခန်းကို ပို့ပြီးပြီ"

ဆရာမကို အလုပ်ရှုပ်အောင် လွယ်လွယ်နှင့် ပြီးရမည်ကို ခက်အောင် သွားလုပ်မိသည့်အတွက် ခင်ဖြူ ခေါင်းငုံ့နေရလေသည်။ ထိုအခါ ဆရာမ၏ တင်းမာနေသော မျက်နှာထားသည် ပြေလျော့သွားကာ

"ပြင်လည်း အကြောင်းတော့မထူးပါဘူးကွယ်၊ မင်းအမှတ်က ခင်ခင် ကြီးကိုမှ မမီဘဲ ဒီအတိုင်းပဲထားလိုက်ပါတော့"

ခင်ဖြူ စောဒကမတက်တော့။ ဟုတ်သားပဲ၊ ငါမှ အချိန်မီ သွားမပြောမိတာ၊ ငါ့အပြစ်ပေါ့ဟု ခင်ဖြူ ဖြေတွေးတွေးလိုက်သည်။ သို့သော် (၂၅)မှတ်ပြတ်ကာ ဒုတိယဖြစ်ခြင်းနှင့် (၅)မှတ်ဖြင့် ကပ်ကာ ဒုတိယဖြစ်ခြင်း နှစ်ခု၏ ခြားနားခြင်းကိုမူ ခင်ဖြူကောင်းစွာ နားလည်ခဲ့ပါသည်။

ထို့ထက်ပို၍ နားလည်ခဲ့ရချိန်ကား နှစ်ဆုံးတော့မှ ဖြစ်သည်။ ခင်ဖြူတို့ကျောင်းတွင် စာတော်၍ သတ်မှတ်ထားသော အမှတ်ဆင့်မီသူတို့ကို "တန်းခုန်ကျော်" တက်ပေးသောစနစ်ရှိသည်ဖြစ်ရာ နှစ်ဆုံးလျှင် အခြားအတန်းမှ အမှတ်မီသူတွေနှင့်အတူ ခင်ခင်ကြီးတစ်ယောက်လည်း ခင်ဖြူတို့ထက် တစ်တန်းခုန်ကျော်၍ တက်သွားလေသည်။ ခင်ဖြူ့အမှတ်က သတ်မှတ်ထားသည်ထက် အနည်းငယ် လျော့နည်းနေသည်လို့သာ ဆရာမက ပြောလေသည်။

ခင်ဖြူသည် မိမိ၏ညံ့ဖျင်းမှုကြောင့် တရားမဝင်ဖြစ်ရသော ခြောက်လပတ်က အမှတ်(၂၀)ကို သတိရနေလေသည်။

နောင်အနှစ် ၂၀ ကြာသောတစ်နေ့တွင်အမှတ် ၂၀ ပြဿနာကြုံခဲ့ဖူး



www.burmeseclassic.com

သော မိမိ၏ဆရာမဟောင်းနှင့်ခင်ဖြူ ပြန်ဆုံရလေသည်။

ထိုအချိန်တွင် ခင်ဖြူလည်း ဆရာမတစ်ယောက် ဖြစ်နေလေပြီ။ သို့သော် ခင်ဖြူ၏ မွေးရာပါတွန့်ဆုတ်တွေဝေစိတ်သည် အကင်းမသေ တတ်သေး။ ဆရာမကို ခေါင်ငင်နှုတ်ဆက်ရန် ခင်ဖြူ ဝန်လေးနေသည်။

အခု အသက်အရွယ်မှာတော့ မိမိ၏ ဆရာသမားများကို လမ်းတွင် တွေ့လို့မှ နှုတ်မဆက်ဝံ့လောက်အောင် ခင်ဖြူ သတ္တိမကြောင်တော့။ သို့သော် အမှတ် ၂၀ ပြဿနာသည် ခင်ဖြူ၏ အငုံ့စိတ်ကို ပြန်လည်နှိုးဆွ လေသည်။

ယခုတိုင် ဆရာမကို အာဃာတထားတုန်းပဲမို့လား။ မဟုတ်ဟု စိတ်ရှင်းရှင်းနှင့် ခင်ဖြူ ဝန်ခံနိုင်ပါသည်။ မိမိကိုယ်တိုင် ဆရာမတစ်ယောက် ဖြစ်လာသောအခါ ယင်းသို့သော အမှားမျိုးကို နားလည်နိုင်ခဲ့ပါသည်။ ပြီး မိမိကိုယ်တိုင်မှာလည်း အချိန်မီမပြောမိခဲ့သော အပြစ်ရှိသည် မဟုတ် သလော။

ဆရာမတွင် ဘယ်အချိန်မှ ပြောပြော၊ ပြန်ပြင်ပေးရန် တာဝန်ရှိသည် ထားဦး၊ ယင်းတာဝန်ကို ပျက်ကွက်ခဲ့သဖြင့် ဆရာမကို စိတ်ကွက်သည် ထက် မိမိတွင် ခင်ခင်ကြီးကဲ့သို့ ဆရာမများက ချစ်ခင် ဂရုစိုက်လောက် သော အသိအလိမ္မာမျိုး ငယ်စဉ်ကပင် မရှိခဲ့၍သာ ဖြစ်ပေမည်ဟု ခင်ဖြူ ကြိုးစားတွေးယူပါသည်။

ထိုစဉ်က အရှုံးဟု ယူဆခဲ့သော ဖြစ်ရပ်မှာ ယနေ့ ဆရာမဖြစ်လာ သော ခင်ဖြူ့အတွက် အရှုံးမမည်ပါ။ ဆယ်နှစ်အရွယ် ကလေးသူငယ်ဘဝက ဖြူစင်သောနှလုံးသားဝယ် ဒဏ်ရာရခဲ့ဖူးသည်ကို အကြောင်းပြုကာ မိမိ၏ တပည့်များနှင့် ပတ်သက်လာလျှင် အသေးအဖွဲ့ကအစ ဂရုပြုဆင်ခြင်တတ် လာခဲ့သော အလေ့သည်ပင် ခင်ဖြူ့ကို ဆရာကောင်းတစ်ယောက်ဘဝသို့ ပို့ဆောင်ပေးခဲ့သည် မဟုတ်လား။

သို့နှင့်တောင် ခင်ဖြူသည် အဘွားကြီးကို နှုတ်ဆက်ရန် စိတ်မကူး



www.burmeseclassic.com

သေး။ မှန်သည်။ ခင်ဖြူ့ဆရာမသည် အဘွားကြီး ဖြစ်နေပေပြီ။ အသက် ငါးဆယ်ကျော်တော့မည်။ ဆံပင်တွေပင် အတော်ဖြူနေပြီ။ မျက်မှန်ထူထူ တစ်လက်ကိုလည်း တပ်ထားရပြီ။ သို့သော် အဘွားကြီးသည် မှတ်ဉာဏ် ကောင်းဆဲ။ ခင်ဖြူ့ကို မှတ်မိပုံပြသည်။ ပထမတစ်ချီ ဆရာတပည့်နှစ်ဦး၊ မျက်လုံးချင်းအဆုံတွင် ခင်ဖြူမျက်နှာလွှဲလိုက်တော့ သူ့မျက်နှာ မကြည်လင်။

ခင်ဖြူကိုယ်တိုင် မျက်နှာလွှဲရသည်ကို စိတ်ထဲတွင် နည်းနည်းမှ မကောင်း။ သူ့ခမျာ ခုထိ အထီးကျန် အပျိုကြီးဘဝမို့ ဘဝပီတိ ရှားပါး သူဖြစ်ရာ ခင်ဖြူတို့လို တပည့်ဟောင်းတွေ၏ အရေးတယူ ခေါ်ငင်နှုတ်ဆက် ခြင်းသည်ပင်လျှင် ယင်း ဆရာမအိုကြီးအတွက် အဖိုးမဖြတ်နိုင်သော ဘဝပီတိကလေး တစ်ခုဖြစ်လေရော့မည်။ ခင်ဖြူ စာနာမိပါသည်။

ပြီး ခင်ဖြူ့အပေါ်တွင် ဆရာမကျေးဇူးတွေ အများကြီးရှိသည်။ စည်းကမ်းရှိအောင် သွန်သင်ခဲ့သည့် ဆရာမ။ ခင်ဖြူ၏ ပဲပင်ပေါက် လက်ရေးကို ကြပ်မတ် ပြုပြင်ပေးခဲ့သည့် ဆရာမ။ ခင်ဖြူ၏ သင်္ချာစွမ်းရည်ကို ထက်မြက်စေခဲ့သည့် ဆရာမ။ အကြိမ်ကြိမ် အမှားများခဲ့သူ ခင်ဖြူသည် အမှားပြင်ဖို့ ရုတ်တရက် အားတင်းလိုက်လေသည်။

ဆရာမအိုကြီးသည် မျက်နှာပြန်လွှဲကာ ခင်ဖြူကို ဖြတ်ကျော်သွားခါ နီးနေပြီ။ သူ့ရင်ထဲတွင် ဘာများတွေးနေလေမလဲ။ ခင်ဖြူ၏ အနှစ် ၂၀ လောက်က အမှတ် ၂၀ ကိစ္စကို အဘွားကြီး သတိရချင်မှ ရတော့မည်။ ခင်ဖြူသည် စုငယ်တစ်ခါက အကြံပေးခဲ့ဖူးသည့်အတိုင်း မိမိ၏တွန့်ဆုတ် တွေဝေစိတ်ကို ဖွတ်အနိုင်ယူကာမိမိ၏ဆရာမဟောင်းကို အလောတကြီး အော်ခေါ်လိုက်လေသည်။

"တီချာ"

အဘွားကြီးသည် ခင်ဖြူကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ပြီးလျှင် အားပါးတရ ပြုံးလေသည်။

"ကျွန်မ ခင်ဖြူပါ၊ တီချာ့တပည့် ခင်ဖြူပါ"

www.burmeseclassic.com

မိမိကိုယ်ကို ပြန်လည်မိတ်ဆက်တော့ ခင်ဖြူအသံမှာ အထစ်အငေါ့ မရှိတော့ပေ။ အဘွားကြီးသည် ခင်ဖြူ၏ပခုံးကို ဖက်ကာ ဝမ်းသာအားရ အတန်ကြာ စကားဆိုလေသည်။

"ခင်ခင်ကြီးကို တီချာ မှတ်မိဦးမှာပေါ့၊ သူလည်း ဘွဲ့ရပြီးပြီ၊ ကုန်သွယ်ရေးမှာ ဝင်လုပ်နေတယ်"

တစ်ချိန်က မိမိကို ကျောသွားခဲ့ဖူးသော ဆရာမ၏ အချစ်တော် ခင်ခင်ကြီးအကြောင်းကိုပင် ခင်ဖြူ ပြောမိသေးသည်။ ဟိုစဉ်ကတော့ မဆီမဆိုင် ခင်ခင်ကြီးအပေါ်ပင် ခင်ဖြူဝန်တိုစိတ်ဝင်စားခဲ့ဖူးသေးသည်။ သို့သော် ဆယ်တန်းမှာ ခင်ခင်ကြီးက ကျကျန်ခဲ့ကာ ခင်ဖြူနှင့် အတန်းပြန်တူသွားကတည်းက အာဃာတတွေ မရှိတော့။ ပြီးလျှင် တက္ကသိုလ်သို့ တူတူရောက်ကြသော်လည်း ရုပ်ဆိုးသူမို့ ချစ်ကိစ္စသံသရာတွေမှာ လည်ပတ်စရာမရှိသော ခင်ဖြူက မိန်းမလှလေးတို့ ကြုံတတ်မြဲ ဓမ္မတာအတိုင်း ကြေကွဲဖွယ် နှလုံးသားပြဿနာတစ်ခုကြောင့် စိတ်လေလွင့်ခဲ့ရသော ခင်ခင်ကြီးကို ဖြတ်ချန်ခဲ့ကာ လေးငါးနှစ်ခန့်စော၍ ဘွဲ့အရင်ရခဲ့တော့ ဟိုစဉ်ကလို ခင်ခင်ကြီးကို ပြိုင်ဘက်ဟု ခင်ဖြူ သဘောထား၍ မရတော့ပေ။ ကံ လောကဓံကိုလည်း ခင်ဖြူ နားလည်စပြုခဲ့ပါပြီ။

"အေးအေးဝင်းကတော့ မနှစ်ကပဲ ဆရာဝန် ဖြစ်သွားပြီတီချာ"

ကြည့်လေ၊ ထိုစဉ်က မိမိတို့နှစ်ယောက်ကို ဘယ်လိုမျှ မကျောနိုင်ခဲ့သော အေးအေးဝင်းသည် ခင်ဖြူတို့ဘွဲ့ထက် ပိုလည်းခက်၊ ပိုလည်းနှစ်ရှည်သောဘွဲ့ကိုပင် ရနိုင်ခဲ့ပြီ။ ဓွဲနှင့် ဝိရိယအရာတွင် မိမိတို့ထက် အေးအေးဝင်းက သာသည်မဟုတ်လော။ ခင်ဖြူ့ဆရာမအိုကြီးသည် ခေါင်းကလေးညိတ်ကာ ညိတ်ကာ ဝမ်းသာကျေနပ်လေသည်။ သြော်...နောင် အနှစ်၂၀ ကြာလျှင် သည်လို ဝေဒနာမျိုးကို ခင်ဖြူကိုယ်တိုင် ခံစားနိုင်ခွင့်မှ ရပါဦးမည်လား။

"ခင်ဖြူလည်း အမှတ် ၃ ကျောင်းမှာ ဆရာမလုပ်နေပြီတီချာ၊ အလယ်တန်းပြပေါ့၊ တီချာ့တူကလေး ကျောင်းအပ်ချင်ရင် ပြောနော်"



www.burmeseclassic.com

မိမိအနေဖြင့် ကိုယ့်ဆရာမဟောင်းကို အတတ်နိုင်ဆုံး ပေးနိုင်သည် ထင်သော လောကဝတ်စကားကိုလည်း ခင်ဖြူဆိုတတ်လေပြီ။

"ဒါပေမဲ့ ကျောင်းမှာ ခင်ဖြူလွင်လို့မေးမှ သိလိမ့်မယ်တီချာ၊ ဘာရယ်မဟုတ်ပါဘူး၊ တက္ကသိုလ်တုန်းက သူငယ်ချင်းတွေစုပြီး နာမည် ပြောင်းကြတုန်းက စိတ်ရူးပေါက်ပြီး 'လွင်'တိုးလိုက်မိတာ၊ အခု မိတ်ဟောင်းတွေနဲ့ ပြန်တွေ့ရင် အဲဒီနာမည်ပြဿနာကို ရှင်းပြ နေရတာကိုက အလုပ်တစ်ခု ဖြစ်နေတယ်တီချာရဲ့"

ခင်ဖြူသည် မိမိ၏ပြောင်းလဲခြင်းတရားကိုပင် ဟာသနှောပြောတတ် နေပြီ။ အဘွားကြီးသည်လည်း ခင်ဖြူ့ကို သူ့လိပ်စာတွေပေးကာ အလည် လာရန် တဖွဖွပြောရင်း နှုတ်ဆက်ထွက်ခွာ သွားလေသည်။

ခင်ဖြူကိုယ်တိုင် ပီတိမျက်ရည်တွေဝဲကာ ကျန်ရစ်ခဲ့ရသည်။

ကျေနပ်မိပါသည်။

မိမိ၏ ညံ့ဖျင်းမှုတွေကြောင့် အမှားများခဲ့သူ ခင်ဖြူအဖို့ အမှား ပြင်စရာ တစ်ကွက်ရခဲ့ပြီ။တခြားသူတွေအတွက် ထူးခြားလေးနက်သော ခက်ခဲပင်ပန်းသော အဖြစ်မျိုး ဟုတ်ချင်မှ ဟုတ်မည်။

သို့သော် ခင်ဖြူ့အတွက် အရိုးစွဲနေသည့်အလေ့ကို ပြန်ပြင်ရသည်မှာ ထိုက်သင့်သလောက် ပင်ပန်းသည်ပင်။

ကိုယ့်ကို သူတစ်ပါးနားလည်အောင်၊ သူတစ်ပါးကို ကိုယ်က နားလည်အောင် ကြိုးပမ်းရသည်ထက်၊ မိမိကိုယ်ကို မိမိဘာသာ နားလည် လက်ခံလာနိုင်အောင် ကြိုးပမ်းရသည်က ပို၍ ခက်ခဲပင်ပန်း လိမ့်မည်ဟု ခင်ဖြူ ထင်ပါသည်။

သို့သော် အမှားပြင်ရင်း အလှတွေ့ကာ ဘဝ ပီတိကလေးတစ်ကွက် ကို ရရှိလိုက်မည်ဆိုပါလျှင် ခင်ဖြူ့လောက် ဝမ်းသာနိုင်သူ ရှိမည်မထင်။

ထိုအခါ ခေါ်သင့်လျက် မခေါ်ဖြစ်ခဲ့သော အပေါင်းအသင်းအပေါ်နှင့် ကျောင်းနေဖက် စိုးခိုင်တို့ကို နောက်တစ်နေ့ပြန်တွေ့လျှင် သူတို့ဘဝတွေ

www.burmeseclassic.com

မိမိထက် မြင့်မားနေစေကာမူ၊ ခင်ဖြူကပင် ဦးအောင်စ၍ ခေါ်ရပါဦးမည်။ မိမိထက် နိမ့်ပါးနေသည်ဆိုလျှင်ကား ပို၍ပင် ဦးအောင် ခင်ဖြူက ခေါ်ရပေဦးမည်။

ခင်ဖြူက အမှားပြင်ချင်သူ။

အလှရှာသူ။

ဘဝပိတိကလေးတွေကို မက်မောတတ်သူ မဟုတ်ပါလား။

[ရှုမဝ၊ ဇူလိုင် ၁၉၇၆]

www.burmeseclassic.com

www.burmeseclassic.com

# ဘဝစာအုပ်မှ ပန်းသွေးရောင် ကဗျာတစ်ပုဒ်

မို့ ရောင်းရင်း ကိုကြည်သွင်တစ်ယောက် လက်ထပ်တော့မည်လေ။ သည်သတင်းကို သူများတွေထက် အရင်မို့သိထားသည်မှာ ကြာပြီ။ တမြန်နှစ် နွေလောက်ကပင် ဖြစ်လိမ့်မည်။ သည်တုန်းက ကိုကြည်သွင်သည် ကျွန်တော့် အမျိုးသမီးဟု သူ တင်စားလေ့ရှိသူ ဝေမာကလေးကို မို့ထံ ခေါ်လာကာ စာသင်ခိုင်းလေသည်။

ဝေမာသည် ဆယ်တန်းအောင်ပြီးစ ဖြစ်သော်လည်း တက္ကသိုလ်သို့ ဆက်မသွားဘဲ အလုပ်လုပ်ကာ ပြင်ပဝိဇ္ဇာဖြေမည့်သူဖြစ်ရာ ထိုစဉ်က ကိုကြည်သွင်မှာ ဝေမာ စာမေးပွဲဖြေနိုင်ရေးအတွက် အတော်ပင် ပြေးလွှား လှုပ်ရှားခဲ့သည်ကို မို့ မှတ်မိနေသည်။

အပေါင်းအသင်းတွေထဲမှ မို့တို့လို လူနိုင်တွေကို ဟိုဘာသာ သင်ပေးပါ၊ သည်ဘာသာ သင်ပေးပါဟု အားမနာတမ်း အကူအညီတောင်းခဲ့ပေသည်။

သည်ကစ၍ ကိုကြည်သွင်၏ ဝေမာကလေးနှင့်လည်း မို့ အကျွမ်းဝင်ခွင့်ရခဲ့ပါသည်။ ဝေမာကလေးသည် ကိုကြည်သွင်ထက် ဆယ်နှစ်ခန့် ငယ်သည်ဆိုပေမဲ့ ငယ်ဂုဏ်ဖြင့် မာန်တက်ကာ ကိုကြည်သွင့်ကို နွဲ့ဆိုးဆိုးမည့်



www.burmeseclassic.com

ပုံတော့မဟုတ်။ လွှမ်းမိုးအနိုင်ယူမည့် ဟန်လည်းမရှိ။ ရုပ်ရည်က ယဉ်ယဉ်ကလေးနှင့် ချစ်ဖွယ်ကောင်းသလောက် အေးဆေးသည်။ တည်ငြိမ်သည်။ အတွေးအခေါ် အသိလိမ္မာလည်း ရှိပုံရသည်။ အေးဆေးလိုက်သည်မှာ ငြိမ်သက်တိတ်ဆိတ်နေတတ်လွန်းသဖြင့် တစ်ခါတစ်ရံမှီပင် ဝေမော့ကို အားမလို အားမရဖြစ်ခဲ့ဖူးသည်။

သို့ပေမဲ့ အတော်ပါပဲလေ။ ကိုကြည်သွင်က ယောကျ်ားပေမဲ့ အလွန်စကားများတာ။ သူလို စကားများသော မိန်းမမျိုးနှင့်ဆိုလျှင်တော့ သူတို့ချင်း တည့်မတည့်ကိုမူမသိ။ ဘေးက အိမ်နီးချင်းတွေမှာသာ အသံချဲ့စက်မလိုဘဲ နားအူနေကြမှာ သေချာသည်ဟု မှီ တွေးမိလေသည်။

သို့သော် ကိုယ်တိုင်က စကားများသလောက် တိတ်ဆိတ်သူကိုမှ ကိုကြည်သွင် ရွေးတတ်ပုံ၊ ကိုယ်တိုင် အမှားများခဲ့သလောက် ဖြူစင်သူကိုမှ ကိုကြည်သွင် ရွေးတတ်ပုံတို့ကို မှီက သဘောကျမိလေသည်။ တစ်ခါကမူ ဝေမာရှေ့မှာ မဟုတ်ဘဲ ကိုကြည်သွင်ကို မှီ မေးခဲ့ဖူးသည်။

"နေပါဦး ဆရာရဲ့၊ ဒီတစ်ခါ တကယ်လက်ထပ်ဖြစ်မှာလား"

မေးပြီးမှပင် ကိုကြည်သွင် အကြိမ်ကြိမ် ရည်းစားပျက်ခဲ့ဖူးတာ၊ အကြိမ်ကြိမ် စိတ်လေလွင့်ခဲ့ဖူးတာတွေကို သူ့အပြောတွေအရ သိထားနေသူတစ်ယောက်၏ အထင်သေးသလို မေးခြင်းမျိုး ဖြစ်သွားလေမလားဟု မှီက အားနာလိုက်မိသေးသည်။

တကယ်တော့ အထီးကျန်သမားချင်းမို့ အတည်တကျ မရှိသေးသော သူ့ဘဝကို ကိုယ်ချင်းစာနာကာ တစ်ခါတစ်ရံ စိတ်အလိုလိုက် ပျော့ညံ့တတ်သော သူ့ကိုလည်း နားလည်ကာ စိုးရိမ်သလို မေးခြင်းမျိုးသာ ဖြစ်ခဲ့မည် ထင်သည်။

သို့သော် ကိုကြည်သွင်သည် ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်သော မျက်နှာအမူအရာဖြင့်

"နောက်တစ်ဆောင်းမှာတော့ သေချာပါပြီ"ဟု ဖြေခဲ့လေသည်။



www.burmeseclassic.com

သူ ပြောခဲ့သည့် ဆောင်းဦးမှာပင် ကိုကြည်သွင် လက်ထပ်ဖြစ်သည်။ လက်မထပ်မီ နှစ်လလောက်အတွင်း ကိုကြည်သွင်အလွန် အလုပ်များခဲ့သည်။ ကိုယ်တိုင် ဦးဆောင်ပါဝင်မှ ကျေနပ်သူပီပီ သူ့လက်ထပ်ရေးကိစ္စအတွက် ဘယ်သူ့ကိုမှ အပူကပ်ဟန်မရှိ။ တစ်ယောက်တည်း ကားတစ်စီးနှင့် ပြေးလွှားကာ အလုပ်များခဲ့ပေသည်။

မီနှင့် ဆုံလျှင်တော့ "ကျွန်တော် ခုတင်လုပ်ပြီးပြီ၊ မွေ့ရာဖျင်တွေ ချုပ်ပြီးပြီ၊ အမျိုးသမီးအတွက် ပုလဲတစ်ဆင်စာလုပ်ပြီးပြီ" ဟူသော သတင်းတွေ အသေးစိတ်ပို့တတ်သည်။ သူ့လက်ထပ်ရေးနှင့် ပတ်သက်၍ မီ့ထံက သတို့သမီး ဝတ်စုံကိစ္စ တစ်ခုပဲ အကူအညီ တောင်းခဲ့ဖူးသည်။

မီက အကူအညီ ပေးရသည်ဆိုသော်လည်း မည်မည်ရရတော့ မဟုတ်။ ခရစ်ယာန် မင်္ဂလာအခမ်းအနားမို့ အဖြူရောင်မှကောင်းမည်။ ကြိုးကြီးချိတ်အဖြူဝတ်ပါလား၊ ဒါမှမဟုတ် နှစ်ထပ်ဇာ အဖြူရောင်ဝမ်းဆက်ဝတ်ပေါ့။ အင်္ကျီပုံကိုတော့ ဝေမာက ဖြူဖြူသွယ်သွယ်မို့ လက်ရှည် ခေါင်းလောင်းပုံမှ လှမည်။ အင်္ကျီအောက်က ဖော့ရှန်အပါးစားကို ခံလျှင် အတော်ပဲ စသဖြင့် နှမ်းဖြူးပေးလိုက်ရုံသာ။

တကယ်တော့ မီ့အနေနှင့် သည်လို ဆရာလုပ်ဖို့မသင့်သည်မှာလည်း အမှန်ပင်။ ဝေမာလည်း မိန်းမတစ်ယောက်သာဖြစ်ရာ သူ့လက်ထပ်ပွဲမှာ သူ့စိတ်တိုင်းကျ လုပ်ချင်သည့် ဆန္ဒကလေးတွေတော့ ရှိဦးမည်ပင်။

သို့သော် မရေခဲကလေး ဝေမာကား သူ့ဆန္ဒကို တင်ပြဖို့ ဘယ်တော့မှ အားထုတ်တတ်သူမဟုတ်။ ဟိုလူက ပြောလည်း ပြုံး၍ ခေါင်းညိတ်လိုက်၊ သည်လူက ပြောလည်း ဟုတ်နိုးနိုးမျက်နှာကလေးနှင့် နားထောင်လိုက်သာ လုပ်နေတတ်လေသည်။

ဖိတ်စာများကို ဝေငှပြီးချိန်မှာမူ ကိုကြည်သွင်တစ်ယောက် လက်ထပ်တော့မည့်သတင်းမှာ ပတ်ဝန်းကျင် အသိုက်အဝန်းတွင် ပျံ့နှံ့ခဲ့ပြီ။ မီတို့ကလည်း လက်ဖွဲ့ကိစ္စအတွက် အချင်းချင်း ညှိနှိုင်းတိုင်ပင်ကြလေပြီ။



www.burmeseclassic.com

ထို့ပြင် ကိုကြည်သွင် မင်္ဂလာဆောင်မှာ ဘယ်လိုဝတ်ကြမည်၊ ဘာပန်း ပန်ကြမည်၊ ဘာကားနှင့် ဘယ်လို လူစုပြီး သွားကြမည်ဆိုသည်ကိုလည်း ဆရာမအပျိုကြီးတွေပီပီ ဓိဇာချဲ့ကြလေပြီ။ မို့စိတ်ကူးထဲမှာလည်း ဆံပင်ပုံ ဘယ်လိုထုံးရမည်ဆိုသည်နှင့် စီးစရာ ဖိနပ်အသစ်တစ်ရံ ဝယ်ရမည့်အရေးကိုသာ တွေးနေမိလေသည်။

သို့သော် မို၏ ပတ်ဝန်းကျင်ကား မိုကဲ့သို့ မတွေးခဲ့ပေတကား။

သူတို့ ဘယ်လိုတွေးကြကြောင်းကို ပထမတစ်ချီ မို သိလိုက်ရသည်မှာ စေတနာ့ဝန်ထမ်း လာဖောက်သည်ချသူ ဒေါ်ခင်မာထွေးကြောင့်ဖြစ်သည်။

"မိုရေ ပြောစရာရှိတယ်၊ သိပ္ပံတန်းက ကလေးတွေက ကိုယ့်ကို လာမေးကြတယ်သိလား၊ ဆရာဦးကြည်သွင် လက်ထပ်တော့မယ်။ သူ့အမျိုးသမီးက ဆရာမဆိုတာ ဟုတ်လားတဲ့၊ အဲဒီဆရာမ ဒေါ်အေးမို မဟုတ်လားတဲ့၊ ကိုယ်က 'ဟဲ့ ဒေါ်အေးမိုကြားရင် စိတ်ဆိုးလိမ့်မယ်၊ သူတို့မောင်နှမလို သိပ်ခင်ကြတာ၊ ဦးကြည်သွင်ရဲ့ အမျိုးသမီးက တခြားက'လို့ ပြောလိုက်တယ်"

မိုသည် အငိုက်မိသွားကာ ဒေါ်ခင်မာထွေးကို ချက်ချင်း ဘယ်လိုပြန်လည်တုံ့ပြန်ရမှန်းပင် မသိ။ ဒေါ်ခင်မာထွေးကိုတော့ မို အမြဲနားလည်ခဲ့သည်ထင်သည်။ သူသည် မို့ထက် အသက်ခြောက်နှစ်မျှကြီးသော ဆရာမ အပျိုကြီးတစ်ဦး ဖြစ်ပါသည်။

သို့သော် ပြောအပ်သောစကားလား ဘာလား ဘယ်တော့မှ မစဉ်းစားဘဲ အချိန်အခါမရွေး၊ နေရာမရွေး၊ ပုဂ္ဂိုလ်မရွေး၊ သူပြောချင်သည်ကို ဒိုးဒိုးဒေါက်ဒေါက် ပြောချလေ့ရှိခြင်း၌ သူသည် လုပ်ဖော်ကိုင်ဖက်များအလယ်တွင် ကျော်ကြားပေသည်။

ခုလည်း သူ့မျက်နှာမှာ အားနာရိပ်ကို မိုမတွေ့။ သွေးတိုးစမ်းကြည့်နေသည်ဟုလည်း မိုမထင်။ အလိုက်မသိတတ်သူတို့၏ ကလေးဆန်ဆန်

www.burmeseclassic.com

မျက်နှာမျိုးဟုသာ မို ယူဆလိုက်သည်။ ထို့ကြောင့် ဒေါ်ခင်မာထွေးကို မို ဘာမျှ ပြန်မပြောလိုက်။ သို့သော် မို့မျက်နှာမှာ ပြုံးလို့မရ။ တွေငေး ငြိမ်သက်နေလိုက်သည်။

တကယ်တော့ ဒေါ်ခင်မာထွေးက လုပ်ကြံပြောသည်မဟုတ်ဘဲ၊ ကျောင်းသားများထံမှ သတင်းမှန်ကို ဖောက်သည်ချခြင်းဖြစ်တန်ရာပါသည်။ ကျောင်းသားဆိုသည်မှာ ကိုယ့်ဆရာသမားများကို စွံစေချင်ကြသည်ပင်။

မိုတို့ ငယ်စဉ်ကပင်လျှင် ဆရာတွေ၏ အသင်အပြကိုသာမကဘဲ ကိုယ်ရေးကိုယ်တာတွေကိုပါ စိတ်ဝင်စားခဲ့ကြသည်မဟုတ်လား။ ဟိုဆရာမ နှင့် သည်ဆရာလိုက်သည်။ ဘယ်ဆရာက ဘယ်ဆရာမနှင့် ဘယ်နှစ်ခါ တွဲသွားဖူးသည်ဆိုသည်ကို စေတနာ့ဝန်ထမ်း စာရင်းလိုက်ကောက်ခဲ့ဖူးသည် မဟုတ်လား။

အခုလည်း မိုနှင့်ကိုကြည်သွင်ကို သူတို့ပြောစရာတစ်ကွက်တော့ ရလိုက်မည်ပင်။ ယင်းကား ညကျောင်းအပြန်ခရီးတွင် မိုတို့နှစ်ယောက်က အတူပြန်ဖက်ဖြစ်နေခြင်းပင်တည်း။ ညတိုင်းပင် ကိုကြည်သွင်က မို့ကို အတူပြန်ဖို့ စောင့်တတ်သည်။ ကားမှတ်တိုင်သို့ အသွားနှင့် ကားပေါ် အတက်တွင်မှ အခြားဆရာဆရာမများပါ အတူပါတတ်သော်လည်း လမ်းဆုံးအထိ မိုနှင့် ခရီးတူသည်ကား ကိုကြည်သွင် တစ်ယောက်တည်း သာတည်း။

မိုသည် တော်ရုံဝေဖန်မှုကြောင့် သွေးပျက်တတ်သော မိန်းကလေး တော့ မဟုတ်ပေ။ ကလေးတွေပဲလေ၊ သူတို့ဖြစ်စေချင်တာကို အပေါ်ယံ အမြင်နဲ့ တွေးတတ်သော သဘာဝပါပဲဟု ဆင်ခြင်ခွင့်လွှတ်လိုက်လေသည်။

ကိုကြည်သွင်၏ လက်ထပ်ပွဲမှာတော့ မိုတို့အားလုံး ပျော်ရွှင်ကြရ ပေသည်။ ရောင်းရင်းတွေ ငွေစုကာ စိတ်ကူးကောင်းသမျှ အလှအပဆွေး ခြယ်ဆင်တတ်သော “ဆရာစစ်”ကို လက်ဖွဲ့ပစ္စည်းအတွက် တာဝန်ပေး လိုက်ကြရာ မိုတို့သည် မီးဖိုချောင်ပစ္စည်း ၉ မျိုးမျှပါ၍ လူနှစ်ယောက်

www.burmeseclassic.com

သယ်မရလောက်အောင် လေးသော မင်္ဂလာလက်ဆောင်ထုပ်ကြီးကို ပျော်ရွှင်စွာ ယူလာနိုင်ခဲ့ကြသည်။ မင်္ဂလာပွဲလာ ပရိသတ်ကား မိုတို့၏ လက်ဆောင်ထုပ်ကြီးကို ပြုံးငေးကြည့်သွားတတ်ကြရာ သည်မြင်ကွင်းကပင် မိုတို့၏ပီတိကို အားဖြည့်ပေးနေသလို ရှိနေခဲ့ပေသည်။

မင်္ဂလာ အခမ်းအနားမှာလည်း ခရစ်ယာန်ဘာသာ ထုံးစံလေ့အတိုင်း ပြုလုပ်သည်ဖြစ်ရာ အတွေ့အကြုံသစ်ကို မက်မောတတ်သောမိုအဖို့ စိတ်ဝင်စားစွာ ရှုမှတ်စရာတွေ များလှပေသည်။

အခမ်းအနားအပြီး၌လည်း မိုသည် ဆန်မန်းပေါက်ပေါက်တွေကို မရအရ တောင်းကာ အခြားခရစ်ယာန် ပရိသတ်နှင့်အတူ မင်္ဂလာမောင်နှံတို့ကို ကြဲပေါက်ပျော်မြူးခဲ့သေးသည်။ ရောင်းရင်းမောင်နှံတို့၏ ချမ်းမြေ့သော အိမ်ထောင်သက်ရှည်ကြာပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းခဲ့သေးသည်။

သို့သော် မို၏ပီတိပြုံးသည် ကြာရှည်မခံလိုက်ပေ။ ဘုရားရှိခိုးကျောင်းမှထွက်၍ အကျွေးအမွေးနှင့် ဧည့်ခံမည့် မြေကွက်လပ်ဆီသို့ အသွားလမ်းမှာပင် ပျက်ပြယ်လေပြီ။

"ဟောဒီမှာ ကြည့်ကြစမ်းပါဦး၊ မမမိုရယ် မျက်ရည်လေးဝဲတဲဲဲတဲနဲ့ တွေးနေပြီ တွေးနေပြီ၊ အဲ...အဲ ငါ့အလှည့်ကျရင်တော့လားတဲ့"

ပြောသူမှာ မာလာဖြစ်သည်။ သူသည် မိုတို့အားလုံး၏ တပည့်ဟောင်းဖြစ်ခဲ့ဖူးသည်။ သို့သော် မိုတို့နှင့်ဆိုလျှင် တပည့်ဟူသော အနေအထားမှာထက် တန်းတူရည်တူ သူငယ်ချင်းလို အနေအထားမျိုးကို သူယူတတ်သည်။

သူက မိုတို့ကို ရုပ်ရှင်ပြသည့်အခါပြ၍ မုန့်ကျွေးသည့်အခါ ကျွေးသည်။ မိုတို့ကလည်း သူပြသည်ကိုကြည့်၍ သူကျွေးသည်ကို စားခဲ့ဖူးသည်။ သည်တော့ လူပုံအလယ်မှာ ယခုလို မလေးမစား သူ နောက်သည်ကိုလည်း ခံလိုက်ရပေ့။



www.burmeseclassic.com

စိတ်ဆိုး၍ ရကောင်းသည် မဟုတ်မှန်း မီ သိပါသည်။ သူ့စကား မှာလည်း အထိးကျန်တို့မချိသွားဖြ ကြားရတတ်နေကျ ချစ်စနိုး အနောက် အပြောင် စကားမျိုးသာမို့ ခွင့်လွှတ်နိုင်စရာပင်။

သို့သော် မီ မကြိုက်သည်က မာလာ၏မျက်လုံးများကို ဖြစ်သည်။ ပြုံးထေ့ထေ့ မချိုမချဉ်အထေ့အလှောင်မျက်နှာ။ ဘာအဓိပ္ပာယ်ကို ဆောင်ချင်ပါသလဲ။ မီ မျက်နှာလွှဲလိုက်သည်။ သူ့စကားကိုလည်း ဘယ်လိုမှ မတုံ့ပြန်။

မာလာသည်စိတ်ရင်းကောင်းသူ ဖြစ်ပါသည်။ မိန်းကလေးပေမဲ့ ယောကျ်ားလေးတစ်ဦးလို သွက်လက်ရဲရင့်စွာ လုပ်ရှားနေထိုင်ကာ စီးပွားရေး၊ လူမှုရေးမှအစ လုပ်တတ်ကိုင်တတ်သူဖြစ်ရာ မီတို့က ချီးမွမ်းရသူကလေး ဖြစ်ပါသည်။

သွေးမစပ်ပေမဲ့ တစ်အိမ်တည်း အတူနေကြသည်အထိ အစ်မလို သူခင်မင်သော ဒေါ်သီတာခင်နှင့် ပတ်သက်၍ မီတို့နှင့် ကျွမ်းဝင်ရသည် ဖြစ်ရာ မီတို့က ညီမတစ်ယောက်လို သဘောထားရသူလည်း ဖြစ်ပါသည်။ အချုပ်ဆိုရလျှင် မာလာသည် မီနှင့် ကိုကြည်သွင့်ကို နားလည်ရမည့် လူရင်းတစ်ယောက် ဖြစ်ပါသည်။

အို…ရှိစေတော့လေ။ မာလာသည် ကလေးမဟုတ်တော့ပေမဲ့ ကလေးသာသာပါပဲ။ ပြီး ကိုကြည်သွင်နဲ့ ပတ်သက်လို့ သူ့စိတ်ထဲ ခုထားတာကလေးတွေလည်း ရှိထင်ပါရဲ့။ ကိုကြည်သွင်က တစ်ခါတစ်ခါ သူနဲ့ ဒေါ်သီတာခင်ကို မထိတထိ စတတ်တာ၊ သူ့မွေးနေ့ပွဲကို ဖိတ်တော့ မလာတာ၊ သူ့အဖေဆုံးတော့တောင် ချက်ချင်းရောက်မလာတာတွေအတွက် ဖခင်မဲ့ သမီးတစ်ယောက်ရဲ့ အားငယ်စိတ်နဲ့ တို့ကို ဆရာကိုကြည်သွင် မခင်ဘူးလို့ ငြိုးချင်ငြိုးနေမှာပါပဲ။

ငါကတော့ ကိုကြည်သွင်ရဲ့ တုံ့ပြန်မှုကို အရတတ်ဆုံး လူပြုံနေ တယ်ထင်ပါရဲ့။ "ဝန်တိုမှု" ဆိုတာကလေးတွေကလည်း ရိုင်းချာတဲ့



www.burmeseclassic.com

လူတွေ ကြားမှာမှ ပိုထားနိုင်တဲ့ သဘောပဲ မဟုတ်လား။ "အမနာပ" ဆိုတာက လည်း ဝန်တိုမှုမှာ အရင်းခံစမြဲပါပဲ။

မီသည် မိမိဘာသာ လူ့စရိုက်တွေကို နားလည်ကြည့်လိုက်သည်။ မှန်ချင်မှန်မည် ဖြစ်ပေမဲ့ လောလောဆယ်မှာတော့ မီ စိတ်သက်သာရလာပြီ။

သို့သော် အနည်ထိုင်မည် ကြံစရှိသေးသော မီ၏ စိတ်အတွေးကို နောက်တစ်ချီ ပရမ်းပတာ လှုပ်ခါစေသူ ပေါ်ခဲ့ပြန်လေပြီ။ မီ ရေခဲမုန့် စားနေစဉ်မှာပင် မီ ဘေးနားဝယ် နေရာယူသူ ဒေါ်သဇင်မြင့်က အဆက်အစပ် မရှိဘဲ စကားစလေသည်။

"ဟိုတစ်နေ့က တို့ကို ဒေါ်မေထားက စကားမရှိ စကားရှာပြီး လာပြောတယ်သိလား၊ ဦးကြည်သွင်ကို တို့က ဒေါ်အေးမှီနဲ့ သိပ်လိုက်တာ ပဲလို့ စိတ်ကူးထဲမှာ တွဲပေးနေတာတဲ့"

အင်း... စကားအလှ မသုံးကြစတမ်းဆိုရင်တော့ သည်တစ်ပွဲမှာ မီက "ကျန်ရစ်" ပေါ့။ ကိုကြည်သွင်သည်လည်း သစ္စာဖောက်ပေါ့။ သို့မဟုတ် လည်း မီက တိတ်တခိုးချစ်သူပေါ့။ ဟား... ဟား... ဟား။

မီ့အသံက အပြင်သို့ ထွက်အန်မလာပါ။ သို့သော် အစွမ်းကုန် စိတ်ပျက်နာကြည်း သရော်ပြုံးနေမည့် မိမိပုံကိုတော့ မှန်ထဲမှာ မကြည့်ရဘဲ မီ့ဘာသာ မြင်ယောင်လာသည်။ သို့သော် ဒေါ်သဇင်မြင့်က မီ့မျက်နှာ ထားကို မြင်ပုံမရ။ ဆက်ပြောနေပြန်လေသည်။

"ဒါနဲ့ ကိုယ်က ပြန်ပြောလိုက်တယ်၊ အမလေး မချောက ဦးကြည်သွင်လို ပုံကို စိတ်မကူးဘူးလို့၊ သူက ယောကျ်ားပေမဲ့ အင်မတန် ပစိပစပ်များတာလို့၊ ဒါပေမဲ့ မိတ်ဆွေတစ်ယောက်လိုတော့ ခင်ဖို့ကောင်း ပါတယ်လို့"

တော်ပါတော့ကွယ်၊ ဆက်မပြောပါနဲ့တော့ ဟု မီတားချင်သည်။ သည်လို မစွံတဲ့ မိန်းမတွေ အရှက်ပြေ ပြောတတ်နေကျ မာနစကားမျိုး ကိုလည်း မီဘဝင်မကျပါ။ မိမိကျန်ရစ်မဟုတ်ပါကြောင်းကို ထင်ရှားရှင်း



www.burmeseclassic.com

လိုသည်နှင့် ရောင်းရင်း ကိုကြည်သွင်ကိုလည်း နှိမ်ချမပြောလိုပါ။

မို့ကိုသာ ဒေါ်မေထားက တိုက်ရိုက်လာပြောခဲ့မည်ဆိုပါလျှင် မိုကတော့ ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြုံးနေလိုက်မည်သာဖြစ်ပါသည်။ ယခုပင် ဒေါ်သဇင်မြင့်လို လူရင်းတစ်ယောက်ထံမှတစ်ဆင့်ကြားရသည် ကိုပင် စိတ်တွင်းက မနှစ်မြို့နိုင်။ သိစေလို၍ သူပြောခဲ့ပေမဲ့ မိုကတော့ ဒေါ်သဇင်မြင့်ကို ကျေးဇူးတင်ရန် သတိမရဘဲ မပြောဘဲနေခဲ့ရင် ကောင်းမှာ ပဲဟု တွေးနေလေသည်။

ဒေါ်မေထားတို့ကိုတော့ ကလေးတွေပဲဟု ခွင့်လွှတ်နိုင်လောက် အောင် မို သဘောထားကြီး၍မရ။ အကြောင်းမူ သူတို့က မို့ထက် ဆယ်နှစ်မျှကြီးသော အရွယ်လွန်အပျိုဟိုင်းကြီးတွေ ဖြစ်နေသောကြောင့်ပင်။

သို့သော် သည်းခံစိတ်ရှိသည်လည်း မဟုတ်ဘဲ သူတော်ကောင်းဖြစ် ရန် အားထုတ်ချင်သူ မိုက ကြိုးစားတွေးပြန်သည်။

တကယ်တော့ သူတို့လည်း အထီးကျန်ပါပဲ။ သူတို့ ကိုယ်တိုင်လည်း သည်အပြောမျိုးတွေကို ခံခဲ့ရဖူးလှရောပေါ့။ ဩော်...ဟုတ်ပေသားပဲ။ ကြည့် ငါတို့ကိုယ်တိုင် ပြောခဲ့ဖူးတာပဲ။

ကြာတော့ ကြာခဲ့ပြီ။ ဟို ၃ နှစ်လောက်က တို့နဲ့ရွယ်တူမို့ ထောင့် မကျိုးလှဘူးထင်ခဲ့တဲ့ ဆရာဦးတိုးဆင့်တို့၊ ဦးယဉ်မောင်ကလေးတို့ ရှိတုန်း ကလေ။ ဟဲ့ ကောင်လေး ဟဲ့ ကောင်လေးနဲ့ သူတို့ကလည်း ခေါင်းခေါက် လိုက်၊ ဆံပင်ဆွဲလိုက်။ ဆရာကလေးတွေကလည်း၊ မမမေကလည်း မမထားကလည်းနဲ့ သူတို့လက်ပွေ့အိတ်တွေကို လုလားလုရဲ့၊ မုန့်လုစားလား စားရဲ့။

အင်း... ဒီတုန်းက ကွယ်ရာမှာ သူများတွေ ဝိုင်းဖွဲ့မေးငေါ့ကြတဲ့ အထဲ ငါတို့လည်းစိတ်တူကိုယ်တူ ပါခဲ့ဖူးသားပေါ့။ ဝင့်လည်တာပါပဲ။ တကယ်တော့ အပျိုကြီးလက်ဟောင်းများက အပျိုကြီးပေါက်စတို့ကို ပတ်ဝန်းကျင်ရဲ့ အထေ့အလှောင်ဒဏ်ကို ခံနိုင်ရည်ရှိအောင် သင်တူချင်း



www.burmeseclassic.com

ကိုယ်ချင်းစာနာစွာ နူတ်ဖြင့် သင်တန်းပေးခြင်းတစ်မျိုးမို့ သူတို့ကို မိ ကျေးဇူးတင်ထိုက်ပါရဲ့လေ။

ပြီး အပျိုကြီး အသိုက်အဝန်းတွေထဲမှာ မိက အငယ်ဆုံး ဖြစ်နေတာလည်း ကံဆိုးခြင်းတစ်မျိုးပဲဟု ထင်ပြန်သည်။ ကျန်သူတွေအားလုံး မိထက် ၆ နှစ်ကနေ ၁၀ နှစ်ကျော်အထိ အသက်ကြီးကြသူတွေချည်းပင်။

အင်း မိန်းမတို့ရဲ့ စွံခြင်း ဂုဏ်အင်္ဂါတွေထဲမှာ လှခြင်း၊ သခြင်း၊ ရွှခြင်းတွေအပြင် အရွယ်ငယ်ခြင်း ဆိုတာကလည်း ပါသေးသည်တဲ့။

ယောကျ်ားဆိုတာတွေက ကိုယ့်ထက် ငယ်ငယ်ကိုမှ ကြိုက်ကြတာလို့ သူတို့ ကြိမ်ဖန်များစွာ ပြောတတ်ကြစဉ်က သူတို့နှင့်မိမှာ သည်ဘက်တွင် ယှဉ်ပြိုင်စရာ အနေအထားသို့ ရောက်ခဲ့ပြီရယ်လို့ မိ နားမလည်ခဲ့။ တွေးကြည့်လျှင်တော့ ကံမကောင်းကြသူတွေကြားမှာ ရောနှောပါဝင်ရင်း ကိုယ်ပါ တဖြည်းဖြည်း ကံဆိုးလာရသည့်အဖြစ်မှာ လွန်စွာ စိတ်ဆင်းရဲစရာကောင်းသည်ပင်။

ပြီး မိ ဘဝင်မကျနိုင်တာတစ်ခုမှာ ကိုကြည်သွင် လူပျိုဘဝတုန်းကတော့ ဘာကြောင့် သည်လို မထိတတိ ရိတိတိအပြောမျိုးတွေကို မိ မကြားခဲ့ရသလဲ။ ဖောက်သည်ချသူတို့ပင် မိ့ကို ပြန်ပြောရန် မေ့နေကြလို့ပေပဲလား။

ကိုကြည်သွင် လက်ထပ်လိုက်မှ အကွက်တွေ့ကာ ပြောဖို့ ဖြန်းခနဲ သတိရလာကြလေသလား။ နေပါဦးလေ၊ မိ့အတွေးက ကိုယ့်ဘက်ကိုယ် ယက်လွန်းရာကျနေပြီ ထင်ပါရဲ့။ သူတော်ကောင်း ဖြစ်ချင်သူဆိုသည်မှာ မျှမျှတတ တွေးတတ်ရမည် မဟုတ်လား။ သည်တော့...

မိတို့ကကော သူတို့ပြောလောက်စရာဖြစ်အောင် နေခဲ့ကြသလား။

ဘယ်တုန်းကမှ မတွေးခဲ့ဖူးသော အတွေးမျိုးဖြင့် ကိုကြည်သွင်နှင့် ပတ်သက်ခဲ့သည်ကို မိ တွေးလိုက်ပြီ။

ကိုကြည်သွင်ကို ပထမဆုံး စတွေ့ရသည့် ညသည် မိ့အတွက်



www.burmeseclassic.com

မှတ်မှတ်ရရ ရှိခဲ့ပါသည်။

မီတို့ ညကျောင်းသို့ ကိုကြည်သွင်ရောက်လာတော့ နှစ်ဝက်ကျိုးနေပြီ။ ဆရာသစ် ရောက်လာသောနေ့က မီ သတိမထားမိဘဲ အခန်းထောင့်က သောက်ရေအိုးစင်မှာ ရေခပ်သောက်နေစဉ် ဆရာသစ်ကိုကြည်သွင်က အခန်းထဲ ဝင်လာခဲ့သည်။

ရေခွက်ကိုင်ထားသော မီ့လက် တုံ့ခနဲ ရပ်ဆိုင်းသွားသည်။ မီ့ရင်ထဲမှာလည်း ဒိတ်ခနဲ ခုန်သွားပြီ။ သူ သူလား။ မဟုတ်မှန်းသိတော့ မီက မျက်နှာပြန်လွှဲကာ ရေဆက်သောက်သည်။

သို့သော် စိတ်က မကျေနပ်သေး။ ထပ်ကြည့်မိပြန်သည်။ သူ မဟုတ်ပါ။ မီ မျက်နှာလွှဲပြန်သည်။ လွှဲပြီးသည့်နောက်မှာပင် တစ်ခါ ထပ်ကြည့်မိသေးသည်။ ယင်းသို့ သုံးကြိမ်သုံးခါတိုင်သေချာစွာ စူးစိုက်ကြည့်ခဲ့ရသည့်အဖြစ်ကို ကိုကြည်သွင်ပင် သိမည်မဟုတ်။

မီကလည်း ဘယ်သူ့ကိုမျှပြောမပြခဲ့။ ပြောပြ၍ ဖြစ်နိုင်စရာလည်း အကြောင်းမရှိ။ သူ ဆိုသည်မှာ မီ့ချစ်သူ မဟုတ်ပါပေ။ ချစ်မိသူဟု ပြောရန်လည်းမီဘဝင်မကျပါပေ။ လှုပ်ရှားမိသူပဲဟု လွယ်လွယ်ဆိုလျှင် သင့်မည်ထင်သည်။ သည်နေရာတွင် အပျိုကြီး မီက အချစ်ဆိုသည်ကို ဘာလဲဟု ခွဲခြမ်းစိတ်ဖြာကြည့်ချင်လေသည်။

သူသည် မလှ။ လူတော်လူကောင်းဖြစ်ပေမဲ့ မီနှင့် ပတ်သက်လျှင် တော်လွန်း ကောင်းလွန်းသည်ဟု မဆိုသာ။ တစ်ယောက်ကို တစ်ယောက် နားလည်လှသည်လည်းမဟုတ်။ နားလည်အောင် ကြိုးစားနိုင်ခွင့်လည်း မရခဲ့ကြ။

သူနှင့် ပတ်သက်လျှင် မီမှာ ပြောလောက်စရာ မည်မည်ရရလည်း ဘာမျှမရှိ။ သူ့ကို မမျှော်လင့်သောအချိန်၊ မမျှော်လင့်သော နေရာမျိုးမှာ မမျှော်လင့်ဘဲ စိတ်လှုပ်ရှားဖွယ် ဖြုန်းခနဲဖြုန်းခနဲ တွေ့ရတတ်ခြင်းနှင့် ယင်းသို့ တွေ့လိုက်တိုင်း မီ့ရင်ထဲမှာ အမည်ဖော်ပြနိုင်စွမ်းမရှိသော

www.burmeseclassic.com

သိမ်မွေ့နူးညံ့သည့် လှုပ်ရှားမှုကလေး ပေါ်ပေါက်လာတတ်ခြင်းသာ မိ့ဘက်က သူနှင့်ပတ်သက်၍ ပြောလောက်စရာ ထူးခြားချက်ဖြစ်ပေသည်။

ကိုယ်တိုင်က လက်တွေ့သမားဖြစ်သည့်ပြင်၊ စိတ်ကူးယဉ်အရွယ်ကို များစွာ ကျော်လွန်ခဲ့ပြီဖြစ်သော မိသည် ထိုသူတစ်ယောက်နှင့် ပတ်သက်လာလျှင် ရံဖန်ရံခါ စိတ်ကူးယဉ်မိဖူးလေသည်။

သို့ပေမဲ့ မိ့ဘဝက စိတ်ကူးယဉ်အိပ်မက်ထဲမှာ မိန်းမောနေဖို့တော့ အခွင့်မပေး။ မိကလည်း မိန်းမောနေဖို့ အားမထုတ်တတ်။

သို့သော် မိ့ဘဝမှာ အချစ်ရေး၊ အိမ်ထောင်ရေးတို့ကို တွေးတောစဉ်းစားဖို့ ကြုံလာသည်နှင့် တစ်ပြိုင်နက် သူ့ကိုသာ မဆီမဆိုင် ဖျတ်ခနဲ သတိရလာတတ်သည်။ ယင်းကိုပင် အချစ်ဟုဆိုလျှင် မိသည် ကိုယ့်ဒုက္ခ ကိုယ်ရှာခဲ့သော မိန်းကလေးသာ ဖြစ်လိမ့်မည်။

ယင်းသို့လျှင် သူ အမှတ်နှင့် စတွေ့ခဲ့ရခြင်း သည်ပင် ကိုကြည်သွင့် အပေါ် မိ၏ နှစ်လိုသော ခင်မင်မှုအစပြုစေခဲ့သည်လား မဆိုနိုင်။

သို့သော် မိတို့၏ခင်မင်မှုမှာ သည်တစ်ချက်တည်းအပေါ် တည်နေသည်တော့ မဟုတ်ပေ။ ဖျတ်ခနဲ မြင်လိုက်ရသော တဒင်္ဂလှုပ်ရှားမှု ဟန်ပန်မှာသာ ကိုကြည်သွင်သည် သူနှင့် တူသယောင် ထင်ရသော်လည်း သေချာစွာ ကြည့်လျှင်တော့ မျက်နှာပေါက် စကားပြောဟန်မှ စ၍ စိတ်နေစရိုက်အထိ ဘာမျှမဆိုင်။

ကိုကြည်သွင်၌လည်း မိနှစ်သက်သော သီးသန့်အရည်အချင်းတွေ များစွာ ရှိနေသည်ပင်။

လုပ်ဖော်ကိုင်ဖက်တွေအဖြစ် စသိပြီး၊ တစ်နှစ်ခန့်အတွင်းမိနှင့် ကိုကြည်သွင်မှာ မှန်တန်းလောက်ပင်။ နောက်တစ်နှစ်တွင် ဆရာ ဆရာမတွေ တစုတဝေးကြီး လေ့လာရေး ခရီးရှည်တစ်ခုကို ထွက်ခဲ့ကြရာ ခရီးရှည် အတွင်း လူ့စရိုက်အသီးသီးတို့ ထွက်ပေါ်လာမြဲဖြစ်သည့်အတိုင်း စရိုက်တူကြသော မိတို့ရောင်းရင်းတစ်သိုက်နှင့် ကိုကြည်သွင် စတင်ခင်မင်မိကြလေ



www.burmeseclassic.com

သည်။ ထိုအချိန်မှစ၍ လုပ်ခွင် အားလပ်ချိန်၌လည်း စုဝေးစကား ပြောဖြစ်ကြလေသည်။

တစ်ခါသော် ကိုကြည်သွင်သည် ဆိုင်းမပါ ဗုံမဆင့်ဘဲ မို့ကို ဝေမှာ့အကြောင်း ဖြုန်းခနဲ ပြောပြခဲ့လေသည်။ "ကျွန်တော့်အမျိုးသမီးက" ဟု အစချီကာ အဆင်မပြေသေး၍ သူတို့ လက်မထပ်နိုင်သေးကြောင်းတွေ အထိ ရောက်သွားလေသည်။

ပထမတော့ မို့သည် မိမိက မစပ်စုရဘဲ ပြောလာသည့် ကိုကြည်သွင့်ကို အံ့ဩလေသည်။ နောက်တော့ သူ့ကိုများ ငါက တိမ်းညွတ်နေတယ် ထင်လို့ ဘေးဆီးရန်ကာ ကြိုပြောထားတာဆိုရင်တော့ အတော်ကြီးကျယ်တဲ့ လူပဲဟု မိမိဘာသာ အတွေးနက်ကာ ကိုကြည်သွင့်ကို ငြူစူမိခဲ့သေးသည်။

သို့သော် နောင် သွေးအေးစွာ တွေးမိသောအခါ ကိုကြည်သွင့်ကို နားလည်လာလေသည်။

မို့တို့မှာ အထီးကျန်သမားတွေဖြစ်ရာ အများအမြင်ဝယ် အထီးကျန် သမားဟူသည် အထင်သေးစရာ မဟုတ်သည့်တိုင် ကရုဏာထားစရာ မိမိတို့၏ ဘဝကွက်လပ်ကို ဖြည့်တင်းရန် ငံ့လင့်နေကြသူတွေဟု ထင်ချင် စရာသာတည်း။

အကယ်၍ မို့ ရင်ထဲမှာ သူ ရှိနှင့် မနေဘူးဆိုလျှင် ကိုကြည်သွင် သည်လည်း မို့နှင့် ဘာသာမတူသော ခရစ်ယာန်တစ်ယောက် မဟုတ်ဘူး ဆိုလျှင် ကိုကြည်သွင့်ကို မို့က ယခုထက် နည်းနည်းပိုအထင်ကြီးမည် ဆိုလျှင် မို့သည် မိမိ၏ရုပ်ရည်မှာ အလှမက်ယောကျ်ားများအတွက် မဟုတ်သည်ကို နားလည်မထားဘူးဆိုလျှင် ကိုကြည်သွင့်ကို မို့မျှော်လင့်နိုင်ခဲ့ ကောင်းပေသည်။

သို့သော် မို့ဘက်က 'ဆိုလျှင်' တွေကို ကိုကြည်သွင် မသိနိုင် ဖြစ်ရာ ကိုကြည်သွင် ၏ လုပ်ရပ်သည် ရိုးသားသူတို့၏ သန့်စင်သော ပွင့်လင်းမှုသာ ဖြစ်ခဲ့ပေသည်။ မည်သို့ပင်ဖြစ်စေ၊ သည်အချိန်က



www.burmeseclassic.com

စ၍ ကိုကြည်သွင့်ကို မှီ စိတ်ချယုံကြည်ခဲ့လေပြီ။

ယုံကြည်မှုသည် ဆက်ဆံရေးကို ရဲရင့်စေသည်တော့ အမှန်ပင်။ အခြားသော သူစိမ်းယောကျ်ားတစ်ယောက်နှင့် မပြောရဲသော စကားတို့ကို ကိုကြည်သွင်နှင့်ဆိုလျှင် မှီ ပြောရဲသည်။

အချိန်လင့်နေပြီဖြစ်သော ညကျောင်းအဆင်းတွင် ကားအတူစီးကာ လူပြတ်၍ မှောင်သောလမ်းတွင်လည်း အတူလျှောက်ကာ ပြန်ရဲသည်။ ကိုကြည်သွင်သည် နှုတ်လက်အမူအရာတွင်သာမက မျက်လုံးမှာပါ "စည်း"ရှိသူတည်း။

တကယ်တော့ ကိုကြည်သွင်သည် ခြောက်ပြစ်ကင်း သဲလဲစင် မဟုတ်ခဲ့ပါပေ။သူ့ဘဝတွင် အမှားများစွာကို ပြုခဲ့ဖူးသူ ဖြစ်ပေသည်။

"အဲဒီတုန်းက အချစ်ဦးနဲ့ကွဲစ၊ စိတ်လေတုန်းပေါ့၊ အစ်ကို ဝမ်းကွဲလင်မယားက အောင်သွယ်ပေးတာနဲ့ ကောင်မလေးတစ်ယောက်နဲ့ ကြိုက်ကြရော၊ ဒါပေမဲ့ ကောင်မလေးအိမ်က သိပ်ချုပ်ချယ်လွန်းတော့ ကျွန်တော်တို့လည်း လွတ်လွတ်လပ်လပ် တွေ့ခွင့်မရခဲ့ပါဘူး၊ ကြာတော့ ကျွန်တော်လည်း စိတ်ပျက်လာတယ်။

"ဒါနဲ့ တစ်နေ့တော့ အစ်ကိုလင်မယားနဲ့အတူကျွန်တော်တို့နှစ်ယောက် ရုပ်ရှင်သွားကြည့်ဖြစ်တယ်၊ ကားနာမည်က 'ဖူးစာလမ်းဆုံ'တဲ့၊ ရုပ်ရှင်ပြီးလို့ ရုံကလည်းထွက်ရော ကျွန်တော်က ကောင်မလေးကို 'ကဲ ဖူးစာလမ်းဆုံကြည့်ပြီး ဒီဖူးစာလမ်းဆုံကပဲ လမ်းခွဲကြစို့'လို့ နောက်သလိုပြောပြီး ထွက်ခဲ့မိတယ်။ အဲဒီနောက်ပိုင်းလည်း ကောင်မလေးဆီ တစ်ခေါက်မှ မရောက်ဖြစ်တော့ဘူး"

အင်း... တော်ရုံလူ သူ့လို ဝန်ခံမည်မဟုတ်ဟု တွေးကာ သူ၏ စကားပြောဟန်ကို မှီသဘောကျသွားလေသည်။ သို့သော် မှီကလည်း ဆရာမပိပိ ဝေဖန်ဖို့တော့ ဝါသနာပါသူပင်။

"နုနယ်တဲ့ နှလုံးသားတစ်ခုကို ခွဲခဲ့တယ်လို့ ဆရာတစ်ခါမှ



www.burmeseclassic.com

နောင်တမရဘူးလား၊ ဆရာလုပ်ပုံက ပေါ့တန်လွန်းတယ်၊ စိတ်အလိုလိုက်ရာ ကျလွန်းတယ်၊ ကျွန်မတော့ ဒီပြစ်မှုအတွက် ဆရာ့ကို ခွင့်မလွှတ်ပါဘူး”

ထိုအခါ ကိုကြည်သွင့်မျက်နှာမှာ အဝေဖန်ခံရသည်ကို ကျေနပ်ပုံ မတွေ့။ သို့သော် နောက်တစ်ခါ စကားကြုံလာလျှင် သူ့ဇာတ်လမ်းတွေကို မှီက မမေးရဘဲ ပြောပြတတ်ပြန်လေသည်။ မှီကလည်း ဝေဖန်ပြန်သည်။

တကယ်တော့ ဟိတ်ဟန်မထုတ်တတ်သူ ကိုကြည်သွင့်ကို မှီ အထင်မကြီးပေ။ သူ့အပြုအမူတွေထဲမှာ နှစ်ခြိုက်စရာ တစ်ခုခုကို အမြဲတမ်း ရှာတွေ့ခဲ့သည့်အတွက်လည်း ကိုကြည်သွင့်ကို မှီ အထင်မသေးပေ။

နှစ်ခြိုက်စရာတွေထဲမှ မှီ အနှစ်ခြိုက်မိဆုံးကား ကိုကြည်သွင့်တွင် ရှက်ကိုးရှက်ကန်း ရှိုးတိုးရှန့်တန့် အမူအရာမျိုးကို ဘယ်တော့မှ မတွေ့ရခြင်းဖြစ်သည်။

ကိုကြည်သွင်ကား အစဉ် လိပ်ပြာလုံနေသူသာတည်း။ ဣန္ဒြေကြီးနှင့် ထိန်းချုပ်မှုသိပ်ကာ သိက္ခာတင်တတ်သော အမူအရာမျိုးမရှိဘဲ လုပ်ချင်သည်ကို သင့် မသင့်ကြာရှည်စဉ်းစားမနေဘဲ ကိုကြည်သွင် လုပ်တတ်သည်။

သို့သော် မပြုသင့်ဟု ထင်ရဖွယ်ရှိသော အမှုမျိုးကို သူပြုလျှင်ပင် တစ်ဖက်လူအတွက် စိတ်ရှင်းနေတတ်သည်မှာ ကိုကြည်သွင်၏ ထူးခြားသော အရည်အချင်းတစ်ရပ်ပင်။

“ကျွန်တော့် အမျိုးသမီးက ဘော်လီချုပ်ချင်တယ်ဆိုလို့ ကျွန်တော့် ယိုးဒယားဇာပေါက်စွပ်ကျယ်နှစ်ထည် ပေးလိုက်ရတယ်၊ ဆရာမတို့လည်း ချုပ်ပါလား၊ ပုံကျတယ်ပြောတယ်၊ ဝတ်လို့လည်း ကောင်းသတဲ့”

“ဆရာမရဲ့ခေါက်ထီးက အတော်စုတ်နေတာပဲ၊ ကျွန်တော့်ပေးလိုက်၊ ရုံးသွားရင် ပြင်ခဲ့ပေးမယ်”

သည်လိုလည်း ကိုကြည်သွင့်ကို မိန်းမချင်း ပေါင်းသလိုပေါင်း၍ ရသေးသည်ပင်။ တစ်ခါတစ်ရံ မှီသည် ကိုကြည်သွင် ယောကျ်ားတစ်ယောက်



www.burmeseclassic.com

ဖြစ်သည်ဆိုခြင်းကို မေ့လျော့နေမိလေသည်။

ကိုကြည်သွင်ကလည်း မို့ကို မိန်းမတစ်ယောက်ဟု ခွဲခြား မြင်ပုံမရ။ ယောကျ်ားတွေ မိန်းမကို ကြည့်သည့် အကြည့်မျိုးဖြင့် ကိုကြည်သွင် မို့ကို တစ်ခါမျှ မကြည့်ခဲ့ဖူးဘူး။

တခြားသူတွေထက် ပို၍ မို့ကို ကိုကြည်သွင် ခင်တွယ်လာခြင်းမှာ အကြောင်းတစ်ကြောင်း ရှိပြန်သေးသည်။ ယင်းကား နှစ်ယောက်စလုံး စာရေးဆရာဖြစ်ချင်နေကြခြင်းပင်တည်း။

မို့က စာဖတ်သလောက် ကိုကြည်သွင် စာမဖတ်သောကြောင့် စာအုပ်အကြောင်းနှင့် ပတ်သက်၍တော့ သူတို့ သူတို့ချင်း ဆွေးနွေးလို့မရ။

သို့ပေမဲ့ အသီးသီးရေးသားထားကြသော မိမိတို့၏ စာမူကလေး များကို တစ်ယောက်တလဲ ပေးဖတ်ကာ ဝါသနာပီတိ ကလေးတွေကိုတော့ ရှာဖွေနိုင်ခဲ့ကြသည်ပင်။

ထိုအခါတွင်လည်း မို့ကသာ ဝေဖန်ရေးသမားဖြစ်ကာ ကိုကြည်သွင် ကမူ မို့ကို ဘယ်တော့မှ မဝေဖန်။ "ကောင်းတယ် ဆရာမ၊ ကျွန်တော် ကြိုက်တယ်"ဟုသာ စိတ်ချမ်းသာအောင် ပြောတတ်လေရာ ပုထုဇဉ်ဖြစ် သောမို့သည် အဘယ်မှာလျှင် ချီးမွမ်းခြင်းကို ဝမ်းမမြောက်ဘဲ ရှိလိမ့်မည် နည်း။ ချီးမွမ်းသူကိုလည်း မခင်မိဘဲရှိလိမ့်မည်နည်း။ မို့ခင်သော ကိုကြည်သွင် သည် တစ်ခါကလည်း လုပ်ဖော်ကိုင်ဖက်များအလယ်တွင် မို့ဘက်က ရပ်တည်ခဲ့ဖူးလေသည်။ ထိုစဉ်က မို့သည် ခင်မင်သော ရောင်းရင်းတစ်စုကို အကြောင်းပြု၍ လုပ်ခွင်သစ်တစ်ခုသို့ ရောက်ရှိသွားရာ ဆရာတစ်ဦးနှင့် ထိပ်တိုက်တိုးမိလေသည်။

ထိုဆရာသည် သူ့ထက် အသက်များစွာငယ်၍ ပညာရည်ချင်း မယှဉ်သာအောင် နုသေးသော၊ မိန်းကလေးလည်း ဖြစ်သော မို့ကို တွေ့တွေ့ချင်း ဆီး၍ ပြိုင်ဘက်သဖွယ် သဘောထားကာ လုပ်ခွင်ပိုင်းတွင် နှိမ်ချင်သော သဘောတွေလည်းပြကာ လူ့အခွင့်အရေးတချို့ကို မို့အား



www.burmeseclassic.com

ပေးဟန်ပြု၍ မိရနိုင်ခဲသော ပိုကောင်းသည့် အခွင့်အရေးတစ်ခုကို လုယူသလို လုပ်ခဲ့ကြသည်ဟု မိတို့က ယူဆလေသည်။

ယင်းကိစ္စကို ကျန်လူများက သာမန်မျှ သဘောထားနိုင်ခဲ့သည့်တိုင် ကာယကံရှင် မိကိုယ်တိုင်ကလည်း အကြောင်းကြောင်းကိုထောက်၍ ကျေနပ်စွာ နောက်ဆုတ် ရှောင်တိမ်းနိုင်ခဲ့သည့်တိုင် ကိုကြည်သွင်ကမူ မိ့ဘက်က အကြီးအကျယ် မကျေမနပ်ဖြစ်လေသည်။ ထိုစဉ်က မိကပင် ကိုကြည်သွင့်ကို ပြန်တောင်းပန်ခဲ့ရဖူးသည်။

"ကျွန်မကိစ္စကြောင့် ဆရာ့အပေါ် လုပ်ဖော်ကိုင်ဖက်တွေက အမြင်တစ်မျိုး ပြောင်းသွားကြမယ်ဆိုရင် ကျွန်မ စိတ်ကောင်းနိုင်ပါ့မလား၊ ဆရာ့စေတနာကို ကျွန်မ နားလည်တယ်ဆိုရင် ကျေနပ်ပါတော့ ဆရာ၊ ဟိုလူကိုလည်း မေ့ပစ်လိုက်ပါ၊ လောကမှာ သူများကိုတိုက်ခိုက်ပြီးမှ ကိုယ့် တိုးတက်လမ်းရှာတတ်တဲ့လူမျိုးလည်း ရှိပါလားလို့ လူ့စရိုက်တစ်ခုကို နားလည်ခွင့် ရလိုက်တာဟာ ကျွန်မတို့အတွက် အမြတ်ပါပဲ။

"ကျန်လူတွေ ကျွန်မဘက်က မပါရကောင်းလားလို့လည်း ဆရာ မငြိုငြင်ပါနဲ့၊ အရေးကိစ္စကြုံခဲ့တဲ့အခါ ကိုယ့်ဘက်မှာ လူတိုင်းမရှိကြဘူးဆိုရင် ကိုယ့်ဘက်ကလည်း တစ်ခုခုမှားနေလို့ပဲပေါ့ ဆရာရယ်၊ ကျွန်မ တစ်နေရာရာမှာ ညံ့နေလို့ဖြစ်မှာပေါ့"

ထိုစကားတွေကို ပြောခဲ့စဉ်က မိ ဝမ်းနည်းနေခဲ့သည် ထင်သည်။ သို့သော် အရေးကြုံလျှင် အားထားစရာ ကိုကြည်သွင် တစ်ယောက်တော့ ရှိသေးရဲ့လေဟု ဝမ်းနည်းနေသည့်ကြားက မိ အားတက်ခဲ့မိလေသည်။

ပြီး ကိုကြည်သွင်၏ ကျေးဇူးတုံ့ပြန်ရန် မမေ့တတ်သော အကျင့်ကလေးကိုလည်း မိ အသိအမှတ်ပြုရပေဦးမည်။ ဝေမာ ကလေးကို မိ စာသင်ပေးနေစဉ်ကဆိုလျှင် သူတို့စုံတွဲလာတိုင်း မိစားဖို့ စားစရာတစ်ခုခု တော့ ကိုကြည်သွင့်လက်ထဲတွင် ပါလာမြဲပင်။

ဝေမာကလေး စာမေးပွဲအောင်တော့ ခရစ်ယာန်တွေမို့ ဟန်တော့

www.burmeseclassic.com

သည်ဟူသော အစဉ်အလာမရှိပေမဲ့ ဝေမာက မမမှိဖို့ လက်ဆောင်ဟုဆိုကာ အင်္ကျီစတစ်စ ပေးခဲ့ဖူးသေးသည်။ ဒါရိုက်တာကား ကိုကြင်သွင်ပင်။

တစ်ခါကလည်း အချိန်ပိုတက်ရသော တနင်္ဂနွေနေ့များတွင် မှိက ကိုကြည်သွင်ဖို့ပါ ထမင်းပိုထည့် ယူလာပေးခဲ့ဖူးရာ သုံးလေးပတ် အကြာတွင် ကိုကြည်သွင်တစ်ယောက် ငါးကင်တစ်ကောင်ဆွဲလျက် မှိတို့အိမ် မီးဖိုချောင်အထိ ဝင်ပေးဖူးသည်။

"ဆရာမကျွေးတဲ့ ထမင်းချည်း စားစားနေပြီး ခေါက်ဆွဲကလေး လက်ဖက်သုပ်ကလေးအစ ကျွန်တော် ဝယ်မလာနိုင်ခဲ့တာ စိတ်ထဲမှာ နေလို့မဖြောင့်ဘူး၊ အကြွေးတင်နေသလိုပဲ၊ ခုမှပဲ ကျေနပ်သွားတော့တယ်"

ထိုစဉ်က ငါးတစ်ကောင်ရသော မှိထက် ငါးတစ်ကောင်ပေးရသော ကိုကြည်သွင်က ပို၍ ဝမ်းသာကျေနပ်နေခဲ့ဖူးလေသည်။

သွေးမစပ်သော လိင်ကွဲလူသားနှစ်ယောက် စိတ်ချင်း ရင်းနှီးကြသည် ဆိုသည်နှင့် ငြိစွန်းကြရိုးလား။ လောကတွင် ရမ္မက်မပါသော ငြိတွယ်မှုမျိုး ကော မရှိနိုင်ပေဘူးလား။

တစ်ယောက်ကိုတစ်ယောက် စေတနာတွေလည်းထားကာ အရေး ကိစ္စကြုံလျှင် ရှေ့ဆုံးမှ အူလှိုက်သည်းလှိုက် ကူညီဖေးမ ဖော်လည်းရကာ စိတ်ဝေဒနာတွေကို ဝေမျှခံယူတိုင်ပင် အားထားဖော်လည်းရကာ၊ ချစ်သူ သက်ထားတွေဟူသော အသိမျိုး မဝင်စားဘဲ ဖြစ်လာလိမ့်မည်ဟုလည်း ဘယ်တော့မှ မမျှော်ကိုးဘဲ လက်တွဲနိုင်သည့် "ဘဝရောင်းရင်း"ဆိုသည် ကော မရှိနိုင်ပေဘူးလား။

မိမိမှာ ယင်းသို့သော ဘဝရောင်းရင်းမျိုးကို ရှားရှားပါးပါး ရခဲ့သည့်အတွက် "မရှိနိုင်"ဟု ဆိုသူတွေထက် ကံကောင်းလေခြင်းဟု ကိုယ့်ဘဝကိုယ် ကျေနပ်တတ်လျှင်ဖြင့် မှိ စိတ်ချမ်းသာပေလိမ့်မည်။

သို့သော် မှိသည် အတ္တဆန်သူ ဖြစ်ပါသည်။ ယခုပင် ပတ်ဝန်းကျင် အလယ်မှာ ငါ သိက္ခာတွေကျနေပြီလားဟု ကိုယ့်အတွက် ရှေ့တန်းတင်ကာ



www.burmeseclassic.com

တွေးနေသည်။ ဘာပဲဖြစ်ဖြစ် ကိုကြည်သွင်နှင့် ဆက်ဆံရေးကိုတော့ ယခင်ကလို မဖြစ်စေသင့်တော့ပြီ ထင်ပါရဲ့။

ပတ်ဝန်းကျင်ကား ဇာချဲ့တတ်သူဖြစ်ရာ ယင်း၏ ရိုက်ခတ်မှုဒဏ်ကို မှီနှင့် ကိုကြည်သွင်သာမက ကိုကြည်သွင်ချစ်သော မှီ့ကိုလည်း နားလည် နေသော ဝေမာကလေးကိုပါ မခံစားချင်ရိုး အမှန်ပင်။ သြော်...ပွင့်လင်းရဲရင့် မှုတွေ အားနည်းသွားသဖြင့် မှီ့မျက်လုံးတွေ ယခင်လို မကြည်လင်တော့ဘဲ မှုန်ဝေနေတော့မည်ထင်ရဲ့။

ကိုကြည်သွင်နှင့် ပြန်ဆုံကြတော့ မှီ့မျက်လုံးတွေ ပြန်လည်ကြည်လင် နေပြီ။ ကိုကြည်သွင်မှာလည်း ကံကောင်းသူတို့၏ လန်းဆန်းတက်ကြွသော ချစ်သစ်စမျက်နှာ ဝင်းပပဖြင့် ပို၍ ချောမောသွက်လက်နေသယောင်ပင်။

သို့သော် အပြန်ခရီးတွင် မှီမျက်လုံးတွေ မှုန်ဝေခဲ့ပြန်လေသည်။ အရေးထဲ ကိုကြည်သွင်က မှီတို့အား ခွင့်တောင်းကာ မလှမ်းမကမ်းရှိ ပလာတာဆိုင်သို့ ထွက်သွားခဲ့သေးသည်။ ကိုကြည်သွင် ပြန်မရောက်လာ မီပင် ဟီးနိုးကားက လာနေသည်။ အချိန်လင့်နေပြီမို့ ဘယ်သူမှ ကိုကြည်သွင့်ကိုစောင့်ဖို့ စိတ်မကူးကြ။

ငါလိုက်သွားရကောင်းမလား၊ ကိုကြည်သွင့်ကို စောင့်ရကောင်း မလား၊ အို...သူက ယောကျ်ားလေးပဲ၊ စောင့်ဖို့မလိုပါဘူး၊ ပြီးတော့ ငါ့အိမ်နား လူပြတ်ပြီး မှောင်တဲ့လမ်းတွေကိုလည်း ငါ လျှောက်ရဲသားပဲ၊ လျှောက်လည်း လျှောက်ရဲရမှာပဲ၊ ဒါပေမဲ့ ခါတိုင်း ငါ့ကို စောင့်နေကျဖြစ်တဲ့ သူ့ကို ငါ ထားခဲ့ရင်...

မှီသည် တွေးရင်း ရောင်းရင်းကိုကြည်သွင်ကို အားနာ၍ လာလေ သည်။ မှီ့အပေါ် သူ၏ ကောင်းကွက်ကလေးတွေက တစိမ့်စိမ့်ပြန်မြင် လာကာ မိမိ၏အတ္တမာန်ကို အတတ်နိုင်ဆုံး ပြန်လည် သန့်စင်ကြည်လင်မှု အားထုတ်လိုက်လေသည်။

နေပါဦး ငါ အခု ဘယ်သူ့အတွက် တွန့်ဆုတ်နေတာတုံး၊



www.burmeseclassic.com

ငါ့အတွက်လား၊ ကိုကြည်သွင့်အတွက်လား၊ ဟို အပျိုကြီးတွေ အတွက်လား၊ ငါ့အတွက်ဆိုတာကတော့ မဖြစ်သင့်ဘူး။

ငါ ပုံမှန်ဆက်ဆံရေးမှ သွေဖည်လိုက်လျှင် ကိုကြည်သွင် ဘယ်လို ခံစားရမလဲ၊ အစဉ် လိပ်ပြာလုံခဲ့တဲ့ ကိုကြည်သွင့်မျက်နှာထားကို တွန်ဆုတ်တဲ့ ငါ့အမူအရာက ပျက်ပြားစေတော့မှာပဲ၊ ငါ ခင်မင်နှစ်သက်မြဲဖြစ်တဲ့ ပွင့်လင်း လွတ်လပ်တဲ့ သူ့အပြုံးကလေးလည်း ကွယ်ပျောက်သွားတော့မှာပဲ။

ဟို အပျိုကြီးတွေအတွက်ကတော့ ပါးစပ်အယားပြေ ပြောစရာ သတင်းစကားတစ်ခု ရလိုက်မှာပေါ့၊ ကြည့်ပါလား၊ အခု မိ တွေးနေပြီလေ၊ ဦးကြည်သွင်နဲ့လည်း ခပ်တည်တည်ပဲ၊ ဟိုလူကလည်း ငါးနှစ်ကောင် ဖမ်းတာ၊ ဒီဘက်မှာတော့ ဖျံပဲဟု ရည်းစားအကြိမ်ကြိမ် ပျက်ခဲ့ဖူးသော ကိုကြည်သွင်၏ အားနည်းချက်ကိုပါ ချမ်းသာမပေးဘဲ ဖြည့်စွက်ပြောကြရင်း စိတ်ဖြေစရာ ရကြဦးမည်၊ တတ်နိုင်လျှင် မိက အားလုံးကို စိတ်ချမ်းသာ စေချင်ပါသည်။ သို့သော် မိ့ကို တကယ်တမ်း စိတ်ချမ်းသာစေခဲ့သူက ဘယ်သူလဲ။

ထိုစဉ် မိ့အတွေးဝယ် နားစွဲနေသော စကားစု တစ်စု ဖျတ်ခနဲ ပေါ်လာသည်။ ဘာကြာသေးလဲ။ ဟိုတစ်ပတ်ကပင် စာရေးဆရာ ဖြစ်ချင်၍ နည်းနာတောင်းခံလာသော မိ့ကို ဆရာကြီးတစ်ဦးက ဩဝါဒပေးခဲ့ဖူး သေးသည် မဟုတ်လား။

“မင်း စာရေးဆရာဖြစ်ချင်ရင် အဝေဖန်ခံနိုင်ရမယ်၊ ရိုးရမယ်၊ ရဲရမယ်”

ဆရာသည် စာရေးတတ်ဖို့သာ နည်းလမ်းပေးလိုက်သည်မဟုတ်နိုင်။ ဘဝမှာ နေတတ် ထိုင်တတ်ဖို့လည်း မိ့ကိုနည်းလမ်းပေးလိုက်ခြင်း မည်ပေမည်။ မိဦးချကန်တော့အပ်ပါသည်။

စိတ်လက်ပေါ့ပါးသွားသော မိသည် “ဩော်...ငါဟာ သတ္တိနည်း



www.burmeseclassic.com

တုန်း၊ တွေဝေတတ်တုန်းပါကလား”ဟု ကိုယ့်ကိုကိုယ် ရှုတ်ချ လှောင်ရယ် လိုက်လေသည်။ ပြီးလျှင် ဆိုက်လာသော ကားဆီသို့ ပြေးသွားနေကြသော အတူပြန်ဖက် ဆရာမတစ်စုကို “သွားနှင့်ကြတော့၊ ကျွန်မ ဆရာသွင်ကို စောင့်လိုက်ဦးမယ်”ဟု အော်ပြောလိုက်သည်။

သို့သော် ကိုကြည်သွင်က မှီ့နောက်မှာ ရောက်လာပြီ။ လက်ထဲမှာ လည်း ဝေမာစားဖို့ ပလာတာထုပ်ကလေးကို ကိုင်ကာ ဘီးလိမ့်စပြုသော ဟီးနိုးကားကို မေးထိုးကာ–

“တက်လေ တက်လေ ကားထွက်တော့မယ်”ဟု ပြောရင်း မှီ့ကို လှမ်းပေးနေသည်။

မှီ့ရောင်းရင်း ကိုကြည်သွင်၏ ပွင့်လင်းရဲရင့်သော မျက်လုံးများကား မှီ့လိပ်ပြာကို သရော်နေဟန်ပါတကား။

[ရှုမဝ၊ ဇန်နဝါရီ ၁၉၇၇]

www.burmeseclassic.com

www.burmeseclassic.com

# အမှတ်တရကလေးများကို ဖျောက်ဖျက်ခြင်း

ယနေ့မနက် စောစောကပင် အနိဋ္ဌာရုံတစ်ခုက အိမ်တိုင်ရာရောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သောကြောင့် မငြိမ်းအေး စိတ်မချမ်းသာ။

သယ်ဆောင်လာသူမှာ နေအိမ်ချင်းလည်း သိပ်မဝေးလှသော ကျောင်းနေဖက် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း တစ်ဦးပင်တည်း။

မနက်စောစောစီးစီး ရောက်လာသောသူ့ကို အံ့သြနေမိစဉ်မှာပင် သူသည် မငြိမ်းအေးကို ဖြန်းခနဲဖက်ကာ ရှိုက်ငင်သည်းစွာ ငိုကြွေးခဲ့လေသည်။ ပြီးလျှင် သူ့ဝေဒနာကို ဗလုံးဗထွေး အစီအစဉ်မရှိ ဦးတည့်ရာသို့ သွေးရူးသွေးတန်း လျှောက်ပြောနေလေသည်။

အစပထမ၌ ဘာကိုနားထောင်ရမှန်း မငြိမ်းအေးမသိ။ တဖြည်းဖြည်း လိပ်ပတ်လည်လာတော့မှ မငြိမ်းအေး၏မျက်စိထဲဝယ် အဖက်ဖက်က ကျားကန် တည်ဆောက်ထားပါလျက် တစ်စချင်း တစ်ဖဲ့ချင်း ပြိုကျသွားသော သူငယ်ချင်းဖြစ်သူ၏ နှလုံးသားဗိမာန်ကလေး ပေါ်လာလေသည်။

သောကဝေဒနာ ဖိစီးလျက်ရှိသော သူငယ်ချင်းဖြစ်သူကို မငြိမ်းအေး မည်သို့ နှစ်သိမ့်အားပေးရမှန်း မသိခဲ့။ သူငယ်ချင်း၏ မျက်နှာကိုပင် မကြည့်မိအောင် ရှောင်လွှဲထားရလေသည်။ မငြိမ်းအေးသည် မျက်ရည် ခိုင်သော မိန်းကလေးဖြစ်ပေမင့် နှလုံးကမူ မခိုင်လှပေ။ ယခုလည်း

ကာယကံရှင် သူငယ်ချင်းထက်ပင် အားအင်ကုန်ခန်းနေမိလေသည်။

ဝေဒနာကို ထုတ်အန်လိုက်ရသဖြင့် ရင်အတော် ပေါ့သွားဟန်ရှိသော သူငယ်ချင်းကမူ မငြိမ်းအေးကို အားကိုးလိုဟန်ကြည့်နေရှာသည်။ သူသည် သူတို့ပြဿနာတွင် မငြိမ်းအေးကို ကြားဝင်ပေးစေချင်ဟန် ရှိလေသည်။

အချစ်ရေတိမ်တွင် နစ်နေသော သူ့အဖို့ မငြိမ်းအေးကိုပင် နောက်ဆုံး ကောက်ရိုးတစ်မျှင်အဖြစ် အားထားချင်ပုံ ရပေသည်။ သူ့ဆန္ဒကို ရိပ်စားမိပေမဲ့ မငြိမ်းအေးကမူ မလိုက်လျောချင်။ သူ့ဇာတ်လမ်းမှာ ပြည်ပန်းညို ချိုချင်လျက် ဆားဖျက်သော ဇာတ်လမ်းမျိုးမဟုတ်ဘဲ လူတွင်ပါ၍ နွားကျားကိုက်သော သို့မဟုတ် ငါးစိမ်းမြင် ငါးကင်ပစ်သော ဇာတ်လမ်းမျိုးသာ ဖြစ်နေသောကြောင့်ပင်။

အစကတည်းကပင် မငြိမ်းအေး ရိပ်စားမိခဲ့ပါသည်။ သူငယ်ချင်း ဖြစ်သူကို အားနာ၍သာ ပွင့်ပွင့်လင်းကင်း ထုတ်မပြောမိခဲ့ပေမဲ့ သူ့လူကို တည်ကြည်သူတစ်ယောက်ဟု မငြိမ်းအေး မမြင်မိခဲ့ပေ။ လူတော်တစ်ယောက်ကား ဖြစ်ပါသည်။

သို့သော် အနစ်နာခံလိုသည်ထက် အခွင့်အရေးကို ရလျှင် ရသလို ယူမည့်သူဟူ၍သာ အကဲခတ်မိခဲ့ပေသည်။ ယခုမူ သူ့ချစ်သူသည် သူ့ထက် အစစအရာရာ များစွာသာသော မိန်းကလေးတစ်ယောက်နှင့် လက်ထပ်တော့မည်ဟု သူ့ကို ခွင့်တောင်းသလိုနှင့် ကြေညာခဲ့လေပြီ။

သည်လို ဇာတ်လမ်းမျိုးမှာ မငြိမ်းအေးအနေဖြင့် သူငယ်ချင်းဖြစ်သူကို အညံ့မခံစေချင်။ သစ္စာနှင့်တကွသော နှလုံးသားကို မရဘဲနှင့်တော့ လူချည်းသက်သက်ကို အဘယ်ကြောင့် စုံမက်တွယ်တာနေချင်တော့အံ့နည်း။

သို့သော် အို…ချင်းစိမ်းနှင့် မိတ်သလင်ပေါ့ ဟူသော ဆိုနေကျ မာနစကားမျိုးဖြင့်လည်း သူငယ်ချင်းကို အားမပေးရက်။ အကောင်းဆုံး ကမူ သူ့အခြေအနေကို သွေးအေးစွာ နားလည်လက်ခံလာနိုင်အောင် ပြုလုပ်ပေးရန်ပင်ဖြစ်မည်ဟု မငြိမ်းအေး ယူဆလိုက်သည်။ လောကလောဆယ်



www.burmeseclassic.com

မှာတော့ မငြိမ်းအေးက သူငယ်ချင်းဖြစ်သူကို စိတ်ပြေလက်ပျောက် ရှိစေချင်သည်။

"ကိုယ်တို့ နည်းလမ်းရှာကြသေးတာပေါ့ကွယ်၊ အခု မင်းဘယ်သွား မလို့လဲ၊ အိမ်မှာမနေချင်လည်း တစ်နေရာရာ သွားကြရအောင်လေ"

"ကိုယ် ဘုရားသွားချင်တယ်"

ပျော့ညံ့သော သူငယ်ချင်းသည် သူ့ဆန္ဒကို ရိုးသားစွာ ဖွင့်ဟရှာ လေသည်။

"အေး...အဲဒါကောင်းတယ်၊ မင်းအိမ်ပြန်ရေမိုးချိုး အဝတ်အစား လဲလိုက်ပါဦးလား၊ ကိုယ်အဆင်သင့်ဖြစ်တာနဲ့ မင်းကို ဝင်ခေါ်ပြီး သွားကြမယ်"

ညှိုးငယ်စွာ ပြန်ထွက်သွားသော သူငယ်ချင်းဖြစ်သူကို မျက်စိတဆုံး ငေးမျှော်ပြီးမှ မငြိမ်းအေးသည် အိမ်တွင်းသို့ လျင်မြန်စွာ ပြန်ဝင်ခဲ့လေသည်။ သည်တစ်နေ့ကိုတော့ သောကဝေဒနာသည် သူငယ်ချင်းအတွက် ကုန်ဆုံး စေရပေဦးမည်။

ဘုရားသွားချင်သည်ဆို၍သာ တော်တော့သည်။ ရုပ်ရှင်ပွဲဆက် ကြည့်ချင်ပါသည်ဆိုလည်း လိုက်ပြရမည်ပင်။ ယောကျာ်းကလေးတွေသာ ဆိုလျှင်တော့ အရက်ဆိုင်သို့ပင် ရောက်ဖြစ်ကြမည်လား မပြောတတ်။

မငြိမ်းအေးသည် ရေမချိုးမီ စိတ်အမောပြေ ခေတ္တထိုင်လိုက်မိ လေသည်။ အပူမီးဟူသည် ကူးစက်တတ်လွန်းပါတကား။ မငြိမ်းအေး၏ မျက်နှာတူရူတွင် သူ၏အကြိုက်ဆုံး လက်ရွေးစင်စာအုပ်များထားရာ မှန်ဗီရိုကလေးတစ်လုံး တည်ရှိနေသည်။

ဗီရို၏အပေါ်ဆုံးထပ် ညာဘက်ထောင့်စွန်းတွင်မူ ဖခင်ထံမှ အမွေ ရလိုက်သော ဗလာစာအုပ်ကလေးကို ထောင်လျက်သား တွေ့နေရသည်။ မငြိမ်းအေးသည် ထိုင်ရာမှထကာ စာအုပ်ကလေးကို ထုတ်ယူလိုက်သည်။

စာရွက်တွေကို တစ်ရွက်ချင်း လှန်ကြည့်လိုက်သောအခါ ဖခင်၏



www.burmeseclassic.com

လက်ရာ သစ်ခွပန်းပုံစံတွေကို အရင်တွေ့ရလေသည်။ ခဲတံရောင်စုံ၊ ရေဆေးရောင်စုံတို့ဖြင့် အရောင်သွင်းကာ စိတ်ရှည်လက်ရှည် ပုံတူကူးယူရေးဆွဲထားသော သစ်ခွမျိုးပေါင်း အတော်စုံလင်ပေသည်။

ပုံစံတစ်မျိုးစီ၏ အောက်၌ ဖခင်၏လက်ရေးဖြင့် ပန်း၏အမျိုးအမည်၊ အတိုင်းအတာ၊ တွေ့ရင်းဒေသတို့ကို အတိုရေးမှတ်ထားသေး၏။ ဖခင် အမြတ်တနိုးပြုစုထားခဲ့သော စာအုပ်ကို မငြိမ်းအေးသည် ရိုသေတန်ဖိုးထားစွာ ဆက်လက်သိမ်းဆည်းထားခဲ့ပေသည်။ စာရွက်တွေ အကြား၌ ပို့စကတ်များ၊ ဓာတ်ပုံများ၊ သတင်းစာဖြတ်ပိုင်းများ စသဖြင့် မငြိမ်းအေး အမှတ်တရ သိမ်းဆည်းထားသော ပစ္စည်းတို့ကို တွေ့ရပေမည်။

မငြိမ်းအေးသည် တွေ့လိုသော ပို့စကတ်တစ်ခုကို ပိုက်စိပ်တိုက်၍ ရှာလေသည်။ သိပ်မရှာရ။ မကြာမီ တွေ့ပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က သင်္ကြန်အထိမ်းအမှတ်အဖြစ် ရွှေစက်တော်ဘုရား ရင်ပြင်တော်ပေါ်မှ အမှတ်တရ ပို့လိုက်သော ပိတောက်ခက်တွေဝေကာ မေတ္တာရေစင်တွေ ရွှဲရွှဲစိုနေသော သင်္ကြန်မောင်မယ်ပုံ ပို့စကတ်ကလေးတစ်ခုပင်တည်း။

မငြိမ်းအေးသို့ ခေါင်းစဉ်တပ်လျက်'မှ' နေရာတွင် လက်မှတ်နှစ်ခု ယှဉ်လျက် ထိုးထား၏။ စောစောက မိမိကိုဖတ်ကာ ငိုကြွေးခဲ့ရှာသော သူငယ်ချင်းနှင့် သူ့ချစ်သူတို့၏ လက်မှတ်များပင်တည်း။

ထိုစဉ်ကမူ သူတို့သည် လုပ်ဖော်ကိုင်ဖက်များအဖြစ် အတွဲညီစွာ ချစ်ခရီးလမ်း အဆင်ပြေ ဖြောင့်ဖြူးနေတုန်း ဖြစ်ပေသည်။ မငြိမ်းအေးသည် ယင်းကတ်ကလေးကို အလှသစ္စာတရားတစ်ခုအဖြစ် မှတ်ယူသိမ်းဆည်းထားခဲ့ပါသည်။ ယခုတော့ ဆက်လက်သိမ်းဆည်းထားရန် မလိုတော့ပြီ။

မငြိမ်းအေးသည် ပန်းချီသောင်းဟန်၏ သေသပ်ကြော့ရှင်းသော လက်ရာလေးကို နှမြောတသစွာ အတန်ကြာ ကိုင်ငေးနေမိသေးသည်။ ပြီးမှ စိတ်အားတင်းလျက် သစ္စာယွင်းပျက်ခဲ့သော နှလုံးသားတစ်ခုအား ရှုတ်ချသောအားဖြင့် ကတ်ကလေးကို မီးတင်ရှို့လိုက်လေသည်။ ပြာကျ



www.burmeseclassic.com

သွားသော ကတ်ကလေးနည်းတူ ရိုးသားသိမ်မွေ့သော မိမိသူငယ်ချင်း၏ နှလုံးသားသည်လည်း လောင်ကျွမ်းပြာကျခဲ့ပါပကောဟု နာကြည်းစွာ တွေးနေမိလေသည်။

မငြိမ်းအေးသည် စာအုပ်ကလေးကို ပိတ်လိုက်ကာ ပြန်လည်သိမ်းဆည်းရန် နေရာမှ ထလိုက်သောအခါ စာအုပ်တစ်နေရာမှ တစ်စုံတစ်ခု ထွက်ကျလာခဲ့ပြန်သည်။

ပန်းခြောက်ကလေး တစ်ပွင့်ပါ။

ပန်းပွင့်ပုံအတိုင်း ပြားကပ်လျက် ညိုမည်းနေပြီဖြစ်သော ပန်းခြောက်ကလေးကိုကောက်ကာ လက်ပေါ်တွင် ဖွဖွကလေးတင်ရင်း မငြိမ်းအေး၏ စိတ်အတွေးများသည် အတိတ်ဆီက လှပသော မရမ်းသွေးရင့်ရောင် ပျဉ်းမပန်းများ ဝေနေသော ပရိဝုဏ်လေးတစ်ခုအတွင်းသို့ရောက်ရှိသွားလေသည်။ ယင်းပျဉ်းမပြာရိပ်ဝယ်...။

အသက်နှစ်ဆယ်ပြည့်ပြီးစမှာ ဘွဲ့ရလျှင်ရချင်း မငြိမ်းအေး၏ ရန်းကန်ရသော ဘဝသည်လည်း အစပြုခဲ့ပါသည်။ မငြိမ်းအေး၏ ရွှေထီးဆောင်း ငယ်ဘဝကို သိမိလိုက်ကြသူများထဲမှ အချို့ကမူ မနက်ကိုးနာရီမှ ညကိုးနာရီအတွင်း ဖတ်သီဖတ်သီနှင့် ပြေးလွှား လှုပ်ရှားနေရသော သူ့ဘဝကို စုတ်သပ်ကြလေသည်။

အချို့က အကြင်နာဟန် ဆောင်ထားသော အထင်သေးစကားကို ဆိုရက်ခဲ့ကြသည်။ အချို့ကမူ တော်သော မငြိမ်းအေး၊ဘဝကို နားလည်လက်ခံသော မငြိမ်းအေးဟု ထောမနာပြုကြပြန်သည်။

သာမန် ပုထုဇဉ်တစ်ဦးသာဖြစ်သော မငြိမ်းအေးသည် မိမိကို နာမ်နှိမ်သူတို့နှင့်ကြုံလျှင် မခံချင်ခြင်းကြီးစွာ ဒေါသဖြစ်လိုက်၊ ချီးမွမ်းသူတို့နှင့်ကြုံလျှင် ကိုယ့်ကိုယ်ကို ဟုတ်လှပြီဟု သွေးနားထင် ရောက်လိုက်ဖြင့် ဘဝကြမ်းကို ဖြတ်ကျော်လာခဲ့လေသည်။

ဖခင်မဆုံးမီနှင့် ဆုံးပြီးစ (၂)နှစ်ခန့်သော အချိန်ကလေးကား



www.burmeseclassic.com

မငြိမ်းအေးဘဝတွင် မုန်တိုင်းအပြင်းထန်ဆုံးရက်များဟုပင် တင်စားနိုင်လေသည်။

ယင်းအချိန်လောက်ဆီက ပျဉ်းမပြာတွေဖြင့် ဝိုင်းရံထားသော လူငယ်ရေးရာညကျောင်းသောင်း ပရိဝုဏ်ကလေးတစ်ခုအတွင်း၌ ကြည်နူးစဖွယ် အလှသစ္စာတရားကလေးတစ်ခုကို မငြိမ်းအေးအဖို့ ရှားရှားပါးပါးပင် တွေ့ဖူးခဲ့ပါသည်။

ထိုနှစ်က တွဲနေကျ လုပ်ဖော်ကိုင်ဖက်တို့နှင့်ကွဲကာ ပတ်ဝန်းကျင်သစ်ကို မငြိမ်းအေးတစ်ယောက်တည်း ယောင်နနဖြင့် ရောက်သွားတော့ အတော်ပင် အားငယ်နေမိခဲ့သေးသည်။

သို့သော် မကြာမြင့်မီပင် ပတ်ဝန်းကျင်သစ်ကို မငြိမ်းအေး နှစ်သက်လာပါသည်။ စရိုက်မျိုးစုံသော မိတ်သစ်အတော်များများကို တွေ့ရသောကြောင့်ပင် ယင်းတို့ထဲမှ ဘက်ညီသော အတွဲကလေးတစ်ခုကို မငြိမ်းအေး မျက်စိထဲ စွဲမိခဲ့လေသည်။

မြင်ဖူးခဲ့သော မျက်နှာကလေးတွေပင်။ တက္ကသိုလ်မှာ ထင်ပါရဲ့။ ဟိုစဉ်ကတော့ သူတို့ကို သဲသဲကွဲကွဲမသိခဲ့။ ယခု အနေအထားမှာ မြင်လိုက်သည်နှင့် အတွဲမှန်း သိသာပေမဲ့ မျက်စိနှောက်လောက်အောင်လည်း မဟုတ်။ သို့သော် ဘက်ညီလှပေသည်။ အတန်းဝင်စရာရှိလျှင် မခိုမကတ် ဝင်သင်ကြ၍ အားလပ်ချိန်တွင် နှစ်ယောက်သား တိုင်ပင်နှီးနှောကာ အလုပ်တစ်ခုခုကို တွဲဖက် လုပ်ကိုင်နေတတ်မြဲ။

အတူတကွလာ၍ အတူတကွလည်း ပြန်ကြသည်။ တစ်ဦးကိုတစ်ဦး ဖေးမကြင်နာသောအသွင်၊ မောင်နှမပမာ၊ သူငယ်ချင်းပမာ ထိန်းသိမ်းစောင့်ရှောက်သောအသွင်တို့ကိုလည်း တွေ့ရတတ်သည်။ သူတို့ကို တစေ့တစောင်း အကဲခတ်ကြည့်မိပေမဲ့ နူတ်နည်း၍ ဖော်ရွေမှုကင်းသော မငြိမ်းအေးမှာ သူတို့နှင့်ကျွမ်းဝင် ရင်းနှီးခွင့်မှု မကြုံသေးပေ။

ထိုနှစ်က မငြိမ်းအေးအဖို့ အတော်ပင် ကသိကရိုနိုင်လှပေသည်။



www.burmeseclassic.com

အိမ်မှ ကျောင်းသို့ရောက်အောင် ကျပ်ပေ့ဆိုသော ဟီးနိုးကားနှစ်တန်ကို စီးရသည်။ အလာမှာ မခဲယဉ်းလှပေမဲ့ အချိန်မဲ့နေပြီဖြစ်သော အပြန်ခရီး အတွက်မူ ပြဿနာပင်။ မငြိမ်းအေးတို့လို ဘဝတိုက်ပွဲကို ရိုးသားစွာ ဆင်နွှဲနေရသော မိန်းကလေးအတွက် မြို့တော်ရန်ကုန်၏ ညအန္တရာယ်မှာ မသေးလှပေ။

တစ်ခါက လူပြတ်လျက်ရှိသော ကားမှတ်တိုင်မှာ တစ်ယောက်တည်း ကားစောင့်နေမိသော မငြိမ်းအေးအနားသို့ နောက်ဆုံးပေါ် ကားကလေးတစ်စီး ထိုးဆိုက်လာကာ ကားထဲမှ လူရွယ်တစ်ယောက်က ခပ်တည်တည်နှင့်ပင်

"လာတက်လေ"ဟု ခေါ်လေသည်။ မိမိ၏အသိများလေလားဟု မငြိမ်းအေးက ဝမ်းသာစွာ လှမ်းကြည့်လိုက်တော့ တစ်ခါမျှ မမြင်ဖူးသော မျက်နှာတစ်ခုကို တွေ့ရလေသည်။ မငြိမ်းအေးက မသိမသာပင် မျက်နှာ ပြန်လွှဲလိုက်သည့်တိုင် ယင်း သူကောင်းသားသည် ရိတိတိအသံမျိုးနှင့်

"ဘယ့်နှယ်လဲ၊ လိုက်မှာလား မလိုက်ဘူးလား"ဟု လုပ်နေပြန်သည်။ အသားလွတ် စော်ကားမှုကို နည်းနည်းကလေးမှ သည်းခံတတ်လေ့မရှိသော မငြိမ်းအေးသည် အသားတွေ ဆတ်ဆတ်တုန်ကာ တစ်ကိုယ်လုံး သွေးဆူလာပေမဲ့ ဘယ်လိုမှ မတုံ့ပြန်နိုင်သော အခြေအနေကို ကောင်းစွာ သတိထားမိလေသည်။

အနီးအနားတွင် လူတစ်ယောက်မှမရှိ။ ရှိသည့်တိုင် အားနည်းသူဘက်မှ အာခံရပ်တည်ရဲသည့် သတ္တိမျိုး မဟာရန်ကုန်သားတို့တွင် ရှိကြတော့မည်မထင်။ မငြိမ်းအေးသည် မျက်နှာထားကို အတတ်နိုင်ဆုံးတည်ကာ သူကားလွတ်ရာသို့ ဆက်လျှောက်သွားလိုက်သည်။

ထိုအခိုက် ဘုရားသိကြားမသည့်ပမာပင်၊ ဟီးနိုးကားတစ်စီးထိုးဆိုက်လာသောအခါ အပြေးကလေး တက်လိုက်မိသည့်တိုင် ဒေါသရှိန် မပြေသေး၊ အိမ်ရောက်တော့ ဘာမပြောညာမပြော မောင်တွေကို လာမကြိုကောင်းလား

www.burmeseclassic.com

ဟု ရန်ထောင်ကာ ချုံးပွဲချ ငိုမိလေသည်။ မောင်တွေက သူ့အဖြစ်ကို ရယ်မောကာ—

"မမအေးကလည်း ရန်ကုန်မှာ ဒါအဆန်းမဟုတ်ပါဘူး၊ အဲဒီ နေရာက နာမည်ကြီးတဲ့ဗျ၊ ပြီးတော့ မမအေးကို တွေ့ရတာကလည်း တစ်ယောက် တည်း၊ အချိန်ကလည်း အချိန်ကောင်းကိုး၊ လူမှားခေါ်တာပါ၊ ဆရာမမှန်း သိရင် ဘယ်ခေါ်ပါ့မလဲ"

"ဟဲ့…သူမှားရအောင် ငါ့ပုံက စိပုံပေါ်နေလို့လားဟဲ့၊ လက်ထဲမှာ လည်း စာအုပ်တွေ တစ်ပွေ့ကြီး၊ မျက်မှန်ထူထူနဲ့ နောက်တွဲဆံထုံးနဲ့၊ ဝတ်ထားတာက ယောဂီရောင် လုံချည်နဲ့ အင်္ကျီအဖြူလက်ရှည်၊ ဒါ လူမှားတာ မဟုတ်ဘူး၊ စော်ကားတာ၊ ကားစီးနိုင်တဲ့ လူတန်းစားက ည အချိန်မတော်ပေမဲ့ ရိုးရိုးသားသား ထွက်အလုပ်လုပ်ရတဲ့ မိန်းကလေးတစ် ယောက်ကို သက်သက်စော်ကားတာ၊ လူယုတ်မာ လမ်းမှာ ကားမှောက်ပြီး မသေဘဲ ဒုက္ခိတ ဖြစ်သွားပါစေတော်"

ဟု ဒေါသရှိန်မပြေသေးဘဲ ကလေးဆန်စွာ ကျိန်ဆဲနေသေးသည်။ မောင်အငယ်တွေက ရယ်မောနေပမင့် သိတတ်သော မောင်အကြီး အောင်ကမူ မျက်နှာမကောင်းလှဘဲ

"ကဲပါ နောက်ညတွေလာကြိုပါ့မယ်၊ စောစောကမှ ပြောမထားဘဲ၊ အင်း…ဒါပေမဲ့ ဒီအသက်အရွယ်အထိ ကိုယ့်ဘာသာ ဘော်ဒီဂတ်မရှာ တတ်ဘဲ မောင်တွေက လာကြိုရတယ်ဆိုတာ မမအေး သိက္ခာကျတတ်တယ် နော်"ဟု အစ်မဖြစ်သူကို ချစ်စနိုး စလေသည်။ ထိုအခါမှ

"ဟဲ့ ငါ ရှာချင်ရင် ဘယ်တစ်ယောက် ညတစ်ယောက် မကဘူး၊ ရှေ့တစ်ယောက် နောက်တစ်ယောက်တောင် ရသေးသဟဲ့၊ ငါက နင်တို့ကို ငဲ့နေလို့"

ဟု ထုံးစံအတိုင်း မခံချင်စွာ ပြန်ပြောရင်း ရယ်မောလာနိုင်တော့ သည်။



www.burmeseclassic.com

သို့သော် သူတို့ကျောင်းစာတွေနှင့် သူတို့ဘာသာ လုံးလည်လိုက်နေသော မောင်တွေကိုလည်း မငြိမ်းအေး တာဝန်မပိုစေချင်လှပါ။ ထိုအခါ ညစဉ်တွင် မငြိမ်းအေးစီးနေကျ ကားမှတ်တိုင်အထိ လမ်းလျှောက်ပြန်တတ်လေ့ရှိသော သူတို့စုံတွဲကိုပင် ပွင့်ပွင့်လင်းလင်းပင် မငြိမ်းအေး ချဉ်းကပ်ရလေသည်။

သည်ကစ၍ ကိုဇော်အောင်နှင့် ညိုညိုမြင့်တို့ကို ခင်မင်ခွင့် ကြုံခဲ့လေသည်။ တစ်ခါတစ်ရံ သူတို့စုံတွဲသည် မငြိမ်းအေးကို ကားလာသည်အထိ ကူစောင့်ပေးတတ်ကြသည်။ ပြီးမှ လှည်းတန်း ဘော်ဒါဆောင် တစ်ခုတွင်နေသော ညိုညိုမြင့်ကို ကိုဇော်အောင်က လိုက်ပို့သည်။ နောက်ဆုံးမှ မြို့ထဲရှိ သူ့အိမ်သို့ ကားစီးကာ ကိုဇော်အောင်ပြန်လေသည်။

ကိုဇော်အောင်သည် ဖြူဖြူသွယ်သွယ်မို့ လူချောတစ်ယောက်ဖြစ်ပါသည်။ ထို့ပြင် ယောကျ်ားတို့၏ သိက္ခာတစ်ခုဖြစ်သော နှုတ်နည်းတည်ကြည်မှုလည်း ရှိသူဖြစ်၏။ ညိုညို့အားဝယ် ညိုညိုပြောသမျှကို ပြုံးမျက်နှာဖြင့် နားထောင်နေတတ်မြဲ။ လိုအပ်လာမှ အဆုံးအဖြတ်ပေးသလိုပြောတတ်မြဲ။

ညိုညိုမြင့်ကမူသွက်လက်ချက်ချာ ရဲရင့်ဖျတ်လတ်သူကလေးပင်၊ ရုပ်ရည်မှာတော့ အလှမကျ် ယောကျ်ားများ နှစ်ခါပြန် ကြည့်ချင်မည့် ပုံပန်းမဟုတ်။ သို့ပေမဲ့ ထက်မြက်သော မိန်းကလေးတို့တွင် ရှိတတ်မြဲဖြစ်သော ထူးခြားသည့် ဆွဲဆောင်မှုရှိသော ရုပ်လက္ခဏာမျိုးပင်။

မငြိမ်းအေးသည် ညိုညိုမြင့်ကို ပို၍ သဘောကျနှစ်ခြိုက်မိခဲ့လေသည်။ မငြိမ်းအေးသည် လူတိုင်းကို နှစ်ခြိုက်တတ်သူမဟုတ်၊ မိတ်ဖြစ်လိုသူမဟုတ်။ မိတ်ဆွေအပေါင်းအသင်းဖွဲ့ရာ၌ အလွန်ပင် ဇီဇာကြောင်သူဖြစ်ရာ သူ့တွင် မိတ်နည်းလှပေသည်။ သို့သော် ရှိသလောက်မိတ်များကား အရေးကြုံလျှင် သွေးသားသဖွယ် အားကိုးရမည့် အမာခံ မိတ်များတည်းဟု မငြိမ်းအေးက အစဉ်ဂုဏ်ယူလေ့ရှိပေသည်။

www.burmeseclassic.com

မငြိမ်းအေးနှင့် ဆုံကြစဉ်က သူတို့နှစ်ဦးလုံး မဟာဝိဇ္ဇာတန်းတက်နေကြဆဲ။ ကိုဇော်အောင်သည် ညဘက်တွင်သာ လူငယ်ရေးရာညကျောင်းဆရာလုပ်၍ နေ့ဘက်တွင် အေးအေးဆေးဆေး ကျောင်းတက်လေသည်။ သူသည် ဆွေကြီးမျိုးကြီး အသိုက်အဝန်းထဲမှလည်း ဖြစ်တန်တူသည်။ ညကျောင်းဆရာ လုပ်သည်မှာပင် ငွေလိုသည်ထက် ညိုညိုနှင့်တွေ့ဆုံတွဲဖက်နေချင်သည့် ဆန္ဒကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ညိုညိုမြင့်မှာမူ ကိုဇော်အောင်လို သက်သာပူပင်စရာမရှိသော ဘဝတွင် ရည်မှန်းချက်ရေရာလှသည် မဟုတ်သော်လည်း ဘာလုပ်ရမှန်း မသိသည်နှင့် အချိန်ဖြုန်းရာရောက်အောင် နောက်မြီးလည်း ပိုရှည်အောင် ကျောင်းတက်နေသူမဟုတ်။

ညိုညိုမြင့်သည် နံနက်ပိုင်း နေ့တစ်ဝက်တွင် မူလတန်းဆရာအဖြစ် ခိုးကြောင်ခိုးဝှက်လုပ်ရင်း ဝင်ငွေရှာရသည်။ ညနေပိုင်းတွင်မူ ပါမောက္ခအား အလုပ်မရှိဟု လိမ်ညာကာ မဟာဝိဇ္ဇာတန်းကို ကျိုးလန့်စာစားတက်ရသေးသည်။

ညကျောင်းဆရာ၏ လုပ်အားခမှာ မူလတန်းဆရာ လခလောက်ပင် ရှိရာ သူ့ခမျာ ညဘက်တွင်လည်း အနားမယူနိုင်ရှာ။ သို့သော် စိတ်ပျက်အားငယ်ဟန်တွေ သူ့မှာမရှိ။ မောလျှင်ခွမ်းနယ်ပုံလည်း မပြ။ လက်တွဲဖေးမကြည်ဖြူမည့်သူ၏ တစ်မျက်နှာသည်ပင် သူ့အတွက် အင်အားလေလား။

မငြိမ်းအေးကမူ မိမိ၏မပြည့်စုံသော ဘဝကြမ်းကို ဟန်ဆောင်ဖုံးကွယ်ရန် မကြိုးစားဘဲ ပွင့်လင်းဖြူဖြောင့်သော ညိုညို၏ စကားပြောဟန်ကို အလွန်သဘောကျမိလေသည်။

သူတို့နှစ်ဦးနှင့်အတူ မငြိမ်းအေးသည် ညစဉ်ပင် မာကြူရီမီးတိုင်အောက်မှ ပျဉ်းမပြာတန်းကိုဖြတ်လျှက် လမ်းလျှောက်ပြန်တတ်မြဲပင်။

ရသမျှအချိန်ကလေးမှာပင် ညိုညိုနှင့် စကားလက်ဆုံကျရခြင်းကို မငြိမ်းအေး နှစ်ခြိုက်ခဲ့မိလေသည်။ ပွင့်လင်းလွတ်လပ်စွာ ညိုညိုရယ်မော

www.burmeseclassic.com

တတ်ပုံကလေးကိုလည်း သတိရနေသေးသည်။

သြော်...ပန်းချစ်တတ်သူကလေး ညိုညို။ ညစဉ်ပင် လမ်းဆုံကွေ့မှ ပျဉ်းမပင်ကြီးအောက်ရောက်တိုင်း သူ၏ ကိုဇော်ကို ပန်းရူးခိုင်းတတ်မြဲ။ မငြိမ်းအေးကိုလည်း ပန်းတွေဝေငှမြဲ။ မလိုချင်ပါ ပြော၍လည်းမရ။

မငြိမ်းအေးမှာ အလှအပတွင် ညွှတ်နူးလေ့ရှိသော်လည်း ငုတို့၊ စိန်ပန်းတို့၊ ပျဉ်းမတို့လို ရနံ့ကင်းသမျှ အပင်ထက်မှာသာ သူမတူအောင် အစွမ်းကုန်လှတတ်သော ပန်းမျိုးကို ပန်ဆင်ရန် မနှစ်သက်။ ရူးလည်း မရူးရက်စေချင်သူသာပင်။

သို့သော်လည်း ညိုညို၏ကောင်းမှုဖြင့် မငြိမ်းအေးသည် ပျဉ်းမပန်းခိုင်ကြီးကို ကိုင်ကာ လူကျပ်သော ဟီးနိုးကားပေါ်တွင် ကိုးရိုးကားရား ဖြစ်ခဲ့ရဖူးလေသည်။ သူ့စေတနာကို လေးစားသောအားဖြင့် အိမ်ရောက်လျှင်တော့ ဘုရားပန်းအိုးသို့ ထိုးလိုက်မြဲ။

မည်သို့ပင်ဖြစ်စေ ချစ်ခင်နှစ်သက်သူတို့နှင့် ကြာရှည်ဆုံစည်းရန် ကုသိုလ်ကံနည်းတတ်သော မငြိမ်းအေးသည် သူတို့နှစ်ဦးနှင့် သည့်ထက်ပို၍ ခင်မင်ရင်းနှီးခွင့်ကိုမူ မကြုံခဲ့ပေ။ နှစ်တစ်ဝက်မကျိုးမီမှာပင် မိမိနယ်မြေ အတွင်းသို့ ပြန်လည်ပြောင်းရွှေ့ခွင့်ကို ရခဲ့သောကြောင့် ဖြစ်ပါသည်။

သို့သော် ပြေးလွှားလှုပ်ရှားနေရသော ဘဝကြမ်း သံသရာတွင် လည်ပတ်မှုတူသူတွေချင်း တစ်ခါတစ်ရံ ခဏတစ်ဖြုတ်ဆိုသလို ဆုံမိတတ်ကြပါသေးသည်။

ထိုအခါ ညိုညိုက မငြိမ်းအေးကို "ဟောဒီတစ်ယောက်ကလည်း ခုထိ တစ်ယောက်တည်းလား"ဟု အဖော်စုံသူတို့က အထီးကျန်သမားတို့အား စာနာပုံဖြင့်၊ တကယ်တော့ မဏ္ဍပ်တိုင်တက်ပြခြင်းသာဖြစ်သော ပြောဟန်ကိုသုံးကာ ပင့်သဘ္ဘာရပြုတတ်မြဲ။ မငြိမ်းအေးကလည်း မိမိ၏အားနည်းချက်ကို ထိပါးလာတိုင်း လက်တုံ့ပြန်ရန် ဝန်မလေးသော အပျိုကြီးတို့၏ ဓလေ့အတိုင်း



www.burmeseclassic.com

"ဟောဒီနှစ်ယောက်တောင် ခုထိနှစ်ယောက်တည်း ရှိသေးတာပဲ၊ ဖြည်းဖြည်းပေါ့"ဟု ချေပကာ ထားစရာအာဃာတတွေ မရှိကြတော့ဘဲ နှစ်ဦးသား လွတ်လပ်စွာ ရယ်ပွဲဖွဲ့ကြမြဲပင်။ ကိုဇော်အောင်ကမူ ထုံးစံအတိုင်း တည်ငြိမ်အေးဆေးစွာပင် ပြောရန်ရှိသမျှတွေကို တိုတိုနှင့်လိုရင်း ပြောတတ်လေသည်။

"ညိုညိုက အခု ပညာရေးဒီပလိုမာကို ဆက်တက်နေတယ်လေ၊ ကျွန်တော်ကတော့ သီးစစ်ကို အပြီးသတ်နေတယ်"

သူတို့ လက်မထပ်နိုင်ကြသေးပေ။

နောက်ဆုံး တွေ့ခဲ့ပုံကလေးကိုလည်း မငြိမ်းအေး မှတ်မိနေသေးသည်ပင်။ လူကျပ်ပေ့ဆိုသော ဟီးနိုးကားပေါ်တွင် မငြိမ်းအေးကအဆင်း သူတို့ကအတက် ဆုံမိခဲ့ကြခြင်းဖြစ်သည်။

မငြိမ်းအေးမှာ ကြိမ်ခြင်းကတစ်ဖက်၊ ထီးနှင့်ပိုက်ဆံအိတ်က တစ်ဖက်ကိုင်ကာ ခြေချစရာမရှိအောင် ထပ်နေကြသောလူတွေကို ကိုယ်တစောင်းတိုက်တွန်းတိုးကာထွက်ရင်း သူတို့နှစ်ဦးကလည်း ကားခြေနင်းခုံကလေးပေါ်တွင် တစ်နေရာရရေးကို ကြိုးစားရပ်တည်နေကြရင်း ဆုံမိကြရာ စက္ကန့်ပိုင်းမျှလောက်သော အချိန်ကလေးမှာ အလုအယက် စကားပြောခဲ့ခြင်းဖြစ်ပေသည်။

"တစ်ခါတည်း နှုတ်ဆက်ခဲ့တာပဲ အေးရေ၊ ညိုညို ပရိုမိုးရှင်းရပြီ၊ အထက်တန်းပြလေ၊ ကလေးဝနားက (...)မြို့တဲ့သန်ဘက်ခါပဲ သွားတော့မယ်"

ညိုညို့အသံကို အဆုံးအထိ မငြိမ်းအေး မကြားလိုက်ပါ။ မငြိမ်းအေး တစ်ယောက် သက်စွန့်ဆံဖျားပင် မြေကြီးပေါ်သို့ ခြေချမိသည်နှင့် တစ်ဖက်သို့ ၄၅ ဒီဂရီမျှ စောင်းနေပြီဖြစ်သော ဟီးနိုးကားက မောင်းထွက်သွားသောကြောင့်ပင်။

တွန့်ကျေနေသော မိမိအင်္ကျီစကို ဆွဲမဆန့်မိခင်မှာပင် မငြိမ်းအေး



www.burmeseclassic.com

လှမ်းမျှော်ကြည့်လိုက်တော့ ညိုညို့ကို အတွင်းသို့ တွန်းပို့ကာ အပေါက်ဝမှာ ကိုယ်လုံးဖြင့်ကာလျက် တွဲလောင်းခိုလိုက်ပါသွားသော ကိုဇော်အောင်၏ ကျောပြင်ကိုသာ နောက်ဆုံးမြင်လိုက်ရလေသည်။

နေ့လယ်ခင်း နေပြင်းချိန်ဖြစ်၍ ဘုရားပေါ်တွင် လူရှင်းနေပေသည်။ သောကအပူသည် သူငယ်ချင်းဖြစ်သူကား ရင်တွင်းအပူဓာတ်ကြောင့် ခေါင်းပေါ်နှင့် ခြေဖဝါးအောက် အပူဒဏ်ကို ဖြုန်တော့ရန်မရှိ။

မငြိမ်းအေးမှာသာ နှစ်ဖက်ညှပ်အပူကို ဖွဲ့တင်းအန်တုရင်း သူငယ်ချင်းဖြစ်သူ၏ ပြုဖွယ်ကိစ္စအဝဝတို့ကို နောက်မှ လိုက်၍ ကူညီပေးရလေသည်။ သပြေနှင့် ကံ့ကော်ခုနစ်ညွန့်ကို ရာဟုထောင့်မှာ ပူဇော်၍ ယတြာလည်း ချေပြီးပြီ။ ဆီမီးသက်စေ့နှင့် ရေသက်စေ့လည်း ပူဇော်ပြီးပေပြီ။

"ကဲ...နောက် ဘာလုပ်ချင်သေးလဲ"

"ပြီးပါပြီ၊ နောင်တော်ကြီးဘုရားမှာ ပုတီးစိပ်ဖို့ပဲ ကျန်တော့တယ်၊ ဂုဏ်တော်သက်စေ့စိပ်မှာ၊ နည်းနည်းတော့ ကြာမယ်နော်"

"အို...ကြာချင်သလောက်ကြာ စိပ်ချင်သလောက်သာစိပ်၊ ဘာကိုမှ နောက်ဆံငင်မနေနဲ့၊ ကိုယ့်လည်း အားနာမနေနဲ့"

သူငယ်ချင်းဖြစ်သူသည် ဆုတောင်းပြည့်လှသည်ဆိုသော နောင်တော်ကြီးစေတီရင်ပြင်တော်ရှေ့တွင် ကျုံ့ကျုံ့ထိုင်၍ သူ၏ ဂုဏ်တော်ပုတီးပတ်ကို စတင်စိပ်နေလေသည်။ မငြိမ်းအေးကား ဘုရားကို ဝတ်ကျေဝတ်ကုံ ဦးချပြီးသည်နှင့် အနီးရှိ အုန်းပင်ကြီးကိုမှီကာ ထိုင်ချလိုက်သည်။ ပြီး မနက်က အချိန်မရ၍ မဖတ်ရသေးသည်နှင့် သတိတရ ဆွဲယူလာသော ယနေ့ထုတ် သတင်းစာကို လွယ်အိတ်တွင်းမှ ဆွဲထုတ်လိုက်သည်။

သတင်းစာကို မဖတ်မီ ဗုဒ္ဓမြတ်စွာ၏ အရိပ်အာဝါသအောက်၌ သောကမီးကို ငြိမ်းသတ်နေရှာသော သူငယ်ချင်း ဖြစ်သူကို နောက်ကျော ဘက်မှ အတန်ကြာ ကြည့်ငေးကာ သြော်...တို့များ မိန်းမသားတွေမှာတော့ အရေးကြုံလျှင် မျက်ရည်နှင့် ဘုရားရှင်ကိုသာ အားကိုးပြုရချေသည်

www.burmeseclassic.com

တကားဟု မျက်နှာလိုက်တတ်သော သဘာဝတရားနှင့် ပတ်ဝန်းကျင်ကို စိတ်နာနေမိပြန် သေးသည်။

အင်း... ငါသာဆိုရင်တော့ သစ္စာပျက်တစ်ယောက်အတွက် မငိုပေါင်၊ သူ့လိုလည်း အကြာကြီး ဘုရားရှိခိုးနိုင်မှာ မဟုတ်ဘူး၊ ခရီးရှည် ရှည်တစ်ခုကို ချက်ချင်းထွက်ပစ်မယ်၊ ငါ့ ဆရာကြီးတွေဆီသွားပြီး သီချင်းသစ်တစ်ပုဒ်ကို တက်ချင်တက်နေမယ်၊ ဘယ်သူမှ ပေးဖတ်မှာ မဟုတ်တဲ့ မှတ်တမ်းရှည်ကြီး တစ်စောင်လည်းရေးချင် ရေးဖြစ်မှာပဲ၊ သြော်...လူတစ်ကိုယ်မှာ ထွက်ပေါက်တစ်မျိုးစီတော့ ရှိရမယ်လေ။ ဒါကြောင့်သာ လူတွေ ရူးမကုန်ကြတာ နေမှာပေါ့...

မငြိမ်းအေးသည် အတွေးစကိုဖြတ်ကာ သတင်းစာကို စဖတ်သည်။ ပြည်တွင်းပြည်ပ သတင်းများကလည်း သိပ်မထူးခြား။ ထိုအခါ မိမိ၏ အသိအကျွမ်းတွေထဲက ဘယ်သူများစွံကုန်ကြပြီလဲ၊ တဖြည်းဖြည်းနဲ့ တို့အုပ်တွေထဲကလောက်သာ ကျန်တော့တာပဲဟူသော သံဝေဂဖြင့် ထုံးစံအတိုင်း၊ သာရေးနာရေးကြော်ငြာများကို လှျောက်ကြည့်လေသည်။ စွံသူကိုတော့မတွေ့ မထင်မှတ်ဘဲ ဖြုန်းခနဲတွေ့လိုက်ရသည်ကား နာရေး ကြော်ငြာတစ်ခု။

သြော်...မနက်က ပန်းခြောက်ကလေး ထွက်ကျလာတာ နိမိတ်ပြ သည်မှာ ဒါကြောင့်ထင်ရဲ့။

ညိုညို...ညိုညို...ဖြစ်ရလေ သူငယ်ချင်းရယ်။ နေပါဦး ငါသိတဲ့ ကိုဇော်အောင်ရဲ့ ညိုညိုမှ ဟုတ်ပါ့မလား။

ဟုတ်ပါသည်။ သေချာပါသည်။ တောင်တန်းဒေသမြို့တစ်မြို့မှာ အထက်တန်းပြဆရာမဟူသော သူ့ရာထူး။ ပြီးတော့ မဟာဝိဇ္ဇာ(ကျမ်းပြု) ပညာရေးဒီပလိုမာဟူသော ပညာရေးဌာနမှာ ရှားပါးသေးသော သူ့ဘွဲ့တွေ က မငြိမ်းအေး၏အထင် မမှားနိုင်ကြောင်း ညွှန်ပြနေပေသည်၊

ကိုယ့်ဒူးကိုယ်ချွန်သူ ကြိုးပမ်းရယူထားခဲ့ရသော သူ့ဘွဲ့တွေမှာ



www.burmeseclassic.com

သည့်လိုနေရာမျိုးမှာမှပဲ အသုံးတည့်တော့သတဲ့လား။ ညိုညိုဘာကြောင့် ဆုံးခဲ့ရပါလိမ့်။ ကြော်ငြာမှာတော့ ဇွဲ ပါးရောဂါဝေဒနာဖြင့်ဟုဆိုထား ပါသည်။ သူ့ဇာတိမြို့မှာပဲ ဆုံးရှာပါသည်။ ခများမှာ မဆုံးမီ မိဘ၏ အရိပ်အာဝါသအောက်မှာ အတန်ကြာ ရောဂါဝေဒနာ ခံစားခဲ့ရသည်ထင့်။

ပြီးတော့ ဖြူဖြူမြင့်၊ နီနီမြင့်၊ အောင်နိုင်မြင့်၊ ရဲဇော်မြင့်၊ တေဇာမြင့် တို့၏ အစ်မကြီးဒေါ်ညိုညိုမြင့်ဟုသာ ဆိုထားရာ ကိုဇော်အောင် ဘယ်ရောက် နေပါလိမ့်။ ခုချိန်ထိ သူတို့ လက်မထပ်ရသေးဘူးလား။ မငြိမ်းအေးနှင့် ခွဲခွာခဲ့ကြသည်မှာပင် ၇ နှစ်ခန့် ရှိတော့မည်။

မငြိမ်းအေးသည် သတင်းစာကိုကိုင်ကာ စိတ်လေးလံစွာ ငိုင်နေ မိသည်။ သူငယ်ချင်းဖြစ်သူ ပုတီးစိပ်ပြီးသွားသောအခါ နှစ်ယောက်သား တိတ်ဆိတ်စွာပင် ရန်ကုန်ဘက် မှခ်တန်ဆောင်းမှ ပြန်ဆင်းခဲ့ကြသည်။

တစ်ခါတစ်ရံ လူ့ဘဝ အတွေ့အကြုံတို့သည် ရုပ်ရှင်တို့ ဝတ္ထုတို့ ထဲတွင် ကြည့်ရ၊ ဖတ်ရသလို လွန်စွာ တိုက်ဆိုင်လွန်းနေတတ်ပါသည်။

မငြိမ်းအေး၏ ခြေထောက်တို့သည် လှေကားထစ်တစ်ဝက် တစ်ပျက်မှာပင် ရပ်တန့်သွားကြသည်။ သူတို့အောက်ဘက် ခပ်လှမ်းလှမ်းက ပန်းဆိုင်တစ်ဆိုင်မှာ ပန်းဝယ်နေသော ကိုဇော်အောင်ကို တွေ့လိုက်ရသော ကြောင့် ဖြစ်ပါသည်။ သူ့ဘေးမှာမူ ခေတ်၏နောက်ဆုံးပေါ်ဟန်အတိုင်း ပြုပြင်ခြယ်သထားသော သူ့ထက် အတန်ငယ် အသက်ငယ်ပုံရသော မိန်းမချောကလေးတစ်ယောက်။

ရပ်တန့် ငေးမောနေသော မငြိမ်းအေးကို သတိပြုလိုက်မိသော ဘေးမှ သူငယ်ချင်းကလည်း သူငေးမောရာသို့ လိုက်ကြည့်လေသည်။ သူက မငြိမ်းအေးသိသူကို မသိဘဲ မသိသူကိုတော့ သိနေသည်။

အဲဒါ အင်တာတုန်းက တို့ဆရာမ ဖြစ်ခဲ့ဖူးတဲ့ ကထိက ဒေါ်မေမေ သက်ရဲ့တစ်ဦးတည်းသော သမီးလေ။ သူ့အဖေက ဒုတိယဗိုလ်မှူးကြီး၊ ဟိုတစ်လောကမှ လက်ထပ်လိုက်တာ၊ ဒေါ်မေမေသက်ရဲ့ဌာနက

www.burmeseclassic.com

ကျူတာပေါက်စ တစ်ယောက်တဲ့၊ သူ့ဘေးကလူနဲ့တူတယ်။ ကောင်မလေးကတော့ ဆယ်တန်းနှစ်ခါကျဆိုလား။

မငြိမ်းအေးသည် မျက်မှောင်ကြုတ်ကာ တွေးနေလိုက်မိသည်။ မိမိသည် သတင်းစာမှန်မှန်ဖတ်နိုင်သူမဟုတ်၍ ကိုဇော်အောင် လက်ထပ်သည်ကို မသိလိုက်နိုင်။ ညိုညိုနှင့် လက်ထပ်ရန် ဘာကြောင့် ပျက်ပြားခဲ့ရပါလိမ့်။ ပြည်ပန်းညို ချိုချင်လျက် ဆားဖျက်ခဲ့လေသလော။

တည်ကြည်သူ တစ်ယောက်အဖြစ် မငြိမ်းအေး အထင်ကြီးထားခဲ့သော ကိုဇော်အောင်ကို ညိုညိုနှင့် လက်မထပ်ဖြစ်ခဲ့သည့်အတွက် စိတ်မကွက်ချင်သေးပါ။ သူတို့မှာလည်း အကြောင်းကြောင်းတွေ ရှိနိုင်သေးသည်ပင်။

အခွင့်သင့်လျှင်တော့ မငြိမ်းအေး သိချင်သေးသည် အမှန်။ အနည်းဆုံး ညိုညို၏ ဇဖ ပါးသော ရောဂါဝေဒနာဆိုသည်မှာ အဘယ်ရောဂါဝေဒနာဖြစ်ကြောင်းလောက်ကိုမူ တိတိကျကျပင် မငြိမ်းအေးသိချင်ပါသေးသည်။

မငြိမ်းအေးသည် ကိုဇော်အောင်ကို နှုတ်ဆက်ရန် ရပ်နေရာမှ ဆင်းခဲ့သည်။ သူတို့သည် ဝယ်ခြမ်းပြီး၍ အပေါ်သို့ တက်လာနေသည်။ လမ်းခုလတ်တွင်ပင် မျက်နှာချင်းဆိုင်ဆုံမိကြပါသည်။ ဖြူန်းခနဲ အံ့အားသင့်သွားသော ကိုဇော်အောင်၏ မျက်နှာကို အရင်မြင်လိုက်ရ၏။

သို့သော် မငြိမ်းအေးကို နှုတ်မဆက်။ မမြင်ဟန်ပြုကာ ပန်းစည်းဖြင့် မျက်နှာကိုကွယ်ကာ ဆက်တက်သွားလေသည်။ မငြိမ်းအေး၏ ရင်ထဲတွင် အံ့ဩစိတ်နှင့် မကျေနပ်စိတ်တွေ လုံးထွေးကာ ကျန်ခဲ့သည်။ ခါတိုင်းလှည်းတန်းဈေးရှေ့မှာ သူတို့နှင့်ဆုံမိတိုင်း ပျာလောင်ပျာလောင်နှင့် မျက်စိရှန်းတတ်သော ညိုညိုကို လက်တို့ကာ ဟောဟိုမှာ ဒေါ်ငြိမ်းအေးဟု ဦးစွာပဋိသန္ဓာရပြုတတ်သူက ခုမှ မငြိမ်းအေးကို မမှတ်မိခြင်းတော့ မဖြစ်တန်ရာ။



www.burmeseclassic.com

ခုထိ မငြိမ်းအေးလက်ထဲမှာ ကိုင်ထားဆဲဖြစ်သော သတင်းစာကြောင့်များလား၊ ဘေးမှ ဇနီးချောငယ်ကြောင့်လား။ ဘာပဲဖြစ်ဖြစ် မိမိကို စကားမပြောချင်နေ၊ ပြုံးရုံမျှလောက်တော့ ပြုံးပြသွားသင့်သည်ဟု မငြိမ်းအေးက ထင်လေသည်။ ခုတော့ တည်ကြည်ခဲ့သော သူ့မျက်နှာထားမှာ အားနည်းပျော့ညံ့မှုတစ်ရပ် ပေါ်လွင်ခဲ့ပေပြီ။

"သတ္တိမရှိတဲ့ ယောကျ်ား"

"ဟော့... အဲဒီလူက မင်းနဲ့ သိလို့လား"

"ဟင့်အင်း သိခဲ့ဖူးမယ် မထင်ပါဘူး၊ သိခဲ့ဖူးတယ်ဆိုရင်လည်း ခုသိဖို့ မလိုတော့ပါဘူး"

သူငယ်ချင်းဖြစ်သူသည် မငြိမ်းအေး၏ ထူးခြားသောစကားသွားကို နားမလည်ရှာဘဲ ကြောင်ကြည့်နေသည်။ သူ့ကို မငြိမ်းအေးလောလောဆယ် ရှင်းမပြနိုင်။

မငြိမ်းအေး၏ မျက်စိထဲတွင် မာစရိုက်လုံချည်ရောင်စုံကလေးများကိုသာဝတ်ကာ အင်းလေးလွယ်အိတ်ကို ပခုံးချိတ်လျက် အမြဲတစေပြေးလွှား လှုပ်ရှားနေတတ်သော ညိုညို၏ ရုပ်ပုံလွှာကိုလည်းကောင်း၊ ဖြူဖြူမြင့်၊ နီနီမြင့် စသည်တို့၏ အစ်မကြီးဟူသော စာတမ်းသည်လည်းကောင်း၊ လှပ၍ အရွယ်လည်းငယ်သော ဒုတိယဗိုလ်မှူးကြီးနှင့် ကထိကတို့၏တစ်ဦးတည်းသော သမီးဟုလည်းဆိုသော ဇနီးချောငယ်၏ ရုပ်ပုံလွှာကို လည်းကောင်း၊ ညိုညိုနှင့် သူ့ကိုယှဉ်တွဲလျက် ကောင်းစွာသိခဲ့သော မိမိကို နှုတ်မျှပင် မဆက်နိုင်အောင် ရုပ်ပျက်ခဲ့လေပြီဖြစ်သော ကိုဇော်အောင်၏ ရုပ်ပုံလွှာကိုလည်းကောင်း မြင်ယောင်ကာ မိမိဘာသာ အဖြေရှာကြည့်နေမိလေသည်။

အဖြေကို သဲကွဲသလို ရှိလာသောအခါ ဒေါမနဿမှာ အခြေခံလာသော မျက်ရည်ကြည်တို့သည် မငြိမ်းအေး၏ မျက်ဝန်းတွင် စိမ့်တက်လာသည်။ ညိုညိုကိုလည်း ပို၍ အမှတ်ရလာပါသည်။ သြော်...ပျဉ်းမငြာကိုချစ်

www.burmeseclassic.com

တတ်သော ညိုညို၊ ကိုဇော် ကိုဇော်ဟူသော တမ်းတသံတွေကို နူတ်ဖျားမှ ဝဲပျံစေကာ ချစ်သူကို နေရာပေး အားထားခဲ့ရှာသော ညိုညို၊ ဘဝကို ကြံ့ခိုင်သော ခွဲသတ္တိတွေဖြင့် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ပေမဲ့ ခုတော့ ဆုံးပါးကွယ်လွန်ခဲ့ရှာပြီဖြစ်သော ညိုညို။

သည်မိန်းကလေး၏အကြောင်းတွေကို မျက်ရည်လည်း လွယ်၍ စိတ်အားလည်း ငယ်တတ်လွန်းသော ဘေးမှ သူငယ်ချင်းချစ်သူပစ်မလေး အား မငြိမ်းအေး မည်သို့ပြောလို့ထွက်မည်နည်း။

အင်းလေးမှော်ရုံဘေးမှ ပျဉ်းမပင်ကြီးတွင် မရမ်းသွေးရင့်ရောင် ပျဉ်းမပန်းတွေ အဆုပ်လိုက် ပွင့်ခဲကာ တောက်ပစွာ ပွင့်နေကြသည်။

မငြိမ်းအေးသည် မျက်ရည်မကျဘဲ ရင်ထဲတွင် ဆို့နင့်နေလေသည်။ အိမ်ပြန်ရောက်လျှင်တော့ မငြိမ်းအေးသည် တစ်ခါက အလှသစ္စာ၏ အမှတ်အသားအဖြစ် မိမိကိုယ်တိုင် တယုတယ သိမ်းဆည်းထားခဲ့ဖူးသော ပျဉ်းမပန်းခြောက်ကလေးကို ဖခင်၏ သစ်ခွစာအုပ်တွင်းမှ နှမြောတသစွာပင် ထုတ်ပယ်ပစ်ရပေဦးမည်။

[ရှုမဝ၊ ဧပြီ ၁၉၇၇]

www.burmeseclassic.com

www.burmeseclassic.com

# ဒေါမနဿနှင့် သောမနဿ

မြို့ကို ရင်းရင်းနှီးနှီးသိသူတွေက မြို့ဒေါသကြီးတတ်ပုံကိုလည်း သိထားကြသည်ပင်။ တချို့ကမူ မြို့၏ ဒေါသကို မာနဟု ကင်ပွန်းတပ်ပေးကြသည်။

မြို့အသိုင်းအဝိုင်းအရ များစွာစွံသင့်ခဲ့ပါလျက် ခုထိအပျိုကြီးဖြစ်နေရခြင်းကိုပင် သာဓကအနေနှင့် ထောက်ပြလိုက်ကြသေးသည်။

သို့သော် ကိုဖေအောင်ကမူ ထိုသို့ဆိုသူတွေထက် မြို့ကို ပိုမိုနားလည်နိုင်ခဲ့သူပင်။ တည်တည်တင်းတင်း မျက်နှာထားနှင့် ထီးတည်း နေတတ်သောမြို့၊ သူ ချစ်ခင်သူကိုသာ လိုက်လှဲစွာ ပေါင်း၍ သဘောမတွေ့သူကိုမူ အားနာမှုကလေးဖြင့်ပင် ဟန်လုပ်ပြုံးမပြတတ်သောမြို့။

သူတစ်ပါးကို မတင်စီးတတ်ပေမဲ့ သူ့ကို လာတင်စီးလျှင်တော့ သည်းခံခွင့်လွှတ်စိတ် နည်းပါးသောမြို့၊ ခင်မင်သူတို့အပေါ်မှာမူ စွန့်လွှတ်အနစ်နာခံတတ်သောမြို့၊ လုပ်ဖော်ကိုင်ဖက်အဖြစ် ၁၀နှစ်ကျော်မျှ ပေါင်းကြည့်မိသောအခါ ထိုသို့လျှင် မြို့ကို ကိုဖေအောင်သိလာခဲ့သည်။

သို့သော် မြို့ဒေါသကိုတော့ ကိုဖေအောင် တကယ်ပင်ကြောက်သည်။ ဒေါသထွက်နေချိန်၌ မြို့နှုတ်ဖျားမှထွက်လာတတ်သော အေးစက်စိမ်ပြတ်သည့် စကားများကိုကား အကြောက်ဆုံးတည်း။

**စိတ်ကူးချိုချို**

"ကျွန်မတို့ လူလွတ်တွေနဲ့ ဆရာတို့ အိမ်ထောင်သည်တွေ ခုလို ရင်းရင်းနှီးနှီး မိတ်ဆွေဖွဲ့ဖြစ်ကြတာကိုက မဟုတ်သေးဘူး ထင်ပါရဲ့"

တစ်ခါကမိမိတွင် အိမ်ထောင်ရှိပါလျက် မှီတို့ဆရာမအပျိုကြီး တစ်သိုက်ကို ရိသဲ့သဲ့လုပ်ခဲ့သော ဆရာတစ်ယောက်အား အကြောင်းပြုကာ မှီပြောခဲ့ဖူးသော စကားပင်။

မိမိစကားအခိုပ္ပာယ်မှာ မည်မျှလောက် တာသွားကြောင်း မှီကိုယ်တိုင် သိလျက်နှင့် ပြောသည်လား၊ မသိဘဲပြောသည်လားတော့မသိ။

ကျန်လူတွေက မှီ့စကားကို ရွံ့ပြုံးပြုံးရုံမျှ ဣန္ဒြေပျက်ကြသော်လည်း ရိုးသားသူ ကိုဖေအောင်မှာမူ မျက်နှာမထားတတ်အောင်စိတ်ထိခိုက်သွားရဖူးသည်။ သည်ကတည်းက မှီ့ဒေါသကို ကိုဖေအောင် တတ်နိုင်သမျှ လွတ်အောင်ရှောင်တတ်ကျင့်ရလာသည်။

သို့သော် ဇေတဒင်္ဂ–ဦးစိန်ဖြိုးတည်းဟူသော ကျူရှင်ဆရာတစ်ယောက်နှင့် ပတ်သက်သော မှီ့ဒေါသသည် ကိုဖေအောင်ကိုပါ မဆီမဆိုင် ကူးစက်လာသောအခါ ကိုဖေအောင် မှီ့ကိုခွင့်လွှတ်ဖို့ ခဲယဉ်းခဲ့လေသည်။

တကယ်တော့ မှီနှင့်ဦးစိန်ဖြိုးသည် ဇေယျတုဟူသော ကျူရှင်ကျောင်းတစ်ကျောင်း၌ ပင်ရင်းမြန်မာစာ ဆရာနှင့် စိတ်ကြိုက်မြန်မာစာဆရာမအဖြစ် လာရောက်ဆုံစည်းဖို့ မကောင်းခဲ့သည်မှာ အမှန်ပင်။

သူတို့နှစ်ဦး၏ ဆုံစည်းမှုကို ကိုဖေအောင်အနေဖြင့် မည်သည့်အခါကမျှ အားပေးကူညီခဲ့ရိုးမဟုတ်သည်လည်း အမှန်ပင်။

အမှန်အတိုင်းဝန်ခံရလျှင် မှီသည် နေ့ကျောင်းညကျောင်း ဆရာမအဖြစ် အေးအေးမနေဘဲ ကျူရှင်လောကသို့ ဝင်ရောက်လာခဲ့ခြင်းကို ကိုဖေအောင်က သဘောတွေ့လှသည်မဟုတ်။ ခေတ်ပေါ်ကျူရှင်တွေ၏ သဘောသဘာဝကို မှီ လေ့လာသင့်သေးသည်။

ကျူရှင်ဆိုတာ ပညာကုန် အရောင်းအဝယ်ပြုနေကြတဲ့ လုပ်ငန်းပဲ၊ ရောင်းနိုင်လေ မြတ်လေမို့ ကျူရှင်ဆရာတွေက အစိုးရကျောင်းတွေထက်

www.burmeseclassic.com

လုပ်ရှားမှုပိုရှိကြတာတော့ အမှန်ပဲ။ တချို့တော်လည်း တော်ကြတာ အမှန်ပဲ။

ဒါပေမဲ့ ကျူရှင်လောကမှာ တော်သူတိုင်း မကျော်နိုင်ကြတာကိုတော့ မို သိထားသင့်သေးသည်။ ကျူရှင်ဆိုတာ လူငယ်လောက တစ်ခုပဲလေ။ ခေတ်လူငယ်ဆိုတာကလည်း ပေါ်ပေါ်လွင်လွင်မှ ကြိုက်တတ်သတဲ့။ ပျော်ပျော်ရွှင်ရွှင်မှလည်း ကြိုက်တတ်သတဲ့။

ဒါကြောင့် ဆရာငယ်ချောချောတွေမှ စားသာနေတာမိုသိလား။ ကျောင်းသားတွေပျော်ရအောင် ဆန်းသစ်တီထွင်ရင်း ဆရာတွေ ပေါ်နေကြတာကိုကော မိုသိသလား။

ဂစ်တာတီးပြီး စာသင်တာတို့၊ စူပါဟိုက် ခေတ်ပြား ကိုယ်တော်တွေနဲ့ အပြိုင်တစ်ကိုယ်တော် ကွက်စိပ်ခေတ်ခင်းရင်း စာသင်တာတို့၊ အငြိမ့်ပြက်လုံးဆန်ဆန် ညစ်ညမ်းတဲ့ ဟာသတွေနဲ့ ပွဲကျအောင် စာသင်တာတို့၊ အဲသည် နည်းတွေကို မိုလိုက်တုနိုင်မည်လား။

မိုက မိန်းမပဲ။ ဘာဆိုင်သလဲ၊ တုနိုင်တိုင်းကော ကောင်းမည်လား။ ပြီးတော့ စီးပွားရေး နယ်ပယ်မှာ လူတော်တိုင်း လူကောင်းများချည်း မဟုတ်ကြသည်ကိုလည်း မိုသတိချပ်သင့်သေးသည်။

တကယ်တော့ သူ့နေရာဌာနအလျောက် မိုသည် လူတော်တစ်ယောက်ဆိုသည်ကို ကိုဖေအောင် နားလည်လက်ခံပါသည်။

မိန်းကလေးပေမဲ့ အဝတ်အစားသံသရာမှာချည်း လည်ပတ်မနေဘဲ ကိုယ့်တိုးတက်လမ်းကို အစဉ်ရှာနေတတ်သောမို၊ ဘဝရည်မှန်းချက် ကြီးစားသောမို၊ လူတော်လူကောင်းကိုသာ အလိုရှိတတ်သောမိုကိုတော့ ကိုဖေအောင် လေးစားချင်သည်။

မို၏ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်နှင့် လုံ့လကိုလည်း အသိအမှတ်ပြုရဦးမည်။

သူစိတ်ဝင်စားသော ပညာရပ်တွေနှင့် ပတ်သက်လျှင် မိုးတက်



www.burmeseclassic.com

ကျွမ်းကျင်လိုသောစိတ် အစဉ်ထက် နေတတ်ခြင်းဟာလည်း ချီးမွမ်းဖွယ်ပင် ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အလုပ်ပြင်ခြင်း၊ အတင်းပြောခြင်းမှာသာ စိတ်ဝင်စားပြီး အချိန်တန်လျှင် ယောကျ်ားကောင်းကောင်း ရှာယူဖို့ကိုသာ ဘဝ၏အမြင့်မား ဆုံးရည်မှန်းချက်အဖြစ် ထားတတ်သော သာမန် မိန်းကလေးတွေထက်တော့ မီက ထူးခြားတောက်ပြောင်နေသည်မှာ အမှန်ပင်။

သို့သော် ကိုဖေအောင် အမြင်မှာ မီသည် အခြေအနေအရပ်ရပ်ကို ခြုံငုံချင့်တွက်နိုင်စွမ်း၌မူ နုပေသေးသည်။

အခါများစွာ၌ သူလုပ်ချင်တာ တစ်ခုတည်းကိုသာ စိုက်လိုက်မတ်တတ် စိတ်ဝင်စားရင်း ပတ်ဝန်းကျင်ကို မေ့လျော့ထားခြင်း မှာလည်း မီ၏ အားနည်းချက်တစ်ခု ဖြစ်လိမ့်မည်။

ထို့ထက် ဆိုးသည်ကား သူ့ကိုယ်သူ မိန်းကလေးဟူသော အဖြစ်ကို နေရာတကာ၌ မေ့လျော့နေတတ်ခြင်းပင်တည်း။ သူ့ကိုယ်သူလည်း အထင်ကြီးစိတ် နည်းနည်းပိုသည် ထင်ပါရဲ့။

ဦးစိန်ဖြိုးအကြောင်းကိုတော့ ကိုယ်နှင့် လူရင်းလည်းဖြစ်၊ စီးပွားဖက် လည်း ဖြစ်နေသူမို့ ကိုဖေအောင် ရှည်ရှည်ဝေးဝေး မပြောလို။

တကယ်တော့ သူလည်း လူတော်တစ်ယောက်ပင်။ အသက်အရွယ် အရ အတွေ့အကြုံ ဗဟုသုတ အရာမှာတော့ မီ့ထက်များစွာသာလိမ့်မည်။ မီ့ဦးလေးအရွယ်မျိုးပဲ။

အာဝဇ္ဇန်းမှာလည်း ပြောစရာမလို။ ကြိုတင်ပြင်ဆင်မှုမလုပ်ဘဲ သင်လည်း တစ်ဆက်တည်း သုံးနာရီလောက် ကြာစေကာမူ ကျောင်းသား တွေ တဝါးဝါး ပွဲကျရမြဲပင်။

သို့ပေမဲ့ မှတ်စုရေးရမှာ ပျင်းတတ်သော အားနည်းချက်တော့ သူ့တွင်ရှိနေသည်။ သူ့ဟာသမှာ ကျောင်းသားတွေပွဲကျရခြင်းကိုသာ ဂုဏ်ယူတတ်ပြီး သူများမှတ်စုတွေကို ကောင်းနိုးရာရာဖြတ်တောက်ပင်

www.burmeseclassic.com

မနေဘဲ တစ်အုပ်လုံးယူ၍ မျက်နှာဖုံးသာ ပြောင်းလဲကာ မူပိုင်လုပ်ပစ်ဖို့ မရှက်တတ်သည်မှာလည်း ဦးစိန်ဖြိုး၏ပိုဆိုးသော အားနည်းချက်ပင်။

ထို့ကြောင့် သူ့အာဝဇ္ဇန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် သူရေးသည်ဆိုသော မှတ်စုများမှာ သိမ်ငယ်၍ပင် နေဦးမည်။

ထို့ထက် ပိုဆိုးသော အားနည်းချက်တစ်ခုကား မှင်သေသေနှင့် လုပ်ဇာတ်ကလေးများကို ဖန်တီးတတ်ခြင်းပင်တည်း။

အသက်လည်းထောက်စပြုပြီး မတန်တဆ ဝဖြိုးသော ခန္ဓာကိုယ်ကြီးကြောင့်လည်း ဖြစ်ကောင်းဖြစ်မည်။ စာသင်နှစ် ထက်ဝက်ကျိုးလျှင် ဦးစိန်ဖြိုး၏ စာသင်အားမှာ သိသိသာသာ ကျဆင်းတတ်မြဲပင်။

ထိုအခါ သူပျက်ကွက်စပြုတတ်လေပြီ။ သို့သော် မြို့မတ္တာခံယူလိုသော သားလည်းဖြစ်လိုရကား၊ လုပ်ဖော်ကိုင်ဖက်တွေနှင့် ကျောင်းသားတွေက ကျေနပ်ခွင့်လွှတ်ချင်အောင်လိုမ့်ကွက်ကလေးတွေ ဆင်ရရှာသည်။

တစ်ခါက ဦးစိန်ဖြိုးသည် စာသင်ချိန်အတော်ကြီးနှောင်းကာမှ သုံးဘီးတစ်စီးနှင့် ပေါက်ချလာကာ စောင့်မျှော်နေကြသော ကျောင်းသားတွေအား တလေးတစားပြောလေသည်။

“ဆရာလေ ဒီနေ့ မင်းတို့ကို အားပါးတရ သင်လိုက်မဟဲ့လို့ သင်ခန်းစာတွေကို ကျကျနနပြင်လာခဲ့တာ မနက်က မမျှော်လင့်ဘဲ ဆရာ့သားအငယ် အသည်းအသန်ဖြစ်လို့ ခုပဲဆေးရုံတင်ရမယ်၊ သုံးဘီးပါ ငှားလာတာကြည့်၊ ဒါပေမဲ့ ဆရာ့တပည့်တို့ရဲ့ ဆန္ဒကို ခံယူပါ့မယ်၊ ဆရာ့ကို သင်စေချင်သေးတယ်ဆိုရင်လည်း ဆရာ သင်ပြီးမှ သွားပါ့မယ်”

ရှေ့ဆုံးခုံမှ ကျောင်းသားတွေဆိုလျှင် ဦးစိန်ဖြိုး၏ မျက်ရည်စများကိုပင် မြင်နိုင်လောက်သည်။ ထိုအခါ တခြားဆရာတွေကပါ ဝိုင်း၍ အတင်းပြန်ခိုင်းကြသည်။ ဘယ်သူမှ စိတ်မကောင်းကြ။

မျက်နှာသေကလေးနှင့်ပြန်သွားသော ဦးစိန်ဖြိုးကို ကြည့်ကာ တို့ဆရာက သိပ်သဘောကောင်းတာ၊ ရယ်စရာလည်း သိပ်ပြောတတ်တာ၊



www.burmeseclassic.com

ခုတော့ပြုံးတောင်မပြုံးနိုင်ရှာဘူးဟု ကရုဏာသက်စွာ တွေးကြရင်း လူစုကာ ဆရာ့အိမ်သို့ လိုက်ကြလေသည်။

အိမ်ရောက်ကြသောအခါ ဆေးရုံတင်ရမည်ဆိုသော ဆရာ့ကလေး ငယ်ကား တဒိုင်းဒိုင်းမြည်အောင် ပြေးလွှားဆော့ကစားလျက်။ သူတို့ဆရာကို လိုက်ရှာကြသောအခါ လမ်းထိပ်က လက်ဖက်ရည်ဆိုင်တွင် သတင်းစာကို ထိုင်ဖတ်နေသည်ကို တွေ့ကြုံရသည်တဲ့။

ကိုဖေအောင်တို့ကတော့ အကြောင်းကြောင်းကိုထောက်၍ သည် လူကြီးအား ခွင့်လွှတ်ခဲ့ရပေါင်းများပြီ။ မှီကကော နားလည် ခွင့်လွှတ်နိုင် မည်လား။

သို့သော် ဇေယျတုတွင် မှီ့လုပ်သက်မှာ တစ်လကျော်ကျော်သာ ကြာခဲ့သည်။ ဘာသာစုံကျူရှင်သင်တန်းများကို ဖိလိုက်ရသောအခါ ပညာရေး အမှုထမ်းဖြစ်သော မှီသည် ဇေယျတုမှ အေးဆေးစွာ ပြန်လည်ထွက်ခွာ သွားသည်။

ဇေယျတုတွင် မှီရှိနေစဉ်အတွင်း အစစ အဆင်ပြေခဲ့ပေသည်။ သို့သော် ဇေယျတုတွင် မှီမရှိတော့သောအခါမှ မှီနှင့်ဦးစိန်ဖြိုးတို့၏ ပဋိပက္ခမှာ စတင်ခဲ့လေသည်။

"ကျွန်မ မပြောခဲ့ပါဘူး၊ မိန်းမဖြစ်လို့ အသေးအဖွဲကို ဇီဇာချဲ့တယ်၊ အကျကောက်တယ်လို့လည်း အထင်မခံချင်ဘူး၊ ဒါပေမဲ့ ဆရာစဉ်းစားကြည့်၊ နောက်ပိုင်း ဇေယျတုမှာ ကျွန်မဘာသာကို သူဝင်သင်ရတယ်–

"သင်ရိုးအကုန်တော့မဟုတ်ပါဘူး၊ ကျောင်းက ဘာသာစုံ မဖွင့် ရတော့ စာမေးပွဲအတွက် အရေးကြီးတာလောက်ပဲ အပိုသင်ပေးတယ်ဆိုတဲ့ သဘောပေါ့၊ သူ နှစ်ခါသုံးခါလောက် ဝင်တယ်ထင်ပါရဲ့၊ အဲဒီအခါ ကျွန်မ သင်ခဲ့ပြီးသား သင်ရိုးအစပိုင်းက အပုဒ်တွေကိုသာ သူထပ်သင်တယ်၊ လိုအပ်လို့ သင်တယ်ပဲထားပါတော့။

"ဒါပေမဲ့ သူက ကျောင်းသားတွေကို ဆရာမဒေါ်အေးမှီဟာ ယ်လို

www.burmeseclassic.com

သင်ခဲ့သလဲ၊ ဆရာသင်သလိုမှ ဟုတ်ရဲ့လားလို့ မေးတယ်ဆိုတာကို ပြန်ကြားရတော့ ကျွန်မ ဘဝင်မကျဘူးဆရာရယ်”

မို့ထံက ပဋိပက္ခ၏အစကို မမျှော်လင့်ဘဲ ကြားရသောအခါ မအံ့သြမိသော်လည်း ကိုဖေအောင် စိတ်မောမိလေသည်။ ကိုဖေအောင်ကတော့ နားလည်လိုက်သည်။ သည်လူကြီး ကိုယ်ရည်သွေးပြန်ပြီ။ သည်အကျင့်က သူ့ရဲ့ အဆိုးဆုံးအားနည်းချက်ပဲ။

“ဒါ သူ့ဝသီပဲ ဆရာမ၊ သူ့ရဲကိုယ်ရည်သွေးနည်း တစ်မျိုးပေါ့၊ ကိုယ်စွမ်းပြချင်စိတ် လွန်ကဲလာတော့ ဟိုလူ့ရိုတိတိ၊ သည်လူ့ရိုတိတိနဲ့ အနှောင့်မလွတ် အသွားမလွတ် ဖြစ်ကုန်ရော။

“မြို့ထဲကျောင်းတွေမှာ သူစာသင်ရင် မန္တလေးက ဆင်းလာတဲ့ ဟိုနာမည်ကြီး မြန်မာစာဆရာတွေကို အမြဲရိုနေကျပဲ၊ ဒါတွေ ကျွန်တော်တို့လည်း မကြိုက်ပါဘူး။

“ခက်တာက အားလုံးထဲမှာ သူအသက်အကြီးဆုံး၊ ပြောလည်း အမှတ်မရှိဘူး၊ သူ့ကို ဘယ်လောက်ပြောပြော နားတတ်တဲ့လူလဲ မဟုတ်ဘူးဗျ၊ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော်ယုံပါတယ်၊ ဆရာမကို နစ်နာစေလိုတဲ့ သဘောထက် သူ့ကိုယ်သူ အမွှန်းတင်တဲ့ သဘောနဲ့ ပြောတာဖြစ်မှာပါ”

မိကတော့ ကိုဖေအောင်၏ဖျောင်းဖျစကားကို ကျေနပ်လှသည် မဟုတ်။

“ထားပါတော့ ဒီကိစ္စမှာ အဆုံးအဖြတ်ပေးရမယ့်သူတွေက ကျောင်းသားတွေပါ၊ ကျွန်မ မဟုတ်ပါဘူး၊ ကျွန်မတပည့်တွေနဲ့ ပတ်သက်လို့ကတော့ အမြဲတမ်း လိပ်ပြာလုံပြီးသားပါ။

“ဒါနဲ့ ဆက်ပြောဦးမယ်၊ ဟိုအပတ်က ဇေယျာတုကို ကျွန်မ အလည်လာတော့ သူနဲ့တွေ့တယ်၊ သူက သူလည်း စိတ်ကြိုက်မှတ်စု ထုတ် မလို့တဲ့၊ ပထမတော့ ကျွန်မကို ခွင့်တောင်းနေတယ်အောက်မေ့ပြီး အားနာသွားတယ်၊ ဇေယျာတုမှာ ကျွန်မက စိတ်ကြိုက်ဘာသာကိုပင်တိုင်



www.burmeseclassic.com

သင်ခဲ့သူ၊ ပြီးတော့ ဟိုလကပဲ ကျွန်မ မှတ်စုတွေကို ဇေယျာတုမှာ ဖြန့်ပြီးသား မဟုတ်လား။

"ဒါပေမဲ့ သူကလည်း နောက်ပိုင်းမှာ ဝင်ကူထားသူဆိုတော့ သူ့မှာလည်း မှတ်စုရောင်းခွင့်ရှိတာပါပဲ။ ပြီးတော့ ဆရာများများရဲ့ အာဘော်စုံစုံရလေ ကျောင်းသားတွေအတွက် ကောင်းလေပဲ မဟုတ်လား၊ ဒါကြောင့် ကျွန်မကတော့ အချိန်မီထုတ်ဖို့ တိုက်တွန်းလိုက်သေးတယ်၊ စာမေးပွဲကလည်း တစ်ပတ်လောက်လိုတော့တာကိုး"

မှီက စကားပြောရင်း တဖြည်းဖြည်းပြုံးလာသည်။ ဒေါသပြုံး ရှုတ်ချပြုံး။

"ဒါပေမဲ့ ကျွန်မ အားနာမိတာ စောသွားတယ်၊ သူပြောတာကို ကြည့်ဦးလေ၊ အဲဒီ ကျွန်တော့်စာအုပ်မှာ ဆရာမရဲ့ နှိုင်းယှဉ်ဝေဖန်ချက် စာမူတွေ ထည့်သုံးပေးမတဲ့လေ၊ ဟား...ဟား ပစ္စည်းရှင်က သူခိုးကို အထုပ်ထမ်း ထွက်သွားပေးလို့ လက်ဖက်ရည် ပြန်တိုက်ရမယ့်ကိန်းပါလား ဆရာရဲ့။

"နေဦး ဆရာဖြတ်မပြောနဲ့ဦး၊ ကျောင်းဆရာလောကမှာ အချင်းချင်း မှတ်စုထုတ်နေကြတာပဲ၊ မပြောဘဲ ခိုးတော့ကော ဘာတတ်နိုင်မှာလဲ၊ ဒါ လုပ်ဖော်ကိုင်ဖက်ချင်းမို့ ပွင့်ပွင့်လင်းလင်း အကူအညီတောင်းတာ၊ အပြော မတတ်လို့ပါလို့ ဆရာက ရှေ့နေလိုက်ပေးဦးမလို့လား၊ ဒါ ရိုးသားချင်ယောင် ဆောင်ပြီး ရဲရဲတင်းတင်း လူလည်ကျလိုက်တာပဲ၊ ဒီတုန်းက ဇေယျာတု ကျောင်းအုပ်ကပါ ထောက်ခံတဲ့ အပြုံးနဲ့ ဝင်ပြောတယ်လေ။

"မထူးပါဘူး၊ ခုမှ တစ်ခါတည်း ဖွင့်ပြောလိုက်ရဦးမယ်တဲ့၊ ဆရာမ မနှစ်ကထုတ်ထားတဲ့ ကောက်နုတ်ချက် မှတ်စုတိုစာအုပ်ကို ဟောဒီလူကြီး ဒီနှစ်တစ်နှစ်လုံး လက်ကသုံးတောင်ဖွေးလုပ် သင်နေတာတဲ့။

"ဒီနှစ်လည်း ပေးလိုက်စမ်းပါတဲ့၊ ထောက်ခံတဲ့သူကလည်း လိုပြော လုံလုံပဲ၊ ဘာမှအပန်းမကြီးသလိုပြောနိုင်တယ်၊ ဒီလူကြီး မျက်နှာကလည်း



www.burmeseclassic.com

ခပ်ပြုံးပြုံးပဲ၊ သူ့မှာ ဘာမှအပြစ်မရှိသလိုပဲ ရှက်ဖို့မလိုသလိုပဲ၊ ကျွန်မ ဒီလူတွေကို တော်တော်စိတ်ပျက်သွားတယ်၊ စကားအချေအတင်လည်း မပြောချင် တော့လို့ ဆရာက တစ်ဆင့်ပဲ ပြောခဲ့တယ်လေ၊ ကျွန်မ မှတ်စုကို ကျွန်မ နာမည်မပါဘဲ သုံးခွင့်မပြုနိုင်ဘူးဆိုတဲ့ အကြောင်း”

သိပြီးသားမို့ ကိုဖေအောင် ဆက်၍မကြားချင်ပါ။ ဒေါ်အေးမိုတို့ မာနကြီးသည်ဆိုခြင်းမှာ ဒါတွေပဲ။ ဟိုလူတွေကလည်း ဟိုလူတွေပဲ။ တော်တော်ပင် အပျင်းကြီးကြလွန်းသည်။

ကိုယ့်ထမင်းအိုးကိစ္စ သည်လို လုံ့လနည်းတာကိုတော့ ကိုဖေအောင် လည်း မကြိုက်၊ ဒါကြောင့် သူတို့ စိတ်ရင်းကောင်းကြတာလေးတွေ မပေါ်လွင်ဘဲ ဖြစ်နေတာ၊ အခြေအနေပေးပါလျက် မကြီးပွားဘဲဖြစ်နေတာ။

“ဟိုတစ်နေ့ကတော့ သူ့စာအုပ်ဆိုတာ ထွက်လာတယ်။ ဇေယျတု မှာ ဖြန့်တဲ့အထဲတော့ ကျွန်မမှတ်စုတွေ ပါလာတာ မတွေ့ပါဘူး၊ အရွက် ၂၀ လောက်ရှိတဲ့ စာအုပ်ကို ငါးကျပ်နဲ့ ရောင်းတာတို့၊ ယူမယူတောင် မေးမနေဘဲ ကျောင်းသားတစ်ယောက် တစ်အုပ်စီလိုက်ဝေပြီးမှ ပိုက်ဆံ အတင်းကောက်တာတို့၊ တချို့ကျောင်းသားတွေ မကျေနပ်လို့ ပွစိပွစိ ဖြစ်ကြတာတို့ကတော့ ကျွန်မနဲ့မဆိုင်ပါဘူး။ ဆိုင်ခြင်းဆိုင်ရင် နှစ်စက ကျောင်းသားတစ်ယောက် စာရွက်စာတမ်းကြေး ၂၅ ကျပ်ကောက်ထားပြီး အခု ဆရာတွေ ပိုက်ဆံနဲ့ရောင်းတာကို နာစေးနေတဲ့ ဇေယျတု ကျောင်းအုပ်နဲ့သာ ဆိုင်မှာပေါ့”

မို့ဒေါ်သသည် ထုံးစံအတိုင်း ဇေယျတုကျောင်းအုပ်ကိုပါ အဖျား ခတ်လာလေပြီ။

“နောက် ဒီလူကြီးက ပြောသေးသတဲ့၊ ဒေါ်အေးမိုရဲ့ စာအုပ်က တပည့်တို့အတွက် မလုံလောက်ဘူးဆိုကြလို့ စာမေးပွဲနားနီးမှ ဆရာက အပင်ပန်းခံပြီး ထပ်ထုတ်ပေးရတာပါတဲ့၊ ကျွန်မ ဒီလူကို မိတ်ဆွေစာရင်းက လုံးဝထုတ်ပစ်လိုက်ပြီ ဆရာ”

www.burmeseclassic.com

စိုပြီးသားလက်တွေ ခြောက်ကုန်ကြပြီပဲ၊ ကိုဖေအောင် စိတ်မချမ်းမြေ့နိုင်။

"ကဲပါ ဆရာမရယ်၊ ဒီလူကြီးကို ဒေါသတွေနဲ့ ဗွေယူနေရရင် ဆုံးမှာမဟုတ်ဘူး၊ ကျွန်တော်တို့ဆိုလည်း ဒီလိုသူပြောနေကျပါ။ အရေးကြီးတာက ဆရာမမှတ်စုကို သူ့နာမည်တပ်မထုတ်ရင် ပြီးတာပဲ မဟုတ်လား"

ကိုဖေအောင်ကတော့ ပြေရာပြေကြောင်းကို ပြောလိုက်ခြင်းသာ။ သို့သော် မီကမူ ကိုဖေအောင် ထိုသို့ အေးစက်စက်နှင့် အရေးမကြီးသလို ပြောခြင်းကိုပင် ဘက်လိုက်သည်ဟု ထင်လေသည်။

တကယ်ဆို သူတို့ရောင်းရင်းတစ်ယောက် မဟုတ်တာ လုပ်တာကို ကန့်ကွက်ရမှာပေါ့။ ဝေဖန်ပြစ်တင်ရမှာပေါ့။ ခုတော့

"ဩော်...ဆရာတို့က သူ့ကိုခွင့်လွှတ်တယ်ပေါ့ဟုတ်လား၊ ဆရာတို့ ကျူရှင်ဆရာတွေဟာ ဒီလိုပဲလား၊ ဒီလိုလုပ်နေကျပဲလား"

မီဒေါသ အစပြုပြီ။ သည်တစ်ခါတော့ ကိုဖေအောင်လည်း မီကို စိတ်မရှည်ချင်တော့ပြီ။ ဘာလို့ ဝါးလုံးရှည်နဲ့ ရမ်းချင်ရသလဲ။ သူကတော့ ကျူရှင်ဆရာမ မဖြစ်ဖူးခဲ့တဲ့အတိုင်းပဲ။

"ဒါတော့ ကျွန်တော် မသိဘူး၊ ကျွန်တော်တို့တော့ ဒီလိုမလုပ်ဘူး"

"ဆရာမလုပ်ပေမဲ့ လုပ်တဲ့လူကို ဆရာတို့ ဘာလို့အားပေးအားမြှောက် လုပ်ရသလဲ၊ ဒါ ခွင့်လွှတ်လို့ရတဲ့ အမှားမျိုး မဟုတ်ဘူး ဆရာရဲ့၊ မရိုးသားတာ၊ ကောက်ကျစ်တာ၊ ညစ်ပတ်တာ၊ စဉ်းလဲတာ၊ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာတောင် လုပ်ရဲတာ လုပ်ရက်တာ"

"ကျွန်တော်တို့တော့ သူ့ကို အပေါင်းအသင်းဆိုး တစ်ယောက်လို ခွင့်လွှတ်ပေါင်းနေရတာပဲ၊ ခွင့်လွှတ်တယ်ဆိုတာ နားလည်မှုအပေါ်မှာလည်း တည်သေးတယ်ဆရာမ"

"ကျွန်မကတော့ နားမလည်တတ်ဘူးဆိုပါတော့၊ ပြောစမ်းပါ။ ဒီလူကြီးမှာ ကောင်းကွက်ကလေး တစ်ခုရှိတယ်ဆိုရင် ပြောပြလိုက်စမ်းပါ၊



www.burmeseclassic.com

ကျွန်မ ခွင့်လွှတ်ပါ့မယ်၊ ကဲ...ဆရာ မပြောနိုင်ဘူးမဟုတ်လား၊ ကျွန်မ နားလည်ပါပြီ ဆရာရဲ့၊ တကယ်တော့ ဆရာနဲ့ကျွန်မက ရိုးရိုးမိတ်ဆွေတွေပဲ၊ သူနဲ့ကတော့စီးပွားဖက် မဟုတ်လား၊ လူတွေရဲ့အမြင်ဟာ ငွေပေါ်မှာလည်း မူတည်သေးတာကိုးနော်"

သည်စကားမှာတော့ မို့ကို ကိုဖေအောင် နာဖြစ်ပြီ။ ဖေအောင်ဟာ မိတ်ရင်းမိတ်ဖျားကို စီးပွားရေးနှင့် တိုင်းတာသူတဲ့လား။ ဒါတောင် မို့စကား မဆုံးသေးပါ။

"ဆရာ အပေါင်းအသင်းထိလို့ မခံနိုင်လည်း မတတ်နိုင်ဘူး၊ ကျွန်မကတော့ ဒီလိုလူမျိုးကို ဆရာအပေါင်းအသင်းလုပ်နေ နိုင်တယ် ဆိုတာကိုပဲ အံ့သြမဆုံးပါဘူး"

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဟု မိုဆိုချင်သည်လား။ အုပ်စုပုံစံ ဆက်ဆံရေးမှာ တောက်ထားစရာ အကြောင်းကြောင်းတွေ ရှိတတ်တာကို မိုသိသင့်သည်။

ကောင်းကွက်ဆိုသည်က ကြည့်တတ်မှ မြင်နိုင်သည်ပဲ။ အနီးကပ် အပေါင်းကြာမှလည်း သိနိုင်သည်ပဲ။ နှုတ်မှ ဖွယ်ဖွယ်ရာရာ ပြောပြဖို့ ဆိုသည်က မလွယ်သည့်ကိစ္စပဲ။

တကယ်တော့ ဒီလူကြီးမှာ ကျေးချင်မွေးချင်စိတ်ရှိတာ ပြောတိုင်း မနာတတ်တာ၊ သူ့အလိုလို မကူညီတတ်ပေမဲ့ သူ့ဆီက အတင်းယူလည်း မငြူစူတတ်တာ၊ မဟုတ်တာလုပ်ချင်စိတ် အမြဲပေါ်လည်း ဘေးကဝိုင်း တားရင် နားထောင်တတ်တာ၊ ဒါလေးတွေတော့ရှိပါသေးတယ်၊ အကောင်း နည်းပြီး အဆိုးများတဲ့လူ၊ အပေးနည်းပြီး အယူများတဲ့လူလို့တော့ ဆိုနိုင်ပါရဲ့။

ဒါပေမဲ့ သူ့အထာကိုသိပြီး အနိုင်ကိုင်တတ်ရင် ပေါင်းလို့ရတဲ့လူမျိုး ပါ။ ဒီလိုနားလည်တတ်အောင် မိုဘယ်နှယ်နှစ်ကြိုးစားခဲ့ဖူးသလဲ၊ မိုက တင်းမာ ခက်ထန်လွန်းတယ်။ ဒါကြောင့် အပျိုကြီးဖြစ်နေတာ—



www.burmeseclassic.com

ကိုဖေအောင် စိတ်ထဲက စကားများစွာပြောနေသော်လည်း နှုတ်ကမူ တစ်ခွန်းမျှ မဟတော့။ မျက်နှာကိုပင် လမ်းမဘက်သို့ လွှဲလိုက်ပြီး တရုတ်သွေးပါသူမို့ ကိုဖေအောင်လည်း ဒေါသကြီးတတ်သည်ပင်။ ထိုအခါ တိတ်ဆိတ်နေသူကို မှီကဆက်၍ ရန်စပြန်သည်။

"ကျွန်မ အမှားတွေလည်း ပါပါတယ်၊ တကယ်တော့ မလာသင့်တဲ့ အရပ်ကို ကျွန်မလာခဲ့မိတာကိုး"

"ဒါကို ခုမှသိသလား"ဟု ကိုဖေအောင်ကလည်း ဒေါသ မျက်လုံးနှင့်ပင် မေးလိုက်လေသည်။

"ဒီတော့ မဆုံစည်းအပ်တဲ့လူတွေနဲ့ ဆုံစည်း၊ မပေါင်းအပ်တဲ့ သူတွေနဲ့ပေါင်းမိ မဖြစ်သင့်တာတွေဖြစ်"

ကိုဖေအောင် ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့ပြီ။ မှီ့ကို ခင်ကြ လေးစားကြသည့် သူတို့ကိုယ်ပိုင် အစွမ်းအစ၊ ကိုယ်ပိုင်သိက္ခာတွေ နှင့် ကျော်ကြားနေကြသည့် ဖေယျတုက ကျန်ဆရာတွေအပေါ်မှာလည်း မှီက သည်လိုပြောရက်သည်လား။

မှီနှင့် ကျောင်းနေဖက်ဆိုသော ဓိဝဗေဒဦးမျိုးစစ်တို့၊ ပန်းချီမင်းအောင် ဇော်တို့၊ ပထဝီဝင် ဦးကျော်ညွန့်တို့၊ သင်္ချာ ဦးမြင့်သိန်း၊ ဦးဇော်ဝင်းတို့ ဒီလောက် သတ္တိရှိလျှင် သူတို့ရှေ့မှာပါ မှီပြောပါလား။ ကိုဖေအောင် ထိုင်ရာမှ ထလိုက်သည်။

"ကျွန်တော်ပြန်မယ် ဆရာမ"ဟု တုံးတိတိ နှုတ်ဆက်ပြီး ဖြုန်းခနဲ ထွက်ခဲ့ရာ ကားပေါ်တက်သည်အထိ တစ်ချက်မျှ ပြန်လှည့်မကြည့်ဖြစ်တော့။

မှီ့၌ သွေးအေးသွားသည့်အခါ မိမိလုပ်ခဲ့သမျှကို ပြန်လည်စိစစ်ကြည့် တတ်သော အကျင့်ကလေး တစ်ခုတော့ရှိသည်။ အမှားတွေ့လျှင် နောင်တ ရမည်။ ပြီးတော့ သူပြင်မည်။ ပြင်နိုင်ခဲ့လျှင် သူဝမ်းသာမည်။

ဒါကို မှီ့ကောင်းကွက်ကလေး တစ်ခုတည်းဟု ကိုဖေအောင် မဆိုချင်သေးလျှင် ဘုန်းကြီးခေါင်းခေါက်ပြီးမှ ကန်တော့တတ်သည့်

www.burmeseclassic.com

အကျင့်ဟု ဆိုနိုင်သေးသည်။

တစ်ချက်မျှပင် ပြန်လှည့်ကြည့်ဖော်မရဘဲ ထွက်သွားသော ကိုဖေအောင်၏အမူအရာကို ပြန်စဉ်းစားကြည့်မိသောအခါ မှီကလည်း ဝမ်းနည်းလေသည်။

ခါတိုင်းတစ်ပတ်လျှင် တစ်ခါလောက်တော့ မှီ့အိမ်သို့ လာနေကျဖြစ်ကာ တိုင်ပင်စရာရှိသည်ကို တိုင်ပင်၊ ကူညီစရာရှိသည်ကို ကူညီ၊ ပျော်ရွှင်စားသောက် နောက်ပြောင် ကျီစယ်၍ ခင်မင်ကျွမ်းဝင်စွာ နေတတ်သော ကိုဖေအောင်၏ အလေ့ကလေးသည်ပင် ပျောက်ကွယ်စ ပြုနေပြီ။

နှုတ်ပတ်မျှကြာလာသောအခါ မှီသွေးအေးစပြုပြီး နောင်တရစလည်း ပြုပြီ၊ ငါ့မှာ မိတ်ဆွေတစ်ယောက်က နှစ်ယောက်ဆုံးပြီလားဟု ဆန်းစစ်စ လည်းပြုပြီ။

ပထမတစ်ယောက်ဆုံးတာကိုတော့ ဆုံးသင့်လို့ ဆုံးရတာပဲဟု တွေးကာ မှီဝမ်းမနည်း။ သို့ပေမဲ့ ကိုဖေအောင်ကိုမူ မှီအဆုံးခံနိုင်မည်လား။

တကယ်တော့ ကိုဖေအောင်သည် မှီတို့မိတ်ဆွေ အုပ်ထဲတွင် အရိုးသားဆုံးနှင့် အကူညီတတ်ဆုံးရောင်းရင်း တစ်ယောက်ပင်။ အကူအညီ တစ်ခုခု လိုလာတိုင်း သူ့မိသားစု တာဝန်များနှင့် အားလပ်လှသည် မရှိသော ကိုဖေအောင်ကိုသာ အားမနာတမ်း သတိရတတ်ကြမြဲ။

ကိုဖေအောင်ကလည်း အားလုံးကို ကျေနပ်အောင် ဒိုင်ခံလုပ်ပေး တတ်မြဲ။ တစ်ခါတစ်ရံ သူစိတ်တိုလာလျှင်သာ ဘယ်သူ့ရဲ့ ဆွေမျိုးတွေလဲ မနက်လိုချင်တဲ့ ကိစ္စကို ညကျမှ ကပ်ခိုင်းကြနော် ထေ့တတ်သည်ထက်ပို၍ မငြူစူခဲ့ဘူး။ သည်အထဲမှာ အခိုင်းတတ်ဆုံးသူကတော့ မှီပဲ ဖြစ်လိမ့်မည်။

ပြီးတော့ ကိုဖေအောင်သည် ရောင်းရင်း တစ်ယောက်စီအပေါ် သူ့နည်းနှင့်သူ နားလည်ကြည့်ကာ လိုအပ်သော ရိုင်းပင်းမှု၊ ကြင်နာမှုတွေကို ပြလေ့ရှိခဲ့သူပင်။



www.burmeseclassic.com

တကယ်တော့ မှီသတိရတတ်ဖို့ အများကြီးကောင်းသည်။ ဘာကြာသေးလဲ၊ မှီ့မောင်တစ်ယောက် နိုင်ငံရေး မသင်္ကာမှုတစ်ခုနဲ့ အချုပ်နှောင်အစစ်ဆေးခံနေရစဉ် သောကမီးတောက်နေသော မှီ့ထံ ဦးစွာရောက်လာသူမှာ ကိုဖေအောင်သာမဟုတ်ပါလား။

တချို့ရောင်းရင်းတွေ ဝတ်ကျေဝတ်ကုန်တစ်ခေါက်လာပြီး ပျောက်သွားကြလည်း၊ တချို့ကိုယ်တိုင် မလာနိုင်၍ အမှာစကားသာ ပါးကြလည်း၊ တချို့က သူတို့စီးပွားရေးကိစ္စတွေထဲ နစ်မြုပ်နေဆဲမို့၊ မှီ့အတွက် အချိန်မပေးနိုင်ကြဆဲ၊ အားငယ်နေသူ မှီရှေ့မှာ မကြာခဏ လာရပ်ဖော်ရသူမှာ ကိုဖေအောင်တစ်ယောက်တည်းသာ မဟုတ်ပါလား။

တစ်နေ့ည ကျောင်းဆရာခန်းထဲ၌ မှီ ထိုင်ငိုင်နေဆဲ၊ ကိုဖေအောင်ရောက်လာခဲ့ပုံကို မှတ်မိနေသည်။ ကိုဖေအောင်သည် မှီ့ကို အသံမပေးဘဲ မလှမ်းမကမ်း ခုံမှာ တိတ်ဆိတ်စွာ ဝင်ထိုင်ရင်း အမောဖြေနေရာ အတန်ကြာမှ မှီက ဖြုန်းခနဲတွေ့ရခြင်းဖြစ်သည်။

ထိုစဉ်က မှီ့စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ။ လှိုက်လှဲဆို့နင့်လာလေသည်။ အကြာကြီး ကွဲကွာနေသော အစ်ကိုရင်းချာ တစ်ယောက်ကို ဒုက္ခရောက်နေချိန်မှာ ဖြုန်းခနဲ ပြန်တွေ့ရသော နှမငယ်တစ်ယောက်၏ အံ့သြဝမ်းသာစိတ်နှင့် ငိုချင်လာသလိုမျိုးပင် ဖြစ်မည်ထင်သည်။

ထိုအချိန်မှာ လုပ်ချင်တိုင်းသာ တင့်တယ်၍ ပတ်ဝန်းကျင်အမြင်မှာလည်း နားလည်တတ်ကြမည်ဆိုပါက ကိုဖေအောင် လက်မောင်းတစ်ဖက်ကို အားပြု ခေါင်းမှက်ကာ မျက်ရည်ခိုင်သည်ဟု ကျော်ကြားသောမိန်းကလေး မှီ၏ မျက်ရည်တို့သည် တစ်ရှိန်ထိုး စီးဆင်းလာပေတော့မည်။

သို့သော် မှီမငိုဖြစ်ခဲ့။ ကိုဖေအောင်ရှေ့မှာပင် ငိုချင်စိတ်ကို ဒေါမနဿအဖြစ်သို့ ပြောင်းလဲခဲ့ဖူးသည်။

"သိလား ဆရာ၊ ဟိုတုန်းကတော့ ကျွန်မလေ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

အထင်ရောက်ခဲ့ဖူးတယ်၊ သြော် … ငါ့မှာ အားကိုးလောက်တဲ့ မောင်ဘွား မရှိပေမဲ့ အရေးဟဲ့ဆို ငါ့ရောင်းရင်းတွေက ငါ့ကို ပစ်ထားကြမှာ မဟုတ်ဘူးလို့၊ ခုတော့ လက်ချိုးရေကြည့်ရင် ငါးချောင်းလောက်တောင်မှ မပြည့်ပါလားဆရာရဲ့”

ကိုဖေအောင်က လိုက်လှဲစွာ ပြုံးသည်။ အပြင်က ဘယ်လိုပင် ဟန်ဆောင်ထားလည်း ရင်ထဲမှာ အစဉ်ငိုနေတတ်သော မှီ့ကို နားလည်သည့်အပြုံး၊ စာနာသည့် အပြုံးပင်။

တစ်ခါကလည်း ညကျောင်းအဖွင့်မှာ သူတစ်ယောက်တည်း ပြုတ်ကျန်ကာ တော်တော်နှင့်ခန့်စာမရသေးခင် မှီသည်–

ရောင်းရင်းအားလုံး၊ ငါ့အားပြုံး၍

စုရုံးထွက်ခွာ၊ ထားခဲ့ပါသော်

ထီးကျန်ဖော်မဲ့၊ နွမ်းယဲ့ယဲ့မှာ

အားနွဲ့မနေ၊ မတွေဝေဘူး

မျက်ရည်ကိုသုတ်၊ မပူရပ်သို့

ဟန်လုပ်ပြုံးကာ၊ အားတင်းကာနှင့်–

စသည်ဖြင့် မြန်မာစာ ဆရာမပီပီ ကဗျာတွေဘာတွေစပ်ကာ ဟန်လုပ်ရင်းက အားငယ်နေခဲ့ဖူးသည့် အဖြစ်ကို အမှတ်ရ ပြုံးခြင်းလည်း ပါလိမ့်မည်။

ကြည့်လေ သည်တုန်းက ကိုဖေအောင်ကို ပုဏ္ဏားတိုင် လုပ်ခဲ့ဖူးသေးသည်ပဲ။ ဘယ်သူတွေမလာဘူး။ ဘယ်ဝါတွေကဖြင့် မျက်နှာလာပြရုံပါပဲ။ အဆုံးမှာတော့ မှီ့ကို အားလုံးက ပစ်ထားကြသည်လို့ ရန်လုပ်ပြခြင်းပင်။

သည်တုန်းကကော ကိုဖေအောင် ဘာပြောခဲ့သည်လဲ။ မှီ့အကြိုက်ကို သံယောင်မလိုက်၊ ကြားနေလည်း မလုပ်ခဲ့။

ဘယ်သူကတော့ မော်လမြိုင်သွားနေလို့ မလာတာပါ။ ဘယ်သူကတော့ မင်္ဂလာဆောင်ခါနီးမို့ အလုပ်တွေ ရှုပ်နေလို့။ ဘယ်သူကတော့



www.burmeseclassic.com

အိပ်ရာက နာလန်ထခါစ ပြန်ပြန်ဖျားနေလို့။ ဒါတောင် သိသိချင်း တစ်ခေါက် လာပါသေးတယ်။ ဆရာမအပြင်သွားနေတာနဲ့ လွဲသွားလို့ သူလာကြောင်း ဆက်ဆက်ပြောပေးပါလို့ မှာလိုက်ပါတယ်။ ကျွန်တော် ပြောဖို့မေ့နေလို့ စသည်ဖြင့် မှီ့ကိုလည်း ချွေးသိပ်ကာ ကျန်လူတွေ ဘက်မှလည်း တစ်ယောက်တည်း ဒိုင်ခံရှေ့နေလိုက်ခဲ့သေးသည်မဟုတ်လား။

သည်လို အားလုံးဘက်မှာ ပြောရာပြေကြောင်း ရှေ့နေလိုက်တတ်တာကိုက ကိုဖေအောင်ရဲ့ချစ်စရာ ညာဉ်တစ်ခုပဲ။

ပြီးတော့ အပေါင်းအသင်းအုပ်ထဲတွင် အငယ်ဆုံးဖြစ်သော မှီ့ကို အစ်ကိုက နှမကို ဆုံးမပုံမျိုးနှင့် မကြာခဏဆုံးမတတ်ကာ ဝေဖန်သတိပေးတတ်တာလည်း ကိုဖေအောင်၏ ကျေးဇူးတင်ဖွယ် စရိုက်တစ်ခုမဟုတ်လား။

အခုတော့ သည်ရောင်းရင်းတစ်ယောက်သည် ဇေယျာတုမှ လမ်းလျှောက်လာလျှင် ငါးမိနစ်ကြာအောင် မဝေးသော မှီ့အိမ်သို့ အမှတ်တရ လာဖော်မရတော့ပြီ။

ဘာပဲဖြစ်ဖြစ် တောင်းပန်စာ တစ်စောင်တော့ ရေးသင့်ပြီဟု မှီတွေးသည်။ စိတ်လိုက်မာန်ပါ လုပ်တတ်မြဲအတိုင်း ချက်ချင်းထ၍လည်း ရေးပြန်သည်။ ကိုယ့်အမှားကြောင့် ပြန်တောင်းပန်ရသော အလုပ်မှာ မှီတို့လို မာနသမားတစ်ယောက်အတွက် မလွယ်လှသည်ကိုတော့ ကိုဖေအောင် နားလည်တတ်လိမ့်မည်။

မှီ၏တောင်းပန်စာမှာ များစွာချောမောလှမည်တော့ မဟုတ်။ ဦးစိန်ဖြိုးနှင့် ပတ်သက်သော ဒေါသများလည်း မကျေလည်နိုင်သေး။

သို့သော် ကိုဖေအောင်အပေါ် မှီထားသော ကျွမ်းဝင်ခင်မင်မှု၊ ကိုးစားယုံကြည်မှုတို့ကမူ စာထဲတွင် ပေါ်လွင်နေပေလိမ့်မည်။ သဘောမရိုး လှသော်လည်း အပြောဆိုးတတ်လှသော မိမိ၏အားနည်းချက်ကို ဝန်ခံရင်း စိတ်ထိခိုက်ဟန်လည်း ပေါ်နေပေလိမ့်မည်။ အဆုံးမှာတော့–

မိတ်မဖြစ်ထိုက်သူ တစ်ယောက်အတွက် မိတ်စစ်တစ်ယောက်ကို



www.burmeseclassic.com

ကျွန်မ မဆုံးရှုံးပါရစေနဲ့ဟု မာနသံတစ်ဝက်နှင့် မှီက တောင်းပန်လိုက်သည်။

ထိုနေ့ညမှာပင် အိမ်ရှေ့စာကြည့်စားပွဲမှာ ခေါင်းငုံ့စာရေးနေသော မှီသည် တံခါးဝမှာ လှုပ်ရှားလာသော လူရိပ်တစ်ခုကြောင့် မော်ကြည့်လိုက်သည်။ မှီ မျက်နှာမှာ အသွေးအရောင်တွေ ချက်ချင်းပြောင်းသွားလေသည်။ ခေတ္တမျှ ငေးကြောင်ငြိမ်သက်နေလိုက်သေးသည်။ စေ့ထားသောဘိလပ်တံခါး မှန်ကူကွက်များခြားလျက် ပြုံးထေ့ထေ့အသွင်ဖြင့် ရပ်နေသူကား–

မှီမှာ အစ်ကိုရင်းချာတစ်ယောက် ရှိခဲ့လျှင်တောင် သူ့လောက် နှမအပေါ် မကောင်းနိုင်ဟု မှီ အမြဲတွေးခဲ့သော ကိုဖေအောင်။ အပေါင်းအသင်း သံယောဇဉ်ကြီးသလောက် အပေါင်းအသင်းတို့၏ ပြုစုမှုကို နည်းနည်းကလေးမှ ခံနိုင်ရည်မရှိသော ကိုဖေအောင်။

အပေါင်းအသင်းတွေက သူတို့ကြည်လျှင် ဒေးဗစ်ချန်းဟုခေါ်၍ မကြည်လျှင် လော်စစ်ဟန်ဟု ခေါ်သည်ကို များစွာ နှစ်ခြိုက်တတ်သော ကိုဖေအောင်။ သူကသာ အလှူ့ပေး ခွင့်လွှတ်ရဖန်များလည်း တစ်ခါတစ်ရံတော့ သူက ဝေဖန်စိတ်ကောက်ပြတတ်သော ကိုဖေအောင်။

ခုတော့ ကိုဖေအောင်သည် နှုတ်ခမ်းထောင့်စွန်းကို ကွေးကာ ဖြူဖွေးညီညာသော သွားစွယ်ကလေးတွေပေါ်အောင် ပြုံးနေသည်။ သရော်ဟန်ဖြင့် အစဉ်ပြုံးတတ်ပေမဲ့ သူ့အပြုံးက သန့်စင်ကြည်လင်ပြီး၊ ခု သူ့အပြုံးမှာမူ တဒင်္ဂစိတ်တိုမိသည်ကို ရက်ရွံ့အားနာဟန်တွေ လွှမ်းနေလေသည်။ ညာဘက်က လက်ဆွဲအိတ်ကိုဆွဲကာ ဘယ်လက်ကို တိုက်ပုံအင်္ကျီအိတ်ထဲသွင်းလျက် မထိပြုံးနှင့် ကုပ်ကုပ်ကိုင်းကိုင်းကလေး ရပ်နေပုံကလည်း ဒေးဗစ်ချန်းရဲ့ ဟန်ပါပဲဟု မှီက ခင်မင်စွာတွေးသည်။

တံခါးဝမှအသံမပေးဘဲ တိတ်ဆိတ်စွာ ရပ်နေပုံကမူ တစ်ခါက ညကျောင်းဆရာခန်းထဲမှာ မှီ့ကို အားပေးရန် မှီ့ဘေးမှာ လာရပ်ခဲ့ဖူးပုံကို ဖြုန်းခနဲ သတိရစေလိုက်သည်။

ထိုစဉ်က ကိုဖေအောင်သည် မြို့ထဲကျူရှင်မှ ပြေးလာရ၍ များစွာ



www.burmeseclassic.com

မောပန်းနွမ်းနယ် နေခဲ့ပုံရလေသည်။ ခုလည်း...

မို၏မျက်လုံးအိမ်တွင် သောမနဿမှာ အခြေခံလာသော မျက်ရည်ကြည်တို့က စိမ့်တက်လာကြလေသည်။ မျက်ရည်ကျရမှာ သေမလောက်ကြောက်သော မာနခဲမိုသည် ထိုင်ရာမှ ဖြုန်းခနဲ သွက်လက်စွာထလိုက်သည်။

"ဟဲလို ဒေးဗစ်ချန်း၊ ဖေယျူတုက အပြန်ဝင်လာတာ မဟုတ်လား၊ လာ လာ"

အခါတိုင်းထက် ထူးခြားသွက်လက်နေသော မို့ဟန်က မိုသည် မိမိ၏စိတ်လှုပ်ရှားမှုကို ဖုံးကွယ်နေကြောင်း ပေါ်လွင်နေစေသည်။ မိုသည် ကိုဖေအောင်မျက်နှာကို တစ်ချက်မျှသာ ဝိုးတဝါးကြည့်လိုက်၍ မိမိမျက်နှာကိုမူ မှောင်ရိပ်တွင် အပြီးကွက်ဝှက်ပစ်လိုက်သည်။

ထိုအခါ ကိုဖေအောင်၏ နှုတ်ခမ်းထောင့်စွန်းများသည် ပို၍ကွေးညွတ်သွားကာ သူ၏ပြုံးထေ့ထေ့ မျက်လုံးများကလည်း စကားစဆိုလိုက်ပေပြီ။

"မိုလည်း ကျွန်တော့်ကို ခွင့်လွှတ်ပြီး ပေါင်းနေရတဲ့ အပေါင်းအသင်းဆိုး တစ်ယောက်ပါပဲ"

[ရှုမဝ၊ ဇူလိုင် ၁၉၇၇]

www.burmeseclassic.com

www.burmeseclassic.com

# သင်္ချာသမား အမှားပုစ္ဆာအဖြေသုည

ခရမ်းနုရောင် ပိုဇာခန်းဆီးမှ ကန်စွန်းပင်နွယ်ပင်တွေ တလွန့်လွန့်လှုပ်ရှား နေသည်ကိုငေးရင်း မင်းဝေ ရင်ခုန်နေမိလေသည်။ သည်အိမ်၏ အနေအထားမှာ သူနှင့်စိမ်းနေသလိုပင်။ သူငယ်စဉ် သူတို့မိသားစု ရန်ကုန်သို့ ပြောင်းရွှေ့ အခြေချစကမူ ဖခင်နှင့်အတူအလည်အပတ် ရောက်ခဲ့ဖူးသည် ကိုတော့ မှတ်မိနေသည်။

သို့သော် ဟိုတုန်းကတော့ သူ့ဖခင်၏ တစ်မြို့တည်းသား ကျောင်းနေဖက်ဖြစ်သူ မြသက်မာ၏ဖခင်ထံ သူ့ဖခင်၏အဖော်အဖြစ် လိုက်ပါခဲ့ရခြင်းသာ ဖြစ်သည်။ ယခုမူ သူသည် မိခင်၏အစီအမံအတိုင်း မြသက်မာ၏ ဧည့်သည်အဖြစ်နှင့် သည်အိမ်သို့ ရောက်ခဲ့ရပြီ။

ထိုစဉ်က သူ့ထက် ဆယ်နှစ်ခန့်ငယ်သူ မြသက်မာမှာ ဂါဝန်ကလေး နှင့်အသားညိုညို၊ မျက်နှာဝိုင်းဝိုင်း၊ သုန်မှုန်သော မျက်နှာထားနှင့် ခေါင်းမာ သောအမူအရာကလေးနှင့် ရှစ်နှစ်ကိုးနှစ်အရွယ် သူငယ်မကလေးမျှသာ ဖြစ်သည်။

သူက တက္ကသိုလ်ရောက်စ လူပျိုပေါက်အရွယ်မို့ ဂျစ်တူးတူး သည်ကောင်မကလေးကို အထူးတလည် စိတ်ဝင်စားစရာလည်း အကြောင်း



www.burmeseclassic.com

မရှိခဲ့ပေ။ မြသက်မာကလည်း လူကြီးတွေ သင်ပေးထားသဖြင့်သာ တစ်ခါတစ်ရံ သူ့အား "ကိုကိုတူး"ဟု ငယ်နာမည်အတိုင်း ခေါ်ငင်နှုတ်ဆက်တတ်ရုံမှအပ အရောဝင်ခင်မင်ခြင်း မရှိခဲ့။

သူဘီကွန်းအောင်ပြီးစမှာ ဖခင် ကွယ်လွန်ခဲ့လေသည်။ နောက် ဖခင်မကွယ်လွန်မီက စီစဉ်ခဲ့သည့်အတိုင်း အမေရိကားသို့ ပညာသင် သွားရလေသည်။ သည်ကတည်းက မြသက်မာတို့အိမ်နှင့် အဆက်ပြတ်ခဲ့ရသည်။ အမေရိကားမှ ပြန်ရောက်တော့ သူ့အသက် (၂၆)နှစ်သာ ရှိသေးသည်။

သို့သော်"အတူး"ဆိုသော ကောင်ကလေးတစ်ယောက် မဟုတ်တော့ပြီ။ နိုင်ငံခြား အရင်းရှင်ဘဏ်တစ်ခု၏ လခထောင်ကျော်စား အုပ်ချုပ်ရေးမှူး တစ်ယောက်ဖြစ်ခဲ့ပြီ။ နောင်မှ "အမ်ကွန်း"ဘွဲ့အပြင် ယစ်ရှေ့ရည် အချိန်မှန်မှီဝဲတတ်သည့် အကျင့်ကိုလည်းရခဲ့ပြီ။ အရွယ်ကောင်းမှ ရာထူးကောင်း၊ လခကောင်းနှင့် နိုင်ငံခြားဖြစ် နောက်မြီးကလေးနှင့် ဖြစ်လာသောအခါ ထုံးစံအတိုင်း သမီးရှင်တို့မျက်စိကျခြင်းကို ခံရတော့သည်။

သည်တုန်းက မြသက်မာ၏အသက်မှာ ရှိလှမှ ၁၄–၁၅နှစ် ပေါ့။ သည်တော့ မင်းဝေတို့ ပန်းကုံးစွပ် ရွေးရမည့် မြို့ရန်ကုန်၏ ရေပေါ်ဆီ သတို့သမီးတွေထဲ မြသက်မာ မပါခဲ့တာ အမှန်ပင်။

ဇာခန်းဆီး ခရမ်းဖျော့ဖျော့မှာ တစ်စထက်တစ်စ အသွေးရင့်လာကာ လွန့်နေသော ကန့်စွန်းနွယ်များကြားမှ ခရမ်းသွေးရင့် ဆင်ထားသူကလေး ဘွားခနဲ ပေါ်လာတော့ မင်းဝေ ရုတ်တရက် မှင်တက်မိကာ နေမိသည်။

ငယ်ရုပ်မပျောက်သော မြသက်မာကိုလည်း မှတ်မိလိုက်သည်။ အင်း... ငယ်စဉ်ကလောက်တော့ အကျည်းမတန်၊ ညိုတဲ့အသားကလည်း လတ်လာသားပဲ။ ဖအေတူမို့ မျက်လုံးမျက်ဖန်လည်းကောင်းပါရဲ့။ ငယ်ငယ်က မှုန်တေတေဂျစ်တူးတူး အမူအရာလည်း ကင်းစင်လို့ပေါ့။

ဒါပေမဲ့ စိန်ဇာရံ နားကပ်နဲ့ စိန်တစ်လုံးလက်စွပ်ကလေးကိုသာ

www.burmeseclassic.com

ရိုးရိုးရှင်းရှင်း ဝတ်ထားပုံကလေးကိုတော့ မျက်စိထဲ အစွဲဆုံးပါပဲ။ အားလုံး ခြုံကြည့်တော့ မဆိုးလှပါလေဟု တွေးနေဆဲ၊ မြသက်မာက ရက်ပြုံးကလေးဖြင့် နှုတ်ဆက်လိုက်၏။

မင်းဝေကလည်း ရင့်ကျက် ပြည့်ဝသူ၏အပြုံးမျိုးဖြင့်ပင် ပြန်လည်တုံ့ပြန်လေသည်။ အမှန်တော့ တုန်လှုပ်နေစရာလည်း မလိုတော့ပြီ။ သူ့အသက်မှာ(၃၀)မှ အတော်ကြီးကျော်ခဲ့ပြီ။ သည်မှာဘက်၌ အတွေ့အကြုံလည်း ရင့်ခဲ့ပြီ။

အမေရိကားမှ ပြန်ရောက်စမှ ယနေ့အထိပင် အမေနှစ်လိုသော မိန်းကလေးပေါင်း မြောက်မြားစွာနှင့် ယခုလိုဧည့်ခန်းမှာ ဣန္ဒြေရရ စကားထိုင်ပြောလို့တစ်မျိုး၊ ခေတ်မီလွတ်လပ်စွာ နှစ်ယောက်တွဲလည်ပတ်လို့တစ်ဖုံ လေ့လာအကဲခတ်ခဲ့ဖူးပြီ။

ဈေးတင် ဈေးဆစ်ပွဲ၌ ကိုယ့်ဘက်က လျှော့ဈေးမပေးနိုင်၍သာ လူပျိုကြီးဘဝ၌ သောင်တင်နေသေးခြင်း ဖြစ်သည်။ ပြီး စန်းပွင့်သော အခြေအနေမှာ လူပျိုသက်တမ်း ရှည်ရခြင်းသည်လည်း အရသာတစ်မျိုးဖြစ်နိုင်သေးသည်ပင်။ ယောကျ်ားဆိုတာ ဟိုင်းတယ်လို့မှ မရှိသည်ဘဲ။

ရက်ရွှံ့ဟန်ရှိနေသော မြသက်မာမှာ စကားပြောကြည့်တော့လည်း သွက်လက်ချက်ချာသည်ပင်။

သူတို့သည် ခဏချင်းမှာပင် စကားပြော ပြေလည်သွားကြကာ မြသက်မာ၏ အလုပ်ဌာနအကြောင်း၊ မင်းဝေ အမေရိကား၌ နေစဉ်က အကြောင်း၊ ကွယ်လွန်သွားကြပြီဖြစ်သော သူတို့ဖခင်များအကြောင်းတို့ကို လျှောက်ပြောနေမိကြသည်။

တစ်နာရီကျော်ကျော်လောက်အကြာမှာ မင်းဝေက ပြန်ရန်ပြင်သည်။ ပွဲဦးထွက်မှာ သည်လောက်နှင့် တော်လောက်ပေပြီ။ ကိုယ်ရှိန်သတ်ဦးမှ ချဉ်းကပ်နည်း လိုသည်လေ။

မင်းဝေ ပြန်သွားတော့ မြသက်မာသည် မိမိအိပ်ခန်းဆီသို့



www.burmeseclassic.com

ပြေးဝင်သွားကာ စိတ်ကူးယဉ်ခြင်း စလေသည်။ မိမိအတွက် နိုင်ငံခြားပြန် တစ်ယောက်ကို မေမေတို့ ရှာလာပြီဆိုတုန်းက ဘယ်သူဘယ်ဝါဆိုတာ မြသက်မှာ စုံစမ်းခဲ့သည်။ အခြားအချက်တွေမှာတော့ ဗေဒကတက်စရာကို မတွေ့။

သို့သော် ကိုကိုတူး ဆိုသူက အသက်သုံးဆယ်ကျော် လေးဆယ်နီးပါး တဲ့။ ဘဲအိုကြီးပဲဟု မြသက်မှာက နှာခေါင်းရှုံ့ခဲ့ဖူးသည်။

အသက်အစိတ်ပင် မပြည့်တတ်သေးသော မြသက်မှာက မိမိကိုယ်ကို နုပျိုသူအဖြစ် မာန်တက်စရာ တစ်ကွက်ရလိုက်သည့်အတွက်မူ ဝမ်းသာရ သေးသည်။

ပြီးတော့ မြသက်မှာမှာ ငယ်ဂုဏ်တစ်ခုတည်းမှ မကဘဲ။ မဟာဝိဇ္ဇာ (ကျမ်းပြု)ဟူသော ဘွဲ့တစ်လုံးနှင့် နည်းပြဆရာမလည်း ဖြစ်သေးသည်လေ။

စိန်တစ်ဆင်စာ၊ တိုက်တစ်လုံး၊ ကားတစ်စီးဟူသော ပိုင်ဆိုင်မှု အင်အားကိုလည်း မည်သူ စိတ်မဝင်စားဘဲရှိမည်လဲ။

တစ်ခုလည်း ရှိပြန်သေးသည်။ ငယ်စဉ်ကပင် စာတော်ခဲ့သော မြသက်မှာမှာ ဖခင်၏ အစီအမံအတိုင်း အသက်ငယ်ငယ်နှင့် မဟာဝိဇ္ဇာဖြစ် ဖို့ကိုသာ ကြိုးစားနေရသည်မို့ ရည်းစားပင် မထားဖူးသေးပေ။

သည်အချက်မှာ ထူးထူးခြားခြားကြီး မလှပသော မြသက်မှာ၏ အားနည်းချက်ဟု မဆိုရက်လျှင် ဖြူစင်မှုသာ ဖြစ်စရာရှိပေသည်။

အခုတော့ အတော်ပါပဲ။ ချစ်သူရှာဖို့ အချိန်ကောင်းမှာမှ ကိုကိုတူး နှင့် လာတွေ့ရသည်လေ။ ကိုကိုတူးကလည်း အချောသားပါပဲ။ ဖြူဖြူ တောင့်တောင့် ဖြောင့်ဖြောင့်ဖြစ်သော ကိုကိုတူးကို "ဘဲအို"ဟု ခေါ်ခဲ့မိခြင်း အတွက်မူ အားနာရသေးသည်။ နောက်ဆုံးတော့ "ကြီးရင်မို"တဲ့လေ။ အစစအရာရာ အားကိုးချစ်စရာ ယောကျ်ားတစ်ယောက်ပါပဲဟု ပြင်ဆင် မှန်းဆ ဆုံးဖြတ်လိုက်တော့သည်။

သို့သော် မြသက်မှာက အကြံအစည်နှင့်မို့ မိခင်နှင့် အောင်သွယ်တော်



www.burmeseclassic.com

ဝမ်းကွဲအစ်မများကို လွတ်လပ်ခွင့်တစ်ခု တောင်းဆိုလေသည်။

"ကိုကိုတူးကိုသမီး လေ့လာပါရစေ၊ မကြာပါဘူး၊ အများဆုံး ခြောက်လလောက်ပါပဲ၊ ပြီးတော့မှ သမီးစိတ်ကြိုက် ဆုံးဖြတ်ပါရစေ"

မိခင်ကတော့ ရယ်မောကာ သမီးထွေးမို့ အလိုလိုက်လေသည်။ အစ်မများကမူ မြသက်မာကို နားမလည်။

"ဘာလိုသေးလဲ သက်မာရဲ့၊ အခြေအနေအားလုံး သက်မာသိပြီး မြင်ပြီး မဟုတ်လား"

မြသက်မာက ပြန်မဖြေ။ ကိုကိုတူးမှာ မြသက်မာ သေသေချာချာ မမြင်သေးတာ တစ်ခုတော့ရှိပါသေးသည်။ အသည်းနှလုံးလေ။ ဝတ္ထုတွေထဲက ဇာတ်လိုက်ရဲ့ အသည်းနှလုံးမျိုးပေါ့။

တချို့ဝတ္ထုတွေထဲက ဇာတ်လိုက်တွေများ၊ လောကမှာ တစ်ယောက်ဆိုတစ်ယောက်ပဲ ချစ်သတဲ့။ သစ္စာဖောက်သွားတဲ့ ချစ်သူတွေကို သက်တမ်းတစ်ဝက်လောက် စိတ်လက်ရှည်ရှည် စောင့်ပြီး အဘွားကြီးအရွယ်မှာ ပြန်တွေ့တော့လည်း ကြည်ကြည်ဖြူဖြူ ယူနိုင်ကြသတဲ့။ ကိုကိုတူးမှာကော သည်လို အသည်းမျိုး ရှိလေမလားဟု စူးစမ်းကြည့်ချင်သေးသည်။

ထိုစဉ်ကတော့ မိမိ၏မဟာအမှား သည်မှာ စတင်ပြီဟူ၍ မြသက်မာ မတွေးတတ်ခဲ့။

ထိုဝတ္ထုတွေထဲက ဇာတ်လိုက်တွေမှာ ကိုကိုတူးလို အပျိုတွေ ဝိုင်းဝိုင်းလည်နေသော နိုင်ငံခြားပြန် ထောင်ကျော်စားများ မဟုတ်ကြသည်ကိုလည်း မြသက်မာ ဘာကြောင့် မမြင်တတ်ခဲ့ရသည်လဲ။

"ကိုကိုတူးကို သက်မာရဲ့ ဦးနှောက်ပိုင်းက ငြင်းပယ်စရာမရှိပါဘူး၊ ဒါပေမဲ့ သက်မာတို့ နှလုံးသားချင်း နားလည်မှုရအောင် အချိန်နည်းနည်း ယူချင်သေးတယ်၊ ကိုကိုတူးလည်း သက်မာကို နားလည်အောင် ကြိုးစားပါနော်"

နောက်တစ်ကြိမ် တွေ့ဆုံကြသည်။ မြသက်မာက သည်လိုစကား



www.burmeseclassic.com

စလာသဖြင့် မင်းဝေ အံ့သြဝမ်းသာဖြစ်ကာ အားလည်းတက်ခဲ့ လေသည်။

မိမိကို မြသက်မာ ချက်ချင်းကျသွားပုံရရဲ့၊ တကယ်တော့ ကိုယ့်လို တောင့်တောင့်ဖြောင့်ဖြောင့် ထောင်ကျော်စားကို ဘယ်မိန်းကလေးက မလိုလားဘဲ ရှိမလဲလေဟုလည်း မာန်ဝင့်ပြန်သည်။

ပြီးတော့ မိမိ၏ဟာသ၊ အာဝဇ္ဇန်း၊ စကားအနုအနွဲ့တွေကလည်း မြသက်မာတို့လို ရင်ခုန်လို့ကောင်းတုန်း၊ စိတ်ကူးယဉ် အရွယ်ကို တိမ်းညွတ် စေမည်မလွဲဟုလည်း သတိထားလိုက်သည်။

သည်တစ်ပွဲမှာတော့ အောင်ပွဲခံနိုင်လိမ့်မည်ဟု ယုံကြည်ကျေနပ်ကာ မင်းဝေက မြသက်မာကို မေးစင်းသော အပြုံးဖြင့် စိုက်ကြည့်ရင်း

"ကိုယ့်နှမကလေးရဲ့ သဘောပါပဲ"ဟု အရာရာ လိုက်လျောတတ်သည့် ဟန်မျိုးဖြင့် ပြောလိုက်လေသည်။

သည့်နောက်ပိုင်းမှာတော့ ထုံးစံအတိုင်း နှစ်အိမ့်တစ်အိမ် ရွှေလမ်း ငွေလမ်း ဖောက်ကြလေပြီ။ မိဘတွေ၏သဘောတူခွင့်ပြုချက်ဖြင့် နှစ်ယောက် တွဲလည်ပတ်ခွင့်လည်း ရခဲ့လေပြီ။

သို့ပေမဲ့ မြသက်မာက အပြင်ထွက်လည်ပတ်ခြင်းကို ငြင်းဆန် တတ်ကာ ဧည့်ခန်းဆောင်မှာ ဣန္ဒြေရရ၊ အေးအေးဆေးဆေး ဆွေးနွေး စကားပြောချင်တတ်သည်ကိုတော့ မင်းဝေက စိတ်ပျက်လိုက်မိသည်။

နောက်ပြီး မြသက်မာက စာပေနှင့် ဂီတကိုချစ်သတဲ့။ "စံရွှေမြင့် နှင့်ကြံ့ဇဟုန်း" လောက်ကိုပင် ကောင်းစွာ မသိသေးသူ မင်းဝေက သည်မှာဘက်တွင် မြသက်မာနှင့် စကားလမ်းကြောင်း မဆုံမိအောင် ပါးနပ်စွာ ရှောင်ကွင်းသွားလေ့ ရှိသည်။

သို့ပေမဲ့ စိတ်ကူးယဉ်ယဉ်နှင့် ရေးသီဖွဲ့လေ့ရှိသော မြသက်မာ၏ စာရှည်ကြီးများကိုတော့ မင်းဝေ စိတ်ဝင်တစားဖတ်ဖြစ်သည်။ မြသက်မာ သည် စာရေးကောင်းသည် အမှန်ပင်။

လူချင်းလည်း တွေ့နေရပါလျက် တစ်ခါတစ်ရံ သူပြောချင်သည်



www.burmeseclassic.com

တို့ကို စာရှည်ကြီး ရေးကာ ပြောတတ်လေသည်။ မင်းဝေသည် မြသက်မာ၏ စာရှည်ကြီးတွေကို လုပ်ဖော်ကိုင်ဖက်တွေရှေ့ ခပ်ကြွားကြွားဖတ်ကာဖတ်ကာ အပျင်းဖြေတတ်လေသည်။

ရံဖန်ရံခါ ဆိုသလိုလည်း မြသက်မာက သူ့မိသားစုထံ လာရောက်လည်ပတ်တတ်ပြန်လေရာ မင်းဝေက မြသက်မာ၏ လာခြင်းများကို မိန်းမကြိုက်တော့ စိုက်စိုက်လာဟု သတ်မှတ် ကျေနပ်လျက် မြသက်မာကို လှောင်ပြောင်တွက်စပြုလာသည်။

ပြီးတော့ လူကြီးတွေ မျက်နှာနှင့်မို့ ပဝါတစ်ကမ်း လက်တစ်လှမ်းသာ တွဲနေရသေးသော မြသက်မာကို အချိန်ပြည့် စိတ်ဝင်စားမနေနိုင်ဘဲ မိမိ၏ အခြားအိပ်ချင်ပြေကလေးများဘက် ခြေဦးလှည့်ရမည့် တာဝန်ကလည်း ရှိနေသေးသည်။

ခုတစ်လော သူ့မိခင် ဒေါ်ခင်ငြိမ်း နေမကောင်းသည့်အတွက်လည်း မြသက်မာကို အကြောင်းပြကောင်းသည်ပင်။ သူ့မိခင်၏ နေမကောင်းခြင်းကိုတော့ ရောဂါအမည်တပ်ဖို့ မလို။ မင်းဝေသာ မှတ်မိတတ်မည်ဆိုပါက သူနှင့်မိန်းကလေးတစ်ဦးဦး တွေ့ဆုံကြပြီဆိုတိုင်း မိုးရိပ်ကလေးမြင်သည်နှင့် ထလာတတ်သော ပန်းနာရောဂါလို အိပ်ရာပေါ် လဲသည်လည်းမဟုတ်ဘဲ တရှောင်ရှောင်ဖြစ်လေ့ရှိကြောင်း သတိပြုမိပေလိမ့်မည်။

သို့သော် မင်းဝေကား သားလိမ္မာ တစ်ယောက်ဖြစ်သည်တော့ အမှန်ပင်။ သူ၏အိမ်ထောင်ရေး အဘိဓမ္မာကြီးထဲတွင် အိမ်ပါ အမေတည့်မှုသည် ထိပ်နားမှ နေရာယူထားပေသည်။

နှစ်ဦးသားတွေ့ဆုံပြီး ငါးလခန့်အကြာ တစ်နေ့မှာမူ မြသက်မာထံမှ စာတစ်စောင်ကို မင်းဝေ ရလေသည်။ ခါတိုင်းလို ခပ်ပေါ့ပေါ့ပင် ဖွင့်ဖတ်တော့–

**ကိုကိုတူး**

သက်မာကို ကိုကိုတူးရဲ့ ထာဝရ ညီမတစ်ယောက်



www.burmeseclassic.com

အဖြစ်သာ သတ်မှတ်ပါတော့။ အကြောင်းပြရရင် ကိုကိုတူး လိုလားတဲ့ အရည်အချင်းမျိုး သက်မာမှာ မရှိသလို၊ သက်မာ မျှော်မှန်းတဲ့ အသည်းနှလုံးမျိုးလည်း ကိုကိုတူးမှာ မရှိလို့ပါပဲ။

**မြသက်မာ**

ပထမတော့ မင်းဝေ မယုံနိုင်အောင် အံ့အားသင့်သွားရသည်။ နောက် မိပြီဟု အပိုင်တွက်ထားသော ငါးကြင်းတစ်ကောင် လွတ်ထွက်သွားခြင်းအတွက် ဒေါသဖြစ်သည်။ ချာတိတ်မကလေး၏ အကျောကို ခံလိုက်ရသည့်အတွက်လည်း ခံပြင်းလေသည်။

သို့သော် သေချာစွာ စဉ်းစားသောအခါ မပိရိခဲ့သော မိမိ၏အမှုအရာတွေကို နောင်တရလာသည်။ မြသက်မာ၏ တစ်ဝက်ပြုံးများကိုလည်း ပြန်လည် အမှတ်ရလာသည်။ ကြည့်စမ်း တကယ်တော့ အ မလိုနဲ့ လည်တဲ့ မြသက်မာပဲ။

မှတ်မှတ်ရရ မိမိအိမ်သို့ မြသက်မာကို တပြန်တလဲ ထမင်းဖိတ်ကျွေးသည့်နေ့က မြသက်မာ၏ အပြုံးများ စတင်ခဲ့သည်ပဲ။ ဖွယ်ဖွယ်ရာရာ ချက်ထားသောဟင်းများကို မြသက်မာ၏ ပန်းကန်ထဲသို့ ထည့်သူထည့်၊ ယပ်ခတ်ပေးသူပေးနှင့် မိမိ၏နှမများ ပျာပျာသလဲ ဖြစ်နေစဉ် မင်းဝေ ရွေးချယ်ဖွင့်ထားသော တိပ်ခွေထဲမှ ဟသ်ာတထွန်းရင်၏ "ရွှေသမက် ငွေသမက်" သီချင်းကလည်း ပီသကြည်မြလှပေစွ။ "အမေနဲ့တည့်မှာမလွဲ၊ အိမ်ကိုလည်း လိုက်မှာ သေချာဟူသော အပိုဒ်တွင်လည်းကောင်း မိမိက အသံအတိုးအကျယ် ခလုတ်ကို လှည့်လိုက်စဉ် မြသက်မာ၏ ပြုံးစစအကြည့်နှင့် စတင်ဆုံစည်းမိလေသည်။

ဧည့်ခန်းမှာ အချိုတည်းရင်း ထိုင်ကြပြန်တော့ နှမဖြစ်သူများ၏ မျက်လုံးများက မြသက်မာ၏ စိန်များပေါ်တွင်ဝဲလျက်

"မမတို့က အတူးကို လက်ထပ်စေချင်တာကြာပြီ မြသက်မာရဲ့၊ လာစပ်ကြတာတော့ အများကြီးပါပဲလေ။



www.burmeseclassic.com

"ဟို မိုးကုတ်က သူဌေးသမီးဆိုရင် တိုက်နဲ့ကားနဲ့၊ အတွင်းပစ္စည်း အသားတင် ငါးသောင်းကုန် တင်တောင်းပါ့မယ်လို့တောင်ပြောတာ၊ ပညာမတတ်တော့လည်း ဘာလုပ်မလဲကွယ်၊ ငြင်းလိုက်ရတာပဲ။

"သူ့ ဒါရိုက်တာရဲ့ နှမကျတော့လည်း အသားမည်းရတဲ့အထဲ မျက်စိစွေစွေမို့ ကိုယ့်မောင် ခန့်ချောကြီးနဲ့ ရှေ့သွားနောက်လိုက် မညီပြန်ဘူး။

"နောက် တစ်ယောက်က ဒေါ်ကြည်ကြည်သန်းဆိုတာ ဘီအေ ဘီအီးဒီလေ၊ တွင်းရိုးမျိုးပဲ၊ သူ့ကျတော့ အသက်နည်းနည်းကြီးနေလို့ အတူးက သဘောမကျပြန်ဘူးတဲ့။

"ဟော ခုတော့ မြသက်မာကို အတူးကလည်း သဘောကျ၊ မမတို့ကလည်း သိပ်ဝမ်းသာတာပဲ"

မြသက်မာကား ထမင်းစားပွဲတုန်းက အပြုံးမျိုးကိုပင် ပြုံးလျက်ရှိစဉ် သူ့မိခင် ဒေါ်ခင်ငြိမ်းကတစ်ဖန်ဝင်ကာ

"သမီးတို့အိမ်ကို ခုတစ်လော အန်တီမလာနိုင်တာခွင့်လွှတ်နော်၊ အန်တီ မောမောနေလို့ နှလုံးအထူးကု ဒေါက်တာဦးစန်းလွင်နဲ့ ပြနေရတယ်။

"ခုတစ်လော အကုန်အကျကလည်း သိပ်များတာပဲကွယ်၊ အန်တီ့ ဆေးဖိုးနဲ့တင် သားရဲ့လခ တစ်ဝက်လောက်ချောတာ၊ အန်တီ့သမီးလတ် အိမ်ထောင်ကလည်း နည်းနည်းချို့ငဲ့နေတော့သားကပဲ သူ့နှမကို ပြန်ကြည့် နေရတာ မဟုတ်လား၊ ဒါတောင် သားက လခထုတ်ရင် အန်တီ့ကို တစ်ပြားမကျန် အကုန်အပ်တာ"

ဟု စကားတွေ တမင်ရှည်နေစဉ် မြသက်မာကား ပြုံးနေသည်ပင်။ သည်တုန်းကတော့ စကားနည်းတဲ့ မြသက်မာပေပဲဟုထင်မိခဲ့သည်မှာ မဟာအမှား။

နောက် ဗိုလ်ချုပ်ဈေးမှာ မေထွေးနှင့် တွဲလာခိုက် မြသက်မာကို ပက်ပင်းတိုးမိစဉ်က တစ်ကြိမ်၊ ခုသူတို့နေမည့် တိုက်ခန်းကို ကျဉ်းသည်ဟု အကြောင်းပြကာ ကမ္ဘာအေး ပါရမီရိပ်သာဘက်မှာ ခြံဝယ်ဖို့ ငွေနှစ်သောင်း

www.burmeseclassic.com

လောက် လိုနေကြောင်း မြသက်မာရှေ့တွင် ညည်းမိစဉ်က တစ်ကြိမ် မြသက်မာ၏ အပြုံးကို ထပ်မံတွေ့ခဲ့ရသေးသည် ထင်သည်။

သို့ပေမဲ့ မြသက်မာက မိမိလို လူကို ငြင်းပယ်နိုင်သည် ဆိုခြင်းကို မယုံနိုင်သေး။ ဇကေ္တခုတစ်လော သူ့ဆီသို့ မိမိက အရောက်နည်း နေသဖြင့် မြသက်မာက မိန်းမတို့ဘာဝ စိတ်ကောက် မူနွဲ့ကြည့်သည် ထင်ရဲ့ဟု လျှော့တွက်ပြန်ကာ ချက်ချင်းပင် မြသက်မာထံသို့ ဖုန်းဆက် လေသည်။

"ကိုကိုတူးကို သက်မာ ဘာတွေ အထင်လွဲနေသလဲကွယ်"ဟု သက်ပြင်းကို သိသာအောင် အချက်ပြ၍ ခပ်နွဲ့နွဲ့မေးလေသည်။

"အထင် မဟုတ်ပါဘူး၊ အမြင်တွေပါ" မြသက်မာ၏ အသံမှာ သိသာစွာ စိမ်းပြတ်မာကျောနေသည်။

"မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါလားသက်မာရယ်၊ ကိုကိုတူး မှားနေလည်း ပြင်ရတာပေါ့၊ ကိုကိုတူးလေ သက်မာကို အသည်း နှလုံးက ချစ်ပါတယ်"

"သြော်...ဟုတ်ကဲ့"

"တကယ်ပါသက်မာ၊ ကိုကိုတူး သက်မာကို တစ်စိမ့်စိမ့် တဖြည်း ဖြည်းချစ်လာမိတာပါ၊ အခုဆိုရင် မြတ်မြတ်နိုးနိုးကို ချစ်နေမိပါပြီ"

ဖုန်းထဲမှာ ဟားတိုက်ရယ်လိုက်သော မြသက်မာ၏အသံကို ဦးစွာ ကြားရပြီးမှ

"မြတ်နိုးချစ်ပေါ့ ဟုတ်လား၊ ဒါဖြင့် ကိုကိုတူးတို့ဘဏ်တိုက်က စာရေးမချောချောလေး မေထွေးကိုတော့ သနားချစ်ထင်ပါရဲ့၊ အသက်သုံး ဆယ်ကျော်မို့ မစဉ်းစားချင်ဘူးဆိုတဲ့ ဟိုဆရာမ အပျိုကြီးကိုတော့ရော၊ အန်တီဒေါ်ခင်ငြိမ်းကို ဆေးလာထိုးပေးနေကျ သူနာပြု ဆရာမလေးကျတော့ နှစ်ယောက်တည်း ရုပ်ရှင်အတူတွဲကြည့်သည့်တိုင် ယူမယ်လို့ စိတ်ကူး ပေမဲ့လည်း အပျော်ချစ်ချစ်မိတယ်ပေါ့နော်၊ ဟို ကိုကိုတူးရဲ့ အထက်



www.burmeseclassic.com

အရာရှိကြီးနှမကိုတော့ ရာထူးတက်ဖို့ အလားအလာကို မျှော်ကိုးပြီး အားကိုးချစ် ချစ်တယ်လား ဟား ဟား”

“သက်မာ နားထောင်ပါဦး၊ ဘယ်သူတွေနဲ့ ဘယ်လောက်ပဲတွဲတွဲ သက်မာ နံပါတ် (၁) ဆိုတာကို ကိုကိုတူး လုံးဝကတိပေးပါတယ်”

တရစပ် ပြောနေသော မြသက်မာ၏စကားကို ဖွတ်ဝင်ဖြတ်ကာ မင်းဝေ အလောတကြီး ပြောလိုက်သည်။ သူ့အစွန်းအစတွေကို ဖုံးဖိရန်တော့ မင်းဝေ စိတ်မကူး။ နဂိုကတည်းကပင် မြသက်မာ၏ မနာလိုစိတ်ကို ဤနည်းဖြင့် နှိုးဆွနိုင်သေးသည်ဟု တွက်ခဲ့ဖူးသည်။ ဈေးတက်ရိပ် မြင်မှလည်း အဝယ်လိုက်မည် မဟုတ်လား။ သို့သော် မြသက်မာက ခါးသီးစွာပင်–

“ကျေးဇူးတင်ပါတယ် ကိုကိုတူး၊ ဒါပေမဲ့ သက်မာရဲ့ ဆုံးဖြတ်ချက်ကို ပြန်မပြင်တော့ပါဘူး”

“မဟုတ်သေးပါဘူးသက်မာ၊ ဆိုရှယ်အရဆိုတာ သက်မာ နားလည်သင့်တယ်၊ ကိုကိုတူးတို့ အသိုက်အဝန်းအကြောင်းလည်း သိသားနဲ့”

“ကိုကိုတူးပြောတာ ဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ အခြေအနေတစ်ခုလုံးကို သက်မာ စိတ်ပျက်နေမိပါပြီ၊ ဒီတစ်ကြောင်းတည်းကြောင့် ဆုံးဖြတ်တာ မဟုတ်ပါဘူး၊ ဒီလိုပြောရတာ သက်မာ ဝမ်းနည်းပါတယ်”

သည်အခါမှာတော့ မင်းဝေ၏ အတ္တမာနလည်း နိုးကြွလေပြီ။ မာနအင်အား သာသူမို့ မြသက်မာက သည်လိုမောက်မာနိုင်လေသလားဟု မခံချင်စိတ် ပေါ်လာကာ နည်းဗျူဟာသစ်ဖြင့်

“ဆုံးဖြတ်ချက်ဆိုတာ တစ်ယောက်တည်းချလို့ရတာ မဟုတ်ပါဘူး ညီမရယ်၊ ပြီးတော့ ကိုကိုတူးကို သိနေကြတဲ့ သည်ပတ်ဝန်းကျင်က ညည်းကို ဘာပြောကြမလဲ စဉ်းစားဦးနော်၊ ကိုကိုတူးက ယောကျ်ားလေးပဲ”

ထိုအခါ မြသက်မာသည် သွေးအေးစွာပင် ရယ်မောလျက်

“ခြောက်လုံးနဲ့ အကျပ်ကိုင်တာတော့ မဟုတ်ပါဘူးနော်၊ ဒီလို



www.burmeseclassic.com

သက်မာအတွက် စိုးရိမ်ပေးဖော်ရတာ ဝမ်းသာစရာပဲ၊ မစိုးရိမ်ပါနဲ့လေ၊ သက်မာတို့ အသိုက်အဝန်းမှာ ဒါမျိုးတွေ မဆန်းဘူးလို့ ကိုကိုတူးပဲ ခုနက ပြောတယ်မဟုတ်လား၊ ပြီးတော့ အတွေ့အကြုံတစ်ခုပေါ့၊ သက်မာ ကိုကိုတူးဆီက ပညာရလိုက်ပါတယ်”

သိမ်မွေ့အေးဆေးသော၊ လေးနက်လှိုက်လှဲခဲ့သော မြသက်မာကား ပေါ့တန်စွာ ဆိုလေပြီ။ ခံပြင်းစိတ်တို့က မင်းဝေကို နှိပ်စက်နေဆဲ။ မြသက်မာက

“ဒီမှာ ကိုကိုတူး၊ သက်မာလေ ကိုကိုတူးရဲ့ အိမ်ထောင်ဖက် ရွေးပွဲကြီးကို မျက်စိလည် လမ်းမှားပြီး ရောက်ခဲ့တာပါ၊ ခု အချိန်မီ နုတ်ထွက်ပါတယ်။ ကိုကိုတူးကိုလည်း ညီမတစ်ယောက်အနေနဲ့ သက်မာ နောက်ဆုံးပြောခဲ့ပါရစေ၊ အိမ်ထောင်ရေးမှာ အချစ်ကို ရှေ့တန်းတစ်နေရာမှာ ထားသင့်တယ်ဆိုတာရယ်၊ နောက်ဆုံး အပေးအယူဆန်တဲ့ အိမ်ထောင်ရေး မျိုးမှာတောင် သစ္စာဆိုတာ ရှိသင့်သေးတယ်ဆိုတာရယ်၊ ဒါပါပဲ၊ ကိုကိုတူး လက်ထပ်ဖြစ်ရင်သာ သက်မာကို ဖိတ်ဖို့မမေ့ပါနဲ့။ အဲဒီတော့မှ သက်မာက သတို့သမီးရဲ့ အပျိုရံ လုပ်ပေးတော့မယ်နော်”

ဇာတ်လမ်းက ဆုံးခဲ့လေသည်။ အဆုံးမှာတော့ သည်ဇာတ်လမ်း ကလည်း မင်းဝေတို့ ဇာတ်ပြားဟောင်းကြီးထဲမှာ မွဲပြာဇာတ်လမ်းမျိုးပင် ဖြစ်တော့သည်။ သို့သော် သည်တစ်ချီမှာတော့ အသည်းကွဲရိုး ထုံးစံမရှိသည် မှန်သော်လည်း မင်းဝေ ထိခိုက်နေမိသည်။ ရှက်စိတ်နှင့် ခံပြင်းစိတ်က ပို၍များမည်။ လွတ်သည့် ငါးမို့လည်း ပိုကြီးကာ စိတ်ကူးယဉ်သမား မြသက်မာကို စကားအနုအနွဲ့တွေဖြင့် ထပ်မံဖြားယောင်းနိုင်ဦး လေမည်လား ဟုလည်း မျှော်လင့်ကြည့်ပြန်သေးသည်။

သို့သော်လည်း မြသက်မာ၏ ရယ်မောသံကို ပြန်လည်ကြားယောင် လာကာ ချဉ်းကပ်နည်း မှားခဲ့ပြန်ပြီကောဟု တွေးနေသည်။ မာနကို ထိခိုက်ခဲ့သည့်အတွက်မူ မြသက်မာ စွပ်စွဲခဲ့သော မိမိ၏ လက်ကျန်များထဲမှ



www.burmeseclassic.com

တစ်ယောက်ယောက်ကို ကောက်ယူသော် ကောင်းလေမည်လားဟုလည်း စဉ်းစားသေးသည်။

နောက်ဆုံးတော့ မိခင်ဖြစ်သူ၏ "အို...ကိုယ်က ယောကျ်ားပဲ ဟိုင်းတယ်လို့ မရှိဘူး၊ ပြီးတော့ သားက နိုင်ငံခြားပြန် ထောင်ကျော်စား နှယ်နှယ်ရရ မှတ်လို့လား" ဟူသော ဖျောင်းဖျသံကို နားဝင်ပြန်ကာ ကိုယ့်ကိုယ်ကိုလည်း ပြန်လည် အားပေးကာ မိမိ၏ပန်းကုံးစွပ်ပွဲအတွက် အသစ်တစ်ဖန် ပြင်ဆင်မိပြန်လေသည်။ သို့နှင့်ပင် မိမိအသက် ၄၀ နား နီးကပ်လာပြီ ဆိုတာကိုလည်း သတိပြုလိုက်မိသေးသည်ပင်။

သည်အချိန်တွင် မြသက်မာကိုလည်း အစ်မတော်တွေက ဝိုင်းဝန်း ပြစ်တင်နေကြလေသည်။

"သက်မာကို အန်တီက လွတ်လပ်ခွင့် ပေးလိုက်တာမှားတယ်၊ သက်မာခုလို ယတိပြတ်လုပ်လိုက်တာလည်း သိပ်မှားတာပဲ၊ တွဲစမ်းပါစေ၊ အချိန်တန်တော့ ကိုယ့်ချည်တိုင် ကိုယ်ပြန်လာမယ့် နွားပဲ မဟုတ်လား၊ ကိုယ်သာ နံပါတ်(၁) ဖြစ်ရပါစေ့မယ်လို့ သူ ကတိပေးသွားသားပဲ၊ ကိုယ်က သဘောထားကြီးကြောင်းတောင် ပြရာရောက်သေးတယ်"

မြသက်မာက မဲ့ပြုံးဖြင့် အစ်မများကို တုံ့ပြန်လိုက်သည်။ မုန့်သာ ဝေစားနိုင်မယ်ဟု သူတို့ ပြောခဲ့ဖူးသောအချိန်ကိုလည်း ပြန်စဉ်းစားကြည့် လိုက်သည်။ ခုတော့ သူတို့ နံပါတ်(၁) ဘဝမှာ နေသားကျနေပြီပင်။

"ပြီးတော့ သက်မာ မိန်းမ မဟုတ်ဘူးလား၊ ကိုယ့်လက်ထဲ ရောက်လာမှ ကြိုးကိုင်ယူလည်း ဖြစ်သားပဲ၊ စိတ်ကူးယဉ် အချစ်ဝတ္ထုတွေ ဖတ်ပြီးတော့ ပျက်စီး မနေစမ်းပါနဲ့ ညီမရယ်၊ တကယ့်ဘဝဆိုတာ လက်တွေ့ဆန်ရမယ်"

မြသက်မာက ထုံပေပေနှင့် တွေငေးနေလိုက်သည်။ သို့သော် မိန်းမတို့ တပ်အပ်သော အတတ်ပညာတွေကို မိမိ အကုန်မတတ်သေး ကြောင်းကိုမူ စိတ်တွင်းမှ ဝန်ခံမိသည်။ သင်တန်းတက်ရဦးမည်။



www.burmeseclassic.com

ခုချိန်မှာတော့ မိမိကိုယ်ကို ကံဆိုးသူအဖြစ် ထင်မြင်သနားကာသော ဝမ်းနည်းနေချင်သေးသည်။ မိမိဘက်က အရိုးခံ လိုက်လျောမှုကို ပြုခဲ့ပါလျက် မိမိအပေါ် မဖြူစင်၊ မရိုးသားခဲ့လေခြင်းဟုလည်း နာကြည်းမဆုံး ရှိနေသည်။

တကယ်တော့ ပညာနှင့်ရာထူးကို ဗန်းပြကာ ဘဝကို ရောင်းစားလိုသော ကြေးစားသာသာ ယောကျ်ားတစ်ယောက်ထံတွင်မှ အသည်းနှလုံးကို ရှာလိုခဲ့သော မြသက်မာ။ မိမိကိုယ်တိုင်နှုက်ကော အပြစ်ကင်းခဲ့ပါရဲ့လား”

ဦးနှောက်အခြေခံ ရွေးချယ်ပြီးခါမှ အသည်းနှလုံးကို ဥာပနာထည့်လိုသော မြသက်မာ။ မိမိ၏အသည်းနှလုံးကကော တကယ်တမ်း စစ်မှန်ပါရဲ့လားဟုမတွေးမိ။ သည်လိုတွေးတတ်ဖို့လည်း အစ်မတော်တွေက သင်ပေးလိမ့်မည်မဟုတ်။ ထိုအခါ စရိုက်ဟူသည် ပတ်ဝန်းကျင်ကို မှီ၍သာ ဖြစ်ပေါ်စွဲမြဲတတ်လေရာ မြသက်မာ၏ ပင်ကိုဖြူစင်ခဲ့သော အသည်းကလေးမှာ မီးခိုးရောင်သန်းလာသည်ကို မည်သူ တားဆီးနိုင်တော့အံ့နည်း။

“ယောကျ်ားဆိုတာ ဖြူစင်ရိုးသားမှုနဲ့ မထိုက်တန်ပါဘူး၊ သူတို့မှာ စစ်မှန်တဲ့ အသည်းနှလုံးမှ မရှိတာ၊ ဒီတော့ ကိုယ်က ဦးအောင် ဈေးတင်ထားနိုင်မှ၊ ကြိုးရှည်ရှည် လှန်ထားနိုင်မှ၊ မာယာနဲ့ လှည့်ပတ်ဖြားယောင်းထားနိုင်မှ”

ယင်းသို့လျှင် ယောကျ်ားကျမ်းကြေဝါဒကို စတင်ကိုင်စွဲလာသော အခါ မြသက်မာသည် ရေပေါ်ဆီတို့၏ နောက်တစ်ချီ ကြင်ယာလေလံပွဲအတွက် အတန်အသင့် လမိုင်းကပ်လေပြီ။

[ရှုမဝ၊ မေ ၁၉၇၈]

www.burmeseclassic.com

www.burmeseclassic.com

# သမီးကြီး

“မကြီး” ကျောင်းမှအိမ်ပြန်ရောက်တော့အိမ်သားအချို့ကို မျက်နှာပျက်လျက်သား တွေ့ရလေသည်။ မောပန်း ပြန်လာသူ ပီပီ အခြေအနေကို ရိပ်မိလျက် စကားမစဖြစ်၊ မကောင်းသတင်းမှန်း သိနိုင်လောက်လျှင်ပင် မကြီးအတွက် လုံလောက်ပါပြီ။ အသေးစိတ် ကြားနာရမှာ ဝန်လေးနေတော့သည်။

အမေသည် မကြီး အဝတ်အစားလဲနေချိန်တွင် နှုတ်တပြင်ပြင်နှင့် အနီးတွင် စောင့်၏။ မသိကျိုးကျွန်ပြု၍ ထမင်းပွဲ၌ ထိုင်လိုက်သောအခါ ဖယ်ခပ်ထားသော ဟင်းခွက်ကို ချပေးရင်း မကြီးမျက်နှာကို တကြည့်ကြည့် ရှိနေပြန်သည်။ မကြီးက သက်ပြင်းမသိမသာချကာ ဟင်းချိုတစ်ဇွန်းကို ခပ်သောက်လိုက်သည်။

“ကြာဆံဟင်းခါး သိပ်ကောင်းတာပဲ၊ အမေ့လက်ရာမဟုတ်လား”

စကားလမ်းလွှဲပေးဖို့ မသိမသာ ကြိုးစားမိသည့်တိုင် မကြီး၏ ကြိုးပမ်းချက် မအောင်မြင်။

“မငယ် ချက်တာ၊ အမေဖြင့် တစ်ညနေလုံး စိတ်မဖြောင့်တာနဲ့ မီးဖိုချောင်ထဲ မဝင်ဖြစ်ပါဘူး”



www.burmeseclassic.com

မကြီးတွင် ရှောင်လွှဲနေခွင့် ကုန်ဆုံးပေပြီ။

"ဘာဖြစ်လို့လဲအမေ"

"ဟိုကောင် လေတ်ပေါ့၊ မိန်းမခိုးလာလို့"

"ဘာ..."

"မဟုတ်ဘူး၊ ခိုးလာတာတော့မဟုတ်ပါဘူး၊ ကောင်မလေးက အိမ်လာပြီး သူ့ကိုခိုးပါတော့လို့ အတင်းကပ်နေလို့"

မကြီးထမင်းဆက်စားရန် မဖြစ်တော့ပါ။ လက်ဆေးနေစဉ် အမေ ဇာတ်စုံ ခင်းပြတော့သည်။

"သူ နည်းပြဆရာ သွားလုပ်တဲ့ကျောင်းက ရှစ်တန်းကျောင်းသူတဲ့၊ သူ့ကိုပဲ ကျေးဇူးတင်ရဦးမယ်၊ မလေးကို လာပြောပေလို့၊ အိမ်ကိုမပြောဘဲ သူ ခိုးသွားလည်း ဖြစ်တာကိုး။ ဖုန်းခနဲဆိုတော့ အမေလည်း ဘာလုပ်ရမှန်း မသိဘူး၊ နောက်မှ မလေးကိုပါ ထည့်လိုက်ပြီး မမောင်ခင် ကောင်မလေးကို ပြန်ပို့ခိုင်းလိုက်ရတယ်၊ အခုထိ သူတို့ ပြန်မရောက်သေးဘူး"

"မငယ် သိတာတွေ အကုန်ပြောပြစမ်း"

"မငယ်လည်း သေသေချာချာတော့ မသိဘူး မမကြီး၊ သူ့တပည့် ဆိုတာကလေးတွေတော့ အိမ်ကို ရေထွက်မတတ် လာနေကြတာပဲ၊ တစ်ခါကတော့ ပြောဖူးတယ်၊ အဲဒီ သင်တန်းက ကောင်မလေးတစ်ယောက် က သူ့ကို လိုက်ရိုတ်နေလို့ မနည်းကြည့်ရှောင်နေရသတဲ့၊ ကျောင်းဆရာ တစ်ယောက်ရဲ့ သမီးဆိုလား"

"ဘာ... ဆရာတစ်ယောက်ရဲ့သမီး"

"ဟုတ်တယ်၊ အဲဒီကျောင်းက သင်တန်းတာဝန်ခံတဲ့၊ ကျောင်းကပွဲ တုန်းက မငယ်တစ်ခါမြင်ဖူးတယ်"

"အေး... ကောင်းကြရောပေါ့။ ငါနဲ့မသိတောင် မျက်မှန်းတော့ တန်းမိနေမှာပဲ၊ ကျောင်းချင်းကပ်လျက်ပဲ၊ ဒါနဲ့တောင် ဒီကောင့်သတင်း အစအနတောင် မကြားခဲ့ရတာ၊ ငါညံ့သေးတာပဲ၊ အဲဒီကျောင်းက

www.burmeseclassic.com

ငါ့သူငယ်ချင်းတွေကလည်း ပြောဖို့မေ့နေကြတယ်ထင်ပါရဲ့”

“သမီးရယ် ဒီလိုကိစ္စမျိုးဆိုတာ တော်ရုံတန်ရုံ အမှန်းခံ ပြောချင်တာမှ မဟုတ်တာ၊ နေသာနိုင်တဲ့ ကိစ္စမျိုးပဲ”

အမေ၏ ဖျောင်းဖျသံတွေကြားမှပင် မကြီး၏ ရင်ထဲ၌ မကျေနပ်စိတ်တွေ ဖောင်းကြွလာနေကြသည်။ အိမ်ရှေ့ခန်းမှာ ငြိမ်သက်စွာထိုင်လျက် ဒေါသနှင့်အံကြိတ်ကာ စောင့်၏။ ညအတော်မှောင်မှပင် မောင်နှမ နှစ်ယောက် ပြန်ရောက်လာကြသည်။ ကောင်မလေး ပြန်ပါမလာတော့သည် ကို မြင်မှ အမေက ဟင်းချနိုင်သည်။

မကြီးကမူ မောင်ဖြစ်သူကို ကောင်းစွာ ရင်ဆိုင်လိုက်လေသည်။

“ဆယ်တန်းကို အပျော်တမ်းဖြေနေတာ လေးကြိမ်ရှိပြီ။ ကျုပ် မောင်နှမ တွေအားလုံး ပညာရေးနဲ့ပတ်သက်ရင် မိဘကို စိတ်ချမ်းသာမှု ပေးနိုင်ခဲ့တာချည်းပဲ၊ ဒါပေမဲ့ မင်းကိုလည်း ဆက်ဖြေဖို့သာ အားပေးခဲ့တယ် နော်၊ ထားတော့၊ တစ်ခါ ကျောင်းနေရင်းက အလုပ်လုပ်ချင်လှချည်ရဲ့ မလုပ်ရရင် ကျောင်းဆက်မနေတော့ဘူးလို့ အကျပ်ကိုင်ခဲ့တုန်းကကော၊ ဩော်...သူ ဝါသနာပါတဲ့ အနုပညာအလုပ်မျိုးပဲလေလို့ ခွင့်ပြုခဲ့တယ် မဟုတ်လား၊ နောက် ဂီတပညာလေးကလည်းတတ်လာ၊ အစွမ်းအစကလေး ကလည်း ရှိလာတော့ ဟိုကဆရာ ဒီကဆရာနဲ့ ဆရာမွေးတဲ့လူတို့၊ တပည့်မွေးတဲ့လူ တို့လည်း ရှိလာပြီပေါ့၊ အဲဒါနဲ့ပဲအောက်ခြေတွေလွတ်၊ လုပ်ခွင်မှာထိခိုက်၊ အခု အလုပ်ကထွက်လိုက်ရတဲ့ အခြေထိ ရောက်ခဲ့ပြီးပြီ၊ ဒါပေမဲ့ ဘာပြောခဲ့သလဲ”

မောင်လတ်က ခေါင်းငိုက်စိုက်ချရင်း ငြိမ်နေသည်။

“ကျောင်းပြန်နေဖို့သာ တိုက်တွန်းခဲ့တာပဲ မဟုတ်လား၊ လူကြီးတွေ စိတ်ချမ်းသာအောင်များ ဒါလေး တစ်ခုလောက် လိုက်လျောလိုက်စမ်းပါ၊ ကျုပ်တာ မင်းကြိုက်တာလုပ်၊ မင်းကို ကန်တော့ပွဲနဲ့တောင် ပူဇော်ထားလိုက် ပါသေးရဲ့၊ ခုတော့ တဒင်္ဂကျော်ကြားမှုနဲ့ သာယာမှုတွေနောက်ကို



www.burmeseclassic.com

လျှောက်လိုက်၊ ကြီးတော်နွားကို လိုက်ကျောင်း၊ မင်းတစ်တစ်ကိုယ်တည်း စိတ်ကျေနပ်မှု ရရှိဖို့အတွက်သာ မင်းလုပ်တယ်၊ မင်းခွေး၊ တာဝန်မဲ့ တစ်ကိုယ်ကောင်းသမား"

မကြီး၏ ဝမ်းထဲတွင် လပေါင်းများစွာ သိုလှောင်ထားခဲ့ရသော မကျေနပ်ချက်တွေ စုပြုံပွင့်အန်ခဲ့လေသည်။

"မင်းရဲ့ အနုပညာ ဝါသနာကို တစ်လျှောက်လုံး အားပေးလာခဲ့တာ၊ ဒီလို မိန်းမကိစ္စရှုပ်ဖို့မဟုတ်ဘူး၊ ယောကျ်ားကောင်းဆိုတာ ကိုယ်မယူနိုင်တဲ့ မိန်းမကို ဘယ်တော့မှ မစရဘူး၊ အေး... သူတို့က စလာရင်တောင် လွတ်အောင်ရှောင်နိုင်ရမယ်"

မောင်လတ်က မျက်လုံးတစ်ချက် လှန်ကြည့်ရင်း မခိုးမခန့်ပြုံးနေသည်။ မကြီးသည် ဒေါသတွေကြားမှပင် မိမိမောင်၏ ပေါ့တန်မှုအတွက် ဝမ်းနည်းနေမိလေသည်။

"အခုကောင်မလေးက မင်းထက်အသက်ငယ်တယ်၊ ကျောင်းသူ၊ ပြီးတော့ မင်းတပည့်၊ သူ ဘာလုပ်ခဲ့လုပ်ခဲ့ မလိမ်မိုး မလိမ္မာကလေးဆိုတဲ့ စကားတစ်ခွန်းတည်းနဲ့တင် သူ့ဘက်က အပြောလွတ်ပြီးသား၊ နားလည်ရဲ့လား"

"မလေး အခုကောင်မလေး မိဘတွေက ဘာပြောလိုက်သလဲ"

"ကြီးတော်နဲ့ အစ်မဆိုတာကိုပဲတွေ့ခဲ့တယ်၊ ပထမတော့ မျက်နှာထားတင်းတင်းပဲ၊ ကောင်မလေးပျောက်လို့ လိုက်ရှာနေကြတယ်တဲ့၊ မလေးလည်း အိမ်ကိုလာလည်တာ နည်းနည်းမိုးချုပ်သွားလို့ လိုက်ပို့ပါတယ် လို့ ကြည့်ပြောရတာပေါ့၊ ဒီတော့မှ ကျေးဇူးတင်ပါတယ်တဲ့။

"ဟင်း...ဟင်း စိတ်ထဲကတော့ ပါးစပ်တစ်ပေါက် လျှော့မသွားလေ ခြင်းလို့ အတော်မကျေမနပ် ဖြစ်နေမလားဘဲ၊ မဟုတ်သေးပါဘူးတော်၊ ကိုယ့်မျက်စိရှေ့အောက်မှာတင် ဖြစ်နေတဲ့ ကိုယ့်သမီးအခြေအနေကို မသိတာလား၊ သိလျက်နဲ့ လွှတ်ထားတာလား"

www.burmeseclassic.com

"မငယ် သူများကို ဘာမှမပြောနဲ့၊ ကိုယ့်လူ မဟုတ်တာကိုသာ ပြော"

"ဟိုမှာ ဟိုမှာ ပြောမလို့လာနေပါပြီရှင်၊ အဲဒါ ကောင်မလေးအဖေ၊ သင်တန်းတာဝန်ခံဆရာဆိုတာ"

လောက၌ လူဖြစ်လာကတည်းက သည်တစ်ခါလောက် သိမ်ငယ်ခဲ့ဖူးတာမရှိဟု မကြီးထင်လိုက်၏။ ဖိတ်ခေါ်သော်လည်း သမီးရှင်က အိမ်ထဲသို့မဝင်။ မတော်လိုက်ရတော့သော သမက်ကိုသာ အမေနှင့် အစ်မများရှေ့မှာပင် အိမ်ပြင်သို့ ခေါ်ထုတ်ယူသည်။ ထိုခဏ၌ မဟာပထဝီမြေကြီးသည် အလိုလိုက်ွဲကာ မိမိအား မျိုသွားသော် ကောင်းလေစွဟု မကြီးတောင့် တ၏။ မိုတ်ထား၍ရသေးသော မျက်လုံးနှစ်လုံးထက် ပိတ်ထား၍ မရနိုင်သော နားနှစ်ဖက်ကိုလည်း အရင် ကန်းသွားစေချင်မိ၏။ သားများ အရွယ်မရောက်မီကပင် ကွယ်လွန်နှင့်ပြီးဖြစ်သော အလွန်အစဉ်အလာကြီးခဲ့သည့် ဖခင်ကိုလည်းပြင်းစွာ အမှတ်ရလိုက်၏။ ယခုတော့ သမီးရှင်၏ ခြေရင်း၌ စုပုံကျရောက်သွားပြီဖြစ်သော မိသားစုသိက္ခာကို အချိန်မီ မဆယ်တင်ပေးနိုင်သည့်အတွက် သမီးကြီးသြရသဖခင်ကို တိုင်တည်တောင်းပန်လိုက်သေး၏။

ထိုအခိုက်မှာပင် သမီးရှင်၏ တံတွေးစက်တို့ဖြင့် မကြီးတို့အိမ်ရှေ့၌ ဗွက်ပေါက်လေ၏။ တံတွေးပင်လယ်သည် မကြီးတို့၏ ကိုယ်ပေါ်သို့ပင် တစိမ့်စိမ့် တက်လာနေတော့သည်။ စိတ်ကိုချုပ် ခြေကိုတုပ်၍ မလှုပ်မိအောင် အစွမ်းကုန် ကြိုးစားသော်လည်း မရနိုင်တော့ပြီ။ မိသားစု၏ သိက္ခာမာနနှင့် သွေးသားကို ထိသောအခါ မခံချိသောစိတ်တို့သည် အင်အားအဖြစ် မကြီး၏ ကိုယ်တွင်းသို့ ရုတ်တရက် ဝင်ရောက်လာသည်။ မကြီးသည် အိမ်ရှေ့တံခါးကို ဖြုန်းခနဲ ဖွင့်ဆင်းကာ သမီးရှင်ကို ရင်ဆိုင်လိုက်၏။

ထိုခဏ၌ နှစ်ဦးနှစ်ဖက်တွင် အမုန်းအငြိုး၊ အာဃာတ မုန်တိုင်းတို့ ပြင်းထန်စွာ တိုက်ကြ၏။ အရှက်နှင့် ဒေါသလှိုင်းတံပိုးတို့လည်း သည်းစွာ

www.burmeseclassic.com

ထန်ကြ၏။ ထိုအခါ ဖခင် မကွယ်လွန်ချိန်က အားငယ်မိမည်စိုး၍ တစ်စက်တစ်ပေါက်မျှပင် ထုတ်မပစ်နိုင်ခဲ့သော မကြီး၏ လက်ယာမျက်လုံး အိမ်မှ မျက်ရည်တို့သည်လည်းကောင်း၊ အချစ်ဆုံး ညီမထွေးကလေး မိမိလက်ပေါ်မှာပင် ဝေဒနာသည်းစွာ ကွယ်လွန်သွားချိန်က သိမ်းဆည်းထား ခဲ့သော မကြီး၏ ဝဲဘက်မျက်လုံးအိမ်မှ မျက်ရည်တို့သည်လည်းကောင်း သမီးရှင်၏ တံတွေးဗွက်ထဲသို့ တစ်ပေါက်ချင်း လိမ့်ဆင်းကျရောက် သွားလေသည်။

မှုန်ဝါးဝါး အမြင်ကြားမှပင် မောင်ဖြစ်သူကို မကြီးစိန်းစိန်းကြည့် မိ၏။ မကြီးသာ နဂါးဖြစ်ခဲ့သော် မောင်၏တစ်ကိုယ်လုံး ပြာကျသွားနိုင်အံ့ ထင်သည်။ မကြီး၏မျက်လုံးများကိုမူ မောင်က ရင်မဆိုင်၊ သမီးရှင်ထံသို့သာ စကားတစ်ခွန်း ပြန်ခဲ့၏။

"ကျွန်တော် ကတိပေးတယ်၊ ဆရာ့သမီးကို နောက်ထပ် လုံးဝ မဆက်သွယ်တော့ဘူးဆိုတာ စိတ်ချ"

မှတ်လောက်သားလောက် ဖြစ်ခဲ့ပြီဟု ထင်ချင်စရာ ဖြစ်ခဲ့ပေ၏။

သို့သော် နှစ်ရက်နှင့် တစ်မွန်းတည့်အလွန်တွင် မောင်လတ်ပုံမှန် ပြန်လည်လှုပ်ရှားလာပြန်သည်။ မောင်လတ်က အပေါင်းအသင်းတို့ရှာရာသို့ မသွားသော် အပေါင်းအသင်းတို့သည် မောင်လတ်ရှိရာသို့ လာလေသည်။

ကြိမ်ဖန်များစွာပင် မကြီး၏စိတ်အတွေး၌ မောင်ဖြစ်သူကို အသစ် တစ်ဖန် ပြန်လည်မွေးဖွားပေးလိုက် ချင်တော့သည်။ လူသစ် စိတ်သစ်၊ ပတ်ဝန်းကျင်သစ်၊ ပြီး ဝါသနာသစ်၊ သူသည် မကြီးမကြိုက်နိုင်သော သူ၏လက်ရှိဘဝမှာပင် စိတ်ဓာတ်တွေ အမူအကျင့်တွေ ခေါက်ရိုးကျိုးလျက် ရှိနေပြီ။ ပြန်လည်ပြုပြင်ဖို့လည်း အတော်ပင် မလွယ်တော့ပြီကို တွေ့ရသည်။

သင်းကို အရွယ်မတိုင်မီ လူကြီးတစ်ယောက်ရဲ့ လွတ်လပ်ခွင့်မျိုး ပေးခဲ့မိတာ သိပ်မှားတာပဲဟုလည်း နောင်တရ၏။ ယခုတော့ စိတ်ဓာတ်လို လိုက်တတ်ကျင့်နှင့် သာယာမှု ရှာတတ်ကျင့်တို့ ကောင်းစွာ စွဲမြဲလာပြီး



www.burmeseclassic.com

ပညာသင်ပျက်ခြင်းနှင့် စရိုက်ပျက်ခြင်းတို့သာ သူ့မှာ အဖတ်တင်ကျန်ခဲ့တော့၏။

သည်လိုနှင့် အိမ်မှာပြန်မအိပ်သည့်ညတွေ တဖြည်းဖြည်း စိပ်လာပြန်သည်။ မေးလိုက်လျှင်လည်း မကြိုက်သည့် မျက်နှာထားနှင့် ပေးစရာအဖြေတွေ သူ့မှာအဆင်သင့်။ စိတ်လေနေခြင်း၏ လက္ခဏာဟု မကြီးသိ၏။ အတော်အတန် ခွင့်လွှတ်နိုင်ဖို့လည်း ကြိုးစားကြည့်၏။ တစ်ချိန်တည်းမှာပင် သည်နှစ်ဆယ်တန်းကို ပြန်ဖြေဖြစ်အောင် ဘယ်လိုလုပ်ရမလဲဟူသော အတွေးက မကြီး၏ခေါင်းထဲမှာ အစဉ်ကြီးစိုးခဲ့၏။

သို့သော် လက်ကြားထဲမှာ စီးကရက်တမြမြနှင့်ရှိချိန် ညဉ့်နက်သန်းခေါင် အိမ်ပြင်ထွက်၍ ဂီတာဝိုင်းဖွဲ့ချိန် အချိန်မတော်မှာ သူခိုးလမ်းပြအဖြစ် အိမ်တံခါးကို လာခေါက်၍ မိမိအလုပ်တွေနှင့် တစ်နေ့လုံးပင်ပန်းထားကာ အိပ်ပျော်နေရာသော မိခင်ကို တကြော်ကြော် အော်နိုးချိန်များမှာမူ မကြီး၏ ရှိစုမဲ့စု ခွင့်လွှတ်လိုစိတ်ကလေးတွေ ပျက်သုဉ်း၍ သွားပြန်တော့သည်။

ခွင့်မလွှတ်နိုင်ခြင်း၏ နောက်၌ မယုံကြည်ခြင်းသည်လည်း ထက်ကြပ် စွဲလျက်ရှိခဲ့၏။ သူ့လှုပ်ရှားမှုကို စောင့်ကြည့် အကဲခတ်ကျင့် ပါလာသည်။ ပြင်ပလောကမှ သူ့သတင်းကို နားစွင့်တတ်ကျင့် ရလာသည်။ သူ့ကို အရွယ်ရောက်သူတစ်ယောက်၏ လွတ်လပ်ခွင့်မျိုး မပေးနိုင်တော့။

ထိုသို့ရှိနေဆဲတစ်နေ့တွင် မိတ်ဆွေတစ်ယောက်ထံ စာရေးရန် စာရေးစက္ကူကတ် ရှာနေချိန်တွင်မှ တိုက်တိုက်ဆိုင်ဆိုင် မောင်ဖြစ်သူ၏ လွယ်အိတ်ကို မကြီးသွားတွေ့သည်။ လွယ်အိတ်ဝ၌ ပန်းရောင်နှင့် အပြာနုရောင် စာရေးစက္ကူကတ်ကလေး နှစ်အုပ်ကို ခေါင်းပြူလျက်သား တွေ့ရပြန်သည်။ မကြီးက အလွယ်တကူပင် ဆွဲထုတ်ယူကြည့်ဖြစ်သည်။ စာတွေ တစ်ထပ်ကြီး ထွက်ကျလာလေသည်။ မကြီးသည် အလွယ်တကူပင် တစ်စောင်ချင်း ကောက်ဖတ်ဖြစ်သည်။ မိန်းကလေးများထံမှစာ၊ ထုံးစံအတိုင်း



www.burmeseclassic.com

ရိတိတိ၊ ချိတ်တိတ်တိတ်၊ ရိုတ်တိတ်တိတ်။

မကြီးက စာများ၌ စိတ်ဝင်စားနေဆဲ ဖြန်းခနဲပင် မကြီးအနားသို့ မောင်လတ် ရောက်လာခဲ့သည်။ မကြီးကလည်း ခပ်တည်တည်ပင်၊ ဖတ်မြဲဖတ်နေလေသည်။ ထိုအခါ မောင်ဖြစ်သူက–

"ရိုင်းတယ်ဗျာ၊ သိပ်ရိုင်းတယ်၊ ဆရာမတစ်ယောက်လုပ်နေပြီး သူမယားစာခိုးဖတ်တာ သိပ်ရိုင်းတယ်"ဟု အခွင့်အရေးစကားကို ဆိုလိုက်သည်။ ထိုအခါ မကြီးကလည်း ငါအကြီးဟူသော အခွင့်အရေးရှိသူတို့၏ မာန်ဖြင့်–

"ခိုး ဖတ်တာ မဟုတ်ဘူးဟေ့၊ ဗြောင်ဖတ်နေတာ၊ သမီးရှင်တွေက ငါတို့ကို နောက်တစ်ခါ တံတွေးနဲ့ လာမထွေးနိုင်အောင်လို့ကို ဖတ်ထားရတယ်"ဟု သံကုန်ပြန်အော်လေ၏။

သို့နှင့်ပင် ပဋိပက္ခစတင်ကာ အဆုံးတွင် အသီးသီး၏ မာနများကို ထိခိုက်စေကုန်တော့၏။

"ဒါလောက်တောင် လူ့အခွင့်အရေးတွေရချင်နေရင် နင် လူဖြစ်အောင်လုပ်ပေါ့၊ လူဆိုတာ အရွယ်ရောက်နေရင် သူများကို စားမှုဝတ်မှု နေမှုအတွက် ဒုက္ခမပေးဘဲ ကိုယ့်တာဝန် ကိုယ်ယူနိုင်ရတယ် နားလည်ရဲ့လား"

မောင်လတ် ကောင်းစွာ နားလည်သွားခဲ့၏။ နားလည်ကြောင်းကို ပြသလိုက်ခြင်းကား အနားရှိ တံမြက်စည်းကို ဖြန်းခနဲ ဆွဲကိုင်ကာ မကြီးအား ရိုက်ရန် ရွယ်လိုက်ခြင်းပင်တည်း။

အမေနှင့် မငယ်တို့ ပြေးလာကြ၏။ ဆွဲဟယ်၊ ချုပ်ဟယ်နှင့် ရန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်ကြ၏။ နောက်ဆုံး မောင်လတ်ကို ဇွတ်ပင် ဆွဲခေါ်သွားကြကာ အခန်းတံခါးကို ပိတ်ပစ်လိုက်ဖြင်းဖြင့် မကြီးနှင့် ခြားထားလိုက်ကြ၏။ တစ်ဖက်မှ တံခါးကို တဝုန်းဝုန်း ကန်ကျောက်သံ၊ တီးတိုးဖျောင်းဖျသံနှင့် ငိုယိုသံတွေမှ သဲ့သဲ့ထွက်ပေါ်လာနေဆဲပင် ဖြစ်သည်။

www.burmeseclassic.com

မကြီးသည် ဒေါသဖြင့် တုန်ယင်စွာ ရပ်နေရာမှ တီးတိုး ရေရွတ်လိုက်သည်။

"ငါ့မှာ မောင်နှစ်ယောက်သာ ကျန်တော့တယ်"

သည်တစ်ခါမှာတော့ မျက်ရည်တစ်စက်မကျ။ အသည်းနှလုံး၏ ဒဏ်ရာမှ ပြင်းပြသော ဝေဒနာအပူမီးသည် မကြီး၏ မျက်ရည်တို့ကို ခန်းခြောက်သွားစေခဲ့ပြီထင်၏။ အံကိုကြိတ်ရင်း မှန်တင်ခုံကိုသာ ဝုန်းခနဲ ထုပစ်လိုက်တော့သည်။

တစ်စုံတစ်ခုကို တိုက်မိကာ ကျကွဲလေသည်။ ထောလပတ်ဖက်ရွက် ဆီနံ့တွေ ထောင်းခနဲထသွား၏။ မကြီး လိမ်းနေကျ ကင်းလိုမှာ ဆံပင်နက်ဆေးပုလင်းကလေး။ အသက်သုံးဆယ် မပြည့်မီကပင် မကြီးဆံပင် တွေဖြူခဲ့လေပြီ။

ပြည်မြို့စက်မှုသိပ္ပံကျောင်းသို့ ရောက်နေသော မောင်ထွေးထံမှ ယနေ့ စာတစ်စောင်လာသည်။ မကြီးက အမေ့လက်သို့ အလိုက်သိစွာ အရင်ကမ်းလိုက်သည်။ အမေသည် ဟန်မျှပင်မဆောင်နိုင်ဘဲ သားထွေးထံမှ စာကို ချက်ချင်း ဖောက်၍ဖတ်၏။ နှစ်ကျော့ သုံးကျော့ပြန်ဖတ်နေ၍ အမေ့ကို မငယ်ကပင် နောက်ယူရသည်။ နောက်ဆုံးမှ မကြီးလက်သို့ စာရောက်လာသည်။

ပထမစာမျက်နှာမှာ သူ၏တစ်လအတွင်း အသုံးစရိတ်တို့ကို တွက်ပြထားသည်။ စာအုပ်ဖိုးကို အများဆုံး တွေ့ရသည်။ သရေစာဖိုးနှင့် အသေးသုံးစရိတ် အနည်းငယ်၊ ဆေးလိပ်ဖိုးလုံးဝမပါ။ ငွေစာရင်းရှင်းတမ်း နှင့် စလိုက်သော သူ့စာကို ဖတ်ကာ မကြီးပြုံးလိုက်မိ၏။

ပြည်မှာ ရေပေါပါတယ်အမေ၊ အဆောင်မှာ ကျွေးတဲ့ ဟင်းတွေကလည်း စားလို့ ဖြစ်ပါတယ်၊ အမေပို့လိုက်တဲ့ ငါးပိကြော် ကိုတော့ ငါးဟင်းချက်တဲ့ နေ့မှပဲ စားပါတယ်။

ပို၍ ပြုံးမိသွားသည်။ အိမ်မှာဆိုလျှင် ငါးလုံးဝ မစားသော ပြစ်မှုကြောင့် အစ်မတွေနှင့် သူတကျက်ကျက်။



www.burmeseclassic.com

ဆရာတွေ အသင်အပြ ကောင်းပါတယ်၊ ကျောင်းစည်းကမ်း လည်း သိပ်ကောင်းတယ်၊ ဒါကြောင့်နှစ်တိုင်း အဆင့်ကောင်း ကောင်းနဲ့ အောင်ကြတယ်တဲ့၊ အဲဒီထဲမှာ ကျွန်တော်ပါရပါစေ့မယ်။

သူ၏ရည်မှန်းချက် ကြီးမားပုံကို သဘောကျသည့်တိုင် သူ့ကွယ်ရာ မှာသာ ချီးမွမ်းတတ်ခဲ့ပုံကို မကြီး သတိရလိုက်သည်။

အခုတော့ ဝယ်စရာစာအုပ်နဲ့ ပစ္စည်းကိရိယာတွေလည်း စုံပါပြီ။ ရှေ့လကစပြီး အဆောင်ကြေး ၇၅ ကျပ်နဲ့ အတွေထွေသုံးဖို့ ၂၅ ကျပ်လောက်ပဲပို့ပါ။ လောက်ပါတယ်အမေ။

မကြီး၏စက္ခုအမြင်ဝယ် မှုန်ဝါးစပြုလာသည်။ အိမ်မှာရှိစဉ်က အစ်မတွေထံ အောက်ကျမခံဘဲ သူ့အဝတ် သူလျှော်သူ့ဘာသာ မီးပူတိုက် ဝတ်တတ်ပုံကို သူ၏မာနအဖြစ် မကြီးမြင်ခဲ့ဖူးသည်။ မာနပင်ဖြစ်စေဦးတော့ မိမိကိုယ်တိုင်အတွက်ကောင်းစေပြီး ဘေးလူကိုလည်း ဝန်မပိုစေသော တာဝန်သိမာနအဖြစ် မကြီး ချီးကျူးသင့်သည်ကား အမှန်ပင်။

"အခု ကျွန်တော့်ကို အတန်းခေါင်းဆောင်ခန့်ထားတယ် အမေ ပြီးခဲ့တဲ့ အပတ်က လူရည်ချွန်ပမာဏ ငါးယောက်ရွေးတဲ့ အထဲမှာလည်း ကျွန်တော်ပါသွားတယ်။

အမြင်မှာ ဝါးသထက်ဝါးလာသည်။ သူဆယ်တန်းအောင်စဉ်က ဂုဏ်ထူးနှစ်ခုသာ ထွက်ခဲ့သည်ကို တစ်အိမ်လုံးတွင် မကျေနပ်နိုင်ဆုံးမှာ မကြီးပင်ဖြစ်ခဲ့သည်။ လူငါးထောင်လောက်ဝင်ဖြေသည့်အထဲ ခြောက်ရာ ခန့်သာ ရွေးသော စက်မှုသိပ္ပံ ဝင်ခွင့်စာမေးပွဲအောင်စဉ်ကလည်း နှုတ်မှထုတ် ဖော်၍ မချီးကျူးခဲ့ဖူး၊ အမေ၏ အလိုလိုက်မှုကို အစွမ်းကုန်ရထားသော သားထွေးပီပီ သူ ရောင့်တက်သွားမည်ကို စိုးရိမ်ကာ မိမိ၏ အုပ်ထိန်းမှု အောက်၌ရှိခဲ့သော အလယ်တန်း၊ အထက်တန်းကျောင်းသား ဘဝများကပင် သူ၏စာတော်မှုကို သာမန်လိုပင် မကြီးနေခဲ့၏။

တော်သူကို ပိုတော်စေချင်၍သာ မကြီး နှုတ်ဆိတ်နေခဲ့ဖူး၏။

www.burmeseclassic.com

ညှံ့သူကို တော်လာစေချင်၍မူ ဆုပူခဲ့ဖူးပေ၏။ ရလဒ်ကား မည်သူ၏ ချစ်ခင်ခြင်းကိုမျှ မခံရခြင်းပင်တည်း။

ယခုလည်း မောင်ထွေး၏စာမှာ မကြီးကို သတိရပါတယ်ဟူသော အဓိပ္ပာယ်မျိုး သက်ရောက်သည့် စာတစ်ကြောင်း တလေပင် မပါခဲ့။ မောင်ထွေး၏စာကို ဖတ်ကာ မကြီး ဝမ်းသာနိုင်သည်ကားအမှန်။

ကျောင်းမှာ မိန်းကလေးတွေ ရှိလားလို့ အမေက ဘာလို့ မေးတာလဲ၊ ရှိတော့ရှိတယ်။ နည်းပါတယ်။ စိတ်ချပါ အမေရာ များများရှိလည်း ကျွန်တော် စိတ်မဝင်စားပါဘူး။ မိန်းမပဲ အမေရာ ပေါလွန်းလို့၊ ဘယ်တော့ကောက်ယူယူ တစ်ယောက်တော့ ရမှာပဲ၊ ကိုယ့်မှာ အာမခံချက် မရှိသေးခင် စိတ်မကူးချင်ပါဘူး၊ အမေ့သား ကိုလတ်ကိုသာ ကြည့်ထိန်းပါ။

မကြီး၏ မျက်ရည်နှစ်စက် ဖြုတ်ခနဲ ကြွေဆင်းကျသွားလေသည်။

သတင်းစာထဲမှာ လူရည်ချွန်စာရင်း ထွက်လာသောအခါ မောင်ထွေး နာမည် ပါလာလေသည်။ မကြီးတို့ ဝမ်းသာနေကြဆဲ အမေက သူ့သား နာမည်ပါသော အင်္ဂလိပ်လုပ်သားသတင်းစာကို ရှေ့အိမ်နောက်အိမ်တွေမှာ ကြွားလိုစိတ်နှင့် လှည့်လည်ပြသဆဲမှာပင် မောင်ထွေး ပြန်ရောက်လာသည်။ သူသည် နှစ်ဝက်စာမေးပွဲကို ကောင်းစွာ ဖြေပြီးခဲ့ပြီ။ မရေးမနှောင်းမှာပင် နယ်မှာ အလုပ်သွားလုပ်နေကြရသော မလတ်နှင့် မောင်ကြီးတို့လည်း ပြန်ရောက်လာကြသည်။ အိမ်တွင် လူစုံချိန်ကျကာမှ ပြန်ထွက်သွားသူကား မောင်လတ်ဖြစ်သည်။ သူသည် နယ်တကာ လှည့်နေခဲ့လေသည်။

"သူ့ထမင်းသူ ရှာစားနိုင်ပါတယ်ဆိုတဲ့ သဘောပေါ့၊ မိုးနတ်မယ် အငြိမ့်တီးဝိုင်းမှာ ဆက်ဆိုဖုန်း လိုက်မှုတ်သတဲ့၊ ညကြေးနှစ်ဆယ်ရတယ် ဆိုလား"

မကြီး၏အသံတွင် ဝမ်းနည်းရိပ်တွေ လွှမ်းနေသည်။ ဒီလိုနဲ့

www.burmeseclassic.com

ဇာတ်သမား ဆိုင်းသမား ဖြစ်သွားတော့မှာပဲ၊ မောင်နှမတွေ အလယ်မှာ မျက်နှာငယ်နေတော့မှာပဲဟုတွေးကာ အနေမဖြောင့်။ ပညာတတ်ညာဉ်ဟုပင် ဆိုချင်ဆိုတော့ ကိုယ့်မောင့်ကို ပညာတတ်သာ ဖြစ်စေချင်သည်။ မကြီးက ထိုမျှ အပူအပင်ကြီးနေသော်လည်း ကျန်လူတွေကတော့ ခပ်အေးအေးပင်။

"အဲဒါ နင်တို့ပဲ ကြည့်ပြောကြပေတော့၊ ငါကတော့ တစ်သက် အပြတ်ပဲ"

မျက်ရည်ဝဲလာသော မျက်နှာကို တစ်ဖက်သို့လွှဲကာ မကြီးက ပြော၏။

"သူ့ဘာသာ ခွေးဖြစ်ရုံမကလို့ သူတောင်းစားပဲ ဖြစ်ဖြစ်"

ကျန်လူတွေက ပြုံးကြ၏။ အမေတစ်ယောက်သာ မျက်နှာ မကောင်းလှ။

"အခုလည်း သင်္ကြန်ပြီးရင် ရှမ်းပြည်ဘက် သွားရဦးမတဲ့၊ သူ့ဆရာက လွှတ်လို့ ဘင်ခရာသင်တန်းတွေအတွက်ဆိုလား၊ ကြည့်ပြော ကြဦး၊ လူကြီးမိဘတွေကို စော်ကားထား တဲ့ကောင်၊ ဘေးတွေ့နေမယ်"

ပို၍ပြုံးကြ၏။

"ပြီးတော့လည်း မှာလိုက်ကြဦး၊ အဲဒီကအပြန် သင်တန်းသူတစ် ယောက်လည်း ယူမလာခဲ့နဲ့ဦးလို့"

မောင်ကြီးထံမှ ဟက်ခနဲ ရယ်သံတစ်ချက် ထွက်လာ၏။

"မမကြီးကိုယ်တိုင် မှာလိုက်ရင် ပိုကောင်းတာပေါ့"

"ဘာပြောတယ်၊ နင်လည်းသတိထားနေ၊ အသက်ကဖြင့် သုံးဆယ်နား နီးနေပြီ၊ ဆံပင်ရှည်ထားရတာနဲ့ ဂစ်တာတီးရတာနဲ့၊ ညီတွေလုပ်တာ အကုန်လိုက်လုပ်ပြီး ငယ်မူပြန်နေတဲ့ကောင်"

မောင်ကြီး အမြီးကုပ်သွားသည်။ ကျန်လူတွေကလည်း သူတို့ဆီ စက်ကွင်းမကူးမိ အလျှိုအလျှိုထသွားကြသည်။ မကြီးတစ်ယောက်သာ အိမ်ရှေ့ခန်းတွင် ကျန်ရစ်ခဲ့၏။ မကြီး၏ အတွေးက မပြတ်နိုင်သေး။



www.burmeseclassic.com

"အင်း... ဒီကလည်း အပိုကုန်ငွေ ရှိဦးမယ်၊ တော်သေးရဲ့ ဆရာများအသင်းက ငါ့နာရီဝယ်ဖို့ ငွေထုတ်ထားပေလို့၊ နာရီကိုတော့ ကျောင်းပြန်ဖွင့်မှ ဝယ်ရင်လည်း ဖြစ်ပါတယ်လေ၊ အငယ်ကောင် လူရည်ချွန်က သင်္ကြန်လွန်ရင် ပေလီသွားရမတဲ့၊ လမ်းမှာ သုံးဖို့စွဲဖို့ ငွေနည်းနည်းတော့ ပေးလိုက်ဦးမှ၊ ဟိုခွေးကောင်ကိုလည်း ပေးရဦးမှာပေါ့၊ မြို့ခံတွေက အကျွေးအမွေး တာဝန်ယူတယ်ဆိုဦးတော့ သူများရပ်ရွာမှာ၊ ကြည့်လိုက်ဦးမယ်၊ မာကျယ်ကျယ်ဆို မပေးဘူး၊ ကြည့်လေ အခုထိ အစ်မကို ပြန်ကန်တော့ တောင်းပန်ရမှန်း မသိသေးဘူး၊ မျက်နှာကတော့ နောင်တရ ပုံမျိုး ခပ်ညှိုးညှိုး၊ ရုပ်သာချော လိုက်ရင် ဇာတ်လိုက်မင်းသား လုပ်စားဖို့ တယ်ကောင်း၊ တကယ်တော့ သင်းမှာ အရည်အချင်းကောင်းလေး တွေကလဲ အများကြီးပါ အဲဒါတွေ တိမ်မြုပ်နေအောင် ဆိုးတာကိုက သင်းအလွန်၊ သင်းကြောင့်တော့ ခက်ပါ သေးတယ်။ သင်းကို ရမယ့်မိန်းမ လည်း ကိုယ်ကျိုးနည်းလိုက်မယ့် ဖြစ်ခြင်း၊ အင်း... သင်းကမွေးလာတဲ့ သားသမီး တွေလည်း ပြောပြောဆိုဆိုနဲ့ ငါပဲ ကြည့်ရဦးမှာပါ၊ ဟိုဟာ တွေကဖြင့် ဝေးသေး၊ အမှန်းလည်းမခံ၊ ချူးတစ်ပြားမှလည်း ကျမယ့်ဟာတွေ မဟုတ်ဘူး"

မကြီးက သူ၏ ကြီးကြီးမေဘဝကို စိတ်ကူးဖြင့် မျှော်မှန်းကြည့်နေဆဲ အိမ်နောက်ဖေးတွင်မူ မောင်ကြီးကစတင်ကာ သူတို့အစ်မကြီးကို ထောမနာ ပြုလိုက်လေသည်။

"ဒီအပျိုကြီးကိုတော့ မြန်မြန်ယောကျ်ားပေးစားလိုက်မှ အေးမယ်၊ သူ့ပဲကြောက်နေရတာပဲ၊ နားလည်းပူပါ့၊ ဟော့ ဒီအကြံ သဘောတူတဲ့လူ လက်ညှိုးထောင်"

တစ်ယောက်မကျန် ထောင်လိုက်ကြ၏။

မိတ်ဆွေ၊ သူတို့ထဲမှာ သင်ကောပါနေသည်လား။

[ရှုမဝ၊ ဩဂုတ် ၁၉၇၈]

www.burmeseclassic.com

www.burmeseclassic.com

# ထိုအကြည့်

ကျွန်မတို့ကျောင်းဆင်းချိန်မှာ မွန်းတည့် (၁၂)နာရီဖြစ်ပါသည်။ ထိုအချိန်မှာ ကားသမားများ နံနက်စာစားချိန်ဖြစ်၍ ကားပြတ်ချိန် ပင်တည်း။ ကျွန်မမှာ ဗာဒံပင်ရိပ်အောက်မှ သစ်တုံးပေါ်တွင်ထိုင်ကာ စိတ်လက်ရှည်ရှည်ပင် ကားမျှော်ရလေ့ရှိပါသည်။

ကျွန်မ၏ တပည့်ကလေးများကား ကျွန်မကိုပင် နှုတ်မဆက်အားဘဲ လူငယ်တို့ဘာဝ တစ်ဦးကိုတစ်ဦး ဖြတ်ကျော်ပြေးလွှားကာ ပျောက်ကွယ် သွားကြကုန်ပေပြီ။ သူတို့၏ အိမ်ပြန်ခရီးမှာ ဆာလောင်မှုကသာ ရှေ့ဆောင် နေပေသည်။

ကျွန်မကိုယ်တိုင်လည်း ဝမ်းထဲမှာ မီးရထား ခုတ်နေတော့သည်။ အခုနေ အသီကားလေး ဘာလေးများ ဖြတ်လာရင် သိပ်ကောင်းမှာပဲဟုပင် သက်သာခိုတွေး တွေးနေမိပါသည်။

ထိုစဉ်မှာပင် ကျွန်မရှေ့တည့်တည့် ကတ္တရာလမ်းမပေါ်သို့ ဆိုက်ကားတစ်စီး ထိုးရပ်လာပါသည်။ ဖော့ဦးထုပ် နွမ်းနွမ်းကိုဆောင်းလျက် ပလတ်စတစ်တစ်စကို ကိုယ်ပေါ်မှာ လွှမ်းခြုံထားသော ဆိုက်ကားဆရာ၏ နောက်ဘက်ထိုင်ခုံ၌ ၁၂ နှစ်ရွယ် ကောင်ကလေးတစ်ယောက်။ ကောင်



www.burmeseclassic.com

ကလေးသည် ဝက်သားတုံးတွေ အပြည့်ထည့်ထားသော တောင်းတစ်လုံးကို လက်နှစ်ဖက်ဖြင့် ထိန်းကိုင်ကာ ထိုင်လိုက်လာသည်။

သူ့မျက်လုံးများကား ဝဲယာ လမ်းသွယ်လမ်းကြားများအတွင်းသို့ လွယ်အိတ်တကားကားနှင့် တရွေ့ရွေ့ တိုးဝင်ပြေးလွှားနေကြသော သူ၏ ရွယ်တူကောင်ကလေး၊ ကောင်မကလေးများထံသို့ ရောက်နေသည်။ ဆိုက်ကား ရပ်လိုက်သောအခါ ကောင်ကလေးသည် ဆိုက်ကားဆရာထံသို့ လှည့်ကြည့်လိုက်ပါသည်။

"ဟေ့ ချာတိတ်၊ ဟောဟို ကွမ်းယာဆိုင်မှာ ခြူးနှစ်လိပ်လောက် သွားဝယ်စမ်းပါကွာ၊ တစ်မတ်နှစ်လိပ်တန်နော်"

ပေတစ်ရာလမ်း၏ တစ်ဖက်မှ ကွမ်းယာဆိုင်သို့ မေးထိုးပြရင်း ဆိုက်ကားဆရာက ပြောလိုက်ပါသည်။ ကောင်ကလေးသည် ဆိုက်ကားပေါ်မှ ဆင်းလိုက်ကာ ဆိုက်ကားဆရာ လှမ်းပေးလိုက်သော ငွေအကြွေကို ယူ၍ လမ်းတစ်ဖက်သို့ ဖြတ်ကူးသွားပါသည်။

ထိုမထူးဆန်းသော မြင်ကွင်းကို ကျွန်မသည် ပျင်းရိစွာ အမှတ်မဲ့ ကြည့်နေမိခဲ့ခြင်းသာ ဖြစ်ပါသည်။ ထိုသို့ ကြည့်ဆဲမှာပင် မထူးခြားသော ထိုမြင်ကွင်းသည် ထူးထူးခြားခြားပင် ပြောင်းလဲ လှုပ်ရှားသွားပါတော့သည်။

ဆိုက်ကားဆရာသည် ကောင်ကလေး လမ်းတစ်ဖက်သို့ ရောက်သွားသည်နှင့် နောက်သို့လှည့်ကာ တောင်းအပေါ်ဆုံးမှ ဝက်သားတစ်တုံးကို ဆတ်ခနဲကောက်ယူလိုက်ပါသည်။ ပြီးလျှင် ကောင်ကလေး၏ ထိုင်ခုံကို လှန်၍ ပစ်ထည့်လိုက်ကာ ကပျာကယာပင် ပြန်ဖုံးလိုက်ပါသည်။ သူ့အပြုအမူမှာ သွက်လက်လျင်မြန်လွန်းသဖြင့် ကျွန်မပင် သူဘာလုပ်လိုက်မှန်း သဘောမပေါက်လိုက်ပါ။ ထိုခဏ၌ ဟန်မပျက် ပြန်လှည့်ကာ ဘေးဆီသို့ မလုံမလဲ ဝေ့ကြည့်လိုက်သော ဆိုက်ကားဆရာ၏ မျက်လုံးများသည် သူ့ထံသို့ စူးစိုက်နေသော ကျွန်မ၏မျက်လုံးများနှင့် တန်းတန်းမတ်မတ်ပင် တွေ့ဆုံသွားကြပါတော့သည်။



www.burmeseclassic.com

သူ့မျက်လုံးထဲမှာ အရောင်မျိုးစုံ လက်သွားသလို ထင်ရပါသည်။

သူ ဘာဆက်လုပ်မည်နည်း။

ကျွန်မကော ဘာလုပ်ရမည်နည်း။

ထိုင်ခုံအောက်သို့ ရောက်သွားသော ဝက်သားတုံးမှာ အနည်းဆုံး ငါးဆယ်သားခန့်မျှတော့ ရှိပါလိမ့်မည်။ ကောင်ကလေးသည်ပင် ဆိုက်ကား ဆီသို့ ပြန်လာနေပါပြီ။

ထိုခဏမှာပင် ကျွန်မ၏မှတ်ဉာဏ်ကလေးသည် လွန်ခဲ့သော အနှစ် ၂၀ ကျော် ကျွန်မ ကလေးဘဝအရွယ်က နေ့တစ်နေ့ဆီသို့ ခုန်ပြေး သွားပါသည်။

တစ်ချိန်တည်းမှာပင် ဆိုက်ကားဆရာ၏ မျက်နှာကို တွေ့ဖူးမြင်ဖူး ခဲ့သလို ရှိသည်ဟုလည်း အောက်မေ့လိုက်ပါသည်။

ထိုနေ့သည် ယနေ့လိုပင် မိုးမှုန်ဖွဲဖွဲရွာပြီးစ နေ့မျိုးဖြစ်ပါသည်။ မိုးတိတ်သည်နှင့် ကျွန်မတို့လမ်းထိပ်ရှိ ကျူးကျော်တဲများရှေ့တွင် မုန့်သည် တွေပျံကျဈေးသည်တွေ စည်စည်ကားကား ထွက်လေ့ရှိပါသည်။ ထိုဈေး တန်းနှင့် မလှမ်းမကမ်းမှ ကုက္ကိုရိပ်သည်ကား ကျွန်မတို့ ဖန်ခုန်ရာ ထုပ်ဆီးတိုးရာ ကျွန်မတို့၏ ကစားကွင်းဖြစ်ပါသည်။

ထိုစဉ်က ပျံကျဈေးသည်များထဲတွင် မုန့်တွန်စုံရောင်းသော ကုလား မလေး လက်ချမ်းကို ကျွန်မတို့က ခင်ပါသည်။ ခင်သည် ဆိုရာ၌ တန်းတူထား၍ ခင်ခြင်းမျိုးကားမဟုတ်ပါ။ လက်ချမ်းသည် ကျွန်မတို့အရွယ် အသက် (၁၀)နှစ်ခန့်သာ ရှိသေးသည်ကတစ်ကြောင်း၊ ကျွန်မတို့က သူ့မုန့်ကို ဝယ်လျှင် အုန်းသီးမှုန့်တွေ သကြားတွေ ပိုပေးတတ်လေ့ ရှိသည်က တစ်ကြောင်း၊ ကျွန်မတို့ ဆော့ကစားရာ အနီးမှာ ဈေးဗန်းကိုချကာ တရစ်ဝဲဝဲလာနေတတ်သည်က တစ်ကြောင်းတို့ကြောင့် ကျွန်မတို့နှင့်ပြောဆို ဆက်ဆံနေကျ မျက်မှန်းတန်းမိနေကျ ခင်ပုံမျိုးသာ ဖြစ်ပါသည်။

ကျွန်မတို့နှင့် ဆော့ကစားရန် သူ့ကို ဖိတ်ခေါ်တတ်လေ့မရှိပါ။



www.burmeseclassic.com

သူ့အနေနှင့်လည်း ဈေးဗန်းကို ပစ်ထားပြီး ကျွန်မတို့နှင့် လာရောက်အချိန်မဖြုန်းနိုင်ပါ။ ဘဝအကြောင်းကို မသိသေးမီကပင် လက်ချမ်းနှင့်ကျွန်မတို့မှာ ဘဝချင်း မတူကြကြောင်းကိုကား နားလည်တတ်ခဲ့ပါသည်။

ထိုနေ့ကလည်း လက်ချမ်းသည် ကျွန်မတို့ ထုပ်ဆီးတိုးပွဲကို အငေးမောကောင်းခဲ့သောကြောင့်သာ ပြဿနာဖြစ်ရပါသည်။ ကျွန်မတို့၏ပွဲကလည်း အလွန်ကောင်းခဲ့ပါသည်။ တစ်ဖက်နှင့်တစ်ဖက် အောင်ထူနိုင်ဖို့ အကြိတ်အနယ် တိုးကြပါသည်။ ကျွန်မကား အတိုးအုပ်စုတွင် ပါဝင်ခဲ့ပါသည်။ တစ်ချီတွင် အတားအုပ်စုမှာ ခေါင်သူကြီးသည် ကျွန်မအပါအဝင်သုံးယောက်ကို ခေါင်စည်းမှပိတ်၍ ဖမ်းထားလိုက်ပါသည်။ ထိုအခါကျွန်မတို့ကလည်း လူစုပြန်ခွဲရန် စည်းခြောက်ကြရပါသည်။ စည်းကျဉ်းသွားပြီဖြစ်၍ ဇွတ်တိုး၍ကား မဖြစ်တော့ပါ။ အမောဖြေသလိုလို အကြံယူသလိုလိုနှင့် တားသူတို့အလစ်ကို ချောင်းကြရပါသည်။ ပွဲသည် ခဏမျှငြိမ်သက်သယောင်ဖြစ်သွားသော်လည်း ဘေးမှပွဲကြည့်ပရိသတ်အဖို့မူပိတ်မိနေသူတွေမှ မည်သူက မည်သည့်အချိန်မှာ မည်သို့ထိုးဖောက်ထွက်မည်လဲ၊ လွတ်မည်လား၊ မိမည်လားဟု စောင့်ကြည့်ရသည်မှာ သည်းထိတ်ဖွယ်ပင်ဖြစ်ပါသည်။

လက်ချမ်းကား ကျွန်မတို့၏ စွဲမြဲသော ပွဲကြည့်ပရိသတ်ဖြစ်လေရာသူ၏ ဈေးဗန်းကို ချထားခဲ့ပြီး ရှေ့သို့ အနည်းငယ် တိုးထွက်လာကာကျွန်မတို့ပွဲကို စိတ်ပါဝင်စားစွာ ကြည့်နေကြောင်း စည်းခြောက်နေရာမှကျွန်မ လှမ်းမြင်လိုက်ပါသည်။ ထို့မျှပင် မကပါ။ နောင်အခါ အသက်(၁၈)နှစ်သမီးအရွယ်ကပင် အဝေးကြည့်မျက်မှန် ဆောင်ရတော့မည်ဖြစ်သောကျွန်မ၏မျက်လုံးများသည် ထိုစဉ်က အလွန်ပင် ရှင်သန်ခဲ့သည်ဟု ဆိုရပေတော့မည်။ လက်ချမ်း၏ဘေးနားကပ်လျက် ရောင်းနေသောအကြော်သည်မိန်းမသည် လက်ချမ်း၏ မုန့်ဗန်းထဲမှ တစ်စုံတစ်ရာ ဖျတ်ခနဲနှိုက်ယူ လိုက်သည်ကိုပါ မြင်လိုက်ရသောကြောင့်ပါတည်း။



www.burmeseclassic.com

ကစားနေသည်ကိုပင်မေ့ပြီး ကျွန်မသည် လက်ချမ်းရှိရာသို့ ပြေးသွားလိုက်ပါသည်။ ကျွန်မကို တစ်ဖက်ခေါင်းသူကြီးက ရိုက်ပုတ်၍ ဖမ်းလိုက်သည်ကိုပင် မမှုတော့ပါ။

"ဟေ့ လက်ချမ်း လက်ချမ်း"

ကစားဖော်များသည် ကျွန်မကို ခေတ္တငေးကြောင်ကြည့်နေပြီးမှ ကျွန်မနောက်သို့ လိုက်လာကြပါသည်။

"နင့်ပိုက်ဆံ ဗန်းထဲက ပိုက်ဆံကို ဟိုမိန်းမကြီး နှိုက်ယူလိုက်တာ ငါမြင်တယ်"

လက်ချမ်းသည် နားမလည်သလို ကြောင်ကြည့်နေပါသေးသည်။ ပြီးမှ သူ့မုန့်ဗန်းရှိရာသို့ပြေးကာ အောက်ခံစက္ကူကို လှန်ကြည့်လိုက်ပါသည်။ တစ်ခဏချင်းမှာပင် သူ့မျက်နှာ ငိုမဲ့မဲ့ ဖြစ်လာပါတော့သည်။ အကြော်သည်မိန်းမကား လက်ချမ်း သူ့နေရာသို့ ပြန်ရောက်လာကတည်းက သူ့ဟိုဘက်ဘေးမှ မုန့်လက်ဆောင်းသည်နှင့် စကားရောဖောရော လုပ်နေလိုက်ပါသည်။ လက်ချမ်းမှာထိုမိန်းမကို မစွပ်စွဲရဲရှာပါ။ ကျွန်မတို့မျက်နှာများကိုသာ ကြည့်ရင်း ရှိုက်ငင်စ ပြုလာပါတော့သည်။

"ပြန်တောင်းလေဟာ၊ အဲဒီမိန်းမကြီး ယူလိုက်တာ ငါမြင်ပါတယ်ဆို"

ကျွန်မက တိုးတိုးကျိတ်၍ အားမလိုအားမရ ပြောနေမိပါသည်။ လက်ချမ်းကား ငိုဖို့သာ တတ်ပါသည်။ မုန့်ဗန်းနားထိုင်၍ ကုလားမကလေး ငိုနေသည်ကို မြင်သောအခါ ဘေးလူတွေက စပ်စုလာကြပါသည်။

"ပိုက်ဆံပျောက်သွားပြီ၊ ပိုက်ဆံပျောက်သွားပြီ"

ဟူ၍သာ ရှိုက်ကြီးတငင်ငိုရင်း လက်ချမ်း မြည်တမ်းနေနိုင်ပါသည်။

"ဟဲ့ ဘယ်မှာပျောက်လာတုံး"

ဝိုင်းအုံလာ၍ တစ်ယောက်တစ်ပေါက် မေးမြန်းကြသော်လည်း လက်ချမ်း ပြန်မပြောနိုင်ပါ။ ကျွန်မလည်း မနေနိုင်တော့ပါ။ လူအုပ်ကြား



www.burmeseclassic.com

ထဲသို့ တိုးဝင်ကာ လက်ချမီး၏ဘေးနားမှာ မှင်သေသေနှင့် ထိုင်နေသော အကြော်သည်မိန်းမကို လက်ညှိုးထိုး၍ ပြောချလိုက်ပါသည်။

"ဒီအဒေါ်ကြီးယူတာ ကျွန်မမြင်လိုက်တယ်၊ သူ့အကြော် ဗန်း အောက်မှာ အဲဒီပိုက်ဆံရှိတယ်"

မျက်လုံးများအားလုံး ကျွန်မထံသို့ စုပြုံကျရောက်လာကြပါသည်။ ထိုမျက်လုံးများထဲတွင် အကြော်သည် မိန်းမ၏ မျက်လုံးကား အစူးရှဆုံး ဖြစ်နေပါသည်။ သူ့အကြော်ဗန်းကို တင်းတင်းဆုပ်ကိုင်ကာ ကျွန်မကို ပြူးကြောင်ကြောင် မျက်လုံးနှင့် ကြည့်နေပါသည်။ ရန်လိုခြင်း၊ ဒေါသ ထွက်ခြင်း၊ ရှက်ခြင်း၊ မုန်းတီးခြင်းတို့ ရောပြွမ်းနေပါလိမ့်မည်။

"အလိုတော် စွပ်စွပ်စွဲစွဲ"

သူက ငြင်းဆိုရန် အားနည်းစွာ အားထုတ်ပါသေးသည်။

"ဟုတ်တယ်၊ ကျွန်မ ကစားနေတုန်း မြင်လိုက်တာ၊ မယုံရင် သူ့ဆီမှာ ရှာကြည့်"

ကျွန်မကလည်း အလျှော့မပေးခဲ့ပါ။ ထိုစဉ်က ကျွန်မတွင် ကြောက်စိတ်လည်း လုံးဝမရှိပါ။ သူ့ကိုပြန်ကြည့်လိုက်သော ကျွန်မ၏ မျက်လုံးများတွင် လူကြီးဖြစ်ပြီး ကလေးပိုက်ဆံကို ခိုးရသလားဟူသော ရှုတ်ချခြင်းတွေ ပြည့်လျှံနေခဲ့ပါလိမ့်မည်။

ထိုစဉ် ကြားဝင်ဖြန်ဖြေသူတစ်ယောက် ပေါ်လာပါသည်။ ကျွန်မတို့ ဝယ်စားနေကျ ရေခဲခြစ်သည် ဦးလေးကြီးဖြစ်ပါသည်။ ဦးလေးကြီးသည် ထိုဈေးတန်းကလေးတွင် အသက်အကြီးဆုံး၊ ဈေးရောင်းသက် အရင့်ဆုံး ဖြစ်၍ အခြားဈေးသည်များအပေါ် ဖေမကူညီတတ်သည်နှင့်အမျှ ဩဇာ သြောင်းသူလည်း ဖြစ်ပါသည်။ လူကြီးတို့သည် ကလေးစကားကို ပိုမို ယုံကြည်တတ်ကြသည်ဖြစ်ရာ ဦးလေးကြီးသည် အကြော်သည်မိန်းမဘက် လှည့်ကာ

"နင် ယူထားရင် ပြန်ပေးလိုက်"ဟု တစ်ခွန်းတည်း ပြောပါ



www.burmeseclassic.com

သည်။ ထိုမိန်းမက တွန့်ဆုတ်နေသောအခါ စိတ်မရှည်သလို အကြော်ဗန်း၏ အောက်ခံစက္ကူကို လှန်ကြည့်လိုက်ရာ ကျပ်တန်အခေါက်ကလေးတစ်ခု ပေါ်လာပါသည်။

"လက်ချမ်းပျောက်တာ ဘယ်လောက်လဲ"

"သုံးကျပ်၊ အဟောင်းကနှစ်ရွက်၊ အသစ်တစ်ရွက်၊ အဟောင်း တစ်ရွက်မှာ စုတ်နေလို့ စက္ကူနဲ့ ကပ်ထားတယ်"

ခုတော့လည်း လက်ချမ်းက သွက်လက်လာပါသည်။

ရေခဲခြစ်သည် ဦးလေးကြီးက ကျပ်တန်ခေါက်ကလေးကို ဖြေနေစဉ် တွင်မူ အကြော်သည် မိန်းမသည် ခေါင်းငိုက်စိုက်ကျလျက် ရှိပါပြီ။ သူ့မျက်လုံးများကိုမူ မမြင်ရတော့ပါ။ ထိုစဉ်က အလေးမထားမိခဲ့သော်လည်း ယခုမှ စဉ်းစားလာမိသော အချက်တစ်ခုလည်း ရှိပါသည်။ သူ့ကို စွပ်စွဲ နေသူမှာ ကျွန်မတစ်ယောက်တည်းသာ ရှိပါလျက် သူ့ဘက်မှ ထောက်ခံသူ၊ ကာကွယ်ပြောဆိုသူ တစ်ယောက်မှမရှိခဲ့သော အချက်ပင်ဖြစ်ပါသည်။ ထိုစဉ်က ယင်းမိန်းမ၏ ဒုစရိုက်ကို တွေ့မြင်လိုက်သူမှာ ကျွန်မတစ်ယောက် တည်းမှ ဟုတ်ပါလေစဟုပင် တွေးတောလာမိပါသည်။

ဘာပဲဖြစ်ဖြစ် ထိုနေ့က ကျွန်မတို့ အောင်ပွဲရခဲ့ပါသည်။ ကျွန်မသည် ကစားဖော်များအလယ်တွင် သူရဲကောင်းဖြစ်ခဲ့ပါသည်။

"အေးဟယ် နင်မြင်လိုက်ပေလို့၊ နို့မို့ဆိုရင် လက်ချမ်း သူ့အိမ်ပြန် ရောက်တာနဲ့ အရိုက်ခံရမှာပဲနော်"

ကျွန်မတို့သည် လက်ချမ်းတစ်ယောက်တည်းကိုသာ ဝိုင်း၍ စာနာနိုင် ခဲ့ကြပါသည်။ ကစားဖော်များအလယ်၌သာ ဟီးရိုးဖြစ်လိုက်သော်လည်း အခြားမည်သည့် လူကြီးတစ်ယောက်တလေးကမျှ ကျွန်မကို ထိုကိစ္စအတွက် မချီးကျူးခဲ့ကြပါ။

အိမ်မှလူကြီးများအား ထိုအဖြစ်အပျက်ကို ကျွန်မက ဂုဏ်ယူဝံ့ ကြွားစွာ ပြန်ပြောပြသောအခါ လူကြီးများက ထောမနာပြုလိုက်ကြပါသည်။

www.burmeseclassic.com

"ရှုပ်ရှုပ်ယှက်ယှက် ဈေးသည်တွေနဲ့မှ သွားဖြစ်ရလား၊ မတော်တဆ ရန်ဖြစ်ကုန်ရင် ဆဲကြဆိုကြ သတ်ကြပုတ်ကြနဲ့၊ ဒီကြားထဲကိုယ်ကပါ ကန့်လန့်ကန့်လန့်ပါနေမှာ မရှက်ဘူးလား၊ နောင် အဲဒီနား သွားမကစားရဘူး မှတ်ထား ကြားလား"

ဝက်သားတောင်းပိုင်ရှင် ကောင်ကလေးသည် ဆိုက်ကားနားသို့ ပြန်ရောက်လာပါပြီ။

ကျွန်မသည် ကောင်ကလေး၏ မျက်နှာပေါ်တွင် ငယ်စဉ်က ကျွန်မ၏မိတ်ဆွေကလေး လက်ချမ်း၏ ရုပ်သွင်ကို ပြန်လည် မြင်ယောင်လာနေပါသည်။ သူကား ခုထိ ဘာမျှ မရိပ်မိရှာသေးပါ။ ဟော... ဆိုက်ကားထိုင်ခုံပေါ်သို့ သူတက်ထိုင်လိုက်ပါပြီ။ အိခနဲ ဖြစ်မသွားဘူးလား။ အလိုက်တာနော်၊ ဟဲ့ နင့်ကိုယ်အောက်မှာဝက်သားတုံး၊ ကိုယ့်တောင်းကို ပြန်စစ်ပါဦးတော့လား ငတုံးရဲ့၊ နင့်အမေတော့ တစ်နေ့တွက် အမြတ်ကလေး ကုန်ပါပြီ။ ကိုယ့်ပစ္စည်း ကိုယ့်အောက်ရောက်နေတာတောင် မသိတဲ့ကောင်၊ ဖင်ပုပ်အောင် အရိုက်ခံရတော့မှာပဲ။

ကျွန်မ၏ မျက်လုံးများသည် ကောင်ကလေးကို ထိုသို့လျှင် အသည်းယားစွာ ပြောနေလိမ့်မည်ထင်ပါသည်။ သို့သော်ပါးစပ်ကမူ အသံထွက်မလာပါ။ ကျွန်မတို့သည် ကြီးလာသောအခါ နည်းနည်းကြောက်တတ်သွားကြသည်ဟုထင်ပါသည်။ ကောင်ကလေးကသာ ကျွန်မကို ကြည့်မည်ဆိုလျှင် ကျွန်မသည် မျက်လုံးအကြည့်နှင့်သာမက မျက်ရိပ် မျက်ခြည်နှင့်ပါ သတိပေးလိုက်မိမည်လား မပြောတတ်ပါ။ သို့သော် ကောင်ကလေးက ကျွန်မကို တစ်ချက်မှ မကြည့်ပါ။

ကျွန်မကို ကြည့်နေသူကား ဆိုက်ကားဆရာသာ ဖြစ်ပါသည်။ သူသည် ကျွန်မကို တစ်ချက်မျှ စူးစိုက်ကြည့်သွား၍ သူ့ဆိုက်ကားကို နင်းကာ ကြည့်မြင်တိုင် ညဈေးတန်းဘက်သို့ ဆက်လက်ထွက်ခွာသွားပါသည်။ သူ့အကြည့်သည် စက္ကန့်ပိုင်းမျှလောက်သာ ကြာလိုက်ပါမည်။



www.burmeseclassic.com

သို့သော် ထိုအကြည့်ကား ကျွန်မကို စိတ်အနှောင့်အယှက်ကြီးစွာ ဖြစ်စေလိုက်သောအကြည့်ဖြစ်ပါသည်။ ကျွန်မစိတ်ထဲတွင် အီလည်လည်ကြီး ဖြစ်ကျန်ရစ်ပါသည်။ သူ့အကြည့်ကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ အဓိပ္ပာယ်ရှာကြည့်နေမိပါသည်။

ကျေးဇူးတင်ပါတယ် ဆရာမရယ်ဟုပင် ဆိုလိုလေသလော။ သူ့တွင်လည်း အရှက်ကွဲသက်သာရသည့်အတွက် သူက ကျွန်မကို ကျေးဇူးတင်သင့်သည်လား၊ ထိုသို့ ဟုတ်မည်မထင်ပါ။ ကျွန်မတို့သည် ကျေးဇူးတရားဆိုသည်ကို ဘာနှင့်တိုင်းတာကြမည်နည်း။

သို့မဟုတ်လျှင် ထိုအကြည့်သည် ခြိမ်းခြောက်သည့်အကြည့်ပေလော။

ဟဲဟဲ...ခင်ဗျားပြောရဲ ပြောကြည့်လေ၊ ညတိုင်းကျုပ်တို့ ဆိုက်ကားဂိတ်ကို ဖြတ်ပြီးမှ ခင်ဗျား ညကျောင်း ပြန်နေကျ မဟုတ်လားဟုပင် ဆိုလိုလေသလော။

ထိုသို့လည်း ဟုတ်မည်မထင်ပါ။

ကျွန်မသည် သူ့ကို ထိခိုက်နစ်နာစေလိုသူ မဟုတ်၍ သူ့တွင် ကျွန်မကို ရန်ငြိုးထားစရာ အကြောင်းရှိမည် မထင်ပါ။ ပြီးတော့ ကျွန်မတွင်လည်း ဆိုက်ကားသမားတွေထက် ပို၍ မိုက်ရဲရိုက်ရဲသော လမ်းသရဲတပည့်တွေ အမြောက်အမြားရှိပေသည်။ ထို့ပြင် ကျွန်မသည် ကောင်ကလေးကို ဘယ်နည်းနှင့်မှ သတိပေးလိမ့်မည် မဟုတ်မှန်း ဆိုက်ကားဆရာက အလိုလိုသိနေနိုင်ခဲ့သည်ဟုလည်း ထင်ပါသည်။

သူ့အကြည့်မှာ ရှက်ရွံ့ခြင်း တစ်ခုကိုတော့ ကျွန်မတွေ့လိုက်နိုင်ပါသည်။ ပြီးတော့ သူ့ကို ကျွန်မ တွေ့ဖူးမြင်ဖူးနေကြောင်းကို အမှတ်ရပြန်ပါသည်။ သူသည်–

မတော်တာရှိ ဆုံးမပါဆရာမ၊ ရိုက်ပါဆရာမ၊ မကျိုးမကန်ရင်တော်ပါပြီဟု ဆိုတတ်လေ့ရှိသော၊ ဆရာဆိုသည်မှာ စာရိတ္တအရာ၌

www.burmeseclassic.com

စံပြပုဂ္ဂိုလ်တွေမို့ သူများသားသမီးကို ပဲ့ပြင်သွန်သင်ရန်လည်း ရာနှုန်းပြည့် တာဝန်အရှိဆုံးဟု ယုံကြည်တတ်မြဲဖြစ်သော ကျွန်မ၏ ကျောင်းသားမိဘ တစ်ဦးပေလော၊ ကျွန်မတွင် ဆရာလုပ်သက် အတန်ရင့်လာသူတို့၏ ထုံးစံအတိုင်း ကိုယ်က သိသူထက် ကိုယ့်ကို သိသူတွေက ရပ်ကွက်ထဲမှာ ပို၍ များနေပြီပင်။

သို့သော်လည်း ဟုတ်ချင်မှလည်း ဟုတ်ပါလိမ့်မည်။

သူ့အကြည့်မှာ ရက်ရွံ့မှုအပြင် အခြားအရောင်တွေ ရောစွက်နေကြောင်းသိလျက်နှင့် ကျွန်မ မခွဲခြားတတ်ပြန်ပေ။ သူ့ကိုလည်း ဘယ်မှာ မြင်ဖူး ခဲ့ပါလိမ့်။ အသားညိုညစ်ညစ် လက်ပြင်ကုန်းကုန်း မျက်နှာရှည်ရှည်၊ ပါးရိုးငေါငေါ နှာထင်ချိုင့်ချိုင့် မျက်လုံးပြူးကြောင်ကြောင်။

အလို ကျွန်မသည် လက်ချမီး၏ ပိုက်ဆံနှိုက်ယူခဲ့သော အကြော်သည်မိန်းမအား ဖြုန်းခနဲသတိရလိုက်ပါသည်။ ခပ်ဆင်ဆင်ပဲ ဒီရုပ်မျိုးပဲ အထူးသဖြင့် ပြူးကြောင်နေတဲ့မျက်လုံးတွေက အတူဆုံးပဲ၊ ဒီလိုမျက်လုံးမျိုးပေါ့၊ ဘယ်မှာပါလိမ့် ငါမြင်ဖူးတာ။ တစ်ယောက်တည်း မဟုတ်ဘူး၊ အများကြီး၊ အများကြီး၊ ဟော...ဟုတ်ပြီ။

စာအုပ်စင်ပေါ်မှ ကျွန်မ မကြာခဏ ဆွဲယူကြည့်ဖူးသော စာအုပ်တစ်အုပ်ကို သတိရလိုက်သည်။ အလှရာတော်ပုံဟူသော ပန်းချီဝေဖန်ရေး စာအုပ်တစ်အုပ်။ ထိုထဲမှ အာလူးစားသူများ အမည်ရှိ ပန်းချီကားတစ်ချပ်။ ၁၉ ရာစုတုန်းက ဟော်လန်သား ပန်းချီဆရာ ဗင်းဆင့်ဗန်ဂိုး ရေးဆွဲခဲ့သည်ဟု ဆိုသည်။ ကျဉ်းကျပ်မည်းမှောင်နေသော အခန်းငယ်ထဲမှ စားပွဲတစ်လုံးတွင် လူငါးယောက်ဝိုင်းထိုင်လျက် ညာစာစားနေကြပုံ၊ ခပ်မှိန်မှိန်သာလင်းနေသော မှန်အိမ်မီးရောင်အောက် ကုပ်ချောင်းချောင်းပုံသဏ္ဍာန် လူငါးယောက်၏ ပြူးကြောင်ကြောင်မျက်လုံးများကသာ တောက်ပထင်ပေါ်လျက် စားပွဲ အလယ်မှ အားလူးပြုတ်များသာ ထည့်ထားသည်ဟုထင်ရသော တစ်ခု တည်းသော ပန်းကန်ပြားမှာမူ တစ်ဝက်တစ်ပျက်သာ ပေါ်လွင်နေလျက်



www.burmeseclassic.com

ပန်းချီဝေဖန်ရေးဆရာက–

ပြုံးကျယ်တောင့်တနေသော မျက်လုံးတို့သည် မသေထမင်း မသေဟင်းစားနေရသော ဘဝသရုပ်ပင်ဖြစ်သည်ဟု မှတ်ချက်ရေးသား ထားသည်ကိုပါ အမှတ်ရလာပါသည်။

ခုတော့ ဆိုက်ကားဆရာအကြည့်ကို ကျွန်မ ဝိုးတဝါး နားလည် နိုင်ပြီဟု ထင်ပါသည်။

ထိုသို့ဆိုလျှင် သူ့ကိုကျတော့ ကျွန်မ မည်သို့ ကြည့်ခဲ့လေသနည်း။ ကျွန်မသည် ကိုယ့်အကြည့်ကိုလည်း ပြန်လည်စဉ်းစားကြည့်နေမိပါသည်။

ကျွန်မ (၁၀)နှစ်သမီး အရွယ်တုန်းကလို...

လူကြီးဖြစ်ပြီး ကလေးပစ္စည်းမှ ခိုးရသလားဟူသော ရှုတ်ချကြည့် သက်သက်နှင့်တော့ ကြည့်ခဲ့သည်ဟု မထင်ပါ။ ထိုသို့မဟုတ်လျှင် အံသြကြည့်လား၊ စာနာကြည့်လား၊ ကြောက်ကြည့်လား၊ ကိုယ့်မျက်နှာကို ပြန်လည်မြင်ယောင် အဓိပ္ပာယ်ဖော်ကြည့်ရသည်မှာ အတော်ပင် ခက်ခဲလှ ကြောင်း သိလာရပါသည်။

တစ်ခုတော့ရှိပါသည်။ စာရိတ္တပညာကို ဘာသာရပ် တစ်ခုအနေနှင့် သင်ကြားပို့ချနေရသော ကျွန်မလို ကျောင်းဆရာမတစ်ယောက်ဖို့ ခိုးယူခြင်း အတွက် မနှစ်ခြိုက်နိုင်သည်တော့ အမှန်ပင်။

နောက်ဆုံးမှာ ကျွန်မနှင့် အနီးစပ်ဆုံးတူလိမ့်မည်ဖြစ်သော မျက်နှာ တစ်ခုကို ဖျတ်ခနဲသတိရလိုက်ပါသည်။ ယင်းကား ကိုယ်နှင့်ဘဝတူ တစ်ယောက်က ကိုယ့်လို အခြားဘဝတူတစ်ယောက်ထံမှ အလစ်နှိုက်လိုက် သည်ကို မြင်နိုင်ခဲ့ပါလျက် ဟန့်တားမှုမျိုး တိုင်ကြားမှုမရှိ၊ ပြဿနာ ဖြစ်လာတော့လည်း ဘယ်သူ့ ဘက်ကမှ ဖေးကူထောက်ခံမှုမရှိ၊ ငါ့ဗန်းထဲက မနှိုက်လိုက်တာ တော်သေးရဲ့၊ နှိုက်များနှိုက်ကြည့်စမ်းပါလား၊ ဒီကောင်မ တော့ ဟင်း... ဒါပေမဲ့ ငါလည်း သတိတော့ထားနေမှ ဟူသော ခံစားမှုမျိုးထက် မပိုသော အကြည့်မျိုးဖြင့်သာ တွေဝေငြိမ်သက်နေသော

www.burmeseclassic.com

အကြော်သည်ဘေးမှ မုန့်လက်ဆောင်းသည်၏ ငါမဆိုင် မျက်နှာပင်တည်း။

ယခုအခါ ကျွန်မမှာ တွေးစရာတစ်ခု ရနေပါပြီ။

နောက်တစ်နေ့တွင် ကျွန်မတပည့်များအား စာရိတ္တပညာကို သင်ကြားရသောအခါ၌ ကျွန်မသည် အကျင့်သီလတို့၏ အကျိုးတရား အကြောင်းခံ တရားများကိုပါ စမ်းတဝါးဝါး ထည့်သွင်းရှင်းလင်းပြရ အံ့လော။ သို့တည်းမဟုတ် ကျွန်မကောင်းစွာပိုင်နိုင်သော ဘယ်သူတရား ပျက်ပျက် ကိုယ်မပျက်နဲ့ဟူသော ငါမဆိုင်သင်ခန်းစာမျိုးကိုပင် ဦးစွာ သင်ကြားပေးရအံ့လော။

တပည့်များကို မပို့ချမီ ကျွန်မကိုယ်တိုင် ထိုစာရိတ္တပညာအကြောင်း ကို ကောင်းစွာ လေ့လာသင်ယူရပါဦးမည်။

[ရှုမဝ၊ ဒီဇင်ဘာ ၁၉၇၈]

www.burmeseclassic.com

www.burmeseclassic.com

# ငယ်ကချေးတဲ့ စံပယ်ဦး

ကျွန်မတို့မှာ အမေ့ဘက်ကစပ်လျှင် တော်သောဦးကြီးသုံးယောက် ရှိခဲ့ဖူးပါသည်။ ယခုမူ သုံးယောက်လုံးပင် ကွယ်လွန်ကြပါပြီ။

အမေ့အစ်ကိုကြီး ဦးကြီးလွန်းမောင်သည် ကျွန်မတို့ မမွေးမီကပင် လွယ်လွန်နှင့်ပါသည်။

အလတ်ဦးကြီးထွန်းမောင်သည် ကျွန်မ လေးနှစ်သမီးအရွယ်က ဆုံးသည်ဖြစ်၍ ရေးရေးမျှပင် မမှတ်မိတော့ပါ။

အငယ်ဦးကြီးကွန်းမောင်တစ်ယောက်သာ ကျွန်မတို့အရွယ် ရောက်ပြီးမှ ဆုံးသဖြင့် ကောင်းစွာ သိရှိလိုက်ပါသည်။

သေသောသူ ကြာလျှင်မေ့ဟု ဆိုရိုးရှိသော်လည်းအမေသည် သူ့အစ်ကိုများကို မကြာမကြာ သတိရတတ်ပါသည်။ ထိုအခါ သူ့သားသမီး ကျွန်မတို့ကို ပြန်ပြောင်းပြောပြလေ့ရှိပါသည်။ ကျွန်မတို့ ဦးကြီးများကား လူဇော်လူကျော်များပင် ဖြစ်ကြပါသည်။

အမေသည် သူတို့၏ တစ်ဦးတည်းသော ညီမဖြစ်သည့်အပြင် ကုသိုလ်ကံကွက်ကျားကာ ငွေကြေးပြည့်စုံသူ ကျွန်မတို့အဖေနှင့် အိမ်ထောင်ကျသဖြင့် သားချင်းများထဲတွင်အချောင်လည်းဆုံး ဖြစ်ခဲ့ပါသည်။ ထိုအခါ အစ်ကိုများ၏ဒဏ်ကို အခံခဲ့ရဆုံးသူလည်း ဖြစ်လာပါသည်။

**စိတ်ကူးချိုချို**

www.burmeseclassic.com

အမေ မကြာမကြာ ပြန်ပြောင်းသတိရကာ တသသ ပြောပြတတ်သည်မှာလည်း သူ့အစ်ကိုလတ် ကိုကြီးထွန်း၏အကြောင်းများ ဖြစ်ပါသည်။

ကျွန်မတို့ကား ကိုယ်မမြင်ဖူးလိုက်သော အထက်ဦးကြီး နှစ်ယောက်ကို သံယောဇဉ်မရှိလှပါ။ အမေပြောပြလျှင် ပုံပြင်တစ်ပုဒ်ကို ကြားရသလို ခံစားမှုကင်းစွာ နားစိုက်လိုက်လေ့ ရှိကြပါသည်။

သည်အတွက် ကျွန်မမှာ အခြားမောင်ညီမတွေထက် ပို၍ အပြစ်ရှိကောင်းရှိပါလိမ့်မည်။ အကြောင်းမှာ ကျွန်မသည် သမီးဦးစနေဖြစ်ခဲ့၍ ရှေးထုံးစဉ်လာအတိုင်း သူတစ်ပါးထံ စတိရောင်းခံခဲ့ရာ ဦးကြီးထွန်းက ဆန်တစ်ပြည် ငွေတစ်မတ်နှင့် ကျွန်မတစ်ယောက်ကို ဝယ်ခဲ့သောကြောင့် ဖြစ်သည်။

ဦးကြီးထွန်းကို မွေးစားဖခင်အဖြစ် စတင်သိရစဉ်ကစ၍ ကျွန်မ မမှတ်မိနိုင်တော့သော ဦးကြီးကို သံယောဇဉ် တွယ်ဖြစ်ခဲ့သည်ဟု ထင်ပါသည်။ သို့သော် ဦးကြီးထွန်းအကြောင်း ကြားရသမျှ အကောင်း တစ်ခုမှ မပါပါ။

ငယ်စဉ်က ပညာကို ကောင်းမစွာမသင်၊ ဆိုးပေသည်။ အရွယ်ရောက်တော့ မည်သည့်အလုပ်ကိုမှ ကောင်းစွာ လက်ကြောတင်းအောင် မလုပ်။ ထန်းရည်သောက်၊ ကြက်တိုက်၊ ဖဲရိုက်၊ အစုံလုပ်ရင်း တေပေလေလွင့်နေခဲ့သည်။ အိမ်ထောင်သုံးဆက် ယူခဲ့သည်။ ပြီး အသက်သုံးဆယ့်ခြောက်နှစ် အရွယ်ကောင်းတုန်းမှာ မသေသင့်ဘဲ သေခဲ့ရလေသည်။

ဦးကြီးထွန်းကို လူပေလူတေဟု အများက ပြောသလို သာမန်သိသိထားသည်ထက် ပို၍ နားလည်ခဲ့ရသည်မှာ ကျွန်မ အသက်နှစ်ဆယ်ကျော် အရွယ်လောက်ကျတော့မှ ဖြစ်ပါသည်။

သည်တုန်းက ကျွန်မတို့ မိသားစုသည် အမေ့ဇာတိရွာ ငုမြိုင်သို့ ပထမဆုံးအကြိမ် ရောက်ခဲ့ဖူးကြပါသည်။ အမေငယ်စဉ်က အစ်ကိုသုံးယောက် မောင်တစ်ယောက်နှင့် အတူနေထိုင်ခဲ့သော ကျွန်းအိမ်ကြီးမှာ



www.burmeseclassic.com

အတော်ပင် ဟောင်းအိုနေပါပြီ။

ကျွန်မ ဆယ်နှစ်သမီးအရွယ်က အဘွားကွယ်လွန်ခဲ့၍ ယခုအခါ ဦးလေးငယ်တို့ မိသားစု နေထိုင်လျက် ရှိပါသည်။

ထိုရွာအိမ်တွင် ကျွန်မ အမှတ်ပြုမိသော အရာနှစ်ခု ရှိပါသည်။ တစ်ခုမှာ အိမ်ခေါင်းရင်းထောင့်ရှိ စံပယ်ရုံအိုကြီးဖြစ်၍ ကျန်တစ်ခုမှာ ဘုရားစင်ရှေ့ရှိ ဆွမ်းကပ်ခုံပေါ်မှ ဇာနားတပ် ပိတ်ဖြူစားပွဲခင်းစပင် ဖြစ်ပါသည်။

စပယ်ရုံကြီးမှာ အတော်ကြီးလှပါသည်။ စိမ်းစိမ်းစိုစိုရှိနေမည့် မိုးရာသီမှာမူ မည်မျှအုံကြီးမည်ကို မခန့်မှန်းတတ်ပါ။

ကျွန်မတို့ရောက်သွားသော နွေဦးအချိန်မှာ အရွက်များကျ၍ အရိုးချည်းကျန်နေသည်ကပင် ၅ ပေပတ်လည်ခန့်မျှ ရှိပေလိမ့်မည်။ ဦးလေးငယ်က ပြုပြင်ထိန်းသိမ်းထားပုံ ရသည်။ စံပယ်ရုံကိုမြင်တော့ အမေက အတိတ်ကို ပြန်ပြောင်းတမ်းတနေပါသည်။

"အမေတို့ ကလေးဘဝကတည်းက အစ်ကိုထွန်းစိုက်ခဲ့တဲ့ အပင်ပေါ့၊ သုံးလေးနှစ်တစ်ခါ ပြန်ပြန်ပျိုးထားလို့ ခုလောက်အုံကောင်းနေတာ၊ ဘုရားလေးပွဲလှည့်တဲ့ တပေါင်းဆို ပွင့်လိုက်တာ၊ တစ်ရွာလုံးက အပျိုတွေ ပန်ရတယ်၊ မမခင်နွယ်က အစောဆုံး လာခူးတာပဲ၊ အမေတို့ ဆရာကြီး ဦးရွှေခိုင်ရဲ့ သမီးပေါ့"

ကျွန်မကမူ စားပွဲခင်းစကို ပို၍ မျက်စိကျနေမိပါသည်။ ရှေးက ခေတ်စားခဲ့ဖူးသော တက်တင်းခေါ် တစ်ချောင်းထိုး ဇာပန်းများဖြင့် အနား လိုက်ထားသည်။

ဇာပန်းမှာ အဖူး အရိုးနှင့် အရွက် ရောနေသော နှင်းဆီပန်းပုံဖြစ်၍ အလွန်လက်ရာကောင်းလှသည်။

အနားထောင့်လေးဖက်တွင်လည်း ချည်မျှင်များထုတ်ကာ သူ့အသားပေါ်တွင် သူ့ချည်နှင့်သူ ရက်ဖောက်ဇာပန်းပွင့်များ ဖော်ထားသေးသည်။



www.burmeseclassic.com

စားပွဲခင်းမှာ ဝါကြန့်ကြန့် အရောင်ထွက်၍ အတော်ပင် ဟောင်းရိနေပါသည်။

သည်တုန်းက ကျွန်မသည် ဇာထိုးပန်းထိုးအတတ်ကို အသေအလဲ ဝါသနာပါနေခိုက်ဖြစ်၍ ယင်းစားပွဲခင်းကို အတော်ပင် စိတ်ဝင်စားခဲ့ပါသည်။

"အဲဒါလည်း အစ်ကိုထွန်းလက်ရာပေါ့"

ကျွန်မသည် အံ့အားသင့်နေခဲ့ပါသည်။ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်သူသည် စိတ်လည်းရှည်၊ ဇွဲလည်းရှိရမည့် သည်လို အနုပညာမြောက် အလုပ်မျိုးကို မည်သို့ လုပ်ဖြစ်ခဲ့ပါသနည်း။

သူတို့ပြောပြသလောက်လည်း ဟုတ်မည်မထင်၊ ဒါလောက် လက်ရာကောင်းအောင် ဇာပန်းထိုးတတ်တဲ့ လူဟာ ဘယ်နည်းနဲ့မှ လူညံ့ မဖြစ်နိုင်ဘူးဟုလည်း ဦးကြီးထွန်းကို အထင်ကြီးစ ပြုလာသည်။

"ဦးကြီးထွန်းထိုးခဲ့တဲ့ အခြားလက်ရာတွေကော ရှိသေးလားဟင်"

"ဒီတစ်ထည်ပဲ ကျန်တော့တာ အစ်ကိုထွန်းက သိပ်ပျင်းတာ၊ ခိုင်းတိုင်းလုပ်တာ မဟုတ်ဘူး၊ ဒါတောင် အမေ ပူဆာလွန်းလို့ ထိုးဖြစ်တာ"

"ဆရာကြီး ဦးရွှေခိုင်တို့အိမ်မှာတော့ အစ်ကိုထွန်း လက်ရာကျန်ဦးမှာပေါ့"

ဦးလေးငယ်က ပြုံးပြ၍ ပြောပြန်ပါသည်။

"ဆရာကြီးသမီး မမခင်နွယ်ကိုတော့ အစ်ကိုထွန်းက ခင်တယ်လေ"

"မမခင်နွယ်ကလည်း အပြောကောင်းတယ် မဟုတ်လား၊ အစ်ကိုထွန်း အိမ်လာလည်ပါဦးဆိုပြီး အတင်းခေါ်သွားတာပဲ၊ ထမင်းပွဲအကျပြင်ပြီး အရင်ကျွေးတာ၊ ပြီးတော့မှ အစ်ကိုထွန်းခေါင်းအုံးစွပ် ဇာနားကလေး ထိုးပေးပါဦးဆိုပြီး ခိုင်းတာ၊ အစ်ကိုထွန်းလည်း ခြေကိုချုပ်မိသွားတာပဲ၊ ဆရာကြီး မျက်နှာကလည်းရှိတာကိုး"

အမေပြောပုံမှာ လိုက်လှဲ လိုလားသံတွေ အများကြီး ပါလာသည်ဟု



www.burmeseclassic.com

ထင်ရသည်။

ကျွန်မကမူ ထိုခဏမှာပင် မခင်နွယ် ဆိုသူကို မနှစ်မြို့စိတ်ဝင်ခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် ကိုကြီးထွန်းကိုလည်း စိတ်ကွက်လိုက်ပြန်သည်။ ကိုယ့်အိမ် ကိုယ့်နှမလေးအတွက်တော့ မထိုးဘဲ ထမင်းလေးတစ်နပ်စားရုံနှင့် သူ့ခိုင်းတာ လုပ်ပေးရအောင်သည် မခင်နွယ်ဆိုသူက ဘာမို့လဲ။ အလကား လုပ်အားကို ခေါင်းပုံဖြတ်တာဟု ခပ်စွာစွာတွေးလိုက်မိသည်။

သို့သော် ထို မခင်နွယ်တို့အဖေ ဦးရွှေခိုင်သည် အမေတို့ငယ်ကြောက်ရွာအလယ်တန်းကျောင်းက ကျောင်းအုပ်ကြီး ဖြစ်သည်သာမက လယ်ပိုင်ယာပိုင်နှင့် ဘုရားဒကာ သိမ်ဒကာ တစ်ယောက်လည်းဖြစ်ပါသည်။

မခင်နွယ် ကိုယ်တိုင်မှာလည်း အပြောချို၍ အသားဖြူ လုံးကြီးပေါက်လှမို့ ရုပ်ချောရုံသာမကသေး၊ မြို့ကျောင်းမှာ သွားနေဖူး၍ ဝတ်ပုံစားပုံ အလွန် ခေတ်မီလှသည်ဟု ဆိုပါသည်။

“ရွာက အပျိုတွေဆို မမခင်နွယ် ပြင်ပုံဆင်ပုံကို လိုက်အတုခိုးကြရတာပဲ”

အမေက အားကျသံနှင့်ပြောပြပါသည်။ သူလည်း အတုခိုးခဲ့ပုံရပါသည်။ မခင်နွယ်သည် အမေတို့ခေတ်က “ကြယ်ပွင့်” ဖြစ်ပါလိမ့်မည်။

“တို့ရွာမှာ လုပ်ခဲ့ဖူးသမျှ အလှူမင်္ဂလာဆောင်တွေထဲမှာတော့ မမခင်နွယ်တို့ မင်္ဂလာဆောင်က အကြီးအကျယ်ဆုံးပဲ၊ တန်ရူးလကြီးပေါ့၊ မှတ်မှတ်ရရပါပဲ၊ ရွာတောင် ထန်းတောထဲမှာ အစ်ကိုထွန်း မူးရမ်းနေလို့ အမေကြိမ်လုံးတစ်ချောင်းနဲ့ လိုက်ရိုက်တဲ့ နေ့ပေါ့”

ကျွန်မတို့ အဘွားလည်း အလွန်ထက်ပါသည်။ အသက် ၃၄ မပြည့်ခင် မုဆိုးမဖြစ်ခဲ့၍ သားတွေကို လူပျိုကြီးဖားဖားဖြစ်သည်အထိ ကြိမ်တစ်ချောင်းနှင့် အုပ်ချုပ်ကာ ရန်းကန် ကျွေးမွေးသည်ဟုဆိုပါသည်။



www.burmeseclassic.com

မခင်နွယ်ကား သူ့အစ်ကို ကောလိပ်ကျောင်းသားက အိမ်အလည်ခေါ်လာသော ကောလိပ်ကျောင်းထွက် ဘီ၊ အိုင်၊ အေ စစ်ဗိုလ်ကလေး ဗိုလ်ရန်ကျော်နှင့် ဖူးစာဆုံကာ ဂျပန်ခေတ်ကပင် အိမ်ထောင်ကျသွားခဲ့ပါသည်။ ယခု ဗိုလ်ကြီးကတော် ခင်နွယ်ကျော်ဖြစ်၍ နေပါပြီ။

ကျွန်မသည် မင်္ဂလာပွဲတွင် သတို့သမီး၏ ဆံထုံးပေါ်မှ စံပယ်ပွင့်များသည်ဦးကြီးထွန်း၏ ပွင့်ဦးစံပယ်တွေများ ဖြစ်နေလေမည်လား၊ အိပ်ရာခမ်းနားမှုဖဲခေါင်းစွပ်၏ အနားပန်းများတွင် ဦးကြီးထွန်း၏ လက်ရာများ ပါဝင်လေမည်လားဟု တွေးတောနေမိသည်။

ထို့ပြင် သူ အလွန်ခင်သော မခင်နွယ်၏ မင်္ဂလာပွဲမှာ ဝေယျာဝစ္စ လုပ်ကိုင်ပေးရမည့် အချိန်မျိုးမှာ ဦးကြီးထွန်းသည် အဘယ်ကြောင့် ထန်းတောထဲသို့ ရောက်နေပါသနည်းဟု မေးခွန်းထုတ်ကြည့်နေမိပြန်ပါသည်။

အမေ့ကို ဖွင့်ဟ၍ မေးဖြစ်သောအခါ အမေက "ဟ တောက်တီးတောက်တဲ့"ဟု ထအော်ပါသည်။

"ကြံကြီးစီရာတော်၊ မမခင်နွယ်က ဆရာကြီးသမီး ရွာကွမ်းတောင်ကိုင်ပဲ၊ အစ်ကိုထွန်းက ရွာရိုးကိုးပေါက် လျှောက်ပြီး ကြက်တိုက်နေတဲ့လူ၊ ဘယ်လိုလုပ် ကြိုက်မိကြမှာလဲ၊ ပြီးတော့ အစ်ကိုထွန်းက မိန်းမသုံးယောက်သာယူခဲ့တာ မိန်းမကိစ္စ မရှုပ်တတ်ဘူး"

အမေသည် ကျွန်မကို ဖြစ်မှုကျူးလွန်ထားသည့်ပမာ ကြည့်ခဲ့ပါသည်။ သူ့အစ်ကို ကျွန်မဦးကြီးလိုလူနှင့်မှ မသင်္ကာဖြစ်ရပါမည်လားဟု သူတို့ကြယ်ပွင့်ဘက်က လိုက်၍ နာခဲ့ဟန် တူပါသည်။ အမေ့ကွယ်ရာတွင် ဦးလေးငယ်ကို မေးကြည့်သေးရာ သူလည်း ထိုအချိန်က ကလေးအရွယ်သာဖြစ်၍ သေချာဂန သိပုံမရပါ။

မခင်နွယ်တို့ တစ်အိမ်သားလုံးနှင့် ဦးကြီးထွန်း ကျွမ်းဝင်ခဲ့ပုံကိုသာ အခိုင်အလုံပြောပြနိုင်ပါသည်။ ကျွန်မကား ဦးကြီးထွန်းသည် မခင်နွယ်



www.burmeseclassic.com

သာမက တစ်အိမ်လုံး၏ "ခိုင်းဖတ်"ပင်ဖြစ်ခဲ့လေသလားဟု အဆိုးမြင်ရှုထောင့်မှ တွေးကြည့်လိုက်ပါသေးသည်။

အမေကတော့ သူတို့ မိသားစုသည် ဦးကြီးထွန်း၏ "ကျေးဇူးရှင်"ဟုပင် ဆိုပါသည်။ အကြောင်းမူ ဦးကြီးထွန်းကို ဆရာကြီး၏ ညီတစ်ဦးပိုင်သော ဖျာပုံမြို့မှ ဆန်စက်တစ်ခုတွင် တာလီစာရေးခန့်ခဲ့ဖူးသောကြောင့် ဖြစ်ပါသည်။

"အေးပေါ့ သူ ပထမမိန်းမ အဲဒီတုန်းက တွေ့တာပေါ့"

"အဲဒီတုန်းက ခင်နွယ် ယောက်ျားရပြီလား"

"ရပြီးပြီထင်တယ်၊ ရွာမှာ အစ်ကိုထွန်း ဆိုးလွန်းလို့ အမေက အကူအညီ သွားတောင်းတာနဲ့ ဆရာကြီးက သူ့ညီကို ချက်ချင်းပြောပေးတာပဲ"

အမေက ကျေးဇူးမမေ့သော လေသံနှင့်ပြောနေပါသည်။ ကျွန်မကမူ "မဖွင့်ဟနိုင်သောအချစ်"များထဲတွင် ဂုဏ်နိမ့်သူတို့၏အချစ်လည်း ပါဝင်နိုင်လိမ့်မည်လားဟု ကိုယ့်ဘယ်ကိုယ်ယက်ကာ တွေးတောနေမိသည်။

ကျွန်မတို့မြို့အိမ်သို့ရောက်သောအခါ ကျွန်မသည် အမေ့အတွက် ဦးကြီးထွန်းအလွမ်းပြေအဖြစ် စံပယ်ပင်တစ်ပင် စိုက်ထားလိုက်ပါသည်။

ကျွန်မ တတ်ချင်သော ဇာပန်းထိုးနည်းကိုမူ ယနေ့ထိ မည်သူကမျှ ကျွန်မအား သင်မပေးနိုင်ခဲ့ကြပါချေ။ ကျွန်မသည် ဦးကြီးထွန်းကို များစွာ တမ်းတနေမိပါသည်။

ကျွန်မနည်းတူ ဦးကြီးထွန်းအား တမ်းတတတ်သူ တစ်ယောက်ကို ကျွန်မ အသက် ၁၄ နှစ် ၁၅ နှစ်အရွယ်လောက်တွင် တစ်ကြိမ်တည်းသာ တွေ့ခဲ့ဖူးပါသည်။

တစ်နေ့တွင် အိမ်ခန်း၌ အမေနှင့်အတူ ထိုင်စကားပြောနေသော ဩသည် မိန်းမကြီးတစ်ယောက်ကို ကျွန်မမြင်လိုက်ရပါသည်။ ရုပ်ရည်က သိပ်အချောကြီးမဟုတ်ဘဲ ကြည့်ပျော်ရုံသာ ရှိလိမ့်မည်ဟု ထင်ပါသည်။

www.burmeseclassic.com

အဖိုးတန် အဝတ်အစားများနှင့် တောက်တောက်ပြောင်ပြောင် ရှိလှသည်။ အသက်အရွယ်နှင့်စာလျှင် များစွာ ခေတ်ဆန်နေသည်ဟုလည်း ထင်မိခဲ့ပါသေးသည်။ အမေနှင့်မူ သိဟောင်းကျွမ်းဟောင်းများလို စကားပြော ကြပါသည်။

"အထွန်းတို့ကော နေကောင်းကြရဲ့လား"

အမေမျက်နှာ ကွက်ခနဲ ပျက်သွားသည်ကို မှတ်မိနေပါသေးသည်။ အမေသည် သူစိတ်ကျဉ်းကျပ်လာလျှင် လုပ်မြဲအတိုင်း ခေါင်းကို အောက်သို့ ငုံ့ကာ လက်ချောင်းချင်း ပွတ်တိုက်နေပြီးမှ မပွင့်တပွင့်ပြန်ပြောခဲ့ပါသည်။

"အစ်ကိုကြီး ဆုံးသွားပြီ မမန္တဲ့"

ကျွန်မ သိသမျှ ဦးကြီးထွန်းကို အထွန်းဟု ထိုမိန်းမတစ်ယောက်သာ ခေါ်ခဲ့ဖူးသောကြောင့် များစွာ စိတ်ဝင်စားသွားသည်။ ထိုစဉ်က ဦးကြီးထွန်း ကွယ်လွန်ခဲ့သည်မှာ ၉ နှစ် ၁၀ နှစ်မျှပင် ရှိခဲ့ပါပြီ။

"ဘယ်လိုဖြစ်တာလဲ ညီမလေးရယ်၊ မမန္တဲ့ ဘာမှမသိရပါလား၊ မမန္တဲ့ဆီ ဘာလို့ အကြောင်းမကြားလဲဟင်၊ နေနိုင်ကြပါပေရဲ့"

ထိုမိန်းမ၏ မျက်နှာမှိုင်ကာ အညှိုးကြီးညှိုးကျသွားပုံ၊ အသံတွေ တုန်ယင် ကြေကွဲလာပုံ၊ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပုံတို့ကို နှစ်ကာလ အတန်ကြာသည်အထိ ကျွန်မ မေ့ပျောက်၍ မရနိုင်ခဲ့ပါ။

အခု အသက်အရွယ်မှာပင် ရုပ်ရှင်တွေထဲမှာ မင်းသမီးကြီး ဒေါ်မေန္တဲ့၏ လွမ်းခန်းကို ကြည့်မိတိုင်း မဆီမဆိုင် ထိုမိန်းမ၏ အလွမ်းကို ပြန်လည်မြင်ယောင် နေမိပါသေးသည်။

ထိုမိန်းမသည် အမေက တုံ့ဆိုင်းတုံ့ဆိုင်း ရှင်းပြနေသည်ကို မျက်ရည်တွေကြားမှ ဆုံးသည်အထိ နားထောင်ပါသည်။

ပြီးလျှင် မျက်ရည်ကိုသုတ် နှပ်ညှစ်ကာ သူ့ကိုယ်သူ ထိန်းလိုက်ပါသည်။ အမေ့ကို နှုတ်ဆက်၍ ပြန်ရန်ပြင်သောအခါ အမေက အိမ်ဝအထိ လိုက်ပို့လိုက်ပါသည်။



www.burmeseclassic.com

ခွဲခွာကြခါနီးမှာမူ သူသည် တံခါးဝကို ခေါင်းမှီကာ "အထွန်းရေ အထွန်းရဲ့...အမျှကွယ် အမျှ အမျှ"ဟု အမျှဝေခဲ့ရှာပါသည်။ အမေလည်း မျက်ရည်စတွေနှင့် ကျန်ရစ်ခဲ့ပါသည်။

"အဲဒါ အစ်ကိုထွန်းရဲ့ ပထမ မိန်းမ မန္တ့ရီ ဆိုတာပေါ့၊ အရောင်းအဝယ် ကိစ္စနဲ့ ဖျာပုံကနေ ရန်ကုန်ခဏလာရင်း ဝင်လာတာ"

ဟု အမေက ပြောပြခဲ့ပါသည်။

"ဦးကြီးထွန်း ဆုံးတုန်းက ဒေါ်ကြီးနွဲ့ရီဆီ အမေတို့ ဘာလို့ အကြောင်းမကြားတာလဲ"

ကျွန်မက ခုမှပင် ဇာတ်ကြောင်းပြန်လှန်ကာ အမေ့ကို မေးမိပါသည်။

"ဘာလုပ်တော့မှာလဲ သမီးရယ်၊ ဘဝချင်းခြားကုန်ကြပြီပဲ၊ သူက တစ်မြို့တစ်ရွာမှာ၊ ပြီးတော့လည်း နောက်အိမ်ထောင်နဲ့"

ကျွန်မကမူ မိမိတွင် အိမ်ထောင်သစ်ရှိနေသည့်တိုင် တစ်ချိန်က ကြင်နာခဲ့ဖူးသူအတွက် မျက်ရည်စက်တွေ ချန်ထားနိုင်သေးသော ထိုမိန်းမသည် ထိုချစ်ကြင်သူအား မည်သို့သော အင်အားမျိုးဖြင့် ခွဲခွာနိုင်ခဲ့ပါသနည်းဟု တွေးမိလာပြန်ပါသည်။

"သူတို့ ဘာဖြစ်လို့ ကွဲကြတာလဲအမေ"

အမေသည် မပြောတတ်သလို တွေးနေခဲ့ပြီးမှ မဆိမဆိုင် ဖြေပါသည်။

"သူတို့ ကွဲကြပုံလေးက သိပ်ကောင်းတာပဲ"

"အမေ့နှယ် လင်မယားကွဲတာပဲ ကောင်းတယ်ရှိသေးလား"

"ဟဲ့ တခြားလင်မယားတွေလို ဆဲကြဆိုကြ၊ ရိုက်ကြပုတ်ကြ၊ ရုံးရောက်ဂါတ်ရောက်နဲ့ ကွဲကြပုံမျိုးမှ မဟုတ်ဘဲ၊ အေးအေးဆေးဆေး အချစ်အခင်မပျက် လမ်းခွဲကြတာ။

"ဖျာပုံမှာ သူတို့အကြောင်းပါပြီး မကြာခင်ရွာမှာ အမေတို့နဲ့အတူ ပြန်လာနေကြတယ်၊ အစ်ကိုထွန်းက ခဏလောက် လယ်လုပ်သေးတယ်၊

www.burmeseclassic.com

နောက်တော့လည်း ထုံးစံအတိုင်းထန်းတောထဲ ရောက်ပြန်တာပေါ့။

"မမန္တဲ့တို့က ကုန်သည်မျိုးရိုး ရောင်တတ်ဝယ်တတ်နဲ့ ချက်ချက်ချာချာ ရှိတယ်၊ တို့အမေကဆို သူ့ချွေးမကို သိပ်သဘောကျတာ။

"တစ်နေ့တော့ သူအဝတ်အစားလေးတွေ ထုပ်ပိုးပြီး ကောင်းကောင်းမွန်မွန်ပဲ တို့အမေကို ကန်တော့တယ်၊ ပြီးတော့ တို့ရှေ့မှာပဲ သူ့ယောက်ျားကို ပြောတယ်၊ အထွန်းတဲ့၊ ဖျာပုံကို လိုက်ခဲ့ပါတဲ့၊ ဟိုမှာက ကိုယ့်မြို့ကိုယ့်ရွာမို့ သူလုပ်ကိုင်စားတတ်ပါတယ်တဲ့၊ အထွန်း အလုပ်မလုပ်ချင်နေ၊ သူလုပ်ကျွေးပါ့မယ်တဲ့၊ ဒီမှာတော့ သူ့အနေနဲ့ ရောင်းဝယ်လုပ်ကိုင်လည်း မစားတတ်၊ မုဆိုးမ အမေအိုကြီးရဲ့ လုပ်စာကိုလည်း ကူမစားရက်ဘူးတဲ့"

"ဒါပေမဲ့ ဦးကြီးထွန်းက မလိုက်ဖူး မဟုတ်လား"

"အေးပေါ့၊ ဒါကြောင့် ကွဲတာပေါ့၊ တို့အမေကတော့ ကိုယ့်သားက တာဝန်မကျေလို့ ချွေးမ ပြန်သွားရတဲ့အဖြစ်မျိုး ဘယ်ဖြစ်စေချင်မလဲ၊ တို့နဲ့ပဲ ဆက်နေဖို့ ဇွတ်တားသေးတယ်၊ သူ ဘယ်လိုမှ မနေနိုင်တော့ဘူးတဲ့"

"ဘယ်လိုမှ မနေနိုင်တော့ဘူး"ဟူသော စကားကို ကျွန်မ တွေးကြည့်နေမိပါသည်။ ယောက္ခမ၊ ယောက်မတွေနှင့် ပဋိပက္ခမဖြစ်ဘဲထိုမိန်းမ၏ မာနသည် အဘယ်သို့ ပေါ်ခဲ့ပါသနည်း။ လင့်တစ်မျက်နှာကို အဘယ်ကြောင့် တစ်ရွာမထင်နိုင်ပါသနည်း။ ယောက္ခမလုပ်စာ သူမစားချင်သည့် စိတ်ဓာတ်ကလေးကိုမူ ချီးကျူးမိပါသည်။

"အစ်ကိုထွန်းက မလိုက်တော့ မှာခဲ့တယ်လေ၊ နွဲ့ကတော့ အစ်ကိုထွန်းကို ဖျာပုံကနေစောင့်နေမှာပဲတဲ့၊ ဒါပေမဲ့ အထွန်း နောက်အိမ်ထောင်ပြုချင်လည်း ပြုနိုင်တယ်တဲ့၊ အဲဒီအခါကျရင်သာ နွဲ့ကိုအကြောင်း ကြားပါတဲ့၊ နောက် သူ့မြို့သူ ပြန်သွားတာပဲ"

"ဒါနဲ့ ဦးကြီးထွန်းကလည်း ဒေါ်ကြီးစန်းမေကို ယူလိုက်ရောလား"

ဒေါ်ကြီးစန်းမေသည် ဦးကြီးထွန်း၏ ဒုတိယဇနီး ဖြစ်ပါသည်။ ထိုဇနီးနှင့် သားသမီးနှစ်ယောက်ရခဲ့ပါသည်။



www.burmeseclassic.com

"ချက်ချင်း မဟုတ်ပါဘူး၊ တစ်နှစ်လောက်ကြာမှပါ၊ နောက်ထပ် လေးငါးနှစ်လောက်ကြာမှ မမနွဲ့လည်းနောက်အိမ်ထောင်ပြုတာ၊ မမနွဲ့ အိမ်ထောင်ကျပြီးမှ သူတို့တစ်ခါနှစ်ခါ ပြန်တွေ့ကြသေးတယ်၊ တစ်ယောက် ကလည်း အထွန်းတဲ့၊ တစ်ယောက်ကလည်း အနွဲ့တဲ့၊ အခေါ်အပြော မပျက်ကြဘူး၊ ဒါကြောင့် သူတို့ကွဲပုံကောင်းတယ်လို့ ပြောတာ"

"သူတို့ တစ်ခါမှ ရန်မဖြစ်ကြဘူးလား"

"ဟင့်အင်း မဖြစ်ပါဘူး"

"သေသေချာချာ စဉ်းစားပါဦး အမေရယ်၊ နည်းနည်းပါးပါး ကလေးတောင် စကားမများကြဘူးလား"

"ဩော်...ဒီကောင်မကလေး ခက်တော့တာပဲ၊ ဘာကြောင့် ဒီလောက် စပ်စုနေရတာလဲ"

"မဟုတ်ပါဘူး အမေရာ၊ ဦးကြီးထွန်း လူဆိုးလို့ ပြောကြတာကို မခံချင်လို့ပါ"

"အမလေး မခံချင်မရှိပါနဲ့၊ ကျုပ်ရဲ့ အစ်ကိုတွေအကြောင်း ကျုပ် အသိဆုံး၊ ကျုပ်ယောက်မတွေများ ကံဆိုးလွန်းလို့ ဒီလိုယောကျ်ားတွေနဲ့ ရကြတာ"

အမေသည် သူ့ယောက်မ ခြောက်ယောက်လုံးနှင့် တည့်အောင် ပေါင်းနိုင်ခဲ့သူ ဖြစ်ပါသည်။

"အစ်ကိုထွန်းကတော့ အဆိုးဆုံးပေါ့၊ တစ်ခါတလေ မမူးဘဲနဲ့တောင် ဆိုးချင်တာ၊ မမနွဲ့က အင်မတန် သည်းခံရှာပါတယ်၊ တစ်ခါကပေါ့ မမနွဲ့က ဖျားနေတယ်၊ နေမကောင်းတုန်းဆိုတော့ ယောကျ်ားက အနားမှာ နေပြီး ဆေးတွေဘာတွေ ကိုယ်တိုင်လိုက်တာကို ခံချင်မှာပေါ့၊ ညည်း ဦးကြီးထွန်းက တစ်နေ့လုံး ရွာထဲလျှောက်နေတာပဲ၊ ညမိုးကြီးချုပ်မှ အိမ်ပြန်လာတော့ မယားကို ဘယ့်နှယ်နေသေးလဲလို့ အရင်မေးဖော်မရဘူး၊ စံပယ်ပင်ကိုတော့ ရေသွားလောင်းနေသတဲ့၊ ငါ့ကို သူ့စံပယ်ပင်လောက်



www.burmeseclassic.com

တောင် မတွယ်တာပါဘူးလို့ မမန္တဲ့က မျက်ရည်စမ်းစမ်းနဲ့ ပြောတယ်၊ ဒီလောက်ပါပဲအေ၊ ရန်တော့မဖြစ်ပါဘူး”

ဦးကြီးထွန်း၏ ဇာတ်သိမ်းခန်းမှာ ကြေကွဲဖွယ်ပင် ဖြစ်ပါသည်။

ဒုတိယဇနီး တစ်ရွာတည်းသူ ဒေါ်ကြီးစန်းမေနှင့် ကလေးနှစ်ယောက် ရပြီး ကွဲကြပြန်ပါသည်။ ဒေါ်ကြီးစန်းမေသည်လည်း ပျိုးနုတ် ကောက်စိုက် စသော အလုပ်ကို အလွန်ကျွမ်းကျင်လှသူ ဖြစ်ပါသည်။

လယ်သူမျိုးရိုး ဆွေမျိုးအင်အားလည်း တောင့်သူဖြစ်ရာ သူတို့ လင်မယား၏ ပဋိပက္ခတွင် နှစ်ဖက်ဆွေမျိုးစု၏ တွန်းအားများလည်း ပါခဲ့လေသည်လား မသိပါ။ ပါခဲ့သည်ဆိုတောင်မှ ဒေါ်ကြီးစန်းမေတို့ဘက်က မလွန်ဟု ကျွန်မကပါ ယူဆလာနိုင်ပြီ ဖြစ်ပါသည်။

ဒေါ်ကြီးစန်းမေသည် ဦးကြီးထွန်း ဆုံးပြီးနောက် ၇ နှစ် ၈ နှစ် အကြာ သူကွယ်လွန်သည်အထိ အမေတို့မိသားစုနှင့် နီးနီးကပ်ကပ် ရှိခဲ့ပါသည်။ ကျွန်မ၏ ဝမ်းကွဲအစ်ကိုနှစ်ယောက်ကမူ သူတို့အဖေ ကျွန်မဦးကြီးအကြောင်းကို ယနေ့တိုင် ပြန်လည် ပြောပြတတ်ခြင်း မရှိတော့ပါ။

ဒေါ်ကြီးစန်းမေနှင့်ကွဲပြီး ဦးကြီးထွန်းသည် ရွာမှထွက်ခဲ့ပြန်ကာ ကမာရွတ် ကွမ်းခြံတွင် ခြံစိုက်နေရင်း မလှသီဆိုသူနှင့် တတိယအိမ်ထောင် ထူပြန်ပါသည်။

ထိုတတိယဇနီးကို အမေပင် သိပ်တွေ့ဆုံဖူးခဲ့ဟန်မတူပါ။ ရိုးရိုး အေးအေး ထုံထုံအအ ဆင်းရဲနွမ်းပါးသူ တစ်ယောက်ဖြစ်ကြောင်း သာမန်မျှ လောက်သာ အမေက ပြန်ပြောပြနိုင်ပါသည်။

မလှသီသည် ဦးကြီးထွန်းနှင့် သားသမီးမကျန်ရစ်ဘဲ မရှေးမနှောင်း မှာပင် ကွယ်လွန်ခဲ့သည်ဟု ဆိုပါသည်။

“အစ်ကိုထွန်းမှာ ကောင်းတာတစ်ခုက တို့အမေက ဘယ်လောက်ပဲ ဆူဆူဆဲဆဲ ရိုက်ရိုက် ဘာတစ်ခွန်းမှ ပြန်မပြောဘူး ငုံ့ခံနေတာပဲ၊



www.burmeseclassic.com

နောက်တော့လည်း သူလုပ်ချင်ရာ လုပ်တာပဲ၊ အလုပ်တော့ မရွေးဘူး၊ ကျရာလုပ်တယ်၊ စွဲစွဲမြဲမြဲ မလုပ်တာတစ်ခုပဲ၊ မရှိလည်း ဗိုက်မှောက်နေတယ်၊ သူများဆီက အချေးအငှား အတောင်းအရမ်း မလုပ်တတ်ဘူး၊ အမေ့ဆီကတောင် သူတစ်ခါပဲ တောင်းဖူးတယ်၊ တစ်ခါတည်းပါပဲ”

အမေ့မျက်လုံးအိမ်တွင် မျက်ရည်တွေ လည်လာပါသည်။

“အဲဒီတုန်းက မလှသိန်းနဲ့ ကွမ်းခြံမှာနေကြတယ်၊ သီတင်းကျွတ်ခါနီးပေါ့၊ ညီမကလေး အစ်ကို့ကို ငွေတစ်ဆယ်လောက် ပေးပါတဲ့၊ သီတင်းကျွတ်မှာ မီးပုံးချိုးပြီး ရောင်းမလို့တဲ့၊ ဝါးနဲ့ စက္ကူဝယ်ဖို့ဆိုလား၊ နောက်မကြာခင်ဘဲ မြေပေါက်ရင်း ခြေထောက်မှာ နည်းနည်းခိုက်မိသွားတယ်၊ အနာက သေးသေးပါ၊ ကျက်တောင်သွားပြီ၊ သုံးလေးလလောက်ကြာမှ တို့မြန်မာလို ငန်းမန်းလိုက်တယ်ခေါ်မှာပေါ့”

မေးခိုင်ပိုးဝင်သွားခြင်းပင် ဖြစ်ပါလိမ့်မည်။

“အမေတို့ မကုကြဘူးလား”

“နေမလား သမီးရယ်၊ ညည်းအဖေကဆို တို့ကြည့်မြင်တိုင်မှာ အဲဒီအချိန်တုန်းက နာမည်အကြီးဆုံး ဆရာဝန်ကြီး ဦးဖေကို ပင့်တာပေါ့၊ နှစ်ပတ်လောက်ပဲ ခံလိုက်ပါတယ်၊ သူ့မိန်းမ မလှသိန်းနဲ့ ညည်းအဘွားလက်ပေါ်မှာပဲဆုံးတယ်”

မိခင်လက်ပေါ်မှာ သေဆုံးခွင့်ရသည့်အတွက် နောက်ဆုံးအကြိမ်အဖြစ် ဦးကြီး ကံကောင်းခဲ့ပါသည်။

သို့သော် ကျွန်မတို့ ဆွေမျိုးများကမူ “ထွန်းမောင်တို့များ သေတဲ့အထိ အဘွားကြီးကို ဒုက္ခပေးခဲ့တာ”ဟု ယနေ့တိုင် ပြောဆိုနေကြဆဲပင်ဖြစ်ပါသည်။

ဦးကြီးထွန်း အလွမ်းပြေအဖြစ် ကျွန်မစိုက်ထားခဲ့သော အိမ်ရှေ့မှ စံပယ်ရုံမှာလည်း တဖြည်းဖြည်း အုံကောင်းလာပါပြီ။ တပေါင်းလရောက်ပြီဆိုလျှင် စတင်ဖူးပွင့်တတ်ပါသည်။



www.burmeseclassic.com

ယခုနှစ်တွင် အပွင့်တစ်ထောင်ကျော်မျှပင် ရရာ ဆယ်ပွင့်တစ်ကုံး သီကုံးပြီး ရှေ့အိမ်နောက်အိမ်များသို့ပင် ဝေငှရပါသည်။

ညစဉ်ပင် လရောင်အောက်၌ မွှေးထုံပွင့်အာစ ပြုလာသော စံပယ်ပွင့်ဖြူများကို ခူးဆွတ်ရင်း ကျွန်မသည် တစ်သက်တွင် တစ်ကြိမ်သော မြင်လိုက်ဖူး၍ ယခုအချိန်မှာ သေသည်ရှင်သည်ပင် မသိရတော့သော ကျွန်မ၏ ဒေါ်ကြီးဟောင်း ဒေါ်နွဲ့ရီကို များစွာ သတိရနေမိပါသည်။

သူ၏ အလွမ်းနှင့် အမျှဝေခန်းကိုကား ယနေ့တိုင် ပြန်လည် မြင်ယောင်နေမိဆဲ ဖြစ်ပါသည်။

ဒေါ်ကြီးနွဲ့ရီ ရှိနေသေးသည်ဆိုပါလျှင် ခုချိန်တွင် အသက်ခြောက်ဆယ်ကျော်ပေရော့မည်။

ကျွန်မသည် ကျွန်မ၏ စံပယ်ရုံမှ တစ်ကုံးစာမျှသော စံပယ်ပွင့်ဖြူတို့ကိုခူးဆွတ်ကာ ဒေါ်ကြီး၏ ဆွတ်ဆွတ်ဖြူနေတော့မည်ဖြစ်သော ဆံပင်များပေါ်တွင် တစ်ကြိမ်တစ်ခါမျှ ဖြစ်စေကိုယ်တိုင်ကိုယ်ကျ ပန်ဆင်ပေးချင်ပါသေးသည်။

[မိသားစုဝိုင်း မဂ္ဂဇင်း၊ ၁၉၇၈]

www.burmeseclassic.com

www.burmeseclassic.com

# သုံးပွင့်တစ်ခိုင်

အငယ်လေးငါးနှစ်သားလောက်မှာ အမေ နောက်မိန်းမယူကာ ဖာတိရွာကို စွန့်ခွာသွားသည်ဟုဆိုကြသည်။ ထိုအချိန်မှာ အစ်မက ၁၂ နှစ်သမီး၊ အကြီးလေးက ရှစ်နှစ်သားအရွယ် ရှိနေကြပြီ။ သိတတ်သောအရွယ်လည်း ဖြစ် အဖေနှင့် လက်ပွန်းတတီး အကြာရှည်ဆုံး နေခဲ့ရသူလည်းဖြစ်သော ကြောင့် အစ်မတစ်ယောက်သာ အဖေနှင့်ပတ်သက်၍ မျက်ရည်ကျဖော်ရ၏။ အကြီးလေးကတော့ ထိုစဉ်ကပင် အလတ်ပိပိ အိမ်ပြင်သို့ လွင့်ထွက်နေကာ အိမ်တွင်းရေးကို သိပ်စိတ်ဝင်စားပုံမပြ။

အငယ်လေးအဖို့ မူ အကြောင်းစုံကို နားမလည်နိုင်ဘဲ အိမ်အတွင်း ခန်းမှာသာ လဲလျောင်းနေတတ်သော အမေ့နားကပ်ကာ မေးမိတတ်သည်။ "အဖေကောဟင်အမေ၊ ပြန်မလာတော့ဘူးလား" ထိုအခါမျိုးတွင် အမေ သည် အငယ်လေးကို သိမ်းယူပွေ့ဖက်ထားလျက် စကားတစ်လုံးမျှ ပြန်မပြော၊ မျက်ရည်လည်း တစ်စက်မကျ။ မျက်လုံးသေကြီးနှင့် အဝေးကို ငေးမောကာ နေတတ်သည်။

အငယ်လေးလည်း အမေ့အမူအရာကို ထိတ်လန့်လာကာ တစ်ခါ နှစ်ခါအပြင် ပို၍မမေးရဲခဲ့။ တကယ်တော့ တသသ မေးယူရလောက်အောင် လည်း အဖေ့ကို မခင်တွယ်ခဲ့တာ အမှန်ပင်။ အဖေ့ကို အမှတ်မရနိုင်ဆုံး



www.burmeseclassic.com

အချိန်တွေကိုပင် မနည်းပြန်တွေးယူရသည်။ အဖေသည် အငယ်လေးတို့နှင့် အတူနေစဉ်ကပင် အိမ်ကပ်သည်ရယ်လို့ မရှိလှ။ အရပ်ပွဲတွေမှာ အပျော်တမ်းလိုက်ကရသည့် အလုပ်ကလွဲလျှင် အဖေ စွဲစွဲမြဲမြဲ လုပ်ခဲ့သည့် အလုပ်ဟူ၍ မရှိ။

အမေကတော့ သည်အတွက်ငြူစူသည် မရှိခဲ့ပေ။ အလှူပွဲတို့ အရပ်ပြဇာတ်တို့မှာ အဖေကလျှင်လည်းကောင်း၊ ဘုန်းကြီးပျံပွဲတွေမှာ မင်းဝတ်မင်းစား တောက်တောက်ပပနှင့် အဖေဇယင်ကျူးသည့် အခါများမှာ လည်းကောင်း၊ အမေသည် သနပ်ခါး အဖွေးသားလိမ်း သားသမီးတို့ကို ခေါ်ကာ ပွဲခင်းရှေ့ဆုံးမှ တပြုံးပြုံးကြည့်တတ်သည်။

သာမန်အချိန်များမှာမူ အမေ့တွင် အလုပ်နှင့်လက် မပြတ်ရရှာပေ။ အမေသည် ခနိပျစ်လည်းတော်၏။ ကောက်စိုက်လည်း ကျွမ်းကျင်၏။ သင်္ကန်းချုပ်အလုပ်၊ ယပ်တောင် လက်ဝါးကပ်အလုပ်တို့ကိုလည်း ရာသီ အလိုက် အမေလုပ်ဖူးသည်ပင်။ အခြားဘာအလုပ်မှ လုပ်စရာမရှိလျှင် ရွာနှင့်ခြောက်မိုင်ခန့်ဝေးသော လှိုင်မြစ်ကမ်းပါးပေါ်ရှိ ခြောက်နံပါတ် ဆန်စက်ထဲမှာ စပါးသယ်ရ၏။ ဆင်းရဲပင်ပန်းစွာ အမေ အလုပ်လုပ်ခဲ့ သည်မှာ အစ်မ အိမ်ထောင်ကျသွားသည် အထိပင် ဖြစ်၏။

အဖေက ပစ်သွားတော့လည်း ရှိရင်းစွဲမာနနှင့်ပင် ဆွေမျိုးတွေထံမှ အကူအညီမယူဘဲ နေမြဲနေခဲ့သည်။ အစ်မတစ်ယောက်မှာမူ မူလတန်း အောင်ရုံနှင့် ကျောင်းထွက်ရကာ အမေနှင့်အတူ အလုပ်လုပ်ရရှာလေသည်၊ အမေသည် သားငယ်နှစ်ယောက်ကိုကား ကောက်သင်းကောက်၊ ကျွဲကျောင်း နွားကျောင်း အလုပ်လောက်ကိုပင် မခိုင်းရက်ဘဲ ကျောင်းဆက်ထားခဲ့၏။

ဆွေမျိုးများကို အန်တုရာတွင် အမေသည် သားများ၏ ပညာရေးကို အားထားခဲ့ပုံရ၏။ တောနေ တောစားဖြစ်ပေမဲ့လည်း အမေ့ အတွေးသည် မြို့ဆန်ခဲ့၏။ ထိုအခါ ဆွေမျိုးများက အမေ့ကို ပို၍ မြင်ပြင်းကတ်ကြတော့—

"မင်းသားယူချင်တဲ့မိန်းမ ဘဝင်ကတော့ ကျကိုမကျဘူးတော့"ဟု

www.burmeseclassic.com

ထောမနာပြုကြသည်။

အဖေနှင့် ယူကတည်းက အမေ့မှာ ဆွေပစ်မျိုးပစ် ခံခဲ့ရသည်။ အမေ့အစ်မ အပျိုကြီးများကဆို မိမိတို့ ညီမထွေးကို အဖေနှင့် မယူဖြစ်အောင် လေ့ကားဦးမှာ ဘီလူးမစောင့်ရုံတစ်မည် ချုပ်ချယ်ခဲ့ကြသေးသည်တဲ့။

သို့သော် ထက်မြက်သော အမေသည် အချုပ်အချယ်တွေ ကြားကပင် လိုက်ပါရစေ ရွှေနွယ်ရိုးရယ်၊ မိန်းမကခိုးသည့်ဇာတ်လမ်းကို ကလိုက်နိုင်ခဲ့လေသည်။ အချစ်အတွက် အသက်စွန့်ဝံ့သော အမေ့သတ္တိကို အငယ်လေးအားကျမိပါ၏။

အစ်မသည် အဖေနှင့်ချွတ်စွပ်တူကာ မောင်နှမသုံးယောက်တွင် အချောဆုံးဟု ဆိုကြသည်။ သို့သော် အကြီးဆုံးကလေးပီပီ မိဘ၏ ဆိုးမွေကောင်းမွေတို့ကို အခံရဆုံးသူ ဖြစ်ခဲ့ပေသည်။ ဆင်းရဲပင်ပန်းခြင်း၊ ညှိုးငယ်နွမ်းပါးခြင်းတို့နှင့်သာ နပန်းလုံးရင်း အရွယ်ရောက် ကြီးပြင်းခဲ့ရပြီးနောက် အသက်နှစ်ဆယ်မပြည့်မီပင် အိမ်ထောင်ကျ၏။

ထိုအခါမှာပင် “မိုးစိန်တို့ကတော့ မင်းကုသမုရွေးယူသအေ့”ဟု အရပ်က ပြောကြသေးသော်လည်း အစ်မကား မဖြုံလှပေ။ “ဒါကတော့ ဖူးစာကိုးရှင့်”ဟု အစ်မသည် ဣန္ဒြေတစ်ချက်မပျက်ဘဲ ပြန်ပြောနိုင်စွမ်း ရှိခဲ့၏။

တကယ်တော့ အစ်မယောကျ်ား ကိုဖေမောင်သည် အစ်မထက် ၁၀ နှစ်ခန့်ကြီးပြီး အရုပ်ဆိုးသည်ကလွဲလျှင် အခြားဆိုစရာ မရှိပါပေ။ ဆိုစရာရှိသည်ကား အစ်မ အိမ်ထောင်ကျသွားမှ အမေလည်း အိမ်ဦးခန်းမှာ အငြိမ်းစားရတော့ခြင်းပင်တည်း။

အငယ်လေးတို့ ညီအစ်ကိုလည်း မြို့ကျောင်းသို့ရောက်တော့သည်။ သူတို့၏ တဲကုပ်ကလေးသည်လည်း သပ်ရပ်သော သွပ်မိုးပျဉ်ထောင်ကလေး ဖြစ်လာသည်။ သို့သော် အငယ်ကလေးသည် အရုပ်ဆိုးသော ယောက်ဖ ကိုသာရခဲ့၍ ကလေးစိတ်နှင့်အစ်မကို မကျေနပ်။ လူကြီးစုံရာနှင့် လူတောင်း

www.burmeseclassic.com

သော ကိုဖေမောင်ကို အစ်မ ခေါင်းညိတ်ခဲ့လိမ့်မည်ဟုလည်း မထင်ပေ။

အစ်မကို ပိုးပန်းသူတို့ထဲတွင် ကိုထွန်းခိုင်ကြီးလည်းပါ၏။ ရင်အုပ်မကျွာအမြဲရှိသော အမေကြောင့် ခရီးမရောက်လှသေးသော်လည်း ရွာအလှူပွဲတွေမှာဆုံကြလျှင် ကိုထွန်းခိုင်ကြီး၏ မျက်လုံးများက အစ်မထံ မှာသာရစ်ဝဲခဲ့မြဲပင်။ အစ်မအနီးသို့လာကာ စကားပြောရဲသည်အထိ သတ္တိရှိလှသည်လည်းမဟုတ်။

အစ်မကလည်း ဘယ်လိုမှန်းမသိ။ ကိုထွန်းခိုင်ကြီးနှင့် တွေ့လျှင်မျက်နှာနီမြန်းလာကာ မျက်လွှာချထားမြဲ၊ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ခပ်လှမ်းလှမ်းက ခိုးကြည့်ကြရင်း အများတကာ သိသွားမှာစိုးသလို မလုံမလဲ ဖြစ်နေတတ်ကြပြန်လေသည်။

အငယ်လေးတို့ ကလေးတစ်သိုက် ဆော့ကစားရင်း သူ့ယာနားရောက်သွားလျှင်တော့ ကိုထွန်းခိုင်ကြီးသည် ယာထဲမှ အူယားဖားယားပြေးထွက်လာကာ အငယ်လေးကို သူ့ ယာထွက် သီးနှံတွေ တစ်ထမ်းတစ်ပိုးကြီး ပေးလိုက်တတ်လေ့ရှိ၏။ ပြီးလျှင် ပြုံးစိစိ မျက်နှာထားနှင့်

"မင်းတို့အိမ်သားတွေကို ငါ သတိရပါတယ်လို့ ပြောလိုက်နော်"ဟု ယောင်ဝါးဝါးမှာတတ်ပြန်သည်။

သို့နှင့်ပင် အစ်မ မင်္ဂလာဆောင်တော့ ကိုထွန်းခိုင်ကြီးလည်း ရွာမှ ခဏပျောက်ကွယ်သွားသေး၏။ ခုတော့လည်း သူ့ယာသို့ ပြန်ရောက်နေကာ ပိုနေမြဲ ကျားနေမြဲပင်။ သူ့ယာနားသို့ အငယ်လေးတို့ ရောက်သွားလျှင်သာ အရင်လို သူထွက်လာခြင်းမရှိတော့။

ကြာလာသောအခါ အငယ်လေးသည် လိုက်လျောတတ်လွန်းသော ရွှေယောက်ဖကြီး အရပ်ဆိုးသည်ကို တဖြည်းဖြည်းမေ့သွားလေသည်။ ဉာဏ်ကောင်းသော သူတို့ညီအစ်ကိုသည်လည်း တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့၏။ "ကောလိပ်ရောက်အောင် ကြိုးစားကွ"ဟု ယောက်ဖကြီးက အားပေးပေသည်။



www.burmeseclassic.com

အစ်မတွင်လည်း ရွှေတွဲလွဲ ငွေတွဲလွဲ။ ကလေးတွေကလည်း နှစ်နှစ်တစ်ယောက်လောက် မှန်မှန်မွေးပြီ။ အစ်မဘဝတွင် ကိုထွန်းခိုင်သည် အရိပ်မျှလောက်ပင် ထင်ကျန်ရစ်ပုံ မရတော့။

အခုတော့ အငယ်လေးသည် အစ်မကို ပြတ်သားသူအဖြစ် ထင်မြင်ကာ ကျေးဇူးတင်လေသည်။

အကြီးလေး တစ်ယောက်ကတော့ မောင်နှမတွေထဲမှာ တစ်မူထူးခြားခဲ့သည်ပင်။ ငယ်စဉ်ကလေးဘဝကမူ အတော်ပင် ပေပေတေတေနိုင်ခဲ့ဖူး၏။ လေးခွတစ်ချောင်းနှင့် ရွာရိုးလှည့်ရသည့်အလုပ်၊ သစ်ပင်တက်၊ ဖားရိုက်၊ ငါးနှိုက် အလုပ်များတွင်သာ သူမွေ့လျော်ခဲ့၏။ ဘာမှလုပ်စရာမရှိလျှင် အိမ်နောက်ဖေးချောင်းထဲ ရေဆင်းကူးနေတတ်လေသည်။ အမေက ရိုက်နှက်ဆုံးမသော်လည်း ခဏသာငြိမ်၏။

သို့သော် အစ်မ အိမ်ထောင်ကျသွားသည့်နှစ်မှာ အကြီးလေးသည် တစ်မုဟုတ်ချင်း ပြောင်းလဲသွားခဲ့လေသည်။ ပြောင်းလဲပုံ မြန်ဆန်လွန်းသဖြင့် အံ့သြစရာကောင်းခဲ့၏။

အိမ်မြဲကာ စာကြိုးစားလာသည်။ မျက်နှာထားတည်ပြီး စကားလည်းနည်းလာ၏။ အငယ်လေးကိုပင် သူက အစ်ကိုကြီးပီပီ ဆုံးမတတ်လာသည်။ အမေကတော့ လူစိမ်းဖြစ်သော သမက်ကြောင့်ပဲဟု ထင်လေသည်။

သို့နှင့်ပင် အကြီးလေးဆယ်တန်းကို တစ်နှစ်တည်းနှင့် အောင်တော့ အစ်မနှင့်ယောက်ဖက တက္ကသိုလ်ပို့ဖို့ စီစဉ်နေသည့်ကြားကပင် ဇွတ်ငြင်းကာ အလယ်တန်းဆရာဖြစ်သင်တန်းသို့ သွားတက်လေသည်။

သင်တန်းဆင်းသောအခါတွင်လည်း မြို့ပေါ်မှာပင် အလုပ်ဝင်၍ လုပ်သားကောလိပ်ဆက်တက်ရင်း သူ့ဘဝကို သူ့ဘာသာထူထောင်တော့သည်။ အခုတော့ အကြီးလေးသည် ဘွဲ့နှစ်ခုရပြီးပြီ။ တနင်္သာရီတိုင်း ထားဝယ်မြို့နားက သရက်ချောင်းမြို့ကလေးမှာ အထက်တန်းပြဆရာ ဖြစ်နေပြီ။ မိန်းမတော့ မရသေး။ တော်တော်နှင့်ယူဦးမည့်ပုံလည်း

www.burmeseclassic.com

မပေါ်သေး။

အငယ်လေး ဆယ်တန်း(ခ)အောင်တော့ ဂျီတီအိုင်ကျောင်းကိုတက်ဖို့ အကြီးလေးက စီစဉ်လေသည်။ အငယ်လေးသည် ထိုကိစ္စအတွက် အကြီးလေးကို နည်းနည်းမှမကျေနပ်။ တစ်နှစ်တည်းနဲ့(ခ)ပါတာ ငါမညံ့ပါဘူး။ နောက်နှစ် ဆက်ဖြေရရင် အောင်မှာပဲဟု တွက်၏။ တက္ကသိုလ်ကျောင်းသားဘဝကိုသာ သူမျှော်မှန်းသည်။ အလုပ်လုပ်ဖို့ မလိုသေးဟုလည်း ထင်သည်။

သို့သော် ထိုအချိန်မှာ အကြီးလေးသည် သူတို့မိသားစုတွင် တစ်ဦးတည်းသော ခေတ်ပညာတတ် ဖြစ်နေပြီ။ အမေကအစ သားကြီးစကားကို နားဝင်တတ်နေပြီ။ သို့နှင့်ပင် သင်တန်းဝင်ခွင့် စာမေးပွဲကိုဖြေရန် မြို့သို့အသွား လမ်းမှာ ညီအစ်ကိုချင်း ကတောက်ကဆ ဖြစ်ကြရသေးသည်။

"ငါ့ကို မင်း မကျေနပ်ဘူး မဟုတ်လား၊ အေး တစ်နေ့တော့ ငါ့စေတနာကို မင်းနားလည်လာမှာပဲ၊ ဒီမှာ ညီလေး ယောကျ်ားဆိုတာ မာနရှိရတယ်ကွ၊ ကိုယ့်ဘာသာ မရပ်နိုင်ခင်အထိသာ သူများကို မှီခိုသင့်တယ်၊ ယောက်ဖက ကျွေးထားနိုင်တိုင်း ထိုင်မစားချင်ပါနဲ့ကွာ"

အငယ်လေးသည် ဒေါသလည်းထွက် ရှက်လည်း ရှက်ခဲ့ရ၏။

"အစ်မ အိမ်ထောင်ကျတော့ ငါရှစ်တန်းရောက်ပြီ၊ အဲဒီနှစ်ပေါ့၊ မှတ်မှတ်ရရပါပဲကွာ၊ တစ်နေ့ ငါလည်ရင်းပတ်ရင်း ရွာထဲက မိန်းမတွေ အတင်းစုပြောတဲ့နေရာနား ရောက်သွားတယ်၊ မင်း ကိုယ့်ကွယ်ရာမှာ ကိုယ့်မိသားစုအကြောင်း ပယ်ပယ်နယ်နယ်ပြောနေတာကို နားနဲ့ဆတ်ဆတ်ကြားဖူးသလား၊ အေး...မကြားဖူးရင်တော့ ကံကောင်းတာပဲ၊ အင်မတန်ခံပြင်းနာကြည်းစရာကောင်းတဲ့ ခံစားချက်မျိုးပါပဲကွာ၊ ငါလေ တစ်ခါတည်း အဖေ့ကို မုန်းသွားတယ်၊ အမေ့ကိုလည်း မကျေနပ်ဘူး၊ အစ်မကိုတော့ သနားသလိုပဲ၊ အဲဒီနေ့ကစပြီး ကိုယ့်ကြောင့် သူများဝန်မတက်စေရဘူးလို့



www.burmeseclassic.com

ဆုံးဖြတ်ခဲ့တာ၊ အဖေတူသားလို့လည်း အပြောမခံချင်ဘူးကွာ၊ မင်း ငါပြောတာ နားလည်ရဲ့လား"

အကြီးလေးသည် သူ့ရင်ထဲက စကားတွေကို သည်တစ်ကြိမ်သာ ထုတ်ပြောခဲ့ဖူး၏။ အငယ်လေးကတော့ အစ်ကို့စကားတွေကို ကောင်းစွာ နားမလည်နိုင်ပေမဲ့ အင်းစိန် ဂျိတ်အိုင်ကျောင်းသို့မူတက်ဖြစ်သွားလေသည်။

ယခုမူ အငယ်လေးပင် ကျောင်းဆင်းခဲ့ပေပြီ။ ဘွဲ့ရ အလုပ်လက်မဲ့ တွေကြားမှာ အနည်းငယ်ပို၍ ရေရာသော ထမင်းစားလက်မှတ်ကိုရခဲ့သည့် အတွက်လည်း အကြီးလေးကို သူကျေးဇူးတင်ရပေဦးမည်။

ဥမမည်စာမမြောက်အရွယ်က သူတို့ကို ပစ်ထွက်သွားခဲ့သော အဖေသည် သူတို့အရွယ်ရောက် အခြေကျတော့မှ ပြန်ရောက်လာလိမ့်မည်ဟု အငယ်လေး မမျှော်လင့်ခဲ့ပေ။ အဖေသည် သူတို့ထံမှ ထွက်ခွာသွား ကတည်းက တစ်ခါမျှ အဆက်အသွယ်မလုပ်တော့။ ဒုတိယအိမ်ထောင်၏ ဇာတိဖြစ်သော မြစ်ဝကျွန်းပေါ် မြို့ကလေးတစ်မြို့မှာ အနှစ်နှစ်ဆယ်နီးပါး ဇာတ်မြုပ်နေခဲ့၏။

ထိုအိမ်ထောင်မှာလည်းကွယ်လွန်ခဲ့ပြီ။ သားသမီးများလည်း မကျန်ခဲ့။ စီးပွားလည်း မဖြစ်ခဲ့။ ကျွမ်းနေပြီဖြစ်သော ရောဂါဝေဒနာတစ်ခု သာ အဖေနှင့်အတူပြန်ပါလာခဲ့လေသည်။ အခုတော့ အဖေသည် ရွာမြောက်ပိုင်းက နှမဝမ်းကွဲတစ်ယောက်၏ အိမ်မှာ ဆင်းရဲငြိုငြင်စွာ ရှိနေသည်။ သူတို့မောင်နှမကိုလည်း အထူးတွေ့လိုလှပါသည်။

ထိုသတင်းကို အစ်မက ဦးစွာ ယူဆောင်လာသောအခါ အမေသည် ဘုံဆောင့်လေတော့သည်။ ဓားကြိမ်းလည်း ကြိမ်း၏။

"သွားရဲသွားကြည့်၊ နင်တို့ကို သတ်ပြီးမှ ငါ့ကိုယ်ငါ သတ်မယ်၊ ဟောဒီမှာ ကြည့်စမ်း"

အမေသည် ဆံပင်ကို ဖြေချလိုက်ပြီး သူ့ခေါင်းကို ငုံ့ပြလိုက်သည်။ အမေ့ငယ်ထိပ်တည့်တည့်တွင် ဂုံညင်းဝိုင်းခန့် ဆံပင်များ ကွက်ကျွတ်ကာ



www.burmeseclassic.com

ပြောင်နေသည်။ အမေ့မျက်နှာတွင်လည်း နာကြည်းဆွေးမြည့်ရိပ်တွေ ပြည့်နေ၏။

"ထိပ်ပြောင်အောင် စပါးတောင်းရွက်ပြီး ရှာကျွေးလာခဲ့တာ၊ ငါပဲဖအေ၊ ငါပဲမအေ၊ အခုမှ အလွှမ်းမသယ်ချင်ကြနဲ့"

အမေ့ကို ဘယ်သူမှ မတော်လှန်ရဲသောကြောင့် အစောပိုင်းရက်များက အဖေ့ထံသို့ မရောက်ကြရပေ။ သည်လိုနှင့် အဖေ၏နောက်ဆုံးရက်များနီးကပ်လာသောအခါ အရပ်ကပါ မနေနိုင်ဘဲ အမေ့ကို တောင်းပန်ဖျောင်းဖျကြရလေသည်။ အရပ်ကတဖွဖွ ပြောလွန်းမက ပြောလာမှ အမေသည် ထစ်ထစ်လျှော့လိုက်၏။ အိမ်မှာရှိနေသော အစ်မနှင့် အငယ်လေးကို ခေါ်ကာ-

"ညနေကျရင် သွားတွေ့လိုက်၊ ဒီတစ်ခါပဲကြားလား"ဟု ဆို၏။

အစ်မခမျာ ဣန္ဒြေမဆောင်နိုင်လောက်အောင်ပင် ဝမ်းသာသွားရှာ၏။ လူသာမရောက်သော်လည်း အစ်မသည် အဖေ့အတွက် အမေမသိအောင် ဓာတ်စာတွေခိုးပို့နေသည်မှာပင် တစ်ပတ်လောက် ရှိနေပြီ။ အမေ့ထံမှ ခွင့်ပြုမိန့်ရသည်နှင့် အစ်မသည် အငယ်လေး၏ လက်ကိုဆွဲကာ အဖေ့ဆီ သုတ်ခြေတင်၏။

အမေသည် အိမ်ရှေ့ပေါက်မှာ ပြောင်းဖူးဖက်ဆေးလိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာရှိုက်ရင်း ထိုင်ကျန်ရစ်ခဲ့၏။

အငယ်လေးသည် ရင်ခုန်စိုးရိမ်စိတ်နှင့် အတူလိုက်ပါလာရ၏။ အမှန်ဆိုရလျှင် သူသိပ်မလိုက်ချင်။ အဖေ့အမျိုးတွေနှင့်ကလည်း ခပ်စိမ်းစိမ်း၊ အဖေ့ကို တွေ့လျှင်လည်း ဘယ်လိုဆက်ဆံရမည်မသိ။ အဖေဟုခေါ်ဖြစ်ဖို့ပင် မနည်းအားထုတ်ရဦးမည်ထင်သည်။ အကြီးလေးလိုတော့ အဖေ့ကို စိတ်နာဖို့ ငါမကြိုးစားပါဘူးဟု သူ့ကိုယ်သူဆို၏။

နှစ်ပေါင်းများစွာ ကွဲကွာနေသော သားအဖတို့၏ ပြန်လည်တွေ့ဆုံခန်းမှာ စိုစိုပြည်ပြည် ဖွဲ့ဖွဲ့နွဲ့နွဲ့ မရှိလှပေ။ ဟောဒီမှာ မင့်သမီးနဲ့

www.burmeseclassic.com

သားဟု တစ်ယောက်ကဆိုမှ အဖေက သူတို့ကို မှတ်မိသည်။ အဖေ့ရုပ်မှာ အတော်ပင်ပျက်နေပြီ။ စကားများများပင် မပြောနိုင်တော့။ သူတို့မောင်နှမကို တွေ့လိုက်သည်နှင့် အဖေဦးစွာ ပြုသည်မှာ ငိုခြင်းပင်တည်း။

အဖေငိုတော့ အစ်မကလည်း ရှိုက်ကြီးတငင် လိုက်ငိုလေသည်။ အငယ်လေးသည် ရင်ထဲမှာ ဆို့တက်လာကာ မျက်နှာကိုသာ အပြီးလွှဲနေတော့သည်။ သေခါနီး လူတစ်ယောက်၏ မျက်ရည်ဒဏ်ကို သူ မခံနိုင်။ အဖေသည် သူ၏ တစ်သက်တာ စိမ်းကားမှုကို မျက်ရည်တစ်စက်ဖြင့်ပင် ချေဖျက်ပြနေသည်လား။ အကြီးလေးရှိရင်တော့ ပွဲကြီးပွဲကောင်းပဲ။ အစ်မခိုးရိုက်လိုက်တဲ့ သံကြိုးကိုရပြီး အဖေမသေခင် ရောက်လာနိုင်ရင်ကောင်းမှာပဲဟု အငယ်လေးက အစ်ကိုကိုတမ်းတ၏။ အဖေသည် အမေ့အတွက် အမှာစကား တစ်ခွန်းသာ ပါးလိုက်၏။

"ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါကွယ်"တဲ့။ ဘာအတွက်ကျေးဇူးတင်မှန်းတော့ အငယ်လေးတို့မသိ။ အဖေကလည်း ရှင်းမပြ။

"မင်းတို့ အမေကို နေကောင်းအောင် ဂရုစိုက်ကြ၊ ချစ်ချစ်ခင်ခင်လိမ်လိမ်မာမာလည်းနေကြ"

အငယ်လေးတစ်သက်နှင့်တစ်ကိုယ် အဖေ၏ ဆုံးမဩဝါဒကိုနာခံရသည်မှာလည်း သည်တစ်ကြိမ်တည်းသာ ဖြစ်တော့သည်။ အဖေသည်တောင်းပန်စကားကိုတော့ မဆိုခဲ့ပေ။ နောက်ထပ်လည်း အဖေ့ဆီမရောက်ကြရတော့။ အငယ်လေးတို့ သွားတွေ့ပြီး သုံးရက်အကြာမှာ အဖေကွယ်လွန်သည်။ ထိုအခါ အမေသည် အိမ်နောက်ဖေးတံခါးကို အပြီးတိုင်သော့ခတ်တော့၏။ အဖေ့အသုဘကို မည်သူမျှ မပို့ရ။

အငယ်လေးသည် အမေ၏တင်းမာပုံကို နည်းနည်းတော့ ပိုသည်ဟုယူဆသည်။ အချစ်ကြီး၍ အမျက်ကြီးရသည်ဆိုခြင်းကို သူက ကောင်းချီးမပြုလို။ မာနချစ်၊ အတ္တချစ်မျှသာဟု ဆိုမည်။ တကယ်ချစ်ရင် ခွင့်လွှတ်နိုင်ရမယ်လေ။ စွန့်စားခဲ့ အနစ်နာခံလာခဲ့ပြီးမှတော့ ချက်ချင်းပင် ဖြုန်းခနဲ

www.burmeseclassic.com

သတိရသွားကာ အမေ့ကို အလုပ်ကိစ္စဟု အကြောင်းပြခဲ့ပြီး မြို့ဘက်သို့ ကူးလာခဲ့လေသည်။

အကြီးလေး ရွာထိပ်သို့အဝင် တံတားကလေးပေါ်မှာ ကတည်းက ရွာထဲမှ ကြေးစည်သံတွေကို ကြားနေရ၏။ ရင်ထဲတွင် ဒိတ်ခနဲဖြစ်ကာ ဟာသွားလေသည်။ ရွာထဲအဝင်မှာတော့ လမ်းမှာ တွေ့သူအပေါင်းတို့က အကြီးလေးထံ အူယားဖားယား ဝိုင်းလာကြကာ အဖေနှင့်အမေတို့ အကြောင်းကို ဆီးပြောကြ၏။

“အဲဒါ မင်းက ကျောင်းဆရာတောင် ဖြစ်နေမှပဲ၊ မင်းအမေကို ဖျောင်းဖျပါဦးကွာ”

အကြီးလေး ခေါင်းကိုသာ ခါမိ၏။ အမေ၏မာနတောင်ကို သူလည်း ဖြိုနိုင်စွမ်းမရှိ။ ပြီးတော့ အမေ့ကို သူနားလည်နိုင်သည်။ အမေ့ အတွက် အဖေကွယ်လွန်ခဲ့သည်မှာ ကြာပါပြီ။ သူ့အတွက်ကော။ သူလည်း အဖေ့ကို မုန်းခဲ့ဖူး၏။ သို့သော် ခုချိန်မှာတော့ သူသည် အဖေ့ကို နားလည်နိုင်အောင် ကြိုးစားခဲ့ပြီးပြီ။

အဖေ့ရုပ်ရည်၊ အဖေ့ဝါသနာ၊ အဖေ့လို လူတွေကြုံရတတ်သည့် ဘဝပြဿနာများ၊ သူ ကျောင်းဆရာ ဖြစ်လာသောအခါ ပန်းတိုင်း မပွင့်နိုင်ဟူသော သဘောကို ပိုမိုနားလည်ခွင့်ရခဲ့၏။ ထိုအခါ အဖူးဘဝသို့ပင် ရောက်ခဲ့ပြီးမှ ရေမနိုင်၍ မြုံအသွားရသော ပန်းရုံတို့ကိုမြင်တိုင်း းအဖေ့ကို သတိရခဲ့၏။

အခြေအနေသာပေးရင် အဖေလည်း စိန်ငွေလှိုင်ဆိုတဲ့ မင်းသား တစ်လက် ဖြစ်မလာဘူးလို့ ပြောနိုင်မလားဟု တွေးမိသော ယခုအခါ၌ အဖေ့ကို သူခွင့်လွှတ်နိုင်ပေပြီ။ အဖေနှင့်အသက် ရှင်လျက်စကားကလေး တစ်ခွန်းတလေမျှပင် ပြောခွင့်မရလိုက်သည်ကိုသာ သူဝမ်းအနည်းဆုံး ဖြစ်၏။ ကြေးစည်သံတို့ ပို၍နီးကပ်လာသောအခါ အကြီးလေးသည် အထုပ်အပိုးတို့ကို နီးရာအိမ်တွင် ဝင်အပ်၍ ဘယ်သူမှ မကြည့်တော့ဘဲ



www.burmeseclassic.com

အဖေ့ခေါင်းကို ဝင်ထမ်းလေသည်။

သုသာန်သို့သွားလမ်းသည် အမေ့အိမ်နောက်ဖေး ချောင်းကမ်းစပ်မှ ဖြတ်၏။ အကြီးလေးသည် ဖြတ်သွားရင်း မိမိတို့အိမ်နောက်ဖေးကို လှမ်းမျှော်ကြည့်လိုက်သေး၏။ တင်းတင်းစေ့ ပိတ်ထားသော နောက်ဖေး တံခါးကိုသာ တွေ့ရလေသည်။

ထိုအခိုက် ကြေးစည်သံတို့သည် ပို၍ မြည်ဟိန်းလာလေသည်။ အဖေ့ဆွေမျိုး အချို့၏ အစွန်းမလွတ်သော ထွေငေါ် ငိုယိုသံတို့လည်း ပွက်ပွက်ညံကြကုန်၏။ အတွင်းခန်းထဲ၌ အစ်မကျိတ်ငိုနေစဉ် အမေကား အဖေလာရာလမ်းကို ကျောခိုင်းကာ မတုန်မလှုပ် ငုတ်ငုတ်ပင် ထိုင်နေ၏။ မျက်နှာအမူအရာလည်း တစ်ချက်မပျက်၊ ဆူညံသံတို့ကိုလည်း သူ မကြား သယောင်ပင်။

သို့သော် ထိုနေ့ညနေစောင်းမှာ အမေစဖျားလေသည်။ သုံးရက်တိတိ အပူကြီးနေခဲ့တာ အကြီးလေးတို့လည်း စိတ်ပူပင်စွာ ကျန်းမာရေးမှူးကို ခေါ်၍ ဆေးထိုးရ၏။ အရပ်ကတော့ ရင်ကွဲနာဟု ဆိုကြလေသည်။

အမေက အငယ်လေးနှင့် ရည်မှန်းထားသော တင်တင်ချစ်ကလေး ပင် အမေ့ကို လာရောက်ပြုစုရှာ၏။ မသက်သာလျှင် မြို့ဆေးရုံသို့တင်ရန် တင်တင်ချစ်တို့ အဖေကလည်း သူ့စက်လှေကို ပြင်ဆင်ထားသေး၏။

သို့သော် အဖေရက်လည်သည့်နေ့မှာပင် အမေ နာလန်ထလာ လေသည်။ ခါတိုင်းလို မြေးတွေကို ထိန်းကျောင်းချီးပိုးရင်း သည်တစ်ခေါက် သားထွေးမြို့တက်သွားသည်မှာ ကြာပြီဟု မြည်တွန်တောက်တီးရင်း ပုံမှန်အတိုင်း ပြန်ဖြစ်လာသည်။ လက်တွေ့လောကတွင်မူ ရင်ကွဲနာသည် သေလောက်သောရောဂါဟုတ်ပုံမရပါချေ။

ထိုအချိန်တွင် အလုပ်ကိစ္စအတွက် မြို့တက်သွားသည်ဆိုသော အငယ်လေးကား အင်းစိန်ရွာမထဲမှာ ချစ်သူခင်ချောမေနှင့် ဘဝသစ် စလိုက်ပြီကိုမူ အမေတို့ မသိသေး။



www.burmeseclassic.com

“ကိုယ်တို့ကတော့ အစ်မလို ဖိလင် မလာတဲ့ မျက်နှာကြီးနဲ့ တစ်သက်လုံး နေမသွားနိုင်ပါဘူးဗျာ”ဟု အငယ်လေးက ချစ်သူခင်ချော မေကို ပြောပြနေပေသည်။

[ရှုမဝ၊ မတ် ၁၉၇၉]

www.burmeseclassic.com

www.burmeseclassic.com

# သမင်လည်ပြန်

မိမိ၏ငယ်ဘဝ ကုန်ဆုံးခဲ့ရာနေရာဟောင်းသို့ ၁၆ နှစ်တိုင်တိုင် လွန်မြောက်ခဲ့ပြီးမှ ရောက်လာရပြန်ပေပြီ။

အခုန်မြန်နေသော ရင်နှင့်အတူရှေးရှုလာနေစဉ်ပင် ထိုနေရာ၌ ကျင်လည်ခဲ့ဖူးသော ၁၀ နှစ်ကျော် ကာလကို စိတ်တွင်းမှ ရော်ရည်မှန်းဆလျက် ရှိနေ၏။

ငါးနှစ်သမီးအရွယ်မှာ ဖခင်နှင့်အတူ စတင်ရောက်ခဲ့ရသော သူငယ်တန်းသားဘဝကိုလည်းကောင်း၊ စိုပြည်ဖြူချောသော မိမိ၏ လက်ဦးဆရာမ ရုပ်ပုံလွှာကိုလည်းကောင်း ဦးစွာမြင်ယောင်တမ်းတ၏။

စာသင်ခိုက်တွင် တည်တင်းနေတတ်သော ဆရာမ၏ မျက်နှာ ပီယာနိုခုံထက်မှာ လက်သွယ်အစုံ လူးလာပြန်ခတ်ရင်း၊ မျက်နှာပေး အမူအရာနှင့်တကွ ပို့ချပေးခဲ့သော တေးသံသာ၊ ဣသရေလပြည့်ရှင် ဒါဝိတ်မင်းကြီး၊ တမန်တော်ရှင်ပေါလု၊ မယ်တော်မာရိ၊ ရှင်ပြန်ထမြောက်ခြင်း၊ စန်တာကလော့၊ ဖန်းဖဲယား၊ အလိုလေးတော်၊ ကျုပ်မြေးတော့ ခရစ်ယာန်မ ဖြစ်သွားတော့မှာပဲဟု မျက်လုံးပြူးကြီးနှင့် ထိတ်လန့်တကြား ဆိုတတ်သော မိမိ၏အဘွား။ အစဉ်တစိုက်ပင် မှတ်မိလာ၏။

**စိတ်ကူးချိုချို**

www.burmeseclassic.com

ထိုနေရာမှ ခွဲခွာလာခဲ့သည်နှင့် ထိုနိပါတ်တော်တွေ၊ဓမ္မတေးသံတွေနှင့်လည်း အဆက်ပြတ်ခဲ့လေပြီ။ မိမိမှာ အဘွားစိုးရိမ်ခဲ့သလို ခရစ်ယာန်မတော့ဖြစ်မလာခဲ့။

သို့သော် အင်္ဂလိပ်နှစ်သစ်ကူးမှာ သူငယ်ချင်းများထံ လက်ဆောင်ကတ် ပို့တတ်တာတို့၊ အဖေ့နာမည် အဖျားဆွတ်တပ်ရာ အင်္ဂလိပ်နာမည်တစ်လုံးကို မိမိ၏ ငယ်နာမည်အဖြစ် အခွင့်သင့်တိုင်း ပြောပြရတာတို့ကိုတော့ ရိုးရာအလေ့အထ တစ်ရပ်လို လုပ်တတ်လာခဲ့သည်ထင်၏။

မည်သို့ပင်ဖြစ်စေ၊ ထိုနေရာမှ လေ့ကျင့်တတ်မြောက်လာခဲ့သောခလေ့ကောင်းများစွာကို ယနေ့တိုင် ကျင့်သုံးနေရဆဲ ဆိုသည်ကိုမူမမေ့နိုင်ပေ။

နောက်ဖေး ဝင်းတံခါးပေါက်မှ တိတ်ဆိတ်စွာ ဖြတ်သန်းလာစဉ်အတွေးတို့သည် ဟိုတစ်စ သည်တစ်စ ပျံ့လွင့်နေဆဲ။

မုန့်စားဆောင်ကို ခပ်လှမ်းလှမ်းမှ စမြင်ရလျှင် ချစ်သူငယ်ချင်းများနှင့် မျှဝေစားသောက်ပျော်ရွှင်ခဲ့ရဖူးသော အချစ်အခင်များ၊ အနိုင်ကျင့်ခံခဲ့ရဖူးသော ငယ်ဘဝရန်ငြိုးအပိုင်းအစများတို့ ဖျတ်ခနဲ ပေါ်လာကြပြန်သည်။

မုန့်စားဆောင်ဘေးမှ သူငယ်တန်းဆောင်ကမူ သိပ်အိုမင်းသေးပုံမပြဘဲ သစ်လွင်ခိုင်ခံ့ဆဲပင်။ ထိုအဆောင်နှစ်ခုကြား မြေကွက်လပ်မှာမူ ရောက်နှင့်သူတို့ဖြင့် စည်ကားစ ပြုနေပေပြီ။

ဆရာမဟောင်းများအား ဂုဏ်ပြုပွဲနှင့် မိတ်ဆုံပွဲဟု ရွှေစာလုံးကြီးများဖြင့် ရေးထိုးထားသော နဖူးစည်းစာတန်းအောက်၌ကား အလွယ်တကူပြန်၍မှတ်မိလိုက်သော မျက်နှာများစွာတို့ကို မြင်လိုက်ရပေပြီ။

ကြည့်စမ်း၊ ၁၆ နှစ်၊ ၁၆ နှစ်ဆိုတာနည်းတဲ့ အချိန်တွေလား၊

ကြားနေကျဖြစ်ခဲ့ဖူးသော အသံကို ဦးစွာကြားရပြီးမှ ပေါ်တာမကိုရှာတွေ့လိုက်၏။ ငယ်ရုပ်ပင် ပျောက်လုလု ရှိနေပြီ။ မေးနှစ်ထပ်နှင့်ရှေ့သို့ တစ်တောင်နီးနီး စူထွက်နေသော ဗိုက်တို့က သူ၏လက်ရှိအခြေအနေကို ဖော်ပြနေကြ၏။ ပြင်သစ်နိုင်လွန်ဇာ အနွေးထည်ကို လွှမ်းခြုံလျက်



www.burmeseclassic.com

အင်္ဂလန်လုပ် ရွှေကိုင်းကွပ် လက်ဆွဲသားရေအိတ် တစ်တောင့်ထွာလောက်ကို လက်တွင်ချိတ်လျက်။

သူနှင့် ကွဲသွားလိုက်သည်မှာ မိမိဆယ်တန်းအောင်ပြီး ကတည်းကပင်။ မိမိအလုပ်ဝင်နေစဉ် သူတစ်ခေါက် ရောက်လာပြီး ပြင်ပဝိဇ္ဇာဖြေဖို့ ဆိုလား၊ မိမိထံမှ စာအုပ်တွေ လာသယ်ဖူးခဲ့သေးသည်။

နောက်ပိုင်း သူနှင့်မတွေ့တော့။ ပါရဂူတစ်ယောက်နှင့် သူအိမ်ထောင်ကျသွားကာ ယောကျ်ားနှင့်အတူ နိုင်ငံခြားပါသွားတာတွေ ကြားလိုက်ရသေးသည်။

တစ်မြို့တည်းနေသူချင်းတို့ ထုံးစံအတိုင်း စာအဆက်အသွယ်လည်း မရှိကြ။ အလည်အပတ်လည်း မလုပ်ဖြစ်ကြ။ ဘယ်နေရာမှာပဲတွေ့တွေ့ ဖက်လဲတကင်း အာပါးတရ စတင်နှုတ်ဆက်တတ်သော သူ၏ချစ်စရာ အကျင့်ကလေးကိုကား မှတ်မိနေသေးသည်။ အခုလည်း

"ဟေး... ရေခဲတုံး၊ နင်ကတော့ အရင်လိုပဲဟ၊ ပုံကိုမြင်ကတည်းက ငါသိပြီ၊ နင် ခုထိမစွံသေးဘူး မဟုတ်လား"

အအိုကြီးတို့ မြိန်ရေရှက်ရေ ပြောတတ်နေကျ လက်သုံး စကားဖြင့် စတင်နှုတ်ဆက်လိုက်၍ မိမိမှာ ဝမ်းသာသွားရသည်။ မိမိလိုပင် ကျောင်းဆရာမ အပျိုကြီးဖြစ်နေသော ပျာယာမက မိမိ၏လက်ကို ဆီးကြိုဆွဲကိုင်ကာ နေရာပေး၏။

ဘယ်ကျော်မ၊ ပုတက်မ၊ ကျုရိုးနှင့် သစ်ကုလားအုတ်တို့လည်း ရောက်နေပေပြီ။ အလို ကျုရိုးဘေးကနေ မိမိကို ရာဇပြုံးနှင့် ခပ်ထည်ထည် ကြည့်နေနှင့်သူကား ပပဝတီပေပဲ။

အရာရှိကြီးကတော်ဆိုတော့ ခေတ်ပေါ်တံစဉ်ကွေးမျက်ခုံးကလေးနဲ့ လိုက်ဖက်ညီပါ့။ ပလေကပ် ပါတိတ်ဝမ်းဆက်တွေ ဘာတွေနဲ့ ဝလို့လှလို့ ခံလို့ထည်လို့ပါပဲ။ မိမိကပြန်ပြုံးကာ သူ့ဘေးမှာ ဝင်ထိုင်လိုက်၏။

ပြီးတော့ ထိုနေရာကွက်ကွက်ကလေးတစ်ဝိုက်မှာ ကော်ပံပင်



www.burmeseclassic.com

ဆက်ရက်ကျနေတော့သည်။

အခမ်းအနားမစခင် ဆရာမတွေကို လိုက်နှုတ်ဆက်စဉ်မှာတော့ ဝမ်းသာဝမ်းနည်းစိတ်တွေ တားဆီးမရအောင် ယိုဖိတ်လာသည်။

ဆရာမအများစုမှာ အိုမင်းကြကုန်လေပြီ။ အားငယ် ညှိုးချုံးလျက်လည်း ရှိကြ၏။

အချို့က မိမိကိုမှတ်မိဆဲ။ အချို့ကတော့ ဝိုးတဝါး။ အားလုံးတို့၏ မျက်လုံးအိမ်ထဲမှာ မျက်ရည်စတွေ ဝေ့လည်နေကြသည်။ အခမ်းအနားအစမှာ မိမိတို့ငယ်ကျောင်း၊ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်နှုတ်ခွန်းဆက်စကားကို ဆိုပေ၏။

"တို့တွေက အိုကြပြီလေ၊ ကိုယ့်ဘာသာ မရပ်နိုင်ကြတော့။ သူများထူပေးတာကို လက်ခံရတော့မှာပဲ၊ ဘုရားသခင်ရဲ့ အလိုတော်ပေပဲလို့ ဝမ်းသာတတ်ရမှာပဲ"

ပြောသွားသော စကားတွေထဲမှ ထိုစကားစုလေးကို နားထဲစွဲနေသည်။ ရင်ထဲမှာလည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။

သူကား ဥယျာဉ်မှူးကောင်းပေတည်း။ ဤနေရာ၌ သူပျိုးထောင်ပေးလိုက်သော ပန်းမျိုးကောင်းတို့ကား အသွေးအရောင်စုံစွာပွင့်ခဲ့ကြ၊ ပွင့်နေဆဲ။

မိမိတို့မှာ သူပေးလိုက်သော စည်းစနစ်၊ ပညာ၊ စာဂ၊ သုတတို့ဖြင့် ယခုတိုင် လူလုပ်နေကြရဆဲ။ သူ၏ ကြိုးပမ်းအားထုတ်မှု၊ လုပ်ရည်ကိုင်ရည်ထက်မြက်မှု၊ ကိုယ်ကျင့်သိက္ခာ သန့်ရှင်းမှု ဂုဏ်သတင်းတို့ကား ယခုတိုင် မွှေးပျံ့နေဆဲ။

သို့သော်လည်း ယခုအချိန်မှာ သူကား တပည့်တို့၏အထောက်အပံ့အတွက် အားငယ်ဝမ်းနည်းစိတ်ဖြင့် ကျေးဇူးတင်ဝမ်းသာစကား ဆိုနေရပေပြီ။ သို့သော် သူ့အသံကား မိမိတို့ ငယ်စဉ်ကလိုပင် ပြတ်သားစူးရှလျက်ရှိဆဲ။

ကျောင်းဆရာတို့ ဘဝနိဂုံးသည် ထိုသို့ပင်လော။

ထို့နောက်မှာတော့ အဖျော်မယကာများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ယူသောက်ကြရင်း စကားဝိုင်းဖွဲ့ကြချိန်ပင်တည်း။

မိမိမှာ ကျောင်းဆရာဘဝကို တွေးတောရင်း စောစောကလေးကပင် ပပဝတီပြောလိုက်သော စကားတစ်ခွန်းကို မေ့မရနိုင်ဘဲ ရှိနေသည်။

တကယ်တော့ သူသည် ကျောင်းတုန်းက မိမိ၏ အချစ်တော် ဖြစ်ခဲ့ဖူးသူ။ မိန်းကလေးကျောင်းများ၌ ရှိခဲ့ဖူးသော အစဉ်အလာအရ ရိုးရိုးသူငယ်ချင်းထက် အနည်းငယ် ပိုထူးသော သူငယ်ချင်း အမျိုးအစား။ ငယ်ငယ်က အရူးထခြင်းတစ်မျိုးပါပဲ။ ယခုအခါ သေသေချာချာ စဉ်းစား ကြည့်တော့လည်း ဘာမှလွမ်းလောက်စရာရှိလှသည့် ခင်မင်မှုမျိုးမဟုတ်။

ပပဝတီကချောတာနှင့် အချစ်တော်ဖွဲ့ဖြစ်သွားသည်ထင်ရဲ့။ မိမိက တက္ကသိုလ်ရောက်၊ ပပဝတီက ဆယ်တန်းကို တဗုန်းဗုန်းကျကာ နောက် အဆိုတော်လုပ်သလိုလို ဘာလိုလိုနှင့် အရာရှိကတော် ဖြစ်သွားသောအခါ အဆက်အသွယ် တဖြည်းဖြည်း ပြတ်ခဲ့ကြသည်။ အခုပြန်တွေ့တော့ အာလာပသလ္လာပပြောကြရင်း

"ကိုယ့်သမီးအကြီးက ကျောင်းနေပြီလေ၊ နာမည်က ယမင်းသူဇာ ချောစုယဉ်တဲ့၊ အဲဒါ အခုနာမည်ပြောင်းရဦးမယ်"

"ဘာဖြစ်လို့လဲ၊ နာမည်က နည်းနည်းရှည်လို့လား"

"ဟင့်အင်း... ဗေဒင်တွက်ကြည့်တော့ အဲဒီနာမည်နဲ့ဆိုရင် အထက် တန်းပြဆရာမထက် ပိုဖြစ်ဖို့ လမ်းမမြင်ဘူး၊ မထွန်းကားဘူးတဲ့"

"ဩော်"

မိမိမှာ ကိုယ့်အချစ်တော်ဟောင်းကို ခုမှပင် မြင်ဖူးသလို သေသေ ချာချာ ကြည့်နေမိလေသည်။

ဩော်... မတွေ့တာကြာတော့ အရင်က သူစာရေးတိုင်း အချစ် ဆုံးလို့ ခေါင်းစဉ်တပ်လေ့ရှိခဲ့ဖူးတဲ့ ငါဟာ အထက်တန်းပြကောင် မဟုတ်သေးတဲ့ အလယ်တန်းပြ ဆရာမကလေးဆိုတာကို မေ့နေလို့



www.burmeseclassic.com

ထင်ပါရဲ့။

သူသတိရမသွားခင် ငါ လစ်မှပဲ၊ တော်ကြာ သူ့ခများ ငါ့ကို အားနာနေရှာရော့မယ်။

ဟုတ်သားပဲလေ၊ ကျောင်းဆရာမဆိုတာ ကားဝယ်စီးနိုင်အောင် ငွေရချောင်တဲ့ လူစားမျိုးမှ မဟုတ်ဘဲ။

ထိုအခိုက်ကလေးမှာပင် မိမိနှင့် ပပဝတီကြားမှာရှိခဲ့ဖူးသော သံယောဇဉ်ကြိုးမျှင်မျှင် ကလေးမှာ ထောက်ခနဲမြည်အောင်ပင် ပြတ်တောက်သွားခဲ့လေပြီဟု မိမိဘာသာ နားလည်လိုက်၏။

ဖျော်ရည်အိုးတွေနားမှာ ဖန်ခွက်ကို တိုးဝှေ့ယူငင်နေကြသော ကျောင်းသူဟောင်းများကို ငေးကြည့်နေခိုက် မိမိအနားသို့ ကြက်တောင်မ ရောက်လာလေသည်။

နှစ်ဦးသား များစွာ ဝမ်းသာသွားကြ၏။ ကြက်တောင် အရိုက်ကောင်းလှသဖြင့် သူ့ကို ဗိုလ်ကြက်တောင်ဟု ခေါ်ခဲ့ကြ၏။ ငယ်စဉ်ကစ၍ ယခုအချိန်အထိ အားကစားသမား။ ပြီးတော့ စာသမား။

သူနှင့်မိမိမှာ စာပြိုင်ဘက်၊ ဝတ္ထုဖတ်ဖက်၊ ကဗျာစပ်ဖက်၊ တက္ကသိုလ်သို့ ရှေ့ဆင့်နောက်ဆင့်ရောက်ကြပြီး ကျောင်းထွက် အလုပ်ဌာနတွေ ကွဲပြားသွားပေမဲ့လည်း စာပေဟောပြောပွဲတို့ စာတမ်းဖတ်ပွဲတို့၏ ပရိသတ်အလယ်မှာ သူနှင့် တွေ့ဆုံတတ်ကြမြဲ။ ယခုအခါ ကြက်တောင်မ၏ မျက်နှာမှာလည်း မရွှင်ပျလှ။

"ငါ စောစောကတည်းက နောက်မှာရောက်နေတာ၊ လာဟယ် တို့နေခဲ့တဲ့ အခန်းတွေဘက် လျှောက်ကြည့်ကြရအောင်"

နှစ်ဦးသား တိတ်ဆိတ်စွာပင် ကျောင်းဆောင်စင်္ကြံလမ်းအတိုင်း ပတ်၍ လျှောက်ခဲ့ကြ၏။ ဒီလေရဟတ်ကလေးနဲ့ အဆောင်က တို့ဒုတိယတန်းတုန်းက နေခဲ့တာပေါ့။

ဟောဟို ရေနံတွေနဲ့ မည်းနေတဲ့ သစ်သားနှစ်ထပ်ဆောင်ကတော့



www.burmeseclassic.com

သုံးတန်းဆောင်ပဲဟု အတွေးတို့သည် အတိတ်သို့ ပြန်ပြေးလိုက်၊ ပြန်လာလိုက် ဖြစ်နေသည်။

"ဟော့ ရေခဲတုံး၊ အခုနင့်စိတ်ထဲမှာ ဘယ်လိုနေလဲ"

"ပျော်တာပေါ့ဟာ၊ ငယ်ဆရာတွေ၊ ငယ်ပေါင်းတွေနဲ့ ပြန်တွေ့ရတာပဲဟာ"

"မှန်မှန်ဖြေနော်၊ ပျော်ရုံပဲလား"

သူ့စကားကို စဉ်းစားရပြီ၊ မိမိစကားမှာ မပြည့်စုံနိုင်သေးဟု ထင်လာသည်။ တိတိကျကျတော့လည်း ပြန်မပြောတတ်။

"ဝမ်းသာ ဝမ်းနည်း ဆိုပါတော့ဟယ်"

"အေး … ငါလည်းဒီလိုပဲ၊ တကယ်တော့ တို့တွေဝမ်းသာကြရဖို့ပဲ ကောင်းတာနော်၊ ဝမ်းသာဖို့ သက်သက်ဆိုတာ တကယ်တော့ မလွယ်ဘူးလို့ ခုမှ ငါသဘောပေါက်မိတယ်၊ နင် မင်းကြီး သမီးကို တွေ့လိုက်သေးလား"

ခေါင်းညိတ်ပြလိုက်မိ၏။ စကားဝိုင်းအစွန်းမှာ ခပ်ငူငူခပ်ငိုင်ငိုင် ထိုင်ရင်း စကားဟဟမပြောဘဲနေသော မင်းကြီးသမီးကို အစောပိုင်းက သတိပြုမိခဲ့၏။ ခုတော့လည်း မင်းကြီးသမီးနားမှာ ငယ်စဉ်ကလို သူငယ်ချင်းတွေ ဝိုင်းဝိုင်းလည် မနေတော့ပေ။

"တရားကျဖို့လည်း ကောင်းရဲ့၊ နင် မှတ်မိသေးလား၊ အခု နောက်ဆုံး ပေါ်ကားတွေနဲ့လာကြတဲ့ ပေါ်တာတို့၊ မင်းကတော်တို့ဆိုတာ ဟိုတုန်းက မင်းကြီးသမီးရဲ့ကားကို ကပ်စီးနေကျပဲ၊ ခုတော့ အခြေအနေက ပြောင်းပြန် ပဲနော်၊ မင်းကြီးသမီးက သူ့အဖေ ဆုံးသွားပြီးကတည်းက အခြေအနေ ပျက်သွားရှာတယ်၊ ဟိုတုန်းကဆို တို့တွေကို သိပ်အဖက်လုပ်တာ မဟုတ်ဘူး၊ ခုတော့လည်း တရားတွေဘာတွေ ထိုင်လို့ဆိုလား–

"အေးလေ ဟိုတစ်လောက ငါ့ကိုတောင် ကြုံတုန်းသာသနာပြု သွားရဦးမယ်ဆိုပြီး၊ တရားဟောသွားသေး"

"ဘယ်မှာလဲ"

www.burmeseclassic.com

"မြို့တော်သိန်းအောင် ဇာတ်ရုံထဲမှာ"

"ဟား...ဟား နင်ကတော့ ပြောရှော့မယ်၊ ဒီလိုမြင်ရတော့လည်း သနားစရာပဲ၊ ပေါ်တာတို့လည်းမဆိုးပါဘူး အခြေမြင့်သွားပေမဲ့ သူကစပြီး လိုက်နှုတ်ဆက်နေတာပဲ၊ ငါ နည်းနည်း အမြင်ကတ်သွားတာကတော့ မင်းကတော်ပဲဟ၊ နင် သတိထားမိလား"

ဘယ်တိုင်းပြည်က လာ၍ ဘာဖိနပ်မှန်း မသိရသော တစ်ပေနည်းနည်းမြင့်သည့် ဖိနပ်ကြီးကိုစီးကာ မင်းကတော် လမ်းလျှောက်လာဟန်ကို သတိရသွား၏။

ငယ်စဉ်က လက္ခဏာကိုကြည့်တော့ သူ့လက်ဖဝါးကို ဖြန့်ပြကာ အဲဒါ ကတော်ဖြစ်မယ့် လက္ခဏာတဲ့ ကိုင်ရီစာအုပ်ထဲမှာ ပါတယ်ဟု ပြောခဲ့ဖူးသည်ကို အကြောင်းပြုကာ မင်းကတော်ဟု သူ့အမည်တွင်ခဲ့၏။ ကြီးလာသောအခါ မင်းကတော်တော့ မဖြစ်ရှာ။

သို့သော် သူဌေးကတော်မူ ဖြစ်နေပြီ။ သူ့ယောက်ျားမှာ ရှမ်းပြည်သို့ တက်ကာ သနပ်ဖက်တို့ ဆေးရိုးတို့ ကုန်ကူးသည်ဟု ဆိုကြ၏။

ယခုတော့ မင်းကတော်၏ပုံမှာ ကာတွန်းမောင်ဝဏ္ဏ ရေးဆွဲသော အာဖျံကြီးထဲမှ ဒေါ်စိန်နှစ်လုံးပြူး၏ပုံနှင့် တစ်ထပ်တည်း တူနေတော့သည်။ နဂိုမှေးသော မျက်စိမှာ ပွင့်ပင်မပွင့်တော့ပေ။ ထို့ကြောင့် သူ့ကို လာနှုတ်ဆက်ကြသူများကိုသာ သူကပြန်မြင်ကာ နှုတ်ဆက်နိုင်တော့သည်။

"လူမှန် နေရာမှန်ဆိုတာကို နင်ဘယ်လို အဓိပ္ပာယ်ဖွင့်မလဲ"

ကြက်တောင်မ၏အသံမှာ နာကြည်းနေသလို ရှိ၏။

"ဟောဒါ တို့တွေ ဆယ်တန်းတုန်းက နေခဲ့တဲ့ အခန်းလေ၊ တို့အတန်းပိုင်က သူများနဲ့မတူဘဲ အတော်ဆုံးလူတွေကို ရှေ့ဆုံးမှာ အဆင့်အလိုက် စီထိုင်ခိုင်းခဲ့တာ နင် မှတ်မိသေးလား။

"ရှေ့ဆုံးကငါးခုံမှာ အမြဲရအောင် ထိုင်နိုင်ခဲ့တာ နင်ရယ် ငါရယ်၊ ဟာကြူလီရယ်၊ စာကလေးရယ်၊ ဖီးကွက်ရယ်နော်။

www.burmeseclassic.com

"အဲဒီတုန်းက ပေါ်တာတို့၊ ပပဝတီတို့ဆိုတာ နောက်ဆုံးလိုင်းမှာ ထိုင်ရနေကျပဲ၊ အခုတော့လည်း နင်နဲ့ဒီးကွက်က ဆရာမ အစုတ်ပလုတ်၊ ငါနဲ့ စာကလေးကတော့ စာရေးသာသာ၊ အင်း...ဟာကြူလီ တစ်ယောက်ပဲ ဆရာဝန်ဖြစ်ပြီး တောရောက်နေတယ်"

မိမိက ပြုံးရင်း နားထောင်နေမိသည်။

"ကားစီးနိုင်တာနဲ့ စာတော်တာ ဘာဆိုင်လို့လဲဟ၊ သူ့အရည်အချင်းနဲ့သူ သတ်သတ်စီပဲ၊ ပြီးတော့ ကားစီးနိုင်တာနဲ့ပဲ တိုးတက်ထွန်းကားနေပြီလို့ နင်က မှတ်နေလို့လား"

ကြက်တောင်မက ဘုကြည့်ပြန်ကြည့်လိုက်၏။ ပြီးတော့လည်း သူပါ ရယ်မောလာလေသည်။

"ဒါပေမဲ့ဟယ်...ငယ်ပေါင်းတွေရဲ့ကြားမှာတောင် ဘဝပြောင်းကြတာနဲ့အမျှ စိတ်ပြောင်းကြရမယ် ဆိုတာကိုတော့"

သူ ဝမ်းမသာနိုင်ရှာပေ။ ထို့ကြောင့် မိမိကလည်း သူ့အားပပဝတီအကြောင်းကို ပြန်ပြောပြမနေတော့။

ကျောင်းတစ်ပတ်လှည့်ပြီး လူအုပ်ထဲပြန်ရောက်တော့ အခမ်းအနားကိုအဆုံးသတ်နေပေပြီ။ အခမ်းအနားမှူးလုပ်သူ ဆရာမက တုန်ယင်သောအသံနှင့် နောက်ဆုံးနှုတ်ဆက်ဆုတောင်းကို ရွတ်ဆိုနေသည်။

ကျောင်းသူဟောင်းများက မျက်စိမှိတ်လျက် လက်နှစ်ဖက်ကိုယှက်ကာ ခေါင်းငုံ့ ငြိမ်သက်နေကြသည်။

မိမိတို့လည်း ငယ်စဉ်က အကျင့်ပါနေခဲ့သော ဟန်ကို အများနှင့်ရောယောင်ကာ ပြုလုပ်မိလျက်သား ဖြစ်သွားသည်။

"ရှေ့နှစ်ခါ ဒီလိုအချိန်မှာ နောက်တစ်ကြိမ်ပြန်လည်ဆုံတွေ့ကြဖို့ ခွင့်သနားတော်မူပါ အဖဘုရားသခင်"

မိမိမှာမူ လိုက်ဆိုရကောင်းနိုး မဆိုရကောင်းနိုး တွေဝေရင်း ထိုအာမင်ကို လွတ်ထွက်သွားလေသည်။

www.burmeseclassic.com

သို့သော်လည်း သည်နေရာသို့ ဝမ်းသာစိတ်သက်သက်နှင့် နောက်တစ်ကြိမ် လာရောက်နိုင်ဖို့ မသေချာသေးသော မိမိကိုယ်ကို သိမြင်သွားသော အခါတွင်မူ ယေရှုဘုရားကို အာမဘာရွှေ ခံမထားမိသည့်အတွက် စိတ်လက် ပေါ့ပါးသွားမိလေတော့သည်။

[ရှုမဝ၊ ဇွန် ၁၉၇၉]

www.burmeseclassic.com

www.burmeseclassic.com

# သားများမိ

အမဲလိုက်မုဆိုးသည် တောတွင်းအဝင် သားကောင်၏အနံ့ကို ရလိုက်သကဲ့သို့ ကျွန်မသည်လည်း အတန်းတွင်းသို့ အဝင်လိုက်မှာပင် ပြဿနာရနံ့ကို ရလိုက်ပါသည်။

အတန်း၏အလယ် ညာဘက်ထောင့်ဆုံးခုံမှ ရဲတင့်ဇော်သည် ငိုမဲ့မဲ့ မျက်နှာနှင့် ရှိနေပါသည်။

သူ့လွယ်အိတ်ထဲကို တစ်ယောက်က လက်နှိုက် ရှာဖွေပေးနေကာ သူ၏ ရှေ့ခုံ နောက်ခုံများမှ ကျောင်းသားများကလည်း သူတို့လွယ်အိတ်များကို ထိုးပေးနေကြပါသည်။ ကျွန်မ သိလိုက်ပါပြီ။

"ကဲ...ဒီတစ်ခါ ဘာပျောက်ကြပြန်ပြီလဲ၊ ဖောင်တိန်ပဲလား၊ ပိုက်ဆံလား" တန်း၍ မေးလိုက်ပါသည်။

"ရဲတင့်ဇော်ရဲ့ဖောင်တိန် ဆရာမ"

"တရုတ်နီပတ်ကားအသစ်ကြီးတဲ့ ဆရာမ"

"ခုလေးတင် ပျောက်တာ၊ ဘယ်သူမှ အပြင်မထွက်သေးဘူး တံခါးသွားပိတ်ထားရမလားဆရာမ"

တစ်ယောက်တစ်ပေါက်ဆူညံစွာ ပြောကြပါသည်။ ကျွန်မလည်း



www.burmeseclassic.com

စိတ်ပျက်လက်ပျက်ပင် ထိုင်လိုက်မိပါသည်။ သည်တစ်ပတ်အတွင်း လေးကြိမ်မြောက် ပစ္စည်းပျောက်ခြင်း ဖြစ်ပါသည်။ တရားနည်းနည်း လွန်လာပြီဟု ထင်ပါသည်။

ပထမဆုံး ခင်ခင်ရွှေ၏ သချာစာအုပ် ကြားထဲတွင် ညှပ်ထားသော ပိုက်ဆံငါးကျပ်တန်တစ်ရွက် ပျောက်ပါသည်။ သည်ကောင်မကလေးမှာ စကားဖွာဖွာ ရုပ်ပျာပျာကလေးဖြစ်ရာ စာအုပ်တင်ရန်အသွား လမ်းမှာပဲ ကျသလိုလို၊ စာအုပ်ကြား ညှပ်မိသလိုလို သူကိုယ်တိုင်က ဇဝေဇဝါ ရှိသောကြောင့် အမှုမဖွင့်လိုက်ရပါ။

ဒုတိယအကြိမ်မြောက် ထွန်းထွန်းအောင်၏ ဖောင်တိန်ပျောက်မှုမှာမူ လူအဝင်အထွက် ရှုပ်လှသော မုန့်စားကျောင်းဆင်းချိန်တွင် ဖြစ်သဖြင့် အမှုစစ်ရန် မဖြစ်နိုင်တော့ပါ။

တတိယအကြိမ်မြောက် သန်းဌေးနိုင်၏ ဖောင်တိန်ပျောက်မှုကိုလည်း ချက်ချက်လာမတိုင်သဖြင့် သူခိုးအဖို့ လက်ပြောင်းချိန် ရသွားခဲ့ပါသည်။ ကျောင်းသားတစ်ဦးချင်းကို ရှာဖွေခြင်း၊ သဲလွန်စ အစအနထောက် လှမ်းခြင်း ပြုသေးသော်လည်း အချည်းနှီးပါပေ။ ယခုတော့ သူခိုးသည် တစ်စထက်တစ်စ လက်ရဲလာပေပြီ။

ကျွန်မသည် အခန်းတံခါးကို ဦးစွာပိတ်ခိုင်းလိုက်ပြီး ထုံးစံအတိုင်း တစ်ဦးချင်း ရှာစေပါသည်။ ပျောက်ချိန်လည်း မကြာလှသေး။ လူအဝင်အထွက်လည်း မရှိသေးဟု အခိုင်အမာ ဆိုကြသဖြင့် ပြန်ရနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ပါသည်။ စေ့စေ့စပ်စပ်လည်း ရှာခဲ့ပါသည်။ သို့သော်မတွေ့ပါ။

သန်းဌေးနိုင်၏ ဖောင်တိန်ပျောက်စဉ်က ဖောင်တိန်၏ တန်ဖိုးငွေကို အတန်းသားအားလုံး အချိုးကျ လျော်ပေးစေခြင်းအားဖြင့် ပြဿနာကို ဖြေရှင်းခဲ့ပါသည်။ အများစုက ထိုနည်းကို မကျေနပ်ကြမှန်း သိသော်လည်း ဆရာတို့၏ အခွင့်အာဏာကို ကျွန်မ သုံးခဲ့ပါသည်။

ယခုတော့ ကျွန်မသည် မအောင်မြင်ခဲ့သော ထိုနည်းကို စွန့်ပယ်ကာ



www.burmeseclassic.com

ဒုတိယနည်းဖြင့် စမ်းသပ်ရပေဦးမည်။

"ဒီတစ်ချိန် ဆရာမ စာမသင်တော့ဘူး၊ သားတို့သမီးတို့ကို ဆရာမ ပြောစရာရှိတယ်၊ သေသေချာချာ ဂရုစိုက်နားထောင်ကြပါ၊ အခု ဆိုရင် တို့အတန်းမှာ သူခိုးတစ်ယောက်တော့ ရှိနေတာ သေချာပြီ၊ သူ့ကြောင့် အခု အားလုံး စိတ်အနှောင့်အယှက်ဖြစ်ကြရပြီ၊ ဆရာမကတော့ သူ့အတွက် ပိုပြီး စိတ်မကောင်းဖြစ်ရတယ်၊ ဘာဖြစ်လို့လဲဆိုရင် ကံငါးပါး ထဲမှာ..."

ကျွန်မသည် "အဒိန္နာဒါနာ"ကံအကြောင်းနှင့် ငရဲကြီးရှစ်ထပ် အကြောင်းကိုလည်းကောင်း၊ ဂုဏ်တကာ့ဂုဏ်ထဲတွင် ရိုးဂုဏ်သည် အမြင့် မြတ်ဆုံးဖြစ်ကြောင်းကိုလည်းကောင်း၊ အကျယ်တဝင့် ရှင်းပြလိုက်ပါသည်။ ငရဲခန်းနှင့် ခြောက်ပြီးမှ ဘုံခန်းနှင့် မြှောက်လိုက်ခြင်း ဖြစ်ပါသည်။

"အခု အဲဒီတစ်ယောက်ကို ဆရာမ အထူးရည်ညွှန်းပြီး ပြောလိုက်မယ်၊ အမှားပြင်လိုက်ပါကွယ်၊ အချိန်မီပါသေးတယ်၊ ငါ့သား သို့မဟုတ် ငါ့သမီးကို လူရိုးလူကောင်းအဖြစ် ဆရာမ မြင်ပါရစေ၊ အပြစ်ကိုသိရုံနဲ့ မပြီးဘူး၊ ပြန်ပြင်နိုင်မှသာ လူတော်ဖြစ်တယ်၊ အမှားပြင်ဖို့ မရှက်ရဘူး၊ ဂုဏ်ယူတတ်ရမယ်၊ အပြစ်ရှိသူဟာ အမှားမပြင်သရွေ့ သူ့ပြစ်မှုက သူ့ကို ခြောက်လှန့်နေတော့မှာပဲ၊ သူ ဘယ်တော့မှ ပျော်ရ တော့မှာ မဟုတ်ဘူး။–

"ဒီတော့ သေသေချာချာ နားထောင်ပါ၊ တို့အတန်းအပြင်ဘက်မှာ မင်းတို့ လေ့ကျင့်ခန်းစာအုပ်တွေထားတဲ့ ဗီရိုတစ်လုံး ရှိတယ်မဟုတ်လား၊ အခု ဆရာမ ဗီရိုကိုသော့သွားခတ်လိုက်မယ်၊ ပြီးတော့ တစ်ယောက်ချင်း ထွက်၊ ဗီရိုရှေ့တစ်ခေါက် ပြန်လျှောက်ပြီးမှ အတန်းထဲ ပြန်ဝင်ရမယ်၊ ဖောင်တိန်ယူသွားမိသူဟာ ဗီရိုရှေ့ ရောက်တာနဲ့ ပတ္တာချောင်လို့ ဟနေတဲ့ ဗီရိုတံခါးကြားကနေ အထဲကို ဖောင်တိန်ပြန်ထည့်ပေးထားပါ၊ တစ်ယောက် ထွက်နေတုန်း ကျန်လူတွေ လိုက်မကြည့်ရဘူး၊ ဆရာမလည်း မကြည့်ဘူး၊

www.burmeseclassic.com

သစ်သားအပိတ်ဗီရိုမို့အပြင်ကကြည့်လို့ မမြင်ရဘူး၊ ဒါကြောင့် ဗီရိုထဲ ဖောင်တိန် ဘယ်အချိန်က ရောက်နေတယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး၊ လူကုန်မှ ဗီရိုကိုဖွင့်မယ်၊ အဲဒီအခါ ရဲတင့်ဇော်ရဲ့ ဖောင်တိန်ကို ဆရာမ ပြန်တွေ့နိုင်လိမ့်မယ်လို့ မျှော်လင့်ပါရစေ ပြန်များတွေ့ခဲ့ရင် ဆရာမလောက် ဝမ်းသာနိုင်သူ ရှိတော့မှာ မဟုတ်ဘူး"

သူတို့ မျက်နှာများကို တစ်ယောက်ချင်း လိုက်ကြည့်လိုက်၏။ ဘယ်သူစိတ်လှုပ်ရှားနေသလဲ။ တချို့က စိုးရွံ့ရွံ့။ တချို့က ရှုံ့မဲ့မဲ့။ တချို့က အတွေ့အကြုံအသစ်အဆန်းကို မျှော်သလို တက်ကြွကြွ။ အကဲဖမ်းလို့မရ။ ကျွန်မလည်း အတန်းပြင်ဘက်သို့ ထွက်လာပြီး ဗီရိုကို သော့ခတ်လိုက်ပါသည်။ လက်ဖြင့် ဆွဲလှုပ်လိုက်သောအခါ တံခါးရွက်နှစ်ခုကြားမှာ လက်တစ်လုံးသာသာ ဟလာလေသည်။ အထဲသို့ ချောင်းကြည့်လိုက်သောအခါ အတွင်းပိုင်းကျကျကို မမြင်နိုင်ချေ။

စိတ်ကျေနပ်စွာ မျှော်လင့်တက်ကြွစွာ ကျွန်မအစီအစဉ်ကို စလိုက်သည်။ အများစုမှာ ပျော်နေပုံပင်ရသည်။ အစီအစဉ်အတိုင်း တိတိကျကျဖြစ်စေပြီး လူကုန်သည်နှင့် အသင်းခေါင်းဆောင် လေးယောက်ကို သက်သေခေါ်ကာ ဗီရိုကို ကျွန်မ ဖွင့်ကြည့်လိုက်ပါသည်။

ကျွန်မ အကြီးအကျယ် ရှက်သွားပါသည်။ ဖောင်တိန်နှင့်တူတာ ဆို၍ အရပ်ကားချပ်ပင် မတွေ့ရပါ။ ဘယ်လောက်များ စိတ်ကူးယဉ်လိုက်တဲ့ ကျွန်မပါလဲ။ တကယ်တော့ သည်လို ပညာကလေး ပေးလိုက်ရုံနှင့် အမြန်မှန် ရသွားကြမည်ဆိုပါလျှင် လောကကြီးတွင် အတော်နေလို့ ထိုင်လို့ ကောင်းလာပေမည်။

ခေါင်းဆောင်လေးယောက်ကို အတန်းထဲ ပြန်ဝင်ခိုင်းလိုက်ပါသည်။ ကျွန်မ တစ်ယောက်တည်း ကျန်ခဲ့သောအခါ ဟာင်းလင်းဖြစ်နေသော ဗီရိုထဲသို့ စူးစိုက်ကြည့်ကာရှက်စိတ်နှင့်အတူဒေါသစိတ်တွေ တရိပ်ရိပ်တက်စ ပြုလာပါသည်။

www.burmeseclassic.com

အတန်းထဲပြန်ဝင်ရန်လည်း ဝန်လေးနေမိပါသည်။ ခုအချိန်လောက်ဆို ကျွန်မမသိသော ထိုမိမဆုံးမ သားကလေးသည် ကျွန်မကို ဟားတိုက်ရယ်နေပေလိမ့်မည်။ ဆရာမ ဒေါ်အာလူးဟု ကျိတ်၍ ခေါ်ချင်ခေါ်နေပေလိမ့်မည်။ "လုပ်မနေနဲ့၊ ဒါမျိုးတွေ ရိုးနေပြီ"ဟု ပြောချင်ပြောနေပေရော့မည်။

ကျွန်မ၏ ဒုတိယနည်းသည်လည်း ရှုံးနိမ့်ခဲ့ရပြန်ပါပကော။ လွယ်လွယ်နှင့် အရှုံးမပေးချင်သော ကျွန်မ၏ငယ်ကျင့်သည် ယခုမှ ပို၍ပြင်းထန်စွာ ပေါ်လာပါသည်။ ဦးနှောက်ကို အလုပ်ပေးလိုက်သောအခါ မကြာမီ နည်းတစ်ခုကို ဖျတ်ခနဲသတိရလိုက်ပါပြီ။

သမားရိုးကျနည်းမျိုးတော့ မဟုတ်။ ကလေးစိတ်ပညာဟု ကြီးကြီးကျယ်ကျယ် ခေါ်ရမည်လားမသိ။ စွန့်စားလုပ်ဆောင်ရမည့် နည်းတစ်ခုမူ ဖြစ်ပေသည်။ ထိုနည်းမှာ ကျွန်မ၏ကိုယ်ပိုင် စိတ်ကူးမဟုတ်ကြောင်းကိုကား ဝန်ခံရပေမည်။

ကျွန်မ အလယ်တန်းကျောင်းသားဘဝလောက်က အသည်းစွဲကြိုက်လှသော စာတစ်အုပ်ရှိခဲ့ဖူးပါသည်။ "မောင်ဖြိုး"၏ "သားလှလိမ္မာ" အမည်ရှိ ဘာသာပြန်ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ထိုစာအုပ်ကို ဆရာမဖြစ်လာသည့်တိုင် နှစ်ခြိုက်ဆဲရှိပါသည်။

အလွတ်ပညာသင်ကျောင်းဆရာ ဖခင်မောင်နှံနှစ်ဦးနှင့် သူတို့၏ကျောင်းသားကလေးများအကြောင်းကို လူငယ် ပြုပြင်ရေးဦးတည်ချက်ဖြင့် ရေးဖွဲ့ထားသော စာအုပ်ဖြစ်ပါသည်။

ကျွန်မတပည့်များကို ပုံဝတ္ထုအဖြစ် ပြန်လည်ပြောပြရန် ရှာဖွေသောအခါ ထိုစာအုပ်ကလေးများကို ဘယ်မှာမှရှာမရတော့ပါ။ တစ်နေ့ကျမှ ကျွန်မ၏ ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်ထံမှာ သွားတွေ့ပါသည်။

အဖုံးပင်မရှိတော့သော စာအုပ်ကလေး၏စာမျက်နှာ(၁) လှန်နေသော စာရွက်သားပေါ်တွင် ကလေးလက်ရေးဖြင့် "ဖတ်ရန် အလွန်ကောင်း



www.burmeseclassic.com

မွန်သော စာအုပ်ဖြစ်ပေသည်”ဟု မှတ်ချက်ရေးထားရာ အကြိုက်ချင်းတူနေပုံကို ပြုံးမိပါသေးသည်။ အားနာနာနှင့် ငှားခဲ့ပြီးနောက် အားနာနာနှင့်ပင် ပြန်မပေးဖြစ်တော့ပါ။

ကျွန်မ သတိရလိုက်သောနည်းမှာ ထိုစာအုပ်ထဲက နည်းတစ်နည်း ဖြစ်ပါသည်။ ထို့ကြောင့် “သားလုလိမ္မာ”၏ မူရင်းဖြစ်သော **The Little Man** ကို ရေးသားခဲ့သည့် အမေရိကန် စာရေးဆရာမကြီး လူဂီဆာမေအယ်(လ်)ကော့၊ ဘာသာပြန်သူ ဆရာမောင်ဖြိုးနှင့် မေ့ချင် ယောင်ဆောင်နေသော ကျွန်မထံမှ စာအုပ်ပြန်မတောင်းရှာသော ကျွန်မ၏ ငယ်သူငယ်ချင်းတို့ကို ကျေးဇူးတင်ရပါမည်။

ကျွန်မသည် စွန့်စားခန်းကို စတော့မည့်သူပီပီ ရင်ခုန်စွာ အတန်းထဲသို့ ဝင်လိုက်ပါသည်။ တီးတိုးသံများ ပြန်လည်ငြိမ်သက်သွားကာ အားလုံးတို့၏ မျက်လုံးများက ကျွန်မထံမှာသာ ငြိတွယ် စူးစိုက်နေကြပါသည်။ ကျွန်မသည် ခေါင်းငိုက်စိုက်ကျလျက်က အညိုးကြီး ညိုးနေသောပုံကို ဖမ်းကာ စိတ်ထိခိုက်လှသည့် အသံမျိုးဖြင့် စကားစလိုက်ပါသည်။

“ဝမ်းနည်းစရာ အကောင်းဆုံးစကားကို ဆရာမ ပြောရတော့မယ်၊ ဆရာမ မျှော်လင့်ထားသလို ဖောင်တိန်ကို ပြန်မတွေ့ဘူး၊ သူခိုးဟာ နောင်တမရသေးဘူး၊ သူ့ကို လူကောင်းကလေး ဖြစ်လာအောင် ဆရာမ မလုပ်နိုင်ခဲ့ဘူး၊ သားတို့ သမီးတို့ ပုံကလေးတစ်ခုကို ကြားဖူးကြတယ် မဟုတ်လား”

သူတို့ စိတ်ဝင်စားစွာ နားထောင်လျက် ရှိကြပါသည်။

“သူခိုးတစ်ယောက်ဟာ သူ့ပြစ်ဒဏ်ကို ခံရခါနီးကာမှ သူ့အမေကို စကားတိုးတိုးပြောစရာရှိလို့ အမေ အနားလာပါဦးလို့ ခေါ်လိုက်ပြီ သူ့အမေက ကပ်လာတော့ နားရွက်ကိုကိုက်ဖြတ်ပစ်လိုက်တဲ့ ပုံပြင်လေး၊ အမေဟာ ကျွန်တော့်ကို သူခိုးကလေးဘဝမှာကတည်းက မဆုံးမခဲ့လို့ ကျွန်တော် သူခိုးကြီး ဖြစ်လာရတာ၊ ဒါကြောင့် အမေ့ကို ဒဏ်ခတ်လိုက်



www.burmeseclassic.com

တာတဲ့။

"ဆရာမတို့ မြန်မာမှာလည်းသားသမီးမကောင်းမိဘခေါင်း၊ တပည့် မကောင်း ဆရာ့ခေါင်းဆိုတဲ့ စကားပုံတွေရှိပါတယ်။

"ဒါကြောင့် ခုကိစ္စမှာ ဆရာမ အဓိကတာဝန်ရှိသူဖြစ်တယ်၊ ဆရာမ အဆုံးအမညံ့လို့၊ အုပ်ထိန်းမှုညံ့လို့၊ အသုံးမကျလို့ ဒီလိုခိုးမှုတွေ ခဏခဏ ဖြစ်ရတာ၊ အမှုပေါ်အောင် မစစ်နိုင်တာ သူခိုးကလေးဟာ သူခိုးကြီးဖြစ်သွားတော့မယ်၊ နောက်တစ်နေ့မှာ သတင်းစာတွေထဲ သုံးမည်ရ သူခိုးကြီးလို့ ခေါင်းစဉ်တွေ ဘာတွေနဲ့ပါခဲ့ရင် လူတွေက ဟင်...ဒီကောင် ဒေါ်ငြိမ်းအေးအတန်းက ထွက်သွားတာ၊ ဆရာမတပည့်မဟုတ်လား" လို့ မေးကြတော့မယ်၊ နားရွက်ကို ကိုက်ဖြတ်ခံရတာထက် ရှက်စရာကောင်းမှာ အမှန်ပဲ၊ မထူးပါဘူးလေ၊ အခုကတည်းက ဆရာမကို ဆရာမ အပြစ်ပေး လိုက်ရတော့မှာပဲ"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြပါသည်။ အခြေအနေကို တိတ်တခိုး အကဲခတ်ရင်း ကျွန်မသည် စားပွဲပေါ်ရှိ ကြိမ်လုံးသုံးချောင်းဆီသို့ လက်လှမ်းလိုက်ပါသည်။ မြန်မာဆိုင်းဆရာများကို ဂုဏ်ပြုသောအားဖြင့် ကျွန်မ၏ ကြိမ်လုံးများကို "စိန်ဘမောင်" "စိန်ဗိုလ်တင့်" "စိန်စတင်း" ဟု အကြီးအသေးလိုက် အမည်မှည့်ခေါ် ထားပါသည်။

တကယ်တော့ ရိုက်နှက်ဆုံးမခြင်းကို ကျွန်မလည်း မကြိုက်ပါ။ သို့သော် မတတ်နိုင်ပါ။ လူကြီးများသည်ပင် လူထက် လက်နက်ကို ပိုကြောက်တတ်ကြကြောင်း မည်သူ ငြင်းနိုင်မည်နည်း။

ကျွန်မသည် ထိုသုံးချောင်းထဲမှ အကြီးဆုံးဖြစ်သော စိန်ဘမောင် ကို ရွေးချယ်လိုက်ပါသည်။ ယခုအခါမှာ သူတို့အားလုံး ထိတ်လန့်တကြား ရှိနေကြပါပြီ။ အချို့ကလည်း ဆရာမသည် သူ့ကိုယ်သူ ကြိမ်လုံးနှင့် ဘယ်နေရာကို ဘယ်သို့ရိုက်မည်လဲဟု စိတ်ဝင်စားနေကြသည်လား

www.burmeseclassic.com

မပြောတတ်ပါ။ သို့သော် ကျွန်မက သူတို့အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး

"ကဲ...အခု ဆရာမကို မင်းတို့အားလုံးက တစ်ယောက်တစ်ချက်စီ ရိုက်ကြရမယ်၊ ရဲတင့်ဇော် ငါ့သားက အရင်ထလာခဲ့၊ ဒီပြဿနာကို စတာ ငါ့သားပဲ၊ ကိုယ့်ပစ္စည်းကို ပေါ့ပေါ့ထားတတ်တဲ့ အကျင့်ကလေးဟာ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ ငါ့သား မမေ့သွားအောင်၊ ငါ့သားကို ပေါ့ပေါ့မနေတတ်အောင် မဆုံးမခဲ့တဲ့ ဆရာမကိုလည်းဒဏ်ခတ်ရအောင်၊ သူများထက်ပိုပြီး မင်းက ငါးချက်ရိုက်ရမယ်၊ ဖြည်းဖြည်းလေး မဟုတ်ဘူးနော် ခပ်ပြင်းပြင်းရိုက်၊ မင်းတို့သချင်္ချာဆရာဦးဘဆန်းကြီး စိတ်ဆိုးရင် ရိုက်သလိုမျိုး ရိုက်ရမယ်၊ ဆရာမက မနာဘူးထင်ရင် ပြန်ရိုက်ခိုင်းမယ်"

ရဲတင့်ဇော်၏ လက်ထဲသို့ စိန်ဘမောင်ကို ထည့်လိုက်ကာ ကျွန်မ၏ လက်ဝဲလက်ကို သူ့ရှေ့မှာ ဖြန့်ပေးလိုက်ပါသည်။ အခုနေ စက်တိုင်တက်ရရင်တောင် ဝမ်းမနည်းဘူးဟူသော မျက်နှာပေးမျိုးဖြစ်အောင် ကြိုးစားထားလိုက်ပါသည်။ အကယ်ဒမီရှော့ဆိုတာ ဒါမျိုးပဲ နေလိမ့်မည်ဟု ထင်ပါသည်။ ကျွန်မကို ကျွန်မ ထိုမျှ သရုပ်ဆောင်ကောင်းလိမ့်မည်ဟု မထင်ပါ။ ကျွန်မ မတောက်တခေါက် ဖတ်ဖူးသော "သင်ကြားမှုအတတ်ပညာ"အမည်ရှိ အင်္ဂလိပ်စာအုပ်တစ်အုပ်ထဲတွင် "အကယ်၍လိုအပ်လျှင် ဆရာသည် သရုပ်ဆောင်ကောင်းတစ်ဦးလည်း ဖြစ်ရမည်"ဟု ဆိုထားသည်ကို အမှတ်ရမိပါသည်။

အခုအခါ သူတို့အတော်ပင် ပွစိပွစိ ဖြစ်နေကြပါသည်။

"ဟော့ ဘယ်ကောင်လဲကွ ဖောင်တိန်ခိုးတာ၊ ပေါ်ရင်တော့ မသက်သာဘူး ဆွဲ ထိုးမယ်"ဟူသောအသံတွေ။

"ငါတို့က အချောင်ခံရတာ၊ မရိုက်ချင်ဘူးကွာ"ဟူသော အသံတွေ။

"ဟော့...ဖြည်းဖြည်းရိုက်ကြနော်"ဟူသော အဖော်ညှိသံတွေ။ ထိုအသံ တွေထဲမှာမှ အသံတစ်သံက တိုးထွက်ပေါ်လာပါသည်။

www.burmeseclassic.com

 www.burmeseclassic.com 

"ကျွန်တော်တို့ကို တခြားနည်းနဲ့အပြစ်ပေးပါ၊ ငရဲတော့ မပေးပါနဲ့ ဆရာမ"

ပေတေတေ၊ မှုန်ကုပ်ကုပ် မျက်နှာပေးဖြင့် စိတ်ဆတ်သလောက် လိမ်မပြောတတ်သော "သူရိန်"။ ကျွန်မ ပြုံးလိုက်ပါသည်။ ပြီး သူ့ကို ခပ်တည်တည် စိုက်ကြည့်လိုက်ကာ

"ကောင်းပြီ ရဲတင့်ဇော် ပြီးရင်၊ သူရိန်အလှည့်၊ ဘယ်သူ ဘာပြောကြဦးမလဲ"

ဘယ်သူမှ ဘာမှ မပြောတော့ပါ။ သနားစရာ အကောင်းဆုံးက တော့ ကျွန်မသား ရဲတင့်ဇော်သာဖြစ်ပါသည်။ အတန်းထဲမှာ စာတော်သူ၊ ဆရာများကို ရိုကျိုးသူ၊ ဆရာ့အချစ်ကို ခံချင်ရှာသူ။ မုန့်စားချိန်ရောက်တိုင်း ကျွန်မက ထမင်းဘူးကို ဖွင့်လိုက်သည်နှင့် မခိုင်းရဘဲ ကျွန်မရှေ့သို့ သောက်ရေတစ်ခွက် လာချပေးတတ်သူ။

"ရေအကျိုးဆယ်ပါးနဲ့ ပြည့်ပါစေ သားရယ်"ဟူသော ကျွန်မ၏ ဆုတောင်းသံကို စောင့်နားထောင်ပြီးမှ ပြုံးပျော်ရွှင်ပျစွာ ပြေးထွက်သွား တတ်သူ။ အခုတော့ သူ့မျက်ရည်လည်နေရှာပါပြီ။

"ဟော့ ရိုက်လေ၊ ကြာမနေနဲ့ရိုက်ဆိုရိုက်၊ မြန်မြန်ရိုက်"

ရဲတင့်ဇော်သည် ကျွန်မလက်ကို ငါးချက်ပြည့်အောင် မြန်မြန်လော လော ရိုက်လိုက်ပြီးလျှင် ကြိမ်လုံးကိုပစ်ချ၍ သူ့နေရာသို့ ပြေးထွက်သွား ပါသည်။ လှမ်းမကြည့်ရဘဲ သူငိုနေပြီဖြစ်ကြောင်း ကျွန်မ သိပါသည်။ ကျွန်မလည်း အခုမှပင် တကယ်မျက်ရည် လည်လာပါသည်။ သူရိန့် အလှည့်မှာတော့ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပဲကျွန်မကို တစ်ချက်ရိုက်ပါသည်။

"ဟော့ မနာဘူးကွ၊ ပြန်ရိုက်"

သူက ကျွန်မကို မျက်မှောင်တစ်ချက်ကုတ်ကြည့်ကာ ခပ်ပြင်းပြင်း ကလေး ပြန်ရိုက်ပါသည်။ သူကတော့ ငိုမည့်ကောင်စားမျိုး မဟုတ်ပါ။

www.burmeseclassic.com

သို့သော် သူ့မျက်နှာ ပို၍ မှုန်ကုပ်သွားကာ တစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်နေတော့မည်ဖြစ်ကြောင်း ပြီး သူ့နည်းသူ့ဟန်နှင့် သဲလွန်စရှာတော့မည်ဖြစ်ကြောင်း ကျွန်မ သိနေပါသည်။

ကျွန်မ သမီးများကတော့ ကျွန်မကို ဖြည်းဖြည်းကလေးပဲ တစ်ချက်စီ ရိုက်ကြပြီးနောက် ရဲတင့်ဇော်ကို အားကျကာ လှုလှုပပကလေးတွေ ငိုနေကြပါတော့သည်။ သူတို့ ငိုလို့တော်တော် ကောင်းနေကြဦးမည် ဖြစ်ကြောင်းကိုလည်း ကျွန်မ သိပါသည်။ သည်လိုနှင့် လူစေ့တက်စေ့ မကျန်မရှိရအောင် ကျွန်မ လိုက်၍ အရိုက်ခံလိုက်ပါသည်။ နှစ်ရှည်လများ သူများသားသမီး ရိုက်ခဲ့တဲ့ ဝဋ်တွေ တစ်မနက်တည်းနဲ့ လည်တော့တာပဲဟု ရယ်စရာ တွေးမိပါသည်။

အရိုက်ခံပွဲကြီးကျင်းပြီးသောအခါ အတန်းထဲမှ ကျွန်မဖြည်းညင်းစွာ ထွက်လာခဲ့ပါသည်။ ယခုအခါ ကျွန်မသည် အညာကို ကိုင်လှုပ်ခဲ့ပေပြီ။ အသီးကြွေမကြွေကိုမူ စောင့်ကြည့်ရပါမည်။ ဗီရိုကို ဂရုတစိုက်ပြန်ပိတ်၊ သော့ပြန်ခတ်၊ ဟဟကလေးဖြစ်အောင်လုပ်၊ ပြီးမှ ကျောင်းဆောင်အောက် ထပ်သို့ ကျွန်မဆင်းလာခဲ့ပါသည်။ ကျွန်မသည် စင်္ကြံလမ်းအတိုင်းလျှောက် လာကာ ရေအိုးစင်များထိပ်၌ ရပ်လိုက်သည်။ နောက်စပ်ဖျဉ်းဖျဉ်းဖြစ်နေသော ကျွန်မ၏လက်ကို ရေအေးအေးနှင့် လောင်းချလိုက်ပါသည်။ စိတ်ထဲမှာကား စိုးထိတ်နေဆဲ ရှိပါသည်။ ကျွန်မ၏ နောက်ဆုံးနည်းသည် အောင်မြင်ပါဦးမည်လား။ အကယ်၍ မအောင်မြင်ခဲ့ပါလျှင် ကျွန်မသည် မိမိကိုယ်ကို တကယ်ပင် ဒဏ်ခတ်လိုက်သည့်နှယ် ရှိပေတော့မည်။

ဆယ်မိနစ်ခန့် အချိန်ဖြုန်းခဲ့ပြီးမှ အပေါ်ထပ်သို့ ပြန်တက်ခဲ့ပါသည်။ ကျွန်မ၏ အတန်းပြင်ဘက် ဗီရိုနှင့်ကပ်လျက် ထောင့်နေရာတွင် ကျွန်မတို့ ဆရာများ၏ ခြင်းတောင်းများ၊ ထမင်းဘူးများ တင်ထားရာ စားပွဲတစ်လုံး ရှိပါသည်။ ကျွန်မ၏ ပလတ်စတစ်ခြင်း အနီကလေးကိုလည်း စားပွဲထား ဆုံးတွင် တွေ့နေရပါသည်။ ကျွန်မသည် လက်သုတ်ပဝါကိုယူရန်



www.burmeseclassic.com

ခြင်းထောင်းထဲသို့ လက်နှိုက်လိုက်ပါသည်။ ထိုခဏ၌ အေးစက်မာကျော သော အတွေ့တစ်ခုသည် ကျွန်မ၏ လက်ချောင်းများမှတစ်ဆင့် ကျွန်မ၏ ဦးနှောက်နှင့် အသည်းနှလုံးဆီသို့ ရုတ်တရက် ချက်ချင်းပျံ့နှံ့ စီးဝင်သွား ပါသည်။

ဖြုန်းခနဲ လက်ကိုဆွဲထုတ်ကာ နေရောင်မှာ ထောင်ကြည့်လိုက် ပါသည်။ ငွေဖြူရောင် မြားတံအဖုံးနှင့် တရုတ်နီပတ်ကား ဖောင်တိန် အနက်ကလေး။ ကျွန်မရင်မှာ အခုန်မြန်လာပါသည်။ ရုတ်တရက် ဝမ်းသာသွားသလား၊ ဝမ်းနည်းသွားသလားပင် မသိလိုက်ပါ။ နှစ်ခုလုံး ဖြစ်သွားသည်ဟုထင်ပါသည်။ တကယ်တော့ ကျွန်မ၏သားများအားလုံး လူကြီးလူကောင်းကလေးတွေချည်း ဖြစ်ကြပါသည်။ ဒါနှင့်တောင် စောစောကလေးကတင် "မိမဆုံးမသား" ဟု အဘယ်ကြောင့် နှုတ်မစောင့် စည်းစွာ ကျွန်မ ဆဲရေးမိခဲ့ပါလိမ့်။

နေပါဦး။ဘယ်တုန်းကတည်းက ဒီထဲကို ဖောင်တိန်ရောက်နေတာ ပါလိမ့်။ ရိုက်ပွဲကြီး မကျင်းပခင် တစ်ယောက်ချင်း ထွက်၍ ထည့်ခိုင်းစဉ် ကပဲလား၊ နောက်မှလား။ ငါ့နှယ်နော် စောစောကတည်းက ဗီရိုကိုစစ်အပြီး ခြင်းထောင်းထဲလည်း ကြည့်လိုက်ဖို့ကောင်းတာ။ အို...ငါဘာတွေ ဓိဇာကြောင် နေသေးသလဲ။ ဘယ်တုန်းက ထည့်ထည့်ပေါ့၊ တကယ်တော့ ဒါက အသေးအဖွဲ၊ ဟုတ်တယ်၊ စောစောကတည်းက ထည့်ထားတယ်လို့သာ ငါ တွေးရမယ်၊ တကယ်တော့ ငါ့သားဟာဒီလောက်မဆိုးနိုင်ပါဘူး။ အို... သူ ဘယ်သူပါလိမ့်။

အခုနေ တစ်ယောက်ချင်း၏ မျက်လုံးများကို စေ့စေ့လိုက်ကြည့်လျှင် တွေ့နိုင်ကောင်းပြီဟု ထင်ပါသည်။ ကျွန်မ ခြေလှမ်းကြွလိုက်မိပြီးမှ အသိစိတ်ကို ထိန်းချုပ်လိုက်ရပါသည်။ "ဘယ်သူမှ မသိစေရပါ" ဟု ကျွန်မ ကတိပေးလိုက်မိပြီး ဖြစ်နေပြီ။ ကျွန်မကိုယ်တိုင်ပင် သိဖို့ရော လိုပါသေးသလား။ လောလောဆယ်မှာတော့ မလိုသေးဟု ထင်ပါသည်။

www.burmeseclassic.com

မသိဘဲရှိခြင်းက ကျွန်မ၏ ထိုသားတစ်ယောက်ကို ငဲ့ညှာရာ ရောက်လိမ့်လေမလား။

ကျွန်မသည် ယခုပင် အတန်းတွင်းသို့ ပြေးဝင်သွားကာ ဖောင်တိန်ပြန်လည် တွေ့ရှိကြောင်း သတင်းကောင်းကို ပြန်ကြားလိုက်ချင်ပါသည်။ ထိုအခါ ဦးစွာပြုံးသွားမည်ဟု ထင်ရသော ဖောင်တိန်ရှင် ရဲတင့်ဇော်ကို

"ကဲ...ငါ့သား ဆရာမဆီမှာ မင်းဖောင်တိန်ကို သောက်ရေတစ်ခွက်နဲ့ လာရွေးလှည့်"ဟု ချော့ရပါမည်။

ပြီးလျှင် ယခုတိုင် မှုန်ကုပ်နေဦးမည်ဟု ထင်ရသော ကျွန်မသားသတ္တိခဲ သူရိန်ရှိရာသို့သွားကာ သူ၏ ပခုံးကို လက်နှင့်ပုတ်၍—

"တကယ်တော့ မင်း ကုသိုလ်ရတာပါ သားရယ်"ဟု ရှင်းပြရဦးမည်။

ကျွန်မ၏ သမီးမစပ်စုတို့ မပျံလွှားတို့ဘက်သို့မူ ပြုံးတစ်ဝက်မဲ့တစ်ဝက် မျက်နှာထားဖြင့်လှည့်၍—

"ဟင်း...အလုပ်ပြင်ဖို့နဲ့ ငိုဖို့သာ သိတတ်တဲ့ မိန်းမတွေ"ဟု ဆူပူကြိမ်းမောင်းရပါဦးမည်။ ကျွန်မ၏ထိုအပြုအမူများသည်ပင် ယခုအခါ တစ်နေရာရာက ကျိတ်၍ မျက်ရည်ဝဲနေမည်ဟု ထင်ရသော ကျွန်မမရှာဖွေတော့ပြီဖြစ်သော ကျွန်မ၏ ထိုသားတစ်ယောက်ကို နှစ်သိမ့်ရာကျစေချင်ပါသည်။

သို့သော် သူတို့ရှိရာသို့ ကျွန်မ ရုတ်တရက် မသွားနိုင်သေးပါ။ အတန်းတွင်းဘက်သို့ နားစွင့်လိုက်သောအခါ တိတ်ဆိတ်ငြိမ်သက်နေကြမြဲဖြစ်ကြောင်း တွေ့ရပါသည်။ သူတို့မျက်နှာများလည်း ညှိုးငယ်နေကြဆဲဖြစ်ပါလိမ့်မည်။ ကျွန်မသည် သူတို့ကို မိနစ်ပိုင်းအတွင်းပင် စိတ်နှလုံးညှိုးချုံးအောင် ညှဉ်းပန်းနှိပ်စက်ထားမိခဲ့ချေပြီ။

ကျွန်မ၏ ထိုမတရားမှုကို ပြန်လည်ချေဖျက်ရန် ကျွန်မတွင်တာဝန်ရှိနေပါပြီ။ သူတို့မျက်နှာပေါ်မှာ ပြုံးပျော်ရယ်မောခြင်းတွေ တစ်ခဏ

www.burmeseclassic.com

ချင်းရောက်လာအောင် ကျွန်မလုပ်ရပေမည်။ အကြမ်းခန်းနှင့် အလွမ်းခန်းကို ကခဲ့ပြီဖြစ်သော ကျွန်မသည် အခုအသောခန်းကိုလည်း ပြောင်းကနိုင်ပါလိမ့်ဦးမည်။ ကိုယ့်ကိုယ်ကို ယုံကြည်ရဲသော စိတ်ကို ကျွန်မ သားသမီးများက ကျွန်မအား ပေးအပ်လိုက်ပါပြီ။ ကျွန်မသည် သူကလေးတို့၏ငွေဆည်းလည်းသံ ချွင်ချွင်ကလေးများကိုပင် ကြားယောင်လို့ လာပါသည်။ ထိုခဏမှာပင် ကျွန်မကိုယ်တိုင်လည်း အတော်ဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြောင်း သတိထားမိပါသည်။

[ရှုမဝ၊ အောက်တိုဘာ ၁၉၇၉]

www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုပင်ဇာတ်သိမ်း

အဖေကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်ကျော်လာခဲ့သည်နှင့်အမျှ အိမ်ရှေ့တွင် အဖေစိုက်ထားခဲ့သော သစ်ပင်များမှာလည်း တစ်ပင်ပြီးတစ်ပင် အနိစ္စသဘော ကိစ္စချောခဲ့လေပြီ။ ယခုအခါ ဆီးပင်တစ်ပင်သာ နောက်ဆုံးကျန်ရစ်တော့သည်။

ဆီးပင်ကလေးမှာ ဆီးချိုမျိုးကောင်းဖြစ်၍ မြေပဒေသာမှ အဖေ ဝယ်လာခဲ့ခြင်းဖြစ်သည်။ တစ်ချိန်က ယိုးဒယားဆီးသီးဟု နာမည်ကျော်ကြားခဲ့ဖူးသောမျိုးဖြစ်သည်။

အဖေဝယ်လာစဉ်က သူ့အရပ်မှာ အလွန်ဆုံးမြင့်လှမှ တစ်ပေခွဲခန့်သာရှိပေမည်။ သို့သော် သူ့မှာ အသီးခုနစ်လုံးပါလာလေသည်။ အထူးအဆန်း ပစ္စည်းသဖွယ် မောင်နှမတစ်တွေ ဝိုင်းအုံကြည့်ခဲ့ကြရသည်။ မောင်လတ်နှင့် မောင်ထွေးတို့က ခြေမြန်လက်မြန် ခူးမည်ပြင်တော့ အဖေက လက်တားသည်။

"နောက် နှစ်ပတ်လောက် ထားလိုက်ရင် အလုံးအကြီးကြီး ဖြစ်လာမှာ၊ ဟောဒီလောက်ရှိတယ်၊ ပန်းသီးကြီးလိုပဲ၊ အဲဒီတော့မှ အဖေ ခူးပေးမယ်နော်၊ အတော်ပဲ မောင်နှမ ခုနစ်ယောက် တစ်ယောက်တစ်လုံး

အတွက်ကျရမယ်”

ထိုအခါ ပို၍ ကြီးမည်ထင်ရသော အလုံးများကို ညွှန်ကာ သူ့အလုံးငါ့အလုံး ဦးကြရပြန်သည်။ ပြီးတော့ နှစ်ပတ်တာ ကာလအတွင်း ဆီးပင်ကလေးကို သူ့ထက်ငါဦးအောင် ရေလောင်းကြရပြန်သည်။

အငယ်ကလေးတွေပင်လျှင် ခါတိုင်းလို အကစားမမက်တော့ဘဲ မနက်မိုးလင်း မျက်နှာသစ်ပြီးသည်နှင့် ဆီးပင်ကလေးနားသို့ သွား၍ ဆီးသီးကလေးများကို အကဲခတ်ရသည်။ “မနေ့ကထက် ပိုကြီးလာပြီဟေ့” ဟု ယုံကြည်စွာပြောကာ စားရမည့်ရက်ကို လက်ချိုးရေတွက်နေတတ်ကြလေသည်။

ဆီးသီးကလေးတွေမှာ အဖေပြောသလိုပင် တစ်နေ့ထက်တစ်နေ့ ပို၍ကြီးထွားလာခဲ့ကြသည်။ အစိမ်းရင့်ရောင်မှ ဝင်းဖန့်ဖန့်အသွေးသို့ ပြောင်းလဲလာသည်။

အလုံးပမာဏလည်း ဖန်ဂေါ်လီအကြီးစား အရွယ်ခန့်မျှ ရှိလာ၍ ညီညာချောမွတ် ဝင်းပြောင်နေသည်။ နှစ်ပတ်ပြည့်တော့ မောင်နှမတစ်တွေ ဆီးသီးအမွေခွဲရန် အဖေ့ထံမှောက်သို့ မျက်နှာစုံညီ ရောက်လာကြသည်။

အဖေ့မျက်နှာမှာ ခူးပေးလိုစိတ် ရှိလုပုံမရ။ သူ့ပန်းပင်များနှင့် ပတ်သက်လာလျှင် အဖေ့ညာ–ဉ်မှာ သည်အတိုင်းပဲဖြစ်သည်။ ယခုအခါ သူ့စကားနှင့်သူမို့ ကတိမတည်၍ မဖြစ်သောအခါ–

“နော်တစ်ပတ်ဆက်ထားရင် မာလကာသီးကြီးလောက် ရှိလာမှာကွ”ဟု မက်လုံးပေး၍ သားသမီးတို့ကို ဖျောင်းဖျကြည့်သေးသည်။ သို့သော် မည်သူမျှ သည့်ထက်ပို၍ မစောင့်နိုင်ကြတော့ပြီ။

ထိုနေ့က အဖေ ခွဲဝေပေးသောဝေစုကို လုယူ စားခဲ့ကြရသည်မှာ ပျော်စရာကောင်းလှသည်။ အငယ်တွေက ထုံးစံအတိုင်း အကြီးဆုံး အလုံးများကို ရွေးချယ်ကာ သူ့အလုံးငါ့အလုံး ငြင်းခုံ၍ လုကြသည်။

ပြီးလျှင် ရလာသောသူတို့ဝေစုကို ပါးစပ်တွင်းသို့ အမြန်ခုံသွင်း၍

www.burmeseclassic.com

စားပစ်လိုက်ကြပြီးနောက် အစားနေးသူတို့ထံ ချဉ်းကပ်လာကြပြန်သည်။

ထိုခါ အစားနေးသူတို့က "ဟော့ ကိုယ့်ဝေစုနဲ့ ကိုယ်နော်၊ ဗိုလ်မကျနဲ့ မရဘူး"ဟု စားမာန်ခုတ်ကြသည်။ နေ့ဖို့ညစာ ချန်တတ်သော "ကပ်စေးနဲ" မလေးကတော့ သူ့ဝေစုကို အလုံးမပျက်သိမ်းထားကာ မကြာခဏ ထုတ်ထုတ်ကြည့်နေသည်။

မကြီးသည် သူ့ဝေစုကို အမေ့အား ဦးစွာ တစ်ကိုက်ကိုက်စေပြီး အငယ်တွေ လာမလုခင် လက်ကျန်ကို တစ်ခါတည်း စားပစ်လိုက်သည်။

ပထမဆုံးအကြိမ်အဖြစ် စားဖူးရသော ဆီးချိုသီးကလေးကား အရသာ ရှိပေစွ။ အချဉ်ဓာတ်နည်းနည်းမှ မပါ။ အခွံပါးပါး။ အစေ့သေးသေးနှင့် အသားထူသည့်ပြင် ပွပြီး မွတ်နေသည်။ ချွဲခြင်း၊ ဖန်ခြင်းလည်း လုံးဝမရှိ။ အရသာမှာ မြမြကလေး ချိုပြီး စိမ့်အေးနေသည်။ ဆီးချိုသီး၏ အရသာကို အားလုံးပင် စွဲတသက်သက် ဖြစ်ကြရလေပြီ။

မိုးဦးကျလာသောအခါ အဖေသည် မယ်တော်ကြီးနှင့် အင်းဂမုန်းပင်တွေ ရှုပ်ထွေးနေသော အိမ်ရှေ့ ဗာဒံပင်ခြေရင်းကို ရှင်းလင်းပြီးလျှင် ဆီးပင်ကလေးအား ချစိုက်လိုက်သည်။

ရေမြောင်းနံဘေးက မြေကွက်ကျဉ်းကလေးမှာ သစ်ပင်စိုက်နေရှာသော အဖေသည် တစ်ချိန်က ပန်းဟော်ဝန် ဖြစ်ခဲ့သော သူ့ခြံကြီးကို သတိရ နေပေလိမ့်မည်။

အဖေ၏သစ်ပင်စိုက် ဝါသနာကား မကြီးတို့ မမွေးမီကပင် အဖေ၌ စွဲကပ်ခဲ့ဟန်ရှိ၏။ မကြီး ဆယ်နှစ်သမီးခန့်တွင် ရောင်းပစ်လိုက်ရသော အိမ်နောက်ဖေးက အဖေ့ခြံကျယ်ကြီးကို မှတ်မိနေ သေးသည်။

ခုတော့ ထိုနေရာမှာ တိုက်သစ်ကြီးတစ်ဆောင် ဟီးနေသည်။ ခြေရင်း အိမ်နေရာပေါ့။ အငယ်တွေ သိမီလိုက်ခြင်းမရှိသော အဖေ့ခြံကြီး အကြောင်းကို မကြီးသတိရတိုင်း တသစွာ ပြန်လည်ပြောပြတတ်သည်။

အဖေ၏သရက်ပင်တန်းအစပ်က ရေနီမြောင်းမှာသဘောင်တတမ်း



www.burmeseclassic.com

ကစားခဲ့ပုံ၊ ရွက်လှတောဥ္ တူတူပုန်းခဲ့ပုံ။

ယုဇန၊ တတိုင်းမွှေး၊ ပုန်းညက်၊ ဇီဇဝါနှင့် ဆောင်တော်ကူးပန်းများ တစ်ခဲနက်ပွင့်တတ်ကြပုံ။ စံပယ်နှင့် ဓွန်ပန်း လှိုင်လှိုင်ပွင့်သောရာသီ၌ ညဥ့်ဦးယံများမှာ တစ်အိမ်သားလုံး ပန်းသီရပုံ။

အဖိုးတန်၍ ရှားပါးဆန်းကြယ် အသွေးအရောင် ကြွယ်သော သစ်ခွတန်းများသို့ အဖေ့မိတ်ဆွေ ဧည့်သည်များ မကြာခဏ လာရောက်ကြည့်ကြပုံ။

အဖေနှင့် အတူရောက်ခဲ့ဖူးသော ကန်တော်ကလေးပန်းခြံမှ ပန်းပြိုင်ပွဲများ၊ အဖေ၏ ပြိုင်ပွဲဝင်ဆုရ ဂန္ဓမာ အိုးများနှင့် နှင်းဆီအိုးများ။

ပြီးတော့ အဖေ၏ အုန်းမျိုးကောင်း၊ မာလကာပင်များအကြောင်း၊ ပင်စည်အောက်ခြေ မြေပပ်ကြားအက်ထဲက ခွဲထွက်၍ သီးတတ်သော ပိန္နဲသီးများအကြောင်း၊ ခြံထောင့်ကသဘော်ပင်များနှင့် ချိုရဲသော သကြားသီးများအကြောင်း။

အငယ်များမှာ အငေးသားနားထောင်ရင်း သွားရည်ကျနေတတ်ကြသည်။

“မမကြီးက သိပ်ကံကောင်းတာပဲ၊ ကျွန်တော်တို့ကိုမွေးတော့ အဖေက နည်းနည်းဆင်းရဲသွားပြီနော်”ဟု ဝမ်းနည်းစွာ ပြောတတ်ကြသည်။

အဖေသည် မိတ်ဆွေတစ်ဦး အဆွယ်ကောင်း၍ စီးပွားရေးလုပ်ငန်း တစ်ခုကို နားမလည်ဘဲ အစုစပ်လုပ်ခဲ့မိရာ အရှုံးကြီး ရှုံးခဲ့လေသည်။

ထိုအခါ အလုံးအရင်းနှင့်တက်လာသော ကြွေးမြီများကို ဆပ်နိုင်ရန် သူ အလွန်စုံမက်မြတ်နိုးသော ခြံကြီးကို ရောင်းချခဲ့ရ၏။

အဖေ အဘယ်မျှ စိတ်ထိခိုက်ခဲ့ရရှာမည်ကို ငယ်စဉ်ကတော့ မကြီးတို့ မတွေးတတ်ခဲ့ကြပေ။ ပိုင်ရှင်သစ်များ ခြံထဲသို့ ရောက်လာသော နေ့တွင် အဖေသည် အိမ်မှ တစ်နေ့လုံး ပျောက်ကွယ်နေခဲ့သည်ကိုသာ မှတ်မိနေသည်။



www.burmeseclassic.com

မကြီးအဖို့မှာမူ ထိုနေ့ မနက်အစောကြီးကပင် နိုးနေခဲ့၏။နှမြော တသသောစိတ်၊ ဝမ်းနည်းကြေကွဲသောစိတ်နှင့် ခေါင်းလည်းမဖြီး၊ အစာလည်းမစား၊ မျက်နှာပင် မသစ်ဘဲ အိမ်နောက်ဖေး လှေကားထစ်တွင်ထိုင်ကာ ခြံထဲသို့ လှမ်းမျှော်ငေးမောနေခဲ့သည်။

ရွှေကုန်သည်ဟုဆိုသော ပိုင်ရှင်သစ်ကား အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် စကားကို ကျယ်လောင်ကျယ်လောင် ပြောတတ်သော လူဝကြီးတစ်ယောက်ဖြစ်သည်။

သူသည်ခြံထဲသို့ အလုပ်သမားလေးငါးယောက်ခေါ်လာကာ သစ်ပင်များကို လက်ညှိုးညွှန်၍ ခုတ်စေတော့သည်။ မြေကြီးတစ်ကြက်ဥစာမက ဝမ်းထဲအဝင်ခံကာ အဖေတူးဆွ စိုက်ပျိုးပြုစုခဲ့ရသမျှသော သစ်ပင်တို့ကား မိနစ်ပိုင်းအတွင်းမှာပင် မြေပေါ်သို့ တစ်ပင်ပြီးတစ်ပင် လဲကျသွားကြလေသည်။

အဖေ့သစ်ပင် တစ်ပင်လဲတိုင်း မကြီး၏ အသည်းနှလုံး၌ စစ်ခနဲ တစ်ကြိမ် နာကျင်ရပြီး နှလုံးသွေးဖြစ်သော မျက်ရည်တစ်စက် ပေါက်ခနဲ စိမ့်ကျလာခဲ့သည်။

အဖေ့သစ်ပင်တို့ မြေကျခန်းကို မကြီးသည် မျက်ရည်တွေတွေကျလျက် အစအဆုံး ကြည့်နေခဲ့၏။ သို့နှင့်ပင် သစ်ခုတ်သမားတို့သည် နောက်ဖေးဆောင် တံစက်မြိတ်နှင့် အနီးဆုံးဖြစ်သော ခြံစပ်က စကားဝါပင်ပျိုကလေး နှစ်ပင်ဆီသို့ နောက်ဆုံးရောက်လာခဲ့ကြသည်။ တစ်ခြံလုံးတွင် ထိုစကားဝါ နှစ်ပင်ကို မကြီးက သံယောဇဉ်အရှိဆုံးဖြစ်သည်။

"သမီးကိုမွေးတဲ့နေ့မှာ အမှတ်တရ အဖေစိုက်ခဲ့တာ၊ သမီးနဲ့အသက်တူတူပဲ"ဟု အဖေပြောထားဖူးသဖြင့် "ဖွားဖက်တော်"ဟူသော အစွဲကလည်း ပါနေသည်။

သူကလေးတို့ခမျာ ခုနှစ်မှသာ စတင်ပွင့်ရရှာသေးသည်။ ပင်ပျိုငြင့်မို့ ဝါရွှေသော ပွင့်ဖတ်တွေ ရှန်းစို ဖွံ့ထွားကာ ကြိုင်လှိုင်မွှေးပျံ့ရှာသည်။



www.burmeseclassic.com

ကိုင်းဖျားက ရွက်ရင်းများကြားမှာ ကတ္တီပါမွေးနု ဖုံးနေသော အဖူးများ အစီအရီ ထွက်စပြုနေပုံကပင် ရှင်မြူးအားရစရာကြီး ဖြစ်နေသည်။

သို့သော် ခုတော့ မကြီးလိုပင် စနေသမီး မရဏာဖွား ဖြစ်သော သူကလေးတို့လည်း ကံခေရှာလေပြီ။

ပင်စည် အသားထဲသို့ ပုဆိန်သွား နစ်မြုပ်ဝင်သွားသံ တဒုတ်ဒုတ်မှာ မကြီး၏နှလုံးအိမ်ကို တူနှင့်ထုနေသကဲ့သို့ ရှိခဲ့၏။ သစ်စများ ဖွာခနဲ၊ ဖွာခနဲ လွင့်တက်သွားပုံမှာလည်း စကားဝါပင်ကလေး ငိုကြွေးနေသည်နှင့်တူနေသည်။

နောက်ဆုံး ပုဆိန်ချက်အဆုံးမှာ ဝုန်းခနဲ လဲကျသွားသော စကားဝါပင်ကလေးကို မျက်နှာလွှဲပစ်ပြီး ရှိုက်သံများနှင့်အတူ အိမ်ထဲသို့မကြီး ဝင်ပြေးခဲ့ရသည်။

"သူတို့က အိမ်ဆောက်ဖို့ ဝယ်တာပဲသမီးရယ်၊ သစ်ပင်တွေကို ခုတ်ပစ်ရတာပေါ့"

"တခြားအပင်တွေ ခုတ်တာ ထားပါတော့၊ ဒီစကားဝါပင်ကလေးတွေကိုတော့ ချန်ထားခဲ့ဖို့ ကောင်းပါတယ်၊ အမေရယ်၊ အိမ်နေရာနဲ့ အလွတ်ကြီးပဲ"

"သူတို့မြေကြီး သူတို့သဘောပေါ့၊ သူတို့က ပန်းမကြိုက်လို့ နေရှာမှာပေါ့ကွယ်"

"မဟုတ်ပါဘူး၊ အမေရာ စကားဝါပန်းတွေပွင့်တိုင်း သမီးတို့ကို လည်း နည်းနည်းခွဲပေးရမှာစိုးလို့ ခုတ်ပစ်တာပါ"

မကြီး၏ အပြောကို အမေက နှစ်ခြိုက်စွာ ရယ်မောပစ်ခဲ့၏။

ခြံကြီးမရှိတော့သည့်နောက်ပိုင်းတွင် ဝါသနာကို မစွန့်နိုင်ခဲ့ရှာသော အဖေ့ခမျာ အိမ်ရှေ့ရှိ မြေကွက်လပ်ကျဉ်းကလေးမှာပင် မြူနီစီပယ်ဥပဒေနှင့် မလွတ်ကင်းစွာ စိုက်ရပျိုးရရှာသည်။

နောက်မှ ရောက်လာသော ဆီးပင် ကလေးမှာလည်း ပူ့အရင်



www.burmeseclassic.com

နေရာဦးထားနှင့်သော ဗာဒံပင်အောက်၌သာ မိုးခိုရရှာတော့သည်။ လောင်းရိပ်မိသွားသောကြောင့် နှောင်နှစ်များ၌ အသီးမသီးတော့ပေ။ ထိုအခါ မကြီးတို့ကလည်း ဆီးပင် ကလေးကို မကြာမီ မေ့လျော့သွားလေတော့သည်။

သို့နှင့်ပင် နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် အမှတ်မထင်ကုန်ဆုံးလာခဲ့သည်။ အဖေကွယ်လွန်သည်မှာပင် နှစ်အတန် ကြာခဲ့ပြီ။ တမြန်နှစ်ကတော့ မကြီးတို့သည် အရိပ်ရသည်နှင့် မကာမိအောင်အရွက်ခြောက်တွေ ရှုပ်ထွေးစေသော ဗာဒံပင်ကြီးကို ခုတ်ပစ်လိုက်ကြသည်။

ဆီးပင် ကလေးကား လောင်းရိပ်မှ လွတ်ကင်းခဲ့လေပြီ။ နေခြည်ကို ခံယူရသည်နှင့် အံ့သြစရာကောင်းလောက်အောင် တစ်ရှိန်ထိုး ထွားတက်ခဲ့သည်။

မိုးဦးကျတွင် အပွင့် ဖြူဖြူကလေးတွေ ဖွေးနေအောင်ပွင့်ပြီး ဆောင်းဦးပေါက်မှစ၍ အသီးများ လိုက်လာတော့သည်။

အသီးကိုမြင်လိုက်ရလျှင် မကြီးတို့လည်း အရင်က ပစ်ထားခဲ့ရသမျှကို အတိုးချ၍ ဆီးပင်ကလေးအား အရိပ်တကြည့်ကြည့် ရှိလာရသည်။

ထို ပထမနှစ်မှာ အလုံးနှစ်ဆယ်၊ အစိတ်မျှ မကြီးတို့ စားလိုက်ရသေး၏။ သူ့ကို စတင်ဝယ်လာစဉ်က မောင်နှမတစ်တွေ ဝေပုံကျမြည်းခဲ့ရဖူးသော အရသာထက် ပိုမိုလေးပင်လာသည်ဟုပင် ထင်မိလေသည်။ ငယ်သေးသော ဆီးပင်ကလေးအကြောင်းကို ထိုနှစ်က လူတွေ သိပ်မသိလိုက်ကြပေ။

ဒုတိယနှစ်သို့ ရောက်သောအခါ ဆီးပင်ကလေးမှာ လူတစ်ရပ်သာသာမျှ ကြီးထွားလာခဲ့လေသည်။ အပွင့်ဖြူဖြူ သီးကင်းစိမ်းစိမ်းကလေးတွေလည်း ပိုမိုစည်ကား မြိုင်ဆိုင်လာသည်။

ထိုအခါ ဆီးပင်ကလေးကို လူသိများစ ပြုလာလေပြီ။ ဈေးသွားဈေးပြန်များသည် ဆီးပင်ကလေးရှေ့မှ ဖြတ်သွားတိုင်း မေ့၍မော့၍



www.burmeseclassic.com

ကြည့်သွားကြကုန်၏။

အခါတိုင်း လမ်းတွေ့လျှင် ဝတ်ကျောတန်းကျေ ပြုံးပြပြီး ဘာသိဘာသာနေတတ်ကြသော အိမ်နီးနားချင်း အချို့ပင်လျှင်

"ဆီးပင်ကလေးက သီးလိုက်တာနော်"ဟု ချီးမွမ်းအားကျသလို ဖော်ရွေစွာ မှတ်မှတ်ရရ ပြောသွားတတ်ကြလေသည်။

"ဒီနှစ်တော့ အိမ်နီးချင်းတွေကို ဝေမှပဲ"

အမေကလည်း အလိုက်သိစွာ ပြောနေသည်။ ဆီးသီးလုံးကလေးတွေ အနည်းငယ် ကြီးလာတော့ လူကြီး ပရိသတ်ထက် အရင်ဦးစွာ ရောက်လာကြသူများမှာ ကလေးပရိသတ်တို့ပင် ဖြစ်သည်။

ဆီးပင်ကလေးအောက်မှာ လမ်းနီးချုပ်စပ်မှ ကလေးတို့ဖြင့် စည်ကားဆူညံနေတော့သည်။ ဆီးသီးကလေးတွေကို တုတ်နှင့် ရိုက်ချကြ၊ ခဲနှင့်လှမ်းပစ်ကြရာ အိမ်ရှေ့ပေါက်တွင် အိမ်သားတစ်ယောက်ယောက် ကင်းစောင့်နေရတော့သည်။

ထိုအခါ ဆီးပင်စောင့်အလုပ်ကို မကြီးကအစ ဘယ်သူမျှ အချိန်ပြည့် မလုပ်နိုင်။ လုပ်လည်း မလုပ်ချင်ခဲ့ကြပေ။ အိမ်သားတွေစောင့်ဖို့ တစ်ရက်ပျင်းသွားတိုင်း ဆီးပင်မှာအသီးတွေ လျော့လိုက်လာသည်။

ရိုက်ချခံထားရသော သီးကင်းကလေးတွေမှာလည်း မြေပေါ်တွင် နှမြောဖွယ်ရာ ပြန့်ကျဲနေတော့သည်။ လက်လှမ်းမီသော အောက်ကိုင်းများမှာလည်း တုတ်ချက်ဒဏ်ကြောင့် ကျိုးကျေနွမ်းခြောက်လာသည်။ ထိုနှစ်က အိမ်နီးချင်းတို့ကို ဝေဖို့ဝေးစွ မကြီးတို့ပင် ဆယ်လုံးပြည့်အောင် မစားလိုက်ရချေ။

တတိယနှစ်ရောက်ခဲ့ပြန်သောအခါ ဆီးပင်ကလေး ပို၍ကြီးထွားလာသည်နှင့်အမျှ ဆီးပင်ပရိသတ်တို့လည်း ယခင်နှစ်ကထက် နှစ်ဆမကတိုးပွားလာတော့သည်။

ပရိသတ်တို့သည် အရင်နှစ်ကလို တုတ်နှင့်ရိုက်၊ ခဲနှင့်ပစ်ရုံ

www.burmeseclassic.com

မကတော့ပဲ အပင်ပေါ်သို့ပင် တက်ရောက်လာကြသည်။ အသံကြား၍ ထွက်ကြည့်တိုင်း၊ သစ်ကိုင်းခွကြား ကျဉ်းကျဉ်း၌ လေးငါးယောက် ခိုစီးထားသဖြင့် နတ်ဝင်သည်လို ယိမ်းထိုးလှုပ်ခါနေသော ဆီးပင်ကလေးကို စိတ်မသက်သာဖွယ်တွေ့လာရသည်။

တစ်ရက်နှစ်ရက်အတွင်းမှာပင် ပင်စည်ယိုင်နဲ့လာကာ အမြစ်ရင်းများပေါ်လာသည်။ ဆီးပင်အောက်ခြေ၌ မကြီး ပျိုးထားသော စံပယ်ရုံကလေးမှာကား စိစိညက်ညက် ကြေနေနှင့်လေပြီ။

ပရိသတ်တို့သည် တစ်ဆင့်ထက်တစ်ဆင့် အတင့်ရဲလာကြရာ ထွက်အော်ရုံမျှဖြင့် အပင်ပေါ်မှ ဆင်းဖော်မရကြတော့ပေ။ ထိုအခါ လူကြီးတန်မဲ့ ရပ်ဆင်းပျက်စွာ ဆီးသီးကလေးတစ်လုံးအတွက် ရိုက်မောင်းပုတ်မောင်း လုပ်ရပြန်တော့သည်။

ပရိသတ်တို့သည် ဆီးပင်ရှင်၏ဒေါသကို "ဟေး ဟား"ဟု သြဘာပေးရင်း ဆင်းပြေးကြသည့်တိုင် ခပ်လှမ်းလှမ်းသို့ ရောက်သော် လျှာထုတ်လှောင်ပြောင်သွားတတ်ကြသေးသည်။ တစ်ခါတစ်ရံ သူတို့အချင်းချင်း အဝေမတည့်ကြသောအခါ၌မူ တစ်ယောက်က–

"ဟောဒီမှာ ဆီးသီးခိုးနေတယ်ဗျို့"ဟု ဆီးပင်ရှင်ထွက်မကြည့်မချင်း အိမ်ပေါက်ဝမှ အော်ကြီးဟစ်ကျယ် ခေါ်နေတတ်ကြသေးသည်။

သဘောကောင်း၍ သိမ်မွေ့သော အမေက

"အခု စားလို့မရသေးဘူး ကလေးတို့ရဲ့၊ ချွဲကျိကျိနဲ့ ဘယ်မှာကောင်းလို့လဲ၊ ကြီးမှလာတောင်းနော်၊ အဒေါ်ကြီး ခူးပေးမယ်"ဟု ချော့မော့ပြောကြည့်ရာ သူတို့ကလည်း အမေ့ကို သူငယ်ချင်းပမာ သဘောထား၍ အင်္ကျီအိတ်ထဲတွင်ပြည့်ဖောင်းနေအောင် ခူးထည့်ထားသော သီးကင်းစိမ်းစိမ်းကလေးကို ထုတ်ပြပြီး–

"စားလို့ကောင်းတယ် အဒေါ်ကြီးရဲ့၊ မယုံရင်စားကြည့်ပါလား"ဟု ဆိုကာ ဆီးပင်ရှင်အမေ့အား ပြန်၍ ညှော့ခံလိုက်ကြသေးသတဲ့။

www.burmeseclassic.com

စိတ်ဆတ်သော မောင်လတ်ကတော့ ကလေးများကို ချောင်းဖမ်းကာ မိလျှင် ခပ်ဆတ်ဆတ်ကလေး ရိုက်ပစ်လိုက်တတ်သည်။ မောင်လတ်ကိုတော့ သူတို့ နည်းနည်းဖြုံကြသည်။

သို့သော် လမ်းမင်းသား မောင်လတ်၏ အရိပ်အယောင်ကို အိမ်တွင် သူတို့မြင်ခဲရကား ဆီးပင်အောက်မှာ အစဥ်လို စည်ကားဆူညံနေမြဲပင်။ ကြာတော့ မကြီးတို့လည်း ခန္တီပါရမီကုန်ဆုံး၍–

"ဟဲ့ အငတ်ကလေးတွေ၊ သူခိုးကလေးတွေ"ဟူသော ပိယဝါစာတို့ကိုသုံးစွဲလာကြတော့သည်။ ထိုအခါ သူ့ကိုယ်သူ အင်ဂျင်နီယာလောင်းရယ်လို့ သိက္ခာကြီးတစ်ခွဲသားနှင့် ရှက်လည်းရှက်တတ်သော မောင်ထွေးက–

"ခုတ်ပစ်လိုက်ပါ အမေရာ"ဟု စတင် တိုက်တွန်းလေတော့သည်။

"တော်ကြာ ကလေးမိဘတွေက သူတို့သားသမီး ရိုက်ရပါမို့လားလို့ လာရန်တွေ့နေဦးမယ်"ဟု တစ်ယောက်က ဝင်ထောက်ခံသည်။

"မတော်တဆ သစ်ပင်ပေါ်ကလိမ့်ကျလို့ ခြေကျိုးလက်ကျိုးဖြစ်သွားရင်တောင် ကိုယ့်ပယောဂ မကင်းသလိုပဲ"ဟု တစ်ယောက်က စိုးရိမ်ပူပန်၏။

"မျက်စောင်းထိုးအိမ်ကလည်း သူ့ပြတင်းမှန်တစ်ချပ် ကွဲသွားတယ်လို့ လာအကြောင်းကြားထားတယ်နော်"ဟု တစ်ယောက်က ဝင်ဖြည့်စွက်သည်။

"ဈေးထဲမှာ ဒီလိုဆီးသီးမျိုး အလုံးတစ်ရာမှ လေးငါးကျပ်ရယ်"ဟု တစ်ယောက်က ဖြေပြောသည်။

သို့နှင့်ပင် အသီးသီးသက် သုံးနှစ်မြောက်သော အရွယ်မှာ အဖေ့ဆီးပင်ကလေးသည် ဥပစ္ဆေဒကကံ ထိုက်ရရှာလေတော့သည်။

ဆီးပင်ခုတ်သည့်နေ့က မကြီးတို့အိမ်ရှေ့မှာ ဆီးပင်ပရိသတ်တို့ စုံညီစွာ ရောက်ရှိလာကြလေသည်။ မကြီးသည် တစ်ချိန်က စကားဝါပင်ကို ခုတ်စေခဲ့သော ဦးလေးမြလိုပင် ဆီးပင်အောက်မှ နေကာ လက်ညှိုးထိုး၍ ညွှန်ကြားနေသည်။



www.burmeseclassic.com

သစ်ပင်ပေါ်က မောင်လတ်ကလည်း ပုဆိန်တစ်လက်နှင့် အားရိုပါးရို ခုတ်ချနေသည်။ ဆီးကိုင်းတစ်ကိုင်း ပြုတ်ကျသွားတိုင်း ဆီးသီးကလေးတွေ ဖွာခနဲဖွာခနဲ လွင့်စဉ်ထွက်သွားကြသည်။

ပရိသတ်တို့ကား သည်တစ်ခါမှာတော့အလွန်စည်းကမ်းရှိလှစွာ ငြိမ်သက်ရပ်ငေးနေကြလျက် အနည်းငယ် ရဲသော အချို့ကသာ မကြီးထံသို့ ချဉ်းကပ်လာလျက်

"ဒီဆီးသီးတွေကို ကျွန်တော်တို့ ကောက်ပါရစေနော် အန်တီ"ဟု ရိုကျိုးစွာ ပြောကြသည်။ ခုတော့လည်း သူတို့သည် ပိုင်ရှင်ထံ ယဉ်ကျေးစွာ ခွင့်တောင်းရမည့် စည်းကမ်းဥပဒေများကို နားလည်နေကြပြန်တော့သည်။

တချို့ကလည်း ဆီးကိုင်းတွေကို ဆွဲယူကာ လမ်းထိပ်က အမှိုက်ပုံကို တက်ညီလက်ညီ သွားပုံပေးနေကြလေသည်။ ထူးဆန်းသည်ဟု ဆိုရန် တစ်ချက်မှာ သူတို့အားလုံး၏ မျက်နှာများပေါ်၌ အာဃာတကို မတွေ့ရခြင်း ပင်တည်း။

နှမြောတသခြင်း အမူအရာကိုကား ထင်ထင်ရှားရှားပင် ဖော်ပြနေကြ လေသည်။ တချို့ဆိုရင် မသိသေးသော ကစားဖော်များထံ ပြေးလွှားသွား ရောက်ကာ-

"ဆီးပင်ကြီးကို ရှော့နေပြီဟေ့" သူတို့၏ သေရေးရှင်ရေး ကိစ္စ တစ်ရပ်ပမာ အရေးတကြီး သတင်းပေးနေကြလေသည်။

ထိုအချိန်တွင် ထူးဆန်းသည်ဟုဆိုရန် နောက်တစ်မျက်နှာ ကိုယ့်သစ် ပင်ကိုယ် ပြန်ခုတ်ရခြင်းအတွက် ဆီးပင်ရှင်တို့ အားရကျေနပ်နေပုံရခြင်း ပင်တည်း။

အလွန်အစွဲအလမ်းကြီးတတ်သော မကြီး၏စိတ်ထဲမှာပင် "ဒါ ငါ့အဖေစိုက်ခဲ့တဲ့ နောက်ဆုံးသစ်ပင်ပဲ"ဟူသော အတွေးမျိုး မရှိတော့။ စာဖူးသမျှထဲတွင် အကောင်းဆုံးဟု ထင်ခဲ့သော ဆီးသီးအရသာကိုလည်း မေ့လျော့နေပြီ။



www.burmeseclassic.com

ဆီးပင်ကလေးအပေါ်ထားသော သံယောဇဉ်မှာ ကလေးများနှင့် ဆန့်ကျင်လှစွာ ပြောင်းလဲနေတော့သည်။ ပုဆိန်ချက်ကြောင့် သီးကင်းတွေ ဖွာခနဲလွင့်စဉ်ထွက်သွားတိုင်း–

"ကဲမှတ်ကရောဟဲ့၊ ဒါလောက်တောင်ရူးချင်ကြတာ ရူးကြဦးဟဲ့၊ နည်းနည်းကလေးကြီးလာမယ့်အထိတောင် မစောင့်နိုင်လောက်အောင် ငတ်ကြဦးဟဲ့၊ အမြစ်ကကိုဖော်ပြီး တူးပစ်လိုက်ဦးမယ်"ဟု စည်းချက်ညီစွာ အသံတိတ် ရေရွတ်နေသည်။

ထိုစဉ် မကြီးသည် ကိုယ်မပိုင်တော့သောအပင်မှ စကားဝါပန်းကို လိုချင်နေသေးသော မကြီးကလေးကို မေ့လျော့နေသည်။ စကားဝါပင်ကလေး အခုတ်ခံရစဉ်က မကြီးကလေး၏ ကြေကွဲမှုများကိုလည်း သတိမရတော့။ ထိုအခိုက်မှာပင် ခြေရင်းအိမ်မှ ဦးလေးမြသည် မကြီးတို့အိမ်ရှေ့သို့ ဖြတ်လျှောက်လာရင်းဆီးပင်ခုတ်နေပုံကို မော့ကြည့်သွား၏။ မကြီးသည် ဦးလေးမြထံသို့ပင် လှမ်း၍–

"ခုမှပဲ နားအေးပါးအေးရှိတော့မယ် ဦးလေးရေ"ဟု တိုင်တည်လိုက်သေးသည်။

"အေး… ကောင်းတယ်၊ ကောင်းတယ် ကိုယ်မှ မစားရတာ ဘာလုပ်မလဲ၊ ခုတ်ပစ်"

သူ့စရိုက်အတိုင်း အော်ဟစ်၍ ထောက်ခံသွားသော ဦးလေးမြ၏ အသံကျယ်ကြီးမှာ "ဆီးသီးတွေ အများကြီး နှမြောစရာကွာ"ဟု ဆီးရွက်ပမာ မျက်နှာကိုယ်စီဖြင့် ကြေကွဲတသစွာ တီးတိုးရေရွတ်နေကြသော ကလေးများ၏ အသံသဲ့သဲ့ကို ဖုံးအုပ် လွှမ်းခြုံသွားလေသည်။

တကယ်တော့ ကလေးနှင့်လူကြီးဆိုသည်မှာ အရွယ်ပမာဏချင်း ကွာခြား ကြသလောက် အတ္တပမာဏချင်းလည်း အချိုးညီစွာ ကွာခြားနေ တတ်ကြသည် ထင်ပါရဲ့။

[ရှုမဝ၊ ဇွန် ၁၉၈၀]

www.burmeseclassic.com

www.burmeseclassic.com

# တာဝေးအပြေး

သူစီးလာသော ပြည်အစုန် ညရထားမှာ ကြည့်မြင်တိုင်ဘူတာသို့ အရုဏ်တက်စ အချိန်တွင် ဆိုက်ရောက်လာသည်။ ယခုအခါ သူသည် ဇာတိမွေးရပ်မြေကို ခြေနင်းမိပြန်လေပြီ။

ခွဲခွာသွားခဲ့သော ငါးနှစ်တာကာလအတွင်း မွေးရပ်မြေသည် သိသာထူးခြားစွာ ပြောင်းလဲသွားခြင်းမရှိပေ။ ခါတိုင်းတွေ့မြင်နေကျဖြစ်သော သင်္ကန်းတိုက်ကြီးတွေ၊ ဓာတ်ဆီဆိုင်၊ ဓာတ်ပုံဆိုင်တွေကို ဖြတ်ကျော်ကာ ဘူတာရုံအုတ်တံတိုင်းနှင့်ဘေးလမ်းအတိုင်း မြောက်ဘက်သို့ သူလျှောက်လာခဲ့သည်။

သူ့မျက်လုံးတို့ကလည်း မျက်နှာသိများကို ဖွေရှာလာခဲ့လေသည်။ ဆရာဘိန်း ဆရာလှ ကလေးဆေးတိုက်ရှေ့သို့ ရောက်သောအခါ ဆွမ်းခံကြွလာသော ဝေဠုဝန်ကျောင်းတိုက်မှ သံဃာတန်းရှည်ကြီးနှင့် ဦးစွာသွားဆုံလေသည်။ အမေ့ကိုပြေးတွေ့လိုစိတ်တွေ ပိုမိုပြင်းထန်လာသည်။

အမေသည် သံဃာတန်းရှည်ကြီးကို နေ့စဉ်မပျက်အရုဏ်ဆွမ်းလောင်းလှူနေသည်မှာ သူ့တစ်သက်မကတော့ပြီ။ ယခုအခါ ခါတိုင်းလိုပင် အစောကြီးထ၍ အမေ ဆွမ်းချက်နိုင်ပါသေးရဲ့လား။

"သားကြီးနဲ့ ခွဲနေရတာ တစ်ခုပဲ အမေ့မှာ မပြည့်စုံဘူး"



www.burmeseclassic.com

သူ၏ ငွေပို့လွှာကိုရကြောင်း ပြန်စာများ၌မူ အမေက ဤသို့သာ ဆိုတတ်မြဲဖြစ်ခဲ့သည်။ သူကလည်း အမေ့ထံ စာရေးတိုင်း သူ၏အောင်မြင်စ လုပ်ငန်းများကိုသာ အကြောင်းပြနေခဲ့လေသည်။

ယခုအခါ သူ၏အိမ်အပြန်ကို အမေသည် ဝမ်းအမြောက်ဆုံး အပြုံးဖြင့် ကြိုပေလိမ့်မည်။ ပြီးတော့ သူ့ကို အလွန်ချစ်သော ညီမငယ်နှစ်ယောက်နှင့် ညီငယ်နှစ်ယောက်။

သြော်...ရှိသေးသည်တဲ့။ အိမ်နှင့်သူ ဝေးနေခိုက် အမေ့အိမ်မှာ လူဦးရေတွေ တိုးပွားနေခဲ့လေပြီ။ အိမ်အလုပ်တွေကို ကျိုးကျိုးနွံနွံ လုပ်ရှာကာ အေးဆေးလှသည်ဆိုသော ညီလတ်၏ ဇနီး ခယ်မကလေး။ ပြီးတော့ သူတို့၏ သားကလေးနှစ်ယောက်တဲ့။ အမေ့အိမ်သို့ သူအမြန်ဆုံး ရောက်ချင်လှတော့သည်။

ခွဲခွာနှစ်တွေအတွင်းမှာ သူသည်မိသားစုရှိရာ မွေးရပ်မြေဆီ ရာသီမပြတ် လွမ်းမော တသခဲ့ရပေသည်။ မွေးကတည်းက တစ်နှစ်မပျက် ပျော်ရွှင်ခဲ့ရသော သီတင်းကျွတ် မီးထွန်းပွဲများ၊ ပဒင်းတန်း၊ ဘော်ဂါတန်း ဘက်က ရွှေပြားကပ်လှူပွဲများ။

ဈေးကြီးပိုင်းက ဆွမ်းကြီးလောင်းပွဲများ။

ပြီးတော့ ကျောင်းကြီးတိုက်ထဲက မြတ်စောညီနောင် ဘုရားပွဲတို့ကို အောက်မေ့လှသည်။ သို့ပေမဲ့ သူ့အတွေးစိတ်ကူး ခံစားချက်တို့ကို မိသားစုအား အသိမပေးတတ်ခဲ့သည်မှာလည်း သူ၏ ငယ်ကျင့်တစ်ခုလို ဖြစ်နေသည်။

သူသည် ဈေးကြီးလမ်းကို ဖြတ်ကျော်လိုက်သည်။ သံတံတားရှေ့က လက်ဖက်ရည်ဆိုင်တွေမှာ လူစည်ကားစ ပြုနေပေပြီ။ စိန်မိုက်ကယ် မျက်မမြင်ကျောင်းကြီးထဲက လက်ဝါးကပ်တိုင် ထိပ်ဖျားကလေးကိုပင် လှမ်းမြင်နေရတော့သည်။

ကျောင်းဝင်း ခြံစည်းရိုးပေါ်က စက္ကူပြန်းခရမ်းရောင်သွေးမှာ



www.burmeseclassic.com

တောက်ပလွန်းနေသည်။ ဟော… ခေါင်းလောင်းသံချိုချိုကိုပင် သဲ့သဲ့ ကြားလိုက်ရပါပကော။

လက်ကနာရီကို ငုံ့ကြည့်လိုက်သည်။ ၆ နာရီ ၄၅ မိနစ် အချိန်မှန်ပဲ။ သူ့ခြေထောက်တို့သည် သူ့စိတ်က မသိလိုက်နိုင်မီမှာပင် ဦးကွယ်ဟိုးလမ်းထဲသို့ ချိုးကွေ့ဝင်မိလျက်သား ဖြစ်သွားသည်။ သြော်… လမ်းထိပ်က စောင်းလျားပင်ကြီးပင်အိုလှပါပြီကော။

သီးမှည့်ဝင်းဝင်းတွေ ဟိုတစ်လုံး သည်တစ်လုံး ကြွေနေလျက်။ တချို့လည်းအနင်းခံထားရ၍ ပြားကြေနေကြသည်။ မှတ်ဉာဏ်၏ အတွင်းပိုင်း ချောင်ထဲသို့ ဇွတ်ထိုးသွင်း ပိတ်ဆို့ထားရသော ပုံရိပ်ကမူ ဖြုန်းခနဲ တွန်းကန် ထိုးထွက်ကျလာသည်။

တကယ်တော့ ကစားဖက်၊ ကျောင်းနေဖက် သူငယ်ချင်း လေးနွယ်ကို သူ့နှလုံးသား၏ နက်ရှိုင်းသော အတွင်းပိုင်းတစ်နေရာမှ လှို့ဝှက်လိုက်လှဲ့စွာ တသနေတတ်မြဲအဖြစ်ကို ဘယ်သောအခါမှ သူဝန်ခံမည် မဟုတ်ပေ။

သည်အပင်အောက်မှာ ပဲပေါ့။ ငယ်ဘဝက စောင်းလျားသီး လုကောက်ရင်း ရန်ဖြစ်ကြပုံကို အသေးစိတ်ပင် မှတ်မိသေးသည်။

အကြိတ်အနယ် လုကြရင်း နှစ်ဦးသား၏ လက်ချောင်းများကြားမှာ စောင်းလျားသီးကလေး ကြွေမွသွားပုံ။

သူက လက်တွင်ပေနေသော အရည်များကို လေးနွယ်၏ လွယ်အိတ်နားနှင့် ဖျတ်ခနဲ သုတ်လိုက်ပြီး ပြေးထွက်လာကာ ပြောင်လှောင်ပြခဲ့ပုံ။

စောင်းလျားသီး အကြေကလေးကို ဆုပ်ကိုင်ထားဆဲက သူ့ကို လေးနွယ် စီမ်းစီမ်းကြည့်ကျန်ရစ်ခဲ့ပုံ။

ပြီးတော့ သူ့ကို တစ်လလောက် စကားမပြောဘဲ နေခဲ့ပုံများ။

သည်တုန်းက "ကောင်မလေးတွေ မခေါ်တာများ အရေးစိုက်လို့၊ နားငြီးတောင် သက်သာသေး"ဟု သူက ခပ်ကျယ်ကျယ်ပြောခဲ့သော်လည်း



www.burmeseclassic.com

လေးနွယ်၏ စားပွဲခုံထဲမှာ စောင်းလျားသီးကလေးတွေ ဘာကြောင့် တိတ်တဆိတ် သွားထည့်ထားမိခဲ့သလဲ။

နောက်တစ်နေ့မှာ လေးနွယ်ခုံထဲ သူထည့်ထားသော စောင်းလျားသီး များကို လက်ရာမပျက် ပြန်တွေ့ရတော့ ဘာကြောင့် သူဝမ်းနည်းသွားခဲ့ရ သလဲ။

သည်မျက်မမြင်ကျောင်း၏ ဟိုမှာဘက်၌ စလင်းကွင်းဆိုတာ ရှိသေးသည်လေ။ မိုးကုန်သည်နှင့် ထိုကွင်းမှာ ဇာတ်ပွဲတွေ ကကြလေသည်။

ထိုအခါ ပွဲကြိုက်သော အဘွားနားက သူမခွာတော့။ ပွဲကြည့်ချင် သည်ထက် ပွဲဈေးတန်းမှာ ကိုဘစိန် ကြာဆံကြီး ခေါက်ဆွဲကို နှစ်ပွဲဆက်စား ချင်တာက အဓိကဖြစ်သည်။

ပွဲခင်းမှာ လေးနွယ်တို့ မိသားစုနှင့် သူတို့ မြေးအဘွား ဖျာချင်းဆက် လျက် ဆုံတတ်ကြသည်။ လူကြီးများ ရှေ့တွင်မူ လေးနွယ်ကို သူမရောဘဲ လက်ဖက်အစ်ကို နှိုက်လိုက်၊ ရေပုလင်း ဖွင့်သောက်လိုက်လုပ်ရင်း ပွဲမပြီးခင် အိပ်ပျော်သွားတတ်မြဲပင်။

လေးနွယ်ကတော့ သူလိုမဟုတ်ပေ။ မိုးလင်းအထိ တစ်ချက်မှ မငိုက်ဘဲ ကြည့်နိုင်သတဲ့။ စိန်အောင်မင်း၏ ချင်းကလေးဖဝေးကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြန်လည်ပြောပြနိုင်သည်။

"ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်၊ ညိုတိုတိုရယ်၊ မိုးဆံထင့်ဆိုထင့်၊ မိုးဆိုထင့် ရွာတော့မယ်ဗျ"

"မိုးရွာရင်နော်ဗျာ ခင့်ကို ဘာနဲ့ ထွေးရပါ့မယ်"ဟု သံနေသံထား နှင့် ဆိုပြနိုင်သည်။

ဦးကြံ့တိုင်းနှင့် ဦးရွှေငါးတို့၏ ပြက်လုံးများက ဘယ်သို့၊ စိန်လေဒီ နှင့် ဗလပြန်အကက ဘယ်ညာ စသည်တို့ကိုလည်း ပြောပြတတ်သည်။ လေးနွယ်၏ သိမှတ်ခံစားတတ်ပုံကို ချီးကျူးစရာဟု သူ မမြင်ဘဲ

"နင် ကြီးလာရင် မင်းသမီးလုပ်ပါလား၊ နင်ဆိုဖို့ သီချင်း



www.burmeseclassic.com

တစ်ပုဒ် စပ်ပေးမယ်လေ”

သူက အော်ပရာ သီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ ဖျက်ဆိုပြလိုက်သည်။

“လက်ဖက်ရည် ပန်းကန်ထဲမှ...တဲ့ မခင်လေးနွယ်”

လေးနွယ်က ဆတ်ဆတ်ခါအောင် စိတ်ဆိုးခဲ့လေသည်။ သူကလည်း ဒါကိုပင် ထပ်ခါထပ်ခါဆိုကာ လေးနွယ် မငိုငိုအောင်စသည်။ သူသည် ငယ်စဉ်ကပင် လေးနွယ် မျက်ရည်ကျမှ ကျေနပ်တတ်သူလေလား။

လေးနွယ်က မငိုဘဲ သူ့ကို တစ်ချက် စိမ်းစိမ်းစိုက်ကြည့်ပြီး မျက်နှာ လွှဲသွားလိုက်သည်မှာ ကျောင်းကြီးပိတ်သည်အထိ ကြာခဲ့ပေသည်။

မူလတန်းအောင်ပြီးကြသောအခါ သူတို့လူစု ကွဲသွားကြတော့သည်။ သူက ကူရှင်ကျောင်းသို့လည်းကောင်း၊ လေးနွယ်က အေ၊ ဘီ၊ အမ်မိန်းကလေးကျောင်းသို့လည်းကောင်း ပြောင်းရွှေ့ခဲ့ကြရသည်။ တစ်ရပ်ကွက်တည်း နှစ်လမ်းသာခြား၍ နေကြသော်လည်း ယခင်ကလို မဆုံတွေ့ဖြစ်ကြတော့ပေ။

ခုတော့ စိန်အောင်မင်းတို့ ရွှေမန်းတင်မောင်တို့ ကျက်စားခဲ့ရာ စလင်းကွင်းမှာ မြို့နယ်အားကစားကွင်း ဖြစ်နေပေပြီ။

ထိုစဉ်ကလည်း သည်ကွင်းမှာ ပွဲတွေမရှိလျှင် သူတို့၏ ကစားကွင်း ဖြစ်ခဲ့သည်။

သည်ကွင်းထဲမှာ ဘောလုံးကန်ရင်း၊ စွန်လွှတ်ရင်းပင် သူအရပ်ကြီး ရှည်ထွက်လာပြီး နှုတ်ခမ်းမွေးစစနှင့် အသံတွေ အောလာခဲ့သည်။ သူ့ကိုယ်သူ အရွယ်ရောက်နေပြီဖြစ်ကြောင်း မှတ်မှတ်ရရ သိလိုက်ရသော အချိန်ကား သီတင်းကျွတ်လပြည့် ညတစ်ညပင်တည်း။

ထိုညက ထုံးစံအတိုင်း သူငယ်ချင်းတွေနှင့် အတူညဉ့်နက်သန်းခေါင်တိုင် တပျော်တပါး လျှောက်လည်ခဲ့ကြသည်။ ညဦးပိုင်း စမ်းချောင်းဘက်၌ နှံ့အောင်လည်ပြီးမှ ဩောင်ပင်လမ်းက ရပ်သေးစင်တွေကိုကြည့်၊



www.burmeseclassic.com

နောက် ဦးကြွယ်ဟိုးလမ်းထဲက ကာတွန်း မီးပုံးများကို လိုက်ဖတ်၊ တစ်ဖက်လမ်းဆုံးသို့ရောက်တော့ လန်ဒန်ဂိုးဖလိပ်စီးကရက် ကုမ္ပဏီ၏ ကြော်ငြာ ဂီတစင်မြင့်ကြီးကို ဘွားခနဲ တွေ့ရတော့သည်။

ထိုစဉ်က ဆယ်ကျော်သက်အရွယ်သာရှိဦးမည့် အဆိုကျော် ထားသည်သူမ၏ ထင်ရှားသော ကြိုးကြီးချိတ် သီချင်းကို မေးစင်းသော အပြုံးနှင့် သီဆိုနေလေသည်။

လူတွေကျပ်ပိတ်အုံခဲကာ တိုးဝှေ့နေကြရာ ထားကို မဆိုထားဘိ၊ ထားဝတ်ထားသော မှန်နိုင်လွန်အပြာစကိုပင် တစ်စွန်းတစ်စ မြင်နိုင်ဖို့ အတော်ကြိုးစားကြည့်ရသည်။

ကြာတော့ အသက်ရှူမဝ ဖြစ်လာကာ လူရှင်းသော မြောင်းနံဘေး သစ်ပင်ရိပ်သို့ ဖဲ့ဆင်းလိုက်သည်။ ထိုစဉ်မှာပင် ငယ်ငယ်က လေးနွယ်နှင့် မတူတော့သောလေးနွယ်ကို သူပြန်တွေ့လိုက်ရတော့သည်။

သူ လိုက်ခနဲ အံ့ဩဝမ်းသာသွားခဲ့သည်။ လေးနွယ်မှာ ဝတ်ကောင်းစားလှတွေနှင့် ဣန္ဒြေသိက္ခာတွေနှင့် စင်မြင့်ထက်သို့ ငေး၍ နားထောင်နေပုံမှာ ငယ်စဉ်က ပွဲခင်းထဲမှာ မြင်ခဲ့ဖူးသော လေးလေးနက်နက် ခံစားတတ်သည့် မျက်နှာကလေးအတိုင်းပင်။

ဘာကြောင့်မှန်းမသိ၊ လေးနွယ်ကို သူ နှုတ်မဆက်ရဲခဲ့ပေ။ မြောင်းပေါင် အုတ်ခုံပေါ်က လေးနွယ်ကို သစ်ပင်အောက် မှောင်ရိပ်ထဲမှ သူကငြိမ်သက်စွာ ငေးမောနေစဉ် သူ့ဘက်သို့ ရုတ်တရက် ငုံ့ကြည့်လိုက်သောလေးနွယ်၏ မျက်လုံးတို့နှင့် ဖျတ်ခနဲ သွားဆုံလေသည်။

မှတ်မိပုံ ဝမ်းသာသွားပုံရသော လေးနွယ်ကတော့ သူ့ကို ဘာကြောင့်မခေါ်ပါလိမ့်။ ရင်ခုန်ခြင်း ဝေဒနာကို သူစတင်တွေ့ရှိလေသည်။ မမြင်ယောင်ပြန်ဆောင်ကာ ခိုးကြည့်ရသော အတတ်ကိုလည်း မလေ့ကျင့်ရဘဲ စတင်တတ်မြောက်ခဲ့သည်။ နောက်အင်္ဂလိပ်စာ ကျူရှင်ကျောင်းမှာ လေးနွယ်နှင့် သူငယ်ချင်းဘဝကို တစ်ပတ်ကျော့ သူပြန်ရတော့–



www.burmeseclassic.com

"အောင်ထက်က သိပ်တည်ငြိမ်တာပဲနော်"ဟု လေးနွယ်က သူ့ကို စတင် ချီးမွမ်းလေသည်။

"စောင်းလျားသီးတွေမြင်တိုင်း နင့်ကို ငါ အမှတ်ရပါတယ်"ဟု အမှတ်သညာကြီးစွာဆို၏။

"ငါကတော့ လက်ဖက်ရည်ပန်းကန်လုံးမြင်တိုင်း နင့်ကို အမှတ်ရပါတယ်"ဟု သူက ပြန်နောက်လိုက်သော်လည်း ငယ်စဉ်ကလို လေးနွယ်ကို မစ၊ မရောတော့။

တည်တည်မှန်မှန်နှင့် စောင့်စည်းကာ နေတတ်လာသည်။ စောင့်ရှောက်သူ အနေအထားမျိုးနှင့် ကျောင်းအသွားအပြန် ကားအတူတူစီးခဲ့ကြတာတွေ၊ တစ်ယောက်အိမ်မှာ တစ်လှည့်စီ စာတူတူဝိုင်းဖွဲ့ ကျက်ခဲ့ကြတာတွေ၊ စာမေးပွဲတူတူ ဖြေခဲ့ရတာတွေကို ယခုတိုင် မကြာခဏ ပြန်လည် သတိရဖြစ်သည်။

ပြီးတော့ သူ့အဖေ ရုတ်တရက်ဆုံးသောည၊ သူ့ဘဝကို ဗြုန်းစားကြီး ကွေ့ချိုးပစ်လိုက်သောညကို စိတ်ဆင်းရဲစွာ အမှတ်ရပြန်သည်။ သူ့အမေ၊ ညီမလေးတွေနှင့်အတူတစ်သွေးတည်း တစ်သားတည်း ရောနှောပေါင်းစည်းကာ မျက်ရည်ကျခဲ့ရှာသော၊ သူ့ဘေးမှာ အချိန်ပြည့်ရပ်ခဲ့ရှာသော မိန်းကလေး၏ သံယောဇဉ်ကိုလည်း ပိုသိလာရသည်။

သို့ပေမဲ့ လေးနွယ်၏ ကရုဏာအကြည့်တို့ကို သူက စတင်ရှောင်လွှဲပြီး မိသားစုဘဝရပ်တည်ရေးအတွက် ပါဝင်ရန်းကန်စပြုရင်း ဆယ်တန်းစာမေးပွဲမှာ နှစ်နှစ်သုံးနှစ်လောက် ဆက်ကျနေခဲ့သည်။

တက္ကသိုလ်ကျောင်းသူလေးနွယ်က သူ့အပေါ် တွယ်တာမှု မပြောင်းလဲခဲ့သော်လည်း သူသည် စန္ဒရားချစ်ဆွေ၏ ချစ်အားငယ်ရသူမယ်သီချင်းကို လိုက်လှဲစွာ ဆိုညည်းတတ်လာလေသည်။

ထိုကာလများအတွင်း လေးနွယ်၏ အကူအညီနှင့် တိုက်တွန်းမှု အကြိမ်ပေါင်းများစွာကို ခံယူကာ သူဆယ်တန်းအောင်ခဲ့သော်လည်း



www.burmeseclassic.com

ဘွဲ့ဒီဂရီရဖို့အတွက်မူ အချိန်မပေးနိုင်တော့ပေ။

ရေကြည်ရာ မြက်နုရာကို ရှာဖွေရင်း ရရာအလုပ်မျိုးစုံမှာလည်း ယက်ကန် ကျင်လည်ခဲ့ဖူးပြီ။ ခုလောလောဆယ်မှာတော့ ကုန်သည်ပွဲစား အလုပ်ကလေးနှင့် တွက်ခြေကိုက်သလိုလို ရှိနေသည်။ သည်အလုပ်မဟန် တော့လည်း နောက်တစ်လုပ်ပြောင်းရဦးမည်ပေါ့။ သူ့ဘဝမှာ ကျိုးလန့်စာ စားနိုင်တာ ဥက္ကဋ္ဌမရလှသော်လည်း သာမန် လခစားအလုပ်မျိုးလောက်ကိုမူ သူမဖြုံတော့ပေ။

သူက တည်ငြိမ်သော သူ့အလုပ်တွေမှ ပုံမှန်ဝင်ငွေကလေးရအောင် ကြိုးစားနေရခိုက် လေးနွယ်ကမူ ဘွဲ့ဒီဂရီတွေ တစ်ခုပြီးတစ်ခုယူကာ အရာရှိငယ်ဘဝသို့ လွယ်ကူချောမောစွာပင် ရောက်သွားခဲ့သည်။

ဘဝကိုယ်စီ ဖြစ်သွားကြပြီးလည်း လေးနွယ်က သူ့အိမ်သို့ဝင်ထွက် သွားလာမြဲ။ သူ့မိသားစုနှင့်လည်း နီးကပ်စွာ ကျွမ်းဝင်နေမြဲ။

သူကတော့ စန္ဒရားချစ်ဆွေ၏ ချစ်ရက်ကယ် နှောင်းသီချင်းကို ပြောင်းလဲဆိုညည်းနေတော့သည်။ လေးနွယ်က "အလွမ်းသီချင်းကြီး မဆိုစမ်းပါနဲ့"ဟု မကြိုက်သလိုပြောသည်။

"စန္ဒရား ချစ်ဆွေရဲ့ သီချင်းတွေထဲမှာ မေတ္တာအသည်းကလေးများ ကို ငါအကြိုက်ဆုံးပဲ"ဟုလည်း ပြောခဲ့သေးသည်။

အခုတော့ သူတို့ သူငယ်ချင်း ဆတ်ကော့လတ်ကော့ မိမိရီတို့ မြမြမေတို့ပင် ကလေးသုံးယောက်လောက်စီ ရကြပေပြီ။

"နင်တို့က သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ဇာတ်ထုပ်ရိုက်နေကြ တာလား"ဟု မိမိရီက လေးနွယ်ကွယ်ရာမှာ သူ့ကို ဗြောင်မေးသည်။ သူက မြို့စိစိသာ ပြုံးနေတော့–

"ဇာတ်ကားနာမည် ကျန်ရစ်ဖြစ်သွားတော့မှာ ငါမြင်နေတယ်နော်" ဟု ဆက်ပြောသည်။ သူက မတုန်မလှုပ်ပင်ဆက်နေတော့ မိမိရီ စိတ်မရှည်နိုင်တော့ဘဲ



www.burmeseclassic.com

"အောင်ထက် လေးနွယ်အစား နင့်ကို ငါ ဆွဲဆွဲဆောင့်ပစ်လိုက်ချင်တယ်။ အခု လေးနွယ်တို့အိမ်ကို ညနေစောင်းရင် ကားနီလေးတစ်စင်း လာလာနေတာ နင်မတွေ့ဘူးလား၊ ဆရာဝန်တဲ့ တော်ရေ"

"ငါ ဝမ်းသာပါတယ် မိမိရီ"

သူက မလှုပ်ရှားသောမျက်နှာဖြင့် ပြောခဲ့သည်။ သို့သော် ထိုညက တစ်ညလုံး သူ အိပ်မပျော်နိုင်ဘဲ မိုးလင်းသည်ထိ မျက်လုံးတွေ ကြောင်နေခဲ့သည်။

နောက်ပိုင်းမှာ လေးနွယ်ကို သူကပင် စတင်ကာ ရှောင်လေသည်။ မရှောင်သာ၍ ဆုံကြသည့်တိုင် အားမလိုအားမရဟန်ဖြင့် ဆွေးမြည့်နာကျင်နေသော လေးနွယ်၏ မျက်လုံးများကိုပင် မကြည့်မိအောင် ကြိုးစားခဲ့သည်။

လောကကြီးက ယောကျ်ားသားတို့အား မတရားသဖြင့် ပေးထားသော စတင်ဖွင့်ဟခွင့်ကို သူသည် ယင်းသို့လျှင် သော့ခတ် သိမ်းဆည်းပစ်လိုက်ပြီးသည်တိုင် မိန်းမတို့တတ်အပ်သော ရေလာမြောင်းပေး စကားမျိုးတွေ လေးနွယ်ထံမှ ကြားရဦးလေမည်လားဟု စိုးရွံ့နေခဲ့သေးသည်။

သို့သော် လေးနွယ်ဆိုသော မိန်းကလေးအား မျက်လုံးနှင့်သာ စကားများစွာ ပြောတတ်သူပေ။ လေးနွယ်၏ အကြည့်စိမ်းစိမ်းများသည် စကားအခွန်းပေါင်း ရာထောင်သောင်းထက် ထိရောက်စွာ သူ့ရင်ကို နှိပ်စက်ခဲ့၏။ နောက်ဆုံးမှာ သူသည် ဇွတ်မှိတ်ပြီး သူရဲကောင်းဆန်ပစ်လိုက်မိတော့သည်။

"လေးနွယ်တို့က လှူိုတယ်ဟာ၊ မိမိရီပြောမှငါသိရတယ်၊ ဆရာဝန်ဆို ငါသိပ်ဝမ်းသာတာပဲဟယ်၊ တို့ထဲမှာ နင်ကတော့ ထိပ်ပဲ၊ နှစ်ယောက်ပေါင်း လခထောင်ကျော်ပဲဟော့၊ ဒါလောက်မှလည်း နင်တို့အဆင့်အတန်းနဲ့ လောက်မှာ၊ ငါတို့လာရင်တော့ နင် ဆေးအလကား ထိုးပေးရမှာနော်"

သူ့စကားတွေ လိုတာထက် ပို၍ ရှုန်းရှုန်းဝေနေမှန်း သူ့ဘာသာ သူသိခဲ့၏။ လေးနွယ်သည် အလွန်တိတ်ဆိတ်ငြိမ်သက်စွာဖိုင်လျက်

www.burmeseclassic.com

သူ့ကို စိုက်ကြည့်နေခဲ့သည်။

"မိမိရိတို့တုန်းက ဆယ်တန်းမအောင်ခင် ယူကြတော့ တော်တော် ကသီသေးတာ၊ နင်ကတော့ အချိန်ကောင်းပါပဲ၊ အိမ်ထောင် ပြုတယ်ဆိုတာ အဲသလို ပြည့်ပြည့်စုံစုံမျိုးမှလည်း ကောင်းတာ၊ နင်တို့က ငါ့ထက်အများကြီး ကံကောင်းကြပါတယ်၊ ငါ့မှာတော့ ဒါတွေ မစဉ်းစားနိုင်သေးပါဘူး လေးနွယ်ရယ်၊ ငါ့တာဝန်တွေက မနည်းဘူး"

လေးနွယ်က မျက်ရည်ဝဲသော မျက်လုံးတွေနှင့် သူ့ကို ပြုံး၍ စိုက်ကြည့်ရင်း–

"သတင်းစာထဲမှာ ရုပ်ရှင်သရုပ်ဆောင်သစ်တစ်ဦး အလိုရှိသည်တဲ့၊ နင်လျှောက်ပါလား"ဟု ကောက်ကာငင်ကာ ပြောလိုက်လေသည်။ သူ ကြောင်နေစဉ် ရုတ်တရက်ထကာ ထွက်သွားတော့သည်။ သူ့ရှေ့မှာ မျက်ရည်ကျပြမသွား။

နောက်တစ်ပတ်အကြာမှာ သူလည်း သြဇာခြံလုပ်ငန်းကို စပ်တူ လုပ်ရန် ခေါ်နေသော ပြည်မြို့မှ သူငယ်ချင်းထံ ထွက်လာခဲ့လေ တော့သည်။

လေးနွယ်၏ လက်ထပ်သတင်းကိုလည်း စောင့်နားထောင် မနေတော့။ သူ ထွက်ခွာလာစကတော့ညီမငယ်ထံမှ စာများလာတိုင်း လေးနွယ်အကြောင်းများပါ ပါပါလာတတ်ခဲ့သည်။ သူထွက်လာသော သတင်းကို လေးနွယ် ကြားလျှင်ကြားချင်း အမေ့ရှေ့မှာပင် မျက်ရည်ကျ ခဲ့သည်တဲ့။

"အမေ အတော်စိတ်မကောင်းဖြစ်သွားတယ် ကိုကြီး၊ ညီမလေးကို လည်း ကိုကြီးတို့အကြောင်းတွေ မေးတယ်၊ ညီမလေးမှ မသိဘဲ၊ ဒါပေမဲ့ မမလေးနွယ်ကိုတော့ သနားတယ် ကိုကြီးရာ၊ ကိုကြီးစာပြန်ရင် သူဖို့ပါ တစ်စောင် ရေးလိုက်ပါဦးနော်"

ညီမငယ်ထံသို့ပင် သူပြန်စာမရေးဖြစ်ခဲ့ချေ။ သူ ထွက်ခွာလာပြီး



www.burmeseclassic.com

၃ နှစ်ကြာသည့်တိုင် လေးနွယ် လက်မထပ်ဖြစ်သေးဟု ဆိုသည်။ ဟို ဆရာဝန်နှင့်လည်း ဘယ်လိုဖြစ်သည်မသိ။ စေ့စပ်သည့်အဆင့်ပင် မရောက်လိုက်တဲ့။

ခုတော့ ညီမငယ်၏ စာများမှာ လေးနွယ်အကြောင်း မပါတော့တာ ကြာလေပြီ။ လေးနွယ်သည် သူ့ဝန်းကျင် သူ့ဘဝအတွင်းမှ သူ့အလိုကျအတိုင်း ထွက်ခွာသွားခဲ့လေပြီလား။

စိန်မိုက်ကယ် လမ်းအဆုံးရှိ ရပ်ရှင်မင်းသမီးကြီး ဒေါ်ကြည်ကြည်ဌေး၏တိုက်ရှေ့သို့ သူ ရောက်လာသည်။ ရှေ့တစ်ကွေ့ကို ချိုးလိုက်လျှင် အမေ့အိမ်တည်ရှိရာ လှည်းတန်းလမ်းသို့ သူ ရောက်ပေတော့မည်။

"ဟေး... အောင်ထက်"

ဆန်တန်းလမ်းထဲမှ ထွက်လာသော ဘီးဆံပတ်နှင့် ကလေးတစ်ဖက် သတ္တုချိုင့်တစ်ဖက် ဆွဲထားသော မိန်းမရွယ် တစ်ယောက်က သူ့ကို အားရဝမ်းသာ နှုတ်ဆက်နေသည်။

အလို...မိမိရီပေပဲ။ တကယ့်မိန်းမကြီး ပုံစံကိုပေါက်လို့၊ အေးလေ အသက်သုံးဆယ်ကျော် အရွယ်တွေဆိုတာ ငယ်မှ မငယ်တော့ပဲ။

"အသားတွေမည်းပြီး ဝဖီးနေလိုက်တာဟယ်၊ ခုမှ တကယ့်ခြံသမားကြီးရုပ် ပေါက်နေတော့တာပဲ၊ ဒါနဲ့ နင် ပြည်မှာ တော်တော်ကြီးပွားနေတယ်ဆို"

"မိန်းမကော ရနေပြီလားဟဲ့"

တစ်ခုကို မဖြေရသေးမီ နောက်မေးခွန်းတစ်ခုကို အရေးတကြီး ဆက်လိုက်မိသော မိမိရီအား ပြုံး၍သာ သူခေါင်းခါပြလိုက်မိတော့သည်။ သည်တော့ မိမိရီမျက်နှာမှာ တည်ကြည်သွားပြန်ကာ–

"လေးနွယ်ကို သွားတွေ့လိုက်ပါဦး"ဟု လေးနက်သော အသံနှင့် ဆိုသည်။ သူက ထုံးစံအတိုင်း မြုံစိစိ လုပ်နေတော့–

ငါဘယ်လို ရည်ရွယ်ချက်နဲ့မှ ပြောတာမဟုတ်ဘူး အောင်ထက်၊



www.burmeseclassic.com

လေးနွယ် အခု ကောင်းကောင်း မမာဘူး၊ အလုပ်က ဆေးပင်စင်ယူလိုက်ရတယ်၊ နင် သိပြီးပြီလား”

သူဝမ်းနည်းစွာ ခေါင်းခါပြလိုက်ရသည်။

“တို့ မြန်မာလိုတော့ လေးဖက်နာ ခေါ်မှာပေါ့၊ ဆရာဝန်ကတော့ နှလုံးအားနည်းတဲ့ ရောဂါတဲ့၊ သိပ်ပိန်တာပဲဟယ်၊ အပြင် သိပ်မထွက်နိုင်ဘူး၊ တို့သွားရင် သူ့မှာ ဝမ်းသာလို့”

မိမိရိကို သူ ငေးကြည့်နေမိတော့သည်။ လောကမှာ သည်လို မမျှော်လင့်တာတွေလည်း တကယ်ဖြစ်လာတတ်ပါသလား”

“ကျောင်းနေဖက် သူငယ်ချင်းတွေပါဟယ်၊ နင်က ဒါလောက်တောင်လည်း အနေမစိမ်းပါနဲ့၊ သူအားငယ်နေတုန်း အချိန်မှာ ဆက်ဆက်သွားတွေ့လိုက်ပါနော်”

မိမိရိက တောင်းတောင်းပန်ပန် ပြောနေသည်။

“ငါ သွားတွေ့ပါ့မယ် မိမိရိ”

ကျေနပ်စွာ ပြုံးသွားသော မိမိရိကို နှုတ်ဆက်ထွက်ခွာလာခဲ့စဉ် သူရင်ထဲမှာ ဆွေးမြည့်နာကျင်ခဲ့ဖူးသော ဒဏ်ရာဟောင်းပေါ်၌ ဒဏ်ရာသစ်တစ်ခု ထပ်တိုးလာသလို ခံစားနေရလေသည်။ လေးနွယ်ကို အခုပင်တွေ့မြင်ချင်လာသည်။

“လမ်းက သိသိချင်း၊ ငါပြေးလာခဲ့တာ၊ အိမ်တောင်မရောက်သေးဘူး”ဟု သူကပြောလျှင် စိမ်းစိမ်းကြည့်တတ်သော လေးနွယ်၏ မျက်လုံးတို့မှာ မျက်ရည်ဖုံးသွားရှာလိမ့်လေမည်လား၊ သူမငိုပါဘူးလေ၊ ငါ့ရှေ့မှာ သူ ငိုမှာမဟုတ်ပါဘူး။

ဒါပေမဲ့ အခုတော့ နှလုံးအားနည်းတဲ့ရောဂါ ရနေသတဲ့၊ ရောဂါအခြေအနေ ဘယ်လိုရှိပါလိမ့်၊ သူ့အတွက် ငါ ဘာလုပ်ပေးနိုင်ဦးမလဲ၊ မိမိရိပြောသလို တို့တွေဟာ ငယ်ပေါင်းတွေပါပဲ၊ ငယ်ပေါင်းဆိုတာ အကြောင်းကံ မဆုံစည်းကြသည့်တိုင် သူစိမ်းပြင်ပြင်တွေလို မနေအပ်ကြ



www.burmeseclassic.com

သူတွေဆိုကာ ငါလက်ခံပါတယ်လေးနွယ်ရယ်။

လေးနွယ်အတွက် အကောင်းဆုံး လုပ်ပေးနိုင်တာကို သူစဉ်းစားကြည့်နေသည်။ လေးနွယ်ဖတ်ဖို့ စာအုပ်တွေ ယူသွားပေးသည်။ ပြီးတော့ လေးနွယ်ကြိုက်သည့် သီချင်းတိပ်ခွေ၊ တိပ်ခွေထဲထည့်ဖို့ သီချင်းနှစ်ပုဒ်ကို ဖြုန်းခနဲ သတိရလိုက်ပြန်သည်။ ပြည်မှာတုန်းက သူ ဆိုညည်းနေခဲ့ဖူးတဲ့ စန္ဒရားချစ်ဆွေရဲ့ "ပြန်လည်ဆုံစည်းကြမယ် အချစ်ရယ်"နှင့် "ငယ်ချစ်ဟောင်းနဲ့ နှစ်ပေါင်းများစွာ" လေးနွယ် နှစ်ခြိုက်နိုင်လိမ့်ဦးမည် ထင်ရဲ့။

သူသည် ပန်းပင်ကြီးလမ်းကို သုတ်သုတ် ဖြတ်ကျော်လိုက်သည်။ စလင်းကျောင်းတိုက်ကြီး၏ အဝင်ဝကို ဖြောင့်ဖြောင့်ကြီးလှမ်းမြင်နေရလေသည်။ ထိုဘုန်းကြီးကျောင်း ဖြတ်လမ်းအတိုင်း သွားလိုက်လျှင် လေးနွယ်နေထိုင်သော စကားဝါပင်လမ်းသို့ ရောက်ပေလိမ့်မည်။ သူသည် ဖိနပ်ချွတ်ရန် ကိုယ်ကို ငုံ့ကိုင်းမည် ပြုလိုက်စဉ် ကျောပိုးလွှတ်အိတ်ထဲမှ တစ်စုံတစ်ခု လှုပ်ခတ်သွားသံကို ကြားလိုက်ရ၏။

အို...တူကလေးတွေအတွက် ကစားစရာ အရုပ်တွေ ပါလာတယ်၊ ကျိုးများ သွားပြီလား။

သူခဏမျှ တွေဝေသွားသည်။ တစ်ဆက်တည်းမှာပင် သူ စိတ်အာရုံက တစ်ခါမှ မမြင်ဖူးသော တူကလေးများထံ ရောက်သွားပြန်လေသည်။

ငါ ခရီးပန်းလာတယ်။ မနက်အစောကြီးဆိုတော့ လေးနွယ်တောင် အိပ်ရာက ထချင်မှ ထဦးမှာပါလေ၊ ညနေကျမှပဲ အေးအေးဆေးဆေး သွားတွေ့လိုက်တော့မယ်။

သူသည် ဘုရားငါးဆူ တန်ဆောင်းဘေးမှ အမေ့အိမ်ရှိရာသို့ ခပ်သွက်သွက် လှမ်းနေတော့သည်။

အမေပိန်များ သွားသလား၊ ကောလိပ်ကျောင်းသူ ညီမချောလေးကိုတော့ သိပ်တောင်မှတ်မိတော့မယ်မထင်ဘူး၊ ညီလတ်ကတော့ ငါ့ကို

www.burmeseclassic.com

ရှိန်နေမှာပဲ၊ သူ မိန်းမခိုးသွားတုန်းက စာတစ်တန်၊ ပေတစ်တန်နဲ့ ငါ လှမ်းဆူထားသေးတာကိုး၊ ခယ်မလေးအပေါ်မှာတော့ မျက်နှာချိုရဦးမည် ပေါ့၊ တူတွေကတော့ မမြင်ဖူးသေးတဲ့ ဦးကြီးကို စိမ်းလို့နေမှာလား၊ အကြီးကောင်က ငါနဲ့တူသတဲ့၊ အင်း...တူဆိုပေမဲ့ သားတွေပါပဲလေ။

မကြာမီ အမေ့အိမ်သို့ သူဆိုက်ရောက်လာသည်။ အိမ်ထဲမှပြေးထွက် ပွေ့ဖက် ကြိုဆိုကြသံတွေ ဆူညံစည်ကားသွားစဉ် လေးနွယ်ကို သူအပြီးတိုင် မေ့လျော့သွားပြန်လေတော့သည်။

တစ်ခါတစ်ရံ ရာဂဇာန်းတို့သည် ထောင်ဂဇာန်းတို့ထက် အဘယ် ကြောင့် အင်အားပိုမိုကြီးမားနေတတ်ကြကြောင်းကို လူ့ဘဝ သချာစာအုပ် တွေထဲ၌ ရှင်းလင်းပြမထားပါချေ။

[ရှုမဝ၊ စက်တင်ဘာ ၁၉၈၀]

www.burmeseclassic.com

www.burmeseclassic.com

# အကြင်နာတရား

ပန်းလှိုင်မြစ်ကမ်းနံဘေး တစ်နေရာမှာ လူသူစည်ကားသော ဈေးတစ်ခု ရှိ၏။ လွန်ခဲ့သော ဆယ့်လေးငါးနှစ်ခန့်က ဈေးမျက်နှာစာရှေ့ရှိ လမ်းထိပ်တစ်နေရာမှာ အုန်းနဲ့ပင်ကြီး တစ်ပင်သည် စစ်အတွင်းဗုံးဒဏ်မှ လွတ်မြောက်ခဲ့၍ ထီးတည်း ရပ်တည်နေ၏။

အညတရ ကုသိုလ်ရှင်တစ်ယောက်ကလည်း ထိုအုန်းနဲ့ပင်ကြီး၏ ပင်စည်ကို ပတ်ဝိုင်းလျက် စတုရန်းပုံ ဝါးတန်းလျား တစ်ခုကို ပြုလုပ်ထားခဲ့ရာ ဈေးသွားဈေးလာများသည် ထိုတန်းလျားနားသို့ ရောက်လျှင် တစ်ထောက်နားကြကုန်၏။

ခေါင်းရွက်ဗျပ်ထိုး၊ လမ်းလျှောက်ဈေးသည်များလည်း ဈေးဗန်းကို အသာချ၊ ခေါင်းခုကိုဖြုတ်၍ ချွေးသုတ်ကာနားကြပြန်သည်။

ထိုနေရာ တစ်ဝိုက်က လူများမှာ စေတနာမပါးရှားကြောင်းပြသော အထိမ်းအမှတ်တစ်ခုနှယ် အုန်းနဲ့ပင်ခွကြား၌လည်း သောက်ရေအိုးစင်တစ်ခု ရှိနေပြန်သည်။

အုန်းနဲ့ပင်ရိပ်သို့ နားခိုလာကြသူတို့သည် အေးမြသောရေကို သောက်သုံးကြပြီးလျှင် နားနေလဲလျောင်းခွင့်ရခိုက် သာမုခေါ်တတ်ကြကုန်၏။

နေလုံးကွယ်ပျောက်၍ အမှောင်ဖုံးလွှမ်းလာချိန်များတွင်မှ အုန်းနဲ့ ရိပ်တည်းခိုတန်းလျားသို့ တစ်ညတာ အိပ်စက်နားနေရန် လူတချို့ ရောက်လာတတ်ကြမြဲပင်။

ရံဖန်ရံခါ သူတို့အချင်းချင်း နေရာလုကြသံ၊ ရန်ဖြစ်ကြသံတို့ဖြင့် ဆူညံနေတတ်သည်။ ထိုသူတို့မှာ အိမ်ခြေရာခြေ အတည်တကျမရှိသော ကူလီများ၊ အလုပ်ကြမ်းသမားများသာ ဖြစ်ကြ၏။

အရောက်စော၍ နေရာရသွားသူတို့မှာ ပခုံးသိုင်းချည်ထားသော ပုဆိုးကို ကိုယ်မှဖြုတ်၍ ဝါးတန်းလျားကို တဖတ်ဖတ်ရိုက်၍ ဖုန်ခါပြီးလျှင် ထိုပုဆိုးကိုပင် ခြုံလွှားလျက် ခေါင်းချင်းဆိုင် အိပ်ကြကုန်၏။

တစ်ခါတစ်ရံ နေရာလုပွဲသည် တော်တော်နှင့် မပြီးဆုံးတတ်လျှင် ဖျန်ဖြေသူတစ်ယောက် ရောက်လာတော့သည်။ ဗလကောင်းကောင်း အသားညိုညို ဂင်တိုတို မျက်ထောင့်နီနီ ဘယ်ဘက်မေးဖျားမှာ မှဲ့ကြီး တစ်လုံးရှိသော ထိုသူက တစ်ချက်ဟောက်လိုက်ရုံနှင့် ကိစ္စပြီး၏။

အကယ်၍ ကိစ္စမပြီးသေးလျှင် တစ်ယောက်ယောက်၏ ဇက်ပိုးကို ထိုသူက ဖုန်းခနဲ တစ်ချက်ရိုက်ချလိုက်ရုံသာ။ သူတို့သည် သူ့ကိုချစ်ကြောက် ရိုသေကြ၏။ အားကိုးကြ၏။ တစ်ခါတစ်ခါတော့ ကွယ်ရာမှာ အတင်းပြော တတ်ကြကုန်၏။ သူ့ကို "ကိုမှဲ့ကြီး"ဟု ခေါ်ကြလေသည်။

ကိုမှဲ့ကြီးသည် အိမ်ခြေရာမဲ့ မဟုတ်ချေ။ သူ၏ခနိမိုး၊ ဝါးကြမ်း ခင်း၊ တစ်ဖက်ရပ် အဖီချတဲကလေးမှာ ပန်းလှိုင်မြစ်ကမ်းပါးပေါ်ရှိ အိမ်ကြီးအိမ်ကောင်းများ၏ နောက်ဘက်လမ်းကြား တစ်ခုပေါ်၌ တည်ရှိ၏။

ထိုလမ်းကြားများတွင် ကိုမှဲ့ကြီးကဲ့သို့သော ဈေးကို အမှီပြု၍ အသက်မွေးကြသူများ၏ တဲအိမ်ငယ်များဖြင့် ပြည့်နေ၏။ ထိုနေရာတစ်ဝိုက် ကို လမ်းကြားတဲစုများဟု ခေါ်ကြလေသည်။

ကိုမှဲ့ကြီးသည် ထိုတဲစုများ၏ လူကြီးတစ်ဦးဟု ဆိုနိုင်၏။ သူ့ မူလအလုပ်မှာ အများနည်းတူ အလုပ်ကြမ်းပင်ဖြစ်သော်လည်း စွဲစွဲမြဲမြဲ

www.burmeseclassic.com

လုပ်ခဲ့သည်တော့မဟုတ်။

သူစိတ်လိုလက်ရရှိသည့်အခါမျိုးတွင် ဗောတံတားဆိပ်ကမ်းသို့ သွားကာ ဆန်အိတ်ထမ်းချင်ထမ်းသည်။ နှစ်ရက်သုံးရက်မျှ အလုပ်လုပ်ပြီးလျှင် တစ်ပတ်လောက် နားနေတတ်ပြန်သည်။ သူ့တွင် ခါးနာရောဂါရှိသည်ဟု အကြောင်းပြသည်။

ကိုမဲ့ကြီး၏ဇနီး ဒေါ်မေကား စံပြတော်ဝင် မယားပေတည်း။ အိမ်ဆိုင်ကလေးဖွင့်ကာရာသီပေါ် သီးနှံတို့ကို ရောင်းချခြင်းဖြင့် သူတို့လင်မယားနှစ်ယောက်၏ ဝမ်းရေးကို တာဝန်ယူနိုင်သူဖြစ်၏။ ချစ်ခင်စရာသမားသမီးတစ်ယောက်တလေမျှပင် မထွန်းကားခဲ့သဖြင့် ခင်ပွန်းသည်ကိုပင် သားအမှတ်ဖြင့် ချစ်ခင် အလိုလိုက်တတ်သူလည်း ဖြစ်၏။

ကိုမဲ့ကြီးကလည်း လက်ကြောတင်းအောင် အလုပ်မလုပ်သည်ကလွဲလျှင် မိန်းမကို စိတ်ဆင်းရဲအောင် ပြုတတ်သူမျိုးမဟုတ်ပေ။ အသောက်အစား မကင်းသော်လည်း ဆူဆူညံညံ ဟော့ဟော့ရမ်းရမ်းမရှိ။

ထို့ပြင် ကိုမဲ့ကြီး၌ မိန်းမကိစ္စ ကင်းရှင်းခြင်းသည်လည်း သိက္ခာတစ်ရပ်နှယ်ရှိ၏။ ရပ်ကွက်တွင်းမှ တူမအရွယ်၊ သမီးအရွယ် မိန်းမပျိုကလေးများကိုပင် ကိုမဲ့ကြီးက စောင့်ရှောက်ပေးတတ်လေ့ရှိ၏။ ရပ်ရွာကိစ္စများတွင် ဦးဆောင်ပါဝင်ရန်လည်း ဝါသနာကြီး၏။

သို့သော် ကိုမဲ့ကြီးမှာ သွေးဆိုးတာ တစ်ခုတော့ရှိသည်။ လက်ရဲဇက်ရဲ ရိုက်ရဲခုတ်ရဲသူဖြစ်ခြင်းပင်တည်း။ ရပ်ကွက်အချင်းချင်း ရိုက်ပွဲဖြစ်ပြီဆိုပါလျှင် ကိုမဲ့ကြီး မပါမရှိ။

တစ်ခါတစ်ရံ သူနှင့်သော်လည်းကောင်း၊ ရပ်ကွက်နှင့်သော်လည်းကောင်း တိုက်ရိုက်မသက်ဆိုင်သော ကိစ္စဖြစ်စေကာမူ သူ့အမြင်တွင် မတရားဟုထင်လျှင်လည်း ရန်ပွဲသို့ ပူးပေါင်းပါဝင်တတ်၏။

ထို့ကြောင့် ပုဆိုးတိုတိုဝတ်လျက် နှစ်တစ်လက်မ သစ်သားချောင်းကို ဆွဲကိုင်ကာ ဆယ်ယောက်နှင့်တစ်ယောက် အနိုင်ချရဲသော မဟုတ်မခံ

www.burmeseclassic.com

ဗိုလ်တွေဟန်မျိုးဖြင့် ကိုမှဲ့ကြီး တစ်လှမ်းချင်း လျှောက်လာပြီဆိုလျှင်ပင် ရန်အပေါင်းတို့သည် အဝေးသို့ ရှဲကြကုန်၏။

ပြာသို၊ တပို့တွဲလလောက်ရောက်လျှင် ကိုမှဲ့ကြီးတို့ ရပ်ကွက်နားရှိ တရုတ်ဘုရားရှိခိုးကျောင်းမှ ဦးဆောင်ကာ တရုတ်နှစ်ကူးပွဲကို စည်ကားစွာ ကျင်းပလေ့ရှိလေသည်။

ရပ်ကွက်သားတိုင်းလိုပင် ထိုနှစ်ကူးပွဲကို မျှော်တတ်ကြသည်။ အိမ်နီးချင်း တရုတ်တို့ထံမှ ခေါက်ဆွဲကြော်၊ အီကြွေးကြော်တို့ကို စားရရုံကြောင့်သာ မဟုတ်သေး။ ထိုအချိန်ကျမှ ဗလာဇာတ်၊ အငြိမ့်ပွဲတို့ကို သုံးလေးချီ ပွဲဆက်ကြည့်ကြရသောကြောင့်ပင်တည်း။

ဇာတ်စင်ဆောက်မည့်နေရာ ရှေ့လောက်တွင် ကလေးများ ထုံးဖြူ တား၍ ဝီရိယကောင်းစွာ နေရာဦးချိန်ရောက်ပြီဆိုလျှင် တရုတ်ဘုရားကျောင်းမှ ဘုရားလူကြီးအချို့သည် ကိုမှဲ့ကြီး၏ တဲဂေဟာသို့ ကြွရောက်လာကြပြီး သူတို့၏ ဘုရားပွဲဖြစ်မြောက်ရေး ကော်မတီတွင် ကိုမှဲ့ကြီးကို အမှုဆောင်တစ်ဦးအဖြစ် ခန့်အပ်လေ့ ရှိကြသည်။

ကိုမှဲ့ကြီး တာဝန်ယူသော ပွဲများ၌ ရန်ပွဲမရှိ။ အလွန်ငြိမ်သက်၏ လက်စွဲတော်နံပါတ်တုတ်ကို ကိုင်ဆောင်လျက် နောက်လိုက် နောက်ပါများခြံရံပြီးလျှင် ပွဲခင်းတစ်ဝိုက် တစ်ညလုံး မအိပ်မနေ ကင်းလှည့်ပေးနေတတ်၏။

ထိုအခါ ပွဲကြည့်သူများလည်း စိတ်အေးချမ်းသာ ကြည့်ကြရ၏။ ဈေးရောင်းသူများလည်း စိတ်ချလက်ချ ရောင်းကြရ၏။ ကောင်မလေးတွေနား ပြောင်ပြောင်တင်းတင်း၊ မရစ်ဝဲရသော လူပျိုပေါက် အချို့ကလွဲလျှင် ကိုမှဲ့ကြီးကို အားလုံးကပင် ကျေးဇူးတင်မဆုံးရှိကြလေသည်။

ပွဲခံရက် ပြီးဆုံး၍ နောက်တစ်ညရောက်ပြီ ဆိုလျှင်မူ အုန်းနှဲရိပ်သာ ဝါးတန်းလျားမှာ ညဉ့်ဦးယံကတည်းက ကိုမှဲ့ကြီးနှင့်အဖွဲ့ စည်ကားမြိုင်ဆိုင် နေတော့သည်။ ကိုမှဲ့ကြီး၏ စွဲမြဲသော အခြားအပျော်တမ်း ပါသနာ



www.burmeseclassic.com

တစ်ခုကား သီချင်းဟစ်ကြွေး သီဆိုခြင်းပင်ဖြစ်သည်။

ရံဖန်ရံခါ လသာညများတွင် ကိုမဲ့ကြီးသည် ရပ်ကွက်တွင်းရှိ ဝါသနာအိုး လူငယ်တချို့နှင့်ပူးပေါင်းကာ ဂီတဆည်းဆာ ပွဲကလေးများကို စိတ်အေးလက်အေး ပြုလုပ်တတ်၏။

ထိုအချိန်မျိုးတွင် အရွက်သိပ်သော အုန်းနဲ့ရိပ်ကြောင့် ဝါးတန်းလျား ကွက်ကွက်ကလေးမှာသာ မှောင်ရိပ်ထိုးကျနေကာ ပတ်ဝန်းကျင်မှာမူ လရောင်၊ လမ်းဓာတ်မီးရောင်တို့ဖြင့် လင်းကျင်းနေရာ ထိုလရောင်ဆမ်းသော ကတ္တရာလမ်းကို ရှုငေးလျက် ချက်အရက်ဖြင့် လမ်းရှင်းထားအပ်သော လည်ချောင်းမှ အကြောကြီးများထောင်ထလာအောင် ကိုမဲ့ကြီးက သီချင်း ဟစ်တတ်လေသည်။ သူ့အသံက မကောင်းလှသော်လည်း အဆိုမှာတော့ အဆိုကောင်း အဆိုကျဖြစ်သည်။

"ပန်းနွယ်ရေ... ကြာလေဝေးတယ်"

လက်ကွက်ကျဲကျဲ မယ်ဒလင်အိုသံကလေးနှင့် တွဲဖက်လျက် ဆွေးမြည့်စွာ ထွက်ပေါ်လာတတ်သော ကိုမဲ့ကြီး၏ တေးသံသာကို ရပ်ကွက်သားတို့သည် လုပ်ရင်းကိုင်ရင်းကပင် ခေတ္တမျှ နားစွင့်နစ်မျော သွားတတ်မြဲ ဖြစ်လေသည်။

လူကြီးဝိုင်းကမူ အိမ်ရှေ့ကြမ်းပြင်သို့ထွက်၍ ဆေးလိပ်ကိုယ်စီ လက်ကြားညှပ်ရင်း တိတ်ဆိတ်စွာ နားစိုက်နေတတ်ကြ၏။ လူငယ်များ ကတော့ ကိုမဲ့ကြီးတို့ ဝိုင်းနားသို့ပင် ရောက်နှင့်ကြကုန်ပေပြီ။

"ကမ္ဘာမြေဆုံးအောင် ဘုန်းမောင်ရှာဖွေမယ်၊ ပန်းနွယ်ကစိမ်း စိမ်းတယ်"

ကိုမဲ့ကြီး သီချင်းအချမှာ မီးသေနေသော ဆေးလိပ်တိုကို မီးပြန် ညှိရင်း လူကြီးဝိုင်းက ဆိုရိုးရှိကြသည်မှာ

"မဲ့ကြီးတို့တော့ ပွပြန်ပဟော့"

တစ်ခါသော် ကိုမဲ့ကြီးတို့၏အုန်းနဲ့ရိပ်သာ တန်းလျားပေါ် သေအံ့



www.burmeseclassic.com

မှုံးမှုံး မျက်နှာစိမ်း အဘိုးအိုတစ်ယောက် ရောက်လာလေသည်။ ဘယ်အရပ်ကလာ၍ ဘယ်အချိန်ကတည်းက ရောက်နေမှန်း မည်သူမျှ မသိကြ။ ဈေးစည်ချိန်လောက်တွင်မှအဘိုးအိုကို တစ်စတစ်စ သတိပြုမိလာကြလေသည်။ မကြာမီ တစ်ဈေးလုံးသို့ ထိုသတင်း ပျံ့နှံ့သွားလေတော့သည်။

"အသက် ၇၀ လောက် ရှိပြီတော့၊ အားပြတ်ပြီးလဲတာ ထင်တယ်၊ ဖျားလည်း ဖျားနေတယ်"

"သတိလစ်နေတယ်တဲ့၊ အသက်ငင်နေပြီနဲ့တူတယ်"

"ဒုက္ခပါပဲ၊ ဟဲ့ ဆေးရုံကားခေါ်ကြလေ၊ ကားတစ်စီးစီးငှားပြီး ဆေးရုံပို့လိုက်ရင် ပိုကောင်းမယ်"

"အဘိုးကြီးမှာ ဘာပစ္စည်းတွေ ပါသေးလဲ"

"လွယ်အိတ်စုတ် တစ်လုံးတည်းပါ၊ ငွေတွေဘာတွေ မပါပါဘူး"

"ကဲ...ကဲ စကားများမနေကြနဲ့၊ ဆေးရုံ ဘယ်သူပို့ကြမလဲ၊ ကျုပ်တို့ ကတော့ ဈေးဗန်းတစ်ဖက်နဲ့မို့ပါတော်၊ တစ်နေ့ ဈေးရောင်းပျက်ရင် တစ်နေ့ငတ်သွားမှာ"

"ဟို အိမ်ကြီးရှင်တွေကကော ဒီလိုပဲ ကြည့်နေကြသလား၊ ဟို ကားအနီကလေးရှိတဲ့ အိမ်က ဆရာဝန်အိမ်ဆို၊ လာကြည့်ပေးဖို့ ကောင်းတယ်"

"ခင်ဗျား သွားပင့်ပါလားဗျ၊ ပြီးတော့ ခြေကြွခ ခင်ဗျားပဲပေးလိုက်"

"ပင့်နိုင်ပေါင်တော်၊ ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့"

တစ်ယောက်တစ်ပေါက် အတိုင်အဖောက် ညီနေကြစဉ် ဈေးဝမှ စီခနဲအသံကို ကြားလိုက်ရသည်။ မနက်က တစ်ချိန်လုံး ဘယ်ပျောက်နေမှန်း မသိသော ကိုမှဲ့ကြီးကား ဖြုန်းခနဲရောက်လာပေပြီ။ ကိုမှဲ့ကြီး၏ အရိပ်ကို မြင်လိုက်သည်နှင့် ဝိုင်းအုံနေကြသော ကလေးလူကြီး ပရိသတ်တို့လည်း လမ်းရှင်းပေးကြကုန်၏။

ကိုမှဲ့ကြီးသည် အဘိုးကြီးရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွား



www.burmeseclassic.com

ပြီးလျှင် အဘိုးကြီး၏နဖူးကိုလည်းကောင်း၊ လက်ကောက်ဝတ်ကိုလည်းကောင်း စမ်းသပ်ကြည့်၏။

ထို့နောက် စိတ်မကျေနပ်ဟန်ဖြင့် သူ့ကိုယ်ကို ဆတ်ခနဲ ငုံ့ကိုင်းကာ အဘိုးကြီး၏ ရင်ဘတ်ကို သူ့နားတစ်ဖက်နှင့်ကပ်၍ နားထောင်ကြည့်ပြန်သည်။ ထိုအချိန်တွင် ပရိသတ်တို့ကား တုတ်တုတ်မျှပင် မလှုပ်ဘဲ ကိုမဲ့ကြီး၏ လှုပ်ရှားမှုများကိုသာ မျက်တောင်မခတ် ကြည့်ရှုစောင့်ဆိုင်းနေကြကုန်၏။

အဘိုးအိုး၏ ရင်ဘတ်မှ ခွာလိုက်သော ကိုမဲ့ကြီး၏ မျက်နှာမှာ တဖြည်းဖြည်း မှုန်ကုပ်လာကာ သူစိတ်ဆိုးလျှင် လုပ်တတ်မြဲအတိုင်း ကွမ်းတံတွေးတစ်ချက်ကို ပစ်ခနဲ ထွေးထုတ်လိုက်၏။ နောက် ပရိသတ်ဘက်လှည့်၍ ကေသရာခြင်္သေ့မင်း၏ ဟိန်းဟောက်သော အသံမျိုးနှင့်

"သွားကြ သွားကြ အသုံးမကျတဲ့လူတွေ တစ်ယောက်မှ မနေနဲ့ အကြင်နာတရားမရှိတဲ့လူတွေ၊ ခင်ဗျားတို့ ဒီအတိုင်း ရပ်ကြည့်နေကြသလား ဒီမှာ လူတစ်ယောက်သေပြီ"

ပရိသတ်တို့ကား ခွန်းတုံ့မပြန်ရဲကြဘဲ ကိုမဲ့ကြီး အနားမှအလျှိုလျှို ကုပ်ကုပ်ကလေးတွေ ထွက်သွားကြ၏။ ဝေးဝေးသို့လည်း မသွားနိုင်ပြန်ဘဲ မလှမ်းမကမ်းမှာ ဟိုတစ်စု သည်တစ်စု ဝိုင်းဖွဲ့ကာ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြလေသည်။

"သေပြီတဲ့တော့၊ မြန်လိုက်တာ၊ ငါသွားကြည့်တုန်းက ညည်းနေသေးတာပဲ"

"သနားပါတယ်နော်၊ ဘယ်ကပါလိမ့်၊ သားသမီးတွေ မရှိဘူးလား"

"ဒါက အရေးမကြီးဘူး၊ အခု သေပြီဆိုတော့ အဘာလုပ်ကြမလဲ၊ ရဲတိုင်ရမလား၊ ဆေးရုံကြီး အကြောင်းကြားမလား"

သူတို့ စဉ်းစားတွေဝေနေကြဆဲ ကိုမဲ့ကြီးကမူ ရပ်ကွက်လူကြီးတွေထံ သွားရောက် အကြောင်းကြားပြီးနေပြီ၊ လူကြီးတွေကလည်း ထုံးစံအတိုင်းပင်။

www.burmeseclassic.com

"မင်းပဲ ကြည့်လုပ်လိုက်ပါ မဲ့ကြီးရာ၊ သေပြီးမှ ဆေးရုံကြီးကလည်း လာယူမှာ မဟုတ်ဘူး၊ ရဲကိုတော့ အကြောင်းကြားပေါ့"

မကြာမီ ကိုမဲ့ကြီးသည် ဈေးတန်းတစ်လျှောက်၌ ကြေးဖလား တစ်လုံးကို တဂျောက်ဂျောက် အသံပေး၍ အလှူခံနေလေပြီ။ ကိုမဲ့ကြီး၏ မာထန်နေသော မျက်နှာကိုကြည့်ကာ ဈေးသည်တိုင်း မထည့်ဘဲ မနေရဲကြပေ။

ရွှေဆိုင်တန်းတို့၊ အထည်တန်းတို့ဘက်ကတော့ ငါးကျပ်တန်တွေ ဘာတွေထုတ်၍ ခပ်ဝံ့ဝံ့ထည့်ကာ သူတို့၌ အကြင်နာ တရားမကင်းပါ ကြောင်း သက်သေပြကြလေသည်၊

သားငါးတန်းဘက်ကလည်း ကျပ်တန်လောက်ကိုတော့ ကျေကျေ နပ်နပ်ပင် ထည့်ဝင်ကြလေသည်။

မုန့်စေ့မတတ်စေ့သော အထည့်များသော ဟင်းရွက်တန်းဘက်ကပင် ကိုမဲ့ကြီးကို အလုအယက် ခေါ်ငင်ကာ "ကျုပ်တို့လည်း ကုသိုလ်ပါပါရ စေတော်"ဟု မျက်နှာလုပ်ကြသည်။ ကိုမဲ့ကြီးကမူ ဘယ်သူ့ကိုမှ ပြန်မပြုံး။

"ကွယ် သတ္တဝါတစ်ခု ကံတစ်ခုပေါ့"ဟု တစ်ဦးက လေပြေ ဝင်ထိုးရှာ၏။

"အခုလည်း မင်းရှိပေလို့ပဲ၊ မောင်မင်းကြီးသား အားကိုးရပါပေ တယ်၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေကွယ်"ဟု တစ်ဦးက သာဓုခေါ် လေသည်။

ဤသို့ဖြင့် ကွယ်လွန်သူ အဘိုးကြီး၏ ဈာပန အခမ်းအနားမှာ ကိုမဲ့ကြီး၏ ကူညီမှုကြောင့် စည်စည်ကားကား မဟုတ်သော်လည်း သပ်သပ်ရပ်ရပ်ကလေးပင် ပြီးသွား၏။

နိဗ္ဗာန်ယာဉ်တို့ ခေါ်းတို့မပါနိုင်ပေမဲ့ အသစ်စက်စက် သပေါ့ဖျာဖြင့် လိပ်လျက် ချယ်ဂါရီနှင့် ဆောင်ကြဉ်းလျက် ခေါင်းရင်းမှာ စားမြိန်စားတုပ် ကလေး တစ်ထုပ်ပင် ပါလိုက်သေး၏။

www.burmeseclassic.com

အသုဘပို့ ပရိသတ်ကား အလောင်းမရှ် ချယ်ဂါရီတွန်းရှ် ကူလီနှစ်ယောက်နှင့် ကိုမဲ့ကြီး ပေါင်း သုံးဦးတည်းသာ။

ခေါက်မုန့်သည် ဒေါ်ရှင်ကား မျက်ရည်စမ်းစမ်း အင်္ကျီလက်နားနှင့် သုတ်လျက် "ဒီလို သေရမှာ ကြောက်ပါရဲ့တော်"ဟု သူ့ဘေးက ဘိန်းမုန့်သည် ဒေါ်နီကို တိုင်တည်နေလေသည်။

ညဘက်ရောက်ပြန်တော့လည်း ဆိပ်ကမ်းက အလုပ်ပြန်လာသော ခင်ပွန်း "ဦးချစ်"ကို ကွယ်လွန်သူ အဘိုးကြီးအကြောင်း ဖောက်သည် ချရပြန်သည်။ ထိုညကား တိုက်ဆိုင်စွာ လပြည့်ညလည်းဖြစ်ရာ သူတို့ တဲကလေးရှေ့မှာ လရောင်ဖြင့် ဝင်းပနေလေသည်။

တဲဂေဟာ၏ အတွင်းဘက် ရေနံဆီဖန်မီးအိမ်ကလေး၏ အောက်မှာ တော့ သူတို့၏ ဧကပုတ္တ သားရတနာ ရှစ်တန်းကျောင်းသား "တိုင်းကျော်" သည် သင်္ချာတစ်ပုဒ်ကို တွက်နေလေသည်။

"ဉာဏ်သိပ်ကောင်းတဲ့ကောင်ဗျ၊ ပြီးတော့ ကျုပ်သားက အဓိပတိဖွား၊ ဥစ်နှစ်ချပ်နဲ့ သောကြာကသစ်ရသဗျ"ဟု ဦးချစ် ဂုဏ်ယူ ဝင့်ကြွားလေ့ရှိသော တိုင်းကျော်မှာ ထိုညအဖို့ စာထဲမှာ စိတ်မဝင်စားနိုင်ဘဲ ရှိနေသည်။ ကျောင်းက သင်္ချာမဟုတ်သော သင်္ချာတစ်ပုဒ်ကို သူသည် စိတ်တွက် တွက်နေလေသည်။

"ဘယ်လောက်ပဲ ဆင်းရဲပါစေတော် ဒီလို ခွေးသေဝက်သေတော့ မသေချင်ပါဘူး၊ သရဏဂုံ မတင်ရ၊ ဆွမ်းမကျွေးရနဲ့"

"ကုသိုလ်ကံပေါ့ကွာ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါကြောင့် လူမှာ အိုဇာတာ ကောင်းဖို့ အရေးကြီးတယ်လို့ ပြောကြတာပေါ့"

အဖေနှင့်အမေ၏ စကားဝိုင်းမှာ သေခြင်းတရားမှ အိုဇာတာသို့ ရောက်သွားစဉ် သူတို့တဲကလေး အတွင်းသို့ လေညင်းနှင့်အတူ ကြားနေကျတေးသံ တစ်စပျံ့လွင့်ဝင်ရောက်လာလေသည်။

"ပြေးလေသူ ပန်းနွယ်ရေ၊ ကမ္ဘာမြေဆုံးအောင် ဘုန်းမောင်



www.burmeseclassic.com

ရှာဖွေမယ်”

အုန်းနှဲရိပ်သာ၏ စူပါစကား ကိုမှဲ့ကြီးကား သူ၏အကျော်ကြားဆုံး တေးကို ဆိုတီးဖြင့် ဟစ်ကြွေးနေလေပြီ။ ခေတ္တမျှ တိတ်ဆိတ်သွားသော အဖေနှင့်အမေတို့၏ စကားဝိုင်းကို တိုင်းကျော်သည် မျှော်လင့်ချက်ဖြင့် နားစွင့်လိုက်၏။

“ကိုယ်မွေးထားတဲ့ သားသမီး လိမ္မာရင်လည်း အိုဇာတာ တစ်မျိုး ကောင်းတယ်လို့ဆိုရမယ်ကွဲ့ မရှင်ရဲ့”

“ဟုတ်တာပေါ့တော်၊ တော်ပြောဖူးတဲ့ ဒုကုလနှင့်ပါရိကာတို့လိုပေါ့”

တိုင်းကျော်သည် မျက်မှောင်ကုတ်ရင်း အဖေ့ကိုပင် မကျေနပ်သလို ဖြစ်လာသည်။ ကြားဖူးနေကျ စကားတစ်ခွန်းကို ခုညမှာ မကြားရသေး သဖြင့်လည်း သူ့စိတ်ထဲ တစ်ခုခုလစ်ဟာနေသလို ခံစားနေရလေသည်။

ကိုမှဲ့ကြီး၏ တေးသံကား ပျံ့လွင့်လာနေဆဲပင်။ ငယ်စဉ်က ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့ဖူးသူမို့ စာကလေး အနည်းငယ် နှံ့စပ်သော အဖေကတော့ အမေ့အား “သိင်္ဂါလောဝါဒ”ကို ရွတ်ပြနေပြန်တော့သည်။ တိုင်းကျော်ကလည်း နေ့ခင်းက မြင်လိုက်ရသော ကိုမှဲ့ကြီး၏ ကြေးဖလား ထဲမှ ငါးကျပ်တန်၊ ကျပ်တန်တွေကို ဈေးတွက်နည်းဖြင့် အဖြေ ထုတ်ကြည့် နေဆဲ။

“လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနဲ့ဘကွဲ၊ သားသမီး လိမ္မာဖို့ မိဘက အခရာပေါ့”

“ပန်းနွယ်ရေ… ကြာလေဝေးတယ်”

“မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းတဲ့ကွ”

“ထွေးညိုရေ… လာမကြိုပြီကောရယ်လို့… ဘကြီးမှုန်၊ ထွေးညို ကောဟင် ထွေးညို”

အဖေတို့ စကားဝိုင်းမှာ ဖြုန်းခနဲ တိတ်သွားပြန်သည်။ တိုင်းကျော်



www.burmeseclassic.com

သည် အဖေ့ထံမှ စကားအလာကို မျှော်လင့်စွာ နားစွင့်လိုက်ပြန်သည်။

"မဲ့ကြီးတို့တော့ ရေချိန်လွန်နေပြီဟေ့"

"မဲ့ကြီးတို့တော့ ပွပြန်ပြီဟေ့"လို့ ဘာကြောင့် အဖေမပြောပါလိမ့်။

ကိုမဲ့ကြီး၏ ပွပေါက်ကို အဖေတို့ မသိမမြင်နိုင်ခြင်းတော့ မဖြစ်နိုင်။ ကိုယ့်အိမ်ထဲမှာမို့ ကိုမဲ့ကြီး၏ နှစ်တစ်လက်မတုတ်ကို ငဲ့နေခြင်းလည်း မဟုတ်တန်ရာ။ လောလောဆယ်မှာ ထိုပွပေါက်ကို အဖေက သူ၏ သိင်္ဂါလောဝါဒလောက် အရေးမထားနိုင်သေး၍ပေလော။

ထိုသို့မဟုတ်လျှင် ကိုမဲ့ကြီး၏ သည်တစ်ခါ ပွပေါက်မှာလည်း တရားနည်းလမ်း ကျပေသည်ဟု ထင်မြင်ထားပေလေရော့သလား။

သို့တည်းမဟုတ် ကိုမဲ့ကြီး၏ အကြင်နာတရားမရှိလှတဲ့ လူတွေ စာရင်းထဲမှာ ပါသွားမည်စိုး၍ ရေငုံနေလေသလား။

နေ့ခင်းတုန်းက ဈေးတန်းထဲမှာ သူမြင်ခဲ့ရသော ကိုမဲ့ကြီး၏ မာထန်သောမျက်နှာ "အကြင်နာမရှိတဲ့လူတွေ"ဟု စွပ်စွဲလိုက်သံတို့ကို တိုင်းကျော်သည် ပြန်လည်မြင်ယောင် တွေးတောကြည့်နေသည်။ ထိုညအဖို့ တော့ တိုင်းကျော်မှာ စာကျက်ရမည်ကို စိတ်မဝင်စားနိုင်တော့ပေ။

အဖေနှင့်အမေက "အိဗ္ဗာတာ"နှင့် သိင်္ဂါလောဝါဒ"ကို စိတ်ပါဝင် စားစွာ ပြန်လည်ဆက်စပ်နေကြစဉ် တိုင်းကျော်ကလည်း ကိုမဲ့ကြီး၏ ပွပေါက်ကို သူပြောခဲ့သော အကြင်နာတရားစံနှင့် ချိန်ထိုးကြည့်နေသည်။ သည့်အပြင် ချိန်ထိုးကြည့်စရာ"စံ" တစ်ခုခုများ ရှိနေလေဦးမည်လား ဟုလည်း ဆက်၍ မမိမကမ်း တွေးတောကြည့်နေပြန်သေးသည်။

[ရှုမဝ၊ ဧပြီ ၁၉၈၁]

www.burmeseclassic.com

www.burmeseclassic.com

# အဖော်

ကိုဦးနှင့်မခိုင်တွေ့ကြတော့ သူတို့ဘဝ၏ အရဏ်ဦးမှာ ကုန်ဆုံးပျောက်ကွယ်ခဲ့ကြပြီ။ နေမဝင်သေးပေမဲ့ အပူရှိန်ပြင်းပြဆဲ။ မွန်းတည့်ချိန်လို ရုန်းရ၊ ကန်ရ၊ မောဟ၊ လောဘ၊ သောကတွေ အထန်ရဆုံး အချိန်ပိုင်းလောက်တော့ရှိနေပြီ။

ချစ်တာကြိုက်တာတွေ ကိုယ်နှင့်မဆိုင်တော့ဟု ထင်ကာ ရင်ခုန်ဝေဒနာကို ဘယ်လိုမှန်း မမှတ်မိနိုင်တော့အောင် မေ့လျော့နေပြီဖြစ်သော ရင့်ကျက်ခြင်းတွေဖြင့် ဆုံစည်းကြလေသည်။

မခိုင်တို့၏ "ပန်းပပန္နယ်" အပ်ချုပ်ဆိုင်နှင့် ကိုဦးလာတတ်သော "ခယောင်းတောစာပေ" စာအုပ်ဆိုင်မှာ သုံးလေးဆိုင်လောက်သာခြားမည်။ ကမ်းနားဈေးသစ်၏ မြောက်ဘက်ဆောင် အလယ်တန်းလောက်မှာ တည်ရှိသဖြင့် လူသိပ်လည်းမစည်၊ သိပ်လည်းမခြောက်လွန်း။

မခိုင်ဘွဲ့ရပြီး ရှာနေသော လခစားအလုပ်ကို မရမီ အစ်မ၏ဆိုင်၌ ခေတ္တကွန်းခိုရန်ရောက်လာတော့မှ ကိုဦးနှင့် ဆုံမိခြင်း ဖြစ်သည်။ ကိုဦးကမူ မခိုင်ထက် ၅ နှစ်လောက်စော၍ ဈေးသက်ရနေခဲ့ပြီ။

ကိုဦး၏ "ငွေသောင်ယံစတိုး"မှာ ဈေးမျက်နှာစာ အလယ်ပိုင်း ထိပ်တည့်တည့်မှာရှိသဖြင့် နေရာကလည်း ကောင်းသည်။ ကိုဦးတို့အဖေ



www.burmeseclassic.com

လက်ထက်ကတည်းက နာမည်ကောင်းရသော ဆိုင်တစ်ဆိုင်ဖြစ်ခဲ့သည်။

သို့ပေမဲ့ ကိုဦးရောက်လာမှသာ ဆိုင်၏ အဆင်အပြင် အခင်းအကျင်းမှအစ အမြင်ဆန်းလာကာ ရောင်းပန်းဝယ်ပန်းလည်း ပို၍ ပွင့်ခဲ့သည်တဲ့။

မိန်းကလေးတို့ လောက၌ ကလစ်ဖဲပြား၊ လက်ကိုင်ပဝါကအစ ပုတီး ရင်ထိုးအလယ်၊ နိုင်ငံခြားဖိနပ်အဆုံး ကိုဦး၏ ငွေသောင်ယံက ဝယ်မှ ပိုလှသည်ဟု ထင်ကြသတဲ့။ မခိုင် ဈေးရောက်စကပင် ကိုဦးတို့ဆိုင်၏ သတင်းကောင်းတွေ ကြားဖူးနေခဲ့သည်။ အမှန်တော့ ကိုဦးကလည်း လှသည်လေ။

လူချောကိုဦးကို ခယောင်းတောစာအုပ်ဆိုင်၌ ပထမဆုံး အကြိမ် မခိုင်ဆုံရစဉ် ကမ်းနားဈေးမှ နာမည်ကျော် ငွေသောင်ယံ မင်းသားမှန်း ဖျတ်ခနဲ မှတ်မိလိုက်သည်။

နေ့စဉ်ပင် ကိုဦးတို့ဆိုင်ရှေ့မှ ဖြတ်သန်းကာ အလုပ်ဆင်းရမြဲဖြစ်၍ လည်း ကိုဦးကို မြင်ဖူးနေပေသည်။

ချိုသာယဉ်ကျေးသော ကိုဦး၏ပြုံးဟန်၊ အဖွဲ့အနွဲ့မပါ အနည်းငယ် လည်း မြန်၍ ခပ်ဆတ်ဆတ်နိုင်သည်ထင်ရသော ကိုဦး၏ စကားပြောဟန် တို့ကိုလည်း တွေ့ဖူးကြားဖူးနေခဲ့၏။ ကိုဦးဆိုင်မှာ ကိုယ်တိုင်တော့ တစ်ခါမျှ မဝယ်ဖူးသေးပေ။

မခိုင်ကိုယ်တိုင်က ဈေးမှာထိုင်နေရသော်လည်း ဈေးတန်း လျှောက်ရန် ဝါသနာမရှိ။ သရေစာလည်း မစားတတ်။ ဟိုဆိုင်သည်ဆိုင် လည်၍လည်း စကားမပြောတတ်။ မိမိဘဝကို သည်ဈေးမှာ ရာသက်ပန် မြှုပ်နှံတော့မည်ဟုလည်း စိတ်ကူးထဲ မထည့်နိုင်သေး။

သို့သော် မခိုင်မှာ မာနနည်းနည်းရှိသည်။ အစ်မအရင်း၏ဆိုင်ပင် ဖြစ်ပေမဲ့ ရေသာခိုသည်၊ လက်ကြောမတင်းဟု မိမိအပေါ် အထင်မခံနိုင်။ အစ်မကော်ကပ်ပေးသမျှကို စက်ခုံပေါ်မှ မထတမ်း ချုပ်နေတတ်သည်။ ချုပ်နေရင်းပင် အစ်မထံမှ အဝတ်ကိုက်ပုံကိုက်နည်း တိုင်းပုံတိုင်းနည်း



www.burmeseclassic.com

တို့ကိုလည်း သင်ယူလိုက်သေးသည်။

တစ်လမပြည့်မီ မခိုင်သည် အင်္ကျီကောင်းကောင်း ချုပ်တတ်သွားပြီး နောက် တစ်လနှစ်လကြာတော့ အစ်မက မခိုင်ကို ဆိုင်မှာ မျက်နှာလွှဲစ ပြုလာသည်။ မခိုင်ကလည်း အစ်မတာဝန်ယူ မချုပ်ခဲ့ရသော ပုံသစ်ပုံဆန်း တို့ကို ခေတ်လူငယ်ပီပီ စမ်းသပ်တီထွင် ချုပ်ကြည့်ရင်း တစ်စတစ်စ အစ်မထက်ပင် နာမည်ရစပြုလာခဲ့သည်။

စက်ခုံမှာ ညောင်းညာလာလျှင် မခိုင်အညောင်းဆန့်အာရုံပြောင်း တတ်သည့် တစ်ခုတည်းသောနေရာမှာ ခယောင်းတော စာအုပ်ဆိုင်ပင်။

ရုပ်ရှင်စာစောင် သို့မဟုတ် ကာတွန်းတစ်အုပ်လောက် လှန်လှော ကြည့်၊ ညဘက်အိမ်မှာဖတ်ဖို့ စိတ်ကြိုက်စာအုပ်တစ်အုပ်ကို သွားရွေးနေ တတ်မြဲ။ ထိုစာဖတ်ဝါသနာကပင် ကိုဦးနှင့် ဆုံစည်းစေခဲ့တော့သည်။

အစ၌ လူချောကိုဦးကို တမင်ပင် ဘာသာလဝါ နေခဲ့မိ၏။ ကိုဦးကို လှမှန်း မခိုင်က သိသလို သူ့ကိုယ်သူတော့ မိန်းမလှတစ်ဦးဟု မယုံကြည်ခဲ့သောကြောင့်ဖြစ်သည်။ ကိုဦးကို တစ်ခါနှစ်ခါ ခိုးကြည့်ခဲ့ဖူး ကြောင်းကိုတော့ မခိုင် ဝန်ခံမည်။

သို့သော် ထိုသို့ကြည့်မိတိုင်း ငါကြည့်ဖူးတဲ့ ဟိုသစ်ခုတ်သမားဘဝ သရုပ်ဖော်ကားထဲက မင်းသား မိုက်ကယ်ဆရာဇင်နဲ့ ခပ်ဆင်ဆင်ပဲဟူသော ခံစားမှုထက် မပိုဖူးခဲ့။ ရုပ်အလှကြောင့် ရင်ခုန်တတ်သော အရွယ်အသိမျိုးမှ မခိုင်လွန်မြောက်ဖြတ်ကျော်ခဲ့ပြီးပေပြီ။

ကိုဦးကလည်း သူ့ဆိုင်၌ ဈေးရောင်းနေချိန်မျိုးမှာသာ မိန်းကလေး များကို ဖော်ရွေပျူငှာချင် ပျူငှာမည်။

ခယောင်းတော၌မူ ကိုဦး စကားများများ ပြောသည်ကို မကြုံဖူးပေ။ ပြီးတော့ ကိုဦး၏ သွားဟန်လာဟန်၊ ဝတ်ပုံစားပုံကလည်း အနည်းငယ်တော့ ဝင့်ထည်နေသလို ထင်ရပြန်၏။

သူတို့နှစ်ဦးကို ဘယ်သူကမှလည်း မိတ်ဆက်မပေး။ သူတို့ချင်း



www.burmeseclassic.com

လည်း အကြိမ်ပေါင်း အတန်ကြာ ဆုံနေသည့်တိုင်အောင် စကားမပြောဖြစ်။

သို့သော် စာအုပ်ကောင်း ကြိုက်တတ်သော လက်နှစ်စုံကတော့ စာအုပ်ရွေးချယ်ရင်း မကြာခဏ ခလုတ်တိုက်ဖြစ်ကြလေသည်။

မခိုင်က ဦးသွားလျှင် "ခင်ဗျားပြီးရင် ကျွန်တော့်ပေးပါ" ဟု ကြိုတင်မှာကြားထားသော စကားတစ်ခွန်းစ နှစ်ခွန်းစကို ကိုဦးက ပြောတတ်လာသည်။ တစ်ခါတစ်ရံ သူက ဦးသွားလျှင်လည်း မခိုင်ကို လက်ဆင့်ကမ်းတတ်လာသည်။

မခိုင်ကလည်း ကိုဦး ဘာသာပြန်စာအုပ်တွေ ကြိုက်မှန်း သတိထားမိလာသောအခါ ကိုဦး မျက်စိလျှမ်း၍ ကျော်သွားသော "တစ်ကျွန်းစံ၏ အပြန်လမ်း" နှင့် "ဥတ္တရအလင်း"ကို လက်တို့ပြမိလေသည်။

ထို့နောက်ပိုင်းမှာတော့ သူတို့မှာ ပြောစရာစကားတွေ တစ်တစ်စ ရှည်လျားလာခဲ့ကြတော့သည်။

"လေရူးသုန်သုန်"ကို စွဲမိကြသည့်အကြောင်း၊ ကလောင်သစ်ထဲမှ သူတို့ သတိပြုမိသွားသော မောင်သစ်မင်းနှင့် မောင်မှိုင်းလွင်တို့၏ အရေးအဖွဲ့များ အကြောင်း၊ တစ်ခါတစ်ရံ မဂ္ဂဇင်းတွေ ထဲမှာ ထူးခြား ပြုံးပြက်စွာ ပါလာတတ်သော ဝတ္ထုတစ်ပုဒ်တလေ၏အကြောင်း၊ တမင် မချိန်းရဘဲ ခယောင်းတောမှာ တစ်ရက်ခြား တစ်ခါလောက် ဆုံတွေ့ စကားဝိုင်းဖွဲ့ ဖြစ်ကြလေသည်။

ယနေ့တော့ ခယောင်းတော၏ ဖုန်တက်နေသော စာအုပ် အဟောင်းပုံ များကြားမှ စာတစ်အုပ်ကို မခိုင်က အမှတ်မထင် ဆွဲထုတ်ကြည့် မိရာ မိုးဝေ၏ ဘာသာပြန်တစ်အုပ် ဖြစ်နေသည်။ နာမည် "အပယ် ခံသား"တဲ့။

မူရင်းမှာ ဂျွန်စတိန်းဘက်၏ "အိစ်အော့ဖ်အီဒင်" ဘာမှန်း ညာမှန်းသိလို့တော့မဟုတ်၊ ဘာသာပြန် ကြိုက်တတ်သော ကိုဦးထံ စာအုပ်ကမ်းပေးလိုက်မိခဲ့သည်။ ကိုဦးမှာ စာအုပ်ကို မြင်လိုက်လျှင်ပင်



www.burmeseclassic.com

မျက်နှာတစ်ချက်ညှိုးကာ

"ကျွန်တော့်မှာ အပိုင်ဝယ်ထားတာရှိတယ်"ဟု လေးတွဲ့တွဲ့ပြန်ပြော ခဲ့ပုံကို မခိုင်အံ့သြခဲ့ရ၏။ ထိုနေ့က ကိုဦးသည် သူ့အဖေနှင့် ပတ်သက်သော ခံစားချက်များကို မခိုင်က မမေးရဘဲ ပြောပြခဲ့လေသည်။

မခိုင်သည် ထိုအခိုက်မှာ အားနည်းညှိုးငယ်သွားသော ကိုဦး၏ မျက်နှာကို ငေးမောရင်း စာနာစိတ်နှင့် နားထောင်နေခဲ့၏။

"မောင်နှမ သုံးယောက်ထဲမှာ အလတ်ဖြစ်နေတဲ့ ကျွန်တော့်ကို အဖေက မချစ်ဘူးဗျာ၊ ပယ်တယ်၊ ကြဉ်တယ်လို့ ကျွန်တော် ငယ်ငယ် ကတည်းက စိတ်ထဲမှာ စွဲမှတ်လာခဲ့တာ၊ ခုထိနာကြည်းချက်တွေ ကျွန်တော့် မှာ ကျန်နေသေးတယ်၊ အပယ်ခံသားဆိုတဲ့ နာမည်လေးကြိုက်တာနဲ့ ဝယ်သိမ်းခဲ့တာ"

ထိုစဉ်ကပင် ကိုဦးထိခိုက်ခံစားတတ်ပုံကို မခိုင်အကဲခတ်မိခဲ့၏။ ပြီးတော့ မခိုင်က သူ့ ဖအေ အချစ်တော် ဖြစ်ခဲ့ပုံ။ သူကတော့ အဖေကို အမေလောက်မချစ်ပုံ၊ အမေက သူ့ကို အစစအရာရာ စိတ်ချ အားကိုးသော် လည်း သူ့ညီမကို ပိုချစ်ပုံတွေ ပြန်ပြောမိလေသည်။

ထိုအခါမှစ၍ သူတို့ အတွင်းကျကျ ကျွမ်းဝင် ရင်းနှီးခဲ့ကြသည်ဟု ထင်သည်။ နောင်အခါ စာအကြောင်း ပေအကြောင်းသာမကတော့ဘဲ ကိုယ်ရေးကိုယ်တာ ဘဝပြဿနာများကိုပါ အပြန်အလှန် ပြောပြတတ်လာ ကြ၏။

သူ့အိမ်မှာ မပျော်သောကိုဦးက စိတ်ရှုပ်စရာ အိမ်တွင်း ပြဿနာ များကို တစ်ခါတစ်ရံ မခိုင်ထံ ယူလာတတ်သည်။ မခိုင်က ဖျောင်းဖျတန်လျှင် ဖျောင်းဖျ၊ အကြံဉာဏ်များပေးတန်လျှင် ပေးသည့်အခါ ကိုဦး၌ စိတ်ပေါ့ပါး သက်သာသွားတတ်၏။

သူတို့ အပ်ချုပ်ဆိုင်အတွက် လိုအပ်သော ကြယ်သီး အပ်ချည်လုံးတို့ ကို ဝယ်ယူတတ်၏။ ကိုဦးကလည်း သူ့မိတ်ဆွေတွေကို မခိုင်တို့ဆိုင်သို့



www.burmeseclassic.com

လမ်းညွှန်၍ ဖောက်သည်ရှာပေးတတ်၏။ သူတို့ဆုံလျှင် သူ့ဆိုင်ကိုယ့်ဆိုင် အခြေအနေအကြောင်း မေးမိပြောမိကြ၏။

ကိုဦး အရောင်းအဝယ် ကောင်းကြောင်းကြားလျှင် မခိုင်က ဝမ်းသာတတ်လာ၏။ လခစား အလုပ်ကို မက်နေသေးသော မခိုင်အားလည်း ကိုဦးက လက်ရှိ ကိုယ်ပိုင်အလုပ်က ပိုကောင်းကြောင်း နားချနေတတ်သည်။

"အချုပ်အလုပ်ဆိုတာ အနုပညာတစ်မျိုးပဲဗျ၊ သင်လို့ တတ်တာတောင် လက်ရာချင်းတူနိုင်တာမှမဟုတ်တဲ၊ မခိုင်ရောက်လာမှ ပန်းမရွှယ်မှာ အပ်သူတိုးလာတာ သတိမထားမိဘူးလား၊ ကိုယ့်အလုပ်ကို အထင်ကြီးစမ်းပါဗျာ"

ကိုဦးသည်လည်း မခိုင်လို ဘွဲ့ရတစ်ယောက်ဖြစ်သည်။ မိဘက ကုန်သည်မျိုးရိုးဆိုတော့ သူဘွဲ့ရသည်နှင့် ဘာမျှတွေဝေနေစရာ၊ ထီးထမ်းလမ်းလျှောက် အလုပ်ရှာနေစရာမလိုဘဲ အလွယ်တကူကုန်သည်ဖြစ်ခဲ့သည်တဲ့။

ကိုဦး၏ ဘဝရည်မှန်းချက်ကို ကိုဦး၏ ဆိုင်နံရံပေါ်မှာ ကပ်ထားသောစာတန်း၌ မထင်မှတ်ဘဲ မခိုင်သွားတွေ့သည်။ အင်္ဂလိပ်လို သုံးလုံးထဲပင်။ **Money Makes Everything** တဲ့။ "ငွေသည် အရာရာကို ပြီးမြောက်စေ၏"လို့ အဓိပ္ပာယ်ပြန်ရမည်လား။ မခိုင်က စာတန်းကိုဖတ်ပြီး ပြုံးတော့ ကိုဦးကလည်း မလုံမလဲပြန်ပြုံးကာ

"ဟုတ်တယ်၊ ငွေကိုတော့ လိုချင်တယ်ဗျာ၊ ကျွန်တော့်ဘဝမှာ ချမ်းသာသထက် ချမ်းသာဖို့ဆိုတာ မထင်မှတ်ဘဲ ဘဝရဲ့ ရည်မှန်းချက်ဖြစ်လာခဲ့တယ်"ဟု ဝန်ခံလေသည်။

ထိုဘဝရည်မှန်းချက်ကို ကိုဦး အဘယ်သို့ ရခဲ့ကြောင်း မခိုင်သိရသောအချိန်၌မူ မခိုင်သည် ကိုဦး၏ဘဝထဲသို့ တရားဝင် ရောက်ရှိနေခဲ့လေပြီ။

သင်္ကြန် အကြိုတစ်ရက်မှာ ကိုဦးသည် မခိုင်ထံ ပိတောက်ပန်း



www.burmeseclassic.com

တစ်စည်းကို ယူဆောင်လာရင်း တည်ငြိမ်ပြတ်သားစွာပင် လက်ထပ်ခွင့် တောင်းလေသည်။

သို့သော် ချစ်သည်ဆိုသော စကားတစ်ခွန်းတလေမျှပင် ကိုဦးထံမှ မခိုင် မကြားရပေ။

"ကျွန်မကို ဦးနှောက်နဲ့ ရွေးလိုက်တာ မဟုတ်လား"ဟု မခိုင်က လည်း နားလည်ခံစားမိဟန်နှင့် ပွင့်ပွင့်လင်းလင်းမေးခဲ့၏။

"ဟုတ်တယ်၊ ကျွန်တော် မခိုင်ကို မညာချင်ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ မိတ်ဆွေဘဝ သံယောဇဉ်ကို ထည့်တွက်ဖို့တော့ မမေ့ပါနဲ့၊ ကျွန်တော်တို့အချင်းချင်း အပြန်အလှန် နားလည်နိုင်ကြပါပြီ၊ အချစ် အကြောင်းပြောနေဖို့ အချိန်လည်း မဟုတ်တော့ပါဘူး၊ ခွင့်လွှတ်မှုပါတဲ့ မေတ္တာအကြောင်းရယ်၊ ပြီးတော့ သစ္စာ၊ ကျွန်တော့်ကို ယုံတယ်မဟုတ်လား"

မခိုင်စိတ်ထဲ အနည်းငယ် နာကြည်းသွားသလိုပင်။ မိန်းမဆိုတော့ စကားကလေးလောက်နှင့်ပဲဖြစ်ဖြစ် လက်စားချေလိုက်ချင်သေးသည်နှင့်–

"ဒါပေမဲ့ ကျွန်မက ဆင်းရဲသားနော်၊ ငွေမရှိဘူး"

ကိုဦးက မခိုင်ကို အတန်ကြာ စိုက်ကြည့်လိုက်သည်။

"ကျွန်တော့် အိမ်ထောင်ဖက်မှာ ငွေရှိဖို့ မလိုပါဘူး၊ ကျွန်တော့် အနွံအတာကို ခံနိုင်မယ်၊ အစစအရာရာ ကျွန်တော်စိတ်ကျေနပ် နှစ်သိမ့်မှု ရအောင် စွမ်းဆောင်ပေးနိုင်မယ်ဆိုတော်ပြီ၊ မခိုင်မှာ ဒီအရည်အချင်းမျိုး ရှိနေတယ်လို့ ကျွန်တော်ယုံတယ်၊ ဒါပါပဲ"

မခိုင်သည် သိပ်အကြာကြီး ကြာအောင်တော့ အချိန်မဆွဲခဲ့ပေ။ လောလောဆယ်မှာ အစ်မဆိုင်၌ ကြီးပွားရန် လမ်းမမြင်သော မိမိဘဝကို မြင်ယောင်ပြီး ကိုယ်လုပ်ချင်ရာ မဖြစ်နိုင်သေးသော မိန်းမတစ်ယောက်အဖို့ နောက်ဆုံးထွက်ပေါက်အဖြစ် ယောကျ်ားယူရန် လမ်းသာရှိသည်။ မဆိုးပါဘူးဟု တွေးလေသည်။

ပြီတော့ ကိုဦး၏ စွဲမက်မြတ်နိုးဖွယ် ချောမောလှပသော မျက်နှာ၊



www.burmeseclassic.com

ယုံကြည်ဖွယ်ရာ ပွင့်လင်းပြတ်သားသော စကားပြောဟန်၊ ကိုဦး၏ အတန်အသင့် ထည်ဝါသော ငွေသောင်ယံ ဒါတွေကိုလည်း ထည့်သွင်း၍ စဉ်းစားမိခဲ့ပေသည်။

သို့နှင့်ပင် သူတို့မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်သော အိမ်ထောင်ရေးကို တည်ဆောက်ဖြစ်ခဲ့ ကြလေသည်။ ဒါကတော့ ကုသိုလ်ကံ ပါပဲဟု မခိုင်က သူ့အိမ်ထောင်ရေးနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် မှတ်ချက်ချခဲ့၏။

ရုပ်ချောပေမဲ့ မပွေတတ်သော၊ စာအုပ်နှင့် ရုပ်ရှင်လောကကိုသာ ဝါသနာအဖြစ် စွဲမြဲတတ်သော ကိုဦးကြောင့် မခိုင်စိတ်ချမ်းသာခဲ့ရ၏။

ချစ်သူဟူ၍ မည်မည်ရရ မရှိခဲ့ဖူးသော မခိုင်အဖို့ ကိုဦးသည်သာ ဘဝသခင် ဖြစ်လာရသည်မှာလည်းမဆန်းပေ။ အတန်ငယ် သပ်ရပ်သန့် ရှင်းသော အခန်းကျဉ်းကလေးတစ်ခု ငှားကာ နှစ်ယောက်တစ်ဘဝ ထူထောင်ရာ၌ တက်ညီလက်ညီ ရုန်းကန်နေရသည် မှန်သော်ငြားလည်း ပြည့်စုံချမ်းမြေ့ခဲ့ကြ၏။

မနက်မိုးမလင်းမီ မခိုင်က စောစွာထကာ ကိုဦးအတွက် လက်ဖက် ရည်ပွဲကို အသင့်ပြင်ထားတတ်လေသည်။ ကိုဦးဆိုင်သို့ ထွက်သွားလျှင် မခိုင်သည် ဈေးကိုပြေးကာ ဟင်းလျာဝယ်၊ ကိုဦးကြိုက်တတ်သော နံနက်စာကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ပြီးမှ ရေမိုးချိုး အဝတ်အစားလဲ နှစ်ယောက်စာ ထမင်းဟင်းများကို ချိုင့်နှင့်ထည့်၊ အိမ်တံခါး သော့ခတ်ပြီး လျှင် ဆိုင်သို့ လိုက်ခဲ့ရသည်။

အိမ်ထောင်ကျပြီးမှ မခိုင် စက်မချုပ်တော့။ ငွေသောင်ယံမှာ ကိုဦး၏ လက်ထောက်မန်နေဂျာ ဖြစ်လာခဲ့တော့သည်။ ဆိုင်၌ နှစ်ယောက် အတူ ထမင်းလက်ဆုံစား၊ နေ့ခင်းတစ်ပိုင်းလုံး ဈေးကူရောင်း၊ ညနေစာ ချက်ချိန်နီးမှ မခိုင်က အနည်းငယ်စောကာ ပြန်ခဲ့တတ်၏။ တစ်ခါတစ်ရံ အရောင်းကျနေလျှင် နှစ်ယောက်အတူ ဆိုင်သိမ်းပြီးမှ အိမ်ပြန်ဖြစ်ကြတော့



www.burmeseclassic.com

သည်။

ညဥ့်ဦးယံများတွင် ကိုဦးက စာရင်းစာအုပ် တစ်အုပ်နှင့် အလုပ်ရှုပ်နေခိုက် မခိုင်က ဆိုင်မှာတင်ရောင်းလျှင် စွံနိုင်မည့် အမွေးပွ ပိုက်ဆံအိတ် ပုံစံလှလှကလေးများကို နိုင်ငံခြားမဂ္ဂဇင်းများထဲမှ ရှာဖွေ ပုံတူကူးရင်း သိုးမွေးချည်ခင်များနှင့် လုံးထွေးနေတတ်သည်။

သည်ကြားထဲ အားလပ်ချိန်ကလေး ရသေးလျှင် မြေနီကုန်းဘက်သို့ ထွက်၍ ရုပ်ရှင်ကြည့်သည့်အခါကြည့်၊ စာအုပ်အဟောင်းဆိုင်များဘက်သို့ လှည့်၍ စာအုပ်မွှေသည့်အခါ မွှေနေတတ်သည်။

ပြီးတော့ နောက်နေ့များမှာ စာအုပ်ကို အတူဖတ်ပြီး ကိုယ်ထင်ရာမြင်ရာတို့ကို ပြောဆိုနေတတ်ကြ၏။ တစ်ခါတစ်ရံ ကိုဦးဖတ်ရန် စိတ်မဝင်စားသော စာအုပ်ကောင်းကလေးများကို မခိုင်က တွေ့မိလျှင် ကိုဦးကို ပုံပြောသလို ပြန်ပြောပြကာ ဇွတ်အတင်း နားထောင်ခိုင်းတတ်၏။ ထိုအခါ ကိုဦးကပါ စိတ်ဝင်စားလာပြီး တငေးတမော နားထောင်နေရင်း ဘယ်လိုသိမြင်သွားသည်ဟု မဆိုနိုင်ဘဲ

"မခိုင်ဟာ ပြည့်ဝတဲ့ မိန်းကလေးပဲ"ဟုဖြုန်းခနဲချီးကျူးလိုက်တတ်၏။ မခိုင်သည် ကျေနပ်သွားသော်လည်း အနည်းဆုံး ပြည့်ဝချင်စိတ် ရှိတာပါပဲ ကိုဦးရယ်ဟု လျှော့ပြောတတ်လေသည်။

ထိုနေ့ကတော့ မခိုင်သည် ကိုဦးအတွက် ဟင်းအမည် ရွေးနေရသဖြင့် ခါတိုင်းထက် အနည်းငယ် နောက်ကျပြီးမှ ရောက်သွား၏။

ကိုဦးသည် ငါးမှတစ်ပါး အခြားအသားကို လုံးဝ မစားပေ။ ဟင်းသီးဟင်းရွက်ကိုတော့ ကြိုက်တတ်သည်။ အစားအသောက် ဇီဇာကြောင်သော ကိုဦးအတွက် ချက်ရပြုတ်ရတာ လက်ဝင်ပေမဲ့ ငြူစူဖို့သတိမရ။

ကိုဦးရဲ့ အသားရောင် နူးညံ့စိုဝင်းနေတာ အသားမစားလို့ နေမှာပဲဟု တွေးတောအားကျရင်း ကိုဦးကြိုက်တတ်သည့် ငါးဖယ်သားကို ဆီချက်နိုင်နိုင် ချဥ်ချဥ်စပ်စပ်ကလေးသုပ်ပြီး ရောက်ရွက်ကို ရိတ်ခိုက်လှီး၍



www.burmeseclassic.com

အုပ်လိုက်သေးသည်။

ကိုဦး ဆာနေတော့မှာပဲဟု စိတ်ပူရင်း သုတ်သုတ်လျှောက်လာနေသော မခိုင်သည် ငွေသောင်ယံကို လှမ်းမြင်နေရသော ထောင့်ချိုးကွေ့ ကလေးသို့ရောက်လျှင်ပင် ဆိုင်ဝမှာ ထွက်ရပ်နေသော ကိုဦးကို တွေ့လိုက်ရ၏။

ကိုဦးသည် မခိုင်လာရာလမ်းဘက်သို့ မျက်နှာမူကာ ပြုံးပြနေသည်။ အစ၌ မခိုင်သည် မိမိကို ထွက်ကြိုနေသည်ဟု ထင်လိုက်ရသော်လည်း မိမိရှေ့ မလှမ်းမကမ်းမှအမျိုးသမီးတစ်ယောက် ငွေသောင်ယံရှေ့တည့်တည့်၌ ရပ်လိုက်တော့မှ ကိုဦး၏အပြုံးကို သဘောပေါက်သွား၏။ ကိုဦး ပြုံးနေပုံကလည်း တစ်မျိုးပဲဟု မနာလိုစိတ်နှင့် သံသယသည် မခိုင်ရင်ထဲသို့ ချက်ချင်းဝင်လာ၏။

ထိုအခိုက် မခိုင်၏လက်မောင်းကို ဆိုင်နီးချင်းဖိနပ်ဆိုင်ရှင် အစ်မကြီးသည် ဖမ်းဆွဲလိုက်လေသည်။ ပြီးတော့ မခိုင်ကို ငါးမိနစ် တီးတိုးတီးတိုး သဖန်းပိုးလုပ်လိုက်၏။

ဟန်မလုပ်နိုင်သော မခိုင်သည် ထမင်းချိုင့်ကို ထိုအစ်မကြီး ဆိုင်မှာပင် ထားပစ်ခဲ့ကာ အိမ်သို့ ချက်ချင်းလှည့်ပြန်ခဲ့တော့သည်။

အိမ်ရောက်တော့ မျက်ရည်မကျဘဲ တမြည့်မြည့် ဆွေးနေသည်။

ကိုဦးရဲ့ ကောလိပ်ကျောင်းတုန်းက အဆက်ဟောင်းတဲ့။ ကိုဦးကို ပစ်ပြီး သူဌေးတစ်ယောက်ကို ယူသွားတာတဲ့။

ဒါပေမဲ့ ခုထိ ကိုဦးဆိုင်မှာ ဈေးလာဝယ်နေတုန်းတဲ့။ သူလာရင် ကိုရိုလာနဲ့တဲ့။ သြော်...ဒါကြောင့် ကိုဦးက သိပ်ချမ်းသာချင်နေတာကိုးဟု ကြေကွဲနေသည်။

ကိုဦးရဲ့ အပြုံးကလည်း သိပ်ကို ရွှန်းလက် တောက်ပနေတာပဲ။ အမျိုးသမီးက တော်တော်ကိုလှတာ။ ကိုဦးနဲ့တော့ အချောချင်း ညီပါပေ တယ်လေ။ ဒါကြောင့်မို့ပေါ့။ ဟင်း... ဟင်း ငါ့ကိုတောင် မမြင်ဘူးတဲ့။

www.burmeseclassic.com

သူ့အဆက်နဲ့ ဘယ်လောက်ဝေးတာ မှတ်လို့ဟုလည်း ဝန်တိုငြူစူမိပြန်သေးသည်။ ကိုဦးပြန်လာလျှင်–

“မနက်က ထမင်းမှ ဆာသေးရဲ့လား၊ ကိုဦး မျက်စိတွေလည်း အဝေးမှုန်ဖြစ်နေပြီနော်”ဟု စကားနှာ ထိုးရမည်လား။ ထိုအခါသူနှင့်ကိုဦး ပို၍ စိမ်းဝေးသွားတော့မည်လား။ နောင်အခါ ပြည့်ဝတဲ့မခိုင်လို့ ကိုဦး ပြောတော့မှာ မဟုတ်တာတော့ သေချာသည်။ မသိသလိုပဲ နေလိုက်တော့မည်လေ။ တကယ်တော့ ချောတဲ့ ကိုဦးမှာ ချစ်သူ ရှိခဲ့ဖူးတာလည်း အဆန်း မဟုတ်နိုင်။ ကိုယ့်ကိုပစ်ခွာသွားလေတဲ့ ချစ်သူဟောင်းကို ကိုဦးက အခင်အမင်မပျက် ဆက်ဆံနိုင်တာကပင် ပြည့်ဝတဲ့ ကိုဦးလို့ ချီးကျူးစရာ ပေါ့။

ပြီးတော့ ကိုဦးမှာ ချစ်သူဆုံးခဲ့ပေမဲ့ ဖောက်သည်တစ်ယောက် စွဲမြဲကျန်ရှိနေသေးတာကိုလည်း ကုန်သည်မိန်းမပီပီ ဝမ်းသာကျေနပ်တတ်ရဦးမည်။ ဝမ်းနည်းချင်သေးသည်ဆိုလျှင်တော့ သည်အဖြစ်ကို ကိုဦးထံမှ အရင်ဆုံး မသိခဲ့ရတာ တစ်ခုကိုပါပဲ။

နောက်ဆုံးမှာ အကောင်းဆုံးတုံ့ပြန်နည်းကို မခိုင်တွေ့လေပြီ။ ညနေ ကိုဦး ပြန်လာလျှင် “အစ်မကြီး ဆိုင်နားရောက်မှ နောက်ဖေးတံခါး မပိတ်ခဲ့မိတာကို သတိရသွားလို့ ကိုဦးရယ်”ဟု မှင်သေသေနှင့် အကြောင်းပြရမည်။

ကိုဦးကတော့ ယုံပါ့မလား။ အနည်းငယ်မျှ ကြိုးစားရှာဖွေကြည့်လိုက်လျှင်ပင် မခိုင်၏ မျက်လုံးတွေထဲမှ ခံစားချက်များကို တွေ့သွားနိုင်ပေလိမ့်မည်။ ထိုအခါ အမြဲတမ်း ပွင့်လင်းပြတ်သားခဲ့သော ကိုဦးသည် မခိုင်အား သူ့ဇာတ်လမ်းဟောင်းကို မလွှဲမသွေ ပြန်လည် ပြောပြလိမ့်မည်လား။ ဇာတ်လမ်းကို ပြောအပြီးမှာ–

“ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုဦးရဲ့ လက်ရှိဘဝမှာ မခိုင်သာ အဓိကပါ”လို့ ကိုဦးက ဆက်ပြောဦးမည်လား။ အို…သည်လိုများ ပြောခဲ့ရလျှင်



www.burmeseclassic.com

မခိုင် ကတော့ အားလုံးကိုပဲ မေ့နိုင်တာ။ ကျေနပ်ပစ်လိုက်မည်ပေါ့။

ပြီးတော့ ကိုဦးရဲ့ ရင်ခွင်မှာ မျက်နှာအပ်လို့ မျက်ရည်နည်းနည်း ကျလိုက်ချင်တာ တစ်ခုပါပဲ။ ကိုဦးအပေါ် ယုံကြည်စိတ်ထားရမည်။ သည်လို ယုံကြည်ကြောင်းကိုလည်း ကိုဦးသိစေရမည်ပင်။

သည်ထက်ပို၍ အခွင့်ကြုံသေးလျှင် မခိုင်ဝယ်ယူထားပြီး ကိုဦး မဖတ်ဖြစ်သေးသော စာတစ်အုပ်ကို ကိုဦး အားလပ်နေတုန်း ရွတ်ပြရဦးမည်။ ထို "မောင် ကိုကိုနှင့် မြနန္ဒာ" စာအုပ်ထဲက ပြည့်ဝသော ဒေါက်တာ ခင်အေးရီကို မခိုင် ဘယ်လို သဘောကျကြောင်း ကိုဦးကို ပြောပြရဦးမည်။ ကိုဦးက နားထောင်နေခိုက်–

"တကယ့်အချစ်ဆိုတာ လင်မယားဘဝမှာသာရှိနိုင်တာ" ဆိုသော စာရေးဆရာမကြီး ဒေါ်ကြည်အေး၏ စာတစ်ကြောင်းကိုလည်း ခဲနီတားကာ မှတ်သားရင်း လက်ကျန်ဝမ်းနည်းစိတ်ကလေးကို ကြိုးစား ဖျောက်ဖျက်ပစ်ရဦးမည်။

ထိုနေရာအရောက်တွင် မခိုင်၏အတွေးတို့က ကွေ့ချိုးပြန်သည်မှာ–

နောက်ဖေးတံခါး မပိတ်ခဲ့မိလို့ဆိုတဲ့ ငါ့ဆင်ခြေကို ကိုဦးက မယုံပေမဲ့ ယုံချင်ယောင် ဆောင်နေရင်ကော။ ပြီးတော့ ဗိုလ်ချုပ်ဈေးတို့၊ စိန်ဂွန်းဈေးတို့ကို ကျော်လွှားပြီးတော့မှ သူ့ဆိုင်ရှေ့တကူးတကရောက် လာတဲ့ ကိုရီလာကားပေါ် အားနာပါးနာ ပါသွားမယ်ဆိုရင်ကော၊ အို... ဒါကတော့ ကုသိုလ်ကံပဲပေါ့လေ။

မခိုင်သည် သူ့အိမ်ထောင်ရေးနှင့် ပတ်သက်၍ ကုသိုလ်ကံကို ဒုတိယအကြိမ်မြောက် ပုံချလိုက်ပြီးသောအခါ သူ့အတွေးကို ရပ်သင့်ပြီဟု ယူဆ ဆုံးဖြတ်လိုက်လေသည်။

[ရှုမဝ၊ နိုဝင်ဘာ ၁၉၈၁]

www.burmeseclassic.com

www.burmeseclassic.com

# ဆိပ်ကမ်းသာယာ

လှိုင်မြစ်ကမ်းပါးပေါ်မှ ဆိပ်ကမ်းသာ ဥယျာဉ်သည် နွေကျောင်းပိတ်ရက်များက အားလပ်ခဲ့သော ကျွန်မတို့ တူဝရီးတွေအတွက် ညနေခင်း အပန်းဖြေစရာ နေရာသစ်တစ်ခုဖြစ်ခဲ့ပါသည်။ ညနေ ထမင်းစားသောက်ပြီးစီးသည်နှင့် တူတွေက ကျွန်မလက်ကို လာဆွဲခေါ်ကြတော့သည်။ သူတို့က ဥယျာဉ်ထဲမှာ ဆော့နည်းစုံစွာ ဆော့ကစားဖို့လည်း သွားချင်သည်။ ညောင်းလာလျှင် လှိုင်မြစ်ဘက်သို့ မျက်နှာပြုထားသော ကျောက်ထိုင်ခုံကလေးပေါ်တွင်ထိုင်ရင်း မြစ်တွင်းရှုခင်းကို ငေးမောလိုက်ချင်သေးသည်။ မြစ်ရေပြင်ကို ဖြတ်သန်းလာသော လတ်ဆတ်အေးမြသည့် လေညင်းကလေးကိုလည်း ရှူရှိုက်လိုက်ချင်သေးသည်။ သို့နှင့်ပင် တူတွေနှင့် ပေါင်းဖွဲ့ဖြစ်သွားသည်။

တူဝရီးနှစ်ယောက် စိတ်တူသဘောတူ အိမ်မှ ထွက်လာရာ ကားမှတ်တိုင် တစ်တိုင်စာလောက်၊ လမ်းလျှောက်လိုက်လျှင်ပင် ပန်းခြံသို့ ရောက်တော့သည်။ ပန်းခြံထဲတွင်ကား၊ ခါတိုင်းလိုပင် လူစည်ကားနှင့်လေပြီ။ ကျွန်မလိုကလေးလည်း ထိန်းရင်း၊ အပန်းလည်းဖြေရင်း လာကြသူတွေကတော့ အများစုဖြစ်သည်။ အော်ဟစ် ဆွဲလွဲစရာအနှောင်အဖွဲ့ တန်းလန်း မပါလာကြသော စုံတွဲများကတော့ လမ်းလျှောက်ဖို့ လာကြခြင်း မဟုတ်



www.burmeseclassic.com

လေရာ ကျောက်ထိုင်ခုံများပေါ်တွင် နေရာယူ အပိုင်းစီးထားနှင့် ကြတော့သည်။

ကျွန်မတို့များသည် ပန်းခြံပေါက်ဝရောက်သည်နှင့် တွဲထားသော ကျွန်မလက်ကို ဖြုတ်လိုက်ကြပြီး ပန်းခြံတွင်းသို့ ပြေးဝင်သွားကြတော့သည်။ ကျွန်မတို့ မြို့နယ်ပန်းခြံမှာ ဝင်ကြေးမပေးရပါ။ အလှူခံ သေတ္တာပုံးကလေးများကိုသာ တံခါးပေါက်ဝများ၌ ချထားပေးရာ သဒ္ဓါသရွေ့ ထည့်နိုင်ကြပါသည်။ အလှူခံပုံကလေးထဲတွင်ကား အကြွေစေ့ကလေးတချို့၊ တစ်ကျပ်တန် ငွေစက္ကူကလေး လေး ငါး ခြောက်ရွက်ခန့် ရှိမည်။ ပန်းခြံလာအပန်းဖြေ လူဦးရေနှင့် နှိုင်းစာကြည့်လျှင်ကား အလှူငွေ နည်းလှပါသည်။ ထိုသို့ဖြစ်ရသည်မှာ မြို့နယ်လူထု ဆင်းရဲလွန်းလှ၍တော့ မဟုတ်ပါ။ ကျွန်မတို့ လူမျိုးမှာ ဘာသာရေးနှင့် ဆက်နွှယ်လာမှသာ သဒ္ဓါတရားထက်သန် တတ်ကြသည်ဖြစ်ရာ ပန်းခြံလိုနေရာမျိုး၌ လှူလျှင် ကုသိုလ်ရကောင်းသည်ဟု မထင်ကြ၍ ဖြစ်နိုင်စရာ ရှိပါသည်။ လူမှုရေးစိတ်ဓာတ် မရင့်သန်ကြသေး၍လည်း ဖြစ်နိုင်ပါသည်။ ကျွန်မကမူ ကိုယ့်ကိုယ်ကို လူမှုရေးစိတ်ဓာတ် အတန်အသင့် ရင့်ကျက်သူဟု ထင်မြင်နိုင်ရန် တစ်ခေါက်လာတိုင်း တစ်ကျပ် ထည့်လေ့ရှိပါသည်။ ယခုတစ်ခေါက်တွင်လည်း ထည့်ရန် ရည်ရွယ်ထားပါလျက် ကျွန်မလက်တွင်း၌ ငါးကျပ်တန်ကလေး တစ်ရွက်သာ ပါလာခဲ့သဖြင့် အကြွေလဲပြီး အပြန်မှပဲ ထည့်တော့မည်ဟု ဆုံးဖြတ်ကာ သည်အတိုင်း ဝင်ခဲ့ပါတော့သည်။

ကျွန်မတို့များသည် သူတို့နောက်မှ ဖြည်းဖြည်းမှန်မှန် လျှောက်လာသော ကျွန်မကို အမိုးကော့ကော့ ချွန်ချွန်ကလေးအောက်မှ မျက်နှာချင်းဆိုင် ဆောက်ထားသော အင်္ဂတေ ခုံတန်းရှည်ပေါ်တွင် ထိုင်ရင်း စောင့်နေကြပါသည်။ စကားတတ်သော တူအငယ်ကောင်က အက်စကီးမိုးအိမ်ကလေးဟု နာမည်ပေးထားသော ထိုသစ်သားအိမ်ကလေးမှာ အက်စကီးမိုးအိမ်လို ပုပုကလေးတော့ မဟုတ်။ ခေါင်မိုးမြင့်မြင့်နှင့် ဘုရားကျောင်း



www.burmeseclassic.com

လိုလို၊ ဂျပန်ဘုံကျောင်းလိုလို၊ ခေတ်မီ ဘုံဆောင် ကလေးသာ ဖြစ်ပါသည်။ ဘုံဆောင်ကလေး၏ အလယ်ဆင်ဝင်ကို ကွန်ကရစ်လမ်းက ဖြတ်သန်းထွင်းဖောက်ထားပါသည်။

သည်နေရာမှာ ထိုင်ရင်း ရှေ့ဘက်ကို လှမ်းမျှော်ကြည့်မည်ဆိုလျှင် ဒေါင်းဖန်ဝါ ပန်းခင်းကလေး ခြံရံလျက် လူသွားလမ်း နှစ်ဖက် ခွဲထွက်သွားပုံကို လည်းကောင်း၊ လမ်းနှစ်သွယ်၏ ကြားမှာ စက်ဝိုင်းမကျတကျ တည်နေသော အင်္ဂတေခင်း ကွက်လပ်ကို လည်းကောင်း၊ ကွက်လပ်၏ ညာဘက်ဘေးမှ လှပစွာ အခက်ဖြာဝေနေသော ကုက္ကိုပင်ကြီးကိုလည်းကောင်း တွေ့မြင်နိုင်ပါသည်။ ကွက်လပ်ထဲမှာလည်း ကလေးတချို့ စိန်ပြေးတမ်းဆော့ကစားနေကြပေသည်။

ထိုဘုံဆောင်ကလေးအောက်၌ ကြာကြာမနေဘဲ ကျွန်မတို့ ဆက်လျှောက်ခဲ့ကြရာ ကစားကွင်း ကွက်လပ်အဆုံးတွင် ပန်းရင့်ရောင်အသွေးဖြင့် ခိုင်လုံးညွတ် ပွင့်နေကြသော နွယ်သာကီ ပန်းပင်တန်းများ၊ ထင်ရှူးကျောက်ခက် ပင်ပုကလေးများကို လှပစွာ အကွက်ချစိုက်ထားရာ ဝင်္ကပါကျောက်လမ်းကလေးများဆီ ရောက်လာခဲ့ကြပြန်ပါသည်။ ထိုမှ ကျော်လျှင် ပန်းခြံကို ပိတ်ဆို့တည်ဆောက်ထားသော အုပ်ချုပ်ရေးမှူးရုံးခန်းသို့ ရောက်မည်။ ရုံးခန်းအဆောက်အအုံ နောက်ဘက်မှာ လူတစ်ယောက်စာ လျှောက်သာရုံလူသွားလမ်းကလေး ရှိနေပါ၏။ ထိုလမ်းကလေးမှ ဆက်လျှောက်လာခဲ့ပါလျှင် ပန်းခြံ၏ ဟိုမှာဘက်ခြမ်းသို့ ရောက်တော့သည်။

လမ်းကလေးမှ အထွက် ဘွားခနဲ တွေ့လိုက်ရသော စက်ဝိုင်းပုံ အုတ်ဘောင်အနားသတ်နှင့် ပန်းခင်းကြီးကား ပန်းခြံတစ်ခုလုံးတွင် အလှဆုံးဟုပင် ထင်တော့သည်။ ပန်းခင်းအလယ်တည့်တည့်မှာ ဖန်မီးတိုင် စိုက်ထူထားလျက် မီးတိုင် အောက်ခြေမှာ ပန်းတွေအပြည့် ဖုံးလွှမ်းလျက်ရှိသည်။ ထိုပန်းများကိုတော့ ရောက်သည့်အခါတိုင်း အမြဲကပ် အချိန်ကြာ



www.burmeseclassic.com

စွာ ကြည့်မဝ ရှုမဝ ဖြစ်မြဲပင်။ သည်ပန်းခင်းထဲမှာ စိန်နှားပန်မျိုး အဖြူ၊ အဝါ၊ အနီ၊ လိမ္မော်လေးရောင်တိတိရှိသည်။ ပြီးတော့ ကန့်ချုပ်မျိုးနွယ် ဖြစ်သော ကြည်ပြာပန်း အဖြူနှင့် အပြာရောင်၊ သင်္ဘောသားတွေ သယ် ဆောင်လာသော အင်္ဂလိပ်လို 'ကံကောင်းသူ' အမည်ရှိ ဆံကွဲ ပုဏ္ဏရိက် ပန်း (ကျွန်မဘာသာ ပေးထားသောနာမည်ဖြစ်ပါသည်။ ထိုပန်း၏ ပုံ သဏ္ဌာန်မှာ ဆံကွဲပန်းခိုင်နှင့် လည်းကောင်း၊ ပုဏ္ဏရိက်ပန်းခိုင်နှင့် လည်း ကောင်း ဆင်ဆင်တူသောကြောင့် ဖြစ်ပါသည်) အဖြူနှင့် အနီရောင် တို့ကို ရောယှက်၍ ကွက်လပ်တစ်ကွက်မှ မကျန်အောင် စိုက်ထားသဖြင့် ပန်းများပွင့်သောအခါ အရောင်မျိုးစုံ ပုံသဏ္ဌာန်မျိုးစုံ၊ ပြွတ်သိပ်ကျပ်ညပ် ပွင့်နေပုံကိုက ပန်းကော်ဇောကြီး ခင်းထားသည့်နှယ် အားရစရာကြီးပင်။

ထိုနေရာအရောက်တွင် ကျွန်မတူများမှာ ကျွန်မကို မစောင့်ကြတော့ ပါ။ ရေ့မလှမ်းမကမ်းမှာ သူတို့၏ ပထမဆုံး ဦးတည်ချက် ဖြစ်သော ချားကြီးရှိနေပါသည်။ ပန်းခြံ၏ တစ်ခုတည်းသော ချားကြီးပါပေ။ တပ် ဆင်ထားပုံမှာလည်း ခံ့ညားခိုင်ခံ့လှပါ၏။ တာလပတ်မိုးအဝိုင်းကြီး အောက်မှ တွဲလွဲဆင်ထားသော အရုပ်များတွင် ဆေးရောင်စုံ သုတ်ခြယ် ထားသော အမြီးဖားဖား၊ လည်ဆံမွေး ဖွားဖွားနှင့် မြင်းရုပ်ကြီးတွေလည်း ပါ၏။ ချစ်စရာကောင်းသော ဆင်ရုပ်ကလေးများလည်း ပါ၏။ နှစ်ယောက် တွဲ ထိုင်ခုံကလေးများကတော့ စုံတွဲများအတွက် ဖြစ်ဖွယ်ရှိ၏။ စီးမည့် ကလေးများ တစ်ဝိုင်းစာရလျှင် လုပ်သားတစ်ဦးက ငါးမိနစ်မျှကြာအောင် လှည့်ပေးပါ၏။ စီးခတစ်ယောက် တစ်ကျပ်သာ ပေးရ၏။ ဘုရားပွဲများ မှာထက် ဈေးချိုပါ၏။ (ဤချားတစ်ခုတည်းတွင်သာ လုပ်သား အကူအညီ ယူရ၍ အခပေးရပါသည်)

ကျွန်မလည်း ပန်းခင်းကို ထားရစ်ခဲ့ရလျက် တူများရှိရာ လာခဲ့ရ ပြန်သည်။ သူတို့ချားစီးသည်ကို စောင့်ရင်း ခေတ္တ အပန်းဖြေရပါသည်။ ချားစီးပြီးကြသောအခါ ပိုက်ဆံမပေးရသော ဒန်း၊ လျှော၊ စီးလှေများ



www.burmeseclassic.com

ဘက်သို့ ကျွန်မတူများ ခြေဦးလှည့်ကြပြန်ပါသည်။ အကြီးကောင်က ဘားတန်းခိုရတာကို အလွန်သဘောတွေ့နေခိုက်၊ အငယ်ကောင်ကတော့ လျှောစီးရသည်ကို အပျော်ကြီး ပျော်နေခဲ့ပါသည်။ သူတို့ စိတ်ကြိုက်ဆော့ပြီး ချွေးသံရွှဲလာတော့မှ ရပ်နားကာ မုန့်ဝယ်ကျွေးရန် ပူဆာကြပါတော့သည်။ ပန်းခြံပြင်ဘက် ပလက်ဖောင်းပေါ်မှာ မုန့်သည် တချို့ ဈေးရောင်းနေကြသည်ကို အစောကတည်းက သူတို့ တွေ့ထားပုံပင်။ ကျွန်မ လက်တွင်းမှာ သူတို့ ချားစီးခ နှစ်ကျပ် ပေးလိုက်ရသဖြင့် သုံးကျပ်သာ ကျန်တော့သည်။ တစ်ကျပ်ကို အလှူခံပုံးထဲ ထည့်ရဦးမည် ဖြစ်ရာ တစ်ယောက်လျှင် တစ်ကျပ်ဖိုးစီ ဝယ်ကျွေးနိုင်မည်။

မုန့်သည်များကို ကြည့်လိုက်တော့ ကလိုင်ခေါက်နေသော ရေခဲချောင်းသည် တစ်ဦးနှင့် ဗန်းကလေးတွေ ကိုယ်စီချ၍ ထိုင်နေသူ ပြောင်းဖူးပြုတ် သည်၊ ဆီးသီးနှင့် စိမ်းစားဥသည်၊ ပြီးတော့ သကြားလုံးနှင့် အချဉ်ထုပ်သည်ကလေးတွေ၊ ဈေးသည်များ ဈေးရောင်းကောင်းပုံမရ။ ကျွန်မကို အလုအယက်ပင် ဝိုင်းခေါ်ကြလေသည်။ ကျွန်မက ပြောင်းဖူးကိုပဲ ရွေးလိုက်သည်။ ကျွန်မတူများကို သရေစာ စားရာမှာပင် အာဟာရ ဖြစ်စေချင်သည်။ ပြောင်းဖူးက ကစီဓာတ်ကြွယ်သည်။ ကျွန်မတူများကလည်း ပြောင်းဖူး ကြိုက်ကြပါသည်။ ဒါပေမဲ့ တစ်ဖူးကို တစ်ကျပ်ခွဲတဲ့ 'အောင်မယ်လေး' ဟု ခပ်ရှင်ရှင် အော်လိုက်ချင်သော်လည်း ဈေးသည်နှင့် ရန်မဖြစ်ရဲသောကြောင့် မအော်ဖြစ်လိုက်ပါ။ မနှစ် တစ်နှစ်ကတင် သည်အရွယ်လောက်ဆို တစ်ကျပ်ဖိုး သုံးဖူးလောက်ရသေးတာ။ ဘယ်လိုက ဘယ့်နှယ် ပြောင်းဖူးတွေ ဈေးကြီးသွားရသည် မသိ။ ကျွန်မ အလိုဆိုလျှင် တစ်မိုက်လောက် အရွယ် ပြောင်းဖူးတစ်ဖူးကို တစ်ကျပ်ခွဲ ပေးမစားချင်ပေမဲ့ တူများက ဒါကိုပဲ တောင်းဆိုလေတော့ တစ်ဖူး ဝယ်လိုက်ရပါသည်။ သူတို့ ညီအစ်ကို တစ်ယောက်တစ်ပိုင်း စားပါမည်ဟု လိမ္မာစွာ သဘောတူကြပါသည်။

www.burmeseclassic.com

ကျွန်မသည် ဈေးသည်က ပြန်အမ်းသော ပြားငါးဆယ်စေ့ကလေးကို ယူလိုက်ပြီး ပန်းခြံတွင်း ပြန်ဝင်ခဲ့ပါသည်။ ပြောင်းဖူးရိုးတွေ တွေ့ရာနေရာ ပစ်မချဖို့ တူတွေကို သတိပေးရပါသေးသည်။ တူတွေကလည်း ကျွန်မစကားကို နားထောင်ကြပါသည်၊ သူတို့ ပစ်မချကြပါ။ သူတို့မှာ ပစ်စရာနေရာက သီးသန့်ရှိနေသည်ပဲ။ ထိုအချက်ကို အုတ်လှေကားထစ်များမှ တစ်ဆင့် လှိုင်မြစ်ကမ်းစပ်သို့ ပြေးဆင်းသွားကြသော တူများကို မြင်မှ ကျွန်မ သဘောပေါက်ပါတော့သည်။ သူတို့သည် လှိုင်မြစ် ရေပြင်ပေါ်သို့ ပြောင်းရိုးပေါက်တမ်းကို ပျော်ရွှင်စွာ ကစားကြပါသည်။ ကျွန်မကတော့ ရေထဲမဆင်းဖို့ ရွှံ့မကိုင်ဖို့ အထပ်ထပ် သတိပေးရင်း သူတို့ကို စောင့်နေရစဉ် မြစ်တွင်း ရှုခင်းကို ငေးမောရပါသည်။

နေလုံးပင် စုပ်စုပ် မြုပ်ခဲ့ပြီမို့ မှောင်ရီစပြုလာပါပြီ။ ဟိုအဝေး တစ်ဖက်ကမ်းမှ ခြေတံရှည် တဲအိမ်ကလေးများကိုတော့ ခပ်ရေးရေး မြင်နေရသေးသည်။ မီးခိုးတွေလူနေသော ဆန်စက် တချို့၊ အုန်းပင်တန်းများ၊ ရေစပ်၌ ချည်နှောင်ထားသော လှေကလေးများကို ပန်းချီကားတွေထဲက အတိုင်း မြင်နေရသည်။ ရိုးရိုးလှေသမ္ဗန်များ၊ အင်ဂျင်စက်တပ် သမ္ဗန် မော်တော်ကူးတို့များ စုန်ဆန်ဖြတ်သန်းနေကြပုံမှာလည်း ရှုငေးချင်စရာပင်။ ကျွန်မတို့ ရပ်နေရာနှင့် မလှမ်းမကမ်းမှာတော့ ဗောတံတားဆိပ် ရှိနေသည်။ သည်ဆိပ်ကမ်းမှာ ယခုအခါ လှိုင်သာယာသင်္ဘော ကူးတို့ဆိပ်ဖြစ်နေပြီ။ ယခင်က သန်လျင်ကူးတို့ ဖြစ်ခဲ့ဖူးသော သီတာသင်္ဘောများ ကြည့်မြင်တိုင်နှင့် လှိုင်သာယာကို လွန်းပျံ ပြေးဆွဲလျက် ရှိပါသည်။ ကျွန်မ ကြည့်ငေးနေစဉ်မှာပင် သီတာသင်္ဘောတစ်စင်း ပြန်လည် ဆိုက်ကပ်လာနေသည်။ ဗောတံတားပေါ်မှာတော့ လှိုင်သာယာသို့ ပြန်ရန် စောင့်ဆိုင်းနေကြသော လူအုပ်ကြီး အများစုမှာ ဖျက်သိမ်း ပြောင်းရွှေ့သွားကြသော ကြည့်မြင်တိုင် ကျူးကျော်ရပ်ကွက်များမှ လူများဖြစ်ကြသည်။ သူတို့သည် မနက်အစောဆုံး သင်္ဘောခေါက်နှင့် လှိုင်သာယာမှ ကြည့်မြင်တိုင်



www.burmeseclassic.com

သို့ အလုပ်ဆင်းလာကြသူများပင်။ တချို့က ပခုံးထမ်း အလုပ်သမား၊ တချို့မှာ ပုံကျစျေးသည်များ၊ တချို့က ဆိုက်ကားနင်းသူများ ဖြစ်ကြရာ သူတို့၏ ဖောက်သည်များရှိရာသို့ အလုပ် လာလုပ်ကြရပေသည်။ ညနေစောင်းတော့ သင်္ဘော နောက်ဆုံးခေါက်နှင့် သူတို့အိမ်ရာသစ်ဆီသို့ ပြန်ကာ အနားယူ အိပ်စက်ကြရပေမည်။ တချို့လူတွေ၏ လက်ထဲမှာ ဆန်ထုပ် ကလေး အစ၊ ဟင်းရွက်စည်းကလေး အစ၊ ကိုင်ထားကြသည်ကိုလည်း တွေ့ရသည်။ သူတို့မှာတော့ ကျွန်မလို မြစ်ဆိပ် ရှုခင်းကို ငေးမောဖို့ စိတ်ကူးရှိကြမည် မထင်။ သင်္ဘောပေါ် အလုအယက် တက်နိုင်ဖို့ပဲ အားသန်နေရှာမည်။ ဘဝကြမ်းများအပေါ် စာနာကြည့်ဖြင့် ရှုငေးနေရုံမှ တစ်ပါး ကျွန်မလည်း ဘာမှ မတတ်နိုင်ပြီ။ သီတာသင်္ဘောကြီးလည်း ဥသြမှုတ်ကာ ထွက်ခွာပျောက်ကွယ်သွားတော့သည်။

"ကဲ... ကဲ တော်လောက်ပြီ ပြန်ကြစို့"

ညရှစ်နာရီတွင် ပန်းခြံပိတ်ပါသည်။ ယခုမှ ခုနစ်နာရီခန့်သာ ရှိသေးသဖြင့် ကျွန်မတို့များက မပြန်ချင်ကြသေး။ ညအမှောင်ကတော့ သိသာစွာ ကျရောက်လာသည်။ မြင်ကွင်း ရှုခင်းကို မမြင်နိုင်တော့ပေမဲ့ ပန်းခြံတွင်း ရှုခင်းကတော့ မာကျူရီ မီးတိုင်များအောက်မှာ လင်းထိန်ဝင်းပကာ တစ်မျိုး သာယာနေပြန်တော့သည်။ နှင်းပွင့်တွဲမီးတိုင်နှင့် ငါးပွင့်တွဲ မီးပဒေသာခိုင်များ သူ့နေရာနှင့်သူ စိုက်ထူထားသော အလှကို မီးများဖွင့်ချိန် ရောက်မှပင် မြင်နိုင်တော့သည်။

"ဒန်း ခဏစီးချင်စီးကြ၊ ငါးမိနစ်ပဲနော်၊ ပြီးရင် ပြန်မယ်"

တူများကို နောက်ဆုံးထွက်ပေါက်အနီးရှိ ဒန်းနှင့် ဆီးဆောများ ရှိရာ လွှတ်လိုက်ပြီး ကျွန်မကမူ သူတို့ကို လှမ်းကြည့်နေနိုင်သော ကျောက်ထိုင်ခုံပုကလေး ပေါ်မှာ ထိုင်ချလိုက်ပါသည်။ ထိုအခါကျမှ ကျွန်မဘေးက ထိုင်ခုံပေါ်မှာ ရောက်နှင့်နေသော အိမ်နီးချင်းအစ်မတို့ မိသားစုကို တွေ့လိုက်ရသည်။ အစမ်း၏ သားငယ် 'ကျော်သီဟ'ကလေး

www.burmeseclassic.com

လည်း ကျွန်မတူများနှင့် ပေါင်းမိသွားပြီး ဒန်းစီးနေတော့သည်။ သူ့အဖေက သားငယ်ကို စိတ်ရှည်လက်ရှည် လွှဲပေးနေခိုက် အစမ်းနှင့် ကျွန်မကတော့ အိမ်နီးနားချင်းတို့ ထုံးစံအတိုင်း တွေ့နေလျက် စကားမပြောဖြစ်ကြသည်ကို အတိုးချကာ စကားလက်ဆုံကျနေကြလေသည်။

"အစမ်းရေ... လည်ပင်းက ရွှေဆွဲကြိုးကို သတိထားနော်၊ ဟိုအပတ် က ခိုင်စံပယ်ဆိုင်ရှေ့မှာ ဦးရွှေစိုးလမ်းထဲက မိန်းမတစ်ယောက် ဆွဲကြိုး အဖြတ်ခံရလို့၊ ဖြတ်တဲ့လူက ပန်းခြံထဲမှာ ကတည်းက နောက်ယောင်ခံ လိုက်လာတာတဲ့"

"ဟုတ်ကဲ့၊ အစမ်း သတိထားပါတယ်၊ မနက်ကလည်း ကမ်းနားဈေးထဲမှာ"

ကျွန်မတို့ စကားလက်ဆုံကြနေကြဆဲ၊ ပန်းခြံထွက်ပေါက်ဆီမှ ရုတ်ရုတ်သဲသဲအသံများကို ကြားလိုက်ရသည်။ လှည့်ကြည့်တော့ လူတချို့ ပြေးလွှား သွားနေတာ တွေ့ရပြန်သည်။ ကျွန်မ စိတ်ထဲ ရန်ဖြစ်နေကြသည်ဟု ထင်လိုက်သည်။ ဖျတ်လတ်သွက်လက်သော အစမ်းက ကျွန်မကြည့်နေစဉ်မှာပင် ထိုနေရာသို့ ရောက်သွားပေပြီ။ မကြာမီ အစမ်းက ကသောကမျော ပြန်ပြေးလာကာ–

"ကလေးခိုးသွားလို့တဲ့"ဟု ကျွန်မကို သတင်းပေးပြီး သူ့သားရှိရာ ပြေးပါတော့သည်။ ထိုအခါမှ ကျွန်မတူများရှိရာသို့ လှည့်ဖြစ်သည်။ အကြီးကောင်ကို မတွေ့ရတော့။ အငယ်ကောင် တစ်ယောက်တည်း ဒန်းစီးနေသည်။ ကျွန်မရင်ထဲ ပူသွားလိုက်ပုံမှာ ပြောစရာမရှိပေ။ အငယ်ကောင်ကို ဒန်းပေါ်မှ ဆွဲခေါ်ချရင်း အကြီးကောင်ကို လှည့်ပတ် ရှာဖွေကြည့်ရသည်။ သူ့နာမည်ကို တကြော်ကြော် ဟစ်ခေါ်ရင်း သွေးများနားထင်သို့ တဒိုင်းဒိုင်း ထိုးတက်လာနေတော့သည်။ တစ်မိနစ်မျှပင် မကြာမီ၊ အကြီးကောင်ကို ခပ်လှမ်းလှမ်းက လျှောစီးနေကြသော ကလေးအုပ်ထဲမှာ ပြန်တွေ့ပါ၏။ သို့သော် ထို တစ်မိနစ်အတွင်း ကျွန်မရင်တွင်းဖြစ်



www.burmeseclassic.com

ပေါ်သွားသော စိုးရိမ်ပူပန် တုန်လှုပ်ချောက်ချားစိတ်တော့ ကျွန်မ မမေ့ပါ။ ပန်းခြံ ပလက်ဖောင်းပေါ်မှာတော့ လူတွေ ရုံးစု ရုံးစု ဖြစ်နေဆဲ။ သုံးနှစ်သားကလေးတဲ့၊ ကလေးကို ချီပြေးတာ၊ ကလေးက ငိုယို အော်ဟစ်ပါသွားဆိုပဲ။ ဘေးက တွေ့လိုက်တဲ့ လူတွေကလည်း အမှတ်တမဲ့မို့ ကိုယ့်ကလေးကိုယ်ချီသွားတယ်ပဲ ထင်လိုက်ကြသတဲ့။ အများစုကမူ ကလေးအမေကို အပြစ်ဖို့ကြသည်။ ကျွန်မကတော့ ကလေးသူခိုး ပြေးသွားရာဘက် လိုက်သွားကြသော လူတစ်စုကို ကြည့်ကာ အချိန်မီ ပြန်တွေ့ပါစေဟုသာ ဆုတောင်းပေးနိုင်ပါတော့သည်။

"တွေ့လား ကလေးခိုးသွားတာ၊ နောက်ကို လူကြီးနဲ့ဝေးရာ မသွားရဘူး"

တူများကို လမ်းတစ်လျှောက် ကလေးဖမ်းသော ပုံပြင်များအကြောင်း ပြောပြလာခဲ့ပါသည်။ ကလေးခိုးသူများက ခိုးယူလာသော ကလေးတို့ကို ရိုက်နှက်ညှဉ်းဆဲပုံ၊ ထမင်းမဝတဝ ကျွေးပုံ၊ တောင်းစားခိုင်းပုံ၊ မိဘရင်းက ပြန်တွေ့လျှင် မမှတ်မိအောင် မျက်နှာကို ဖျက်ဆီးပစ်ပုံ၊ တချို့ဆိုလျှင် လျှာကိုပင် ဖြတ်ထားပုံများအကြောင်းကို ပြောပြရာ ကျွန်မတူများကလည်း မျက်တောင် မခတ်တမ်း နားထောင်နေခဲ့ကြပါသည်။

တူများကိုပြောရင်း လျှောက်လာရာ အကြီးကောင်ကို ကိုင်ထားသော ကျွန်မလက်မှာ မကြာခဏ ချော်ချော်ထွက်နေသည်ကို အမှတ်မဲ့ သတိပြုမိလိုက်တော့သည်။ အလို ကျွန်မလက်က လက်မနဲ့ လက်ညှိုးနှစ်ချောင်းတည်းနဲ့ တူတော်မောင့်လက်ကို ကိုင်ထားပါကလား။ လက်ကို ရပ်ကာ ဖြန့်ကြည့်လိုက်တော့ ကျန် လက်သုံးချောင်းကြားမှာ ကျပ်တန် ကလေးတစ်ရွက်၊ ခေါက်လျက်သား ညှပ်လို့။

အင့် ဟင်… ဒီတစ်ကျပ်က ဘယ့်နှယ် ငါ့လက်ထဲ ကျန်နေပါလိမ့်။ ချားစီးခ နှစ်ကျပ်၊ ပြောင်းဖူးတစ်ဖူးဖိုး တစ်ကျပ်ခွဲ၊ အခု တစ်ကျပ်၊ အားလုံး လေးကျပ်ခွဲ၊ အလို လက်စသတ်တော့ အလှူခံပုံးထဲ ထည့်ခဲ့တာ

www.burmeseclassic.com

ပြောင်းဖူးသည် ပြန်အမ်းခဲ့တဲ့ ပြားငါးဆယ်စေ့ကလေးပဲ။

ကိုယ့်ကိုယ်ကို လူမှုရေးစိတ်ဓာတ် အတန်အသင့် ရင့်သန်သူဟု ထင်မြင်လိုပါလျက် ထိုနေ့က မည်သို့မည်ပုံ စိတ်ကယောက်ကယက် ဖြစ်သွားခဲ့မှန်း မသိလိုက်ပါ။

ယခုအခါမှာတော့ ကျွန်မတို့မြို့နယ် ပန်းခြံမှာ အလှူခံပုံးများမှ မရှိတော့ပါ။ အလယ်ဝင်ပေါက်ကြီး တစ်ပေါက်ကိုသာ ဖွင့်ထား၍ လူတစ်ဦးလျှင် ပြားငါးဆယ်နှုန်း ဝင်ကြေးဖြင့်သာ ဝင်ခွင့်ရနိုင်ပါတော့သည်။ ပလက်ဖောင်းပေါ်မှာလည်း ပြောင်းဖူးသည်များ ရောင်းချနေသည်ကို မတွေ့ရတော့ချေ။ အကြွေစေ့နှင့် ကျပ်တန်များထည့်နိုင်ဖို့ လမ်းမရှိတော့သဖြင့် ‘ဒါလည်းတစ်မျိုးကောင်းတာပါပဲလေ’ဟု ကျွန်မ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

[ဟန်သစ်၊ ဇန်နဝါရီ ၁၉၉၁]

www.burmeseclassic.com

www.burmeseclassic.com

# ပိုင်ပိုင်ပန်ချင်သူ

ကျုပ်လေ ရုပ်ရှင်ကားတွေထဲမှာ အလွမ်းကားကို အကြိုက်ဆုံးပဲ။ ဟိုလေ ဓာတ်လမ်းက အမေနဲ့သမီး ငယ်ငယ်ကလေး ကတည်းက ကွဲကွာသွားကြ၊ နှစ်တွေ အကြာကြီးနေမှ ပြန်တွေ့ကြ၊ အလွမ်းသယ်ကြတဲ့ ကားမျိုးပေါ့။ ကြည်ကြည်ထွေးကြီးတို့၊ ဝါဝါဝင်းရွှေတို့ဆိုရင် ဒီအခန်းမျိုး တွေ သိပ်ပိုင်တာ၊ အမေနဲ့သမီး ပြန်တွေ့တော့ အမေက သမီးကို မျက်ရည်တွေတွေကြားက စိုက်ကြည့်နေမယ်။ သမီးကလည်း အမေကို ချစ်ခင်ခြင်း ပြင်းပြစွာနဲ့ မျက်တောင်မခတ် ပြန်ကြည့်နေမယ်။ ပြီးတော့ အမေ့လက်တွေက ဖြုန်းဆို ဆန့်တန်း ကြိုဆိုလိုက်ကြမယ်။ သမီးလို့ တုန်တုန်ရီရီကြီး ခေါ်လိုက်မယ်။ ဒီအခါ သမီးက ‘အမေ’လို့ အားရပါးရ ပြန်ခေါ်ပြီး ဖွင့်ကြိုနေတဲ့ အမေ့ရင်ခွင်ထဲ ကသောကမျော ပြေးဝင်လို့ သားအမိနှစ်ယောက်သား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ကြလို့ ငိုရှိုက်ကြတဲ့ အခန်းမျိုးဆို ကျုပ်လည်း ပိတ်ကားပေါ်က လူတွေနဲ့အတူ ရောယောင် ငိုရတာ သိပ် အရသာရှိတာ ပဲ။

*



www.burmeseclassic.com

ကျုပ်ဘဝမှာ အစောဆုံး တွယ်တာခဲ့ရတာက ကျုပ်ဘဘပဲ။ ဘဘက သမ္ဗန်ခတ်တယ်။ တံငါလည်းလုပ်တယ်။ ကျုပ်တို့ ဇာတိ စက်ကလေးအေးရွာမှာ မြေအဘိုးနှစ်ယောက် သမ္ဗန်တစ်စင်းနဲ့ အိမ်လုပ်နေခဲ့ရတဲ့ ဘဝကို ဘယ်တော့မှ မမေ့ဘူး။ ဆင်းရဲပေမဲ့ သိပ်ပျော်ခဲ့ပါတယ်။ ဘဘက ခတ်တက်ကိုင်တော့ ကျုပ်က လှေဦးကနေ ရေပက်ရင်း သီချင်းတွေ အော်ဆိုလို့၊ ဘဘကို ကူပြီး ငါးစာတပ်ပေး၊ ကွန်ဖြန့်ပေးရတာလည်း ပျော်စရာပဲ။ ငါးများများရတဲ့နေ့ဆို မြေအဘိုးနှစ်ယောက်ကို မြူးလို့။ အဲဒီတုန်းကတည်းက ကျုပ်အမေအကြောင်း ဘဘကို ကျုပ်မေးခဲ့ဖူးတာပေါ့။

'သမီးအမေက ဘဘသမီးပေါ့၊ သမီးကို မီးဖွားပြီးတော့ သွေးတက်ဆုံးရှာတယ်။ သမီးအဖေကလည်း နောက်တစ်နှစ်မှာ ပိုးထိပြီး ဆုံးသွားတယ်"

ဘဘကတော့ ဒီလိုပဲ ဖြေခဲ့တာချည်းပဲ။

နောက်ရွာဦး မူလတန်းကျောင်းမှာ ကျုပ်နေရတော့ သူငယ်ချင်းတွေနဲ့ ရန်ဖြစ်တဲ့တစ်နေ့၊ မွေးစားသမီး၊ နင့်ကို ဘိုးဘခင် မြို့သွားရင်း အမှိုက်ပုံက ကောက်လာတာလို့ အပြောခံရတော့တာပဲ။ အဲဒီနေ့က ကျုပ်ငိုယိုပြီးအိမ်ပြန်လာတော့ ဘဘလေ၊ ကျုပ်ကို ဆီးပွေ့ပြီး အကျိုးအကြောင်းကို မရမက မေးတာပဲ။ ကျုပ် ဗလုံးဗထွေး ပြောပြသံတွေကိုတောင် ဘဘဆုံးအောင်နားမထောင်ဘူး။ တစ်ခါတည်း အိမ်ပေါ်က ပြေးဆင်းသွားပြီး ကျုပ်ကို မွေးစားသမီးလို့ ပြောတဲ့ မြကြည်တို့ တဲရှေ့သွားရန် တွေ့တော့တာပဲ။ ဓားကြိမ်းတွေ ဘာတွေများတောင် ကြိမ်းလို့၊ ကျုပ် တစ်သက်မှာ ဘဘ ဒီလောက်ဒေါသကြီးတာ၊ ဒီတစ်ခါပဲ တွေ့ဖူးတယ်။

ပြီးတော့ အဲဒီညမှာပဲ ဘဘက ကျုပ်ကို လွမ်းစရာ၊ ကြည်နူးစရာကောင်းလှတဲ့၊ အဖေနဲ့ အမေတို့ရဲ့ ဇာတ်လမ်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြခဲ့တယ်။ တောသူမ အချောအလှလေးနဲ့ လယ်သမား လူရိုးလေး မောင်နှံ



www.burmeseclassic.com

ရဲ့ ကြေကွဲစရာ ဇာတ်လမ်းကလေး တစ်ပုဒ်ပေါ့။ ကျုပ်ရင်ထဲမှာ အဖေနဲ့ အမေတို့ရဲ့ ဝိညာဉ်တွေ၊ အဲဒီကတည်းက ကိန်းအောင်း လာခဲ့ရတာ ည အိပ်ရာဝင်တိုင်း ဘုရားရှိခိုးပြီးရင် အဖေ အမေတို့ကို စိတ်က ရည်မှန်း ပြီး ကန်တော့၊ အမျှဝေတတ်ခဲ့ရတာ၊ ဓာတ်ပုံတောင် မမြင်ဖူးလိုက်ရတဲ့ အဖေနဲ့ အမေတို့ရဲ့ ရုပ်ပုံတွေကိုလည်း စိတ်အတွေးထဲမှာပဲ အမြဲ ပုံဖော် ကြည့်ခဲ့ရတာ၊ ကျုပ်မျက်နှာပေါက်က အမေနဲ့ တထေရာတည်းတဲ့။ အသားညိုတာကတော့ အဖေနဲ့ တူသတဲ့။ ဘာပဲဖြစ်ဖြစ်၊ ကျုပ် စိတ်ကူးထဲ က အဖေ အမေတို့ရဲ့ ရုပ်ပုံတွေကတော့ ကျုပ် မြင်ဖူးသမျှထဲမှာ အချော ဆုံး၊ အလှဆုံး၊ အခန့်ဆုံးတွေပဲပေါ့။ ပြီးတော့ ခုနေခါဆို အဖေရော အမေပါ တာဝတိံသာ နတ်ပြည်မှာ နတ်သား၊ နတ်သမီးတွေ ဖြစ်နေပြီ လို့လည်း ကျုပ် အမြဲပဲ ယုံခဲ့တယ်။

*

ကျုပ် မြို့ရောက်လာတာကတော့ ဘဘ ဆုံးပြီးမှပါ။ မဆုံးခင် မကျန်းမမာ ဖြစ်နေကတည်းက ဒေါ်လေးတို့ဆီမှာ ကျုပ်နေဖို့ ဘဘ စီစဉ် ပေးခဲ့တာ။ ဘဘဟာ သေအထိ ကျုပ်အတွက် တာဝန်ကျေခဲ့ပါတယ်။ ဒေါ်လေးဆိုတာ ဘဘရဲ့ တူမဝမ်းကွဲပေါ့။ မြို့က ကမ်းနားဆိပ်ပွဲရုံကြီးကို ဟီးလို့၊ ပိုက်ဆံရှိတယ်။ ဒေါ်လေးမှာ သားသမီးလေးယောက်ရှိတယ်။ ကိုယ်ခွဲမရှိတော့ ကျုပ်ကို အဖော်အလှော်၊ ကလေးထိန်းအဖြစ် လိုလိုချင် ချင်ပဲ လက်ခံတယ်။ အဲဒီတုန်းက ကျုပ်အသက် ၁၄ နှစ်ပဲ ရှိသေးတယ်။ ဒေါ်လေးသမီး နီလာ၊ သီတာ၊ ကြည်ပြာတို့ အားလုံး ကျုပ်ထက် ငယ် ကြတယ်။ ဘဘက 'ငါ့သမီးကို အစေခံလို မမွေးပါနဲ့၊ သွေးသားလို မွေး ပါလို့ မှာတာလည်း တစ်ကြောင်း၊ ဒေါ်လေးတို့ ကိုယ်တိုင်ကိုက စိတ် ကောင်း ရှိကြတာကြောင့်လည်း တစ်ကြောင်း၊ နီလာတို့နဲ့ တစ်တူ ကျုပ်ဝတ်ရ စားရပါတယ်။ အိပ်တော့လည်း ညီအစ်မတွေလို တစ်အိပ်ရာ



www.burmeseclassic.com

တည်း တူတူပဲ။ မတူတာတစ်ခုပဲ ရှိတယ်လေ။ အဲဒါက ကျုပ် ကျောင်း မနေရတော့ဘူး။ ရွာမှာ ဘဘက သင်ပေးလိုက်တဲ့ လေးတန်းစာနဲ့ပဲ ကျုပ် ကျေနပ်ရတော့တယ်။

အစပိုင်းမှာတော့လေ နီလာတို့ ညီအစ်မတွေ လွယ်အိတ်ကလေးတွေ လွယ်ပြီး ကျောင်းသွားကြတာ မြင်ရရင် ကျုပ် သိပ်ဝမ်းနည်းမိတာပဲ၊ ကျုပ် ကျောင်းဆက်နေချင်သေးတယ်။ နီလာတို့ဖတ်တဲ့ အင်္ဂလိပ်စာ၊ ရွတ်ရက်ဒွက်ဒက်တွေလည်း ရွတ်တတ်ချင်သေးတယ်။ ဒါပေမဲ့ ၁၄ နှစ် သမီး အရွယ်ကတည်းက ဘဝအကြောင်းကို ကျုပ်နားလည်ခဲ့ပါပြီ။ ကျုပ်က မိဘမဲ့ကိုး၊ မိစုံဖစုံဖြစ်တဲ့ နီလာတို့ ဘဝနဲ့ ဘယ်တူပါတော့မလဲ လေ။ ဒီတော့ သဘောကောင်းတဲ့ ဒေါ်လေးနဲ့ ဦးလေးတို့ ပိုကြင်နာ ပို သဒ္ဒါလာအောင် ကျုပ်တစ်အိမ်လုံးရဲ့ အဝတ်တွေကို မငြီးမငြူ လျှော် တယ်။ ထမင်းချက်တယ်။ ကလေးထိန်းတယ်။ တစ်စ တစ်စ မျက်နှာလွှဲ လာရတဲ့ ကျုပ်ကို ဒေါ်လေးကလည်း မျက်နှာသာပေးပါတယ်။ ကျုပ်ကို ရွှေတို ငွေစကလေးများတောင် ဆင်လာတဲ့ အထိပဲ။ ကျုပ်လည်း ဒေါ်လေး တို့ အိမ်မှာပဲ ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်နဲ့နေရင်း အပျိုကြီးဖားဖား ဖြစ်လာတာပဲ။

ဒါနဲ့ တစ်နေ့တော့ ကျုပ်ကို ဘွားလေးညွှန့်က လာတွေ့တယ်၊ ဘွားလေးညွှန့်ဆိုတာက ကျုပ်ကို မမွေးခင်ကတည်းက မြို့သားနဲ့ အိမ်ထောင် ကျပြီး မြို့မှာ အခြေချနေတဲ့ ဘဘရဲ့ နှမအငယ်ဆုံးလေး၊ ကျုပ်ကိုလည်း မကြာခဏ လာတွေ့နေကျပါ။ ဒါပေမဲ့ အဲဒီနေ့ကတော့ လာတွေ့ပုံနည်း နည်းထူးတယ်။ ဒေါ်လေးဆီမှာ ခွင့်တောင်းပြီးတော့ ဘွားလေးညွှန့်က ကျုပ်ကို ရွှေတိဂုံဘုရားပေါ် ခေါ်သွားတယ်။ လူရှင်းတဲ့ တန်ဆောင်းတစ်ခု ထဲမှာ ထိုင်၊ ဘုရားကို ဦးချပြီးတော့မှ ဘွားလေး ညွှန့်က စကားစတယ်။

"ဘွားလေးပြောမှာကို သေချာနားထောင်နော် မြမြ"လို့ အစချီတယ်။ ပြီးတော့ "အခုနေများ မြမြရဲ့ အမေရင်း ရှိနေသေးတယ်ဆို



www.burmeseclassic.com

ရင် တွေ့ချင်သလား”တဲ့။ ကျုပ်လေ ကိုယ့်နားကိုတောင် ကိုယ် မယုံနိုင်ဘူး။ ပါးစပ်အဟောင်းသားနဲ့ ဘွားလေးညွန့်ကိုပဲ ငေးကြည့်နေမိတယ်။ ကျုပ် တစ်သက်လုံး ခုချိန်ထိ ဘဘပြောခဲ့ဖူးတဲ့ အဖေနဲ့ အမေတို့ရဲ့ ပုံပြင်တွေကိုပဲ ဖွတ်မိုတ် ယုံကြည်လာခဲ့တာပါ။ တစ်ခါတလေ မွေးစားသမီးဆိုတဲ့ သံသယကို တွေးမိပေမဲ့ ဖွတ်ပဲ မေ့ပစ်ခဲ့တယ်။ ဘဘကနေ ဒေါ်လေးအထိ ကျုပ်အပေါ် ကောင်းခဲ့ကြတော့ မေ့ပစ်လို့လည်း ရနိုင်ခဲ့ပါတယ်။ အခု ကျုပ်အမေ ရှိနေသေးတယ်ဆိုတော့ ကျုပ် အံ့သြတာထက် မယုံချင်ဘူး၊ ခုမှပေါ်လာတဲ့ ဇာတ်လမ်းသစ်ကို လက်မခံချင်ဘူး။

“အမေသေပြီပဲ ဘွားလေးရဲ့၊ ရှိသေးရင် ဘဘ ပြောခဲ့မှာပေါ့၊ ဘဘက ကျုပ်ကို ဘယ်တော့မှ လိမ်ပြောမှာ မဟုတ်ဘူး”လို့ မျက်စိမိုတ် ငြင်းပစ်လိုက်တယ်။ ဒါပေမဲ့ ဘွားလေးညွန့် မျက်နှာကို ကြည့်ပြီး ကျုပ်ရင်ထဲမှာတော့ သိနေပါပြီ။ သူ အမှန်တွေ ပြောနေတယ်ဆိုတာကို၊ ကျုပ်လေ တစ်ခါတည်း ထိန်းမနိုင် သိမ်းမရ ဖြစ်သွားတော့တာပဲ။

“တစ်သက်လုံး လိမ်လာခဲ့ကြပြီးမှ လာမပြောနဲ့၊ ခုမှပြောလို့ ဘာထူးမှာလဲ၊ မသိချင်ဘူး၊ မသိချင်ဘူး”

ကျုပ် ခါးခါးသီးသီး အော်ပစ်လိုက်မိတယ်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုတယ်။ ဘွားလေးညွန့်လည်း ကျုပ်နဲ့ရောပြီး မျက်ရည်ကျပါတယ်။ ဒါပေမဲ့ သူက ကျုပ်ငြင်းနေတဲ့ကြားကပဲ အမေ့အကြောင်းကို ဖွတ်ပြောပြတယ်။ ဇာတ်လမ်းကတော့ ကျုပ်တို့ ရုပ်ရှင်တွေထဲမှာ ခဏခဏ ကြည့်ဖူးတဲ့ ဇာတ်လမ်းမျိုးပါပဲ။ ကျုပ်အမေက ဘွားလေးညွန့် ယောကျ်ားရဲ့ တူမအရင်းတဲ့။ ဒါပေမဲ့ အမေ့မိဘတွေက ချမ်းသာကြသတဲ့၊ စီးပွားရေးလုပ်ငန်းတွေအများကြီး ပိုင်သတဲ့။ အဖေကတော့ အမေတို့ရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုက အလုပ်သမားတဲ့။ ခပ်ထထ သူဌေးသမီးနဲ့ အလုပ်သမားကလေးတို့ရဲ့ ကြိုးချင်းငြိကြတဲ့ ဂုဏ်ရည်မတူ ဇာတ်လမ်းတစ်ပုဒ်ပါပဲတဲ့။ ထုံးစံအတိုင်း ခရီးလွန်မှ မိဘတွေသိကြတော့ ကျုပ်အဖေကို



www.burmeseclassic.com

အလုပ်ဖြုတ်၊ နှင်ထုတ်၊ အမေ့ကိုတော့ အခန်းထဲ ပိတ်လှောင်၊ ဗိုက်ထဲက ကျုပ်ကိုလည်း ဖျက်ချဖို့ ကြိုးစားခဲ့ကြသေးတယ်။ ကျုပ်က အသက်ပြင်းတော့ သူတို့အကြံ မအောင်ခဲ့ဘူး။ ဒါနဲ့ ဘွားလေးညွန့်ဆီမှာ ကျုပ်ကို တိတ်တိတ်လာမွေး၊ ပြီးတော့ အမေရဲ့ အတိတ်ဘဝအမည်းစက်ကို ဖုံးကွယ်နိုင်ဖို့ ကျုပ်ကို အဘလက်ထဲ ထည့်ခဲ့တာပဲ။ ကျုပ်အဖေကတော့ အလုပ်ထုတ်ပြီး နှင်ချလိုက်ကတည်းက တစ်ခါမှ ပြန်ပေါ်မလာတော့ဘူးတဲ့။

အဖေ့အကြောင်းကတော့ ထားလိုက်ပါတော့လေ။ ကျုပ် ရှိမှန်းတောင် သူ သိချင်မှ သိသွားမှာပါ။ သိတော့ကော သူ ဘာလုပ်နိုင်မှာလဲ။ ထူးဆန်းတယ် ခေါ်ရမလား။ ကျုပ်စိတ်ထဲမှာ အဖေ့အပေါ် ခွင့်လွှတ်ကြည့်လို့ ရသေးတယ်။ ဒါပေမဲ့ အမေ့ကိုတော့ ကျုပ် ကျေနပ်ကြည့်လို့ မရဘူး၊ ကျုပ်ရှိနေတာကို သူ မသိဘူးတဲ့လား။ ကျုပ်ကို လာတွေ့ဖို့ ဘာလို့ မကြိုးစားခဲ့တာလဲ။ ကျုပ်မျက်နှာပေါ်မှာ ပေါ်လာတဲ့ အတွင်းစိတ်ကို ဘွားလေးညွန့်က သိသွားပုံပါပဲ။

သမီးအမေကို ကလေးသေသွားပြီလို့ လိမ်ထားခဲ့ကြတယ်လေ။ သမီးအမေက မယုံပေမဲ့ သမီးရှိတဲ့နေရာကို ဖွင့်မပြောတော့ သူ သမီး ကို ဘယ်လာတွေ့နိုင်မှာလည်း၊ ခုမှ သူ့ကို သမီးအကြောင်း ဘွားလေးက မနေနိုင်လို့ ပြောပြလိုက်တာ’တဲ့။

ဘွားလေးညွန့်ကကော ခုမှ ဘာလို့ ဈေးခြောက်ကို ရေနှုးချင်ရတာလဲ။ အစတုန်းကတော့ သူလည်း ကျုပ်အမေရဲ့ ဇာတ်လမ်းထဲမှာ အလိုတူ အလိုပါတစ်ယောက်ပဲ မဟုတ်လား။ ဘွားလေးညွန့်ကိုလည်း ကျုပ်ရော ပြီး နာကျည်းတာပဲ။ ဒါပေမဲ့ ဘွားလေးညွန့်က ကျုပ်အပေါ် စေတနာထား သူပါ။ ကျုပ်က သူ့ယောက်ျားရဲ့သွေး ဖြစ်ပေမဲ့ သူ့အစ်ကို ရင်း လက်ပေါ်မှာ ကြီးခဲ့ရသူ မဟုတ်လား။ သူ့အကြောင်းပြချက်ကတော့ ကျုပ် အဘိုးအဘွား အရင်းတွေ ကျန်ခဲ့တဲ့ အမွေတွေထဲက ကျုပ်ရသင့်တာကို ရစေချင်လို့တဲ့။



www.burmeseclassic.com

ခုအချိန်မှာ ကျုပ်အမေက နောက်အိမ်ထောင်နဲ့ ဖြစ်နေပြီလေ။ အမေရဲ့ နောက်ယောက်ျားက အမေတို့နဲ့ တန်းတူ လူချမ်းသာထဲကပါပဲ။ ကျုပ်မှာ မအေတူ ဖအေကွဲ ညီမသုံးယောက်တောင် ရနေပြီတဲ့။ ကျုပ် အဘိုးအဘွားတွေလည်း ဆုံးကုန်ကြပြီတဲ့။ ဒါကြောင့် ခုအချိန်မှာ ကျုပ် အမေနဲ့ ပြန်ဆက်သွယ်ဖို့ အကောင်းဆုံးအချိန်တဲ့။ ကျုပ် ငွေမမက်ပါဘူး။ ငွေကို များများမြင်ဖူး၊ ကိုင်ဖူးကြတဲ့ လူတွေသာ ငွေကို မက်ရကောင်းမှန်း သိကြတာပါ။ အထူးသဖြင့် ကျုပ်အပေါ် သူတို့သွေးလို မေတ္တာမထားနိုင်ခဲ့တဲ့ ကျုပ်အဘိုးအဘွားတွေရဲ့ ငွေကို သာလို့မမက်သေးတယ်။

ဒါပေမဲ့ ကျုပ်အမေ့ မေတ္တာကို မျှော်လင့်မိတာတော့ အမှန်ပဲ။ ကျုပ်ဘဝမှာ တစ်ခါမှ 'အမေ'လို့ မခေါ်ခဲ့ဖူးဘူး။ ခေါ်ကြည့်ချင်တယ်။ အမေ့ရင်ခွင် ဘယ်လောက်အေးမြတယ်ဆိုတာ သူများ အပြောနဲ့ အမြင်ပဲ ရှိတယ်။ ကျုပ် လက်တွေ့ မခံစားဖူးဘူး။ အစက ကျုပ်ရှိမှန်း မသိခဲ့လို့ ကျုပ်ကိုလာမတွေ့ခဲ့တဲ့ အမေကို ကျုပ်ဘာလို့ ခွင့်မလွှတ်နိုင်ရမှာလဲ။ သူခု ကျုပ်ရှိမှန်းသိပြီပဲ၊ ကျုပ်အမေနဲ့ ပြန်နေရတော့မှာလားလို့ တွေးကြည့်တော့ ရင်တွေ ဘာတွေခုန်ပြီး မျက်ရည်တွေကြားကပဲ ပျော်လာလိုက်တာလေ။

"ဒါဖြင့် အခုအမေက ကျုပ်ကို ပြန်ခေါ်တော့မှာလားဟင် ဘွားလေး"

ကျုပ် မျှော်လင့်ကြီးစွာ အမောတကော မေးလိုက်မိတော့ ဘွားလေး ညွန့် မျက်နှာတွေသွားတယ်။

"အခုတော့ မဟုတ်သေးဘူးသမီးရယ်၊ သူ့နောက်ကြောင်းကို သူ့ယောက်ျားမသိဘူး၊ သိလည်း မသိချင်ဘူး၊ သမီးကို သူ့ယောက်ျား မသိအောင် တိတ်တိတ် အရင်တွေ့ရဦးမှာ နောက်တော့ သူကြည့် စီစဉ်မှာပေါ့။ အတူမနေရတောင် သမီးနဲ့မအေ ပြန်တွေ့ရတာပေါ့"တဲ့။

စောစောက အငွေ့နည်းနည်းသေသွားတဲ့ ကျုပ်ရင်ထဲက နှာကြည်း

www.burmeseclassic.com

စိတ်တွေ ရဲခနဲပြန်ဖြစ်သွားတယ်။ ကျုပ်ကို အမေက လူသိရှင်ကြား ပြန်လက်ခံတာ မဟုတ်ဘူးပေါ့။ သူများအိမ်မှာ အစေခံတစ်ပိုင်းဘဝနဲ့ နေရတဲ့ ကျုပ်ကို သူမသနားဘူးလား။ တကယ်ဆို ကျုပ် လူဖြစ်လာရတာ ကျုပ်အပြစ်လား၊ အို… စိတ်ရှိတိုင်းပြောရရင် ကံကြီးတွေ ထိုက်ကုန်တော့မှာပဲ။ ကျုပ် အမေကို ခွင့်မလွှတ်နိုင်တော့ဘူး။ ခိုးကြောင် ခိုးဝှက်သူလာတွေ့မှာကိုလည်း လက်မခံဘူး။ ကျုပ် ဘာမှ စဉ်းစားမနေတော့ဘူး။ ဘွားလေးညွန့်ကို ကျုပ် ခံစားချက်တွေ ရှင်းရှင်း ပြတ်ပြတ်ပဲ ပြောချလိုက်တော့တယ်။

"ဖွားလေးရဲ့ စေတနာကို သမီးနားလည်ပါတယ်။ ကျေးဇူးလည်းတင်ပါတယ် ဘွားလေးရယ်။ ဒါပေမဲ့ ကျုပ်အမေ ဆိုတဲ့ ဖွားလေးယောကျ်ားရဲ့ တူမကို ပြန်ပြောလိုက်ပါ။ ကျုပ်လေ အနှစ် ၂၀ လုံးလုံး မိဘမဲ့ဘဝနဲ့ သူစိမ်းတွေရဲ့အိမ်မှာ နေသားကျခဲ့ပါပြီ။ ငွေမရှိတာကလွဲရင် မေတ္တာတော့ မဆင်းရဲခဲ့ပါဘူး။ သူစိမ်းတွေက ကျုပ်အပေါ် သွေးသားလိုပဲ ကောင်းခဲ့ကြပါတယ်။ ကျုပ်ဘဝမှာ 'အမေ' လို့ တစ်ခါမှ မခေါ်ခဲ့ဖူးလို့၊ အခု အသက်အရွယ်ကျမှ ခေါ်ခွင့်ရမယ်ဆိုလည်း ခေါ်ချင်တာ တစ်ခုပါပဲ။ ဒါပေမဲ့ ကိုယ့်အမေကို အမေလို့ လူတောထဲမှာ အကုန်လုံးကြားအောင် အားရပါးရပဲ ခေါ်ချင်တယ်။ တိုးတိုးတိတ်တိတ် ကျိတ်ပြီးခေါ်မှ ခေါ်ခွင့်ရမယ်ဆိုရင်တော့ ကျုပ် ဒီတစ်သက် အမေ့ကို ပြန်မတွေ့ချင်တော့ဘူးလို့ ဆက်ဆက်ပြောလိုက်ပါတော့နော် ဘွားလေး"

*

အခု ကျုပ် အသက် ၃၀ ကျော်ပြီ။ ၄၀ နား ကပ်လုပေါ့။ သားသမီး ငါးယောက်လည်း မွေးပြီးပြီ။ ကျုပ် အိမ်ထောင်က ဒေါ်လေးတို့ ပွဲရုံမှာ ငရုတ်၊ ကြက်သွန်၊ လာဝယ်နေကျ ဖောက်သည်တစ်ယောက်ပေါ့။ ဝေဠုဝန် စိန်မေရီ ရပ်ကွက်ထဲမှာ အိမ်ပိုင်ကလေးတစ်လုံးရှိတယ်။ အခု

www.burmeseclassic.com

ကျုပ်တို့မှာ ကုန်စုံဆိုင်လေးတစ်ဆိုင်လည်း ဖွင့်ထားသေးတယ်။ ရာသီပေါ် သရေစာကလေးတွေလည်း ရောင်းလိုက်သေးတယ်။ ကျုပ်အိမ်သားကတော့ အလုပ်မရွေးလုပ်တဲ့ သူပါပဲ။ ကျုပ်မှာ ဈေးရောင်းရတာက တစ်ဖက်၊ ကလေးကျောင်းရတာက တစ်ဖက်နဲ့ ကိုယ်ခွဲလည်း မထားနိုင်တော့ ပင်ပန်းလှတယ်။ ဒါပေမဲ့ ကျုပ်စိတ်ကြိုက် တည်ဆောက်ခဲ့တဲ့ ကျုပ်ဘဝကို ကျေနပ်ပါတယ်။ အခု ကလေးငါးယောက်မွေးပြီးနေပေမဲ့ နောက်ထပ် လိုချင်သေးတယ်။ အသက် ၄၀ မကျော်မချင်း တစ်ကျိပ် လောက်ရလည်း ယူမှာပဲ။ ကျုပ် အိမ်သားကတောင် ကြားဖူးနားဝနဲ့ ဆေးရုံမှာ မမွေးအောင် လုပ်ပေးဖို့ လျှောက်လွှာတင်ပါလားတဲ့။ ‘ကျုပ် မွေးနိုင်လို့ မွေးတာ တော် အနေသာကြီး’ လို့ ပြန်ပြောလိုက်တယ်။

ရင်းနှီးတဲ့လူတွေကလည်း ကျုပ်ကို အပြစ်တင်ကြတယ်။ ဘာလို့ ဒါလောက်အများကြီး ဒီခေတ်ထဲမှာ မွေးမှာလည်းတဲ့။ သူတို့မသိပါဘူး လေ။ ကျုပ် ခံစားချက်ကို သူတို့မှ မသိနိုင်တာ။ သူတို့သိအောင်လည်း ကျုပ် ပြောမပြတတ်ဘူး။ ကျုပ်တစ်သက်မှာ ကျုပ် ပါးစပ်က အမေလို့ မခေါ်နိုင်ခဲ့ရသလောက် ကျုပ်ကို အမေလို့ခေါ်တဲ့ အသံတွေကို အတိုးချပြီး ကျုပ် များများကြားချင်လို့၊ အဲဒီအမေလို့ ခေါ်သံတွေ ကြားရတိုင်း လေ ကျုပ်ရင်ထဲက နာကြည်းချက် ဒဏ်ရာဟောင်းက သက်သာ သက်သာသွားလို့၊ အရင်ကလို ကျုပ်ဟာ အထီးကျန် တစ်ကောင်ကြွက်မဟုတ် ဘူး ဆိုတဲ့ အသိနဲ့ အားရှိလာလို့၊ အင်း... ကျုပ်မှာလည်း စိတ်ရောဂါတစ် မျိုး စွဲနေခဲ့ပါပြီလေ။

ကျုပ်အမေနဲ့ ကျုပ်လား။

ပြန်တွေ့သားပဲ။ ဒါပေမဲ့ တစ်ခါတည်းပါပဲလေ။ ဘွားလေးညွှန့် ဆုံးတုန်းကပေါ့။ ကြံတော မီးသင်္ဂြိုဟ်စက်ရှေ့မှာ အမျိုးတွေ စုကန်တော့ ကြ၊ ခေါင်းဖွင့်ပြီး ငိုယိုနေကြတုန်း ဖြုန်းဆို လူအုပ်တွေထဲမှာ ကျုပ်သူ့ ကို ပြန်တွေ့ရတာ။ အရင်က သူ့ဓာတ်ပုံကိုတောင် ကျုပ် မတွေ့ဖူးပါဘူး။



www.burmeseclassic.com

ဒါပေမဲ့ ကျုပ်မျက်နှာနဲ့ တူလွန်းလှတဲ့ သူ့ကို ကျုပ်သွေးကပါပြောတော့ သူဟာ ကျုပ်အမေပဲလို့ မြင်မြင်ချင်း ဒက်ခနဲ သိလိုက်ပါရဲ့။ အသက် ၅၀ ကျော်ရုံပဲ ရှိဦးမယ်။ ဒါပေမဲ့ အရွယ်တင်ပါတယ်။ ကျုပ်ထက်တောင် နုဦးမယ်။ အင်ဒိုနီးရှားပါတိတ် အကောင်းစား ဝမ်းဆက်နဲ့ ပိုက်ဆံအိတ်ကြီးကို ချိုင်းကြားညှပ်လို့။ ကားလှလှလေးပေါ်က ဆင်းလာတာ။ တချို့အမျိုးတွေက 'မေခင်' 'မေခင်'နဲ့ ပျာပျာသလဲလုပ်တာ ကြားရတော့ ကျုပ်အသိမှန်တယ်လို့ ထပ်သိရတာပဲ။ သူ့ဘေးက ခေတ်ဆန်ဆန် ကောင်မလေး သုံးယောက်ကတော့ ကျုပ်ရဲ့ဖအေကွဲ ညီမကလေးတွေ ဖြစ်မှာပေါ့။

ကျုပ်နဲ့ အသွေးအမွေးချင်း ကွာခြားလှတဲ့ ညီမလေးတွေကို ခုမှ တွေ့ရမြင်ရလို့ ကျုပ် ဝမ်းသာပါတယ်။ ဒါပေမဲ့ သူတို့နဲ့ ဖက်လဲတကင်း ရင်းနှီးလိုစိတ်တွေလည်း မရှိတော့ဘူး။ ကျုပ်အပေါ်မှာထားမယ့် သူတို့ သဘောထားတွေကိုလည်း တွေးမကြည့်ချင်တော့ဘူး။ ကွဲတုန်း ကွဲခိုက် အဝေးကပဲ ကျုပ် သူတို့ကို သူတို့ မသိအောင် ကြည့်ချင်တယ်။ အထူးသဖြင့် ကျုပ်အမေ ကျုပ်ကို တွေ့သွားမှာ စိုးရိမ်တယ်။ သူ ကျုပ်ကို တွေ့ရင် ဘာလုပ်မလဲ။ ကျုပ် တွေးကြည့်တယ်။ အလွန်ဆုံး သူ ကျုပ်ကို တောင်းပန်ကြည့်နဲ့ ကြည့်ရုံ နေမှာပေါ့။ အဲဒီအကြည့်ကို ကျုပ် ရင်မဆိုင်ချင်ဘူး။ ကျုပ် သဘောထား မကြီးနိုင်ဘူး၊ သဘောထားကြီးရတဲ့ လူဆိုတာ ရှုံးတဲ့လူပါပဲ။ သူ့ရဲ့ တခြားသမီးတွေရှေ့မှာ ကျုပ်ကို သမီးလို့ မခေါ်နိုင်မယ့် အတူတူ သူနဲ့ကျုပ် မဆုံမိကြတာ အကောင်းဆုံးပါပဲ။

ကျုပ်လေ ကျုပ် အမေ ကျုပ်ကို မတွေ့ခင် ကျုပ်တို့စီးလာတဲ့ ဒေါ်လေးတို့ ပွဲရုံက ဒတ်ဆန်းကားပေါ် တက်ပုန်းနေလိုက်တယ်၊ ဒတ်ဆန်း ကားရဲ့ သစ်သားလက်တန်းကြားထဲက သူ့ကိုကျုပ်တစ်ချိန်လုံး ချောင်းကြည့်နေခဲ့တယ်။ ဘွားလေးညွန့်ကို သူ ကန်တော့ပြီးတော့ ငိုယိုနေတဲ့ ဆွေမျိုးအုပ်တွေထဲကို သူ ငေးကြည့်နေတယ်။ သူ ကျုပ်ကိုများ ရှာနေတာလား။ ဒီအသုဘမှာ ကျုပ်နဲ့ ဆုံကောင်းဆုံလိမ့်မယ်လို့ သူလည်း တွေးမိ

www.burmeseclassic.com

 www.burmeseclassic.com 

မှာပါပဲ။ ကျုပ်ထင်တာ သိပ်မမှားဘူး။ သူ့မျက်လုံးတွေဟာ ကြည့်ရင်းကြည့်ရင်း တစ်ခုခုကို ရှာဖွေနေတဲ့ မျက်လုံးတွေလို့ ကျုပ်ထင်လာတယ်။

အို… ဒါက ကျုပ်အထင်ပါလေ။ ကျုပ် အတွင်းစိတ်ရဲ့ ဆန္ဒလည်း ဖြစ်ကောင်း ဖြစ်နေမလားပဲ။ ကျုပ် အသက် ၃၀ ကျော်မှ ကလေးအမေ ဖြစ်မှ ပထမဆုံးမြင်ရတဲ့ ကျုပ်အမေရဲ့ ရုပ်ကို တစ်သက်စာအဖြစ် မမိုတ်မသုန် ကျုပ်ကြည့်နေခဲ့တယ်။ နောက် ဘယ်တော့မှ ပြန်တွေ့ရမှာ မဟုတ်တော့တဲ့ ဘွားလေးညွှန့်ကို ကြည့်ခဲ့တာထက်တောင် ပိုဦးမယ်။ ကြည့်ရင်းကြည့်ရင်း ကျုပ် အမြင်တွေ ဝါးလာတယ်။ လုံလောက်ပါပြီ။ အခုဆို ကျုပ် မျက်စိမှိတ်ထားတာတောင် သူ့ပုံကို မြင်ယောင်လို့ ရပါပြီ။ ကျုပ်အဖို့ကတော့ ဒါလောက်ပါပဲ။

ရွှေတိဂုံဘုရားပေါ်မှာ ဘွားလေးညွှန့်ကတစ်ဆင့် လူသိရှင်ကြားအမေ ခေါ်ခွင့်မရရင် မတွေ့ချင်ဘူးလို့ ကျုပ်ငြင်းလိုက်ကတည်းက သူကလည်း ကျုပ်ကို ထပ်တွေ့ဖို့ မကြိုးစားခဲ့တော့ဘူးလေ။ ကျုပ်တို့သားအမိ ဇာတ်လမ်းကတော့ အဲဒီတုန်းကပဲ ဇာတ်သိမ်းခဲ့ရတာပါပဲ။

တကယ်လို့များ လောကမှာမိခင်မေတ္တာထက် ကြီးမားတာ ဘာရှိနိုင်ဦးမလဲလို့ ဆိုလာခဲ့ရင် ရှိတာပေါ့၊ 'ငွေ'၊ 'ဂုဏ်'၊ 'သိက္ခာ'ဆိုတဲ့ တံတိုင်းကြီးတွေပေါ့လို့ ကျုပ်ပြောချင်တယ်။ ကျုပ်ကတော့ အပယ်ကျမယ့်သူပဲ။ အမေကို ခွင့်မလွှတ်နိုင်တဲ့အတွက် ကျုပ် အပယ်ကျမှာပါ။ ကျုပ်သိပါတယ်။ ဒါပေမဲ့ ကျုပ် မကြောက်ပါဘူး၊ ကျုပ်မှာလုပ်ရဲရင် ခံရဲတဲ့ သတ္တိ၊ ကျုပ်အမေမှာ မရှိခဲ့တဲ့ သတ္တိမျိုး ရှိပါတယ်။ အဲဒီသတ္တိနဲ့ ကျရောက်လာသမျှ ငရဲကို ကျုပ် ခါးစည်းပြီး ခံလိုက်မယ်။ အပယ်ငရဲက လွတ်မြောက်တဲ့တစ်နေ့မှာ တောင်းချင်တဲ့ ဆုတစ်ခုပဲ ရှိတယ်။

အဲဒါက ဖြစ်လေရာဘဝတိုင်းမှာ မိမိကိုယ်ထက် သားသမီးအပေါ် အချစ်ပိုနိုင်သော မိခင်မြတ် ဖြစ်ရပါလို၏ဆိုတဲ့ ဆုပါပဲလေ။

*

စိတ်ကူးချိုချို

www.burmeseclassic.com

(ဒိန်ချဉ် ရောင်းရင်း သူ့ဇာတ်လမ်းကို တရိုက်မက်မက် ပြောပြခဲ့ဖူးသော 'ဒေါ်မြ'သို့)

[ဟန်သစ်၊ မတ် ၁၉၉၁]

www.burmeseclassic.com

www.burmeseclassic.com

# ခွဲခွာခြင်း

ကျောင်းများ ပြန်ဖွင့်စအချိန်တွင် ဆရာ အပြောင်းအရွှေ့ စာရင်းတွေ ထွက်လာတတ်လေသည်။ ယခုနှစ်တွင် သူတို့ကျောင်းမှ ဆရာ ဆရာမ ကိုးယောက်ပင် ပြောင်းခွင့်ရကြသည်။ ပြောင်းရွှေ့ဆရာများ ထွက်ခွာသွားကြတော့မည့် နောက်ဆုံးနေ့တွင် ဆရာကြီးဦးဆောင်ကာ ဂုဏ်ပြုနှုတ်ဆက်ပွဲကလေးကို လုပ်ကြလေသည်။ ကျောင်းရုံးခန်းထဲမှာပင် ကျောင်းရှိဆရာ လူကုန်နီးပါးမျှ စုဝေးမိကြသည်။ ခွဲခွာသွားမည့် သူများထဲမှ ဆရာမ ဒေါ်----- ကမူ သူပြောင်းရမည့် ကျောင်းကို သဘောအကျကြီး ကျနေသည်။

"အိမ်နဲ့ နီးနီးလေး၊ လမ်းလျှောက်သွားရုံပဲ၊ ပြီးတော့ ဂရိတ် သားသမီးတွေချည်းနေတဲ့ကျောင်း"

ရယ်မောကြည်ရွှင်နေကျ သူ့မျက်နှာပေးနှင့် အနှောင်အဖွဲ့ လွတ်ကင်းစွာ ပေါ့ပေါ့ပါးပါး ပြောနေသည်။ သူ့ကို 'မီးပုံးပျံကြီး'ဟု အစသန်သူများက နောက်ပြောင် ခေါ်ခဲ့လည်း သူ စိတ်မဆိုးတတ်ပေ။ တစ်နှစ်တစ်ခါ သူ ဝဝလာကာ လစာပြည့်နှင့် ခွင့်သုံးလ ယူတတ်မြဲ။ ကျောင်း နောက်က စကားဖြူပင်ကြီး အပွင့်တွေ ကြွေပြီဆိုလျှင် သူပျောက်သွားကာ

ကျောင်းလယ်က ငုဝါပွင့်တွေနှင့် အတူ ပြန်ရောက်လာတတ်ပုံကိုမူ သူတို့ကျောင်း၏ ပြက္ခဒိန်တစ်ခုလို မှတ်နိုင်လေသည်။ သင်ကြားရေးမှာ မကျော်ကြားခဲ့လည်း လုပ်ဖော်ကိုင်ဖက်အားလုံးနှင့်တော့ သင့်မြတ်စွာနေတတ်သူ။ ခွဲခွာမည့် သူများထဲတွင် သူက အရွှင်ဆုံး ဖြစ်နေသည်။ သူမရှိလျှင် သူ့အကြောင်းကို အငြိုးတကြီး ပြောကျန်ရစ်ခဲ့မည့် သူမျိုးလည်း မရှိ။ နှမြောတသစွာ တမ်းတကျန်ရစ်ခဲ့မည့် သူမျိုးလည်း ရှိပုံမပေါ်။ အချစ် အမုန်းမရှိဘဲ ခွဲခွာရခြင်းသည်လည်း တစ်မျိုးတော့ ကောင်းနေသလိုပင်။

ရှစ်တန်းအုပ်စုမှာ မျက်နှာအပျက်ဆုံး ဖြစ်နေကြသည်။ ထိုအုပ်စုထဲမှ သုံးယောက်တိတိ ပြောင်းသွားကြတော့မည်။ ဆရာကြီးက 'ဈေးသည်ကြီး ဆန်နီ'ဟု နောက်ပြောင်ခေါ်ခဲ့သော ဆရာမ ဒေါ်လှနွယ်ကိုတော့ အများက ပို၍ မှတ်မိနေပေလိမ့်မည်။ လက်ဖက်၊ ပဲလှော်၊ ခေါင်းလျှော်ရည်မှုန့်ထုပ်မှ စ၍ ယောလုံချည်၊ အညာစောင်အဆုံး အလွယ်တကူ ဝယ်ယူလိုလျှင် သူ့ကို သတိရကြပေလိမ့်မည်။ ခြင်းတောင်းထဲမှာ အထုပ်အပိုးတွေ ရှုပ်ပွလျက် ဆံပင် စုတ်ဖွား၊ သနပ်ခါး ဘဲကျား၊ အရပ်ရှည်ကြီး တမားမားနှင့် သုတ်သီးသုတ်ပြာ သူဝင်လာတတ်ပုံကို မြင်ယောင်နေမိကြပေလိမ့်မည်။ ဒေါ်လှနွယ်က မျက်ရည်ကို ငုံ့သုတ်လိုက်ပြီး ငိုသံပါကြီးနှင့်

"ကျွန်မကတော့ ဘယ်ရောက်သွားသွား ဈေးလာရောင်းမှာပဲ၊ ဆရာတို့ ဆရာမတို့ကလည်း အရင်လို ဝယ်ရမှာပဲ၊ ကျွန်မတို့ တကယ်မကွဲပါဘူး၊ တွေ့ကြဦးမှာပါ"ဟု သူ့ကိုယ်သူရော အများကိုပါ အားပေးနေလေသည်။

ဟော... ဟိုထောင့်နားမှာ ခုနစ်တန်းအုပ်စုက ဒေါ်ဖြူဖြူမြင့်နှင့် ဒေါ်သဇင်လှိုင်တို့လည်း ငိုချင်နေသည့် မျက်နှာတွေနှင့်ပါတကား။ သူတို့နှစ်ယောက်မှာ အလုံးတူ အရပ်တူ၊ အနောက်ဆန်ဆန် ချောကြပုံချင်းလည်း တူကြသည်။ အင်္ကျီဆင်တူ ဝတ်လေ့ရှိပြီး အမြဲတတွဲတွဲ မခွဲဘဲ နေခဲ့ကြ



www.burmeseclassic.com

သည်မှာ ၁၀ နှစ် ဆယ်မိုးမကပင် ရှိချေတော့မည်။ ခုတော့ ကျောင်းနှင့် နေအိမ်ဝေးကွာလှသော ဒေါ်သဇင်လှိုင်က ပြောင်းရွှေ့သွားတော့မည်။ ကျန်ရစ်သူ ဒေါ်ဖြူဖြူမြင့်က စလို့ ငိုလေသည်။ ထောင်မောင်းထွားကျိုင်းသော သူ့ပုံပန်းနှင့် ငိုကြွေးခြင်းအမူအရာမှာ မလိုက်ဖက်သလိုပင်၊ သို့သော် သူကား ဝမ်းနည်းတတ်သူပင်။

ကျန်လူတွေ၏ မျက်နှာအသီးသီးမှာလည်း ညှိုးငယ်ငြိမ်သက်နေကြသည်။ သူကတော့ သူ့ရှေ့မှာမှ ခွဲခွာခြင်းသရုပ်ဆောင်နေသော မြင်ကွင်းကျယ်ကြီးကို ထုံပေသော စိတ်နှင့် တွေဝေနေလိုက်လေသည်။ သူကိုယ်တိုင်မှာမူ အချစ်များ မပျက် ခွဲခွာခြင်းအတွက် ထိခိုက်လိုခြင်း မရှိလှတော့ပေ။ ထို့ပြင် ခွဲခွာခြင်းတွင် ကျန်ရစ်သူတို့မှာ ပိုခံစားရလေ့ ရှိတတ်ကြသည်ဆိုငြားလည်း ကိုယ်ကစ၍ ခွဲခွာခဲ့ဖူးသူ သူ့အဖို့မှာမူ...။

*

**အချစ်ဆုံး**

> လာမယ့်သီတင်းကျွတ်လပြည့်ညကျရင် ကောင်းကင်ပေါ်က လမင်းကြီးကို ကြည့်ဖြစ်အောင် ကြည့်ပါ။ မင်း ဖိတ်ခေါ်နေတဲ့ မင်းတို့လမ်း မီးထွန်းပွဲတော်ကို ကိုယ်မလာနိုင်ပါဘူးကွယ်။ သံကန်လန့်ကာနောက်ကွယ်က ကိုယ့်ဘဝ ကိုယ် မပိုင်ပါဘူး။ ကိုယ်တို့ဝိညာဉ်ချင်း လမင်းမှာ ဆုံကြပါစို့နော်။ လမင်းကို ဆက်ဆက်ကြည့်ဖြစ်အောင် ကြည့်နော်။ ကိုယ့်ကို တွေ့လိမ့်မယ်။

စိတ်ကူးယဉ်တတ်စ အရွယ် ကဗျာရူး၊ စာရူးကလေးနှစ်ယောက် တက္ကသိုလ်မှာ နှစ်နှစ်တာမျှ သူမတူအောင် ခင်လိုက်ခဲ့ကြဖူးလေသည်။ ဝါသနာချင်းသာ တူပေမဲ့ ဘဝချင်းကား မတူခဲ့ကြပေ။ တစ်ယောက်က တောမြို့ငယ်လေးမှ ကျောင်းဆရာတစ်ယောက်၏ သမီးငယ်။ တစ်ယောက်ကတော့ ရန်ကုန်မြို့ပေါ်က ပစ်ကဒ်ကားကြီးစီးကာ ကျောင်းတက်နိုင်

www.burmeseclassic.com

သူ၊ ကုသိုလ်ကြမ္မာသည် မျက်နှာသာပေးစရာရှိလျှင် စုပြုံပေးတတ်လေ့ ရှိသည့်အတိုင်း ခနသာသူမှာ ကျူတိုရီရယ် အမှတ်တွေ အမြဲသာတတ်သူ၊ ရည်းစားစာ အစောဆုံးအပေးခံရသူ၊ စာစောင်တွေထဲ ကဗျာ အများဆုံး ပါနိုင်သူ ဖြစ်ခဲ့လေသည်။ ထိုစဉ်အခါများကတော့ သူငယ်ချင်းသည် သူ့လက်ကို အားပါးတရ ဆွဲလှုပ်ရမ်းကာ

"နင် သိပ်တော်တာပဲဟယ်၊ ငါ့ရဲ့ ဟီးရိုး"ဟု ပြောခဲ့ဖူးလေသည်။

ဒုတိယနှစ်အပြီးမှာ သူတို့ခွဲခဲ့ကြရသည်။ စာမေးပွဲကျသော သူငယ်ချင်းထံ အဆင့်ကောင်းကောင်း၊ အမှတ်ကောင်းကောင်းဖြင့် အောင်ခဲ့သော သူက အားပေးစာများ ရေးခဲ့၏။ ကံကော်တောကို ပြန်လာဖို့ တိုက်တွန်းခဲ့၏။ ထိုစဉ်က သူ့ သူငယ်ချင်းသည် စီးပွားရေးအကျပ်အတည်းများ နှင့် ရင်ဆိုင်နေရကာ ကျောင်းဆက်မတက်နိုင်တော့ကြောင်းကိုကား သူ မသိ၊ သူငယ်ချင်းကလည်း စောင်းပါးရိပ်ခြည်မျှပင် ပြောမပြ။ သူကလည်း သူ့ဘာသာ စုံစမ်းရကောင်းမှန်း မသိခဲ့။ ထိုစဉ်ကဘော သူသည် သူငယ်ချင်းကောင်းတို့၏ ဝတ္တရား ကျေခဲ့ပါရဲ့လား။

သူငယ်ချင်းက လစာနှင့် အခွင့်အရေးကောင်းကောင်း ရနိုင်မည့် အတတ်ပညာရှင် သင်တန်းရှည်တစ်ခုကို တက်နေစဉ် သူကတော့ နောင် အခါ မူလတန်းပြကလေးပင် အနိုင်နိုင် ဖြစ်လာရဖို့အတွက် ဝိဇ္ဇာသင်တန်းကြီးကို ကြိုးစားပမ်းစား တက်နေခဲ့လေသည်။ သူက အလိုက်မသိစွာ အဓိပတိလမ်းနှင့် ဗဟိုစာကြည့်တိုက်၊ အပန်းဖြေရိပ်သာ အကြောင်းတို့ကို သူငယ်ချင်းဖြစ်သူအား လွမ်းမောဖွယ်ကောင်းလောက်အောင် ဖွဲ့နွဲ့ရေးပြနေစဉ် သူငယ်ချင်းက သူ့ထံ ဓာတ်ပုံတစ်ပုံ ပို့လိုက်လေသည်။

သံတိုင် ပြတင်းပေါက်နောက်ဘက်က အခန်းထဲမှာ ရပ်နေသော ပုံ။ အလင်းရောင်ကောင်းစွာ မရသဖြင့် ဓာတ်ပုံက မည်းနေသည်။ သူငယ်ချင်း၏ မျက်နှာကလည်း ညှိုးနေလေသည်။ ဓာတ်ပုံနောက်ကျောမှာ 'သံခန်းဆီးနောက်ကွယ်က မင်းရဲ့သူငယ်ချင်း'ဟု ရေးထိုးထား၏။ စည်း

www.burmeseclassic.com

ကမ်းတင်းကျပ်လှသော သင်တန်းကာလတွင် သူငယ်ချင်းသည် ပျော်ပိုက်နေပုံမရ။

ထိုစဉ်က သူသည် သူငယ်ချင်းထံ အားပေးနှစ်သိမ့်စာများကို ဆက်လက်ရေးသားနေခဲ့သေးကြောင်းကိုလည်း သူ ကောင်းကောင်းမှတ်မိနေပါသေးသည်။ သူ ဘွဲ့ရတော့ ဘွဲ့ဝတ်စုံနှင့် ရိုက်ထားသော သူ့ဓာတ်ပုံကို သူငယ်ချင်း အတော်များများထံ ပေးခဲ့ဖူးရာ သူ့သူငယ်ချင်းထံသို့လည်း မပျက်မကွက် ပို့လိုက်သေးကြောင်း သူ မှတ်မိနေသည်။ ထိုအခါ သူ့ သူငယ်ချင်းက စာပြန်သည်မှာ

"ကိုယ်လည်း မင်းလို ဘွဲ့ရချင်တာပေါ့၊ ဒါပေမဲ့ ဘီအေအောင်တော့ကော ကိုယ်က ဘာလုပ်ရမှာလဲ၊ ကိုယ်တို့ သင်တန်းပြီးရင် ဂေဇက်ဝင်အရာရှိ တန်းဖြစ်မှာပဲလေ"

သူငယ်ချင်းနှင့် ပတ်သက်၍ သူ ပထမဦးဆုံးအကြိမ် တွေဝေ အံ့အားသင့်ခဲ့ရဖူးလေသည်။ ဘွဲ့ဝတ်စုံနှင့် သူ့ဓာတ်ပုံသည် သူငယ်ချင်းကို ဝမ်းမသာစေနိုင်ခဲ့သည်ကား အမှန်ပင်။ 'ငါကကော ကြွားလိုက်တာများလား' ဟု သူ့ကိုယ်သူ ပြန်ဆန်းစစ်ခဲ့ရဖူးသည်။ 'ပြိုင်ဘက်' လို့ သဘောမထားခဲ့တာတော့ အမှန်ပါပဲဟု သူ့ကိုယ်သူ လိပ်ပြာလုံစွာ ပြောနိုင်ပါ၏။ သို့ပေမဲ့ သူ့၌ စာနာစိတ်တော့ နည်းပါးခဲ့သည် ထင်ပါရဲ့။ ကိုယ့်အောင်မြင်မှုကို ကိုယ့်နည်းတူ မအောင်မြင်သေးသူရှေ့မှာ မပြသင့်ဘူးလား။ လူတိုင်းတော့ မဟုတ်ဘူးထင်ပါရဲ့လေ။ ငါ့ဓာတ်ပုံကို မူလတန်း လုပ်ဖော်ကိုင်ဖက် ဖြစ်ခဲ့ဖူးတဲ့ 'မေစီ' ဆီလည်း ပို့ခဲ့သေးတာပဲ၊ မေစီကလည်း လုပ်သားကောလိပ်တက်နေတုန်း ဘွဲ့မှမရသေးဘဲ။ ဒါပေမဲ့ မေစီရဲ့ ပြန်စာထဲမှာတော့...

"မင်းဓာတ်ပုံက ကိုယ့်ကို အားသစ်လောင်းစေခဲ့တယ်၊ ကိုယ့်အခုစာမေးပွဲကြီးအတွက် စာကျက်နေတုန်း မင်းဓာတ်ပုံကလေး ရောက်လာတာ ကိုယ့်အတွက် အတိတ်နိမိတ်ကောင်းပါပဲကွယ်" ဟု ရေးသားပါရှိခဲ့



www.burmeseclassic.com

လေသည်။ ထိုနှစ်ယောက်မှလွဲလျှင် သူ့ခါတ်ပုံပေးခဲ့ရသော ကျန်လူများမှာ သူနှင့် တစ်နှစ်တည်း ဘွဲ့ရသူတွေချည်း ဓာတ်ပုံချင်း ဖလှယ်ခြင်းသာဖြစ်ကြောင်း သူ ပြန်သတိရလာသည်။ နောင်အခါ ဆင်ခြင် ရမည့် သူ့ပေါ့လျော့မှုတစ်ခုပဲဟုသာ သူ့ကိုယ်သူ အပြစ်တင်ခဲ့ပါသည်။

ထိုအဖြစ်သည် ခဏအတွင်းပင် မေ့မှိန်သွားခဲ့သည်။ သူငယ်ချင်းနှင့် သူ အခင်အမင်မပျက် သူငယ်ချင်းသက်ဆက်လက် ရှည်ခဲ့၏။ ငယ်သူငယ်ချင်းများ မဟုတ်ပါဘဲ ကွဲကွာသွားပြီးနောက်မှာပင် ထိုမျှကာလရှည်စွာ ဆက်သွယ်ခဲ့သူဟူ၍ကား သူ့မှာ ထိုတစ်ယောက်သာ ရှိခဲ့ဖူး၏။ နောက်ပိုင်းမှာတော့ ကံကြမ္မာသည် ပြောင်းပြန်ကွေ့ချိုးလေတော့သည်။

သူက ပစ်ကဒ်ကားကြီးပေါ်မှ ဆင်းရကာ ဘတ်စကား ကျပ်ကျပ်တွေထဲ တိုးဝှေ့နေရသော အညတရ ကျောင်းဆရာမ ဘဝက မတက်ဘဲရှိစဉ် သူငယ်ချင်းသည် ရာထူးတစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်ကာ ယူနီဖောင်း ဝတ်စုံဖြင့် ခံ့ညားဝင့်ထည်သော အရာရှိမကြီး ဖြစ်နေလေပြီ။ ပြီး သူငယ်ချင်းသည် အိမ်ထောင်ရေး ကံလည်း ကောင်းခဲ့၏။ ဘဝအာမခံချက်နည်းပါး၍ တည်ကြည်ပုံလည်း မရသော 'ကိုယ်ချစ်'ကို လမ်းခွဲကာ ရိုးအေးရည်မွန်၍ သူလို အရာရှိတစ်ယောက်ဖြစ်သော 'သူချစ်'ကို မှန်ကန်စွာ ရွေးချယ်နိုင်ခဲ့၏။ ထိုသို့ ရွေးချယ်ဖြစ်အောင်လည်း သူကပါ တတ်နိုင်သလောက် တိုက်တွန်းခဲ့ဖူး၏။

သူငယ်ချင်း လက်ထပ်ပြီးရက် အတော်ကြာလွန်မှ သူ့ထံ ဖိတ်စာရောက်လေရာ 'တစ်မြို့တစ်ရွာမှာ ငါမှ မသွားနိုင်ဘဲလေ'ဟု စိတ်ဖြေနိုင်ခဲ့သေး၏။ အခမ်းအနားများနှင့် ဝင့်ထည်စွာ ရိုက်ထားသော နှစ်ယောက်တွဲ ဓာတ်ပုံအတွက်လည်း

'ကိုယ်လည်း မင့်လိုနှစ်ယောက်တွဲ ဓာတ်ပုံရိုက်ချင်တာပေါ့ဒါပေမဲ့ တကယ်မချစ်ဘဲ ကိုယ့်ရည်းစားအပေါ် မခံချင်စိတ် သက်သက်နဲ့တော့ ယောကျာ်းတစ်ယောက်ကို ဘာလို့ယူမလဲကွာ'ဟု ပြန်စာမရေး



www.burmeseclassic.com

မိခဲ့သည် မှာလည်း အမှန်ပင်။

ကာလကြာလေ သူတို့ သူငယ်ချင်းနှစ်ယောက်၏ ဘဝမှာလည်း ကွာဟလာလေ ဖြစ်ခဲ့သည်။ စာရေးစရာအကြောင်းများကလည်း ခေါင်းပါးလာခဲ့ကြ၏။ အရင်လို ဝတ္ထု မဂ္ဂဇင်းတွေ မဖတ်နိုင်တော့သော သူငယ်ချင်း၏ စာများထဲတွင် ယောကျ်ား၏ ချစ်ခင်ယုယမှုများအကြောင်း၊ အရာရှိလောက၏ စည်းစိမ်ချမ်းသာများအကြောင်းများသာ အပ်ကြောင်းထပ်လာစဉ် သူငယ်ချင်းလို ပြန်ကြွားစရာမရှိသောသူကတော့ သူ၏ ရုန်းကန်နေရသော ဘဝအမောတွေကိုသာ ပြန်ရေးဖြစ်ခဲ့၏။

"မင်းစာကို ဖတ်ရတော့ မင်းလိုပဲ မိုးလင်းက မိုးချုပ် ရုန်းကန်ကြည့်ချင်လိုက်တာကွာ၊ ကိုယ်တော့ အနေအိပ်ပြီးစား၊ စားပြီးအိပ်ပဲလေ၊ ကိုယ့်ကလေးကိုတောင် ကိုယ် မချီရဘူး"

ထိုအခါ မွေးကတည်းက ရွှေမှုန်စားခဲ့ဖူးသော လေသံမျိုးပဲဟု တွေးလျက် သူ့ဘဝအမောတွေကို ဆက်လက် ရေးပြဖို့ လက်တွန့်ခဲ့တော့သည်။ 'ငါက သူ့ရဲ့နှစ်သိမ့်မှုကို လိုချင်နေတာလား'ဟုတော့ သူ့ကိုယ်သူ အပြစ်တင်လိုက်ပါသေးသည်။

'မင်းစာတွေ ပြန်ရေးနေတယ်ဆိုလို့ မင်းဝတ္ထုတွေကို ကိုယ် စိတ်ဝင်စားစွာ ဖတ်ပါတယ်'

ငယ်စဉ်ကလို 'သိပ်ကောင်းတာပဲဟယ်၊ နင် သိပ်တော်တာပဲဟယ်' ဟူသော အားပါးတရ ချီးမွမ်းသံမျိုးကို မျှော်လင့်နေသေးသလားဟု သူ့ကိုယ်သူ ပြန်မေးကြည့်ပြန်၏။ 'စိတ်ဝင်စားတယ်'ဆိုတာ 'မဆိုးပါဘူး' ဆိုတာထက်တော့ တော်သေးသပေါ့ဟု ဖြေသာသွားပြန်သည်။ နောက်ဆုံးတွေ့ကြပုံကား

"ကိုယ့်သမီးကို နာမည်ပြောင်းလိုက်ပြီ၊ နာမည်ဟောင်းက အထက်တန်းပြဆရာမထက် ပိုဖြစ်ဖို့ လမ်းမမြင်ဘူးလို့ ဗေဒင်က ဟောတယ်လေ"

သူ့စိတ်ကို အထိခိုက်ဆုံး ဖြစ်စေခဲ့သော စကားကို သူငယ်ချင်း



www.burmeseclassic.com

က လွတ်လပ်ပေါ့ပါးစွာပင် ပြောနိုင်ခဲ့၏။ နောက်ပြောကြသမျှ စကား များမှာလည်း အဆီအငေါ် မတည့်ကြတော့ပေ။

'အခု ငါ ကားဝယ်ထားတယ်ဟဲ့၊ ငါ့သမီး ကျောင်းတက်ရင် ကား မပါတော့ မျက်နှာငယ်မှာစိုးလို့'

'ကောင်းတာပေါ့၊ နယ်စပ်မြို့ရောက်သွားတဲ့ အရာရှိတိုင်း ကြီးပွား သွားကြတာပဲ၊ ရတုန်းရခိုက် စုထား စုထား'

ထိုအခါ သူငယ်ချင်းသည် သူ့ယောကျ်ား လက်မောင်းကို လှမ်း ကိုင်နှဲ့မိလိုက်ကာ အဆက်အစပ် မရှိဘဲ

"ဟဲ့ နင် ဘာဖြစ်လို့ယောကျ်ားမရသေးတာလဲ"ဟု မေးလေရာ၊ 'မရသေးတာလဲ'သည် 'မယူသေးတာလဲ' မဟုတ်ကြောင်း သူက တွေးမိပြန် သည်။

"ယူမယ့်လူမရှိသေးလို့ပေါ့ဟာ၊ ဒါပေမဲ့ အခု ငါစာရေးနေတဲ့ အလုပ်ကတော့ ယောကျ်ားယူတဲ့ အလုပ်ထက် ပိုခက်လိမ့်မယ် ထင်တာ ပဲ"

ထိုနေ့ညက တိုက်တိုက်ဆိုင်ဆိုင်ပင် ကောင်းကင်မှာ လပြည့်ဝန်း က သာနေသည်။

သူနှင့် သူ့သူငယ်အကြောင်းကို အစမှ အဆုံးတိုင် ပြန်တွေးကြည့်နေမိ သော သူသည် လမင်းကို ဆွေးမြည့်ကြေကွဲစွာ မော့ကြည့်ကာ

"ဆုံကြစို့လို့၊ မင်းချိန်းခဲ့ဖူးတဲ့ နေရာဟောင်းမှာတောင် မင်းကို ကိုယ်ရှာမတွေ့နိုင်တော့ပါလား သူငယ်ချင်းရယ်၊ ခုချိန်မှာ ကိုယ်သိနေတာက ကိုယ်ထိခိုက် ဝမ်းနည်းနေမိတယ်ဆိုတာပါပဲ၊ မင်းလည်း ကိုယ့်လို ရှိ ကောင်း ရှိလိမ့်မယ်။ ကိုယ်တို့ဟာ ကိုယ်ကပေးလိုက်ဖို့ သိပ်ဂရုမစိုက်နိုင် ခဲ့ကြပေမဲ့ သူ့ဆီက ကိုယ်မရတော့ဘူး ဆိုတာ သိရတဲ့အခါမှာတော့ ထို ခိုက်တတ်ကြမြဲ မဟုတ်လား။ ကိုယ်တို့ဘဝတွေကလည်း သိပ်ကို ခြားနား သွားကြပြီလေ၊ ဘဝချင်းမတူတော့ ခံစားချက်ချင်း၊ အတွေး အမြင်ချင်း၊



www.burmeseclassic.com

စိတ်ဝင်စားမှုချင်းလည်း မတူနိုင်ကြတော့ဘူး သူငယ်ချင်း၊ အဆိုးဆုံးကတော့ ကိုယ်တို့ရဲ့ အတ္တမာနတွေက ကိုယ်တို့ ထားခဲ့ကြဖူးတဲ့ အချစ်တွေထက် အင်အားကြီးမားနေကြတာပါပဲ။ ဒီမာနတွေကို ရိုက်ချိုးပစ်လိုက်ကြဖို့ ကလည်း မလွယ်လှပါဘူးလေ။

"ဒီတော့ တစ်ယောက်ရဲ့ တိုးတက် အောင်မြင်မှုတွေကို တစ်ယောက်က ဝမ်းမြောက်ဝမ်းသာ အသိအမှတ် မပြုနိုင်သေးသမျှ တစ်ယောက်စိတ်ကို ထိခိုက်စေမယ့်စကားမျိုးတွေကို တစ်ယောက်က ရွေးပြော နေချင်သေးသမျှ၊ တစ်ယောက်ပြုမိ၊ ပြောမိ မှားတာကို တစ်ယောက်က တေးမှတ် နာကြည်းတတ်နေသမျှ၊ နှစ်ယောက်လုံးရဲ့ စိတ်မှာ သူ့ထက်ငါ သာခဲ့ဖူးတယ်၊ ငါက အခု ပိုသာနေတယ် ဆိုတာတွေ မေ့မပစ်နိုင်သေးသမျှ၊ ကိုယ်တို့ ခွဲခွာနေကြပါစို့ရဲ့။

"အခုအခါ ကိုယ့်မျက်စိကို မှိတ်၊ မင်းမျက်နှာကို မြင်ယောင်ကြည့်တဲ့အခါ ဟိုး ကိုယ်တို့ ကျောင်းအတူတက်ခဲ့ကြစဉ်က ပါးချိုင့်ကလေး ပေါ်အောင် ပြုံးတတ်တဲ့ မင်းမျက်နှာကလေး ပြန်ပေါ်လာနိုင်ပါသေးတယ်၊ မင်းမျက်စိကို မှိတ်၊ ကိုယ့်ရုပ်ကို မင်း မြင်ယောင်ကြည့်လိုက်ရင်ကော ကိုယ့်မျက်နှာ ပေါ်လာနိုင်ပါသေးရဲ့လား၊ မင်းပေးခဲ့ဖူးတဲ့ အချစ်တွေ၊ ကိုယ့်အပေါ် ပြုခဲ့ဖူးတဲ့ ကျေးဇူးတွေကို တစ်စမကျန်အောင် ကိုယ် ပြန်သတိရကြည့်ပါဦးမယ်၊ ဘယ်တော့မှ ပြန်မဆုံနိုင်တော့တဲ့ ခွဲခွာခြင်းမျိုး မဟုတ်သေးတဲ့ အတွက်တော့ ဝမ်းသာရပါတယ်၊ အချစ်သစ် မဟုတ်တဲ့ ငယ်နုစဉ်က ကိုယ်တို့ ပွားခဲ့ကြဖူးတဲ့ အချစ်ဟောင်း ဖြူဖြူစင်စင်နဲ့ပဲ ကိုယ်တို့ ပြန်ဆုံနိုင်ကြမယ့်အချိန်ကို"

*

လက်ခုပ်သံများပေါ်လာသည်။ ဆရာကြီးက ပြောင်းရွှေ့ဆရာတစ်ဦးချင်းဆီသို့ စက္ကူထုပ်ကလေးများ ကမ်းပေးနေသည်။ ခွဲခွာသွားကြမည့်



www.burmeseclassic.com

သူများအတွက် ကျန်ရစ်ခဲ့သူတို့၏ အမှတ်တရ လက်ဆောင်ပင်တည်း။ မကြာမီသူတို့ ကိုးယောက်သည် မိတ်ဟောင်းတို့အား ကျောခိုင်းကာ မိတ်သစ်များရှိရာသို့ ရွေးရှူသွားကြပေတော့မည်။ ခွဲခွာခြင်း၏နောက်၌ ဆုံစည်းခြင်း စပေမည်။

'မိတ်သစ်ဖွဲ့၊ မိတ်ဟောင်းကိုမြဲ၊ မိတ်သစ်ကငွေ၊ မိတ်ဟောင်းကရွှေ'

ငယ်စဉ်ကျောင်းတုန်းက ဆိုခဲ့ရဖူးသော သီချင်း ကလေးတစ်ပုဒ်ကို သူ သတိရနေမိသည်။ ရွှေသည် ငွေထက် အဖိုးထိုက်တန်ပေသည်။ အချို့ငွေများမှာလည်း ကြာလျှင် ရွှေဖြစ်လာကြပေလိမ့်မည်။ ရွှေဖြစ်ပြီးသားထဲက တချို့ကြေးဘဝသို့ ဓာတ်ပြောင်းသွားကြတာမျိုးလည်း ရှိချင်ရှိပေလိမ့်မည်။ ကြေးရောနေသော ရွှေကို နှမြောတသစွာ ပြန်သန့်စင်ပစ်ချင်ပါသည်ဆိုသော် မူလအလေးချိန်ထက် လျော့နည်းသွားတော့မည်လား။ ရွှေရည်ပြန်စိမ်လျှင်တော့ 'ရွှေရည်စိမ်ကြေး'ကြီးသာ ဖြစ်နေတော့မည်လေ။

ကြေးက ရွှေပြန်ဖြစ်နိုင် မဖြစ်နိုင် မသေချာလှသော်လည်း သူတို့မှာ အသက်ကြီးလာလေ ခွဲခွာခြင်း၊ ဆုံစည်းခြင်းတွေအတွက် အရေထူလာလေ ဖြစ်လာမည်ကား သေချာလှသော သစ္စာတရား တစ်ခုပါပေ။

[ဟန်သစ်၊ ဇွန် ၁၉၉၁]

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးခဲ့သူ

ကျွန်မတို့ ဆွေမျိုးအသိုက်အဝန်းတွင် ထူးခြားလှစွာပင် နှလုံး ရောဂါရှင် တစ်ဦးမျှ မရှိခဲ့ဖူးပါချေ။ ထိုအချက်ကို ကျွန်မ ငယ်စဉ်က အလုပ်မရှိ အလုပ်ရှာကာ ဂုဏ်ယူတတ်၍ သူငယ်ချင်းများကြားမှာ ကြွားလုံးထုတ်ခဲ့ဖူးပေရာ ပြောမနာ ဆိုမနာ သူငယ်ချင်းတစ်ဦးက

‘နင်တို့အမျိုးမှာ ချစ်တတ်ခင်တတ်တဲ့ အသည်းနှလုံးပါမလာလို့ပဲ ဖြစ်ရမယ်၊ ဥပမာ နင့်ကြည့်ပါလား’ဟု ခင်မင်သူတို့ ထုံးစံအတိုင်း ပယ်ပယ်နယ်နယ် တွယ်ခဲ့ပါသည်။

‘နှလုံးရောဂါဆိုတာ အင်မတန် ချစ်တတ်၊ ခင်တတ် အစွဲအလမ်းကြီးမားတတ်သူတွေမှာမှ ဖြစ်တတ်တဲ့ ရောဂါမျိုးပဲ’ဟု သူက ဆက်လိုက်ပါသေးသည်။ ဘယ်ရုပ်ရှင်က မှီးလိုက်သည် မသိပါ။

ကျွန်မကမူ သူဖြူလျှင် ကိုယ်မည်းနေကျ၊ လူငယ်တို့ ဘာဝအတိုင်း သူ့ အယူအဆကို လုံးဝတော်လှန်ကာ ငြင်းခုံခဲ့ပါသည်။

‘အချစ်ကြောင့် လူတွေ နှလုံးရောဂါရကြမယ်ဆိုရင် တစ်လောကလုံးနီးပါး နှလုံးရောဂါသည်တွေ ဖြစ်ကုန်မှာပေါ့ဟ၊ နှလုံးရောဂါဆိုတာ မွေးရာပါ ဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ ကြီးလာမှ စည်းစိမ်တွယ်စပြီး



www.burmeseclassic.com

အဆီအဆိမ့်တွေ အစားများလွန်းလို့ ဖြစ်ကြရတာ၊ ဥပမာ နင့်လိုပုံမျိုးပေါ့ဟာ’

လူငယ်တို့ဘာဝ စကားနိုင်လုကာ ငြင်းခုံခဲ့ကြရာဝယ် ထိုစဉ်က ကျွန်မတို့အရွယ် အသိနှင့် လှမ်းမမီနိုင်သော အကြောင်းတရားတချို့ကို သူကော ကျွန်မပါ မတွေးဆနိုင်ခဲ့ကြပေ။

ယခုအခါ ‘သောကနှင့် နောင်တ’ ကြောင့်လည်း နှလုံးရောဂါရနိုင်သေးသည်ကို ထိုသူငယ်ချင်းနှင့် တွေ့လျှင် သက်သေအထောက်အထားနှင့်တကွ ကျွန်မ ငြင်းဆိုနိုင်ခဲ့ပါပြီ။ ပြီးတော့ ကျွန်မတို့ဆွေမျိုးအသိုက်အအုံတွင်းမှာလည်း နှလုံးရောဂါရှင်တစ်ဦး ပေါ်ထွက်ခဲ့ပြီလေ။

*

အစ်ကိုလေးတစ်ယောက် ဆေးရုံတင်ထားရသည်ဟု သတင်းကြားလျှင် ကြားချင်းပင် ရန်ကုန်ဆေးရုံကြီးသို့ ကျွန်မ အပြေးအလွှား ရောက်သွားခဲ့ပါသည်။ နှလုံးရောဂါဆောင်၏ သန့်ရှင်းသပ်ရပ်သော အခန်းကျယ်တစ်ခုထဲမှာ အစ်ကိုလေးကို အားအင်ဖျော့တော့စွာ တွေ့ခဲ့ရပါ၏။ အစဉ်တောင့်တင်းသန်မာ ဖြတ်လတ်စွာ လှုပ်ရှားသွားလာနေတတ်သော အစ်ကိုလေး၏ ပင်ကိုရုပ်သွင်နှင့် တခြားစီဖြစ်လို့နေသည်။ အခန်းတွင်းသို့ ကျွန်မ ဝင်လာသည်ကိုတွေ့သောအခါ အစ်ကိုလေးခမျာ ဝမ်းအသာကြီးသာသွားရှာပါသည်။ ရုပ်အတော်ကျသွားသော အစ်ကိုလေးကို ကြည့်ကာ ကျွန်မရင်တွင်း ဆို့နင့် နာကျင်ခဲ့ရပါသည်။

ဩော်… ခုတော့ နှလုံးရောဂါတောင် ရခဲ့ပါပေါ့လား အစ်ကိုလေးရယ်ဟု ရင်တွင်းကပဲ ကြေကြေကွဲကွဲ အသံမဲ့ ညည်းညူခဲ့ရပါသည်။ သားချင်းများကို ချစ်တတ်သော အစ်ကိုလေး။ သားချင်းများကလည်း ချစ်ကြသော အစ်ကိုလေး၏ဘေးမှာ ဆွေမျိုး အစုံအလင် ဝန်းရံလို့ပင်။ အစ်ကိုလေးမှာ နှလုံးသွေးကြောကျဉ်းရောဂါ ရလာသည်နှင့် ခွဲစိတ်ကုသ



www.burmeseclassic.com

ထားရသည်မှာ တစ်ပတ်မျှ ကြာခဲ့ပြီတဲ့။ ခွဲစိတ်ပြီးစက အခြေအနေကောင်းသော်လည်း အခုတစ်ရက် နှစ်ရက်အတွင်း အဖျားပြန်ဝင်လာသည်တဲ့။

အစ်ကိုကြီး မိန်းမ မမတင့်က အစ်ကိုလေး၏ ရောဂါအခြေအနေ အကြောင်းရှင်းပြနေစဉ် အစ်ကိုလေးက စကားဝင်ပြောဖို့ ကြိုးစားလေသည်။

'နေ ... နေ၊ အစ်ကိုလေး စကားမပြောနဲ့ဦး'

ကျွန်မက စိုးရိမ်တကြီး ဝင်တားတော့ အစ်ကိုလေးက ပြုံးပြကာ 'ရပါတယ်အေ'ဟု အလွန်တိုးညင်းစွာ ပြောရှာလေသည်။

'တို့ မောင်နှမ မတွေ့ကြရတာ ကြာလှပြီပဲ'တဲ့။

'ညည်းနဲ့ ရန်မဖြစ်ရတာလည်း ကြာလှပြီပဲ'တဲ့။

အစ်ကိုလေး၏ မျက်လုံးတွေထဲမှာ အတိတ်ကာလကို လွမ်းဆွတ်ကြည်နူးစွာ တသလိုဟန်တွေ ပေါ်လွင်နေသည်။ ကျွန်မလည်း ဝမ်းနည်းကြည်နူးစွာပင် ပြုံးမိသွားလေသည်။

ဩော်... ငယ်စဉ်ကပင် ဝမ်းကွဲအစ်ကိုတွေထဲမှာ အစ်ကိုလေးကိုသာ ကျွန်မ အားအကျဆုံး၊ အထင်အကြီးဆုံး ဖြစ်ခဲ့ရဖူးသည်။ သူကလည်း နှမတွေထဲ ကျွန်မကို အရေးပေး သဘောအကျဆုံးပင်။

'ညည်းက ထက်တယ်ဆိုတာထက် စွာတယ်ဆိုရင် ပိုမှန်မယ်၊ သူတစ်ပါးလည်း ခွင့်လွှတ်လိုစိတ် တယ်နည်းတာပဲ၊ စိတ်ရင်းကတော့ ဖြောင့်ပါရဲ့ တူရာသီဖွားဆိုတော့ ရာသီခွင်က 'ချိန်ခွင်' ရုပ် မဟုတ်လား၊ နည်းနည်းကလေးမှ အတိမ်းအစောင်း မခံတတ်ဘူး၊ အဲဒါ အခက်ဆုံးပေါ့၊ အင်း... ညည်းတော့ အပျိုကြီးပဲ ဖြစ်မှာပါပဲအေ'

ကျွန်မ မခံချင်အောင် ပြောတတ်မြဲဖြစ်သော အစ်ကိုလေး၏ စကားကို ကျွန်မ အမြဲ မှတ်မိနေပါသည်။

'ခွင့်လွှတ်တယ်ဆိုတာ အတိုင်းအတာ တစ်ခုထိပဲ ရှိသင့်တယ်'ဟု ကျွန်မကလည်း ပြန်ချေပတတ်ခဲ့ပါသည်။

www.burmeseclassic.com

'အမှားများတဲ့ လူတွေရဲ့ လက်သုံးစကားကတော့ ခွင့်လွှတ်ခြင်းပဲ ပေါ့လေ'ဟုလည်း ခပ်ထေ့ထေ့ပြောကာ ရန်ပွဲဆက်ခဲ့ပါသေးသည်။

အခုအခါမှာတော့ ဟိုစဉ်ကလို အစ်ကိုလေးနှင့် စကားစစ်ထိုးပွဲ မဆင်နွှဲလိုတော့ပါပြီ။ အစ်ကိုလေးသည် ကျွန်မ ရန်တွေ့ခဲ့ဖူးသလို အမှားများလွန်းခဲ့သူတော့ မဟုတ်ပါ။ သူ့ဘဝမှာ တစ်ခုတည်းသော အမှားကိုသာ ပြုခဲ့မိသူပင်။ ထိုအမှားတစ်ချက်ကြောင့်ပင် သူ့အပေါ်ထား ရှိခဲ့သော ကျွန်မ၏ လေးစား အထင်ကြီးမှုတွေ လျော့ပါးခဲ့ရဖူးပြီ။ သို့ ပေမဲ့ အစ်ကိုလေးကို ယခုတိုင် ကျွန်မ ချစ်ခင်နေမြဲ ဖြစ်ပါသည်။

ထိုနေ့က ကျွန်မတို့သည် အစ်ကိုလေး၏ ရောဂါအကြောင်းနှင့် မဆိုင်သော စကားများကိုသာ ရွေးချယ်ပြောဖြစ်ခဲ့ကြသည်။ အစ်ကိုလေး ကိုယ်တိုင်ကပင် သူ့ရောဂါအကြောင်း ပြန်ပြောင်း ပြောပြချင်ပုံ မပေါ်ပေ။

ကျွန်မနှင့် စကားပြောနေရသည်ကိုတော့ အစ်ကိုလေး စိတ်ချမ်း မြေ့ပုံရသည်။ အများဆုံးပြောဖြစ်ကြသည်မှာတော့ ကျွန်မတို့ ငယ်စဉ်က အကြောင်းများပင်။ ကျွန်မတို့ ခြံကျယ်ကြီးအတွင်း ဆော့ကစားခဲ့ပုံများ အကြောင်း၊ သီတင်းကျွတ် မီးထွန်းပွဲတော်ချိန်တွင် လျှောက်လည်ကြသည့် အကြောင်းများ ကျွန်မကသာ ဒိုင်ခံ အပြောသမား လုပ်ခဲ့ရသည်။ အစ် ကိုလေးကို ပျော်ရွှင်ချမ်းမြေ့စေမည့် ငယ်ဘဝကာလ အပိုင်းအစများကို တမင်ပင် ရွေးချယ်ပြောခဲ့ရပေသည်။ ကျွန်မ ပြောနေသမျှကို တပြုံးပြုံးနှင့် နားထောင်နေရာမှ တစ်ခါတွင် အစ်ကိုလေး၏ စိတ်အတွေးတို့သည် လွင့်ပျံသွားကာ

'မေမေ့ကို သတိရလိုက်တာဟယ်'ဟု ကောက်ကာ ငင်ကာ ပြော လေသည်။ ပြီးလျှင် သူ့မျက်လုံးများ ဆွေးမြည့်သွားပြန်ကာ

'မေမေဆုံးရတာ အစ်ကိုလေး ပယောဂမှ ကင်းရဲ့လားလို့ ခဏ ခဏ တွေးမိတယ်'ဟု ပြောရှာပြန်သည်။

'ဟာ... အစ်ကိုလေးကလည်း ဒေါ်ဒေါ်မေ နာတာရှည်ဖြစ်နေခဲ့



www.burmeseclassic.com

တာ အစ်ကိုလေး ငယ်ငယ်လေး ကတည်းကဥစ္စာ၊ ဥပါဒန် မဖြစ်ပါနဲ့ အစ်ကိုလေးရာ'

အားပေးစကား သက်သက်ဟုသာ အစ်ကိုလေး ထင်ခဲ့လိမ့်မည်။ အမှန်တော့ ကျွန်မစိတ်တွင်းကလည်း အစ်ကိုလေး၏ သံသယကို ထောက်ခံနေမိပေသည်။

အစ်ကိုလေး၏ မျက်လုံးများမှာမူ မှုန်ငေးရီဝေနေဆဲ ဖြစ်လေသည်။ မကျန်းမမာ ဖြစ်တော့မှ မိခင်ကို ပိုမို သတိရတမ်းတနေသည်က ထင်ရှားလှပါသည်။ သို့သော်အစ်ကိုလေး၏ တမ်းတပုံမှာ နောင်တတရား ရောပါနေပုံမျိုးမို့ ကြေကွဲစရာလည်း ကောင်းနေပါသည်။ ကျွန်မ၏ စိတ်အတွေးအတွင်းမှာမူ သားလှလိမ္မာဖြစ်ခဲ့ဖူးသော အစ်ကိုလေး၏ ငယ်ဘဝအကြောင်းများကို တရေးရေး မြင်ယောင်လို့လာပါသည်။

*

သားချည်း သုံးယောက်တိတိ မွေးထားသော ဒေါ်ဒေါ်မေ၏ ကုသိုလ်ထူးပုံမှာ တစ်မျိုးတစ်ဘာသာပင် ဖြစ်သည်။ အငယ်ဆုံးသား အစ်ကိုလေးကို မွေးအပြီးမှာ မီးယပ်သွေးဆုံးလိုလို၊ နှလုံးရောဂါလိုလို၊ ပန်းနာလိုလိုနှင့် ဒေါ်ဒေါ်မေမှာ ရောဂါတွေ ထွေပြားလာခဲ့သည်။

အစ်ကိုလေးတို့အိမ်သို့ ရောက်တိုင်း ဒေါ်ဒေါ်မေကို တွေ့လိုလျှင် သူ့အိပ်ခန်းတွင်းသို့သာ တန်းဝင်သွားရမြဲပင်။ ကနုတ်ပန်း ခံ့ညားလှသော နှစ်ယောက်အိပ် ကျွန်းခုတင်ကြီးပေါ်မှာ မှီခေါင်းအုံး၊ ဆင့်ခေါင်းအုံး၊ ခွခေါင်းအုံး အထပ်ထပ်နှင့် လဲလျောင်း၍ နေသော်လည်းကောင်း၊ တစ်ဝက်မှီ တစ်ဝက်လှဲ အနေအထားနှင့်သော် လည်းကောင်း၊ ရှုဆေးဘူး ရှုလျက်၊ မှိန်းငိုက်နေသော ဒေါ်ဒေါ်မေကိုလည်းကောင်း ဘယ်အခါမဆို တွေ့ရမြဲပင်။ သူ့ဆီ အရေးတယူ လူမမာမေးလာသည်ကိုလည်း ဒေါ်ဒေါ်မေက သဘောကျတတ်သည်။ သို့သော် ပြောပေါက်ကတော့ ဘယ်တော့မှ



www.burmeseclassic.com

မချော။

'လူမမာဆီလာတာ လက်ချည်းလာရသလားအေ့'

သူကျေနပ်အောင် တစ်ခါတစ်ရံ လိမ္မော်သီးကလေး စပျစ်သီးလေး ကိုင်သွားလျှင်တော့၊ သူ့အနား ခေါ်ထားကာ ဆွေတော်ရစ်သောင်း မျိုးတော်ပေါင်းတို့အကြောင်း ပြောမဆုံးလေပြီ။ ထိုအခါမျိုးတွင်မူ ဒေါ်ဒေါ်မေကို မောလျက်မတွေ့ရတတ်ပြန်ပေ။

ဒေါ်ဒေါ်မေမှာ ထူးခြားသော စွမ်းရည်တွေ ရှိနေသည်ကတော့ အမှန်ပင် ဖြစ်သည်။ အိပ်ရာပေါ်ကပင် ခင်ပွန်းလင်နှင့် သားသုံးယောက်ကို အကွက်စေ့အောင် ပါးစပ်တစ်ပေါက်နှင့် စီမံခန့်ခွဲသွားနိုင်သော စွမ်းရည်ကမူ အထူးခြားဆုံးပဲ ဖြစ်သည်။ အစ်ကိုလေးတို့ ဖခင်၊ ဒေါ်ဒေါ်မေ့ခင်ပွန်းမှာ ရုံးအုပ်ကြီးဟူသော ဂုဏ်ပုဒ်နှင့် မည်သို့မျှ မလျော်ညီစွာ၊ ဈေးခြင်းတောင်းဆွဲ၍ နေ့စဉ်ပင် ဈေးဝယ်ထွက်ရရှာ၏။ ဈေးမှ ပြန်ရောက်လျှင် သား ၃ ယောက် အကူအညီနှင့် ချက်ပြုတ်၊ ဖွပ်လျှော်ပြီးမှ ရုံးတက်နိုင်သည်။ ရုံးဆင်းပြန်လျှင်လည်း အိမ်အလုပ်တွေက သူ့ကို ဆီးကြိုနေပြန်သည်။

လူမမာပြုစုရသော တာဝန်၊ သားများ၏ ပညာရေးတာဝန်၊ ရပ်ရေးရွာရေး တာဝန်များကို ပခုံးတစ်ဖက်တည်းနှင့် ထမ်းနေရရှာသူမို့ခါးများပင် ကိုင်းညွတ်နေရှာသည်။ သားအကြီးနှစ်ယောက် ခိုင်းလောက်စေလောက် အရွယ်ရောက်တော့မှသာ ခမျာမှာ သက်သာခွင့်ရတော့သည်။

သို့သော် သိပ်မကြာခင်မှာပင် ကွယ်လွန်ရှာလေသည်။

ကျန်းကျန်းမာမာ အကောင်းပကတိကပင် လေတစ်ဆို့နှင့် ဖျတ်ခနဲ ဆုံးရခြင်းဖြစ်သည်။ ပြုံးပြုံး ပြုံးပြုံးနှင့် သဘောကောင်း မနောကောင်း ဦးလေးသောင်းကိုတော့ ထိုမျှလောက်သာ ကျွန်မ မှတ်မိနိုင်ပါသည်။ ဦးလေးသောင်း ဆုံးစဉ်က ကျွန်မ မူလတန်းပင်မအောင်သေးပါ။ အစ်ကိုလေးကတော့ ရှစ်တန်းနှစ်လား၊ ကိုးတန်းနှစ်လားမသိ။ လူပျိုပေါက်အရွယ်

www.burmeseclassic.com

ရောက်နေခဲ့ပါပြီ။

ဖခင်ဆုံးပါးသွားသောအခါ ယခင် ဖခင်ရှိစဉ်က ယူခဲ့သော တာဝန်များကို သား ၃ ယောက်က ခွဲဝေယူရပြန်သည်။ သနားစရာအကောင်းဆုံးကတော့ အစ်ကိုကြီးပဲဖြစ်သည်။ သူက ဆယ်တန်းကို သုံးခါမြောက်ဖြေဆိုကျရှုံးခဲ့သူသာ ဖြစ်သဖြင့် ဒေါ်ဒေါ်မေက ကျောင်းဆက်မထားတော့ပေ။ ဖခင်လုပ်ခဲ့သောရုံးမှာ အောက်တန်းစာရေး တစ်နေရာရအောင်တော့ မိတ်ဆွေများ၏ အကူအညီနှင့် ဒေါ်ဒေါ်မေက လုပ်ပေးနိုင်ခဲ့သည်။ ထိုအခါ အစ်ကိုကြီးသည် ရုံးစာရေးတာဝန်အပြင် လစ်ဟာသွားသော ဖခင်၏ အိမ်မှုတာဝန် အများစုကိုပါ အမွေဆက်ခံရသူ ဖြစ်လာခဲ့ရှာပါသည်။

အစ်ကိုလတ်ကတော့ ဉာဏ်ကောင်းပေသည်။ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်နိုင်ခဲ့တော့ ဒေါ်ဒေါ်မေက တက္ကသိုလ်သို့ ဆက်ပို့ခဲ့ပါသည်။ မိသားစု၏ စီးပွားရေးအခြေအနေမှာမူ ဦးလေးသောင်း ဆုံးပါးပြီးမှ တဖြည်းဖြည်း ယိမ်းယိုင်လာခဲ့ရာ အစ်ကိုလေး တက္ကသိုက်ရောက်ချိန်တွင် ဒေါ်ဒေါ်မေတို့မှာ ဟန်ပဲ ရှိတော့သည်။ သည်ကြားထဲ သား ၃ ဦးတွင် ရုပ်အချောဆုံးဖြစ်သော အစ်ကိုလတ်သည် ပညာတစ်ပိုင်းတစ်စနှင့် အိမ်ထောင်ပြုသွားပြန်သောအခါ ဒေါ်ဒေါ်မေခမျာမှာ သားထွေးအစ်ကိုလေး တစ်ယောက်တည်းပေါ်မှာသာ မျှော်လင့်ချက်တွေ ပုံအောခဲ့ရရှာတော့သည်။

အစ်ကိုလေးသည် မိခင်အတွက် သားကောင်း၊ အစ်ကိုတွေအတွက် ညီကောင်းဖြစ်ခဲ့ဖူးပါ၏။ ပညာကလည်း ချွန်လှပေရာ ဟိုခေတ်က ဘီအက်စီ အင်ဂျင်နီယာဘွဲ့ကို ရခဲ့နိုင်ပါသည်။ ခေတ်ကောင်းကို မီလိုက်သေးသူမို့ အလုပ်အကိုင်ကောင်းကောင်းကိုလည်း ရခဲ့နိုင်ပါသည်။ ဒေါ်ဒေါ်မေခမျာမှာ သည်သားကျမှ သူ့စိတ်တိုင်းကျ ပုံစံမျိုးကို ရတော့သည်ဖြစ်ရာ၊ စိတ်အင်အား တိုးလာမှုကြောင့် ကျန်းမာရေးပင် သိသိသာသာ ကောင်းလာခဲ့၏။ ယခင်ကလို အိပ်ရာထက် ခေါင်းအုံးပုံများပေါ်မှ

www.burmeseclassic.com

ဒေါ်ဒေါ်မေ မဟုတ်တော့ဘဲ အိမ်ပြင်ဘက်သို့ပင် အနည်းအပါး ထွက်လာနိုင်သည့် လူကောင်းတစ်ပိုင်း ဖြစ်လို့လာသည်။ ထိုအချိန် အစ်ကိုကြီးသည်လည်း ဒေါ်ဒေါ်မေကိုယ်တိုင် ရှာဖွေပေးစားသော မိန်းမဖြစ်သည့် မမတင့်နှင့် အိမ်ထောင်ကျခဲ့ပြီ။

‘ဒီတစ်ခါတော့ ငါ့အလှည့်ပဲ’ဟု အစ်ကိုလေးက နောက်သလိုလိုနှင့် အတည်ပြောပါသည်။ သူ့အမေက သူ့အတွက်လည်း ရှာဖွေပေးလိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့ပုံလည်း ရပါသည်၊ သို့သော် သူထင်သလို ဖြစ်မလာပါ။ ဒေါ်ဒေါ်မေသည် သားထွေးအလှည့်မှာတော့ အလျင်စလို ဖုတ်ပူမီးတိုက် ချွေးမရှာခြင်းမျိုး မလုပ်တော့ပါပေ။ သူ့မှာ ချွေးမနှစ်ယောက် ရှိပြီးပြီမို့ တော်လောက်ပြီဟူ၍ပဲ ယူဆလေသလား၊ သားထွေးမို့ သူ့မျက်စိထဲမှာ ကလေးလိုပင် မြင်နေသလား၊ သားနှင့် ထိုက်တန်သူကိုပင် ရှာမတွေ့သေးသည်လား၊ သား ရှာဖွေပေးသမျှကို ‘ဒေါ်ငွေသိမ်း’ လုပ်ကာ ကိုယ့်လက်ကိုယ့်ခြေ၊ ပိုင်စိုးနေချင်လို့ပဲလား၊ အကြောင်းရင်းမှန်ကိုတော့ သူမှပဲ သိတော့မည်။

သည်လိုနှင့် အစ်ကိုလေးသည် လူပျိုသိုးကြီး ဖြစ်မှန်းမသိ ဖြစ်လို့လာသည်။ ကျွန်မကတော့ ထုံးစံအတိုင်း အစ်ကိုလေးကို မြှောက်ပေးခဲ့မြဲပင်။

‘အစ်ကိုလေးတို့များ အဖြစ်ကိုမရှိဘူး၊ မိန်းမတစ်ယောက်ရဖို့ အမေ့ အားကိုးနေရသေးလား၊ ကိုယ့်ဘာသာကိုယ် ရှာပါလား’

‘မေမေနဲ့ တည့်မယ့်မိန်းမကို ငါမရှာတတ်လို့ပေါ့ဟာ၊ လှတာ၊ ချောတာလေးပဲ ကြည့်ရွေးရင်တော့ ပြည့်လို့ပေါ့’

အစ်ကိုလေးပြောသည်မှာ မှန်ပါသည်။ ရုပ်အချောကြီးမဟုတ်ပေမဲ့ ထောင်ထောင်မောင်းမောင်း ယောကျ်ားပီသသော သူ့ဟန်ပန်၊ သူ့ပညာ၊ ရာထူးတွေကြောင့် အစ်ကိုလေးကို ကြိုက်နိုင်သည့်မိန်းမ များခဲ့ပါ။ ဝိုင်းဝိုင်းလည်သင့်သလောက် လည်ခဲ့ပါသည်။ သားလိမ္မာ အစ်ကို



www.burmeseclassic.com

လေး၏ မိခင်အပေါ် ဦးစားပေးခဲ့လွန်းမှုကြောင့်သာ မစွံနိုင် ဖြစ်ခဲ့ရပါသည်၊

'တစ်သက်လုံး ဒီလိုပဲ လူပျိုကြီး လုပ်သွားနိုင်ရင်လည်း ကောင်းတာပါပဲ အစ်ကိုလေးရာ'ဟု သူ စိတ်သက်သာရာရအောင် ကျွန်မက အားပေးသောအခါတွင်မူ အစ်ကိုလေးက မချိပြုံး ပြုံးပြတတ်ပါသည်။

သည်လိုနှင့် ကျွန်မပင် တက္ကသိုလ်မှ ဘွဲ့ရ၊ အလုပ်အကိုင်နှင့် ဖြစ်လာချိန်အထိ အစ်ကိုလေးမစွံနိုင်သေး၊ အသက် ၃၀ ကျော်ခဲ့ပြီ။ ကျွန်မ အလုပ်ဝင်ပြီးနောက်ပိုင်းတွင်မူ အစ်ကိုလေးနှင့် သိပ်မတွေ့ဖြစ်ကြတော့ပေ။ အစ်ကိုလေးလည်း နယ်သို့ အလုပ်နှင့် ရောက်လိုက်၊ ရန်ကုန် ပြန်ရောက်လိုက်နှင့် ဆွေမျိုးတွေ၏ သာရေး၊ နာရေးအကြောင်းကိစ္စရှိမှ တစ်ခါတစ်ရံ လောက်သာ တွေ့တော့သည်။ သည်ကြားထဲ အစ်ကိုလေးက နိုင်ငံခြားသို့ လုပ်ငန်းခွင်မှ မကြာခဏ သွားရောက်ရသေးသည်။

သူ နိုင်ငံခြားပြန် အရာရှိဖြစ်ပြီးမှ ကြားရသော သတင်းများကတော့ ထူးခြားပြောင်းလဲလို့လာသည်။ ယစ်ရွှေရည်တမြမြနှင့် ဗိုက်ရွဲလာသည့် အကြောင်း၊ မိန်းမလှကလေးတွေနှင့် တစ်ယောက်ပြီး တစ်ယောက် တွဲနေသည့် အကြောင်းများဖြစ်ရာ၊ သတင်းကောင်းများဟူ၍ကား မဆိုသာပါပေ။ အင်း... အစ်ကိုလေးကတော့ မရဲဘဲနဲ့ ကျွဲပြဲစီးနေပြီ ထင်ရဲ့ဟု တွေးကာ ထိုအချိန်လောက်ကစပြီး အစ်ကိုလေးအပေါ် ကျွန်မစိတ်ပျက်စ ပြုလာပါသည်။ နောက်များမကြာမီ သူနှင့်ကျွန်မ တွေ့ကြတော့

'အစ်ကိုလေးနော် ကိုယ့်မလည်း နှမတွေနဲ့၊ အနေအထိုင် ဆင်ခြင်ဦးမှပေါ့၊ ကြိုက်တဲ့သူတွေ့ရင်လည်း ယူလိုက်တော့၊ အသက်တွေလည်း ၄၀ နားကပ်နေပြီ' ဟု မပြောစဖူး ကျွန်မပြောလိုက်သောအခါ သူ အံ့သြသွားသည်။ ပြီးတော့ ကျွန်မကို နည်းနည်းရှိန်သွားပုံရသည်။

'ညည်း ဘာတွေကြားလို့တုံး၊ အစ်ကိုလေး ဒီအတိုင်းနေတာပဲ'

'တော်စမ်းပါ အစ်ကိုလေးရာ၊ ရန်ကုန်မြို့ဆိုတာ ကျဉ်းကျဉ်းကလေးပါ၊ ကိုယ်တကယ်မယူနိုင်ဘဲနဲ့တော့ ဘာလို့ သူများသားသမီး



www.burmeseclassic.com

ကို အပျော်တွဲနေရမလဲ၊ ဒါ ယောက်ျားတို့ရဲ့ သိက္ခာမဟုတ်ဘူး အစ်ကိုလေးရဲ့’

‘မပူပါနဲ့အေ၊ အခု မေမေသဘောကျတဲ့ မိန်းမတစ်ယောက်ကို အစ်ကိုလေး ရှာတွေ့နိုင်ခဲ့ပါပြီ၊ ညည်းတောင် သိချင် သိနေမှာ၊ ညည်းတို့နဲ့ ကျောင်းချင်းကပ်လျက်ပဲ၊ အမှတ် (၁) ကျောင်းကလေး၊ အထက်တန်းပြ ဆရာမတစ်ယောက်ပဲ၊ နာမည်က ကေသီဖြူတဲ့’

အစ်ကိုလေးအတွက် များစွာ ဝမ်းသာသွားကာ နောက်တစ်နေ့တွင် အမှတ် (၁) ကျောင်းသို့ တကူးတက သွား၍ ကေသီဖြူကို ကျွန်မ ရှာကြည့်ခဲ့ရသည်။ ဆရာမ အပျိုကြီးတစ်ယောက်ပါပဲ။ ဣန္ဒြေသိက္ခာရှိရှိနှင့် တည်ငြိမ်သောအလှကို မြင်ခဲ့ရ၍ ကျွန်မ ကျေနပ်ခဲ့ရသည်။ အသက်ကတော့ အစ်ကိုလေးနှင့် မတိမ်းမယိမ်းလောက်ပဲ ရှိလိမ့်မည်။ အစ်ကိုလေးက တစ်နှစ်၊ နှစ်နှစ်ခန့်တော့ ကြီးမည်ထင်သည်။ ပြီးတော့ အစ်ကိုလေးက ပြောလိုက်သေးသည်။

‘ပိုက်ဆံရှိတယ်ဟ၊ ဆွေကြီးမျိုးကြီးတွေ’တဲ့လေ။

ကျွန်မကတော့ မမဖြူကို ‘စာဖတ်ဝါသနာအိုး’ဆိုတာ တစ်ခုတည်းနှင့် ကျေနပ်သွားလေသည်။ ပြီးတော့ မမဖြူက သဘောလည်းကောင်းပါတယ်။ စကားပြောဟန်ကလည်း ချိုချိုသာသာ သိမ်သိမ်မွေ့မွေ့ကလေး ဖြစ်သည်သာမက ပြေပြစ်ရည်မွန်လှသည်။ သူကိုယ်တိုင်က သင့်သလောက်သာပြော၍ သူတစ်ပါးပြောသည်ကို စိတ်ရှည်စွာ အလှည့်ပေးနားထောင်တတ်ပုံကိုလည်း၊ ကျွန်မက သဘောကျလိုက်သေးသည်။ သူ့မျက်လုံးက နူးညံ့ချိုရီနေပေမဲ့၊ အနည်းငယ်ကားသော မေးရိုးနှင့် တင်းတင်းစေ့ထားတတ်သော နှုတ်ခမ်းများကတော့ ပြတ်သားမည့်သူ၊ သူ့နည်းသူ့ဟန်နှင့် မာနထားမည့်သူဟု မှတ်ထင်ရသည်။

ကျွန်မကို အစ်ကိုလေး၏ နှမဝမ်းကွဲမှန်း သိသောအခါ အရေးပေါ်ယူ ပျူပျူငှာငှာ ရှိသေလို့မဆုံးပါ။ ရှေးရေစက်ကလည်းပါသည် ထင်ပါရဲ့။



www.burmeseclassic.com

သိကျွမ်းပြီး အချိန်ကာလ တိုတိုကလေးအတွင်းမှာပင် ကျွန်မတို့နှစ်ဦး လုံး၊ အပြန်အလှန် ခင်မင်ကျွမ်းဝင်သွားခဲ့ကြပါသည်။ နွေစာမေးပွဲရာသီများတွင် အစိုးရစစ်များ၌ ကျောင်းချင်း လူလဲစောင့်တတ်ကြရာ ကျွန်မတို့ကျောင်းမှ အမှတ် (၁) ကျောင်းသို့ သွားစောင့်ဖို့ ထိုနှစ်က လူရွေးသောအခါ ကျွန်မက ရှေ့ဆုံးမှ ဆန္ဒပြုလိုက်ပါတော့သည်။ ဟိုမှာ မမဖြူရှိသည်ဖြစ်ရာ သမီးယောက်မနှစ်ယောက် စကားလက်ဆုံ ကျချင်တာလည်း ပါသည်။ ပြီးတော့ မမဖြူထံမှ ထမင်းတွေ၊ မုန့်တွေကို ကပ်စားချင်တာလည်း ပါသည်။ ကျွန်မ ငယ်စဉ်က အစ်ကိုချောများ၏ မျက်နှာနှင့်ယောက်မလောင်းများက စေတနာထက်သန်စွာ ကျွေးကြသော မုန့်၏ အရသာကို အလွန်နှစ်ခြိုက်တတ်ခဲ့ပါသည်။ ထိုစဉ်က ချိုခဲ့သော မုန့်၏ အရသာမှာ နောင်တစ်ချိန်ချိန်တွင် ခါးကောင်း ခါးလာနိုင်လိမ့်မည်ဟု ကျွန်မ တွေးထင်မထားခဲ့ဖူးပေ။

ထိုနှစ်များက ကျွန်မနှင့် မမဖြူမှာ ဆွေမျိုးတော်ရချိန် နီးလာလေ ပိုခင်လာလေ ဖြစ်ခဲ့ပါသည်။ အစ်ကိုလေးမှာလည်း မမဖြူနှင့်ကျမှ အတော် တည်ငြိမ် ခြေငြိမ်သွားကာ လူကြီးလူကောင်းစုံတွဲပုံစံမျိုးကို တွေ့လာရပါသည်။ ဒေါ်ဒေါ်မေကတော့ သူ့ချွေးမလောင်းကို မျက်စိအောက်ကပင် အပျောက်မခံနိုင်တော့ပါ။ သူတို့၏ ရှေ့ရေး၊ နောက်ရေး၊ နေရေးထိုင်ရေးတွေကိုလည်း နှစ်ဖက် ညှိနှိုင်းပြေလည်ကြပြီးပြီဟု ဝမ်းမြောက်ဖွယ်သတင်းကောင်း ကြားရပါသည်။ အစ်ကိုလေး သည်တစ်ခေါက် နိုင်ငံခြားမှ ပြန်ရောက်လျှင် လက်ထပ်ကြဖို့ ရက်ကောင်း ရက်မြတ်များပင် လူကြီးများက ရွေးချယ် စိုင်းပြင်းနေကြပေပြီ။

ကျွန်မတို့လည်း ထုံးစံအတိုင်း အစ်ကိုလေး၏ မင်္ဂလာပွဲမှာ ရှိုးထုတ်ကြဖို့ လုံချည်၊ အင်္ကျီသစ်များ ချုပ်ကြရန် ညီအစ်မတစ်တွေ ခေါင်းချင်းရိုက်ကြရပါသည်။

သို့သော် မည်သူကမှ မျှော်လင့်မထားဘဲ အစ်ကိုလေး သွားလိမ့်မှာ



www.burmeseclassic.com

သည် ယောက်မမြင်းစီး ထွက်သွားလေတော့သည်။ နိုင်ငံခြားသို့ သွားခါနီးဆဲဆဲမှာပင် အစ်ကိုလေးသည် ဖြူနုံးဆို မိန်းကလေးတစ်ယောက်နှင့် ကောက်ကာ ငင်ကာ ရုံးတက်၍ လက်ထပ်လိုက်လေသည်။ အားလုံးပင် အံ့သြမဆုံး ဖြစ်ကြရသည်။

သည်လိုဖြစ်သွားလိမ့်မည်ဟု မည်သူမျှ အရိပ်အယောင် သတင်းအစ အနကလေးပင် မမြင် မကြားခဲ့ကြရပေ။ သားတွေ၏ ခြေလှမ်းကို ကြိုမြင်နေကျဖြစ်သော ဒေါ်ဒေါ်မေပင် အမိုက်မိသွားခဲ့သည်။ မိန်းကလေးမှာ အစ်ကိုလေးထက် အသက် ၁၅ နှစ်ခန့် ငယ်ပါသည်။ အသက် ၂၀ ကျော်ရုံမျှ ရှိဦးမည်။ ဘွဲ့ရအလုပ်လက်မဲ့ကလေး တစ်ဦးသာ ဖြစ်၍ ရုပ်ရည်မှာလည်း ပြောပလောက်အောင် ချောလှသည်မဟုတ်ပေ၊ ငယ်ဂုဏ်ကလေး တစ်ခုလွဲလျှင် အစစအရာရာ မမဖြူကို မယှဉ်သာသူပင်။

အစ်ကိုလေးနှင့် ထို မိန်းကလေးတွေ့ကြသည်မှာ တစ်လမျှပင် မကြာသေးဟု ထပ်မံသိရလေလျှင် ကျွန်မမှာ မှင်တက် အံ့သြ၍ မဆုံးပါပြီ။ တစ်လတာမျှ သိကျွမ်းခါစဖြစ်သော သူစိမ်းယောက်ျားတစ်ယောက်ကို ရအောင်ယူနိုင်သော အတတ်ပညာ ဆိုသည်မှာ ဘယ်လိုမျိုးပါလိမ့်ဟု အံ့သြရခြင်း ဖြစ်ပါသည်။ ထိုအတတ်ပညာမျိုးကို မိန်းကလေးတွေ တတ်ထားသင့်ကြပါသလား။ တတ်ထားသင့်တာပေါ့ဟု ဆိုမည့်သူ ဘယ်လောက်များများ တိုးပွားလာနေပြီလဲ။

ထိုအထဲမှာ မမဖြူတို့လို အပျိုကြီးများကတော့ မပါနိုင်တာ သေချာပါသည်။ တစ်ဖက် မိန်းကလေးကိုချည်း အပြစ်ပုံချနေသည်တော့ မဟုတ်ပါ။ ကျွန်မ အစ်ကို၏ အသုံးမကျမှုတွေကြောင့်လည်း အများကြီး ပါနေနိုင်ပါသည်။

ဘာပဲဖြစ်ဖြစ် အစ်ကိုလေး၏ သစ္စာဖောက်မှုကို မဆိုင်းမတွ လက်တုံ့ပြန်လိုက်သူများကတော့ အစ်ကိုလေး၏ မတော်လိုက်ရသော မရီးများပင် ဖြစ်ကြပါ၏။ သတင်းစာထဲ၌ အစ်ကိုလေး၏ လက်ထပ်



www.burmeseclassic.com

သတင်းပါလာသောနေ့မှာပင် မမဖြူ၏အစ်မ အရာရှိကတော် နှစ်ယောက်သည် ထဘီစွန်တောင်ဆွဲကာ အစ်ကိုလေးတို့အိမ်သို့ ကဆုန်စိုင်း ပေါက်ချလာပြီး အိမ်ထဲသို့ပင်မဝင်။ အိမ်ရှေ့ပေါက် တံခါးမကြီးရှေ့တွင်ရပ်ကာ အစ်ကိုလေးနာမည်ကို တပ်၊ ရှေ့ခုနစ်အိမ်၊ နောက် ခုနစ်အိမ်ကြားအောင် အော်ဟစ်၍ အတန်သား ပြောဆိုသွားခဲ့ကြသည်တဲ့။

ထိုအချိန်မှာ အစ်ကိုလေးကတော့ အိမ်တွင်း၌ ရှိမနေတော့ပါ။ သူလည်း ဒေါ်ဒေါ်မေကို ရင်မဆိုင်ရဲသဖြင့် ထိုမိန်းကလေးနှင့် ရုံးတက်လက်ထပ်ပြီးကတည်းက အိမ်သို့ပင် ပြန်မလာတော့ဘဲ သူငယ်ချင်းတစ်ယောက်၏ အိမ်တွင် ခိုလှုံနေခဲ့ပါသည်။ ထိုအခါ မမဖြူအစ်မများ၏ ပါးစပ်သေနတ် တိုက်ပွဲဒဏ်ကို ကျကျနန ခါးစည်းခံလိုက်ရသူမှာ သနားစရာ ဒေါ်ဒေါ်မေသာ ဖြစ်ခဲ့ပါတော့သည်။ မာနကြီးလှသော ဒေါ်ဒေါ်မေသည် ထိုအချိန်က အိပ်ရာထက်သို့ပင် ဗုန်းဗုန်းလဲကျ သွားခဲ့ပါသည်။ အသက်ပင် ပါသွားလေမလားဟု စိုးရိမ်ခဲ့ရသော်လည်းနာလန်ပြန်ထခဲ့ပါသည်။ သူ့စိတ်ကို တစ်ထစ်လျှော့၍ သားနှင့် ချွေးမကို ပြန်လက်ခံခဲ့ပြီး အစ်ကိုလေး နိုင်ငံခြားမသွားမီကလေးပင် မင်္ဂလာဧည့်ခံပွဲ လုပ်ပေးလိုက်ပါသေးသည်။ ဒေါ်ဒေါ်မေ့စိတ်ထဲမှာ ချွေးမကလေးငယ်ငယ်ကို သူ့စိတ်တိုင်းကျပုံ သွင်း၍ ယခင်လိုပင် သားနှင့်အတူ ဆက်နေလို့ ရနိုင်လိမ့်မည်ဟု တွက်ကာ တစ်ထစ်လျှော့ခဲ့လေသလား မသိပါ။

သို့သော် ဒေါ်ဒေါ်မေ မှန်းချေမကိုက်ခဲ့ပါ။

သူ့ချွေးမသည် ငယ်ပင် ငယ်သော်လည်း ပညာခန်းမသေးသူဖြစ်ကြောင်း ဧည့်ခံပွဲနေ့ကပင် ဒေါ်ဒေါ်မေ သိလိုက်နိုင်ခဲ့ပါတော့သည်။ ထိုနေ့က သူ့ချွေးမ သတို့သမီးသည် ဧည့်ပရိသတ်တို့ကို မောင်နှံစုံ ယှဉ်တွဲ၍ ဧည့်ခံရမည့်အစား လက်ဖွဲ့ လက်ခံရာ စားပွဲနားမှာသာ ပဝါတကားကားနှင့် ရစ်ဝဲနေလျက် လာသမျှ လက်ဖွဲ့ငွေများကို ကိုယ်တိုင်ယူကာ သူ့မိခင်လက်တွင်း ပြေးပြေး ထည့်နေလေသည်တဲ့။ သတို့သမီး၏ လှုပ်



www.burmeseclassic.com

ရှားမှုများကို မည်မျှ ကြည့်မဝ ရှုမဝ ဖြစ်သွားသည် မဆိုနိုင်။ ဒေါ်ဒေါ်မေသည် ဧည့်ခံပွဲပြီးအောင်ပင် မနေနိုင်တော့ဘဲ...

‘မျက်စိနောက်လာပြီဟေ့၊ ငါ့ကို အိမ်ပြန်ပို့ကြ’ဟု သူ့သားအကြီးကို ပြောကာ ဇွတ်ပင် ပြန်လာခဲ့သည်တဲ့။ ဆွေမျိုးများထံမှ ပြန်ကြားရသော သတင်းဖြစ်ပါသည်။ ထိုမင်္ဂလာဧည့်ခံပွဲကို သပိတ်မှောက်ကာ ကျွန်မ မသွားခဲ့သဖြင့် မျက်မြင်ကိုယ်တွေ့တော့ဖြင့် မရှိခဲ့ပါ။

အစ်ကိုလေးကတော့ မိခင်နှင့် မိန်းမအကြား ပြဿနာ မပွားအောင် ပညာသားပါစွာ သူ့အလုပ်ကို နယ်မြို့ကြီး တစ်မြို့သို့ တောင်း၍ ပြောင်းလိုက်ခြင်းဖြင့် ဖြေရှင်းခဲ့ပါသည်။ အလုပ်မရှိသော သူ့မိန်းမလည်း သျှောင်နောက် ဆံထုံးပါသွားခဲ့ပါသည်။ နယ်မှနေ၍ မိခင်ထံ လစဉ်မှန်မှန် ငွေပို့ပေးခဲ့ပါသည်။ သို့သော် ယခင်လို လခအကုန်တော့ မဟုတ်နိုင်တော့ပေ။

မကြာမီ ဒေါ်ဒေါ်မေလည်း အရင်က သူ့ပုံစံအတိုင်း ခေါင်းအုံပုံများပေါ်မှ ဒေါ်ဒေါ်မေ ပြန်ဖြစ်သွားခဲ့ရပါတော့သည်။ နောက်တစ်နှစ်ခန့်အကြာတွင် ဒေါ်ဒေါ်မေ ကွယ်လွန်ခဲ့ပါသည်။

*

ဒေါ်ဒေါ်မေ၏ အသုဘတွင် အစ်ကိုလေးနှင့် ကျွန်မ အေးအေးဆေးဆေး ပြန်တွေ့ရပါသည်။ အစ်ကိုလေး မျက်နှာတွေ ထူအမ်းလာသလို ဗိုက်လည်း ပိုရွှဲလာပါသည်။ သူ့မိန်းမ ‘စလူး’ (ကျွန်မဘာသာ ပေးထားသော နာမည်) ကတော့ ကိုယ်ဝန်အရင့်အမာနှင့် မွေးဖွားခါနီးမို့ သူနှင့်အတူ လိုက်မလာနိုင်ပါဟု အစ်ကိုလေးက အကြောင်းပြပါသည်။ မမတင့်ကတော့ ‘ယောက္ခမတစ်ယောက်လုံး သေတာတောင် လာဖော်မရဘူး’ဟု မကျေမနပ်နှင့် တဖျစ်တောက်တောက် ပြောမဆုံးခဲ့ပေ။

‘မမတင့်ရယ် သေတဲ့လူလည်း ပြန်ရှင်လာမှာမှ မဟုတ်တော့ဘဲ၊

www.burmeseclassic.com

သေတဲ့လူကလည်း ကိုယ့်အမေမှ မဟုတ်ဘဲ၊ ပြီးတော့ မိန်းမတွေမှာ ကိုယ်ဝန်ရင့်ရင် မင်္ဂလာဆောင် မသွားရတာတို့၊ အသုဘ မသွားရတာတို့ ထုံးစံတွေလည်း အရှိသား မဟုတ်လား’

‘ဟဲ့ အဲဒါက သူစိမ်းတွေအတွက် ထားတဲ့ထုံးစံ၊ ကိုယ့်အမျိုးထဲက သာရေး၊ နာရေးနဲ့ မဆိုင်ဘူး’

‘ယောက္ခမဆိုတာလည်း သူစိမ်းထဲမှာ ပါတယ်မဟုတ်ဘူးလား’

အစ်ကိုလေး မနေနိုင်တော့ဘဲ ပြုံး၍ ထလာကာ ကျွန်မခေါင်းကို တစ်ချက် ခေါက်ရာ အတော်ကလေး နာသွားပါသည်။ တွေ့စက သူ ကျွန်မကို မခေါ်ဘဲ ခပ်တည်တည်နေကာ စိတ်ကောက်ပြနေခဲ့ပါသည်။ သူ့မင်္ဂလာပွဲသို့ ကျွန်မ မလာခဲ့ခြင်းအတွက် အစ်ကိုလေး စိတ်မကောင်း ဖြစ်ပုံတော့ ရပါသည်။ ကျွန်မ၏ဆန္ဒပြခြင်းကိုမူ သူကောင်းစွာ သဘော ပေါက်ပါသည်။ ထို့ထက် ယခုချိန်ထိ သူ့မိန်းမနှင့် ပတ်သက်၍ လုံးဝ စိတ်ဝင်စားဟန် မပြသော ကျွန်မ၏ လျစ်လျူရှုမှုကိုလည်း သူ စိတ်မလုံ မလဲ ဖြစ်ပုံရပါသည်။

‘ညည်းနဲ့ ကေသီဖြူ တွေ့ကြသေးလား’

‘မတွေ့တော့ပါဘူး၊ မတွေ့တော့ဘူးဆိုတာထက် မတွေ့ရဲလို့ တမင်ရှောင်နေတယ်ဆိုရင် ပိုမှန်တယ်၊ နေပါဦး ကိုယ်မယူချင်လို့ ထား ပစ်ခဲ့တဲ့ မိန်းမတစ်ယောက်ကို ခုမှ ဘာလာလွမ်းနေတာလဲ’

‘ပြောတော့အေး၊ ဖြူ့အစား ညည်း အစ်ကိုလေးကို ရန်တွေ့ချင်နေ တယ် မဟုတ်လား၊ ညည်း ကြိုက်သလိုသာ ရန်တွေ့ပေတော့၊ ဒါပေမဲ့ ဖြူနဲ့တွေ့ရင်သာ အစ်ကိုလေးက တောင်းပန်လိုက်တယ် ဆိုတာ ပြောပြ ပေးပါ။ ခွင့်လွှတ်ဖို့ မဟုတ်ပါဘူး၊ ခွင့်လွှတ်ဖို့လည်း မလိုပါဘူး၊ အစ်ကို လေး ဘာသာ ရွေးချယ်ဆုံးဖြတ်ခဲ့တဲ့လမ်းပဲ။ ဒါပေမဲ့ သူ့မှာ လုံးဝအပြစ် မရှိပါဘူး၊ သူ့အပြစ်ကြောင့် သူ့ကို စွန့်ခဲ့တာ မဟုတ်ပါဘူး၊ ရှိခြင်းရှိရင် အစ်ကိုလေးမှာပဲ ရှိမှာပါ၊ ဒါကြောင့် တောင်းပန်တာပါလို့’



www.burmeseclassic.com

ကျွန်မ အင်းမလုပ် အဲမလုပ် နေလိုက်ပါသည်။ သူ့ အမှာစကားကို မမဖြူထံ ပြန်ပြောဖို့လည်း စိတ်မကူးပါ။ ဘာလုပ်တော့မှာလဲ အလကား အပိုအလုပ်။ တကယ်တော့ အစ်ကိုလေး မိန်းမယူသွားပြီး နောက်ပိုင်းမှ မမဖြူနှင့်ကျွန်မ သုံးလေးကြိမ်ထက်မနည်း တွေ့ခဲ့ကြပါသေးသည်။ ပထမဆုံးအကြိမ်က မမဖြူထံ ကျွန်မက တကူးတက သွားတွေ့ခြင်းပါ။ သစ္စာဖောက် အစ်ကို၏ကိုယ်စား မျက်နှာအောက်ချ၊ တံတွေးထွေးခံဖို့ သွားခြင်းပါပဲ။ သို့ပေမဲ့ မမဖြူကပင် ကျွန်မကို ပြန်၍ နှစ်သိမ့်လိုက်ပါသေးသည်။

'မမဖြူထက် ပညာ၊ ဥစ္စာသာလို့ဆိုရင်တော့ ဂုဏ်မက်တယ်၊ ပစ္စည်းမက်တယ်၊ ဘာညာပြောလို့ရသေးတယ်၊ အခု ဥစ္စာက အချစ်သာလို့သာ သူ ရွေးသွားတာပဲ၊ မမဖြူ ကျေနပ်ရမှာပေါ့'တဲ့။

တကယ်တော့ မမဖြူကသာ ကျွန်မထက် ပို၍ အစ်ကိုလေးကို နားလည်နိုင်ခဲ့ပါသည်။ သူ့မှာ မိန်းကလေးမို့ ပတ်ဝန်းကျင် မုန်တိုင်း၏ ဒဏ်ကို အတန်အသင့် ခံခဲ့ရသည့်တိုင် အစ်ကိုလေးကို ခါးသီးနာကြည်း လွန်းဟန် မပြပါ။ ကျွန်မကိုလည်း အခင်အမင်မပျက်ပါ။ အစ်ကိုလေး လက်ထပ်ပြီးစက မမဖြူ၏ အစ်မများမှာ ညီမအတွက် မခံချင်စိတ်နှင့် အစ်ကိုလေးထက် သာသူတွေကို အလောတကြီး ရှာဖွေခဲ့ကြသေးသည်။ ဆရာဝန်တစ်ယောက်ကို ဆိုလျှင် မမဖြူတို့ဘက်က အတော်ကလေး သဘောတွေ့ခဲ့ကြပေမဲ့ မမဖြူကတော့ ခေါင်းခါခဲ့သည်ပင်။

'တော်လောက်ပါပြီကွယ်၊ ဒီကိစ္စတွေကို မမဖြူ ငြီးလည်း ငြီးငွေ့ပြီ၊ ကြောက်လည်း ကြောက်သွားပြီ'

'အစ်ကိုလေး မမေ့နိုင်သေးလို့ဆိုတာမျိုးတော့ မဖြစ်စေချင်ဘူး မမဖြူ'

'ဘယ်မေ့နိုင်ဦးမလဲကွယ်၊ မမဖြူကို သင်ခန်းစာတွေ ဒီလောက် ပေးသွားတဲ့သူကို လွယ်လွယ်နဲ့ ဘယ်မေ့လို့ ရနိုင်ဦးမှာလဲ၊ ဒါပေမဲ့ မမဖြူ

www.burmeseclassic.com

ကတော့ သူ့ကို မေ့နိုင်ပြီးမှ နောက်တစ်ယောက်ကို ရွေးဖို့ဆိုတာထက် သူ့ကို သတိရလျက်နဲ့ပဲ သူ့ထက်ပို သတိရနိုင်မယ့်သူမျိုးကို ထပ်တွေ့ချင်သေးတာ’

မမဖြူ ဘာကိုဆိုလိုချင်မှန်း ကျွန်မ နားမလည်ခဲ့ပါပေ၊ သည့်နောက်ပိုင်းမှာတော့ မမဖြူကို ကျွန်မကပဲ စတင်ရှောင်ခွာလာခဲ့ရပါသည်။

အစ်ကိုလေးကိုလည်း မမဖြူ စကားတွေ ပြန်ပြောပြ မနေချင်တော့ပါ။ တော်ကြာ သူ့ကို သံယောဇဉ် မကုန်နိုင်သေးသမို့ မမဖြူကပဲ အပျိုကြီး ဆက်လုပ်နေသလို ထင်သွားမည်ကို ကျွန်မက ကြားထဲက မခံနိုင်ပေ။

ကျွန်မ နှုတ်ဆိတ်နေသည်ကို အစ်ကိုလေးကလည်း ရိပ်စားမိပုံရပါသည်။ နောက်ဆုံးမှာတော့ အစ်ကိုလေးသည် သက်ပြင်းရှည်တစ်ချက်ကိုသာ လေးလေးပင်ပင်ချပြီး ကျွန်မကို စကားတစ်ခွန်းသာ ပြောရှာပါသည်။

‘ညည်းသာ ယောကျ်ားတစ်ယောက်ဆိုရင် အစ်ကိုလေးကို အခုထက် ပိုနားလည်နိုင်မှာပါပဲ’တဲ့။

‘အခုလည်း နားလည်ကြည့်လို့ ရပါတယ်၊ တကယ်တော့ အစ်ကိုလေးတို့ ယောကျ်ားအများစုဟာ ပိဂ္ဂိုတ္တရလုလင်မျိုးနွယ်တွေချည်းပဲ၊ စလူးတွေနဲ့ပဲ တန်တယ်’

အစ်ကိုလေးက တဟားဟား အော်ရယ်ရင်း ကျွန်မကို ခွင့်လွှတ်ခဲ့ပါသည်။ ကျွန်မကတော့ ထိုမျှလောက် နစ်နစ်နာနာ ပြောရုံမျှနှင့်ပင် အားမရနိုင်သေးပဲ အရှုံးပေးနေသော အစ်ကိုလေးကို ထပ်၍ အလဲထိုးခဲ့ပါသေး။

‘ပိဂ္ဂိုတ္တရလုလင် မျိုးနွယ်ထဲမှာတောင်မှ အစ်ကိုလေးကတော့ အညံ့စားပဲ၊ မိန်းမကို ကိုယ်က ထမင်းပြန်ချက်ကျွေးနေရသေး၊ အစ်ကိုလေးကို သနားမိတာပါပဲလေ၊ လူပျိုဘဝတုန်းကလည်း အကြီးကို

www.burmeseclassic.com

ချက်ကျွေးခဲ့ရ၊ မိန်းမရပြန်တော့လည်း မီးဖိုချောင်ထဲက မထွက်ရရှာပါလားလို့'

'ဘာဖြစ်လဲဟ ကိုယ့်မိန်းမ ကိုယ်ချစ်လို့ ချက်ကျွေးတာပဲ'

'မဖြစ်ပါဘူး မဖြစ်ပါဘူး၊ ညနေတိုင်း အရက်ဆိုင်ထဲမှာ မချက်တတ် မပြုတ်တတ် မိန်းမကို ယူထားမိတော့လည်း ဝယ်ကျွေးရ မွေးရမယ့် တာဝန်ရှိပေသပေါ့ဗျာလို့ ဘယ်သူကမှ ရိုက်မစစ်ရဘဲ ထအော်၊ ခေါက်ဆွဲထုပ်ကြီး တရမ်းရမ်းနဲ့ သိုင်းကွက်နင်း ထွက်လာတတ်တဲ့ အင်ဂျင်နီယာ တစ်ယောက် မြို့မှာ တိုးလာတာ တစ်ခုပါပဲ'

'ဟင်... ညည်း ဒါတွေ ဘယ်လိုသိနေတုံး'

သူ့အကြောင်းကို သူထင်တာထက် ကျွန်မက ပိုသိနေသည်ကို အစ်ကိုလေးက အံ့ဩသလို တုန်လှုပ်သွားပုံလည်း ရပေသည်။

'အခု အစ်ကိုလေးရောက်နေတဲ့မြို့ဟာ မမဖြူရဲ့ ဇာတိမြို့ဆိုတာ အစ်ကိုလေးကတော့ မေ့သွားပြီပေါ့၊ ဒါပေမဲ့ အစ်ကိုလေးကိုတော့ မမဖြူ ဆွေမျိုးတွေက မမေ့သေးဘူးနော်'

'အင်း... ကေသီဖြူကတော့ ဝမ်းသာနေမှာပဲနော်'

'မမဖြူက ဘာမှမပြောပါဘူး၊ သူ့ကြည့်ရတာ အစ်ကိုလေး အကြောင်း သိရလို့ ဝမ်းသာပုံလည်း မရဘူး၊ ဝမ်းနည်းပုံလည်း မရဘူး၊ မတုန်မလှုပ်ဘဲ၊ သူ့စိတ်ထဲမှာ အစ်ကိုလေးအတွက် ဘာမှ မခံစားရတော့သလိုပဲ၊ သံယောဇဉ် ပြတ်သွားတယ်ဆိုတာ ဒါမျိုးပဲနေမှာ'

ကျွန်မက တမင်ပင် သာသာထိုးထိုး ပြောလိုက်သောအခါ အစ်ကိုလေးသည် ဘာမှ ပြန်မပြောတော့ဘဲ အဝေးသို့ အတန်ကြာအောင်ပင် တွေငေးနေပါသည်။ မမဖြူက သူနှင့်ပတ်သက်၍ မတုန်လှုပ်တော့ဟု ကျွန်မ ဆိုလိုက်သဖြင့် တော်တော်ပဲ ဆွေးသွားလေသလားဟု ကျွန်မ ထင်လိုက်မိပါသေးသည်။ သို့သော်မဟုတ်ပါ။

'အဲဒီအကြောင်းတွေ မေမေကော သိခဲ့သလားဟင်'



www.burmeseclassic.com

သူတွေးနေသည်က သူ့မိခင်အကြောင်းပေပဲ။ ကျွန်မ အနည်းငယ် အံ့သြသွားသလို အစ်ကိုလေးအပေါ် ပထမဆုံးအကြိမ်အဖြစ် ကရုဏာစိတ်လည်း ဝင်သွားမိသလိုပင်။ ထို့ကြောင့်ပဲ ထင်သည်။ အစောပိုင်းက အစ်ကိုလေးအပေါ် မကျေနပ်စိတ်နှင့် ရက်စက်စွာ ခေါင်းညိတ်ပြမည်ကြံပြီးမှ တကယ်တမ်းကျတော့ သက်ညှာစွာပဲ ခေါင်းခါပြခဲ့ပါသည်။ သို့သော် အစ်ကိုလေးသည် ကျွန်မ ခေါင်းခါပြသည်ကို မမြင်သလို ငေးရင်းပင်

'အေးလေ၊ မေမေလည်း သိခဲ့မှာပါပဲ'ဟု လေးလေးတွဲ့တွဲ့ ပြောခဲ့ပေသည်။ အစ်ကိုလေး၏ မျက်လုံးအိမ်ထဲမှာ မျက်ရည်စတွေ ခိုတွဲလာတာမြင်တော့ အစ်ကိုလေးအပေါ် မမဖြူနှင့် ပတ်သက်၍ တေးဖွဲ့ထားမိသော ကျွန်မ၏ အာဃာတများ တစ်ဝက်မက လျော့ပြေသွားခဲ့ရပါသည်။

*

ဒေါ်ဒေါ်မေ ရက်လည်ပြီးနောက် ရန်ကုန်မှာ သုံးလေးရက်မျှ အစ်ကိုလေး ဆက်နေသေးရာ သူ မပြန်မီ တစ်ရက်အလိုတွင် ဘာစိတ်ကူးရသည် မသိ။

'ဖြူတို့အိမ်ကို သွားလည်ရအောင်အေ'ဟု ကျွန်မကို သူ အဖော်စပ်ပါသည်။ ဒေါ်ဒေါ်မေ့ အသုဘသို့ မမဖြူ ရောက်လာခဲ့သေးရာ အစ်ကိုလေးနှင့် လူတွေအများကြားမှာ တစ်ခါဆုံလိုက်ကြပါသေးသည်။ ကျွန်မမဖြူကို ပြန်တွေ့သည်နှင့် အစ်ကိုလေး ဖီလင်ပြန်တက်သွားသည် ထင်ပါရဲ့။ ပြီးတော့ ခုအခါ သူ့ဘေးမှာ စလူးကလည်း မရှိသည့်အချိန်လေ။ အင်း... ယောကျ်ားတွေများ ဒီလိုပဲ ထင်ပါရဲ့၊ တော်တော် အမြင်ကပ်ဖို့ ကောင်းတာပဲဟု အစ်ကိုလေးကို အမြင်ကပ်သည်နှင့် ပုရိသလောကကြီးကိုပါ အထင်သေးချင်လာပါသည်။

'သတ္တိရှိရင် အစ်ကိုလေးဘာသာ သွားပေါ့၊ ကျွန်မကတော့ မမဖြူ အစ်မတွေကို ကြောက်လို့၊ အစ်ကိုလေးနဲ့ တူတူမပြောနဲ့ ကိုယ်တစ်



www.burmeseclassic.com

ယောက်တည်းတောင် မသွားဘူး'

အမှန်ကို ပြောလိုက်ခြင်းဖြစ်ပေမဲ့ ကျွန်မစကားက အစ်ကိုလေးကိုတော့ အတော် ထိခိုက်သွားပုံရသည်။

'ဖြူ့ကို မိတ်ဆွေတစ်ယောက် အနေနဲ့တောင် အစ်ကိုလေးမှာ ခင်မင်ပိုင်ခွင့် မရှိတော့ဘူးလား'ဟု နာကြည်းသလို သူ ပြောပါသည်။

'ခုအချိန်မှာ ဖြူ့ကို ဖြူဖြူစင်စင်၊ ရိုးရိုးသားသား မေတ္တာနဲ့သာ အစ်ကိုလေး ခင်ချင်တော့တာပါ၊ ဖြူနဲ့ စကားပြောရတာကို အစ်ကိုလေး ပျော်တယ်၊ ခေါင်းအေးအေးနဲ့ စဉ်းစားတွေးတောတဲ့နေရာမှာ ဖြူ တကယ် တော်တယ်၊ အရင်ကဆို အစ်ကိုလေးမှာ စိတ်ရှုပ်စရာ ပြဿနာတစ်ခုခု ရှိလာရင် ဖြူနဲ့ သွားစကားပြောလိုက်တာနဲ့ ဖြေရှင်းပြီးသား ဖြစ်သွားတတ်တယ်၊ အခုလည်း တစ်ခါတလေကျရင် ဖြူနဲ့ အဲသလို စကားပြောချင်လာတယ်ကွာ'

'မမဖြူနဲ့ ပြောမှတဲ့လား၊ အစ်ကိုလေးမှာ တိုးတိုးဖော်ပြောစရာ မိန်းမတစ်ယောက်လုံး ရှိနေပြီးသားပဲ၊ ကိုယ့်မိန်းမနဲ့ ပြောပေါ့၊ အခိပ္ပာယ် မရှိလိုက်တာ'

'ညည်းမသိပါဘူးအေ၊ ညည်း သဘောပေါက်အောင်တော့ အစ်ကိုလေး ရှင်းမပြတတ်ဘူး'

'ဒါဖြင့် အစ်ကိုလေးသဘောပေါက်အောင်တော့ ပြန်ရှင်းပြချင်တယ်၊ တကယ်တော့ အစ်ကိုလေးက သိပ်တစ်ကိုယ်ကောင်းဆန်ဆန် စဉ်းစားတာပဲ၊ မမဖြူဘက်က နည်းနည်းလေးမှ ထည့်မတွေးဘူးနော်၊ အစ်ကိုလေးဆန္ဒ ဖြည့်ဖို့လောက်ပဲ ကြည့်တယ်၊ ဒီမှာ အစ်ကိုလေး နောက်ကြောင်း မရှင်းခဲ့ကြတဲ့ လူတွေဟာ ရှေ့လျှောက် ကင်းကင်းနေကြတာ အကောင်းဆုံးနဲ့ အန္တရာယ်အကင်းဆုံးပဲ၊ မမဖြူက မိန်းမသားဆိုတော့ ပိုပြီး ရှင်းရှင်းနေချင်ပေလိမ့်မယ်လို့များ မစဉ်းစားမိဘူးလား၊ တော်ကြာ အစ်ကိုလေးမိန်းမက လူကိုပြန်ပြီး သူခိုးဟစ်နေရင် အစ်ကိုလေး ဘယ်



www.burmeseclassic.com

ဘာကြာကရပ်မလဲ’

သူ ငြိမ်သက်တွေဝေသွားပါသည်။ စလူးသိမှာကိုတော့ ကြောက်ပုံအရသားပင်။ သူ့အတွေးကို ရိပ်မိသလို ကျွန်မက ဆက်၍

‘မိန်းမ မသိအောင် ပြန်ဆက်မယ်လည်း စိတ်မကူးနဲ့၊ မမဖြူအိမ်ကို မသွားရဲလို့ ကျောင်းကို သွားမယ်လည်း စိတ်မကူးနဲ့၊ စင်ကြယ်မေတ္တာတွေ၊ မြင့်ကြယ်မေတ္တာတွေလည်း လုပ်မနေနဲ့။ ပတ်ဝန်းကျင်ကတော့ ဒါတွေ ဘယ်သိမှာလဲ၊ မမဖြူသာ နာပြီးရင်းနာဖြစ်မှာ၊ အစ်ကိုလေးအနေနဲ့ မမဖြူရဲ့ တစ်ချိန်က သက်ဆိုင်သူအဖြစ် သူ့ပတ်ဝန်းကျင်ရှေ့မှာ မဏ္ဍပ်တိုင် တက်ပြဖို့ စိတ်ကူးမယ်ဆိုရင်တော့ မမဖြူရဲ့ အမုန်းကိုသာ အစ်ကိုလေးရလိမ့်မယ်’

‘ဖြူက အစ်ကိုလေး အပေါ် ဒီလောက် စိမ်းကားမယ် မထင်ပါဘူး၊ မေမေ့ကိစ္စတုန်းက သူလာတာမြင်တော့ အစ်ကိုလေး သိပ်ဝမ်းသာသွားတယ်’

‘ဒါက မဆိုင်ဘူးလေ၊ အပြစ်ရှိသူက ဒေါ်ဒေါ်မေမှ မဟုတ်တာ၊ အစ်ကိုလေးသေရင်ဖြစ်ဖြစ်၊ အစ်ကိုလေးမိန်းမ သေရင်ဖြစ်ဖြစ်၊ သူလာမလာစောင့်ကြည့်ပါဦး’

ကျွန်မ စကားက နည်းနည်းပင် လွန်သွားခဲ့ပါသည်။ သို့ပေမဲ့ စကားလွန်ရကျိုးနပ်ပါသည်။ ကျွန်မဆိုလိုသောသဘောကို သူ နားလည်သွားခဲ့လေသောကြောင့်လား၊ သူ့ကိုယ်နှိုက်ပင် သတ္တိမရှိလို့ပဲလားတော့ မသိ။ မမဖြူနှင့် ယခင်ကလို ပြန်လည်ရင်းနှီးဖို့ အစ်ကိုလေး ဆက်မကြိုးစားတော့ပါ။

အစ်ကိုလေးအတွက် ကျွန်မ စိတ်မကောင်းဖြစ်ရသော်လည်း အစ်ကိုလေး၏ ကျန်ရှိနေသေးသော သိက္ခာအကျိုးအပဲ့လေးကို ဤနည်းဖြင့်သာ ဆက်ထိန်းနိုင်လိမ့်မည်ဟူ၍တော့ ကျွန်မ ယုံကြည်ခဲ့ပါသည်။ ပြီးတော့ ယောကျ်ားတွေမှာ ရပ်အစာကျွေးဖို့ မိန်းမတစ်ယောက်၊ စိတ်

www.burmeseclassic.com

အစာကျွေးဖို့ မိန်းမတစ်ယောက် တကယ်ပဲ လိုအပ်လေသလားဟု ကျွန်မ တွေးကြည့်ပါသည်။ မဖြစ်သင့်ဟူသော အဖြေကိုသာ ရပါသည်။ စိတ်ဆန္ဒ၊ ရုပ်ဆန္ဒ လိုအင်နှစ်ခုစလုံးကို ကိုယ်လက်ထပ်ယူလိုက်သော မိန်းမတစ်ယောက်တည်းဆီကပင် ရယူနိုင်ဖို့ ကြိုးစားသင့်သည်ဟုသာ ယူဆပါသည်။ မရနိုင်ဘူးဆိုလျှင်လည်း ကိုယ်ရထားတာ တစ်ခုတည်းနှင့်ပင် ရောင့်ရဲနိုင်ရမည်ပေါ့။ အစ်ကိုလေးကိုလည်း ထိုသို့ပင် ကြိုးစားစေချင်ခဲ့ပါသည်။ အခုတော့ အစ်ကိုလေးခမျာ နှလုံးရောဂါရအောင်ပင် ကြိုးစားခဲ့ရရှာပါလားဟု ကျွန်မ သဘောပေါက်လာပါသည်။

ဒေါ်ဒေါ်မေဆုံးပြီး မကြာမီပင် အစ်ကိုလေးမှာ သားဦးလေး ထွန်းကားကြောင်း၊ သတင်းကောင်းကြားရပါသည်။ အသက် ၄၀ နား ကပ်မှရသော နွားအို နောက်ကျသားပေမို့လား မသိပါ။ အစ်ကိုလေးသည် သူ့သားကို တုန်နေအောင် ချစ်ရှာပါသည်။ ကလေးလသားအရွယ်ကတည်းက ဓာတ်ပုံအမျိုးမျိုးရိုက်၍ ရန်ကုန်ရှိ သူ့သားချင်းများထံ ပေးပို့လေ့ရှိပါသည်။ ကျွန်မထံသို့လည်း တစ်ပုံ ပို့လိုက်ပါသေးသည်။ ဓာတ်ပုံနောက်ကျောမှာတော့ အစ်ကိုလေး၏ လက်ရေးဖြင့် ရေးထိုးထားသော စာတန်းကလေး တစ်ကြောင်းကိုလည်း တွေ့ရပါသေးသည်။ တိုတိုနှင့် ရိုးရိုးရှင်းရှင်းကလေးပါပဲ။

'အစ်ကိုလေးကို ချစ်သလို သားကိုလည်း ချစ်ပါနော်'တဲ့။

ထိုစာတန်းကလေးကို ဖတ်မိပြီးကတည်းက ကျွန်မတူကလေး၏ ဓာတ်ပုံကို နောက်ထပ် တစ်ကြိမ်မျှ ပြန်မကြည့်ဖြစ်တော့ပါ။ ကလေးပုံကို ကြည့်မိလျှင် နောက်ကြောက စာတန်းကိုပါ ပြန်ဖတ်မိနေမည် ဖြစ်သော ကြောင့်ပင်။ သြော်... ဖြစ်ရလေ အစ်ကိုလေးရယ်။ သူ့ကို ကျွန်မတို့ ချစ်ခဲ့ကြကြောင်း အစ်ကိုလေး ကောင်းစွာသိသလို သူ့မိန်းမနှင့် သားချင်းများကြား မေတ္တာ ကူးလူးနိုင်အောင် မစွမ်းဆောင်နိုင်ခဲ့သော သူ့အားနည်းချက်ကိုလည်း သူ့ဘာသာ သိနေခဲ့ရပါသည်။ သို့ကြောင့်ပင် အစ်ကို

www.burmeseclassic.com

လေးခများ သားကလေးအတွက် မိမိသားချင်းများထံမှ မေတ္တာကို အောက်ကျို့ခံကာ တောင်းပေးခဲ့ရှာပုံကို ကျွန်မ ရင်နာနေမိပါသည်။ ထိုအချိန်ကတည်းကပင် အစ်ကိုလေးအပေါ် ထားရှိခဲ့ဖူးသော ကျွန်မ၏ အာဃာတများအားလုံးသည် လုံးဝ ကျေပျက် ပျောက်ကွယ်သွားခဲ့ပါတော့သည်။

ကျွန်မတူကလေး၏ ဓာတ်ပုံကို ရသောနေ့မှာပင် တိုက်တိုက်ဆိုင်ဆိုင် မမဖြူထံမှ မင်္ဂလာဖိတ်စာကို ကျွန်မ ရရှိခဲ့ပါသည်။ ကံကောင်းသူမှာ မမဖြူနှင့် လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာတစ်ယောက် ဖြစ်ပါသည်။ မင်္ဂလာပွဲကို အကျဉ်းရုံး လုပ်လိုက်သဖြင့် ရပ်ဝေးမှ မိတ်ဆွေများကို မဖိတ်နိုင်တော့ဟု မမဖြူက အစ်ကိုလေးထံ သူ ဖိတ်စာမပို့တော့ကြောင်း အလိမ္မာဖြင့် အသိပေးပါသည်။ မိမိ၏ အရေးပါသော ဘဝအပြောင်းအလဲများအတွက် အစ်ကိုလေးထံမှ ဝမ်းသာမှုကိုသော်လည်းကောင်း၊ ဝမ်းနည်းမှုကိုသော်လည်းကောင်း ရယူခံစားနေဖို့ မလိုအပ်တော့ဟု မမဖြူ ယူဆထားပုံရပါသည်။

သို့သော် ကြားထဲက မနေနိုင်သော ကျွန်မကတော့ မမဖြူ၏ လက်ထပ်သတင်းကို အစ်ကိုလေးထံ ပို့ဖြစ်အောင် စေတနာ့ဝန်ထမ်း ပို့ခဲ့ပါသေးသည်။ အစ်ကိုလေးထံမှ မည်သို့သော တုံ့ပြန်မှုမျိုးကိုမျှ မရသောအခါ အစ်ကိုလေးတော့ မနာလိုတိုရှည်ဖြစ်သွားပြီဟု ခန့်မှန်းမိပါသည်။ အလှည့်ကျတော့ မန္တဲ့စတမ်းဟု သဘောမထားနိုင်သော အစ်ကိုလေး၏ စိတ်ဓာတ်ကိုလည်း ကျိတ်၍ ရယ်မောလိုက်မိပါသေးသည်။

*

ဘာလိုလိုနှင့် ထိုအဖြစ်များ မေးမိန် ကျန်ရစ်ခဲ့သည်မှာ ၄-၅-၆ နှစ်မျှမက ကြာခဲ့ပြီ ထင်ပါသည်။ ယခုအခါ မမဖြူပင်လျှင် သားနှစ်ယောက်မိခင် ဖြစ်နေခဲ့ပြီမို့ အစ်ကိုလေးထက်ပင် သာသွားပြီဟု ဆိုနိုင်သည်။ အစ်ကိုလေးခများ သူ့သားကလေးကို သူ ငယ်စဉ်ကလိုပဲ ညီ

www.burmeseclassic.com

အစ်ကိုတစ်တွေနှင့် သိုက်ဝန်းစေချင်သော်လည်း နောက်ထပ် ကလေး မယူချင်တော့သော စလူး၏ ဆန္ဒကိုမူ မလွန်ဆန်နိုင်ခဲ့ရှာပေ။

သို့သော် သူ့သားကလေးသည် ဖအေ့ဘက်က အမျိုးများ၏ မေတ္တာကို ရယူနိုင်ခဲ့သေးသဖြင့် အစ်ကိုလေး၏ ဆန္ဒတစ်ခုကတော့ ပြည့်ရှာပေသည်။

ထို ကျွန်မတူကလေးကို တစ်ကြိမ်တည်းသာ မြင်ဖူးလိုက်ပါသည်။ ထိုနေ့က ဆေးရုံပေါ်မှာ ကျွန်မတို့ ရောက်ပြီး အတော်ကြီးကြာမှ စလူးနှင့် သားကလေး ရောက်လာခဲ့ပါသည်။ သားကလေးမှာ ရုပ်ရည်က မိခင်ဘက် နွှယ်ပေမဲ့ စိတ်ဓာတ်ကမူ ဖခင်ဘက်သို့ ယိမ်းပုံရပါသည်။ မျက်နှာချိုချို စကားသွက်သွက် ခင်တတ် မင်တတ် ဖောင်ဖွဲ့လိုစိတ် ကဲ၍ ဖခင်ဘက်က အမျိုးများကိုလည်း ခင်မင်ပုံ ပြတတ်ခြင်းကြောင့် သူ့အမေကို ကြည့်မရခဲ့သော သည်ဘက်အမျိုးများ၏ မေတ္တာရောင်ပြန်ဟပ်ခြင်းကို ခံရခြင်းပင် ဖြစ်ပေလိမ့်မည်။

[ဟန်သစ်၊ နိုဝင်ဘာ ၁၉၉၁]

www.burmeseclassic.com

www.burmeseclassic.com

# ဗျာဓိ

အကောင်းပကတိ အနေအထားမှ ဖြုန်းခနဲတုန်ချမ်းလာလေသည်။ ဒီဇင်ဘာဆောင်းလေကြောင့် ထင်ပါရဲ့ဟုတွေးကာ လေကြောင်းနှင့်လွတ်ရာ တံခါးအကွယ်သို့ ပြောင်းထိုင်သော်လည်း အချမ်းက မလျော့။ ဒူးကို ကွေးထိုင်၊ ရင်ဘတ်နှင့် ဒူးနှစ်ချောင်းထိအောင် လက်နှစ်ဖက်ဖြင့် တင်းတင်း ပိုက်ထားသည့်တိုင် တစ်စက်ကလေးမျှပင် နွေးမလာ။ မကြာမီ မေးဖျားတွေ တဆတ်ဆတ် လှုပ်လာသည်။ စကားပြောလျှင် သွားချင်းရိုက်ကုန်သည်။ လက်တွေကလည်း အရက်ဆာနေသော အရက်သမားတစ်ယောက်၏ လက်လို တုန်ခါလှုပ်ယိမ်းနေသည်။ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ သိလိုက်ပါပြီ။ ဆီးဖျား။ ဓာတ်မသိလျှင် ငှက်ဖျားဟု ထင်ရလောက်အောင် ချမ်းတုန်၍ ကိုယ်ပူလာတတ်သောအဖျား၊ မလာသည်မှာ ကြာပြီဖြစ်၍ မေ့လျော့ပင်နေမိပြီဖြစ်သော ဧည့်သည်ဟောင်း။

ဟိုး...လွန်ခဲ့သော ၃-၄ နှစ်လောက်ကတော့ ထိုဧည့်သည်ဟောင်းနှင့် အတော်ပင် ယဉ်ပါးနေခဲ့ဖူးသည်။ ဆေးသောက်မှ သွားနိုင်သောဆီး။ အယ်လဗျူမင်တွေ အမြဲပါနေတတ်သော ဆီးကြောင့် ခန္ဓာကိုယ်ထဲမှာ အသားဓာတ်တွေ လျော့ပါးလာသည်နှင့်အမျှ ခံနိုင်ရည် စွမ်းအားတွေလည်း



www.burmeseclassic.com

ကျဆင်းခဲ့ရ၏။ ဝမ်ဗိုက်တစ်ပြင်လုံးမှာ မာပျဉ်းသောသားရေပြားတစ်ချပ်လို တင်းတောင့်နေကာ ထမင်းသုံးလေးလုတ်မျှကိုပင် ဝင်အောင်စား၍မရ ဖြစ်နေတတ်သည်။ ဇွတ်အတင်း ဖျစ်ညှစ်မျိုချကာ စားကြည့်သောအခါ အစာအနည်းငယ် ဝင်သွားသည်နှင့် တင်းတောင့်နေသော ဝမ်းဗိုက်က ကြာရှည် လက်မခံဘဲဝမ်းသွားခိုင်းလိုက်တော့သည်။ တစ်ခါတစ်ရံလည်း အထက်ဆောင့်ကာ ထိုးအန်ချပစ်တတ်လေသည်။

ရုတ်တရက် သာမန်မျှသာ ကြည့်လိုက်မည် ဆိုလျှင်တော့ နာမကျန်းသူဟု ဘယ်သူက ထင်လေမည်လဲ။ သည်လိုမထင်သည့်ပြင် ဝဖီးပြည့်ဖြိုးစည်းစိမ်တိုးနေသူလို့တောင် စွပ်စွဲချင်ဦးမည်။ လူမမာပါဟု ဘုရားစူးကျိန်ပြောဖို့ မလိုဘဲ သက်သေပြစရာကတော့ အစဉ်လို ရောင်ကိုင်းမို့ဖောင်းနေတတ်သော ခြေခုံများပင် ဖြစ်သည်။ ခြေသလုံးတွေ၊ ပေါင်တွေမှာလည်း အသားတွေမာတင်းကာ လေးလံနေမြဲပင်။ ခြေသလုံးရိုးပေါ်သို့ လက်ဖြင့် ခပ်နာနာ ဖိနှိပ်ကြည့်လိုက်ပါဦး၊ အသားတွေ စိခနဲပျော့ဆင်းကာ ချိုင့်ဝင်သွားသည်ကို တွေ့ရပေဦးမည်။

မျက်ခွံများကတော့ အစဉ်ပင်မို့အစ်နေတတ်သည်။ မျက်နှာကို တစောင်းပေး၍ မှန်ထဲသို့ ထောင့်ကပ်ကြည့်လိုက်ပါလျှင် မျက်လုံးအိမ်အဖြူသားနှင့် မျက်ခမ်းထိစပ်နေသော နေရာမှာ အရည်ကြည်အိတ်ကလေးတစ်ခုရစ်ထနေသည်လည်း အစဉ်တွေ့ရနိုင်သည်။

လူကောင်းတို့၏ လက္ခဏာဆိုလို့ တစ်ခုတော့ ကျန်ရစ်ပါသေးသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တတ်ခြင်းပင်တည်း။ သည်ရောဂါဖြစ်မှ ပိုလို့တောင် အိပ်လို့ကောင်းနေသေးသည်ဟု ထင်သည်။ “အဲဒါ ဆီးဆိပ်တက်တာ”ဟု တချို့ကလည်း ဆိုကြသည်။ မည်သို့ပင် အိပ်လို့ပျော်ပေမင့် အိပ်ရာက နိုးထရသည်မှာတော့ သက်သောင့်သက်သာ မရှိလှပေ။ အကြောအခြင်တွေ တောင့်တင်းကာ ထိုင်းမှိုင်းစွာ နိုးထရမြဲပင်။ အဖြာအရောင်က ခေါင်းအထိ ရောက်နေပြီဆိုလျှင်တော့ အိပ်ရာက အထမှာ


www.burmeseclassic.com

ဦးခေါင်းတစ်ခုလုံး လေးအံ့ကာ ထူအမ်းနေလေသည်။ ဦးခေါင်းအရေပြားကို လက်ဖြင့်အသာနှိပ်ကြည့်ပါက ခြေသလုံးရိုးပေါ်မှာလိုပင် အသားတွေ ချိုင့်ဝင်သွားသည်ကို တွေ့ရဦးမည်။

ထိုသို့သော အချိန်မျိုးမှာ သွေးပေါင်ချိန်ကပါ တက်လာတတ်လေ့ ရှိပြန်သည်။ အပေါ်သွေးမှာ အနည်းဆုံး ၁၆၀–၁၇၀ လောက်တော့ ရှိနေပေလိမ့်မည်။ ခန္ဓာဝန်၏ လေးလံမှုကို ထိုအချိန်မျိုးမှာ ပိုမို ခံစားရသည်။ လမ်းမြန်မြန်မလျှောက်နိုင်။ စိတ်သွားတိုင်း ကိုယ်မပါ။ စိတ်နောက်မှာ ခြေထောက်က ကျန်ရစ်တတ်မြဲ။ လှုပ်ရှားမှုများသွားလျှင်တော့ အလွယ် တကူပင် မောပန်းလာပေလိမ့်မည်။ သိသာထူးခြားစွာ ဖြစ်တတ်သော အရန်ရောဂါ တစ်ခုမှာကားအအေးမိလွယ်ခြင်းပင်တည်း။ အအေးမိပြီဆိုလျှင် တော့ အခုလိုပင် တုန်ချမ်းကာ ဖျားလာတော့သည်။

ညော့်သည့်ဟောင်းကို ပြန်မှတ်မိလာသော်လည်း ညော့်မခံချင်သေး သည်နှင့် ခေတ္တမျှမသိချင်ယောင် ပြုနေသေးရာ သူကလည်း အမြင်ကပ်လာ သည်ထင်ပါရဲ့။ အချမ်းဓာတ်ကို ရိုးတွင်းချဉ်ဆီခိုက်မျှ ပိုသည်းထန်လာစေ တော့သည်။ လက်ဖျား၊ ခြေဖျားသာမကဘဲ ဒူးတွေ၊ ကိုယ်တွေပါ တုန်ဆတ်လာတော့ရာ ညော့်သည့်ဟောင်းကို ကောင်းစွာညော့်ခံဖို့ ပြင်ရလေ တော့သည်။

တုန်တခိုက်ခိုက်နှင့်ပင် အားတင်း၍ နံရံကို မှေးကိုင်ကာ အိပ်ခန်း တွင်းဆီ တရွေ့ရွေ့လာခဲ့ရသည်။ ခုတင်ခြေရင်းမှာ ခြုံနေကျ ဂွမ်းစောင်ရှိ နေပေမဲ့ ဗီရိုအတွင်းမှ နောက်ထပ်ဂွမ်းစောင်ထူထူတစ်ထည်ကို ထပ်ထုတ် ရသည်။ သည်အချမ်းနှင့်ဆိုလျှင် အနည်းဆုံး စောင်နှစ်ထည်တော့ လိုအပ်မည်မှန်း အတွေ့အကြုံအရ သိနေသည်။ ဩော်... အိပ်ရာသို့မဝင်မီ အခိုးပွင့်ဆေး တစ်ခွက်ကိုလည်း သောက်ရဦးမည်ပဲ။ အနာဂျက်ဆင်တို့၊ ပါရာစီတမောတို့ကို မသုံးဖြစ်တော့သည်မှာ ကြာခဲ့ပြီ။

ခုတင်ဆောင်းက စာကြည့်စားပွဲပေါ်မှာ သောက်နေကျ ဆေးပုလင်းတွေ



www.burmeseclassic.com

စိတန်းလို့နေသည်။ အားလုံး မြန်မာဆေးတွေချည်းပင်။ အိမ်ရှေ့ခန်းမှ ထိုးဖောက်ဝင်လာနေသော အလင်းရောင်က မှိန်ဖျော့နေသဖြင့် ဆေးပုလင်းများဘေးတွင် ကပ်ထားသော စာတန်းများကို သဲကွဲစွာ မမြင်ရ။ ထိုအခါ စားပွဲပေါ်မှ စာကြည့်မီးအိမ်ခလုတ်ကို တဆတ်ဆတ် တုန်နေသောလက်ဖြင့် အတန်ကြာမျှ စမ်းသပ်ရှာဖွေဖွင့်ပြန်သည်။ မီးလင်းလာသည့်တိုင် အခိုးပွင့်ဆေးပုလင်းကို တော်တော်နှင့် ရှာမတွေ့နိုင်။ ဆေးပုလင်းများကလည်း ဆရာတစ်ယောက်နှင့် ပြောင်းကုလိုက်တိုင်း လေးငါးပုလင်းမျှ တိုးတိုးလာတော့သည်ဖြစ်ရာ၊ ယခုအခါ စာကြည့်စားပွဲတစ်ဝက် နီးနီးမျှသော ဇရိယာနှင့်ပင် မဆံ့ချင်တော့ပေ။ ဒါတောင် ဆေးကုန်သွားသည့် ပုလင်းတွေ၊ မသောက်ဖြစ်တော့သည့် ပုလင်းတွေကို သတိရတိုင်း ရှင်းရှင်းထားပေလို့သာ။ စိတ်လက်ရှည်ရှည် အတော်ရှာယူမှ ထောင့်တစ်နေရာမှာ သွားတွေ့သည်။ မသောက်ဖြစ်တော့သည်မှာ ကြာပြီဖြစ်၍ ပုလင်းက နောက်တန်းသို့ အလိုလို ရောက်သွားပုံရပေသည်။

ဆီးကင်းခန့်မျှသော ဆေးမှုန့်ကို ဘယ်လက်ဝါးပေါ်သို့ သွန်ချစဉ် တုန်ယင်နေသော လက်များကြောင့် ဆေးမှုန့်တချို့ ဖိတ်ကျလွင့်စဉ်သွားသေးသည်။ ပြီးလျှင် ရေနွေးတစ်ခွက်ကို မဖိတ်မစဉ်အောင် ဂရုတစိုက် ငှဲ့၊ ဆေးကို ပါးစပ်တွင်းဝင်အောင် ပက်၊ ရေနွေးပူပူနှင့် ကျိုက်ချရသောအလုပ်တွေ အပြီးမှာ ခြင်ထောင်အတွင်းသို့ ကမူးရှူးထိုးဝင်၊ ဂွမ်းစောင်ကို နှစ်ထပ်ခြုံ၊ ဒူးများနှင့် ဝမ်းဗိုက်ထိအောင် ခန္ဓာကိုယ်ကို ကွေးညွတ်၍ အတတ်နိုင်ဆုံး ငြိမ်သက်နေလိုက်သည်။ လည်ချောင်းအတွင်းသို့ ပူဆင်းသွားသော အခိုးပွင့်ဆေး၏ အရသာမှာ မိနစ်အနည်းငယ်ကြာသည်အထိ စွဲမြဲနေဆဲဖြစ်သည်။

ပိတ်ချင်း၊ ငရုတ်ကောင်း၊ ဖန်ခါးစသည်တို့ရောစပ်ပါဝင်နေသော ဆေးဖြစ်၍ ပူ၊ ငန်၊ ဖန်၊ ခါးကလေး ဖြစ်ရာ၊ ဆေးယဉ်နေသော ကိုယ့်ပါးစပ်အဖို့တော့ အဝင်ဆိုးသည်ဟု မဆိုသာပါပေ။ ဆေးရုပ်ပေါ်မှာ

www.burmeseclassic.com

သိက္ခာျမဲ ခင်မင်ခဲ့ရသော မြိတ်သူကလေး နီနီဆွေ၏စကားကို ငှားပြောရလျှင် တော့ "လျှာရိုးနေပြီလေ"။

ဆေး၏အပူဓာတ်နှင့် ရောဂါ၏ အချမ်းဓာတ်တို့ သူနိုင်၊ ငါနိုင် ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်မှာ အတော်ကလေးတော့ ကြာသည်။ ရိုးတွင်း ချဉ်ဆီတွင်းမှ တစိမ့်စိမ့်တက်လာနေသော အချမ်းဓာတ်တော်တော်နှင့် လျော့ပါးမသွားနိုင်ခဲ့ပေမဲ့ စောစောကနှင့် စာလျှင်တော့ အတော်ကလေး နေသာထိုင်သာ ရှိသွားသည်။

ဘာများ မှားသွားလို့ပါလိမ့်ဟု အဖြေရှာကြည့်လိုက်တော့ မနက်က ခေါင်းလျှော်မိသည်ကို သတိပြန်ရသွားသည်။ ခေါင်းမလျှော်ရသည် မှာလည်း တစ်လနီးပါးရှိခဲ့ပြီဖြစ်ရာ ဦးရေမှာ ကြေးအလိပ်လိပ် ကပ်နေပြီး ယားယံ လွန်းလှသည်။ အနံ့အသက်လည်းမကောင်း မျက်စိများလည်း သီဝေမှုန်ဝါး လာသဖြင့် အပူလည်းပွင့်၊ သန့်လည်းသန့်ရှင်းသွားအောင် လျှော်ပစ်လိုက်မိ ခြင်းပင်၊ ခေါင်းလျှော်ခဲ့ရုံ သက်သက်ပါပဲ။

ကြာနေလျှင် အအေးပတ်မည်ကို စိုးရိမ်သတိရစွာ အဝတ်များပင် မလျှော်ခဲ့၊ ကိုယ်ကိုပင်ကြေးစင်အောင် မတွန်းနိုင်ခဲ့၊ ကျဲကျဲပါးပါးကလေးသာ ကျန်တော့သော ဆံပင်ကလေး လက်ညှိုးတစ်ရစ်စာကို လျှော်ရသည်မှာ အကြာဆုံးကြာလှ၊ ငါးမိနစ်ပေါ့၊ ရေချိုးတာနှင့် ပေါင်းလျှင် ဆယ်မိနစ်ပင် ပြည့်မည်မထင်ပါ။ သို့ပေမဲ့ အအေးကတော့ဖြင့် မိဖြစ်အောင် မိခဲ့ပေပြီ။

ဩော် ... ဟိုစဉ်တုန်းကဖြင့် ဆံပင်ကလည်း ကောင်းလှသည်မို့ တစ်ပတ် တစ်ခါခေါင်းမလျှော်ရလျှင် မနေနိုင်ခဲ့ပေ။ ဆံပင်အကြောင်းကို တွေးမိတော့ နှမြောတသ စိတ်တွေပြန်ဝင်လာပြန်သည်။ မှိတ်ထားသော မျက်လုံးကို အသာဖွင့်ကာ ပေါင်းတည်ခြည်ထောင်ဇာပါးပါးကို ထွင်းဖောက် ၍ ဝိုးတဝါး မြင်နေရသော အခန်းနံရံပေါ်က ကြွပ်ကြွပ်အိတ် တစ်လုံးကို ငေးမောကြည့်နေမိပြန်သည်။

ထိုအိတ်ထဲမှာ ဆံပင်ခြည်ထွေးများ ပြည့်လုပြည့်ခင် ရှိနေသည်။



www.burmeseclassic.com

ဆေးဒဏ်ကြောင့် ဆံပင်တွေ ကျွတ်လာသည်ကို သတိထားမိသည့် နေ့မှစ၍ တစ်နေ့တစ်ခါ သို့မဟုတ် နှစ်ခါခေါင်းဖြီးတိုင်း ကျွတ်ထွက်လာသော ဆံပင်များကို လက်ညှိုးဖြင့် ရစ်ပတ်စုသိမ်း ဆံခွေလိပ် ပုံသဏ္ဌာန် ကလေးဖြစ်အောင်လုပ်၊ ထိုအိတ်တွင်းသို့ မှန်မှန်ထည့်ကာ စုဆောင်းလာခဲ့သည်။ အခုဆိုလျှင် သုံးလပင်ကျော်ခဲ့ပေါ့။ အလတ်စားအရွယ် ကြွပ်ကြွပ်အိတ်နှင့်ပင် မဆံ့တော့၍ အကြီးစား ကြွပ်ကြွပ်အိတ်တွင်းသို့ ပြောင်းထည့်ထားရသည်။

ထိုအပြုအမူကို အိမ်သားများပင် နားမလည်နိုင်ဘဲ–

"ဘာလုပ်ဖို့လဲ ဒီဆံပင်ခြည်ထွေးတွေ"ဟု မေးကြတော့ ကိုယ်က သုတေသနလုပ်ကြည့်နေတာ"ဟု ခပ်တည်တည် ပြောခဲ့ဖူးသည်။ "ဘာ သုတေသနလဲ"ဟု အံ့သြစွာ ဆက်မေးသောအခါ–

"တစ်ခေါင်းလုံး ပြောင်အောင် ကျွတ်ကုန်တဲ့အထိ အချိန်ဘယ်လောက်ကြာသလဲဆိုတာရယ်၊ ဆံပင်ဘယ်လောက်ရမယ် ဆိုတာရယ်သိချင်လို့"ဟု ခပ်ရွှင်ရွှင် ပြောခဲ့ဖူးသော်လည်း တကယ်လည်း ထိုအတိုင်း သိချင်စိတ်မှ လွဲလျှင်အခြား ဘာရည်ရွယ်ချက်မှ မရှိပါပေ။

ဖြန့်ချထားလျှင် တင်ပါးအောက် ရောက်သည်အထိ ရှည်ခဲ့သော ဆံပင်၊ စုကိုင်သိမ်းရစ်လျှင် လက်တစ်ဆုပ်မဆံ့အောင် ထူထဲအုံကောင်းခဲ့သော ဆံပင်။ မိခင်ထံမှရခဲ့သည့် တစ်ခုတည်းသော အလှအမွေကို ပြန်လည်တမ်းတ မြင်ယောင်နေမိပြန်လေသည်။

အခုအခါမှာတော့ ဦးခေါင်းထက်မှာ ယခင်က ကျက်သရေရှိစွာ ဝင့်ထည်ခဲ့ဖူးသော နှစ်ပတ်လျှိုဆံထုံး ပုံပုံကြီးအစား ဆံထုံးတော်ကြီး တမာသီးက နေရာယူနေခဲ့ပေပြီ။ တင်စားပြောသည်မဟုတ်ဘဲ တကယ်ပင် တမာသီးပမာဏခန့်သာ ကျန်တော့သည့် ဆံထုံးပါပေ။

ထုံးဖွဲ့၍ မဖြစ်အောင် ဆံပင်များ နည်းလွန်းလာသောအခါ ဆံပင်အကျွတ်သက်သာလို သက်သာငြား ကျောလယ်လောက်ဆီမှ ဖြတ်ချ



www.burmeseclassic.com

လိုက်ရတော့သည်။ ပြီးတော့ ခေတ်ပေါ်ဆံထိုး၊ ဆံညှပ်၊ ကလစ်၊ ဖဲပြား တွေနှင့် ဆံပင်နည်းခြင်းကို ဖုံးကွယ်ရပြန်ရာ၊ အသက်ကြီးကာမှ ဟော့ရှော့ ဒီဇိုင်းနှင့် သူငယ်ပြန်ချင်သူဟု မေတ္တာထားကြမည်ဆိုလျှင်လည်း ကုသိုလ် ကံပါပဲ။

အင်း…ပေါလီယာနာ အတွေးနှင့် ဖြေသိမ့်ရမည် ဆိုလျှင်တော့ ခုလို ကျန်းမာရေးညံ့နေပုံမျိုးနဲ့ ဆံပင်နည်းတာနဲ့ အတော်ပါပဲလေ။။ ခုတောင် ဖျားသွားသေးတာ။ အရင်က ဆံပင်နှင့်ဆို မတွေးဝံ့ပြီ။

ယခုအခါ ဟိုစဉ်က ငါမဟုတ်ပြီကို လေးလေးနက်နက် ခံယူသိမှတ် ထားခဲ့သည်မှာလည်း လေးငါးနှစ်မျှပင် ကြာခဲ့ပါပြီ။ သိနေ၊ ဆင်ခြင်နေသည့် ကြားမှ တစ်ခါ၊ တစ်ခါ အခုလို ဖောက်လာတတ်လျှင် သည်းခံစိတ်ရှည်မှု တွေက ကုန်ဆုံးသွားချင်တော့သည်။ ဖြစ်ချင်ရာဖြစ်ဟု နှစ်လိုစိတ်တွေ၊ မြန်မြန်သေလည်း အေးတာပဲဟု နေမထူးထင်လိုစိတ်တွေ ပေါ်လာ တတ်သည်။ “ဒီလိုနဲ့ပဲ နောက်ထပ် ငါနေရလှ လေးငါးနှစ်ပေါ့”ဟု စိတ်လျှော့တတ်လာသည်။

ခက်သည်က ဆီးကျောက်ကပ်ဟုပဲဆိုဆို အဖောအရောင်ဟုပဲ အမည်တပ်တပ် သည်ရောဂါမျိုးက ချက်ချင်း မသေနိုင်သော ရောဂါဖြစ်နေ ခြင်းပင်။ နာတာရှည် မတ်တတ်နာ၊ ပြီးတော့ ဝဋ်နာ ကံနာ အမျိုးအစားထဲ တွင်လည်း ပါနေလိမ့်မည် ထင်ပါရဲ့။

ငါ့နှယ်နော်၊ ဖြစ်ခြင်းဖြစ် မိုးမိုးတို့လို နှလုံးရောဂါပဲဖြစ်လိုက် ရောပေါ့။ မိုးမိုးတို့များ ဘယ်လောက် ကုသိုလ်ကောင်းလိုက်သလဲ။ ငါ့လို နှစ်တွေအကြာကြီး ဝေဒနာခံစားမနေရဘဲ တစ်ညတည်းနဲ့ ကိစ္စပြတ် တာပဲ၊ မိုးမိုး၏သေခြင်းတရားအပေါ် အခါခါ အားကျနေခဲ့ဖူးသည်။

ဒါပေမဲ့ သေတာဒီလောက်မြန်တော့လည်း မကောင်းတာ ကလေး တွေရှိနေနိုင်သေးသည်။ သူ့ယောကျ်ားနှင့် သားသမီးတွေ အသက်မှ မီလိုက်ကြရရဲ့လားမသိ။ သေခါနီးဘယ်သူ့ကိုမှ တွေ့မသွားရသော၊



www.burmeseclassic.com

ဘာမျှမမှာကြားလိုက်ရသော အဖြစ်မျိုးကိုတော့ မကြုံချင်။ ရုပ်ရှင်တွေထဲမှာလို သားချင်းများပတ်လည်ဝိုင်းလျက် အမောဖောက်နေသည့် ကြားမှ တဖွဲ့တနွဲ့ ပြောဆိုမှာကြားလျက် ပြောစရာ စကားတွေ ကုန်တော့မှ မေးကလေးတစ်ချက် ဆတ်ကာ ထွက်ခွာသွားချင်သည်။

ဘာပဲဖြစ်ဖြစ် ကိုယ်သေမည့်အချိန်ကို လပိုင်းရက်ပိုင်းမျှလောက်တော့ ကြိုသိနိုင်ကောင်းပါရဲ့။ အင်း...ဒီလိုတွက်တော့လည်းကျောက်ကပ်ရောဂါနဲ့သေတာကမှ ခပ်ကောင်းကောင်းပါပဲလားဟု ကိုယ့်ရောဂါကို ကြိုက်ချင်သလို ဖြစ်သွားပြန်သည်။

ကဲ...အချိန်ရတုန်း စီစဉ်စရာရှိတာတွေကို စဉ်းစားထားဦးမှ။ သေတော့မယ်လို့ သိနေနိုင်တဲ့ ရက်ပိုင်းအလိုမှာ ဘာတွေစီစဉ်ထားခဲ့ရလေမည်လဲ။ အရေးအကြီးဆုံးကတော့ ကြွေးတွေဆပ်သွားဖို့ပဲဟု တွေးသည်။ နောင်ဘဝထိ မြေပါမသွားချင်ပါ။ ကြွေးကိုတော့ ကြောက်လှသည်။ ဘယ်လောက်အထိ ကြောက်ခဲ့သည် ဆိုတာကိုပင် ပြောပြချင်သေးသည်။

သည်ရောဂါ ကပ်ငြိခါစ ဟိုးလွန်ခဲ့သော ၅ နှစ်ကျော်လောက်ကပေါ့။ ထိုစဉ်ကတော့ အနောက်တိုင်း ဆေးများကို အားကိုးစွာ ဆေးရုံပေါ်ရောက်သွားလိုက်သေးသည်။ ဆေးရုံက ရောဂါရှာဖွေပေးပြီး သောက်ဆေးတွေညွှန်းလိုက်သည်။ ထိုဆေးများကို စိတ်ရှည်လက်ရှည် သောက်နေရစဉ် ၂ နှစ်တာမျှသော ကာလအတွင်း သုံးလတစ်ကြိမ် ဆေးစစ်ခံသွားရသည်။ တစ်ကြိမ်မှာတော့ သူ့ထံမှာ ဆေးခဏခဏ တောင်းဖူးနေ၍ ခင်မင်နေသောအပြာဝတ် ဆရာမကြီးက–

"ကျောက်ကပ် အစားထိုးမလား"ဟု မေးလေသည်။ အနောက်နိုင်ငံမှ ပါရဂူများ လာရောက်၍ ကျောက်ကပ်အစားထိုး ကုသမှုကို လက်တွေ့ပြသ သင်တန်းပေးမည်တဲ့။ အစမ်းသပ်ခံလုပ်ရန် ဆန္ဒရှိသူ လူနာငါးဦးမျှ လိုသည်ဖြစ်ရာ ဆရာမကြီးက ခင်မင်သူမို့ အခွင့်အရေးပေးသည့်အနေဖြင့် မေးခြင်းပင်။ ထိုစဉ်က ခဏမျှပင် စဉ်းစားတွေဝေ

www.burmeseclassic.com

မနေဘဲ ခေါင်းခါပြခဲ့ဖူးလေသည်။ ကျောက်ကပ် အစားထိုးမည့်သူမှာ သွေးအနီးဆုံး သားချင်းတစ်ယောက်ယောက်ထံမှ ကျောက်ကပ်တစ်ဖက်ကို ယူရဦးမည်တဲ့လေ။

မယူချင်ပါ။ ကိုယ့်အသက်အတွက် သူ့အသက်တစ်ဝက်ကို တောင်းခံခြင်းပါပဲ။ မတောင်းချင်ပါ။ ကိုယ်က တောင်းခံလိုက်လျှင် သားချင်းတွေ၏ မျက်နှာပေါ်မှာ ဖြစ်ပေါ်လာမည့် တွေဝေတွန့်ဆုတ်မှု အနည်းငယ်မျှကိုပင် မမြင်လိုပါ။ လူ ဆိုသည်ကား ကိုယ့်ကိုယ်ကိုသာ အချစ်တတ်ကြဆုံး သူများဟုသာ ယုံကြည်ပါသည်။ ပြီးတော့ သူများသွေးသားကို တောင်းယူထည့်ထားခြင်းဖြင့်လေးငါးနှစ်မျှ ပိုရှည်ရမည်ထင်သော အသက်တာမှာ ပျော်ရွှင်စရာ ကောင်းလှလိမ့်မည်ဟုလည်း မယုံကြည်ပါ။

ကိုယ့်အတွက် ပေးလိုက်ရသော သူ့အသက် တစ်ဝက်ကြောင့် သူ့မှာ လောလောဆယ်တွင် ကုသိုလ်ရချင်ရသွားမည် ဖြစ်ပေမဲ့ နောင်တစ်ချိန်ချိန်မှာ သူ့၌ တစ်ဖက်တည်းသာ ကျန်ခဲ့တော့သော ကျောက်ကပ်က တိုက်ဆိုင်စွာ ကံဆိုး၍ ပျက်စီးသွားခဲ့ပါလျှင် သူ့ရင်၌ မည်သို့ရှိလေမည်လဲ။ ကိုယ့်ကို ပေးခဲ့ခြင်းအတွက် သူ နောင်တရ ငြူစူမိလေမည်လား။ ထိုအခါ သူပြုခဲ့လေသောကုသိုလ်အတွက် သူ့၌ အကုသိုလ်စိတ် တစ်ဖန်ဖြစ်ရပြန်လေဦးမည်။ သူက မငြူစူသည့်တိုင် ထိုအသက် တစ်ဝက်ကြွေးကို သံသရာအထိ ယူမသွားချင်တော့ပေ။ မာနကြီး တစ်ခွဲသားနဲ့ဟုတော့ မဆိုစေချင်ပါ။ အားနာတတ်ခြင်းသာ ဖြစ်ပါသည်ဟု ရှင်းပြချင်ပါသည်။

ကဲ...အကြွေးဆပ်တော့မည်။

ငွေကြေးအနေနှင့်ကတော့ အကြွေးမရှိ။ မည်သူ့ထံကမှ အချေးအငှားမလုပ်ခဲ့ဘူး။ ထို့အတူ သူများဆီကလည်း ပြန်ရစရာကြွေးအထူးအတွေ မရှိလှ။ ငွေလိုနေသည့် သူငယ်ချင်းအချို့အား ချေးခဲ့ဖူးသော ငွေပမာဏ မဖြစ်စလောက်ကိုမူ ချေးစဉ်ကပင် "နိဗ္ဗာန ပစ္စယောဟောတု" ဟု သဘောထားခဲ့ပြီးသားပင်။



www.burmeseclassic.com

ငွေအကြွေး ကိစ္စက ရှင်းပေမင့် ပေးဆပ်စရာ ကျန်နေသေးသော ကျေးဇူးကြွေးကတော့ ရှိနေမည်ပင်။ အထူးသဖြင့်ကတော့ အမေ့အပေါ် တင်နေတော့မည်ဖြစ်သော ကျေးဇူးကြွေးပါပဲ။ အမေ့ကျေးဇူး ကြွေးကို သည်ဘဝမှာတော့ဖြင့် ကျေအောင် မဆပ်နိုင်တော့ပြီ။ နောင်ဘဝ ကျမှပဲ ပေါင်းစပ်ပါရစေတော့ အမေ။ အမေ၏ မွေးကျေးဇူး၊ ကျွေးကျေးဇူး တွေကို သာမက နာမကျန်းသော သမီးအား တောက်လျှောက် ပြုစုခဲ့သည့် ကျေးဇူးကိုပါ ဘယ်လိုပင် ပြန်ဆပ်ဆပ် တစ်ဘဝတည်းနှင့် ကျေနိုင်တော့မည် မထင်။ သမီးက အမေကို မပြုစုရဘဲ အမေကချည်း ပြန်၍ သမီးကို ပြုစုခဲ့ ရသည်မှာ ကြာခဲ့ပြီ။ အမေကား သမီးနှင့် ဆန့်ကျင်လှစွာ ကျန်းမာရေး ဒေါင်ဒေါင်မြည်နေသူ။ နာစေးချောင်းဆိုးမျှပင် မဖြစ်သူ။

"အမေ အရင်သေပါရစေ"ဟု ညစဉ်တောင်းခဲ့သော ဆုအတွက် တစ်ကိုယ်ကောင်းဆန်သူဟု အများက သတ်မှတ်လျှင်လည်း ကျေနပ်စွာ ခံပါမည်။ အမေ့ကြွေးကိုတော့ နောင်ဘဝကျမှပဲ ဆပ်တော့မည်။ ဆရာများ၏ ကျေးဇူးကြွေးကိုလည်း အမေ့ကြွေးနည်းတူနောင်ဘဝသို့ပင် ယူဆောင် သွားရပေဦးမည်။

ပြီးတော့ မပြီးပြတ်သေးသည့် အလုပ်ကြွေးကလေးတွေ၊ ကတိကြွေး ကလေးတွေ ရှိဦးမည်။ လုပ်နိုင်သလောက် လက်စသတ်နိုင်အောင်တော့ ကြိုးစားခဲ့ရသည်။ ကတိကြွေးဆိုလို့ ညီမငယ်အတွက် ဆွယ်တာတစ်ထည် ထိုးပေးမည်ဟု ကတိပေးထားဖူးတာ လည်းရှိသေးသည်။ စထိုးနေရာ ရှေ့ခြမ်းနှစ်ဖက်ပင် ပြီးခဲ့ပြီ။ အလျားကျယ် သောကျောခြမ်း အလုည့်ရောက် တော့ လက်က မသွက်တော့ဘဲ တန့်နေတော့သည်။ ကျောခြမ်းမှာပဲ တန့်နေတာ သိပ်တော့ မကြာသေးပါဘူး။ ၂ နှစ်လောက်ပဲရှိသေးထင်ပါရဲ့။ အစောပိုင်းက အငယ်မခမျာ ခဏခဏ စိတ်ကောက်ပြနေသေးသော်လည်း ယခုအခါ ဘာမှ မပြောရှာတော့ပြီ။ စိတ်လျှော့သွားတာလား။ အစ်မ နာတာရှည်ကို အားနာသွားတာလား မဆိုနိုင်ပေ။ လာမည့် ကျောင်းရက်ရှည်



www.burmeseclassic.com

အပိတ်မှာတော့ ပြီးပြတ်အောင် ထိုးပေးရပေဦးမည်။ ဒါမှ "အစ်မကြီး မသေခင် ထိုးပေးသွားတဲ့ အင်္ကျီပေါ့"ဟု သူစိတ်လိုလက်ရရှိလျှင် အမှတ်တရ ပြောစရာကျန်ခဲ့ ပေလိမ့်မည်။

လောလောဆယ် တင်နေသော အလုပ်ကြွေးတွေထဲမှာ ဆယ်တန်း တပည့်တွေအတွက် ဘောဂဗေဒ မှတ်စု ထုတ်ပေးရဦးမည့်ကိစ္စ၊ ကတိ ပေးထားမိသော မင်္ဂဇင်းအချို့အတွက် စာမူရေးရဦးမည့် ကိစ္စတွေလည်း ပါနေသေးသည်။ ထိုကတိကြွေးများ ကျေလျှင် နောက်ထပ်ကတိကြွေး မပေးမိဖို့ သတိထားရဦးမည်။ ကိုယ်က အားနာတတ်၊ နှုတ်လွယ်တတ်သူ၊ နားအေးလျှင်ပြီးရောသဘောနှင့် လွယ်လွယ်ခေါင်းညိတ်တတ်သူဖြစ်ရာ ကတိကြွေး ထပ်တင်ဖို့ကလည်း မခဲယဉ်းပြန်ပါပေ။

လောကီ အကြွေးကိစ္စပြီးလျှင် နောက်လုပ်ရမည်က သံသရာအတွက် ကိုယ်ယူသွားရမည့် ကုသိုလ်အလုပ်ပဲဖြစ်သည်။ အမှန်က သည်အလုပ်ကို ပို၍ အလေးအနက်ထား ဦးစားပေးကာ လုပ်ဖို့ကောင်းသည်မှာ အမှန်ပင်။ လူဖြစ်လာကတည်းက အကုသိုလ်အလုပ်ကို များစွာ မလုပ်ခဲ့သူဖြစ်ရာ အပါယ်ကျမည်ကို မစိုးရိမ်လှဘဲ ကုသိုလ်ကိုလည်း များများမလုပ်ဖြစ်ဘဲ အသက်ကသာ တရွေ့ရွေ့ ကြီးလာခဲ့ရသည်။ အခုတော့ ကိုယ့်အတွက် အချိန်များစွာမကျန်ပြီဟု ယူဆနေတော့သည်မို့ ကုသိုလ်ရေးဘက် အချိန်မီ ဦးလှည့်ရတော့မည်။ ဆရာများကလည်း တရားထိုင်ဖို့ ဝိပဿနာလုပ်ဖို့ အလေးအနက် တိုက်တွန်းကြပါ၏။ ခက်သည်မှာ ကိုယ်တိုင်က စိတ်ပါ လက်ပါ မရှိလှသေးခြင်းပင်။ လောကုတ္တရာရေးကိုတော့ စိတ်မပါဘဲ လူမြင်ကောင်းရုံ ညာဝါးမလုပ်ချင်။ လုပ်တော့မယ်ဟော့ ဆိုလျှင်လည်း နည်းမှန် စနစ်မှန်မှန်နှင့် စိတ်လက်ပါပါ ထိထိရောက်ရောက် လုပ်ချင်လှ သည်။

စိတ်ပါလာဖို့ ဆိုတာက လေ့ကျင့်ပျိုးထောင်ယူရတာပဲဟု တချို့က လည်း ဆိုကြသည်။ သူတို့ ပြောသည်မှာလည်း ဟုတ်နိုင်လောက်ပါသည်။



www.burmeseclassic.com

ကျန်းမာရေး ဒေါင်ဒေါင်မြည်နေစဉ်က ညအိပ်ရာဝင်မှာပင် ဘုရားမှန်မှန် မရှိခိုးဖြစ်ခဲ့ဘဲ နာမကျန်းတော့မှ သေရမှာ ကြောက်သောစိတ်နှင့် ဘုရားမှန်မှန်ရှိခိုးဖြစ်ခဲ့ပြီး အပါယ်လားမည်ကို စိုးရိမ်စိတ်နှင့် သရဏဂုံ (၃)ပါး ပုတီးပတ်ကို နေ့စဉ်မှန်မှန်စိပ်ကျင့်ရခဲ့ပြီး ဓာရဏပရိတ်တော်ကိုလည်း နေ့စဉ်မှန်မှန် ရွတ်ကျင့်ခဲ့ရပြီ။

တကယ်တော့ ကိုယ်ကသာ တက်ကြွစွာ ခေါင်းညိတ်လိုက်ပါ။ ကိုယ့်ဘေးမှ ဘုရားတရားနှင့် နီးစပ်လှသော ကိုယ့်ကိုလည်း ကူညီချင်ကြလွန်းသော အပေါင်းအသင်းတွေ တစ်ပုံတစ်ပင်ကြီးပါပေ။ လူငယ်ပေမင့် ဘာသာရေးအလှူခံ ဖြတ်ပိုင်းဖြတ်သော အလုပ်ကို ဝါသနာပါသည်။ သန်းသန်းဌေးကလေးက လှိုင်မဟာစည်ဆက်ပဲ။ မဟာစည်ကြီးကို သွားချင်လျှင်တော့ ခင်မေဝင်းရှိသည်။ သူငယ်ချင်း မမသိန်းကမူ မိုးကုတ်ဝိပဿနာဘက်သွားဖို့ အဖော်စပ်ဖူးသည်။ တစ်ယောက်ယောက်နှင့် အလုပ်ဖြစ်အောင်တော့ ဆုံးဖြတ်ရဦးမည်။

ပြီးတော့ သံယောဇဉ်တွေ၊ အချစ်အမုန်းတွေကို တတ်နိုင်သမျှ ဖယ်ခွာဖို့လည်း ကြိုးစားရဦးမည်။ ပြောသာ ပြောရသည်။ တကယ်တော့ သံယောဇဉ်ဆိုလို့မည်မည်ရရ ရှိလှသည်မဟုတ်ပါ။ သားချင်းတွေထဲမှာလည်းနောက်ဆံတင်းစရာ လူမရှိ။ သူ့အထိုက်အလျောက်တော့ နေတတ်၊ စားတတ် သွားကြမည့်သူများဟုသာ ယုံကြည်ထားမြဲ ဖြစ်ပါသည်။ တချို့ဆို ကိုယ့်ထက်ပင် အခြေနေကောင်းနေကြသေး။ အမေ့အတွက်ကလည်း ပူစရာမလိုပေ။ အမေ့မှာ အဖေထားခဲ့သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းထုထည် အတန်အသင့်နှင့် လူလားမြောက်ပြီးဖြစ်သော သားသမီးငါးယောက် ကျန်နေသေးသောကြောင့်ပင်။

ပြီးတော့ မိထွေးနှင့် တွေ့မှာကိုစိုးရိမ်ခဲ့ရမည့် သားသမီးရင်းချာများလည်း တစ်ယောက်မျှမရှိ။ "တစ်ပင်ထူရစ်ပေတော့"ဟု သွားမိန်းမယ် မှာခဲ့ရမည့် မောင်ကြီးလည်းမရှိ။ တကယ်တော့ အပျိုကြီးဆိုတာ



www.burmeseclassic.com

အသေဖြောင့်တဲ့လူတွေပဲဟု သူငယ်ချင်းလုပ်ဖော်ကိုင်ဖက် တစ်ဦးက ပြောခဲ့ဖူးသည်လေ။

ဘဝမှာ အဖော်မရှာဖြစ်ခဲ့ခြင်းအတွက် တစ်ခါတစ်ရံလည်း နောင်တရလိုက်၊ အခါများစွာမှာတော့ ပေါ့ပါးလွတ်လပ်စွာ ပျော်ပျော်နေလိုက်နှင့် အချိန်တွေ ကုန်ဆုံးခဲ့ရာ ခုတစ်ခါလောက် "တော်ပါသေးရဲ့"ဟူသော အတွေးမျိုး မဝင်ခဲ့ဖူးပေ။

ခုလို နာတာရှည်ဖြစ်နေပုံမျိုးနဲ့ဆိုလျှင် ယောက်ျားက ပစ်ပြေးတာကြာလှပေါ့။ သားသမီးတွေကလည်း လိမ္မာကြဦးမှ၊ မဟုတ်လျှင် ကိုယ့်ကို သနားကြရုံကလွဲလို့ ထိထိရောက်ရောက် လာကြည့်ကြရှုကြမယ် တယ်မထင်ပါဘူး။ အို...သူ့မှာ ယောက်ျားနဲ့ သားသမီးတွေ အရှိသားပဲရယ်လို့ လျစ်လျူရှုထားကြမှာ အမှန်ပါပဲ။ အခုတော့ သားချင်းတွေရဲ့ စိတ်ထဲမှာ အနည်းဆုံး "ဉာတကာနဋ္ဌ၊ သင်္ဂဟော" အရပဲဖြစ်ဖြစ် "တို့အစ်မကြီးကို တို့ပဲ ကြည့်ကြရမှာပဲ"ရယ်လို့ တွေးကြလိမ့်မယ် ထင်ပါရဲ့။ ပြီးတော့ ပိုပြီး ကံကောင်းနေသေးတာက အမေရှိနေသေးတာပါပဲ။

သံယောဇဉ် နည်းသည့် ဘဝကို ခုမှပဲ ကျေနပ်ရကောင်းမှန်း ပိုသိလာခဲ့ပြီ။ ရှိနေဆဲ သံယောဇဉ်တွေကိုလည်း ဖြတ်တောက်ပစ်နိုင်ဖို့ ကြိုးစားရဦးမည်။ အချစ်ကို ဖြတ်တောက်ပစ်ခြင်းဟု ဆိုကြပါစို့။ အချစ်ကို ဖြတ်သလို အမုန်းကို ဖယ်ခွာပစ်ခဲ့ဖို့လည်း ကြိုးစားရဦးမည်ပင်။ ထိုအလုပ်ကလည်း မလွယ် လှသေး။ ဘဝမှာ အကြောင်းကြောင်းတွေကြောင့် အမုန်းနှင့် ခွဲခွာခဲ့ကြ ရသော မိတ်ဟောင်းတချို့ရှိဖူးပေရာ အားလုံးအပေါ် အမုန်းများ ဖြေလျော့ပြီ ဖြစ်ကြောင်း နှုတ်ဆက်စာ တစ်စောင်စီလောက်တော့ ရေးသားနိုင်ဖို့ အားတင်းရဦးမည်။

နှုတ်ဆက်စာဆိုလို့ ရေးချင်နေသည့် စာတစ်စောင်အကြောင်း သတိရသွားပြန်သည်။ ဟိုး...နှစ်ပေါင်းများစွာကတည်းက နားလည်မှုလွဲခြင်းများစွာ၊ ခွင့်လွှတ်ခြင်းများစွာနှင့် ခွဲခွာခဲ့ပြီးဖြစ်သောသူတစ်ယောက်ထံ



www.burmeseclassic.com

ရေးချင်နေသည့်စာပါပဲ။ သူနှင့် သူငယ်ချင်းဘဝ လုပ်ဖော်ကိုင်ဖက်များ ဘဝတွင် အနေနီးနေကြစဉ်ကတည်းကပင် နှစ်ဦးကြားမှာ အလုပ်သဘော ဆန်သော စာအနည်းငယ်မှ လွဲလျှင် နှလုံးသား ခံစားချက်ပါသော စာမျိုး တစ်စောင်မျှပင် မရေးခဲ့ကြဘူးလေ။ နှုတ်အားဖြင့်လည်း ပြောရန် မလိုခဲ့ကြ။ မပြောဘဲ သိနေနိုင်သော နားလည်ခြင်းပေါင်းများစွာထဲမှာ သူ့မာနကို နားလည်ခဲ့တာ၊ စွန့်လွှတ်အနစ်နာခံတတ်သော သူ့စိတ်ဓာတ် ကို မြတ်နိုးခဲ့တာတွေက အဓိကကျမည်။

သူ့ကို အစဉ်အဝေးမှ သတိရနေခဲ့တာတွေ၊ မအောင်မြင်သော သူ့လုပ်ငန်းများအကြောင်း ကြားရတော့ ဝမ်းနည်းခဲ့ရတာတွေ၊ အထီးကျန် ဘဝဖြင့် သူ ရုန်းကန်နေဆဲအဖြစ်ကို ကြားရစဉ် သူ့အပါးသို့ ပြန်လည် ပြေးသွားလိုစိတ် ပြင်းထန်ခဲ့တာတွေ၊ သို့ပေမဲ့ သူလိုပဲ သိသိပ်မာနကြီးတတ် သော စရိုက်ကြောင့် သူနှင့် ဝေးရာမှာပဲနေဖြစ်သွားတာတွေကို ထိုနောက် ဆုံးနှင့် တစ်စောင်တည်းသော စာထဲမှာထည့်ရေးခဲ့ချင်သည်။ သူ့အပေါ် နားလည်ခဲ့သလောက် ကိုယ့်အပေါ်မှာ သူ နားမှ လည်ခဲ့ပါရဲ့လားလို့ သံသယဝင် တွေးထင်ဆဲဖြစ်သောကြောင့်လည်း ထိုနောက်ဆုံးစာကို ရေးခဲ့လိုခြင်းပင်။ သူ့အကြောင်း မကြားရတော့သည်မှာပင် အတန်ကြာခဲ့ပြီ။ သူ့ဘဝ၏ နောက်ဆုံးအပြောင်းအလဲများကိုတော့ ကိုယ်မသိ။ သူ့ဘေးမှာ အဖော်သစ် ရခဲ့ပြီဆိုလျှင်တော့ ထိုနောက်ဆုံးစာကို ရေးဖို့လိုတော့မည် မဟုတ်ပေ။

အို…ဘယ့်နှယ်။ သံယောဇဉ် ဖြတ်ပါမယ်လို့ ဆုံးဖြတ်နေတဲ့ကြားက နောက်ဆုံးအချိန်အတွက် ငါ စိတ်ကူးယဉ်နေဆဲပါလားဟု သတိရသွားတော့ ရယ်မောလိုက်မိသည်။ အင်း…ဒီလို စိတ်ကူးယဉ်နေနိုင်တယ်ဆိုကတည်းက ငါ့အခြေအနေက သိပ်အဆိုးကြီး မဟုတ်သေးလို့ နေမှာပါပဲဟု အားတင်း မိပြန်သည်။

ထိုခဏမှာပင် အရွေးဓာတ်တွေ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ရောက်



www.burmeseclassic.com

လာနေပြီကို ခံစားသတိထားမိလာသည်။ ခိုက်ခိုက်တုန်နေသော အချမ်းတွေ လွင့်စဉ်ပျောက်ကွယ်သွားပေပြီ။ စောင်များကို ပိုမိုတင်းကျပ်စွာ ရစ်ပတ်ထားလိုက်သည်။

မကြာခင်ပင် တစ်ကိုယ်လုံး အပူပြန်လာတော့သည်။ အဖျားသွေး အရှိန်နှင့် မိန်းမောကာ မေးခနဲတစ်ချက်ငိုက်မျဉ်းသွားလိုက်သေးသည်။ ချွေးစို့ကာ အပူကျသွားတော့မှ ဖျတ်ခနဲလန့်နိုးရပြန်သည်။ ထိုအခါ ချွေးစို့ အဝတ်များကို ထလဲရပြန်သည်။ တုန်ယင်ခြင်း မရှိတော့ပေမင့် အားနည်းကာ မူးရိပ်ရိပ်ဖြစ်နေသည်။ နာရီကို ကြည့်လိုက်တော့ သန်းခေါင်ကျော်သွားပေပြီ။ အိမ်သားများ အိပ်ရာဝင်ကာ အိပ်ပျော်ကုန်ကြပြီမို့ တစ်အိမ်လုံးလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ အိမ်မြှောင်စုတ်ထိုးသံ ပုရစ်အော်သံ၊ တစ်ခါတစ်ရံအဝေးမှ သဲ့သဲ့ ပျံ့လွင့်လာတတ်သော ခွေးဟောင်သံတို့ကိုသာ ကြားနေရသည်။

အဝတ်လဲပြီးတော့ စာကြည့်မီးအိမ် အလင်းရောင်ဖြင့် ကိုယ့်မျက်နှာကို မှန်ထဲမှာ အဓိပ္ပာယ်မဲ့ ပြန်ကြည့်နေမိပြန်သည်။

ပိန်ကျသွားသဖြင့် ခပ်သွယ်သွယ် အနေအထားသို့ ပြောင်းသွားသော မျက်နှာပေါက်ကို မြင်ရသည်။ မို့အစ်မျက်ခွံများအစား ဟောက်ပက် မျက်တွင်းများရောက်နေသည်။ နားထင်နှင့် ပါးခွက်များ သိသိသာသာ ချိုင့်ဝင်သွားသည်။ မထူမပါး မျက်ခုံးမှာ နိမ့်သွားသော မျက်တွင်း၏ အရိပ်ကြောင့် ပို၍နက်မှောင်လာသယောင်၊ ပေါ်လွင်သော နှာတံကလည်း မျက်တွင်းချိုင့်များကြောင့် ပို၍ ဖြောင့်တန်းလာသယောင်၊ ပင်ကိုက ပြူးသောမျက်လုံးများကတော့ အထူးဆိုဖွယ် မရှိပြီ။ ငါ တော်တော် ရုပ်ပြောင်းသွားတာပဲ။ အံ့မယ် ဒါပေမဲ့ အခု ရုပ်ကတောင် ပိုချောနေသလိုပဲ ဟဲ...ဟဲ။

ပိန်နေသော ကိုယ့်ရုပ်ကို ကိုယ့်ဘာသာ တော်တော်သဘောကျသွားသည်။ တစ်ကိုယ်လုံး ဖောရောင်ပြည့်ဖောင်းနေသော ဖိုးဝရုပ်မျိုးနှင့်



www.burmeseclassic.com

အနေကြာခဲ့စဉ် ကိုယ့်ရုပ်ကို အတော်ငြီးငွေ့နေခဲ့ပြီ။ ဆင်ခြေထောက် အသေးစားလို ခြေခုံမို့မို့များကြောင့် လူတွေက ကိုယ့်ကိုမြင်လျှင် မျက်နှာကိုပင် မကြည့်ချင်ကြတော့ဘဲ ခြေထောက်များဆီသို့သာ စိတ်ဝင်တစား ငေးမောကြည့်တတ်ကြလွန်းတော့ လုံချည်ကို ခြေဖမိုးဖုံးအောင် တရွတ်ဆွဲဝတ်ဖြစ်လာသည်။

ခြေသလုံးပေါ် ထဘီတိုတို ဖက်ရင်ဖြင့် ကျောင်းတက်ချင်တတ်ကြသော တပည့်မအချို့အား ထဘီဝတ်နည်းကို လက်တွေ့ပို့ချပေးနေသလိုလို။

တစ်ခါတစ်ရံတွင်လည်း "ဝလာတယ်နော်"ဟု ပဋိသန္ဓာရပြုသလိုနှင့် စပ်စုလာကြသူတချို့အား စိတ်အချဉ်ပေါက်စွာ "ဝတာမဟုတ်ဘူးဟေ့၊ ဖောနေတာ"ဟု တဲ့တိုးပြောချမိတတ်သည်။ ပြီးမှ တိုသွားသောစိတ်ကို ပြန်ထိန်းကာ ကိုယ့်ရောဂါအကြောင်း ပြန်ရှင်းပြရခြင်းကို စိတ်ရှည်ရှည်ထားလုပ်ရပြန်ရော။ ကြာတော့ သည်အဖြစ်ကိုပင် ငြီးငွေ့လာတော့သည်။ လူများစွာနှင့် မတွေ့ချင်တော့ စကားရှည်ရှည်လည်း မပြောချင်တော့။ အထီးကျန်စွာ နေတတ်လာခဲ့သည်။

သည်ရောဂါဖြစ်မှ လူအတော်များများ၏ အတွင်းစိတ်များကိုလည်း ထွင်းဖောက်သိမြင်လာနိုင်ခဲ့ပြီဖြစ်၏။ ကိုယ့်အပေါ် အမှန်တကယ် စာနာသနားသူလား၊ အပေါ်ယံ စုတ်တသပ်သပ်နှင့် အတွင်းကျိတ် ပီတိပွားနေသူလားဆိုသည်ကို အကြည့်တစ်ချက် စကားတစ်ခွန်းနှင့်ပင် ဆုပ်ကိုင်ဖမ်းယူမိလာတော့ စိတ်ဆင်းရဲရသည်။ တကယ့် စေတနာနှင့် ဆေးမြီးတိုပေးလာကြသူတွေ၊ ဆရာကောင်း သမားကောင်းများထံ လမ်းညွှန်ကြသူတွေ၊ ကောင်းနိုးရာရာဆေးတွေ တကူးတက သယ်ယူပေးလာကြသူတွေကို တွေ့တော့လည်း ငါ့အပေါ် မေတ္တာထားနိုင်သူတွေလည်း ရှိသေးသားပဲဟု အားတက်ရပြန်သည်။

ပြီးတော့ ကျေးဇူးတင်ရမည့်လူတွေလည်း တဖြည်းဖြည်း တိုးပွားလာခဲ့ရပြန်သည်။ အများတကာ၏ ဖေးမရိုင်းပင်းမှု၊ ညာတာနေရာပေးမှုတွေ



www.burmeseclassic.com

ကို ဘယ်လောက်ကြာကြာထိ ယူနေရမည်လဲ။ သူတို့ကကော ဘယ်လောက်ကြာသည်အထိ ပေးနေနိုင်မှာလဲ။ သူသူကိုယ်ကိုယ် ဘယ်သူမဆို သူများကိုချည်း ကြာရှည်တောက်လျှောက် ကြင်နာပြသွားနိုင်ဖို့ကလည်း လွယ်သည့်ကိစ္စမှ မဟုတ်ပေဘဲလေ။ ပြီးတော့ ရေသာခိုချင်စိတ်နှင့် မျှော်ကိုးလိုစိတ်တွေတဖြည်းဖြည်း စွဲဝင်လာကာ ရေရှည်မှာ သည်လို မရသည့်အခါ ပတ်ဝန်းကျင်နှင့် သဟဇာတ မဖြစ်တော့မှာကိုလည်း တွေ့ပူမိပြန်သည်။ အားနာခြင်း၊ အားငယ်ခြင်း၊ မျှော်လင့်ခြင်း၊ ဝမ်းနည်းခြင်းတွေကို ဖိတ်ခေါ်လာလေမည့် ကျေးဇူးတရားတို့ကို မည်သူ့ထံကမှ မရယူချင်တော့ပြီ။

အခုတော့ အဖောတွေကျကာ စလင်းဗျူတီ ဖြစ်သွားပြန်ပါပြီ။ ကျောင်းက "မစည်ပိုင်း" ကလေးများကပင် ကိုယ့်ထံ ဆေးလာတောင်းကြသည်။ သူတို့လည်း သောက်ချင်လှသတဲ့ အာယုဘောဇနအမှတ် ၂ လားတဲ့။

"ဘာ ဘောဇနမှ မဟုတ်ဘူး၊ အဖောကျဆေးတွဲပေးမယ်လေ၊ ဒါပေမဲ့ ကျောက်ကပ် တစ်ဖက်ချင်းတော့ အရင်လဲကြရမယ်"

ဟု ခပ်တည်တည်နောက်လိုက်တော့ သူတို့က နောက်နေမှန်းသိလျက်နှင့်ပင် တွန့်ခနဲဖြစ်သွားကြသေးသည်။

"ကဲ...အခုတော့ ခြေထောက်ရောင်ရောင်နှင့် လိုက်ဖက်လှစွာ နှစ်ပါးသွားခဲ့ရသော သဲကြိုးကွင်းကျယ် ရော်ဘာဖိနပ်များကို ရေချိုးခန်းသို့ ပို့ပစ်လိုက်နိုင်ပြီ။ ကိုယ်အလွန်နှစ်သက်သော လည်းဘီးတံဆိပ် ကတ္တီပါ သဲကြိုးနက် ဖိနပ်ပါးကလေးကို ဟန်ကျပန်ကျ စီးနိုင်ပါပြီ။

အဖောကျသွားသည်မှာ တစ်လကျော် နှစ်လလောက်ပဲရှိဦးမည်။ သည်တစ်ခါကျခြင်းမှာ တတိယအကြိမ်မြောက်ပဲဖြစ်သည်။ ပထမဆုံးအကြိမ် ရောဂါဖြစ်စကတော့ အနောက်တိုင်းဆေးများကို အားကိုးစွာ ဆေးရုံပေါ် ရောက်သွားလိုက်သေးသည်။ တစ်သက်မှာ သည်တစ်ခါသည်းသာ ဖြစ်ပါစေတော့ဟု အကြိမ်ကြိမ် ဆုတောင်းရဖူးသော ဆေးရုံ၏



www.burmeseclassic.com

အတွေ့အကြုံများကိုကားအကျယ်တဝင့်ပြန်မတွေးချင်ပြီ။ ဘာပဲဖြစ်ဖြစ် ဆရာကောင်း သမားကောင်းများနှင့်ကား ကံကောင်းလှစွာ ကြုံကြိုက်ခဲ့ရဖူးပါ၏။ စေတနာမဆိုးသော်လည်း အပြောမချိုသည့် သမားတော်နှစ်ဦး၏ ကျေးဇူးကိုလည်း ယခုတိုင် အမှတ်ရနေဆဲပင်။

သူတို့က ရောဂါရှာဖွေပေးလိုက်ပါ၏။ သောက်ဆေးများကိုလည်း ဗိုလ်ချုပ်ဈေးသစ်မှာဝယ်ရန် ညွှန်လိုက်ပါ၏။ သုံးလတစ်ကြိမ်လည်း ဆေးစစ်ခံရ၏။ တစ်ခါတစ်ရံ လိုအပ်လျှင် ခါတ်ရောင်ခြည်ကိုလည်း သည်းခံစိတ်ရှည်စွာ စောင့်ဆိုင်းပြီးမှ ရိုက်ရပါ၏။ ထိုကရိကထများအပြင် ထိုစဉ်က ကိုယ့်လခနှင့် ဆတူဖြစ်နေသော ဆေးဖိုးကုန်ကျငွေ၏ ဒဏ်ကိုပါ အားတင်းခံရင်း နှစ်နှစ်မျှကြာအောင် ဆေးစားခဲ့ပြီးမှ အဖောအရောင်များ ကျဆင်းသွားခဲ့ဖူးသည်။ သမားတော်များ၏ ညွှန်ကြားချက်အရ ထိုဆေးများကိုဖြတ်ပစ်ပြီးနောက် လူကောင်းပကတိလို ပြန်ဖြစ်ခဲ့သေးရာ သည်ရောဂါသည် ကိုယ့်အား ထာဝရ နှုတ်ဆက်သွားလေပြီဟု လျှော့တွက်လိုက်သည်မှာ မှားလုကြောင်းကို နောက်ထပ် ၂–နှစ်အကြာ ဒုတိယအကြိမ် ပြန်လည် ဖောရောင်လာတော့မှ သိရတော့သည်။

ဒုတိယအကြိမ်မှာတော့ အနောက်တိုင်းဆေးများအပေါ် ကိုးစား ယုံကြည်မှုမှာ မူလကထက် လျှော့နည်းသွားခဲ့လေပြီ။ "မြန်မာဆေးမှ အမြစ်ပြတ်တာ" ဟူသော လူကြီးသူမများ၏ လက်သုံးစကားကိုလည်း ပို၍ နားဝင်လာတော့သည်။ ထိုထက်ပို၍ ပြတ်သားသွားစေသော အချက်မှာ ဆေးဖိုးကုန်ကျငွေကို မတတ်နိုင်တော့ခြင်းပဲဖြစ်သည် ပထမအကြိမ်တုန်းက ကိုယ့်လခနှင့် ဆတူဖြစ်ခဲ့သောဆေးဖိုးမှာ ဒုတိယအကြိမ်ကျတော့ လခ၏ နှစ်ဆသုံးဆမက ပိုများနေတော့သည်။ ပြီးတော့ ကိုယ့်ကို ကုခဲ့သော သမားတော်ကြီးလည်း မြန်မာပြည်၌ မရှိပြီဟု သတင်းကြားရပြန်သည်။

ထိုအခါ အများသူငါတို့ ဆုံးဖြတ်နေကျအတိုင်း တိုင်းရင်းဆေး ဘက်သို့ လှည့်လိုက်ရတော့သည်။ ခြေဦးလှည့်ခါစကတော့ စမ်းတဝါးဝါး



www.burmeseclassic.com

ပင်။ ဟိုက သည်က ညွှန်ကြားလေသမျှတော်ပေ့၊ ကျော်ပေ့ဆိုသော သမားတော်များထံ သွားရသည်။ ဘယ်သူဘယ်ဝါတွေကပင် လာကုကြသည် ဟူသော ဆရာမျိုး "သမားဆို အိုမှ" ဟူသော ဂုဏ်အင်္ဂါနှင့် ညီညွတ်သည့် အသက် ၈၀၊ ၉၀ ကျော် ဆရာကြီးမျိုးလည်း ပါသည်။ ကုသိုလ်ဖြစ်ကုသည့် ဆရာ၊ အနောက်တိုင်း ဆေးနီးပါး ဈေးကြီးလှသော ဆေးများဖြင့်သာ ကုသော ဆရာမျိုးလည်းပါသည်။ တစ်ခေါက်သွားတစ်ခါ ဆေးဖိုးရှင်းရသော ဆရာ၊ ပျောက်သည်အထိ တာဝန်ယူပါမည်ဟူသော ကတိဖြင့် ဆေးဖိုးကို ပုတ်ပြတ်တစ်ခါတည်း တောင်းခံသော ဆရာမျိုးလည်း ပါသည်။ အံမယ် စိတ်ပုတီးတစ်ကုံး ရောင်းလိုက်ပြီး တစ်ခါသွားတိုင်း ဖယောင်းတိုင်တစ်ထုပ် နှုန်းဖြင့် ကုသသောပျောက်စေ ဆရာတစ်ယောက်ပင် ပါလိုက်ပါသေး သည်။

ဆရာများသာ စုံသွားသည်၊ ရောဂါက သိသာထူးခြားစွာ မသက် သာခဲ့ပေ။ သို့ပေမင့် တိုင်းရင်းဆေး၏ သဘောသဘာဝနှင့် ကုထုံးများကို တော့ အတော်အတန် တီးခေါက်မိလာသည်မှာ အမြတ်ဟုဆိုရမည်။

အသီး၊ အပွင့်၊ အရွက်၊ အခေါက်တို့၏ အာနိသင်ကိုလည်း အထိုက်အလျောက်နားလည်လာခဲ့သည်။ ကျို၍၊ ကျို၍ သောက်လိုက်ရသည့် ဆေးရွက်တွေမှာလည်း စုံလို့ပင်။ ကနေဖော့၊ တောင်ဆီးဖြူ၊ တောင်ကန် စွန်းကြီး၊ သံမနိုင်၊ ကျောက်မနိုင်၊ စူဠာနဖာ၊ ကန့်ကလာ၊ ထိကရုံး ဆူးပေါက်၊ ဟင်းနုနယ် ဆူးပေါက်၊ ပေါက်ပန်းဖြူ၊ ဆူးပန်းတောင်းမှသည် ကယားပြည်နယ်ထွက် ကြက်လည်ဆံထိ ပါသည်။ ထိုဆေးရွက်များမှာ သူ့နည်းနှင့်သူ စွမ်းလောက်ပေမဲ့ အချိန်မှန် ရာဖွေနုတ်ယူကျိုချက်ရသည့် ဒုက္ခကိုမခံနိုင်သဖြင့် ကြာရှည်တော့ စွဲ၍မသောက်ဖြစ်ခဲ့။ ဆရာ တစ်ယောက် လျှင် အနည်းဆုံး တစ်လကြာမျှ ဆေးပတ်လည်အောင် ကုသကြည့်သည်။

တစ်လလောက် သောက်ကြည့်လို့မှ အခြေအနေမထူးခြားလျှင် နောက်ဆရာတစ်ယောက်ထံ ပြောင်းကုပြန်သည်။

www.burmeseclassic.com

သို့နှင့်ပင် ဆရာပေါင်းငါးယောက် ခြောက်ယောက်မျှရှိလေလျှင် ကိုယ်ကိုယ်တိုင်လည်း ဆရာတစ်ပိုင်း ဖြစ်လာတော့သည်။ သူငယ်ချင်းများ ကပင်–

"ဂျာနယ်ကျော် ဒေါ်မမလေးကတော့ ဆေးကုရင်း သူကိုယ်တိုင် ဆေးဆရာဖြစ်လာတယ်၊ နင်ကတော့ ဆရာများ သားသေဖြစ်မှာပဲ"ဟု ချီးပကြလေသည်။ သူတို့ဘာပဲပြောကြပါစေ ဆရာတစ်ဦးတိုင်းမှာ သူတို့ အကျွမ်းကျင်အပိုင်နိုင်ဆုံး ရောဂါကုထုံး တစ်ခုစီရှိကြသည်တော့ အမှန်ပင်။ သို့သော် တိုင်းရင်းဆေးဆရာများမှာ သူတို့ကိုယ်သူတို့ အထူးကု အမည်ကို တပ်ရန်လိုလားကြပုံ မရပါချေ။ ၉၆ ပါးသော ရောဂါစုံကို ကုနိုင်သည် ဟူသော အမည်ကိုသာ နှစ်သက်ကြပုံ ရပေသည်။

နောက်ပိုင်းမှာတော့ ကောင်းသည်ဆိုသော ဆရာတိုင်းထံ မသွား တော့။ ကိုယ့်လိုရောဂါမျိုးကို တကယ် ကုနိုင်စွမ်း ရှိ–မရှိကို စုံစမ်းလေ့လာပြီး မှသာ သွားတော့သည်။ သို့နှင့်ပင် တစ်နေ့မှာတော့ ရှမ်းဆေးဆရာကြီး တစ်ဦးထံ ရောက်သွားလေတော့သည်။ ဆေးဖိုးကား ကြီးလှပေသည်။ အာမခံနှင့် အပျောက်ကု ငါးရာကျပါသတဲ့။ သတင်းကြားနှင့် စုံစမ်းရုံ ရည်ရွယ်လျက်သွားမိသော ကိုယ့်မှာ ဆရာကြီး၏ တည်ကြည်သော ရုပ်သွင်၊ ရိုးသားသော စကားပြောဟန်တို့အပေါ် ယုံကြည်ကိုးစားသွားမိကာ တစ်ခါတည်း ဆေးကုဖြစ်သွားလေသည်။ ဆေးပေးပုံထူးခြားသလို ဆေးများ ကလည်း အစွမ်းထက်လှပေတော့သည်။

တစ်ပတ်မျှ သောက်ကြည့်သည်နှင့် ဆေးစွမ်းကို သိသိသာသာ မြင်လာရသည်။ ပြည့်ဖောင်းနေသော ကိုယ်ခန္ဓာမှာ ဆွဲချလိုက်သလို ပိန်ကျသွားတော့သည်။ မြန်မာဆေးသက်သက်နှင့် ပထမဆုံးအကြိမ် အဖောကျခြင်းပင်တည်း။ မျက်တွင်းဟောက်ပက် လက်မောင်းကျုံ့ရိုးနှင့် ပြားချပ်သွားသော ဝမ်းဗိုက်တို့ကိုကြည့်ကာ အတော်ကျေနပ်သွားခဲ့ရဖူးသည်။ သို့ပေမဲ့ စစ်ကျသွားသော ကိုယ်ရည်နှင့် အတူခွန်အားများပါ ရှေ့ပါသွား



www.burmeseclassic.com

ရောထင့်။ လမ်းလျှောက်ရန်ပင် အားအင်မရှိပါတော့ချေ။ ပိုမို မောပန်း ယိုင်နဲ့လာသောအခါ ဆရာကြီးထံခွင့်တောင်းကာ အားဆေးထိုး၊ အားဆေး သောက်ရပြန်သည်။ တဖြည်းဖြည်း အားပြန်ပြည့်လာသော်လည်း ရောဂါ ကား ရှင်းရှင်းမပျောက်သေး။ အတော်ကြီးတော့စားနိုင် သောက်နိုင် သွားနိုင်လာနိုင် ဖြစ်လာခဲ့သည်။ ခြေသလုံးရိုးပေါ် လက်မနှင့် နှိပ်ကြည့် လိုက်တိုင်း ရာရာမျှတော့ ချိုင့်ဝင်နေသေးသည်ဖြစ်ရာ ကိုယ်ကလည်း မပျောက်မချင်း သွားနေတော့သည်။ ကြာတော့ လက်ထောက်ဆရာများ နှင့်ပါ ရင်းနှီးလာသလို မညည်းမညူ ကုသပေးနေသော ဆရာကြီးကို အားနာလာရတော့သည်။ ဆရာကြီးက သူ့ကတိနှင့်သူ ဆေးဖိုးထပ်မတောင်း သော်လည်း ကိုယ်က အလိုက်သိရပေသည်။

"ငါ့ရောဂါက နာတာရှည်ပဲ၊ အနောက်တိုင်းဆေးစားရတုန်း ကတောင် ၂ နှစ်တိတိ အချိန်ယူစားခဲ့ရသေးတာပဲ၊ မြန်မာဆေးကိုလည်း စွဲသောက် သွားရလိမ့်မယ် ထင်ပါရဲ့၊ ငါ့လို နာတာရှည်တွေကို ပုတ်ပြတ် တောင်းပြီး ကုနေရင်တော့ ဆရာကြီးမွဲမှာပဲ"ဟု တွေးကာ တတ်နိုင် သလောက် ထပ်ကန်တော့ရလေသည်။ ဆရာကြီးကား ပေးလျှင်သာ ယူ၍ မပေးလျှင်လည်း မည်သို့မျှမပြော၊ မတတ်နိုင်သူများက လျှော့ပါဆို လျှင်လည်း ဆေးဖိုးငွေကို လျှော့ယူသူသာတည်း။ ပြီးတော့ဆရာကြီးမှာ နယ်လှည့်ဆေးကုလုပ်ငန်းလည်း ရှိနေသေးရာ ရန်ကုန်မှာချည်း အမြဲနေနိုင်သူ မဟုတ်ပေ။

သို့နှင့် ဆေးကုသက် ၃ လခန့် အကြာတွင် ဆရာကြီးသည် နယ်လှည့် ဆေးကုထွက် သွားလေတော့သည်။ ဆရာကြီး မရှိတော့သော် လည်း ကုလက်စ လူနာများကတော့ ဆေးခန်းသို့ ဆေးတောင်းသွားကြ မြဲဖြစ်ရာ ဆေးခန်း၌ထားရစ်ခဲ့သော ဆေးများမှာ တဖြည်းဖြည်း ကုန်သွား လေတော့သည်။ ဆရာကြီး၏ လက်ထောက်များကလည်း လျက်ဆေးနှင့် သွေးဆေးလောက်ကလွဲလျှင် အရေးပါသော ဆေးစွမ်းကောင်းများကို



www.burmeseclassic.com

ဖော်တတ်ကြဟန် မတူပေ။ သူတို့မှာ ကျန်နေသေးသော အရန်ဆေးများကို တော့ ဆက်ပေးကြပါသေး၏။ သို့ပေမဲ့ ရောဂါအတွက် အဓိကသက်ဆိုင် သော ဆေးကပြတ်သွားသောကြောင့် ရောဂါက ပြန်တက်လာတော့သည်။ ဆရာကြီး တစ်နေ့ ပြန်လာနိုးနှင့် သည်းခံစိတ်ရှည်စွာ စောင့်ခဲ့ပါသေးသည်။ နှစ်လ၊ သုံးလ မျှကြာလေလျှင် ဆရာကြီး၏ ဆေးခန်းပါ ပိတ်သွားလေ တော့သည်။ လမ်းစ ကား ပြတ်လေပြီ။

ထိုအခါ စိတ်ဓာတ်ကျစွာပင် ဖြတ်ထားခဲ့သော အနောက်တိုင်း ဆီးဆေးပြား ဖြူဖြူကလေးများကို ပြန်သောက်ရလေသည်။ ရောဂါကို ခဏမျှသာ သက်သာစေသည်ဟု ယုံကြည်ထားသော ထိုဆေးပြားများကို ကြာရှည်လည်း မသုံးချင်။ သည်လိုနှင့် ဆေးမီးတို သံသရာမှာ ပြန်လည်ရပြန် တော့သည်။ ဝေဒနှင့် နက္ခတ္တရောင်ခြည်တို့သည် ကိုယ့်လက်စွဲ မဂ္ဂဇင်းများ ဖြစ်လာကြသည်။ ထိုမဂ္ဂဇင်းများထဲက ဆေးမီးတိုတွေကို စမ်းသောက်ကြည့် ၏။ ကြံနက်ရည်နှင့် ကျောက်ချဉ်မှုန့် ဖျော်သောက်ပါတဲ့။ ရွက်ကျပင်ပေါက် အရွက်ကို ကြော်စားပါတဲ့။ ကြံနက်ကို ရာသီမရွေး မရနိုင်။ တစ်နေ့လျှင် တစ်ပန်းကန်နှုန်း၊ တစ်ပတ်ဆက်၍ ကြော်စားနိုင်လောက်သော ရွက်ကျပင် ပေါက်ကို ရအောင် ဘယ်မှာများ သွားရှာပါ့မလဲ။

အချို့ ဆေးမီးတိုများကား အပြောလွယ်သလောက် လက်တွေ့လုပ် ဖို့ မလွယ်ပါပေ။ ထိုဆေးမီးတိုများထဲမှ ကံကောင်းထောက်မစွာပင် ရှားစောင်းလက်ပတ် ချက်ဆေးတစ်မျိုးကို လွယ်လွယ်ပင် ဖော်စပ်ရလိုက် နိုင်သည်။ အရသာလည်း ရှိပါပေသည်။ ချက်ချင်းသိသာထင်ရှားစွာ ရောဂါကျသည် မဟုတ်သော်လည်း ဖော်ရလည်းလွယ်၊ အရသာလည်း ရှိသောကြောင့် ကြာကြာစွဲ၍ စားဖြစ်သွားလေသည်။ ထိုအချိန်လောက် မှာပင် နယ်ရှိဆွေမျိုးများထံ မှ တိုင်းရင်းဆေးတစ်မျိုးကို ရခဲ့ပြန်လေသည်။ ဆေးဆရာမှာ နာမည်ကြီးထဲကမဟုတ်ဘဲ ဝါသနာရှင်ဆေးဆရာတစ်ဦး မျှသာ ဖြစ်သည်။ သို့ပေမင့် ကိုယ်နှင့် ကံစပ်ချင်တော့ ထိုဆေးစားမှ


www.burmeseclassic.com

ရောဂါ သက်သာစ ပြုလာသည်။ အကျတော့နှေးသည်။ သည်ကြားထဲမှာ တစ်ပတ်တစ်ခါ ပြောင်း၍ ဓာတ်စာစားခိုင်းသော သမထဓာတ် ဆရာကြီး တစ်ဦးဆီ တစ်လမျှရောက်သွားလိုက်သေးသည်။ ပြီးတော့ ပယောဂဟု ဆိုကာ ခြေညှိုး၊ ခြေလယ်နှစ်ချောင်းကို လက်မဖြင့် ဖိထောက်ကာ တစ်ကိုယ်လုံးရှိ အကြောတို့ကို ဖြောင်းဆန့်သွားအောင် အံမယ်လေး၊ အဘလေး အော်တရလောက်အောင် ကုပေးလိုက်သော ရန်ကုန်မြို့စွန်မှ အကြောကိုင် ဆရာကြီးတစ်ဦးနှင့်လည်း တွေ့ဆုံခဲ့ပေသေးသည်။

ထိုဆရာအားလုံးတို့၏ ကျေးဇူးကြောင့်ဟုပင် ယုံကြည်ပါသည်။ ယခုအခါ တတိယအကြိမ်မြောက်အဖြစ် ရောဂါကျသွားပြန်ပေပြီ။ ရောဂါကျစမို့ အားနည်းနေသေးတာ၊ မောပန်းလွယ်တာ၊ ဖျားလွယ်တတ်တာ၊ အစားအသောက်ပျက်တာ ကလေးတွေကတော့ ရှိပေမည်။ သည်ထက်မက အောင်တောင် ဝေဒနာကို ခံစားလာခဲ့ရဖူးပြီပဲ။ သည်းခံ စိတ်ရှည်ရမည်လေ။

စာကြည့်စားပွဲ မီးကိုမှိတ် အိပ်ရာတွင်းပြန်ဝင် အိပ်ပျော်အောင် ကြိုးစားပေမင့် မျက်လုံးများက ကြောင်နေပြီ။ စောစောက သေဖို့ပြင်ဆင်နေသော အတွေးတွေကတော့ အဖျားနှင့်အတူပြန်လည်ပျောက်ကွယ်သွားပြန်သည်။ ကျန်းမာရေး တင်းပြည့်ကျပ်ပြည့် မဟုတ်ပေမင့် ကိုယ့်ထမင်းဖိုး၊ ဆေးဖိုးကို ကိုယ့်ဘာသာ ရှာနေနိုင်သေးတာကိုပဲ ကျေနပ်တတ်ရဦးမည်။ သည်လိုနှင့်ပင် အရင်တစ်ခါလို ပြန်ကောင်းလာနိုင်သေးသည်ဟု ဘာကြောင့် မမျှော်လင့်နိုင်ရမလဲ။ ဗေဒင်ဆရာများကလည်း သေကိန်းမမြင် သေးဟုဆိုထားကြသည်။ အသက် ၆၀၊ ၇၀ ကျော်ထိအောင်တောင်နေရ ဦးမှာတဲ့။ ကျန်းမာရေးကတော့ ခပ်ညံ့ညံ့ပါပဲတဲ့။ သို့ပေမင့် ပြုစုမယ့်သူ၊ ဆေးတိုက်မယ့်သူ အလျှံပယ်နဲ့မို့အိုဇာတာ ကောင်းလှပါသတဲ့။ အားရှိစရာ စကားမို့ ဝမ်းသာလိုက်ရသေးသည်။

ဝေဒနာနှင့် ကြာရှည်အားပြိုင် တိုက်ခိုက်ရင်း စိတ်ဓာတ်မှိုမခိုင်မာ



www.burmeseclassic.com

လာသူတွေ၊ အတွေးရင့်ကျက် ပြည့်ဝလာသူတွေကိုလည်း တွေ့ဖူးသည်။ တစ်လောကပင် ကင်ဆာရောဂါကို ၅ နှစ်ကြာ ခံစားခဲ့ရပြီးမှ ကွယ်လွန်သွားသော မင်းသမီးဂျီးလ်အိုင်လန်အကြောင်း စာစောင်များမှာ ဖတ်လိုက်ရသေးသည်။ သူ မသေမီ ဝေဒနာ ခံစားနေရဆဲကာလမှာပင် "ဘဝဆန္ဒ"နှင့် "ဘဝလမ်းကြောင်း"မည်သော စာအုပ်နှစ်အုပ်ကို ရေးထုတ်သွားလိုက်သေးသည်တဲ့။ ထိုစာအုပ်များကို ဖတ်ချင်စမ်းလှသည်။ ဘယ်မှာ ရှာရမှာပါလိမ့်။ ကိုယ်အလွန်နှစ်သက်လေးစားသော စာရေးဆရာမကြီး စိန်စိန်၏ "ခရီးဝင်္ကပါ"လို စာအုပ်မျိုးပဲ ဖြစ်လိမ့်မည်ထင်သည်။ အရေးကျဲပေမင့် ဖတ်ဖူးသမျှကို စွဲခဲ့ရသော ဆရာဆေးသိပ္ပံ ထွန်းထွန်းကတော့ သူ မကွယ်လွန်မီလပိုင်းအလိုကလေးမှာပင် သူသေသည့်အကြောင်း ဝတ္ထုတိုကို ရေးသားခဲ့ပေသည်။ အသေရဲအသေတတ်ကြသည့် ချီးကျူးဂုဏ်ပြုထိုက်သူများပင်။ သူတို့အပြင် နောက်ဆုံးခေါင်းချရာ ဆေးရုံပေါ်မှာပင် ကဗျာရေးသွားနိုင်သော ကဗျာဆရာအချို့ကိုလည်း ဂုဏ်ပြုချင်သေးသည်။

ဩော်...ကိုယ်ကတော့ သူတို့လို အခြေအနေမျိုးကို ရဖို့အချိန်နည်းနည်း စောနေသေးသည်ထင်ပါရဲ့။ အချိန်ကလေး နည်းနည်းပိုရတုန်း လုပ်စရာရှိတာကိုတော့ အများဆုံးနှင့် အကောင်းဆုံးဖြစ်အောင် လုပ်သွားသင့်သည်အမှန်ပင်။ ပျင်းရိတွေဝေ စိတ်လေလွင့်လျှင် အချိန်များ အလဟဿ ကုန်ဆုံးမသွားအောင် ကြိုးပမ်းရပေဦးမည်။ ကိုယ့်မှာ သူများတကာထက် အချိန်ပိုဆင်းရဲကြောင်းကိုလည်း မပြတ်သတိ ထားရပေဦးမည်။

အိပ်မပျော်မည့်အတူတူတစ်ခုခုတော့ ထလုပ်ပစ်ချင်နေသည်။ ဘာလုပ်ရပါ့မလဲ။ စောစောက တွေးထားတဲ့ အကြွေးများထဲမှ တစ်ခုခုကို ဆပ်ပစ်ရလျှင် ကောင်းပေမည်။ ဘောဂ မှတ်စုထုတ်ရလျှင် ကောင်းလေမည်လား။ ဆွယ်တာအင်္ကျီထိုးဖို့ကတော့ အလင်းရောင် မလုံလောက်။ စိပ်ပုတီး စိပ်ဖို့ကိုလည်း စိတ်မပါလှသေး။

စိတ်က ရွေးချယ်နေစဉ် လက်များကတော့ အလိုအလျောက်

www.burmeseclassic.com

ရွှေ့လျားကာ စာရွက်လွတ် တစ်ထပ်နှင့် ဘောလ်ပင်ကို ဆွဲယူမိပြီးဖြစ်နေသည်။ ပြီးလျှင် စာရွက်ထိပ်မှာ ခေါင်းစီးစာတန်းအဖြစ် စာလုံး ၂ လုံးကို ရေးချလိုက်တော့သည်။ အတွေးအာရုံမှာ ကာလအတန်ကြာကပင် စူးနှစ်ဝင်ရောက်နေရာယူနေခဲ့ပြီဖြစ်သော နောင်လည်း ကိုယ်က လက်ခံချင်သည်ဖြစ်စေ လက်မခံချင်သည်ဖြစ်စေ “လိုက်မှာပဲ မောင်လည်း မေနဲ့ ခွဲမနေချင်”ရယ်လို့ ကိုယ့်လက်ကို ဆွဲကိုင်ကာ သက်ဆုံးတိုင် ယှဉ်တွဲလိုက်ပါလာတော့မည့် ကိုယ့်ဘဝခရီးဖော်သစ်ရဲ့ အမည်ကိုပါပဲလေ။

[ဟန်သစ်၊ ဇွန်လ ၁၉၉၂]

www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်လာမရတဲ့ ပီတိ

မငြိမ်းအေးသည် သစ်ပင်စိုက် ဝါသနာ အတော်ပင်ကြီးသူတည်း။ သူ့မှာ စိုက်ရန် ပျိုးရန် မြေနေရာကျယ်ကျယ်လည်း မရှိပါဘဲလျက် သစ်ပင်တွေ တစ်ပင်ပြီး တစ်ပင် ယူယူလာကာ ရှိသည့်နေရာကျဉ်းကျဉ်းကလေးမှာပဲ လှည့်ပတ် စိုက်နေတတ်လေသည်။ တချို့ကတော့ သူ့ဝါသနာကို ခေတ်ပေါ်ရောဂါဟု သတ်မှတ်ချင်ကြပေလိမ့်မည်။ သို့ပေမဲ့ အိမ်နီးချင်းလူကြီးများကမူ 'သူ့အဖေနဲ့တူတာ'ဟု ကောက်ချက်ချကြပါ၏။

ထိုကောက်ချက်ကို ကြားတော့ မငြိမ်းအေး ပီတိများစွာ ဖြစ်ရင်းပင် အဖေနှင့် အဖေ့ သစ်ပင်များကို ပြန်လည် လွမ်းဆွတ်လာတော့သည်။ ဦးစွာ မြင်ယောင်လာသော ပန်းခြံထဲက အဖေ့ရုပ်သွင်မှာ သစ်သစ်လွင်လွင် မရှိ။ ကျောပေါက်နေသော စွပ်ကျယ်လက်တိုကို ဝတ်လျက် ဆေးပြင်းလိပ်ကို ခဲလျက် အရောင်မွဲသော သက္ကလတ် ဦးထုပ်ဟောင်းကို ဆောင်းလျက် မြေမှုန့် ရွှံ့ခဲများဖြင့် ညစ်ပေအပ်သော ချည်ပုဆိုးတိုတိုကို သားရေခါးပတ်ကြီးပတ်လျက် ပန်းပင်များကြားမှာ တကုန်းကုန်း တကွကွ မြေဆွနေတတ်သည့် အဖေ့အသွင်မှာ အထင်ကြီးလောက်စရာ မရှိ။ သို့ပေမဲ့ အဖေ့ချစ်သမီး မငြိမ်းအေးသည် ငယ်စဉ်က သူငယ်ချင်းများနှင့် အဖေချင်းပြိုင်ကြွားကြလျှင်…

**စိတ်ကူးချိုချို**

www.burmeseclassic.com

'တို့အဖေက ထမင်းစားရင် ဇွန်းခက်ရင်းနဲ့မှ အမြဲစားတာ'ဟု ကက်ကတ်သတ်သတ် ကြွားတတ်ခဲ့သည်။

အတန်းနည်းနည်းကြီးလာတော့

'တို့အဖေ ငယ်ငယ်က ကိုလံဘိုမြို့မှာ ၁၅ နှစ်လောက် နေလာခဲ့တာ၊ စီနီယာ ကင်းဘရစ်ချ်တန်း ဆိုတာတောင် အောင်ခဲ့သတဲ့။ ဒါကြောင့် တို့အဖေ တမင်းစားရင် ဇွန်းခက်ရင်းနဲ့ပဲ အမြဲစားတယ်'ဟု အမြီးအမောက် မတည့်လှသော်လည်း အဆင့်နည်းနည်း ပိုမြင့်စွာ ကြွားတတ်ပြန်လေသည်။

အမှန်မှာ အဖေ့လက်များသည် ဆေး၍ ဘယ်တော့မှ မစင်နိုင်လောက်အောင် မြေမှုန့် ရွံ့စေးများ ပေကျံနေတတ်သောကြောင့်သာ အဖေ့ခမျာ ဇွန်းနှင့် ထမင်းစားရခြင်း ဖြစ်ပါသည်။

မငြိမ်းအေး ငယ်စဉ်ကမူ အဖေ၏ အမှန်တကယ် ဂုဏ်ယူဖွယ် အရည်အချင်းတို့ကို မတွေးမြင်တတ်ခဲ့ပေ။ တစ်ခါတစ်ရံ အဖေ စိတ်လိုလက်ရ ပြောပြတတ်ခဲ့သော သူ၏ ငယ်ဘဝအကြောင်းကိုကား စိတ်ဝင်စားခဲ့ဖူးပါ၏။ စွန့်စားခန်းတွေ များစွာပါသော ပုံပြင်တစ်ပုဒ်သဖွယ် နားထောင်၍လည်း အလွန်ကောင်းလှပါသည်။

အဖေသည် ရွာဦးကျောင်း ဆရာတော်၏ အရေးပေးခြင်းခံရသော စာတော်သည့် သူငယ်ကလေးဖြစ်ခဲ့၏။ သျှောင်ထုံးကလေးနှင့် ထိုမြန်မာသူငယ်ကလေးသည် ဘုန်းကြီးကျောင်းမှာ မြန်မာ၊ ပါဠိ၊ သက္ကတ ဘာသာရပ်များကို သင်ကြားနေသည့် ကြားကပင် ခေတ်စားလာသော ကုလားဖြူစာကို တတ်ကျွမ်းလိုစိတ် လွန်မင်းစွာ ဖြစ်ပေါ်လာခဲ့သည်တဲ့။ မိဘများကား ရှေးရိုးဝံသာနုများပီပီ ကုလားဖြူ ဘိုဆံထောက် ထားခွင့်နှင့် ကုလားဖြူ၊ စာသင်ခွင့်ကို ပိတ်ပင်ထားခဲ့ကြ၏။ ထိုသူငယ်ကလေး ၁၃ နှစ်သား အရွယ်မှာ သူ့ကို ချစ်ခင် အရေးပေးသော ဆရာတော်သည် သီဟိုဠ်ကျွန်း သို့ ကျောင်းထိုင် သီတင်းသုံးရန် သွားဖို့ အခွင့်ပေါ်ခဲ့လေ

www.burmeseclassic.com

သည်။ ထိုအခါ သူငယ်ကလေးသည် မိဘများထံ ခွင့်ပန်ခြင်းပင် မပြု တော့ဘဲ ဆရာတော်နှင့် ဇွတ်လိုက်လာခဲ့လေသည်။

ကိုလံဘိုမြို့ ရောက်တော့ ဘုန်းကြီးကျောင်းသား လုပ်ရင်း အလွတ်ပညာသင်ဆရာနှင့် အင်္ဂလိပ်စာကို ကြိုးစားပမ်းစား သင်ယူလေ သည်။ ထမင်းစား ရေသောက်၊ ရေးတတ် ဖတ်တတ်ရုံလောက်နှင့် အဖေ တင်းတိမ်ခဲ့သည် မဟုတ်ပေ၊ လန်ဒန် ကင်းဘရစ်ချ် တက္ကသိုလ်၏သင်ရိုး နှင့် အညီ ကျင်းပပေးသော အလွတ် စာမေးပွဲများကို ဝင်ရောက် ဖြေဆို ကာ ဘွဲ့ရနိုင်ဖို့ ရည်ရွယ်ခဲ့လေသည်။

'အဖေတို့ ငယ်ငယ်က ကညင်ဆီ မီးတိုင်နဲ့ စာကျက်ရတာ မျက် လုံးတွေ နီရဲ ဖူးရောင်လာတဲ့ အထိပဲ'

မငြိမ်းအေးတို့ စာကျက်ပျင်းလျှင် အဖေက ဤသို့ အမြဲပြောဆို ဆုံးမတတ်ပါသည်။ ဘယ်လိုပင် ကြိုးစားပေမဲ့ ဘုန်းကြီးကျောင်းသား ဘဝနှင့် လန်ဒန် တက္ကသိုလ်မှ ဘွဲ့ရဖို့ဆိုသည်မှာ အတော်ပင် မလွယ်လှ ကြောင်း အဖေ သဘောပေါက်လာခဲ့ချိန်တွင် ပထမကမ္ဘာစစ်ကြီးလည်း ဖြစ်ပွားလာတော့သည်။ ထိုအခါ အဖေသည် ဗြိတိသျှ တပ်အတွင်းသို့ ဝင်လိုက်လေတော့သည်။ တစ်ခါတစ်ရံ ကမ္ဘာ့မြေပုံ ကားချပ်ကြီးကို ဖြန့် ကာ သူရောက်ခဲ့ဖူးသော နေရာဒေသများကို ထောက်ပြပြီး သူ့အတွေ့ အကြုံတို့ကို ပြောပြတတ်သည်။ ဗုဒ္ဓဂယာမှသည် 'ခိုင်ဘာ တောင်ကြား လမ်း' ပင်လယ်နီနှင့် ပင်လယ်နက်၊ စူးအက်တူးမြောင်း၊ မက်ဆိုပိုတေးမီး ယားဆိုသော နာမည်များကို ပထဝီဝင် ဘာသာ မသင်ဖူးမီကပင် နား ယဉ်ခဲ့ရလေသည်။

အဖေသည် သူငယ်စဉ်က ချို့တဲ့စွာ ပညာသင်ခဲ့ရသည်ကို အခဲ မကျေသော စိတ်ထားဖြင့် သားသမီးများ အလှည့်ရောက်တော့ အင်္ဂလိပ် စာ အသင်ကောင်းသည်ဆိုသော သာသနာပြု ကျောင်းများမှာချည်း ထား တော့သည်။

www.burmeseclassic.com

ထိုခေတ်က စိန့်ကျောင်းများမှာ သူငယ်တန်းမှ စ၍ မြန်မာဘာသာကလွဲလျှင် ကျန်ဘာသာအားလုံး အင်္ဂလိပ်လိုချည်းသာ သင်ပေးသည်။ တစ်နေ့တွင် တတိယတန်းသို့ ရောက်နေပြီ ဖြစ်သော သူ့သားလတ်ကို ဆရာမက **My Father** ဟူသော ခေါင်းစဉ်နှင့် စာစီစာကုံးတစ်ပုဒ်ရေးခိုင်းလေသည်။ အဖေ၏ အလုပ်အကိုင်ဟူသော နေရာ၌ အခက်အခဲတွေ့နေသော မောင်လတ်ကို မြင်တော့ ဆရာမက

'မင်းအဖေ ဘာအလုပ် လုပ်သလဲ'ဟု မေးရာ မောင်လတ်ကလည်း မဆိုင်းမတွပင်

'သစ်ပင်စိုက်တယ်'ဟု ဖြေလိုက်လေတော့သည်။ ထိုအခါ ဆရာမက **The gardener** လို့ ရေးပေါ့ဟု ဆိုလေသည်တဲ့။ ထိုစဉ်က အတန်းကြီးသမား မငြိမ်းအေးသည် ဇွန်းခက်ရင်းနှင့် ထမင်းစားသော သူ့အဖေအကြောင်းကို သူငယ်ချင်းများ အလယ်၌ အကြွားကောင်းနေဆဲ ဖြစ်ရာ မောင်လတ်၏ခေါင်းကို တဒေါင်ဒေါင်ခေါက်၍

'နင့် လက်ထက်ကျမှ ငါ့အဖေ မာလီဖြစ်တော့သဟဲ'ဟု ဆွေ့ဆွေ့ခုန်ခဲ့လေသည်။

အဖေသည် ဗြိတိသျှတပ် အတွင်း ဒုတိယဗိုလ်အဆင့်ထိ အမှုထမ်းခဲ့ပြီး မြန်မာပြည်သို့ ပြန်လာချိန်တွင် အဖေ့၌ ငွေကြေးအတန် အသင့်စုဆောင်းမိခဲ့ပြီ။ ပြီးတော့ အင်္ဂလိပ်လက်အောက်မှ မြေရှင်ပဒေသရာဇ်ခေတ်ကိုလည်း မီလိုက်သေးရာ အဖေသည် လယ်ရှင် မြေရှင်တစ်ယောက်ဖြစ်လာနိုင်ခဲ့လေသည်။

သူ့အသက် ၄၀ ကျော်မှ သမီးဦးကို မွေးဖွားနိုင်ခဲ့သော အဖေသည် အငှမြောက် သားကို မွေးဖွားပြီးချိန်တွင် အသက်အရွယ်လည်း ထောက်လာခဲ့ပေပြီ။ ထိုအခါ စီးပွားရေးလုပ်ငန်းတို့မှ လုံးဝ အနားယူ၍ စာဖတ်ခြင်းနှင့် သစ်ပင်စိုက်ခြင်းကိုသာ သူ့အလုပ်ဟု ယူဆလျက် သူ့လယ်ယာ၊ ခြံ၊ မြေ၊ အိုးအိမ်တို့မှ ပွားလာသော အတိုးအညွန့်တို့ကို အေး

www.burmeseclassic.com

အေးလူလူ ထိုင်စားကာသာ နေတော့သည်။ သို့ကြောင့် မောင်လတ်၏ ကလေးအမြင်တွင် သူ့အဖေ၏ အမြဲတမ်း အလုပ်အကိုင်မှာ သစ်ပင်စိုက်ခြင်းသာ ဖြစ်ခဲ့ပေသည်။

မငြိမ်းအေးငယ်စဉ်က အဖေ၏ သစ်ပင်စိုက်ဝါသနာကို အလေးအနက် မထားတတ်သော်လည်း အဖေ၏ ပန်းများကိုတော့ စိတ်ဝင်စားခဲ့၏။ သို့သော် အဖေ့ခွင့်ပြုချက်မရဘဲ မခူးရဲခဲ့။ အဖေကလည်း သူ့ပန်းများအား ခူးသည်ကို မကြိုက်၊ လိုချင်လျှင် သူ့ထံမှ တောင်းခံရ၏။ တောင်းတော့လည်း ပေးသည်သာ ဖြစ်ပါသည်။ တစ်ခါတစ်ရံ သမီးက တောင်းဖို့ မေ့နေလျှင်တောင် သူ့ဘာသာ ခူးယူလာကာ သမီး၏ မှန်တင်ခုံပေါ်သို့ လာချပေးထားတတ်သော အဖေမျိုးလည်း ဖြစ်ပါ၏။

မငြိမ်းအေး၏ ငယ်ဆရာမများ အားလုံးပင် အဖေ့ပန်းပွင့်များကို အလှူပယ်စွာ ပန်ဆင်ခဲ့ကြဖူးလေသည်။ တချို့ကဆိုလျှင် အပွင့်ကိုသာမက အပင်မျိုးကိုပါ တောင်းတတ်ကြသေးရာ ထိုအခါမျိုးတွင် အဖေသည် ပန်းအိုးကို ကိုယ်တိုင်မ၍ သံစုံမြည်သော သူ့ကားစုတ်ကြီးနှင့် သယ်လာပြီး ဆရာမကို လက်ဆောင်ပေးတတ်လေသည်။ သူ့ပန်းများကို လှသည်ဟု ချီးမွမ်းလျှင် အဖေ အလွန်ကျေနပ်သဘောကျတတ်သည်။

အဖေသည် ခေတ်အလိုက် ဖက်ရှင်နှင့်လည်း သစ်ပင်စိုက်တတ်၏။ ဂမုန်းပင်များ ခေတ်ထစဉ်က ဂမုန်းမျိုးစုံကို ရန်ကုန်မြို့အနှံ့ လှည့်ပတ်ရှာဖွေကာ စိုက်လေတော့သည်။ နှင်းဆီတွေ ခေတ်စားလာပြန်တော့ အရောင်အသွေး၊ အရွယ်အစား စုံလင်သည့် နှင်းဆီတွေ အဖေ့ခြံတွင် ရောက်လာပြန်သည်။ အရောင်မည်းမျှ စုံပါသနည်းဆိုသော် နှင်းဆီနက်နှင့် နှင်းဆီစိမ်းများပင် ပါခဲ့ပေသည်။ အဖေမဆုံးမီ နောက်ဆုံးစိုက်ခဲ့သော ပန်းပင်များကား သစ်ခွပန်းများပင်တည်း။

အဖေ့ကို စေ့စပ်သေချာသူ၊ တတ်သိလေ့လာလိုသူဟု ချီးမွမ်းရမည်လား။ အလုပ်မရှိ၊ အလုပ်ရှာသူဟုပဲ အပြစ်ဖွဲ့ရမည်လား မသိ။



www.burmeseclassic.com

ဂမုန်းတွေ စိုက်တုန်းက အဖေ့စာအုပ် ဗီရိုကလေးပေါ်မှာ ဂမုန်းနှင့် ပတ်သက်သော စာအုပ်အမျိုးမျိုး ရှိခဲ့ဖူး၏။ နှင်းဆီစိုက်ပြန်တော့ နှင်းဆီအကြောင်း သိကောင်းစရာ စာအုပ်တွေ အဖေ့စားပွဲပေါ် ရောက်လာပြန်သည်။ အဖေ နောက်ဆုံးစိုက်ခဲ့သော သစ်ခွတွေအလှည့်မှာတော့ မြန်မာလို ရေးထားသော စာအုပ်များ မရှိသေးသဖြင့် အင်္ဂလိပ်စာအုပ်တွေကို ပဲ အဖေ ရှာဖွေဖတ်ရ၏။ စာအုပ်များမှာ အလွန်ရှားပါးဈေးကြီးလှပေရာ အပိုင်ဝယ်မထားနိုင်သော စာအုပ်များမှ သူလိုချင်သော အချက်များကို ဗလာစာအုပ် တစ်အုပ်နှင့် ကူးယူလေသည်။ လိုအပ်သော နေရာများ၌ ခဲတံရောင်စုံတို့ဖြင့် သစ်ခွပန်းပုံစံတို့ကို အဖေသည် စိတ်ရှည်လက်ရှည် ရေးကူးကာ ဆေးရောင်ခြယ်ထားလေသည်။

ပြီးတော့ အဖေသည် သူ့သစ်ပင်တိုင်း၏ သမိုင်းကိုလည်း စိတ်ရှည် လက်ရှည်မှတ်တမ်းတင်ထားတတ်ပြန်သည်။ စစိုက်သည့်ရက်၊ အဖူးထွက်သည့်ရက်၊ ပွင့်သည့်ရက်၊ ကြီးထွားမှုနှုန်း၊ မျိုးပွားမှုနှုန်း စသည်ဖြင့် မှတ်တမ်းတင်ထားတတ်၏။ တစ်ခါတစ်ရံမှာတော့ အဖေသည် လူတွေကို တမင် ကွင်းရှောင်ချင်သည်နှင့် သစ်ပင်များထံပါးမှာသာ နေလေသလားဟု မငြိမ်းအေးတွေးတောမိတတ်၏။ သူ့ သစ်ပင်များကြားမှာ ပက်လက်ကုလားထိုင်တစ်လုံးကို ချခင်း၍ နာရီပေါင်းများစွာ ကြာအောင် ထိုင်ငေးနေရခြင်းကို မပျင်းမရိ အဖေ လုပ်နိုင်၏။ ထိုအချိန်မျိုးမှာ သူ အလွန်ကြိုက်သော ချစ်မေတ္တာ ဆေးပြင်းလိပ်ကို တံတွေးများဖြင့် နူးနေသည်အထိ ခဲကာ ငြိမ်သက် တိတ်ဆိတ်နေတတ်လေသည်။

မွှေးပျံ့သော သူ့ပန်းရနံ့များနှင့် လေပြည်ညင်းက ချော့သိပ်သဖြင့် ကုလားထိုင်ပေါ်မှာပင် သူ အိပ်ပျော်သွားတတ်မြဲ။

အိပ်ရာက နိုးလာလျှင် အနီးရှိ သားသမီး တစ်ဦးဦးကို ငါးမူးစေ့ တစ်စေ့ ထုတ်ပေးကာ လက်ဖက်ရည်နှစ်ခွက် ဝယ်ခိုင်းတတ်၏။ ထိုအချိန်တွင် အဖေ့အနီးကို စောင့်နေကြသော ကျန်သားသမီးများလည်း



www.burmeseclassic.com

အနားသို့ အပြေးအလွှား ရောက်လာကြပြီ ဖြစ်၏။ လက်ဖက်ရည်ချိုင့် ရောက်လာလျှင် ပန်းကန်လုံးတွေ ဘာတွေ ရှိရန်မလို။ အဖေက ဦးစွာ ချိုင့်ကို တစ်မော့ နှစ်မော့ သောက်ပြီးနောက် အနီးဆုံးလူသို့ ကမ်းလိုက်တော့သည်။ မောင်နှမတွေ တစ်ယောက်ပြီး တစ်ယောက် အလှည့်ကျလှ၍ ချိုင့်စောင်းမော့ကြရာ ၃-၄ ပတ်တော့ လည်နိုင်၏။ ဤသို့ သားသမီးများနှင့် အပျော်သောက်ရခြင်းကို အဖေ အလွန်ဝါသနာပါလေသည်။ တကယ့် လက်ရည်တစ်ပြင်တည်းပါပေ။

အဖေ့တွင် ဆေးပြင်းလိပ်နှင့် လက်ဖက်ရည်ဖိုးက လွဲလျှင် အပိုသုံးမရှိ။ အမေကျကျနန ပြင်ကျွေးသော ထမင်းပွဲကို အချိန်တိကျစွာ ဝင်ထိုင်ပြီး အဝ စားတတ်လေသည်။ အဖေ၏ အဝတ်အစားများကိုကား မငြိမ်းအေးတို့ အလွတ်ပင် ရနေ၏။ မောင့်ကျက်သရေခေါင်းပေါင်းဘူး တစ်ဘူး၊ ကီဝီဆေးဖြင့် ပြောင်လက်နေအောင် တိုက်ထားသော ရှူးဖိနပ်နှစ်ရံ၊ ဗန်ကောက်လုံချည် ငါးထည်၊ သက္ကလတ်တိုက်ပုံ ၃ ထည်၊ ပေါ်ပလင် လည်ကတုံး ရှပ်လက်ရှည်အင်္ကျီ ငါးထည်နှင့် ကျန်တာကတော့ စွပ်ကျယ် ကျောပေါက်များနှင့် ချည်ပုဆိုးများသာတည်း။

အဖေသည် နံနက် ငါးနာရီတွင် ပုံမှန်ထကာ ကျန်းမာရေးအတွက် တစ်နာရီခန့်ကြာအောင် လမ်းလျှောက်ထွက်လေ့ ရှိသည်။ သူ့အိမ်မြေရာများအတွက် ရုံးကိစ္စရှိလျှင်သော် လည်းကောင်း၊ သူ့ပန်းပင်များ ကိစ္စအတွက်သော်လည်းကောင်း၊ နေ့လယ်နေ့ခင်းဘက်များ၌ ထွက်တတ်ပြန်သည်။ သို့သော် ဘယ်တော့မှ နေဝင်မိုးချုပ်သည့်တိုင်အောင် မနေ။ ညစာအမီအရောက်ပြန်ခဲ့သည်သာ ဖြစ်၏။ ညစာစားသောက်ပြီးသော ညဉ့်ဦးယံအချိန် ရောက်ပြန်တော့ အိမ်ရှေ့ပန်းပင်များကြား၌ သူ့ပက်လက်ကုလားထိုင်နှင့် ခွေးခြေထိုင်ခုံ ၃၊ ၄ လုံးကို ချခင်းထားတော့သည်။ ဆေးလိပ်ခွက်၊ အကြမ်းအိုးတစ်လုံးနှင့် အကြမ်းပန်းကန်လုံးများလည်း ပါဝင်ပါသည်။



www.burmeseclassic.com

မကြာမီ သူ၏စကားပြောဘက် အိမ်နီးချင်း ၃၊ ၄ ဦးရောက်လာ ကာ ကမ္ဘာ့အရေး မြန်မာ့အရေးတွေကိုသော်လည်းကောင်း၊ ရှေးဟောင်း နှောင်းဖြစ်တွေကိုသော်လည်းကောင်း ပြောကြလေသည်။ ရွှန်းပသော လရောင်နှင့် မွှေးပျံ့သော ပန်းရနံ့၊ အေးမြသော ညလေတို့၏ အရသာ ကို ခံစားရင်း အဖေတို့၏ စကားဝိုင်းမှာ ညဥ့်နက် သန်းခေါင်ထိ တိုင် အောင် ကြာတတ်လေသည်။ သြော်... ဘယ်လောက်များ ရိုးသား အေး ချမ်းလိုက်တဲ့ အဖေ့ဘဝပါလဲ။ အဖေသည် သူ့ဘဝ၏ သုံးပုံ တစ်ပုံကို ပညာရှာခြင်း သက်သက်ဖြင့် ကုန်ဆုံးစေခဲ့ပြီး ကျန်သုံးပုံ တစ်ပုံမှာ စီးပွားဥစ္စာရှာဖွေခဲ့ကာ နောက်ဆုံး သုံးပုံတစ်ပုံ၌ သူ့စိတ်ကြိုက်နေထိုင်နိုင် ခဲ့ပေသည်။

အဖေ ကွယ်လွန်ခဲ့သည်မှာ အနှစ်နှစ်ဆယ် ကျော်ခဲ့ပါပြီ။ သူ ကွယ်လွန်ချိန်တွင် အဖေသည် ကျန်ရစ်သူတို့အတွက် ငွေကြေးအမြောက် အမြား ချန်မထားခဲ့နိုင်ပေမဲ့ ပုံမှန်ဝင်ငွေ ရနိုင်သော ထိုစည်းစိမ်ဥစ္စာ အတန်အသင့်ကိုတော့ ထားရစ်ခဲ့နိုင်ပါသည်။ အဖေထားရစ်ခဲ့သော စည်း စိမ်ဥစ္စာတို့သည် မငြိမ်းအေးတို့ မောင်နှမတွေ အားလုံး ပညာစုံသည် အထိလည်း လုံလောက်ခဲ့ပါ၏။ အလွန်ရိုးအေး နုံချာလှသော အမေသည် တခြား မုဆိုးမများကဲ့သို့ ပင်ပန်းတကြီး မရုန်းကန်ခဲ့ရပေ။ သြော်... ကျေးဇူးကြီးပေ တို့ဖေဖေဟု ဆိုရန်မသင့်ပါလား။

သို့ပေမဲ့ အဖေ့သားငယ်များကတော့ ထိုသို့မဟုတ်ပါတဲ့။ အဖေ သည် သူ့ဘဝ၏ တတိယပိုင်းကို အချိန်များ အလဟဿ ဖြစ်အောင် ကုန်ဆုံးစေခဲ့သည်တဲ့။ အပျော်တမ်း သစ်ပင်စိုက်ခြင်းအလုပ်မှာသာ အကျိုး မဲ့ အချိန်ဖြုန်းခဲ့သဖြင့် ငွေအမြောက်အမြားကို မထားရစ်ခဲ့နိုင်တာတဲ့။ တကယ်တော့ ရှိသည့်စည်းစိမ်တွေ ပွားသည်ထက် ပွားလာအောင် စီးပွားဆက်ရှာသင့်သည်တဲ့၊ ဒါမှ အခုအခါ သူတို့နိုင်ငံခြားသို့ သွားလို့ ရမှာတဲ့။ ခုတော့ တဲ့။



www.burmeseclassic.com

ထိုအခါ အဖေ့သမီးကြီးသြရသ၊ မငြိမ်းအေးသည် လက်တစ်ဖက်က ထဘီကိုစွန်တောင်ဆွဲလိုက်၍ ကျန်လက်တစ်ဖက်က ခါးကို ထောက်ကာ အဖေ့သားငယ်များနှင့် ရန်ပွဲဖွဲ့ဖို့ ပြင်ရလေတော့သည်။ သူ့ မှာ အဖေ့ဘက်က မားမားရပ်၍ အဖေ့သိက္ခာကို ကာကွယ်ရန် လုံးဝ တာဝန်ကျရောက်လာ ပေတော့သည်။ ပြီးတော့ ဟင်း... သင်းတို့ကများ အဖေကို ဝေဖန်ရတယ် ရှိသေး။ ကိုယ့်ကိုယ်ကိုများ ပြန်ကြည့်ကြစမ်းပါ။ တူလို့လား၊ အဖေက ကိုယ့်ဒူး ကိုယ်ချွန် ပညာရှာခဲ့တာ၊ သူတို့က အဖေ့ပိုက်ဆံတွေနဲ့ အေး အေးလူလူ ပညာသင်ခဲ့ရတာ၊ ပြီးတော့ သူတို့က ခုမှ နိုင်ငံခြားရှူးရောဂါ ထလာတာ။ ငါ့အဖေက အဲဒီရောဂါ ခေတ်မစားသေးတဲ့ ကိုလိုနီခေတ် ကတည်းက နိုင်ငံခြားကို ကိုယ့်အစွမ်း အစနဲ့ ရောက်အောင်သွားနိုင်ခဲ့တာ။ မလေးရှား၊ ရှစ်သောင်း၊ စင်ကာပူ တစ်သိန်းခွဲ၊ ဂျပန် ဆယ်သိန်းဆိုတဲ့ သူတို့ပေါက်ဈေးနှုန်းတွေကိုများ အဖေကြားရင်လေ...

'အမယ်လေးဗျာ၊ ငါတို့သွားတုန်းက တစ်ပြားမှတောင် မကုန် ပေါင်'ဟု ပြောပေလိမ့်မည်။ ပြီးတော့

'နေပါဦး မင်းတို့နိုင်ငံခြား ဘာသွားလုပ်မှာလဲ'လို့ သူ့သားတွေ ကို ဆက်မေးဦးမှာ မလွဲ။ အဲဒီတော့ သူ့သားတွေက...

'ပန်းကန် သွားဆေးမလို့အဖေ'လို့ မပွင့်တပွင့် ပြန်ဖြေကြရှာလိမ့် မပေါ့၊ ထိုအခါ အဖေသည် ရင်ဘတ်စည်တီး၍

'ဖြစ်ရလေကွာ၊ ငါတို့တုန်းက 'ပညာရှာ၊ ပမာသူဖုန်းစား'လို့သာ ကြားဖူးတာ၊ ခုတော့ 'ဥစ္စာရှာ၊ ပမာကျွန်အလား' ဖြစ်နေပါပေါ့'ဟု စုတ်တသပ်သပ် ရှိလိမ့်မည် ထင်ပါသည်။

'ဟော့ ဒီမှာ ငါ့အဖေ သူ့ဘဝမှာ တကယ်တမ်း လိုချင်ခဲ့တာက ပညာပဲ၊ သူ ကိုလံဘိုက ပြန်လာတော့လေ၊ လက်တင်ဘာသာ အင်္ဂလိပ် ဘာသာတွေတင် မကဘူး၊ ကုလားစာနဲ့ ကုလားစကားတောင် အတတ် တတ်ခဲ့သေးတယ်၊ အဖေက သူ့သားသမီးတွေကိုလည်း ပညာတတ်ပဲ

www.burmeseclassic.com

ဖြစ်စေချင်တာ။ ဒါကြောင့် တို့ အေးအေးလူလူ ပညာသင်နိုင်လောက်အောင် သူ ရှာဖွေပေးထားခဲ့သားပဲ။ အဖေ့တာဝန်ကျေတယ်။ တို့လည်း တာဝန် ကျေတာပဲ။ အခု အဖေ့အလိုကျ အားလုံး ပညာစုံနိုင်ခဲ့ပြီ။ အလုပ်အကိုင် ကိုယ်စီနဲ့ ထိုက်သင့်သလောက် နေနိုင် စားနိုင်သားပဲ၊ တော်ပြီပေါ့’

‘ဘာ ထိုက်သင့်သလောက်လဲ၊ ငှက်ပျောသီးတောင် ဝအောင် စားရလို့လား’

မငြိမ်းအေး ဆတ်ခနဲ လှုပ်သွားကာ စိတ်မလုံမလဲနှင့် နှုတ်ဆွံ့ သွားလေသည်။ တန်တော့ ဇာကေန္တ ဒီကောင် ငါ့ကို စောင်းပြောတာပဲ ဖြစ်မယ်၊ သူမရှိတုန်း တို့ ငှက်ပျောသီး ဝယ်စားကြတာ ဘယ်လိုလုပ် သိသွားပါလိမ့်။

အိမ်မှာ ငှက်ပျောသီးကြိုက်သူတွေက တော်တော်များသည်။ အဖေရှိတုန်းကဆိုလျှင် ခြံထဲမှာ ငှက်ပျောတော တစ်တောပင် စိုက် ထားပေးခဲ့ဖူးသည်။ ခြံကို ရောင်းပစ်လိုက်ရပြီးတော့လည်း အဖေသည် ဈေးမှ ငှက်ပျောအခိုင်လိုက် ဝယ်ယူကာ ထုပ်တန်းမှာ မပြတ် ဆွဲထား ပေးခဲ့သည်။ တစ်ခိုင်လုံးမှ ၁၀၊ ၁၂ ကျပ်ထက် ပိုမပေးခဲ့ရ။ အဖီးလိုက် ဝယ်လျှင်တော့ တစ်ဖီးလျှင် နှစ်ကျပ်။

ခုတော့ တစ်လုံးနှစ်ကျပ်တဲ့ အဖေရယ်၊ ငါးကျပ်ဖိုးဝယ်ရင် ဝဝ ဆို သုံးလုံး၊ ပိန်ပိန်ဆို လေးလုံးရပါတယ်၊ သွားမရှိတော့တဲ့ အမေ့ဖို့က တစ်လုံး သူ့အမေ ရှုံးတက်နေလို့ နို့မျက်နေတဲ့ တူမလေးဖို့က တစ်လုံး၊ မြေဖြူမှုန့်တွေ အမြဲရှူနေရတဲ့ သမီးရဲ့ ကျန်းမာရေးအတွက်က တစ်လုံး ပေါ့ အဖေ။

အိမ်မှာကတော့ လူတိုင်း အလုပ်အကိုင် ကိုယ်စီနှင့်မို့ သရေစာ စားချင်လျှင် အမေရိကန်စစ်စတမ်ပဲပေ့ဟု ကြွေးကြော်ထားရသည်။ ထမင်းနှစ်နပ်ကလွဲလျှင် ကိုယ့်ငွေနှင့် ကိုယ် ဝယ်စားနိုင်သည်။ အဖေ့တုန်း ကလို တစ်အိမ်သားလုံးအတွက် ငှက်ပျောတစ်ခိုင် ဝယ်မကျွေးနိုင်ပါ။



www.burmeseclassic.com

ဒီတော့လည်း အစ်မကြီး အမိအရာ မမည်နိုင်တော့ဘူးပေါ့ အဖေရယ်၊ သူတို့ မကျေနပ်တာ ငှက်ပျောသီး တစ်ခုတည်း မဟုတ်ဘူး၊ ဝန်ထမ်းဆန်ကိုလည်း မျိုမကျဘူးတဲ့၊ အသားဟင်းချက်လျှင် ဟင်းပန်းကန် ကိုယ်စီနဲ့ ခွဲတမ်းချပေးတာကိုလည်း မကျေနပ်ဘူးတဲ့၊ ပြီးတော့ လက်ထဲမှာ ငါးသုံးလုံးတို့၊ မာဘိုရိုတို့ကို ညှပ်လို့၊ ဟိုင်နီကင်လေး တမြမြနဲ့ နေချင် သေးတာ။ လမ်းသွားရင်း ရေငတ်လျှင် ပက်(ပ)စီသောက်မှ အမောပြေသတဲ့။ ကြော်ငြာတွေကလည်း တယ်ကောင်းသကိုး အဖေရဲ့။ အဖေ့သားကလေ သူ့အိတ်ထဲမှာ တစ်နေ့ ငွေငါးဆယ်မရှိလျှင် မဖြစ်ဘူးတဲ့။ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင် တစ်ခါထိုင်လျှင်တောင် အစိတ်လောက် ကုန်တာတဲ့။

မငြိမ်းအေးတို့ ငယ်ငယ်ကတော့ သည်လောက် သုံးတတ်ရ ကောင်းမှန်း မသိခဲ့ရိုး အမှန်ပင်။ အိမ်ထမင်း အိမ်ဟင်းကိုသာ မှန်မှန် စားတတ်ပြီး လမ်းဘေးမုန့်ဆိုင်များမှာ မထိုင်တတ်၊ ကြေးကြီးသော ပွဲ လမ်းသဘင်များသို့လည်း မသွားတတ်၊ အဝတ်အစားမှာ မလော်မာ၊ အပိုသုံးဆိုလို့ စာအုပ်ဝယ်တာတစ်ခုပဲ ရှိသည်။ မဂ္ဂဇင်းတစ်အုပ်ကို အပိုင်ဝယ်ထားချင်လျှင် ၂ ကျပ်ကုန်သည်။ လုံးချင်းဝတ္ထု တစ်အုပ်ကလည်း ၂ ကျပ်ပဲ၊ 'လာပါ ယူပါ ၂ ကျပ်ခွဲ၊ ကြိုက်တာယူပါ ၂ ကျပ်ခွဲ' ခေတ်မှာ လူဖြစ်ခဲ့ရသည်လေ။

စာဖတ်ဝါသနာကိုလည်း အဖေ့ထံမှပင် အမွေရခဲ့သည်။ အဖေ သည် သူ့သားသမီးအကြီးများကိုတော့ သူ့စိတ်ကြိုက် ပြုစုပျိုးထောင်ချိန် ရခဲ့လေသည်။ သူချပေးခဲ့သော စည်းကမ်းများကို လိုက်နာနိုင်အောင် ကြိုးစားရင်း သူ မသိမသာ ညွှန်ပြခဲ့သော ဘဝအဓိပ္ပာယ်ကိုလည်း မငြိမ်း အေးတို့ မသိစိတ်ဝယ် ရှာဖွေတွေ့ရှိလာခဲ့သည်။ အဖေကြောင့် တက္ကဗေဒ တို့၊ ဒဿနိကဗေဒတို့ကို စိတ်ဝင်စားခဲ့ရသည်။

ကိုယ်တိုင်စိုက်၍ ပွင့်လာသောပန်းကို ပန်ရသည့် အရသာ၊ အသီးကိုစားရသော အရသာတို့၌ တပ်မက်မောခဲ့၏။ အဖေသည် ငွေရှာ



www.burmeseclassic.com

ဖို့ကို မတိုက်တွန်း လမ်းလည်းမညွှန်ခဲ့၊ ငွေဖြန်းနည်း သုံးနည်းကိုလည်း မသင်ကြားခဲ့။ မိမိစိတ်ဝင်စားသော အတတ်ပညာပညာတစ်ခုခုကို တွေ့လျှင် ဆုံးခန်းတိုင်တတ်လို လေ့လာလိုသော စိတ်မျိုးကိုတော့ သွတ်သွင်းပေးခဲ့ပေသည်။ ဒါတွေသည်ပင် အဖေ၏ အမှားတွေလား။

ခုတော့ အဖေ့သားငယ်တွေက အပြစ်ဆိုကြပြီလေ။ အဖေ့ကိုတင် မကပါဘူး၊ အဖေ့သမီးကြီး၊ သားကြီးတွေကိုပါ အကြံတုံး ဉာဏ်တုံးတွေတဲ့။ ပညာတွေသာ တတ်တာ၊ ဘွဲ့တွေသာရတာ၊ စီးပွားတော့ မရှာတတ်ဘူးတဲ့။ အဖေထားခဲ့တာတွေကို တတိတိနဲ့ ကုန်အောင် ထိုင်သုံးဖို့ပဲ တတ်သတဲ့၊ ဒါကြောင့်မို့တဲ့။

သမီးကို ခွင့်လွှတ်ပါ အဖေရယ်၊ အဖေမရှိတဲ့နောက် အဖေ့ကိုယ်စား သူတို့ကို ပြုစုပျိုးထောင်ပေးဖို့ သမီးမှာ အချိန်ကောင်းကောင်း မရခဲ့ပါဘူး။ ရတဲ့ အခိုက်ကလေးမှာ သမီး ကြိုးစားကြည့်တော့လည်း မအောင်မြင်ပါဘူး အဖေရယ်။ သမီးညွှန်တဲ့ စာအုပ်တွေဆို ပျင်းစရာကောင်းတယ်တဲ့။ ရင်မခုန်ရဘူးတဲ့။ အရုပ်များများ စာနည်းနည်းပါတဲ့ စာအုပ်မျိုးမှ စိတ်ဝင်စားစရာကောင်းတာတဲ့၊ ရေးသူတွေကလည်း ဘာလူမျိုးတွေမှန်းကို မသိဘူး။ နာမည်ကအစ စရိုက်တွေ အဆုံး၊ မြန်မာမဆန်လေ၊ သူတို့ကြိုက်လေပဲ။ သူတို့ စိတ်ဝင်စားတာကလေ သူများအတွင်းရေး အတင်းအဖျင်းတွေပဲ။ ဘယ်မင်းသားနဲ့ ဘယ်မင်းသမီး ဘာဖြစ်တာတို့၊ ဘယ်မင်းသမီးက ဖိနပ်ကို စိန်စီစီးထားတာတို့၊ ဘယ်မင်းသမီးမှာ ဂါဝန်ဘယ်နှထည်ရှိတာတို့ ပြီးတော့ အေးရိုးဗစ်တဲ့၊ ဖက်ရှင်တဲ့၊ လှယဉ်ကျေးမယ်တဲ့၊ ဟော ခု နောက်ဆုံးပေါ်က ရက်ပ်တဲ့။

အဲဒါတွေကြားမှာ အခု အသည်းဆုံးဖြစ်လာတဲ့ ရောဂါက နိုင်ငံခြားသွားချင်တဲ့ ရောဂါလေ။ သူတို့ သူငယ်ချင်းတွေထဲ တစ်ယောက်ပြီး တစ်ယောက် ထထ သွားလိုက်ကြတာ၊ လူကုန်ပြီတဲ့။ သူပဲ ကျန်တော့သတဲ့။ သူ သွားချင်တာ မသွားရတော့၊ အဖေလည်း အထင်မကြီး၊ အစ်

www.burmeseclassic.com

ကို အစ်မများကိုလည်း အထင်မကြီး၊ သူ့ကိုယ်သူတောင် အထင်ကြီးပါရဲ့လား မသိ။

အခုတော့ သမီးလည်း အဖေ့လိုပဲ ပန်းပင်တွေကြားမှာ အနေများနေပါပြီ အဖေ။ ပန်းပင်တွေနဲ့ နေရတာ သိပ်အေးချမ်းတာပဲနော်။ အဖေ့လို ခြံတစ်ခြံ အပြည့်မစိုက်နိုင်သေးပေမဲ့လည်း ခုဆို သမီးမှာ စားပင်သီးပင်ကလေးတွေ အတော်စုံနေပါပြီ၊ အဲဒီအထဲမှာ ငှက်ပျောတစ်ပင်လည်း ပါပါတယ် အဖေ၊ အိမ်သားတွေ အားလုံးကို ဝယ်မကျွေးနိုင်ပေမဲ့ စိုက်ကျွေးနိုင်ဖို့ သမီး ကြိုးစားကြည့်တာပါ။ 'စိုက်ပျိုးမွေးမြူ၊ တို့ပြည်သူ'တဲ့ အဖေရဲ့။ သိပ်ကောင်းတဲ့ ဆောင်ပုဒ်ပဲနော်။

မငြိမ်းအေး ငှက်ပျောတစ်ပင် စိုက်ထားသည်မှာ နှစ်လလောက်ပင်ရှိရော့မည်။ အခုထိ အရွက် မထွက်သေး။ မိုးတွင်းဖြစ်လျက် ဘာကြောင့်များ အတက်နှေးပါလိမ့်။ ရှင်မှ ရှင်ပါ့မလားဟု တွေးပူနေရသည်။ အပြင်ဘက်ရွက်လွှာချပ်များ ညိုမည်းကာ တဖြည်းဖြည်း ရိပုပ်လာသလိုပင်။ ရေခံမြေခံ အရွေးမှားခဲ့ပြီလား မသိ၊ မြေသြဇာ ထပ်ကျွေးကြည့်လျှင်တော့ မမှားတန်ကောင်းဘူး ထင်ပါရဲ့။

သည်ငှက်ပျောတစ်ပင်ကိုတော့ အလွန်ပင် ရှိစေချင်လှပါသည်။ တကယ်တော့ ကိုယ့်အဖေအပေါ် ဘဝသက်တမ်းတစ်လျှောက်လုံး အထင်ကြီးစွာ၊ လေးစားစွာ၊ ချစ်ခင်မြတ်နိုးနေရသည့် အရသာဆိုသည်မှာ ဘာနှင့်မှ မလဲနိုင်သော ဘဝပီတိတစ်မျိုးဖြစ်ကြောင်း သူတို့ကို ခံစားသိသိစေချင်ပါသည်။ ငှက်ပျောသီး ဝဝစားရလျှင်တော့ သူတို့ သိလာနိုင်ကောင်းပါရဲ့ဟု မငြိမ်းအေး မျှော်လင့်ကြည့်ချင်သေးသည်လေ။

[ဟန်သစ်၊ ဒီဇင်ဘာ ၁၉၉၂]

www.burmeseclassic.com

www.burmeseclassic.com

# အလွမ်းမျက်နှာ

တစ်နေ့မှာတော့ အလုပ်မရှိ အလုပ်ရှာကာ အလွမ်းမျက်နှာတွေ အကြောင်းကို ကျွန်မ စဉ်းစားတွေးတောနေမိပါသည်။

ဒါနှင့်စကားမစပ် ကျွန်မအလွန်ကြိုက်လှသော ရေဒီယို သီချင်းကလေးတစ်ပုဒ် ရှိခဲ့ဖူးကြောင်း ဦးစွာ ပြောလိုပါသည်။ သီဆိုသူက "ကျော်မြင့်ဦး"ထင်ပါရဲ့၊ သီချင်းနာမည်ကတော့ "အလွမ်း"ပါတဲ့။ စာသားအနှစ်ချုပ်ကတော့ ချစ်သူနှင့်ဝေးနေချိန်တွင် သူ့ထံသို့လာနေကျ ငှက်ညွှဲသည်တစ်ဦးရှိလေရာ ထိုငှက်ညွှဲသည်ကို အလွမ်းဟုခေါ်သည်တဲ့။ အကြောင်းအရာက မဆန်းသော်လည်း တင်ပြပုံကလေးက ချစ်စရာမို့ နှစ်သက်မိခြင်းပါ။ အလွမ်းဟု ဆိုလိုက်လျှင် ဦးစွာ အချစ်နှင့် တွဲလျက် မြင်ယောင်လာတတ်ကြသည်မှာ လူ့သဘာဝပဲဖြစ်မည် ထင်ပါသည်။ အချစ်၊ အလွမ်း၊ အကြမ်း ကားကြီးဟု ကြော်ငြာတတ်ကြသော ရှေးခေတ် ရုပ်ရှင်ကြော်ငြာပိုစတာများကိုပါ အမှတ်ရလာပါသည်။ ထိုကြော်ငြာအရ အချစ်ကြောင့်ဖြစ်သော ထိုအလွမ်းကို လူတွေနှစ်သက်ကြသည်ဟု မှတ်ယူနိုင်ပါသည်။

လူတွေများ တော်တော်အံ့သြဖို့ကောင်းပါသည်။ ဘယ်ခေတ်မဆို ထိုးကြိတ်သတ်ပုတ်သော အကြမ်းအရမ်းများကို အရသာခံလိုကြသည်။

ရောမခေတ်က လူချင်းသတ်ရသော ဓားသမားတွေ ခေတ်စားခဲ့သလို အခုခေတ်မှာလည်း မိုက်တိုင်စန်တို့ ခေတ်စားကြသည်ပဲ။ သည်လို မာကျောရက်စက်သော နှလုံးသားများမှာ ကရုဏာတရားလည်း မဆိတ်သုဉ်းသေးပါ။ ရုပ်ရှင်ပိတ်ကားပေါ်မှာ မင်းသမီး မျက်ရည်များများ ကျပြနိုင်လျှင် လူတိုးကြမြဲဖြစ်ပါသည်။ မြန်မာမင်းသမီးများစွာပင် အကယ်ဒမီဆုကို မျက်ရည်များနှင့် ယူပြခဲ့ဖူးကြလေသည်။ သြော်...ချဉ်၊ ငန်၊ စပ် အရသာဖြစ်သည့် ထမင်းလက်သုပ်ကို ခုလူတွေ ကြိုက်တတ်ကြသည် မဟုတ်ပါလား။

ထိုလူတွေထဲမှာ ကျွန်မလည်း တစ်ယောက်အပါအဝင် ဖြစ်ပါသည်။ ဘယ်လောက်ပဲချဉ်၊ ငန်၊ စပ်တွေ ကြိုက်ကြိုက် အစာပိတ်အဖြစ်တော့ အချိုကလေး စားလိုက်ရမှ တင်းတိမ်နေကျ လူ့သဘာဝအတိုင်း ပျော်ရွှင်စွာ ဇာတ်ပေါင်းလေသတည်းဟူသော နိဂုံးကိုလည်း ကြိုက်တတ်ပါသေးသည်။ အင်္ဂလိပ်လို ဆိုလျှင်တော့ **Happy Ending** ပေါ့၊ ကျွန်မ ငယ်ငယ်ကဆိုလျှင် ဝတ္ထုတစ်အုပ်ကို ကောက်ကိုင်လိုက်သည်နှင့် အဆုံးကို လှန်ကြည့်တတ်မြဲ၊ မင်းသားနှင့် မင်းသမီး **Happy Ending** ဖြစ်မှ ကျေနပ်သွားကာ အစက ပြန်ဖတ်တတ်လေသည်။ အသက်ကြီးလာတော့ ကျွန်မ အကြိုက်တွေ ပြောင်းမှန်းမသိ ပြောင်းလဲသွားခဲ့သည်။ ဥပမာ အရိုင်းစံပယ်မှ ဇာတ်သိမ်းပိုင်းကို မကြိုက်နိုင်၊ ကိုဘခက်သည် နောက်ဆုံးမှ ဘာကြောင့် မိုးကုတ်သူဌေးသား ဖြစ်သွားရပါသလဲ။

ဇာတ်လမ်းတစ်လျှောက်လုံး တောက်ပြောင်လာခဲ့သော ကိုဘခက်၏ အရောင်သည် ဇာတ်သိမ်းကျမှ မှေးမှိန်သွားသလို ခံစားရလေသည်။ တချို့ ဇာတ်လမ်းတွေကို **Happy Ending** မဟုတ်ပေမဲ့လည်း ကြိုက်တတ်လာသည်။

ဥပမာ အနန္တ ချစ်သူဆိုပါတော့၊ ဒါရိုက်တာသည် သမိုင်းသုတေသီ ပညာရှင်၊ မင်းသမီးကို ပုဂံမှ မြင်းလှည်းသမားကလေးနှင့် ဇာတ်ပေါင်း


www.burmeseclassic.com

မပေးခဲ့ပေ။ မြင်းလှည်းသမားကလေးကိုလည်း သနားကရုဏာပွားရပါ၏။ ထို့အတူပညာတတ်မမ၏ လုပ်ရပ်ကိုလည်း အပြစ်မမြင်သာ၊ အင်း ဒီလိုပဲ ဖြစ်ရမှာပေါ့လေဟု သက်ပြင်းတစ်ချက်ချကာ ထောက်ခံရမည် ဖြစ်ပါသည်။ အပြင်ဘက်မှာ သည်လိုဖြစ်ရပ်ဆင်ဆင်တွေလည်း မြင်ဖူး၊ တွေ့ဖူးသလိုပါပဲ၊ သဘာဝကျတော့ အလွမ်းကို စိတ်ကူးယဉ်အလွမ်းထက် ပိုနှစ်သက်တတ်လာသည့် သဘောပင် ဖြစ်ပါလိမ့်မည်။ သို့ပေမဲ့ ထိုအလွမ်း မျက်နှာကလေးတွေကိုတော့ နှစ်ခြိုက်နေမိပါသည်။ အလွမ်းတွေကတော့ မျိုးစုံလှသည်ပင်။ ၅၂၈ အလွမ်း၊ ၁၅၀၀ အလွမ်း၊ ၅၂၈ ထဲမှာမှ မိမဲ့ ဖမဲ့တိုတို့၏ အလွမ်း၊ မိဝေး ဖဝေးတို့၏ အလွမ်း၊ မိဘရင်း သို့မဟုတ် ဝမ်းမနာ မိဘတို့၏ အလွမ်း၊ စုံလင်စွာ ကြည့်ဖူး လွမ်းဖူးပါသည်။ ၁၅၀၀ အလွမ်းကတော့ မဆန်းလှပါ။ ချုံ့လိုက်ပါလျှင် ချစ်သောသူနှင့် ကွေကွင်းရခြင်းနှင့် မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော အလွမ်းများသာ ဖြစ်ကြပါသည်။

ငယ်ငယ်ကတော့ ပိတ်ကားပေါ်မှ မင်းသမီးနှင့်အပြိုင် ကျွန်မလည်း ရောယောင် မျက်ရည်ကျတတ်လေသည်။ အအမျက်နှာကလေးနှင့် ကရုဏာ သံပိုင်ရှင် ဒေါ်မေသစ်ကြီးကိုကား အလွမ်းကောင်းလှသဖြင့် အကြိုက်ဆုံး ဖြစ်ခဲ့ဖူးသည်။ သဘာဝကျမကျ၊ ယုတ္တိ ရှိမရှိ၊ ဆိုတာတွေ နားမလည်၊ မင်းသမီးက မျက်နှာမဲ့ရုံရှိသေး ကိုယ်ကဦးအောင် မျက်ရည် ကျနှင့်လေပြီ။ ရုံထဲက ထွက်လာတော့ "အရမ်းကောင်းတာပဲဟယ်၊ ငါဖြင့် ငိုလိုက်ရတာ"ဟု အားရတက်ကြွစွာ စားမြုံ့ပြန်မြဲပင်။

အသက်ကြီးလာတော့ ပိတ်ကားပေါ်မှာ မင်းသမီး ငိုပြတိုင်း ကိုယ်က လိုက်မလွမ်းတတ်တော့၊ မင်းသမီး၏ အဝတ်အစား ကြော့မော့စွာ ရောင်စုံခြယ်မျက်နှာနှင့် မျက်တောင်ကော့ရှင်၊ မျက်ရစ်မည်းမည်းကြီးကြားက မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလာသည်ကိုကြည့်ရင်း–

"မင်းသမီး ဆိုးထားတဲ့ အိုင်းလိုင်နာ တော်တော်ကောင်းတာပဲ၊



www.burmeseclassic.com

မျက်ရည်တွေ ဒီလောက် ထွက်နေတာတောင် ပျက်မသွားဘူး”ဟု စိတ်က တွေးချင်တွေးနေမိတတ်သည်။ တစ်ခါတစ်ရံ သေခါနီး လူနာကို ဆေးရုံ ချက်ချင်းမပို့ဘဲ စကားတွေ အများကြီး ပြောခိုင်းပြီး လွမ်းနေလျှင် စိတ်ပျက် ငြီးငွေ့စွာ ဝါးခနဲ သမ်းချင်တတ်လေသည်။ တစ်ခါတလေတော့ မင်းသမီး၏ မျက်လုံးတစ်ဖက်တည်းကပဲ မျက်ရည်ကျလာသည်ကိုတွေ့လျှင် “ဟိုဘက်မျက်လုံးက ပရုတ်ဆီသုတ်တာ နည်းသွားတယ်”ဟု အချင်းချင်း လှည့်ကာ ဟာသထုတ်နေတတ်လေသည်။ ထိုအလွမ်းမျက်နှာများကား ကျွန်မကို မဆွဲဆောင်နိုင်ခဲ့ပေ။

တကယ်လွမ်းပြတတ်ဖို့ ဆိုသည်မှာ မျက်ရည်များခြင်းနည်းခြင်းနှင့် လည်း ဆိုင်လှသည်ဟု မထင်ပါ။ “နေကြာပန်း” ဇာတ်ကားထဲမှ ဆိုဖီယာ၏ အလွမ်းကို ကြည့်ဖူးကြပါသလား။ စစ်အတွင်းက ပျောက်ဆုံး သွားသော ခင်ပွန်းကို လိုက်ရှာရာ တွေ့မယ့်တွေ့တော့ နောက်မိန်းမကို ပွေ့ဖက်ယုယနေသောမြင်ကွင်း၊ ဆိုဖီယာက အကြာကြီးငိုပြမသွားပေ။ တစ်ချက်တည်း ရှိုက်ပြီးငိုလိုက်သော အလွမ်းကြောင့် ကျွန်မရင်ထဲတွင် အတော်ပင် ဆို့နင့်သွားခဲ့ရဖူးသည်။ ဆိုဖီယာ၏ အလွမ်းမျက်နှာထဲမှာ ဝမ်းနည်းသော၊ ဒေါသထွက်နေသော ယူကျုံးမရနိုင်သော ဆွေးမြည့် ကြေကွဲစွာ နာကြည်းနေသောခံစားချက်တွေ တစ်ပြိုင်တည်း စုပေါင်းပေါ်လွင် နေပေသည်။ ထိုအလွမ်းကို ကြည့်ပြီးကတည်းက တော်ရုံအလွမ်း မျက်နှာသည် ကျွန်မရင်ကို မထိုးဖောက်နိုင်တော့ပေ၊

ကျွန်မ အသက်ကြီးလာတော့ အရည်ထူစွာ အသည်းလည်း မာလာခဲ့ပြီ ထင်ပါသည်။ တော်ရုံဟာသမှာ မရယ်မောချင်၊ တော်ရုံအလွမ်း ကို ရင်မဆို့ချင်တော့ပေ။ တစ်ခါတစ်ရံ စိတ်ညစ်စရာတွေကိုပင် ဟာသအဖြစ် ပြောင်းလဲကြည့်ချင်လာသည်။ ချာလီချက်ပလင်၏ စစ်ကြိုခေတ် ဟာသကားဟောင်းများကိုလည်းကောင်း၊ ဝေါ့ဒစ်စနေ၏ မစ်ကီးမောက်စ်၊ ဒေါ်နာဒပ်၊ ဂူဒီဝုပက်ကာတို့ကိုလည်းကောင်း အရင်ကထက် ပိုကြိုက်လာ

www.burmeseclassic.com

မိသည်။ ပိတ်ကားပေါ်မှ အလွမ်းမျက်နှာများနှင့်ကား မဆုံဖြစ်တော့သည်မှာ အတော်ပင် ကြာခဲ့ပြီ။

တစ်နေ့သော နံနက်ခင်းမှာတော့ ကျွန်မရင်ကို ဆွဲခါလိုက်သော အလွမ်းမျက်နှာတစ်ခုနှင့်ပင် ပက်ပင်းတိုးခဲ့ရလေသည်။

နံနက် ၆ နာရီ သာသာလောက်ဆိုလျှင် လှည်းတန်းဈေးကို ဖြတ်ကျော်၍ ယခင်ဂါတ်တဲမှတ်တိုင်ရှေ့သို့ ကျွန်မ ရောက်ရမြဲဖြစ်ပါသည်။ ထိုမှ ကျွန်မ လုပ်ခွင်သို့ရောက်အောင် နောက်ထပ်ကားတစ်တန်စီးရပါသည်။ ထိုနေ့က ထုံးစံအတိုင်း မှတ်တိုင်ရှေ့သို့ သုတ်သုတ်အရောက် ရန်ပွဲတစ်ခုကို တွေ့တော့သည်။ ကားမှတ်တိုင်ရှေ့ နားမှာဖွင့်နေကျ ဆေးလိပ်၊ ကွမ်းယာ ဆိုင်ကလေးက ဆိုင်ရှင်မိန်းမနှင့် အခြားမိန်းမတစ်ယောက်တို့၏ ရန်ပွဲ ပါပဲ။ ရန်ပွဲဆိုသည်မှာ မျက်လှည့်ပွဲတို့၊ မျောက်ပွဲတို့လိုပဲ၊ ဝင်ကြေးမရှိ ကြည့်ခွင့်ရပေရာ ကျွန်မရောက်ချိန်မှာ ပွဲကြည့် ပရိသတ်များပင် အတော် စည်နေပါပြီ။ ထိုနေရာမှာ ရန်ပွဲမရှိသည့်တိုင် ကားစောင့်ပရိသတ်တို့ဖြင့် အမြဲစည်ကားနေတတ်သော နေရာလည်း ဖြစ်ပေသည်။

"ဒီက အကောင်းစေတနာနဲ့ ကျနေတာတွေ့လို့ ပြန်ပေးတာ၊ စေတနာက ဝေဒနာဖြစ်တယ်"

မိန်းမတစ်ယောက်၏အသံကို ဦးစွာ ကြားလိုက်ရ၏။ လူကို မမြင်ရသေး၊ အသံကတော့ တုန်တုန်ယင်ယင်။

"လာလုပ်မနေနဲ့၊ ဒါမျိုးတွေ ရိုးနေပြီ၊ ညည်းကို လူမိမှ ပစ်ချလိုက်တာ မဟုတ်လား၊ တို့ဆိုင်မှာ ဒါမျိုးတွေ လာမစမ်းနဲ့၊ ခေါင်းပြုတ်သွားမယ်"

ဆိုင်ရှင်မိန်းမ၏ ဓားကြိမ်း။ လက်ထဲမှာတော့ ဓားမရှိ။ ဒါပေမဲ့ ခပ်ဖိုင့်ဖိုင့်၊ သူ့ကိုယ်ကို ရင်ကော့ခါးထောက်ရပ်နေဟန်က လူချင်းယှဉ်သတ် ရလျှင်ပင် မမှုသည့်ပုံ၊ ကျွန်မသည် လူအုပ်ကြား အနည်းငယ်တိုး၍ စပ်စုကြည့်လိုက်သည်။ ထိုအခါတွင်မှ ယိုးစွပ်ခံနေရသော မိန်းမကို တွေ့တော့သည်။ ပျံကျဈေးသည် တစ်ယောက်ဖြစ်ဟန်တူပါသည်။

www.burmeseclassic.com

လက်ထဲမှာ ဈေးဗန်းနှင့်ခေါင်းခု ပုဆိုးစုတ်တစ်စကို ကိုင်ထားသည်။ အဝတ်အစား ခပ်နွမ်းနွမ်း၊ ရော်ဘာဖိနပ် နောက်မြီးပြတ်နှင့် အဝတ်အဆင် သွင်ပြင်တစ်ခုတည်းကိုသာ ကြည့်လျှင်တော့ ယိုးစွပ်ချင်စရာ။ "ဘာဖြစ်လို့လဲဟင်"လို့ အနီးအပါးမှလူများကို စပ်စုကြည့်တော့ ဘယ်သူမှ ရေရေရာရာ မသိကြ။

"ဆေးလိပ်သည်ရဲ့ ဗန်းထဲက ပိုက်ဆံနှိုက်လို့ ထင်တာပဲ"

"ဟိုမိန်းမကပြောတော့ ကျနေတာတွေ့လို့ ကောက်ပေးတာပါတဲ့"

သူတို့လည်း သည့်ထက်ပို၍ သိပုံမပေါ်။ ရန်ပွဲမှာ သိပ်မကြာလိုက်ပါ။ မီးပွိုင့်က နီရာမှ စိမ်းသွားပြီဖြစ်ရာ ရန်ကုန်ဘက်မှ ကားတွေ တသီကြီး ထိုးဆိုက်ရောက်ရှိလာတော့သည်။ ထိုအခါ ရန်ကုန်နေလူတွေ၏ ထုံးစံအတိုင်း ကားလာခိုက် ဘာကိုမှ အမှုမထားနိုင်တော့ဘဲ ကိုယ့်ကိစ္စမဟုတ်သည်ကိုလည်း ကြာရှည်စိတ်မဝင်စားနိုင်ဘဲ ကိုယ်စီးမည့်ကားများပေါ်သို့ အသီးအသီး အလုအယက် တက်ကြလေသည်။ ကားထွက်လာသောအခါ မှတ်တိုင်မှာ လူအတော်ရှင်းသွားတော့သည်။ ကျွန်မလည်း ရှစ်ကားတစ်စီး၏ နောက်ပေါက်မှ တိုးတက်ကာ လူရှင်းရာသို့ တဖြည်းဖြည်း တိုးရင်း ကားခေါင်းခန်းသို့ ရောက်သွားလေသည်။ ထိုအခါတွင်မှ စောစောကယိုးစွပ်ခံရသော မိန်းမကို ပြန်တွေ့တော့သည်။ဒရိုင်ဘာထိုင်ခုံ နောက်ကျော၌ သူ့ဈေးဗန်းကို ကပ်ချထားပြီး ကားစက်ဖုံးခုံပေါ်မှာပဲ ဆောင့်ကြောင့်ထိုင်လျက် လိုက်လာလေသည်။ အလိုသူငိုနေပါကလား။

သူငိုနေသည်ကို မြင်လိုက်သည်နှင့် မဆီမဆိုင် ဆိုဖီယာ၏ အလွမ်းမျက်နှာကို ဖျတ်ခနဲ ပြန်သတိရပါသည်။ ဆိုဖီယာနှင့် သူ အခြေအနေချင်း တူညီကြသည်တော့ မဟုတ်ပါ။ သို့ပေမဲ့ တူတာကလေးတွေလည်း ရှိနေသလိုလိုပါပဲလား။ ဆို့နင့်စွာ ရှိုက်လိုက်ပုံ၊ မျက်သားတွေနီရဲကာ မျက်စိအကြည့် မှုန်မှိုင်းနေပုံ၊ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းသောပုံတို့မှာ တူသလိုလိုပင်။



www.burmeseclassic.com

သူသည် ခေတ္တမျှ ကြာအောင်ငိုနေပြီးမှ သူ့ကိုယ်သူ ထိန်းနိုင်အောင် ကြိုးစားလိုက်ပါသည်။ ငိုနေသည့်အခိုက်မှာ ပတ်ဝန်းကျင်ကို သူ မမှုနိုင်ပါ။ ကားပေါ်မှ လူအချို့ကတော့ သူ့ကို နားမလည်နိုင်စွာ စူးစမ်းကြည့် ကြည့်ကြပါသည်။ ကျွန်မနှင့်အတူလှည်းတန်းမှ လိုက်ပါလာသူများကမူ သူ့ကို အလိုက်သိစွာ မသိသလို နေလိုက်ကြပါသည်။ သို့ပေမဲ့ ကျွန်မ တစ်ယောက်မှာမူ သူ့ အလွမ်းမျက်နှာကို ကြာကြာမျက်နှာ မလွှဲထားနိုင်၊ သူ့ကို အားနာပေမဲ့ သူ့မျက်နှာပေါ်မှ ခံစားချက်များကိုတော့ သည့်ထက် နက်ရှိုင်းစွာ နားလည်နေချင်မိပါသည်။

သူ ကြေကွဲနေရံသက်သက်မှ ဟုတ်ပါ့မလား၊ ဒေါသ၊ အရှက်၊ နာကြည်းမှု၊ ယူကျုံးမရဖြစ်မှု ဆိုသည့် ခံစားချက်တွေ ရောထွေးဖြစ်ပေါ် နေသည်မှာတော့ ထင်ရှားသည်။ ဒါပဲလား၊ မကနိုင်သေးဟု ထင်ပါသည်။ ချထားသော သူ့ဈေးဗန်းသို့ တစ်လှည့်ပြောင်းကြည့်ပြန်သည်။ သတ္တု ဒန်ဇလုံဟောင်းတစ်လုံးပါပဲ။ သူဘာရောင်းပါလိမ့်၊ အလေး၊ ချိန်ခွင်များကို လည်း တွေ့မိရဲ့။ သား၊ ငါး၊ ရောင်းတဲ့သူလား၊ မျှစ်ချဉ်တို့၊ ပဲကြီးရေစိမ်တို့ ရောင်းတာလည်း ဖြစ်နိုင်သည်။ ဒန်ဇလုံအတွင်းမှာတော့ ပြောင်တလင်းခါလို့ နေသည်။ ဈေးရောင်းပြီး ပြန်လာသူလား၊ သည်လိုပုံမျိုးလည်းမဟုတ်၊ ဈေးပြန်များနှင့် ကားပေါ်မှာ မကြာခဏ ဆုံဖူးပါသည်။ သည်လို ဈေးသည်များသည် ပိုက်ဆံအိတ်ဆောင်လေ့မရှိကြပါ။ အများအားဖြင့်တော့ သတ္တုချိုင့်ငယ် တစ်လုံးကို ပိုက်ဆံထည့်သည့် ဘူးသဖွယ် သုံးတတ်ကြသည်။ ဒါမှမဟုတ်လည်း လွယ်အိတ်ဟောင်းတစ်လုံးကို စလွယ်သိုင်း လွယ်ထား တတ်သည်။ တချို့ ပြီးလွယ်၊ စီးလွယ် ကြိုက်သူများကတော့ ပိုက်ဆံများကို အလုံးလိုက်လိပ်ကာ ဘော်လီအင်္ကျီ ရင်ဘတ်ကြား ထိုးသွင်းထားတတ်ကြ လေသည်။ သူတို့နည်းလည်း မဆိုးပါ။ ခါးပိုက်နှိုက် မထိရဲ၊ ဓားနှင့်ခွဲရန် လည်း မဖြစ်နိုင်သည့် နေရာမျိုးပါပဲ။

သူ့မှာတော့ သတ္တုချိုင့်လည်းမရှိ၊ လွယ်အိတ်လည်းမပါ။



www.burmeseclassic.com

သူတစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်လိုက်တော့ ရွှေရင်အုံ ဘဏ္ဍာတိုက်မှာလည်း ဖြိုးမောက်လို့မနေ၊ ဈေးကြိုချိန်နောက်ကျ၍ ကုန်မရဘဲပြန်လာသူလား၊ သူ ဘယ်ကို ဆက်သွားမှာလဲ။ နံပါတ်ရှစ်ကားကို စီးပုံထောက်တော့ အင်းစိန် ဘူတာဈေးသို့ဆက်သွားမည့်သူလား။

ယိုးစွပ် ခံလိုက်ရစဉ် သူတော်တော်ရှက်သွားမှာပဲ။ သူ့ဘာသာကျနေသောပိုက်ဆံကို အမှန်တကယ်ပဲ ရိုးသားစွာ ကောက်ပေးခဲ့သူဆိုပါက သူပို၍ ယူကျုံးမရ ရှိရှာလေမည်။ နောင်အခါ သည်လို စိတ်ကောင်းမွေးဖို့ သူ စိတ်ကူးတော့မည်မထင်။ လူတွေသည် အရောင်အဆင်းမွဲသူတို့အပေါ် သည်လိုပဲ ယိုးစွပ်အထင်သေးတတ်ကြသည်လား။ သူ့ရင်ထဲတွင် ဆူးကြီးတစ်ချောင်းပေါက်လာပေတော့မည်။ တုံ့ပြန်လိုစိတ်သော်လည်းကောင်း၊ ကောက်ကျစ်စဉ်းလဲလိုသော ဆန္ဒသည်လည်းကောင်း နောက်ဆက်တွဲအဖြစ် ပေါ်မလာနိုင်ဘူးဟု ပြောနိုင်ပါမည်လား။ လောကတွင် လူဆိုးဆိုသည်တို့သည် သည်လိုအနေအထားမျိုးကစ၍ သန္ဓေတည်ခဲ့ကောင်း တည်ခဲ့ပါလိမ့်မည်။

ဒါမှမဟုတ်လည်း ဟိုမိန်းမက စွပ်စွဲလိုက်သလို သူအလစ်နှိုက်မိခဲ့လေသလား၊ လူမိသွားမှ ကောက်ရချင်ယောင် ဆောင်လိုက်သည်လား၊ သူသည် အင်းစိန်ဘူတာဈေးသို့ ဈေးကြိုသွားနိုင်ရန် ငွေအရင်း ရှာနေသူလေလား၊ သူ့ဈေးဗန်း ပြောင်တလင်းခါနေပုံကတော့ ထူးခြားနေပါသည်။ မနက် ၆ နာရီဆိုသည့် အချိန်မှာ ဈေးပေါင်ကျိုးသည့်အချိန်မျိုးမှ မဟုတ်ပေပဲ၊ သည်လိုဆိုလျှင်တော့ ဓားကြိမ်း ကြိမ်းရုံသာ ဆုံးမလိုက်သော ကွမ်းယာဆိုင်ရှင် မိန်းမကိုပင် ကျေးဇူးတင်သင့်ပေသေးသည်။

သူ့မျက်နှာကို ကျွန်မ ထပ်ကြည့်မိပြန်သည်။ သူခိုး လူမိ အဖြစ်မျိုးမို့ တုန်လှုပ်ထိတ်လန့်နေဟန် သို့မဟုတ် ဆိုးဆိုးဝါးဝါး မဖြစ်ခဲ့သဖြင့် စိတ်သက်သာရာ ရဟန်များ ရှိလေသလား။ အို…ကြည့်စမ်း၊ သူ့ကို ငါကိုယ်တိုင်ကပါ ယိုးစွပ်နေမိပါပကောဟု ကိုယ့်ကိုယ်ကို အပြစ်တင်လျက်



www.burmeseclassic.com

အတွေးကို ရပ်သိမ်းရပါသည်။ ထိုမိန်းမကို စိတ်ဝင်စားလွန်း နေမိသဖြင့် ကျွန်မဆင်းရမည့် ကမာရွတ် ဘူတာရုံလမ်း မှတ်တိုင်ကိုပင် လွန်သွားပြီး သုခမှတ်တိုင်ရောက်မှ ကမန်းကတန်း သတိရကာ အပြေးအလွှား ဆင်းခဲ့ရပါသည်။ မဆင်းမီ နောက်ဆုံးအကြိမ်အဖြစ် သူ့ကို တစ်ချက် ကြည့်မိခဲ့ပါသေးသည်။

သူ အတော် တည်ငြိမ်နေပါပြီ။ ကား ပြတင်းပေါက်မှ အပြင်သို့ မျှော်ငေးနေသော သူ့မျက်လုံးများကတော့ ရီဝေ၍ နေဆဲပင်။

လမ်းတစ်လျှောက်လုံးပင် သူ့အကြောင်းက ကျွန်မရင်တွင်း ခိုကပ်ပါလာ ပါတော့သည်။ နည်းနည်းမှ ဘဝင်မကျနိုင်၊ သူ့မျက်နှာပေါ်မှ အဖြေမှန်ကို ကျွန်မ ကြိုးစားရှာဖွေခဲ့သည်တိုင် မရခဲ့သောကြောင့် ဖြစ်ပါသည်။

ခုအချိန်မှာတော့ ကျွန်မ အလုပ်သင့်ဆုံး အလုပ်မှာ သူ့ကိုမေ့ပစ်ရန်ပဲ ဖြစ်ပါလိမ့်မည်။ သို့ပေမဲ့လည်း ယနေ့ထက်တိုင် သူ့ကို ကျွန်မ မမေ့နိုင်ပါ။ ယခုအခါ အပြင်မှာ သူ့ကို ပြန်တွေ့လျှင်တောင် ကျွန်မ မှတ်မိတော့မည် မထင်ပါ။ လူကို မမှတ်မိနိုင်သော်လည်း သူ့အလွမ်းမျက်နှာကိုတော့ ပြန်လည် မြင်ယောင်တတ်ပါသည်။ ကျွန်မ စွဲလမ်းခဲ့ဖူးသော ဆိုဖီယာ၏ အလွမ်းမျက်နှာသည်ပင် သူနှင့် ယှဉ်လိုက်တော့ မှေးမှိန်၍ သွားခဲ့ပါပြီ။

ကျွန်မ လုပ်နိုင်တာ တစ်ခုကိုတော့ လုပ်ခဲ့ပါသည်။ ခရစ်ယာန်လို ဆိုလျှင်တော့ ဆုတောင်းပေါ့။ ဗုဒ္ဓဘာသာစကားအရ ပြောရလျှင်မူ မေတ္တာပို့ပေးခြင်းပါပဲ။ ကံဆိုးစွာ ယိုးစွပ်ခံရသူ ဖြစ်ပါက သူ့စေတနာသည် သူ့ကို အကျိုးပေးပါစေ။ အနည်းဆုံး ထိငါးထောင်ဆုလောက်တော့ ပေါက်သွားပါစေ။ သူသည် တစ်နေ့တာ အမြတ်ငွေကလေးကိုပိုက်လျက် ဈေးမှပြန်သူဖြစ်ပါစေ။ အရင်းကို ဖြစ်သည့်နည်းနှင့် ဆက်လက်ရှာ ဖွေရမည့်သူ မဖြစ်ပါစေနှင့်။ သူ အိမ်အပြန်ကို သမီးကလေးရှိလျှင် သမီးကလေးသည် ထမင်းအိုးတည်ရင်း စောင့်နေပါစေ။ သူ့ယောကျ်ား

www.burmeseclassic.com

ရှိလျှင်လည်း သူ့ယောက်ျားသည် ကျန်းမာရွှင်လန်းစွာ အလုပ်ဆင်းနေပါစေ။

နောက်ဆုံးအနေနှင့် ဆုတောင်းတစ်ခုကို ဖျတ်ခနဲသတိရစွာ အပြေးအလွှား ထပ်တိုးလိုက်ပါသည်။ သူသည် ကျွန်မအတန်းမှ ကျောင်းခဏခဏပျက်သဖြင့် "မိဘဆရာပူးပေါင်း၊ ကျောင်းသား ပညာကောင်း" ဟူသော ပညာရေးကြိုဂံမူအရ အတန်းပိုင်ဆရာမနှင့် လာရောက်တွေ့ဆုံဆွေးနွေးပါရန် တိုင်ကြားဖိတ်ခေါ်ထားခြင်း ခံရသော ကျောင်းသားတစ်ဦးဦး၏မိခင် ဖြစ်မနေပါစေနှင့်ဟူသော ဆုတောင်းပင်ဖြစ်ပါသတည်း။

[ဟန်သစ်၊ မတ် ၁၉၉၃]

www.burmeseclassic.com

www.burmeseclassic.com

# လှိုင်ထိပ်ထားနှင့်တွေ့ဆုံခြင်း

ကျွန်မအတွက် ကံကောင်းသော နေ့တစ်နေ့မှာ သူ့ကို တွေ့ခဲ့ရပါသည်။ ကံကောင်းသောနေ့ဟုဆိုရခြင်းမှာ နံပါတ် (၆) ဘတ်စကားပေါ်တွင် ထိုနေ့က ထိုင်စရာ နေရာရခဲ့သောကြောင့်ပင်။

ကျွန်မအိမ်နှင့် အလုပ်လုပ်သောကျောင်းမှာ ခရီးဝေးလှသည်တော့ မဟုတ်ပါ။ ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်ဆိုသည်မှာ ကြား၌ ကမာရွတ်မြို့နယ်တစ်ခုသာ ခြားပါသည်။ သို့ပေမဲ့ ခရီးကတော့ အနည်းငယ် ထောက်ပါသည်။ အိမ်မှကျောင်းသို့ ကားတစ်တန်တည်း စီးကာသွားလိုပါလျှင် သီရိမင်္ဂလာဈေးကားဖြစ်သော နံပါတ် (၆)အနီ တစ်မျိုးတည်းသာ ရောက်နိုင်ပါသည်။ မဟုတ်လျှင် (၄၂)ကိုစီး လှည်းတန်းတွင် ဆင်း၊ အဝိုင်းကိုပတ်၍ ကားလမ်းဖြတ်ကူးပြီးမှ အင်းစိန်ကားကို ထပ်မံစီးရတတ်ပါသည်။ ကားနှစ်တန်ကြောင့် ခရီးစရိတ်နှစ်ဆ ပိုကုန်ရသည်ထက် အချိန်ပိုကုန်ခြင်းက ပိုလို့ဆိုးပါသည်။

ကျွန်မမှာ နံနက် ၆ နာရီခွဲအရောက်သွားရသော နံနက်ပိုင်း ကျောင်း၌လုပ်သူ ဖြစ်ရာ ကျွန်မအတွက်အချိန်သည် အလွန်အဖိုးတန်လှပါသည်။

www.burmeseclassic.com

နေ့တိုင်း အိပ်ရာမှ စောစောထနိုင်ဖို့ ကြိုးစားရပါသည်။ ကားမှတ်တိုင်သို့ ၆ နာရီထက် နောက်မကျစေဘဲရောက်အောင် သွားရပါသည်။ အချိန်ရလျှင် ကျွန်မအိမ်နှင့် အနီးဆုံးဖြစ်သော ကမ်းနားဈေးမှတ်တိုင်ကို ကျော်၍ နတ်စင်လမ်းမှတ်တိုင်သို့ တစ်မှတ်တိုင်စာလမ်း ဆင်းလျှောက်ရပါသေးသည်။

ကမ်းနားဈေး မှတ်တိုင်မှာ ၆ ကားများ ရပ်မပေးတတ်ကြပါ။ လမ်းပေါ်တက်၍ ဘယ်လိုပင်လက်ပြတားတား စပယ်ယာများသည် စိတ်မရှည်သော မျက်နှာနှင့် လက်ကာပြသွားသည်က များပါသည်။ တချို့ကဆို အဖက်လုပ်၍ပင် လှည့်ကြည့်ဖော် မရကြပါ။

သူတို့အားလုံးက နတ်စင်လမ်းမှတ်တိုင်သို့ ဦးအောင်ရောက်လို စိတ်သာ စောနေတတ်ကြပြီး ၅၄၊ ၄၂ ကားကြီးများနှင့် ပြိုင်၍ လုမောင်းတတ်ကြပါသည်။ နတ်စင်လမ်း အောက်ထိပ်၌ ဗဟိုစံပြ ငါးဒိုင်ကြီး ရှိနေသည်လေ။ လှည်းတန်း၊ ကမာရွတ်၊ အင်းစိန်၊ မြောက်ဥက္ကလာအထိ ရောက်အောင် သယ်ကြမည့် ငါးသည်များမှာ နတ်စင်လမ်းမှတ်တိုင်၌ အသင့်စောင့်နေတတ်ကြပါသည်။ ငါးတောင်းများမှာ ဈေးကောင်းရတတ်သည်ဖြစ်ရာ တစ်ကျပ်တန်ခရီးသည်များထက် အစိတ်တန်ငါးတောင်းများကို သူတို့ ပိုမက်ကြသည်မှာ သဘာဝကျပါသည်။

သိဂီရိမင်္ဂလာဈေးမှာ စင်းရေနည်းသဖြင့် ကားဆက်လည်း ပြတ်တတ်ပါသည်။ လာပြန်ပါလျှင်လည်း ကုန်စိမ်းတောင်းများ၊ ကြံစည်းများက နေရာယူနှင့်ပြီးဖြစ်သဖြင့် လူတစ်ကိုယ်စာ ဆံ့ရုံ မနည်းတိုးဝှေ့ နေရာယူရမြဲပင်။ နေရာရ၍ ထိုင်ရသောနေ့မျိုးမှာ တစ်လလုံးတွင်မှ တစ်ရက်တလေပင် မရှိတတ်ပါ။ ထိုနေ့က ကျွန်မရသော နေရာမှာ ကား၏ ရှေ့ဆုံး ခုံတန်းထိပ်မှာ ဖြစ်ပါသည်။ ကျွန်မ ကားပေါ်တက်၍ သူ့ရှေ့အရောက် ထိုထိုင်ခုံမှလူက ဘာစိတ်ကူးပေါက်သည်မသိ ဖြုန်းခနဲထသွားသဖြင့် ရလိုက်ခြင်းဖြစ်ပါသည်။ လူကတော့ ချောင်လှသည် မဟုတ်ပါ။

www.burmeseclassic.com

ထုံးစံအတိုင်း ငါးတောင်းများကလည်း ဝင်ပေါက်ထွက်ပေါက် ပိတ်နေအောင်ကို နေရာယူလာကြပြီ ဖြစ်ပါသည်။ ငါးတောင်းများမှာငါးညှီနံ့ကိုတော့ နေ့တိုင်းရှူနေကျမို့ ကျွန်မနှာခေါင်းကယဉ်နေပါပြီ။ ထို့ကြောင့် နှာခေါင်းပိတ်ရန် ကျွန်မ မကြိုးစား။ လုံချည်အောက်နားများကိုသာ ငါးညှီရေများ မစွန်းပေနိုင်ရန် ဂရုတစိုက် သိမ်း၍ ကိုယ်ကို ကျုံ့ကျုံ့ထိုင်ရပါသည်။

"ဘယ်နှနာရီ ထိုးပြီလဲ ဆရာမ"

ကျွန်မ၏ လက်ယာဘေးမှ အသံဖြစ်ပါသည်။ မေးသူကို လှည့်မကြည့်မိဘဲ လက်မှနာရီကိုသာ ဖျတ်ခနဲတစ်ချက် ကြည့်၍ "၆နာရီ ၁၅"ဟု အတိုချုံးဖြေလိုက်ပါသည်။

"ဩော်...နေတောင် အတော်မြင့်နေမှပဲ၊ ဒီနေ့ သင်္ဘောဆိုက်တာ နောက်ကျတယ်"

ခုမှ သူ့ကို ကျွန်မ လှည့်ကြည့်ဖြစ်ပါသည်။ အသားညိုညို ပိန်ပိန်ပါးပါး အသက် ၆၀ ကျော်ခန့် အဘွားအိုတစ်ယောက်ပါပဲ။ ခြေထောက်မှာ ဖိနပ်မပါ။ ဝါးလုံးကို တောင်ဝှေးသဖွယ် ကိုင်ထား၍ သူ့ပေါင်ပေါ်မှာတော့ အတန်ငယ် ဖောင်းနေသော မြွေရေခွံ ဆာလာအိတ်ငယ်တစ်လုံး။ အဝတ်အဆင်က သစ်သစ်လွင်လွင် မဟုတ်ပေမဲ့ သန့်သန့်ရှင်းရှင်း ရှိပါသည်။ ထူးခြားနေသည်ဟု ထင်စရာတစ်ခုမှာ သူ့ဆံပင်ပဲ ဖြစ်သည်။ ခေါင်းတုံးရိတ်ထားသည်မှာ မကြာလှသေးဟန်ဖြင့် ဆံတိုများက ထိုးထိုးထောင်ထောင်။ သို့ပေမဲ့ သနပ်ခါး ရေကျဲကလေး ကိုတော့ ပွတ်လူးထားလို့ပါပဲ။

ကျွန်မ ရင်ထဲ ထိတ်ခနဲတစ်ချက်ဖြစ်သွားသည်။ ကြာတော့ ကြာခဲ့ပါပြီ။ လွန်ခဲ့သော လေးငါးနှစ်က ထင်ပါရဲ့။ သည်လို ဘတ်စကားပေါ်မှာပါပဲ။ သည်လို ဘေးချင်းကပ်လျက် ထိုင်ဖူးခဲ့ခြင်းလည်း ဖြစ်ပါသည်။ အဲသည်တုန်းက အဘွားအိုကလည်း အခု ကျွန်မဘေးမှ အဘွားအိုလိုပဲ။ ဆံတိုခေါင်းတုံးနှင့်။ သနပ်ခါး ဘဲကျားနှင့်။ လမ်းတစ်လျှောက်လုံး

www.burmeseclassic.com

လက် နှစ်ဖက်ကို ယှက်မိုး၍ ရှိခိုးလျက် လိုက်လာသည်။ ပါးစပ်ကလည်း ဘာတွေမှန်းမသိ။ တီးတိုးတီးတိုးနှင့် ဆိမန်းမန်းလာသည်။ ဘုရားတွေ့လျှင် လက်အုပ်ချီတတ်ကြသောသက်ကြီးရွယ်အိုများကို တွေ့ဖူးနေကျမို့ အစပိုင်းမှာ သူ့ကို ခပ်ပေါ့ပေါ့သာ သဘောထားမိခဲ့သည်။ ကိုယ့်အာရုံနှင့်ကိုယ် တစ်ဖက်သို့ လှည့်ငေးရင်း လိုက်ပါလာခိုက် ကျွန်မ ပခုံးမှာ ပူခနဲတစ်ချက် ဖြစ်သွားသည်။ ကျွန်မ ဖျတ်ခနဲလှည့်ကြည့်တော့ ကမန်းကတန်း ပြန်၍ လက်အုပ်ချီလိုက်သော အဘွားအို၏ စွေစောင်းစောင်း မျက်လုံးအစုံနှင့်ဆုံမိသည်။ မတော်တဆ ထိမိတာထင်ပါရဲ့ဟု လျှော့တွေး ကာတစ်ဖက်သို့ ပြန်အလှည့် ဒုတိယတစ်ချီ လက်မောင်းပေါ်သို့ သူ့တံတောင်ဆစ်က ဒုတ်ခနဲကျလာပြန်သည်။ သည်တစ်ခါတော့ အတော်နာပါသည်။ သည်လောက် ပိန်ပိန်ကလေးက သည်လောက် အားပါပါ ကိုသွင်းနိုင်သည်မှာ အံ့သြလောက်ပါသည်။

အခုတစ်ခါမှာတော့ မတော်တဆမဖြစ်နိုင်မှန်း ကျွန်မ ရိပ်မိပြီ။ သူ့ကို အလစ်မပေးရဲတော့ဘဲသတိနှင့် မသိမသာ ကျွန်မစောင့်နေစဉ် တတိယအချီစောစောက တိုက်ကွက်အတိုင်းပဲ။ ကျွန်မကို တံတောင် ဆစ်သိုင်းနှင့် ချပြန်ပါသည်။ ကျွန်မက သတိရှိရှိ ရှောင်တိမ်းလိုက်နိုင်သဖြင့် လွတ်သွားသော်လည်း သူ့နားမှာဖြင့် ဆက်မထိုင်ရဲတော့ပြီ။ ကျွန်မ မထိုင်တော့ ဘုမသိ ဘမသိ ဝင်ထိုင်သော လူတစ်ယောက်ကိုလည်း သည်လိုပဲ သူ့တံတောင်ဆစ်သိုင်းနှင့် ဆော်နေပြန်သည်။

ထိုလူလည်း ကြာတော့ထပြေးရပြန်သည်။ သည်လိုနှင့် လမ်းတစ် လျှောက်လုံးပင် နှစ်ယောက်ထိုင်ခုံကို သူ့တစ်ယောက်တည်း အပိုင်စီးထား တော့သည်။ ထိုစိတ္တဇ ဝေဒနာသည် အဘွားအိုကို နောက်ထပ် သုံးလေး ကြိမ်မျှ ကားပေါ်မှာပဲ ထပ်ဆုံခဲ့သော်လည်း နောက်ပိုင်းမှာ မတွေ့တော့ပါ။

အခု လာတွေ့နေသူမှာထိုတံတောင်ဆစ်သိုင်းရှင် အဘွားအိုပင် လားဟု သူ့ဆံတိုခေါင်းတုံးကြောင့် ထိတ်ခနဲဖြစ်သွားရခြင်းပင် ဖြစ်သေချာ

www.burmeseclassic.com

ကြည့်လိုက်တော့ မဟုတ်ပါ။

သည်တစ်ယောက်မှာတော့ စိတ်ဝေဒနာရှိပုံမပေါ်။ အပြောအဆို လေသံကလေးကလည်း အေးဆေး သိမ်မွေ့လှပါသည်။ သူ့ကို မသိမသာ လှည့်ကြည့်ပြီး ရှေ့တူရူသို့ ကျွန်မ ပြန်လည် မျက်နှာမူလိုက်ပါသည်။

ကျွန်မ ကားစီးရမည့်အချိန်မှာ ၁၅ မိနစ်ထက် မပိုပါ။ ထို့ကြောင့် ကားပေါ်မှာ မိတ်သစ်ဆွေသစ်ဖွဲ့ရန် ကျွန်မတွင် အချိန်မရှိ။ ပြီးတော့ သူကလည်း ကျွန်မကို တိုက်ရိုက်ပြောလာခြင်းမှ မဟုတ်ပေပဲ။ သူ့ဘာသာ ညည်းညူနေခြင်းသာ မဟုတ်ပါလား။ သဘော်အဆိုက် နောက်ကျ သည်ဟုဆိုခြင်းကြောင့် ဈေးကြီးဗောတံတားဆိပ်မှ တက်လာသူ ဖြစ်ပေ လိမ့်မည်။ သြော်... လှိုင်သာယာမြို့သစ် သူကြီးပါလား။

"အင်း...ဒီနေ့တော့ အင်းစိန်ဈေးကို ၆ နာရီခွဲကျော် ၇ နာရီလောက်မှ ရောက်မှာပဲ၊ နောက်တောင်ကျနေပြီ"

သူက ထပ်မံ ညည်းသူနေပြန်သည်။ ကျွန်မခေါင်းမှာ သူ့ဘက်သို့ လည်သွားရပြန်ပြီ။ သြော်...သူသွားမယ့် ခရီးဆုံးက အင်းစိန်ဈေးဆိုပါလား။ သည်လိုဆို သမိုင်းလမ်းဆုံမှာ သူဆင်းမှာပေါ့။ နောက်ကျနေဆိုပါလား။ တစ်ယောက်ယောက်နဲ့ ချိန်းထားတယ်ထင်ပါရဲ့။

ကျွန်မ သူ့ကို ကြာရှည်အာရုံ မဝင်စားနိုင်ပါ။ ကားက အဝေးပြေး မှတ်တိုင်သို့ ရောက်လာပြီဖြစ်၏။ ထိုမှတ်တိုင်မှာ လူဆင်းလူတက် များတတ်သည်။ ကျွန်မပေါင်ပေါ်မှ ဆွဲခြင်းလက်ကိုင်ကို လက်နှစ်ဖက်ဖြင့် ပိတ်ကိုင်ထားလိုက်ပါသည်။

"ခါတိုင်းဆို စောစောရောက်နေကျလေ၊ မရောက်တာတောင် ၁၅ ရက် အရက် ၂၀ လောက်ရှိရော့မယ်၊ အဘိုးကြီးနေမကောင်း ဖြစ်ကတည်းကပါပဲ"

ကျွန်မ သူနှင့် ပထမဆုံးအကြိမ်အဖြစ် မျက်လုံးချင်း ဆုံမိပါသည်။ လက်စသတ်တော့ သူသည် ကျွန်မကို စကားပြောနေခြင်းပါလား။



www.burmeseclassic.com

သူ ကျွန်မကို ချဉ်းကပ်ပုံကဖြင့် ညင်သာပါသည်။ သူ့အကြောင်းကို သူ့ဘာသာ စိတ်လိုလက်ရ ပြောပြခြင်းဖြင့် ချဉ်းကပ်ခြင်းသာ ဖြစ်ပါသည်။ ခါတိုင်း တစ်ခါတစ်ရံ ချဉ်းကပ်ခံရပုံမျိုးလို ဆရာမက ဘယ်မှာနေသလဲ၊ ဘယ်ကျောင်းကလဲ၊ ဘယ်နှတန်း သင်သလဲဆိုတာမျိုးတွေမဟုတ်။

ကျွန်မအကြောင်းကို သူမစပ်စု။ လူဆိုသည်မှာ ကိုယ့်အကြောင်း လာစပ်စုလျှင် မကြိုက်တတ်ပေမဲ့ သူများအကြောင်းတော့ စိတ်ဝင်စား တတ်ကြသည်ချည်းပင်။ အခုအခါ တွေ့စကလို ဘာသာလဝါပုံစံမျိုးဖြင့် ကျွန်မနေ၍ မရပြီ။ ကျွန်မခေါင်းကိုပင် သူ့ဘက်သို့ စောင်းငဲ့ကာ သူပြောသမျှကို နားစိုက်နေရပြီ။ သို့ပေမဲ့ ကျွန်မမှာတော့ သူ့ကို ပြောစရာ စကားမရှိ။

"အဘိုးကြီးဆုံးတာ မနေ့ကမှ ရက်လည်တယ်လေ၊ သူ့ကိစ္စဝိစ္စ တွေပြီးမှပဲ ဒီဘက်ကူးနိုင်တော့တယ်"

"သြော်... ဟုတ်ကဲ့"

ကျွန်မနှုတ်မှ ဟုတ်ကဲ့တစ်လုံးတော့ အလိုက်သင့်ထွက်သွားသည်။ အဘိုးကြီးဆိုသူကို ကျွန်မ မသိ။ မေးလည်းမကြည့်။ ကျွန်မသည် နှုတ်နည်းသူ၊ ဘာသာလဝါနေတတ်သူဟု အများက သတ်မှတ်ထားခြင်း ခံရသူသာ ဖြစ်ပါသည်။

ကျွန်မနေရာမှာ ဖော်ရွေသူတစ်ဦးဦးသာ ရှိနေမည်ဆိုပါက အနည်း ဆုံး "အမေကြီးနဲ့ဘာတော်လဲ"ဟု မေးဖြစ်လိမ့်မည် ထင်ပါသည်။ ကျွန်မ မမေးတော့သူက စိတ်ရှည်စွာပင် ဆက်ပြောပါသည်။

"အမေတို့ အရင် ကျူးကျော်တွေ မဖျက်ခင်က အင်းစိန် (...) ရပ်ကွက်ထဲမှာနေခဲ့တာလေ၊ ဘုတာဈေးမှာ ကုန်စိမ်းရောင်းကြတာပေါ့၊ မြို့သစ်ရောက်တော့ လုပ်ငန်းကိုင်ငန်းကလည်း အသားမကျ၊ ဒီကြားထဲ အဘိုးကြီးက နေမကောင်းဖြစ်ပြန်ရော၊ သူ့ကို ဆေးကုရတာ အကုန် ကုန်သွားတယ်" သူ့အသွင်ကိုကြည့်၍ မြင်စက တောင်းရမ်းစားသူဟု



www.burmeseclassic.com

ထင်ခဲ့မိသည်ကို အားနာသွားပါသည်။ "အင်း...အဘိုးကြီးက ကောင်းရှာပါတယ်၊ ဟိုက ဒီက ကူကြတာ တစ်ထောင်ကျော်လောက်ရတယ်၊ ဆွမ်းလေးတောင် ကျွေးလိုက်ရတယ်"

အသိမိတ်ဆွေဟောင်းတွေသာ ဆိုလျှင်ဖြင့် "ဘာရောဂါနဲ့ ဆုံးတာလဲ"ဆိုတာလောက်တော့ ဆက်မေးဖြစ်ပေလိမ့်မည်။ ခုတော့ဖြင့် သူ့အဘိုးကြီး ဘယ်လိုဆုံးကြောင်းကို ကျွန်မ မမေးတော့။ သူကလည်း ဒါကို အကျယ်ချဲ့မပြော။ ဆွမ်းသွတ် အမျှဝေလိုက်ရသဖြင့် သူ့အဘိုးကြီး ကံကောင်းကြောင်းကိုသာ ကြည်ကြည်နူးနူး ပြောပြနေသည်။ သူသည် သူ့အတွက်ကို ပူပင်လှပုံမရ။ လက်ရှိ အခြေအနေကဖြင့် ဖိနပ်ပင်မပါ။

"သားသမီးတွေ မရှိကြဘူးလား"

"တစ်ယောက်မှ အဖတ်မထင်ခဲ့ပါဘူးကွယ်၊ ဒါလည်း ခပ်ကောင်းကောင်းပါပဲ၊ အပူငြိမ်းတာပေါ့"

သူ့စကားကို ကျွန်မပါ ထောက်ခံချင်သလိုလို။ သားထောက် သမီးခံဆိုသောခေတ်သည် ကုန်လွန်ခဲ့ပေပြီ။ ဒါနှင့် သူ သည်ဘက်ကမ်းကို ဘာလာလုပ်ပါလိမ့်။ သူ့ အသွင်က ဈေးပြန်ရောင်းနေသည့်ပုံမျိုးမရှိ။ ကျွန်မ မေးစရာမလိုဘဲ သူ့ဘာသာ ဆက်ပြောပြန်ပါသည်။

"အင်းစိန်မှာတော့ လူဟောင်းတွေ အတော်ကျန်ကြသေးတယ်၊ သူတို့ဆီရောက်ရင် ပေးကြကျွေးကြပါတယ်။ အူစိုတာပေါ့ကွယ်၊ ကိုယ်ကလည်း တတ်နိုင်သမျှတော့ ကူညီလုပ်ကိုင်ပေးတာပါပဲ"

သူ့လက်ရှိဘဝအနေအထားကို အတိုဆုံးနှင့် အရှင်းဆုံး သူပြောပြလိုက်ခြင်းပင်။ ကားက လှည်းတန်းမှတ်တိုင်သို့ ရောက်လာပြီဖြစ်၏။ ထုံးစံအတိုင်း မီးပွိုင့်မှာ အနည်းဆုံး ငါးမိနစ်မျှတော့ စောင့်နေရပေဦးမည်။ အခါတိုင်း စိတ်မရှည်နိုင်လောက်အောင် ငြီးငွေ့စွာ စောင့်ရတတ်မြဲဖြစ်သော်လည်း ထိုနေ့ကတော့ ဘေးကစကားတပြောပြောဖြင့် လိုက်ပါလာသော အဘွားအိုကြောင့် မီးစိမ်းသွားသည်ကိုပင်ကျွန်မ မမြင်လိုက်ပါ။

www.burmeseclassic.com

"ကိုယ်က မနေတတ်တော့ ကိုယ့်တော့ ချစ်ကြခင်ကြပါတယ်။ ဝတ်လုံမကဆို သူနဲ့လိုက်နေဖို့ အမြဲပြောတာ၊ ဒီလိုလျှောက်သွားနေတာ ကိုမကြိုက်ဘူး"

ဟော... နောက်တစ်ယောက် ပါလာပြန်ပြီ။ ဘယ်က ဝတ်လုံမ ပါလိမ့်။ သူ့ရဲ့ ရပ်ကွက်ဟောင်းက မိတ်ဆွေတစ်ယောက်၊ သို့မဟုတ် ဆွေမျိုးနီးစပ် တစ်ယောက်ယောက် ဖြစ်နိုင်ပေမည်။ "ခေါ်သူရှိလည်း လိုက်နေပေါ့ အမေကြီးရဲ့၊ ကောင်းတာပေါ့"

"ကိုယ့်အတွက် သူ့မှာဝန်ကြီးပါတယ်ကွယ်၊ မနေချင်ပါဘူး၊ ပြီးတော့ အမေက ဒီလိုလျှောက်သွားနေရတာကို ကြိုက်တယ်၊ အချိန်တန် တော့လည်း ကိုယ့်အိမ်ပြန်ရတာပေါ့"

သြော်...ဟုတ်ပေသားပဲ။ မြို့သစ်မှာ သူ့အိမ်သူ့ရာရှိသည်လေ။ တစ်ဖက်ယပ် တဲကလေးပဲဖြစ်စေဦးတော့ သူ တွယ်တာပေမည်။

"ဝတ်လုံမနဲ့ မတွေ့တာတောင် ကြာပြီ၊ အဘိုးကြီးဆုံးတာ သူသိဦးမှာ မဟုတ်ဘူး၊ သူ့လည်း သွားပြောရဦးမယ်၊ သူကတော့တွေ့တိုင်း ငွေလေးဘာလေး ထောက်ပံ့ပါတယ်"

သူ့ဝတ်လုံမသည် သူ့ဘဝကို နက်နက်ရှိုင်းရှိုင်း သိမြင်စာနာသူ တစ်ဦး ဖြစ်ပုံရပါသည်။

"အရောင်းအဝယ်တွေကလည်း သိပ်ကောင်းကြတယ်တော့ မဟုတ်ဘူးလေ၊ ရောင်းသူက ဝယ်သူထက် များနေတာကလား၊ ဒါပေမဲ့ အနည်းဆုံး သူတို့ရောင်းလို့ မကုန်တဲ့ အသီးအနှံလေးတော့ အိမ်အပြန် ပေးလိုက်တာပါပဲ"

ထိုရက်မျိုးမှာ သူ့ဘာသာ ချက်ပြုတ်၍ပဲ စားသလား၊ မြို့သစ်ကို ပြန်ရောက်တော့ပေါပေါလောလောနဲ့ပဲ ပြန်ရောင်းလေသလား အသေးစိတ် တော့မသိ။ သို့ပေမဲ့ သူ့ဘဝမှာ အင်းစိန်ဘူတာ ဈေးတန်းတစ်လျှောက် ပေါ်ဒွ တည်နေကြောင်းကတော့ ထင်ရှားပေသည်။

www.burmeseclassic.com

ကားသည် လှည်းတန်းမီးပွိုင့်ကို ဖြတ်ကျော်ကာ အင်းစိန်လမ်းမကြီးပေါ်သို့ ကွေ့ချိုးလေပြီ။ ဆင်ရေတွင်းပြီး နောက်တစ်မှတ်တိုင်ဖြစ်သော ကမာရွတ် ဘူတာရုံလမ်းမှတ်တိုင်၌ ကျွန်မဆင်းရပေမည်။ အဘွားကြီးကို ငွေအနည်းငယ်လောက် ပေးခဲ့ချင်သော ဆန္ဒရှိပါသည်။

သူကတော့ ကျွန်မကို တိုက်ရိုက်တောင်းခြင်း မဟုတ်ပါ။ သူ့ဘဝအကြောင်း ကျွန်မအား ညည်းပြခြင်းကိုတော့ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်ပါသည်။

ဝတ်လုံမကို နမူနာပြ၍ ကျောင်းဆရာမထံမှ သဒ္ဓါတရားကို သွယ်ဝိုက် တောင်းခံခြင်းဖြစ်ချင်လည်း ဖြစ်လိမ့်မည်။ သို့မဟုတ်လည်း စကားပြောဖော်အလွန်ရှားပါးနေပြီဖြစ်သော အထီးကျန် အဘွားအို တစ်ဦးမို့ လမ်းသွားရင်း စကားပြောဖက်ရှာခြင်း သက်သက်လည်း ဖြစ်နိုင်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် မိဘအရွယ် သက်ကြီးရွယ်အိုများအပေါ် ကျွန်မစာနာ သနားတတ်ပါသည်။ "ရော့… အမေကြီး စားချင်တာ စားဖို့ ကျွန်မလှူပါတယ်"ဟု ပြော၍ ပေးလိုက်ပါလျှင် သာခုသုံးကြိမ်ခေါ်ပြီး ဆုပေးလေမည့် အဘွားအို၏အသံကိုလည်း ကြိုတင် ကြားယောင်ပါသည်။ ထိုအသံမျိုး ကြားရလျှင်လည်း ကျွန်မ အလွန်ပီတိဖြစ်တတ်ပါသည်။

သို့ပေမဲ့ ထိုနေ့က ကျွန်မအိတ်ထဲတွင် ပိုက်ဆံလုံးဝ မပါပါ။ ကားပေါ်မှာပဲ မချင့်မရဲဖြစ်စွာ ခါးပိုက်နှိုက်များကို ကျွန်မ မေတ္တာပို့လိုက်ပါသည်။

အကြောင်းမှာ ကျွန်မသည် တစ်နေ့ကပင် ကျွန်မတို့ ကျောင်း၏ ဆယ်ဦးမြောက်အိတ်ခွဲခံရသူ ဖြစ်ခဲ့သောကြောင့်ပင်။

ဟုတ်ပါသည်။ ဘယ်လိုတိုက်ဆိုင်သည်မသိ။ ယခု တစ်လအတွင်း ကျွန်မကျောင်းကဆရာမတွေချည်း ဆယ်ယောက်တိတိ ခါးပိုက်နှိုက်ခံခဲ့ရပါသည်။ မယုံလျှင်ပုံပြင်သာ မှတ်ပါရော့။ တချို့က ထီး၊ တချို့က ပိုက်ဆံအိတ်၊ တချို့က အင်္ကျီပိတ်စ။ အမယ် ကြုံကြုံဖန်ဖန် တစ်ယောက်



BURMESE CLASSIC .com
www.burmeseclassic.com

ကများဆို ကျောင်းသက်သာမှ ခွဲတမ်းရလာသော ဖယောင်းတိုင် ဆယ့်တစ်တိုင် ပါသွားပါသည်။ ဩော်…ဖယောင်းတိုင်တွေ အရေးပါနေပုံများနယ်။

ထိုအထဲမှာ ကျွန်မကတော့ ကံအကောင်းဆုံးပင်။ ပိုက်ဆံအိတ်က ကြီးလွန်းနေသဖြင့် ခားခွဲရာအပေါက်မှ ရုတ်တရက် ထုတ်မရနိုင်ဖြစ်ကာ ခါးပိုက်နှိုက်အကြဲ မအောင်မြင်လိုက်။

ထိုနေ့က ကျွန်မပိုက်ဆံအိတ်အတွင်း၌ ကိုယ်ပိုင်မဟုတ်သော ငွေတစ်ထောင်ကျော်ခန့် ရှိနေပါသည်။ ကျောင်းသားများထံမှ ကောက်ခံထားသော ကျောင်းလခများ၊ အားကစားကြေးများ၊ ဟိုကြေးသည်ကြေးများ ဖြစ်ကြပါသည်။ ပါများသွားလိုက်ပါလျှင် ကျွန်မ ထမင်းတစ်လစာလောက် ဝတ်တော့မည်ဖြစ်ပါသည်။ ကျောင်းရောက်၍ အိတ်ပေါက်ကြီးကိုမြင်တော့ ကျွန်မ ခေါင်းနားပန်းကြီးသွားပုံကို ခုပြန်တွေးလျှင်တောင် ပြန်လည် ခံစားရပါသည်။ ထိုနေ့မှစ၍ ကျောင်းငွေများကို အိမ်သို့ မသယ်တော့ပါ။ ကျောင်းရုံးစာရေးထံ၌ နေ့ချင်းပြီး သတိထားအပ်နှံရပါသည်။

ပြီးတော့ အမယ်အိုနှင့်ဆုံသော နေ့သည် တစ်လတာ၏ နောက်ဆုံးရက်ဖြစ်သော လခထုတ်ရက်လည်း ဖြစ်နေပါသည်။ အပြန်တွင် ငွေသယ်ရမည်မို့ ကျွန်မပိုက်ဆံအိတ်အတွင်း ငွေများများ ထည့်မလာတော့ပါ။ လမ်းစရိတ်နှစ်ကျပ်သာ ထည့်ခဲ့ရာ တစ်ကျပ်ကို ကားခပေးခဲ့ပြီးဖြစ်၍ ပိုက်ဆံအိတ်ထဲတွင် တစ်ကျပ်သာ ကျန်ပါတော့သည်။ ထိုတစ်ကျပ်ကိုပဲ ထုတ်၍

"အမေကြီးကို ဒီထက်မက ကျွန်မ လှူချင်ပါတယ်။ ပါမလာခဲ့လို့ပါ အမေကြီးရယ်"ဟု ပြောပေးရ ကောင်းလေမလားဟုပင် ကြံရွယ်ခဲ့ပါသေးသည်။ သို့သော် တစ်ကျပ်တည်းနှင့်တော့ ကျွန်မ မပေးချင်ပါ။ တောင်းစားတဲ့ သူပေးသလို ပုံမျိုး ဖြစ်သွားမှာကို စိုးရိမ်ပါသည်။

ကျွန်မ ချီတုံချတုံဖြစ်နေစဉ် ကားသည် ဘူတာရုံလမ်း မှတ်တိုင်သို့



BURMESE CLASSIC .com
www.burmeseclassic.com

 www.burmeseclassic.com 

ရောက်၍လာပါပြီ။ နောက်ဆုံးတော့ ကားပေါ်မှ မချင့်မရဲဖြစ်စွာ ကျွန်မ ဆင်းခဲ့ရပါသည်။ အေးလေ နောက်တစ်ခေါက် တွေ့ဦးမှာပဲ။ သည်တော့မှပဲ ပေးတော့မယ်ဟု ဆုံးဖြတ်လျက်“သွားမယ်နော်၊ အမေ”ဟု အသိအမှတ်ပြုစွာ နှုတ်ဆက်ခဲ့ပါသည်။

“အေး . . . အေး၊ ကောင်းပြီသမီး”ဟု သူကလည်း ပြန်ပြောပါသည်။ ကျွန်မထံမှ ငွေမရ၍ စိတ်ပျက်သွားဟန်မျိုး သူ့မှာ မတွေ့ခဲ့ရပါ။

အဘွားအိုနှင့် ဆုံခဲ့သည့်နေ့မှစ၍ အရေးပေါ် လိုအပ်လာလျှင် သုံးနိုင်အောင် ကျွန်မ၏ကျောင်းနေ့စဉ်မှတ်တမ်းစာအုပ်အတွင်းဖုံးထဲ၌ ဆယ်တန်ငွေစက္ကူ ကလေးတစ်ချပ်ကို ထည့်ထားတတ်ပါသည်။ စာအုပ်များကို မိုးမစိုအောင် ကြွပ်ကြွပ်အိတ်ထဲထည့်၊ အပေါ်မှ သားရေကွင်းဖြင့် ပတ်ချည်ထားလိုက်သဖြင့်ခြင်းထဲမှ အထုပ်လိုက် နှိုက်မပင် ခါးပိုက်နှိုက် လက်သို့ ထိုပိုက်ဆံ ပါနိုင်တော့မည် ဖြစ်ပါသည်။ နောက်နေ့များတွင် (၆)ကားပေါ်မှာ အဘွားအိုနှင့် ပြန်လည်ဆုံနိုးနိုး မျှော်ကိုးခဲ့သော်လည်း နောက်ထပ်တစ်ခါမှ ပြန်မဆုံတော့ပါ။ လိုင်းသာယာမှ အင်းစိန်ဘက်ကမ်းသို့ ဇက်ဖြင့် တိုက်ရိုက်ပဲ ကူးနေရော့သလား။ သူ့ဝယ်လုံမနှင့်ပဲ အတူနေ လိုက်ပြီလား။ ဒါမှမဟုတ်လည်း သူ့‘ မြို့သစ်မှာပဲ အလုပ်သစ် အကိုင်သစ် များဖြင့် အခြေကျသွားပြီလား ကျွန်မ မသိပါ။ ဘာပဲဖြစ်ဖြစ် စကားပြော လည်းကောင်း၊ လူမှုဆက်ဆံရေးလည်း ပါးနပ်ပုံပေါ်၊ လူချစ်လူခင်များသည် ဆိုသဖြင့် သူ့အဘိုးကြီးလိုပဲ ကုသိုလ်ကောင်းနိုင်ရှာလိမ့်မည်ဟု မျှော်လင့် ရပါသည်။

ကျွန်မမှာမူ အခွင့်ကြုံပါလျက် ငွေကလေး အနည်းအကျဉ်းမျှပင် သူ့အား မလှူလိုက်ရသည့်အဖြစ်ကို တွေးမိလိုက်တိုင်း ယနေ့တိုင်အောင် စိတ်မကောင်းနိုင်ပါ။

[ရင်ခုန်ပွင့်၊ ဧပြီ ၁၉၉၃]

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (၁၉၄၄ - ၁၉၉၃)

၁၉၄၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်၊ စနေနေ့တွင် အဖဦးတင်ဦး၊ အမိ ဒေါ်ခင်သန်းမြင့်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း ခုနစ်ယောက်အနက် သမီးဦး သမီးကြီးဖြစ်သည်။ အမည်ရင်းမှာ ဒေါ်တင်မိုးအေးဖြစ်ပြီး ၁၉၆၅ ခုနှစ်တွင် B.A.B.Ed ဘွဲ့ ရရှိခဲ့သည်။ ယင်းနောက် ကွယ်လွန်သည်အထိ ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်တွင် ချိုးတေးသံ မဂ္ဂဇင်း၌ 'ကွန်းရိမ်ငြိမ်' ဟူသော ဝတ္ထုတိုကို တက္ကသိုလ် ခင်ပွင့်လန်းအမည်ဖြင့် ရေးသားကာ စာပေလောက သို့ ဝင်ရောက်ခဲ့သည်။ ယင်းကလောင်အမည်ဖြင့် သုံးပုဒ်ခန့် ရေးသားကာ ကျောင်းဆရာမဘဝ စတင်ခဲ့သည်။

၁၉၇၆ ခုနှစ်၊ ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းပါ 'အလှရှာ ရင်မှာ တွေ့'ဟူသော ဝတ္ထုကို 'မိုးငြိမ်းအေး' ကလောင်အမည်ဖြင့် ပြန်လည်ရေး သားပြီး ၁၉၇၇ ဇန်နဝါရီလပါ 'ဘဝစာအုပ်မှ ပန်းသွေးရောင်ကဗျာတစ် ပုဒ်' ဟူသော ဝတ္ထုကို 'မိုးငြိမ်းဇ' ကလောင်အမည်ဖြင့် ဆက်လက်ရေး သားခဲ့သည်။

ဆရာမ မိုးငြိမ်းဇ ရေးသားခဲ့သော ဝတ္ထုများအနက် သမီးကြီး၊ ထိုအကြည့်၊ တာဝေးအပြေး၊ အဖော်၊ စင်တင်ပန်း၊ ခွဲခွာခြင်း၊ ပိုင်ပိုင် ပန်ချင်သူ၊ ဒေါ်လာမရတဲ့ပီတိ စသော ဝတ္ထုတိုများမှာ ထင်ရှားလှသိများ သည်။ ဝတ္ထုရှည်အနေနှင့် ဟန်သစ်မဂ္ဂဇင်း သုံးလဆက်ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည့် 'နွေနေအောက်မှာ ကြွေ' ဟူသော ဝတ္ထုမှာ အထူးထင်ရှားသည်။ 'နှလုံးခွဲသူ' ဟူသော ဝတ္ထုရှည်မှာ စရိုက်ပီပြင်မှုကို တွေ့နိုင်ပြီး 'ဗျာဓိ'ဟူ သော ဝတ္ထုရှည်မှာမူ ဆရာမ၏ ခန္ဓာကိုယ်အတွင်း ဖြစ်ပေါ်နေသော ရောဂါ၊ သေခြင်းတရား၊ လူနာစရိုက်တို့ကို အထူးထင်ဟပ်သော ဝတ္ထုရှည် ဖြစ်သည်။ ဆရာမ၏ ဝတ္ထုတိုင်း ဝတ္ထုတိုင်းတွင် စေတနာကောင်းများကို တွေ့ရပြီး ရေးဟန်ရိုးရှင်းမှုကပင်လျှင် မိုးငြိမ်းဇဟူသော ကလောင်အမည် ကို ထင်ရှားစေသည်။

ရှုမဝမဂ္ဂဇင်းတွင် ၁၉၇၆ မှ ၁၉၈၁ အထိ ဝတ္ထုတိုပေါင်း ၁၄ ပုဒ်၊ ဟန်သစ်မဂ္ဂဇင်းတွင် ၁၉၈၉ မှ ၁၉၉၃ အထိ သုံးလဆက် ဝတ္ထုရှည် တစ်ပုဒ် အပါအဝင် ဝတ္ထုတို၊ရှည်ပေါင်း ၁၀ ပုဒ်၊ စံပယ်ဖြူမဂ္ဂဇင်းတွင် ၂ ပုဒ်၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းတွင် တစ်ပုဒ်၊ ရင်ခုန်ပွင့် မဂ္ဂဇင်းတွင် တစ်ပုဒ်တို့ ပုံနှိပ်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၁၉၈၅ ခုနှစ် တိုယိုတာဖောင်ဒေးရှင်းမှနေ၍ မြန်မာအမျိုးသမီး ၁၂ ယောက် ဝတ္ထုတိုပေါင်းချုပ် (A DOZEN RED STONES)ကို ဂျပန်ဘာသာသို့ ပြန်ဆိုထုတ်ဝေသည့် အထဲတွင်လည်း ပါဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၃ ခု၊ မတ်လထုတ် ဟန်သစ်မဂ္ဂဇင်းတွင် ပါဝင်သည့် 'အလွမ်းမျက်နှာ'ဟူသော နောက်ဆုံးဝတ္ထုမှာ ၁၉၉၃ ဇန်နဝါရီလက ရေးခဲ့သော ဆရာမ၏ နောက်ဆုံးဝတ္ထုလည်း ဖြစ်သည်။ ဒုတိယ နောက်ဆုံးရေးသားခဲ့သော ဝတ္ထုတို (လှိုင်ထိပ်ထားနှင့် တွေ့ဆုံခြင်း)မှာမူ 'ရင်ခုန်ပွင့်' မဂ္ဂဇင်းသို့ ၁၉၉၂ နိုဝင်ဘာလကုန်လောက်က ပေးထားခဲ့သည်။ ယင်းဝတ္ထုကို ပုံနှိပ်စာလုံးအဖြစ် မမြင်လိုက်ရသော်လည်း ပုံနှိပ်ပြီးဟူသော သတင်းကိုတော့ဖြင့် ဆရာမသည် ကွယ်လွန်ကာနီးတွင် သိသွားခဲ့လေသည်။

၂၆-၂-၉၃ သောကြာနေ့ ည ၁၁ နာရီ ၁၅ မိနစ်တွင် ကွယ်လွန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# မိုးငြိမ်းဧ

## မဂ္ဂဇင်းဝတ္ထုတိုများ



www.burmeseclassic.com